http://www.cherrythitsar.org



http://www.cherrythitsar.org

**သီဟရတနာစာပေ**

အမှတ် ၁၀၀ (D)၊ အင်းယားလမ်း၊

ကမာရွတ်မြို့နယ်၊ ရန်ကုန်။

## ဒို့တာဝန် အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုအပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအားဆန့်ကျင်ကြ။

နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သောပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။

ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ်သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

သီဟရတနာစာအုပ်-(၄၉)

(ပင်ကိုယ်ရေး၊ ရသဝတ္ထုရှည်)

# မီးပြတိုက်

## ဆောင်းဝင်းလတ်

၂၀၀၃ ခုနှစ်၊ ဇွန်လ

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | – | ၄၂၁/ ၂၀၀၃(၃) |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | – | ၄၄၅/ ၂၀၀၃(၅) |

| | | |
|---|---|---|
| ပုံနှိပ်မှတ်တမ်း | ■ | **ပထမအကြိမ်** |
| | | ၂၀၀၃ ခု၊ ဇွန်လ |
| | | **(သီဟရတနာစာပေ)** |
| အုပ်ရေ | ■ | (၅၀၀) |
| ထုတ်ဝေသူ | ■ | ဦးသိမ်းစိုး |
| | | (ယာယီ–၇၅၇) |
| | | (သီဟရတနာစာပေ) |
| | | အမှတ် (၁၀၀–D)၊ အင်းယားလမ်း၊ |
| | | ကမာရွတ်မြို့နယ်၊ |
| | | ရန်ကုန်မြို့။ |
| မျက်နှာဖုံးနှင့် | ■ | ဒေါ်ခင်အေးမြင့် |
| အတွင်းပုံနှိပ် | | (ရာပြည့်အော့ဖ်ဆက်) |
| | | ၁၉၉၊ လမ်း–၅၀၊ ပုဇွန်တောင်၊ |
| | | ရန်ကုန်မြို့။ |
| မျက်နှာဖုံးပန်းချီ | ■ | လင်းဝဏ္ဏ |
| ကွန်ပျူတာစာစီ | ■ | မြွားနတ်မောင် |
| စာအုပ်ချုပ် | ■ | ကိုမြင့် |
| တန်ဖိုး | ■ | **(၈၀၀) ကျပ်** |

http://www.cherrythitsar.org

# ဝတ္ထုရေးသူ၏အမှာ

လွန်ခဲ့သော နှစ်ပေါင်း(၃၀)...

၁၉၆၈ ခုနှစ်က မြန်မာ့ပင်လယ်ပြင်ကို ကျွန်တော် စတင်၍ မြင်ဖူးခဲ့သည်။ ရင်းနှီးထိတွေ့ ကျွမ်းဝင်ခဲ့သည်။

ပင်လယ်ထဲမှ မီးပြတိုက်တစ်တိုက်ကို ကျွန်တော် ငေးကြည့်ရင်း စိတ်ဝင်စားခဲ့သည်။ အတွေးတွေရခဲ့သည်။

၁၉၈၂ ခုနှစ်က မြိတ်မြို့တစ်ဖက်ကမ်း ပထက်သောင်ပြင်တွင် ကျွန်တော် အလုပ်လုပ်နေသော စက်လှေကို လှေထေးရင်း တခြားလှေတစ်စီးမှ ပဲ့နင်းကြီးတစ်ယောက်နှင့် မိတ်ဆွေဖြစ်ခဲ့သည်။ သူက ဗြိတိသျှကိုလိုနီခေတ်က မီးပြတိုက်စောင့် အလုပ်ကြမ်းလုပ်ခဲ့ဖူးသူ ဖြစ်သည်။ သူ့ဘဝအတွေ့အကြုံတချို့ကို သိခဲ့ရသည်။ နှစ်ပေါင်းများစွာ တွေးလာသော ကျွန်တော့်အတွေးများ၊ ခံစားမှုများကို ပေါင်းစပ် ဖွဲ့စည်း၍ ယခု အမှတ်တရအဖြစ် မြန်မာဝတ္ထုစာအုပ်တစ်အုပ် ရေးလိုက်မိခြင်းဖြစ်ပါ၏။

**ဆောင်းဝင်းလတ်**

**၂၀၀၁ ခုနှစ်**

http://www.cherrythitsar.org

ပိတောက်ဖူးကလေးများမှာ အိပ်ပျော်နေကြဆဲပင် ဖြစ်သည်။ နွေဦးသစ်စမို့ သကြ်န်လက်ဆောင်မိုးလည်း မရွာသေးပေ။ လမ်းဘေးဝဲယာတွင်မူ ရွက်ဝါတို့က သည်းသည်းလှုပ်မျှ ကြွေကျနေဆဲပင်ဖြစ်သည်။ ပုရစ်ဖူးစ နီကျင်ကျင် ရွက်နုတချို့ ကိုလည်း ပင်အိုတို့တွင် တွေ့ရတတ်သေးသည်။ နံနက်ခင်း၏ ခြံဝင်းကား ငှက်သံမှတစ်ပါး တိတ်လျက်။ အိန္ဒိယတိုင်းရင်းသား သတင်းစာပို့သမားလေး လာပို့သွားသော နေ့စဉ်ထုတ် သတင်းစာများကို ဖတ်ရင်း ဒေါ်ခင်ခင်မြမှာ ငိုင်ကျ သွားပေသည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးမရသေးသောကာလ။ ရုံးပြင်ကန္တားမှန်သမျှ ဗြိတိသျှ အရာရှိများ အုပ်စိုးထားဆဲသမယဖြစ်သည်။

တိုးတက်ရေးသတင်းစာထဲတွင် ကမ္ဘာကြီးအား စစ်ရိပ်စစ်ငွေ့များ သန်းစပြုပြီ ဆိုသည့် ကြေကွဲဖွယ်ရာ အဖြစ်သနစ်တချို့ သူရိယသတင်းစာထဲမှာလည်း ပါလာ သည်။

ဒေါ်ခင်ခင်မြက သူရိယသတင်းစာကိုကိုင်ရင်း ထမင်းစား,စားပွဲတွင် အိုဗာတင်းတစ်ခွက်ကို ထိုင်သောက်နေသော ခင်ပွန်းသည်ဖြစ်သူ ဦးလှိုင်ကျော်အား သွားပေးလိုက်သည်။

ပေါင်မုန့်မီးကင်ထောပတ်သုတ်တစ်ချပ်ကို မျှောချနေရင်းက ဦးလှိုင်ကျော် က...

http://www.cherrythitsar.org



"ဘာသတင်းထူးသေးလဲ"

ဟု ဇနီးဖြစ်သူအား ခပ်တိုးတိုးမေးလိုက်သည်။

"စစ်ရိပ်စစ်ငွေ့တွေကတော့ စိုးရိမ်စရာပဲ။ ပင်လယ်ထဲရောက်နေတဲ့ သားလေးကို ရှင် ပြန်မခေါ်သေးဘူးလား။ သားသမီးကို အလိုလိုက်တယ်ဆိုတာ အတိုင်းအတာတစ်ခုအထိပဲ ကောင်းမယ် ကိုလှိုင်"

ဒေါ်ခင်ခင်မြ၏စကားကြောင့် ဦးလှိုင်ကျော်က

"ငါ့သား မင်းဇော် ပင်လယ်ထဲသွားနေတာ သက်သက်သွားပြီး အချိန်ဖြုန်းတီးနေတာ မဟုတ်ဘူးကွ။ တစ်နေ့မှာ ငါတို့ မြန်မာပြည် လွတ်လပ်ရေးရတဲ့အခါကျရင် မြန်မာ့ပင်လယ်ပြင်ကို မြန်မာလူငယ်တွေ စိုးမိုးနိုင်ရမယ်။ မြန်မာ့ပင်လယ်ပြင်ထဲက အလုပ် တော်တော်များများကို မြန်မာလူငယ်တွေက ဦးစီးဦးဆောင်ပြုသွားနိုင်ရမယ်ဆိုတဲ့ သူ့ရဲ့ အတွေးအခေါ် အမြော်အမြင်နဲ့ ဘယ်သူမှ စိတ်ကူးထဲမထည့်တဲ့ ဒီအလုပ်ကို အိန္ဒိယအလုပ်သမားတွေကြားထဲမှာ ပင်ပန်းဆင်းရဲခံပြီး အောက်သက်ကြေအောင် အောက်ခြေသိမ်းကအစ အလုပ်သမားဘဝနဲ့ သွားလုပ် သွားလေ့လာနေတာ မင်းလည်းအသိပဲ။ သူ့ရည်ရွယ်ချက်က ကောင်းနေတယ်။ စွန့်စားချင်တဲ့ ယောကျာ်းပီသတဲ့ သူ့ရဲ့စိတ်ဓာတ်က ကောင်းနေတယ်။ ဒီရည်ရွယ်ချက်နဲ့ ဒီအလုပ်ကို (၆)လသွားလုပ်ပါရစေဆိုပြီး မိဘကို ခွင့်တောင်းလို့ ငါ ခွင့်ပြုလိုက်တာပဲ။ (၆)လပြည့်တဲ့အခါ မင်း သားလေး ပြန်ရောက်လာမှာပဲ။ တစ်ခါတည်း သေရွာကိုသွားတာမှ မဟုတ်ဘဲကွာ။ ဘာတွေတွေးပြီး ပူပင်နေတာလဲ"

ဟု ခပ်အေးအေးပင် ပြန်ပြောလိုက်လေသည်။ ပြီးတော့ ဧည့်ခန်းဆီသို့ ထ,ထွက်သွားကာ သတင်းစာကို စိတ်ဝင်တစား ဖတ်နေလေသည်။

ဒေါ်ခင်ခင်မြကား မျက်ရည်တွေရစ်ဝဲလာသည်အထိ ရတ်တရက် ဝမ်းနည်းမိလေသည်။

တစ်ဦးတည်းသောသားကလေး မင်းဇော်မှာ တက္ကသိုလ်ပညာကို အိုင်အေစီနီယာတန်းအထိ တက်ပြီးချိန်တွင် ဖခင်ဖြစ်သူ အထက်တန်းရှေ့နေ ဦးလှိုင်ကျော်ထံမှ နယ်ချဲ့ဆန့်ကျင်ရေး၊ မြန်မာပြည် ဗြိတိသျှကိုလိုနီစနစ်အောက်မှ လွတ်လပ်ရေး စကားလုံးများကို နာခံရင်း ယခုလို မဟုတ်ကဟုတ်က အလုပ်တွေ စိတ်ကူးတည့်ရာ လျှောက်လုပ်နေသည်ဟု ဝမ်းနည်းကြေကွဲစွာ ဒေါ်ခင်ခင်မြ ယူကျုံးမရ ဖြစ်နေမိလေသည်။

သားလေးကို ရင်အုပ်မကွာထားချင်၏။ ဘီအေတန်းအထိ အောင်စေချင်၏။

http://www.cherrythitsar.org



ရုံးတစ်ရုံးတွင် ပြန်တမ်းဝင်အရာရှိ ဖြစ်စေချင်၏။ ရွှေပေါ်မြတင် နေစေချင်၏။ ဒေါ်ခင်ခင်မြကိုယ်တိုင်လည်း ခေတ်ပညာတတ်အသိုင်းအဝိုင်းကြားမှာ မွေးဖွား ကြီးပြင်းလာရသူဖြစ်သည်။

နိုင်ငံရေးကို ဒေါ်ခင်ခင်မြ စိတ်မဝင်စားပေ။ အရေးကြီးတာက မိသားစု စားဝတ်နေရေး ပြေလည်ပြီး ဥမကွဲသိုက်မပျက် နေထိုင်နိုင်ရေးပင်ဖြစ်သည်ဟု သူ့အနေနှင့် ရိုးရိုးပင် တွေးလေသည်။ သားလေးမင်းဇော်ကိုစ္စနှင့် ပတ်သက်၍ ဆွေမျိုးသားချင်းနှင့် မိတ်ဆွေအသိုင်းအဝိုင်းတချို့က ပြစ်တင်ရှုံ့ချသည်ကိုလည်း ခံစားနေရသည်။ လူ့ခွစာ ဦးလှိုင်ကျော်၏ အတွေးအခေါ်မှားယွင်းမှုကြောင့် မောင်မင်းဇော်ဘဝ ပျက်စီးဆုံးရှုံးနစ်နာသွားပြီဟု ရင်ထုမနာပြောသူတွေက ပြော ကြသည်။

ဒါကို ဦးလှိုင်ကျော်က လုံးဝဂရုမစိုက်ခဲ့ပေ။

“လူတွေက အဲဒါခက်နေတာပဲကွ၊ နယ်ချဲ့ဆန့်ကျင်ရေး အမျိုးသား လွတ် မြောက်ရေး လုပ်နေတဲ့ ပညာတတ် မြန်မာလူငယ်တွေကို အားမပေးချင်တဲ့အပြင် အပြစ်တင်နေကြတယ်။ တစ်သက်လုံး သူများကျွန်ပြုတာ ခံသွားကြတော့မှာလား။ ကိုယ့်ထမင်းကိုယ်စားပြီး အေးအေးနေပါလားဆိုတဲ့ စကားလောက် အောက်တန်း ကျတာ မရှိဘူး။ စစ်ကြီးက မလွှဲမသွေ ဖြစ်ကိုဖြစ်တော့မယ်။ တိုင်းပြည်လွတ်လပ်ရေး ကိုလည်း တို့က မလွှဲမသွေ လုပ်ကိုလုပ်ကြရမယ်။ တစ်နေ့နေ့တစ်ချိန်ချိန် စစ်ကြီး ပြီးသွားလို့ တိုင်းပြည်လွတ်လပ်ရေးရတဲ့အခါ အင်္ဂလိပ်က တို့ကို ကိုယ်ပိုင်အုပ်ချုပ် ခွင့် လွတ်လပ်ရေးပေးတဲ့အခါ မြို့ပြအုပ်ချုပ်ရေးတင်မကဘူး တစ်နိုင်ငံလုံး ပြည်မ ပြည်နယ် အုပ်ချုပ်ရေးကို မြန်မာတိုင်းရင်းသားတွေက လုပ်ထုံးလုပ်နည်းကအစ နားလည်တတ်ကျွမ်းဖို့ လိုလာလိမ့်မယ်။ မြန်မာတိုင်းရင်းသားလူငယ်တွေဟာ ရေပြင်၊ မြေပြင်နဲ့ ကောင်းကင်ကို ဖြန့်ပြီး အုပ်ချုပ်နိုင်ရမယ်။ တစ်နေ့ကျ မြန်မာပိုင် ပင်လယ်ကူးသင်္ဘောကြီးတွေ ရှိလာရမယ်။ ဒီသင်္ဘောကြီးတွေ ဒီ လေယာဉ်ပျံကြီးတွေကို မြန်မာလူငယ်တွေက အုပ်ချုပ်ကွပ်ကဲပြီး မောင်းနှင်နိုင်ရ မယ်။ ခရီးသွားနိုင်ရမယ်။ ငါတို့သားလေး မင်းဇော်က ပညာတတ်လူငယ် တစ်ယောက်ဆိုတာ မှန်ပါတယ်။ တစ်နေ့ နိုင်ငံအုပ်ချုပ်ရေးပိုင်းမှာ သူလည်း တစ်နေရာရာက ပါလာမှာပဲ။ ဒီကလေးက မြန်မာ့ပင်လယ်ပြင်ကြီးကို စာအုပ် စာတမ်းတွေ အထောက်အထား ဓာတ်ပုံတွေကြည့်ပြီး စိတ်ဝင်စားနေတာ ကြာပြီ။ သူ့သူငယ်ချင်းတချို့ဆို ရေကြောင်းသွားလာရေးပညာရပ်ကို စိတ်ဝင်စားလို့ ကိုယ့်စရိတ်နဲ့ ကိုယ့်မိဘတွေကို ပူဆာခွင့်တောင်းပြီး အိန္ဒိယကတစ်ဆင့် အင်္ဂလန်

http://www.cherrythitsar.org



မှာ ရေကြောင်းသိပ္ပံပညာတွေ သွားသင်နေကြပြီ။ မင်းဇော်သူငယ်ချင်း ခင်မောင်ရင်ဆိုရင် လေယာဉ်အတတ် သွားသင်နေတယ်။ မောင်မင်းဇော်ကျတော့ မြန်မာနိုင်ငံကို အလောင်းမင်းတရားကြီးလက်ထက်တော်ကတည်းက ကုန်သွယ်မှုစနစ်မှာ အချက်အချာကျတဲ့ ဆိပ်ကမ်းအဝင်အထွက်၊ အကောက်ခွန်ကိစ္စ၊ အုပ်ချုပ်ရေး စနစ်ကို အခြေတည်ခဲ့တာတွေ လေ့လာပြီး အခု အင်္ဂလိပ်လက်ထက်မှာ အင်္ဂလိပ်ဆိပ်ကမ်းအာဏာပိုင်အရာရှိတွေဟာ ဆိပ်ကမ်းနဲ့ ပတ်သက်လာရင် ရေကြောင်းနဲ့ ပတ်သက်လာရင် ဘယ်လိုစနစ်တွေနဲ့ အုပ်ချုပ်နေလဲဆိုတာ အတွင်းကျကျ စိတ်ဝင်တစား လေ့လာချင်တဲ့စိတ် သူ့မှာ ဖြစ်ပေါ်နေတယ်။ အထူးသဖြင့် မြန်မာ့ ပင်လယ်နယ်နိမိတ်မှာ အချက်အချာကျတဲ့နေရာမှာ အင်္ဂလိပ်က မီးပြတိုက်တွေ၊ မီးပြလှေတွေ နေရာချထားပေးတာ သူ လေ့လာနေတယ်။ ထူးခြားချက်တစ်ခုက ဒီမီးပြတိုက်နဲ့ မီးပြလှေလုပ်ငန်းဟာ ပင်ပန်းလွန်းလို့ မြန်မာတွေ မလုပ်နိုင်ဘူးဆိုပြီး အိန္ဒိယလူမျိုး အလုပ်သမားတွေကို ရွေးပြီးထားတာ။ မောင်မင်းဇော်က ဘဝင်မကျ ဘူး။ တစ်နေ့မှာ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီဆိုတဲ့အခါကျရင် မြန်မာ့ပင်လယ် ပြင်မှာ မြန်မာလူငယ်တွေဟာ ဘယ်လိုလုပ်ငန်းမျိုးကိုမဆို အောက်ခြေသိမ်း သိသင့်သိထိုက်တာမှန်သမျှ သိထားသင့်တယ်။ သိထားနားလည်ထားမှ မိမိ ပညာအရည်အချင်းအလိုက် သက်ဆိုင်ရာ မြန်မာအလုပ်သမားတွေကို ခန့်ထားပြီး စီမံနိုင်မယ်၊ ကွပ်ကဲနိုင်မယ်၊ အုပ်ချုပ်နိုင်မယ်၊ အလုပ်သမားတွေရဲ့ဘဝ လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးနိုင်မယ်လို့ သူက ယုံကြည်ထားတယ်။ ဒါကြောင့် ဖေဖေ့အသိ ရေကြောင်းဌာနက အရာရှိ မစ္စတာတွမ်မလိုကို ခွင့်တောင်းပြီး သားလေ့လာချင်တဲ့ ပင်လယ်ထဲက မီးပြတိုက်မှာ 'ဖ'လလောက် သွားအလုပ်လုပ်ခွင့်ပေးပါဖေဖေလို့ ပြောတာ မင်းလည်း အသိသားပဲ။ သားရဲ့ရည်ရွယ်ချက်ဟာ ဘာလဲဆိုတာ ဆွေမျိုးသားချင်းနဲ့ မိတ်သင်္ဂဟတွေကို မင်း ရှင်းမပြတတ်ဘူးလား။ မင်းမှာ ပါးစပ်မပါဘူးလား။ ဒီလိုရှင်းပြတာကိုမှ သူတို့က လက်မခံနိုင်ကြရင်လည်း နေပစေပေါ့ကွာ။ ငါလည်း မိဘအရင်းပါ။ ငါ့သားကို ငါ ချစ်တတ်တာပေါ့။ သေရွာသွားရမယ့် လမ်းပဲဖြစ်နေပါစေ၊ သားသမီးရဲ့ ရွေးချယ်တဲ့လမ်းကြောင်းက ဘယ်သူ့ကိုမှ အဆိပ်အတောက်မဖြစ်နိုင်ဘူးဆိုရင် မိဘက ခွင့်ပြုရမှာပဲ။ အများကောင်းဖို့ သူလုပ်နေတာကွ"

ဦးလှိုင်ကျော်က ဤသို့ပင် ခပ်ပြတ်ပြတ်ပြောခဲ့ရပေါင်း များပေပြီ။ ရှေ့နေဆိုတော့ ဆင်ခြေဆင်လက်ကလည်း ပေးတတ်ပဟု မေးငေါ့သူက ငေါ့ကြသေး

သည်။ ဦးလှိုင်ကျော် ဂရုမစိုက်။ သူ အမှုလိုက်ပေးတာကအစ ပိုက်ဆံနွမ်းပါး ချို့တဲ့သော မြန်မာတိုင်းရင်းသားများဘက်မှသာ ရွေးပြီး လိုက်ပေးနေသည်။ မည်သည့်နိုင်ငံခြားသားက ပိုက်ဆံမည်မျှပုံပေးပေး မလိုက်ခဲ့။ သူ ဥပဒေပညာ သင်ယူထားတာ မြန်မာတိုင်းရင်းသားများ ဥပဒေပညာကို လေးစားလိုက်တာတတ် ဖို့နှင့် မြန်မာတိုင်းရင်းသားများဘက်က အမှန်တရားကို ခုခံကာကွယ်ချေပဖို့ အတွက်သာ ဖြစ်လေသည်။ ဦးလှိုင်ကျော်၏ ရိုးဖြောင့်တည်ကြည်မှုနှင့် ပြတ်သားမှု ကို ရိပ်စားမိသော အင်္ဂလိပ်အရာရှိ အသိုင်းအဝိုင်းတချို့ကပင် သူ့ကို ဂရုထား လေးစားမှု ရှိကြပေသည်။ ထိုအုပ်စုထဲတွင် မင်းဇော်ကို အလုပ်သွင်းပေးသော ဆိပ်ကမ်းရုံးအရာရှိ မစ္စတာတွမ်မလိုလည်း ပါပေသည်။ ထို့ကြောင့် အိန္ဒိယလူမျိုး အလုပ်သမားများကြားတွင် ရှားရှားပါးပါး မြန်မာအလုပ်သမား မင်းဇော်ဆိုတာ ရှိလာရခြင်းဖြစ်၏။

* * *

"စက်လှေလေးတစ်စီး စက်ပျက်ပြီး မျောလာတယ်ဟေ့"

မီးပြတိုက်အလုပ်သမား ကစ္စနား၏ အော်ဟစ်သံကြောင့် ငါးခြောက်ဟင်းဖြင့် နံနက်စာ ထမင်းဝိုင်းဖွဲ့စားနေကြသော အလုပ်သမားတစ်စုမှာ ထမင်းမေ့ဟင်းမေ့ ထိုင်ရာမှ ဝေါက်ခနဲ ထ,လိုက်ကြသည်။ ကိုမင်းဇော်သည် အလုပ်သမား ၁၂ဦး နေထိုင်ရန် သတ်မှတ်ထားသော အုတ်ကြွပ်မိုး တစ်ထပ်အိမ်ကလေးထဲမှ ပြေးထွက်ခဲ့သည်။ ကျောက်ဆောင်ကြီးတစ်ခု၏ အစွန်းအထိ ရောက်အောင်ပြေးထွက်ခဲ့သည်။ ရေကျချိန်ဖြစ်သည်။ မီးပြအနီးတစ်ဝိုက်တွင် ရေက ဝဲပြန်ဖြစ်နေသည်။ ကံဆိုးဆဖြစ်သော စက်ပျက်လှေကလေးသည် ကိုမင်းဇော်ရပ်နေသော ကျောက်ဆောင်စွန်း၏ အောက်ဘက်ကျောက်ပြားတစ်ခုအနီးသို့ လှိုင်းနှင့် လာရိုက်လေ သည်။

လှေပေါ်မှ ဘုရားတ,သံ။ မိန်းမများအော်ဟစ်ငိုယိုသံကို ကြားလိုက်ရ၏။ လေကထန်ပြင်းစွာ တိုက်ဝှေ့နေ၏။ ကိုမင်းဇော်နှင့် အလုပ်သမားတစ်စုသည် ထိတ်ထိတ်ပြာပြာဖြင့် စက်လှေငယ်ပျက်ကို ငုံ့ကြည့်နေကြသည်။

"ပင်လယ်ဓားပြလှေ ဖြစ်နေဦးမယ်၊ အရမ်းဆင်းမကယ်နဲ့"

ရက်စက်ကြမ်းကြုတ်သော ပင်လယ်ဓားပြများကို ကြားဖူးနားဝဖြင့်ပင် ကြောက်ရွံ့တုန်လှုပ်နေသည့် အိန္ဒိယအမျိုးသားအလုပ်သမား ရာဂျူးက သတိပေး သည်။

http://www.cherrythitsar.org



"ကယ်တော်မူကြပါ"

"ကယ်ကြပါ"

လှေဦးမှ မိန်းမဝဝကြီးတစ်ယောက် ငိုယို၍ ထွက်လာပြီး မီးပြတိုက်ဘက်သို့ လက်အုပ်ချီ၍ အော်ဟစ်နေသည်။

"ကြည့်ရတာ လူကောင်းတွေပါကွာ၊ ဆင်းကယ်မှဖြစ်မယ်"

ကိုမင်းဇော်က ရင်ထဲတွင် ကရုဏာစိတ် လှုပ်နိုးလာသည်။ ထို့ကြောင့် မနီလာကြိုးကြီးတစ်ချောင်းကို ပြေးယူကာ ကျောက်စွန်းတစ်စွန်းတွင် မြဲမြဲမြံမြံ ချည်နှောင်လိုက်ပြီး ပေါ့ပါးသန်မာစွာ တွယ်ဆင်းသွားသည်။

သူက ဦးဆောင်ဆင်းသွားသည်မို့ ကျန် အိန္ဒိယအလုပ်သမားများပါ တွယ်ဆင်းလာကြသည်။

တွေ့ပါပြီ။

စက်လှေထဲမှာက စုစုပေါင်း လူ(၈)ယောက်။

အကြောက်လွန်နေကြ၍ သူတို့မျက်နှာပြင်တွေမှာက သွေးဆုတ်ဖျော့တော့နေပေသည်။

ကိုမင်းဇော်တို့က သွက်လက်စွာ လူတွေကို ဆွဲတင်လိုက်ကြသည်။

"လှေကတော့ မကြာခင်မှာ လှိုင်းရိုက်ပြီး ကွဲသွားမှာပဲ"

အလုပ်သမားဟာနစ်ဆိုသူက စိတ်မချမ်းမြေ့စွာ ပြောလိုက်သည်။

"လင်းလင်းကျင်းကျင်းမို့ တော်သေးတယ်။ ညဘက်သာဆို ဒုက္ခ"

ဘိုင်လေးဆိုသူက ပြောပြောဆိုဆိုနှင့် လှေပေါ်မှ ရသမျှ ပစ္စည်းပစ္စယများကို သယ်တင်နေတော့သည်။

လူတွေကိုလည်း ခက်ခက်ခဲခဲပင် တွဲ၍ တင်ယူရလေသည်။ လှေကား သနားစရာကောင်းလောက်အောင် လှိုင်းနဲ့ကျောက်ဆောင်ကြားဝယ် အထုအနှက် လိမ့်ခံနေရပေသည်။

"ကျေးဇူးကြီးလှပါတယ်ကွယ်၊ ငါ့သားတို့ရဲ့ အလုပ်ခေါင်းဆောင် ဘယ်သူလဲ"

ခပ်ဝဝအဒေါ်ကြီးက မေးသည်။

"ကျွန်တော်ပါခင်ဗျ"

အဒါးဘိုင်ဆိုသည့် ဦးလေးကြီးက ပြောလိုက်သည်။

"အဒေါ်တို့ စစ်ပြေးဒုက္ခသည်တွေပါကွယ်၊ ရန်ကုန်ကနေ ပုသိမ်၊ ပုသိမ်ကနေ ဟိုင်းကြီး၊ ချောင်းဝက သားချင်းတွေဆီ ခဏသွားတည်းခိုဖို့ ဒီလှေ

http://www.cherrythitsar.org



စင်းလုံးငှားပြီးအလာ ညက စက်ပျက်ပြီး မျောနေတာ။ ခုမှ သားတို့ဆီ ဆက်မျောလာတာပါကွယ်။ အဒေါ်တို့ကို စောင့်ရှောက်ပါ။ ငါ့သားတို့ကျေးဇူး မမေ့ပါဘူး။ ဟိုမှာ မင်းတို့ ဦးကြီး အတော်လေးဖျားနေပါတယ်။ သူ့ကို တစ်ဆိတ် စောင့်ရှောက်ကြပါ"

ပင်လယ်လေမိ၍ ပင်ပန်းကာ အဖျားသွေးအနည်းငယ်ရှိပြီး မှိန်းနေသော ဦးလေးကြီးတစ်ယောက်ကို တွေ့ရ၍ ကိုမင်းဇော်က ဂရုတစိုက်ပင် အဆောက်အအုံထဲသို့ တွဲခေါ်ခဲ့သည်။

မိမိတို့အလုပ်သမားများအတွက် သက်ဆိုင်ရာ ရန်ကုန်ရေကြောင်းရုံးမှ ပေးပို့ထားသော 'ဖ'လစာ ရိက္ခာ၊ ဆေးဝါးများထဲမှ ကွီနိုင် အဖျားပျောက်ဆေးတစ်လုံးကို နှိုက်ယူရင်း ကိုမင်းဇော်က ဦးလေးကြီးအား ရေနွေးပူပူဖြင့် တိုက်မည်ပြုပြီးမှ

"အစာရှိမှ ဆေးသောက်လို့ကောင်းမယ် ဦးကြီး၊ နို့မို့ဆို ရင်တွေတုန်နေလိမ့်မယ်။ ဒီဆေးက ရိုးရိုးအဖျားပျောက်ဆေးတွေထက် ပြင်းထန်တယ်။ အစာမရှိရင် တအားရင်တုန်တဲ့ဆေး၊ ကျွန်တော်တို့မှာတော့ ဘီစကစ်ပုံးနဲ့ မုန့်ခြောက်ပုံးတွေရှိပါတယ်။ ဒီမနက်စာ ငါးခြောက်ဟင်းနဲ့ ထမင်းလည်း ချက်ထားပါတယ်။ ဦးကြီး ကြိုက်ရာစားပြီးမှ ဆေးသောက်လိုက်ပါခင်ဗျာ"

ဟုပြောသည်။

"သြော်...ငါ့တူက မြန်မာကိုး"

ဦးကြီးက ကိုမင်းဇော်၏မျက်နှာကို ဂရုတစိုက်ကြည့်ရင်း ပြောသည်။

"ဟုတ်ကဲ့၊ ဒီအဖွဲ့မှာ ကျွန်တော်တစ်ယောက်တည်း မြန်မာရှိပါတယ်။ ကျန်တာ အိန္ဒိယလူမျိုး အလုပ်သမားတွေချည်းပါပဲ"

ဟု ကိုမင်းဇော်က ပြောပြီး မိမိ၏နာမည်ကိုပါ ပြောလိုက်သည်။

"ဘီစကစ်နှစ်ချပ်လောက်ကို ရေနွေးကြမ်းနဲ့ မျှောချပြီး ဆေးသောက်လိုက်မယ်လေ"

ဦးကြီးစကားကြောင့် လိုအပ်သလို ကိုမင်းဇော်က စောင့်ရှောက်ပြုစုပေးသည်။

"အားရှိပြီး အဖျားကျသွားအောင်...စောင်လေးခြုံပြီး နွေးနွေးထွေးထွေး အိပ်ပျော်အောင် တစ်ရေးအိပ်လိုက်ပါဦး"

ကိုမင်းဇော်က ဦးကြီးကို ပြုစုနေချိန်တွင် ကျန်အလုပ်သမားများက တခြားဒုက္ခသည်တွေကို လိုအပ်သလို ကူညီမှုပေးနေသည်။

အပြင်မှာတော့ နေရောင်က စူးရှလို့နေသည်။ ပင်လယ်ရေမှာ စိမ်းပြာရောင်။

http://www.cherrythitsar.org



လှိုင်းဖြူဖြူတို့က တဝေါဝေါ။ အဆောက်အအုံကို လေက တိုးချင်တိုင်းတိုးဖေ့ တိုက်ခတ်နေလေသည်။

အဆောက်အအုံကလေးမှာ အုတ်ကြွပ်မိုး ပျဉ်ခင်းပျဉ်ကာဖြစ်သည်။

ခဏအကြာတွင် ခရီးပန်း နွမ်းနယ်လာသူများအား နံနက်စာထမင်းကျွေးပြီး နားနားနေနေ သက်သောင့်သက်သာနေစေရန် စီစဉ်နေရာချထားပေးလိုက်ကြသည်။

မီးပြတိုက် အလုပ်သမားခေါင်းဆောင် အဒါးဘိုင်က ကိုမင်းဇော်အပါအဝင် အလုပ်သမားတစ်စုကို မျက်ရိပ်ပြ၍ အဆောက်အအုံပြင်ပသို့ ခေါ်ထုတ်ခဲ့သည်။

ကျောက်စွန်းအောက်က စက်ပျက်လှေကို ငုံ့ကြည့်လိုက်ကြတော့ စိစိညက်ညက်မဖြစ်သေးရုံတစ်မည်သာ တွေ့ကြရသည်။ မတတ်နိုင်ပြီ။

ကျောက်နှင့်ဝေးရာ လှေဦးထိုး၍ရသော သဲသောင်စပ်သို့ ထိုလှေကို ဆွဲယူရန်မှာလည်း တစ်ကွေ့တစ်ပတ်ကြီးမို့ မစဉ်းစားရဲပေ။ အလုပ်သမားတစ်စုသည် ကျောက်ဆောင်၏ တောင်ဘက်စွန်းရှိ မီးပြမျှော်စင်အရိပ်ရှိရာသို့ လျှောက်လာခဲ့ကြသည်။ ထိုနေရာမှာ နေကွယ်သဖြင့် အရိပ်ကျနေသည်။ အမြင့်ပေ (၁၆၀)ရှိသော မီးပြ၏ အရိပ်တွင် သူတို့ ဖြစ်သလို စုဝေးထိုင်လိုက်ကြသည်။ အလုပ်သမားခေါင်းဆောင် အဒါးဘိုင်က အိန္ဒိယစကားဖြင့်ပင် အားလုံးကို သူ့ဆန္ဒ ပြောပြသည်။ ကိုမင်းဇော်မှာ ရန်ကုန်မှာ ကျောင်းသားဘဝကပင် နီးစပ်ရာ သူငယ်ချင်းအချို့ထံမှ အိန္ဒိယစကား သင်ထားသဖြင့် ဟိန္ဒူစတန်နီစကားအထိ ပြောတတ်ဆိုတတ်သူဖြစ်နေသဖြင့် အဒါးဘိုင်၏စကားကို ကောင်းမွန်စွာ သိနေလေသည်။

"လှေပျက်လာတဲ့ အခေါ်ကြီးပြောသလိုဆိုရင် ရန်ကုန်ဟာ ဒုတိယကမ္ဘာစစ်ကြီးရဲ့ ဒဏ်ကို ခံနေရပြီဆိုတာ သေချာနေပြီကွ။ မင်းတို့ငါတို့နဲ့ တာဝန်လဲပေးမယ့် အလုပ်သမားတွေနဲ့ ရိက္ခာဆေးဝါးတွေကို တင်လာမယ့် လာနေကျသင်္ဘောကြီးဟာ သူလာရမယ့်ရက်ထက် (၅)ရက်တောင် နောက်ကျနေပြီ။ ဂျပန်စစ်လေယာဉ်တွေ ဗုံးကြဲမယ့်ဘေးရန်ကို စောင့်ဆိုင်းနေရလို့ ရိက္ခာတင်သင်္ဘောကြီးဟာ တို့ဆီကို မလာနိုင်တာလား၊ တို့ကို ပစ်ထားလိုက်ပြီလားဆိုတာ ငါတော့စိတ်ထဲမှာ သိပ်မသင်္ကာဘူး"

အဒါးဘိုင်၏စကားကြောင့် အားလုံး ငိုင်သွားကြသည်။

ကိုမင်းဇော်က...

"စိတ်ဓာတ်မကျကြပါနဲ့။ အခက်အခဲဆိုတာတော့ ဒီလို စစ်ဘေးစစ်ဒဏ် ခံနေရချိန်မှာ ရှိနေမှာပဲ။ ကျွန်တော်တို့သာ ပင်လယ်ကြီးထဲရောက်နေလို့ ဒီအဖြစ်

http://www.cherrythitsar.org



အပျက်တွေနဲ့ ဘာမှမဆိုင်သလို ဘာတစ်ခုမှ မသိရဘဲ နေ့နေကြရတာ။ ခုမှ လှေပျက်လို့ လူတွေရောက်လာတာ ကျွန်တော်တို့အတွက် သိစရာတွေ အများကြီး သိရတော့မယ်။ သူတို့ကို ကျေးဇူးတင်ရမယ်။ သူတို့ဆီက ကျွန်တော် အများကြီး သိချင်တာတွေ ရှိနေတယ်။ သူတို့ကို မေးစရာတွေ ရှိနေတယ်။ ကျွန်တော်သိတာ အားလုံး ခင်ဗျားတို့ကို ပြောပြမယ်။ ကျွန်တော့်စိတ်ထဲမှာတော့ ရိက္ခာတင်သင်္ဘောကြီးဟာ ကျွန်တော်တို့မီးပြတိုက်ကို အနေးနဲ့အမြန် ရောက်လာမှာ သေချာပါတယ်။ အကြောင်းကြောင်းကြောင့် နောက်ကျနေတာဖြစ်မှာပါ"

ဟု ပြောလိုက်သည်။

ရာဂျူးက...

"ရိက္ခာတင်သင်္ဘောကြီးက ဘယ်တော့မှရောက်မယ်ဆိုတာ မသိသေးဘူး။ အဲဒီတော့ လက်ကျန်ရိက္ခာနဲ့ ဆေးဝါးတွေကို ကျွန်တော်တို့ ချွေတာမှဖြစ်မယ်"

ဟု ဝင်ပြောသည်။ ကစ္စနားက...ရိက္ခာတင်သင်္ဘောကြီး မီးပြတိုက်သို့ဝင်ရက် (၂)ရက်ကျော်လာကတည်းက စိတ်လေးသဖြင့် ငါးများကို လက်ထွန်ပစ်၍ ရသမျှ ဆွဲတင်ကာ ငါးခြောက်များ ပိုလှန်းထားကြောင်း ပြောပြသည်။

"ဘာပဲဖြစ်ဖြစ် အခုဆို ငါတို့ထဲမှာ လူပိုတွေရောက်လာပြီ။ နေရထိုင်ရတာ ခါတိုင်းထက် ပိုတင်းကျပ်၊ ကျဉ်းကျပ်လာပြီ။ စားတာသောက်တာလည်း ချွေတာရတော့မယ်။ ပြီးတော့ ဒုက္ခသည်တွေကို ထပ်ပြီး ဒုက္ခမပေးမိဖို့ ငါတို့ သတိထားရလိမ့်မယ်"

အလုပ်သမားခေါင်းဆောင် အဒါးဘိုင်က သတိပေးနေသည်။

"အဒါးဘိုင် ဘာကိုဆိုလိုသလဲ"

ဟု မာမက်ရှုရစ်ဖ်က ဝင်မေးသည်။

"မိန်းကလေးတွေပါလာတယ်။ မဟုတ်တာ မကြံစည်ကြနဲ့။ ပင်လယ်ထဲမှာ နေတာ စည်းစောင့်ရတယ်။ စည်းမစောင့်ရင် အားလုံးဒုက္ခရောက်မယ်။ သစ္စာမရှိရင် အားလုံးဘေးတွေ့မယ်။ ငါပြောချင်တာ ဒါပဲ"

အဒါးဘိုင်ရဲ့စကားက ပြတ်သားသည်။ ဟုတ်သည်။ သူ့မှာ တာဝန်ရှိလာပြီ။ လူကြီးပီသသည်ထက် ပီသစွာပြောဆိုနေထိုင်ဖို့ သူ့မှာ အရေးကြီးလာပြီ။

"စိတ်ချပါ။ ကျွန်တော်တို့အားလုံးရဲ့ ခေါင်းပေါ်မှာ ဘုရားရှိပါတယ်"

ဘာဘူလေးက ဝင်ပြောလိုက်သည်။

"ငါတို့တွေ ရိက္ခာတင်သင်္ဘောကြီး မလာမချင်း ကျဉ်းကျဉ်းကျပ်ကျပ်နေရပေမယ့် ယောကျာ်းတွေပဲ။ အနစ်နာခံကြရလိမ့်မယ်"

http://www.cherrythitsar.org



အဒါးဘိုင်က နောက်ဆုံးသတိပေးစကားပြောပြီး လူစုခွဲလိုက်ကြသည်။

* * *

အဖျားဖြတ်ဆေးသောက်ထားသည့်အရှိန်ဖြင့် အိပ်မောကျသွားသော ဦးအောင်ကြီးမှာ ရုတ်တရက် လန့်နိုးလာသည်။ စောင်ထူထူကြီးခြုံထားသဖြင့် ချွေးစေးပျံပြီး လန့်နိုးလာခြင်းဖြစ်၏။ ပင်လယ်အော်သံကို ကြားနေရသည်။ ပြတင်းပေါက်ဆီသို့ လှမ်းကြည့်တော့ ဝန်းကျင်မှာ မှောင်နေပါပေါ့။

"ဟော...ဖေဖေနိုးလာပြီ"

ဟူသည့် သမီးကြီးဖွေး၏အသံကို ကြားရသည်။ ဩော်...သူ့နားမှာ ဇနီးဒေါ်ပိုက်မိ၊ သမီးဖွေး၊ မူမူနှင့် အေးအပြင် အိမ်ဖော်မကလေး သက်သက်တို့ပါ စိုးရိမ်တကြီး ရှိနေကြပါလား။

"သက်သာရဲ့လားဟင်...ဦးအောင်ကြီး"

ဇနီးကမေးသည်။

"သောက်ရေတစ်ခွက်လောက်ပေးပါကွာ"

ဦးအောင်ကြီးတောင်း၍ သက်သက်က ထိုင်ရာမှထကာ ရေအိုးထဲမှ ရေတစ်ခွက် ခပ်ပေးလိုက်သည်။

ဦးအောင်ကြီးက တဂွတ်ဂွတ်မြည်အောင် သောက်ချသည်။

"ပေးပါဦးကွာ နောက်တစ်ခွက်၊ ရင်တွေပူနေတယ်"

သက်သက်က နောက်တစ်ခွက် ခပ်ပေးသည်။

သည်တစ်ခါတော့ တစ်ဝက်သာ ကုန်အောင်သောက်ပြီး ခွက်ကိုပြန်လှမ်းပေးလိုက်သည်။ ခွက်မှာ အိန္ဒိယအမျိုးသားများသုံးစွဲလေ့ရှိသော ကြေးသောက်ရေခွက်ကလေး ဖြစ်သည်။

ထိုစဉ်မှာပင် ကြမ်းတမ်းသောလက်ဖဝါးတစ်ခုက ဦးအောင်ကြီး၏ နဖူးပြင်ကို ညင်သာစွာ လာ၍စမ်းသပ်သည်။ မော့ကြည့်လိုက်တော့ ပုသိမ်မြို့မှ သူတို့ပိုက်ဆံပေး၍ ငှားလာသောလှေမှ လှေပဲ့နင်းကိုမြသိန်း ဖြစ်နေသည်။

"ကိုယ်ပူကျသွားပါပြီ။ စိတ်ပင်ပန်း လူပင်ပန်းဖြစ်ပြီး ပင်လယ်လေကြမ်းတော့ ဦးလေး ဖျားနေတာပါ။ အစာနိုင်နိုင်စားပြီး ဆေးမှန်မှန်သောက်လိုက်ရင် အဖျားသွေး ကုန်သွားမှာပါ"

ကိုမြသိန်းနံဘေးတွင် လာရပ်၍ စက်သမားမောင်ကျော်ကလည်း ဦးအောင်

http://www.cherrythitsar.org



ကြီး၏ လက်ကောက်ဝတ်တစ်ဖက်ကို လာဆုပ်ကိုင်ရင်း အားပေးစကားပြော သည်။

"မင်းတို့လည်း ဦးတို့မိသားစုကြောင့် အကုသိုလ်ဝင်တာပဲနော်"

ဦးအောင်ကြီးက ကိုမြသိန်းတို့ မောင်ကျော်တို့ကို ဝမ်းနည်းကြေကွဲစွာ ပြောနေသည်။

"ဘယ်တတ်နိုင်ပါ့မလဲဦးရယ်၊ လူတောင် နေမကောင်းဖြစ်ချင်တဲ့အခါ ဖြစ်တတ်သေးတာ။ ပင်လယ်ထဲမှာ စက်ပျက်တဲ့အခါ ပျက်မှာပေါ့။ ဘာတတ်နိုင်မလဲ"

မောင်ကျော်က လူငယ်ပီသစွာ အရှိပကိအတိုင်း ပြောပြသည်။

"လှေတော့ကွဲပြီး ရေနစ်သွားပြီဦးလေး"

ပဲ့နင်းကိုမြသိန်းက ဆုံးရှုံးသွားသည့်အနေအထားကို ပြောပြသည်။

"ဦးလေး ငွေစကားပြောတာ မဟုတ်ဘူးနော်၊ ဦးလေးတို့ စစ်ပြေးဖို့ရည်ရွယ်ပြီး ထွက်လာခဲ့တဲ့ ချောင်းဝရွာက အမျိုးတွေနဲ့တွေ့ပြီဆိုတာနဲ့ မင်းတို့လှေတန်ဖိုးကို ပြန်ပြီး အလျော်ပေးပါ့မယ်။ ဦးလေးတို့မှာ ပါလာတဲ့ငွေအရေအတွက်က နည်းနေလို့ပါ"

ဦးအောင်ကြီးစကားကြောင့် ကိုမြသိန်းက...

"ဒီကိစ္စ နောက်မှစဉ်းစားကြတာပေါ့ ဦးလေးရယ်၊ လောလောဆယ် ကျွန်တော်တို့အတွက် အရေးကြီးနေတာက မီးပြတိုက်အလုပ်သမားအားလုံး မျှော်လင့်နေကြတဲ့ ရိက္ခာပို့သင်္ဘောကြီး ဝင်လာဖို့ပဲ။ သူတို့ပြောသလိုဆို လာဖို့အချိန်တန်နေပြီတဲ့။ ရက်ကျော်နေပြီတဲ့။ အဲ့ဒီသင်္ဘောကြီးလာရင် ကပ္ပတိန်ကို အကျိုးအကြောင်းပြော တောင်းပန်ပြီး ဟိုင်းကြီးမှာ ဆင်းခဲ့ကြရုံပဲ။ ဟိုင်းကြီးရောက်ရင် ဦးလေးတို့က ချောင်းဝနဲ့ နီးနီးလေး။ ကျွန်တော်တို့က ရ,ရာလှေကြုံနဲ့ ပုသိမ်ကို ပြန်ရုံပဲ"

ဟုပြောပြသည်။

"မင်းတို့လှေရှင်ကတော့ သူ့လှေနစ်သွားတာ အတော်နှမြောရှာမှာပဲ။ သူ့ပစ္စည်းကိုး"

"ဘယ်သူက နစ်စေချင်မှာလဲ ဦးလေးရာ၊ ဒါ ကျွန်တော်တို့ထမင်းအိုးပဲဥစ္စာ၊ အကြောင်းက ဖန်လာတာကိုး"

ဦးအောင်ကြီးက တစ်စုံတစ်ခုကို စဉ်းစားရင်း အသံကို တိုးနိုင်သမျှနှိမ့်၍

"ဒါ...ဘာမီးပြတိုက်လဲ"

http://www.cherrythitsar.org



ဟုမေးလိုက်သည်။

“အင်္ဂလိပ်အစိုးရက ဒီမီးပြကို အယ်လ်ဂွါဒါမီးပြလို့ ခေါ်ပါတယ် ဦးလေး”

ကိုမြသိန်းက ပြောပြသည်။

“အလုပ်သမား ဘယ်နှစ်ယောက်ရှိလဲ”

“စုစုပေါင်း ၁၂ ယောက် တွေ့ရပါတယ်။ ထူးထူးခြားခြား ကိုမင်းဇော် ဆိုတဲ့လူငယ်လေးက ရန်ကုန်ဇာတိ။ မြန်မာလူငယ်လေး။ ကြည့်ရတာ ခေတ်ပညာတတ် လူရည်မွန်ကလေးပါပဲ။ လူမှုရေးစိတ်ဓာတ်လည်း အတော် ပြည့်ဝပါတယ်။ ကျန်တဲ့ အိန္ဒိယအလုပ်သမားတွေလည်း ဆက်ဆံရေး မရိုင်းကြပါဘူး။ ဒါပေမယ့် ရှားရှားပါးပါး ကိုမင်းဇော်တစ်ယောက်ရှိနေတော့ ကျွန်တော်တို့မှာ အားရှိစရာပါ”

မောင်ကျော့စကားကြောင့် ဦးအောင်ကြီးရင်ထဲတွင်လည်း အားငယ်မှု အတန်အသင့် လွင့်ဝေးသွားသည်။ သူတို့တစ်တွေ ပြောနေဆိုနေကြရင်းမှာပင် ကိုမင်းဇော်က သူတို့အနားသို့ ရောက်လာသည်။

“ဩော်…ဦးလေး နိုးနေမှကိုး။ ကဲ…ညစာစားကြရအောင်။ ဒီအဆောက်အအုံကလေးက ကျွန်တော်တို့ အလုပ်သမား ၁၂ ယောက်နေသာရုံဆိုတော့ ကျွန်တော်တို့မှာ စားလည်းဒီနေရာ၊ အိပ်လည်း ဒီနေရာပါပဲခင်ဗျာ။ ဒါတစ်ခုတော့ အားနာမိပါတယ်”

ကိုမင်းဇော်က သူ့လက်ထဲတွင် သယ်ပိုးလာသော ထမင်းအိုးကို လက်နှီးနှင့် ဆွဲဖွင့်လိုက်ရင်းက ပြောပြောဆိုဆို လက်နှီးဖြင့်ပင် အခင်းကြမ်းပြင်ကို ဖုန်ခါထုတ်နေလေသည်။ ထမင်းအိုးမှာ ဖိုပေါ်မှ ချလာခါစမို့ အငွေ့က တထောင်းထောင်း။

“ဟင်းကတော့ တစ်နေ့လာလည်း ငါးဟင်း၊ ငါးပြုတ်၊ ငါးကြော်၊ ငါးကင်၊ ငါးခြောက်ဖုတ်၊ ငါးခြောက်ဟင်း အဲဒါတွေပဲ ထပ်နေတော့တာပဲ။ ဒါနဲ့နီးစပ်တာကိုး။ အင်္ဂလိပ်အစိုးရက ရိက္ခာသင်္ဘောနဲ့ ၆ လစာပေးထားတဲ့ အသားဘူးတော့ နည်းနည်းကျန်ပါသေးတယ်။ သိပ်အရေးကြီးမှ ဖွင့်ဖောက်ပြီး စားကြတာပေါ့။ အခုအချိန်က ရာသီဥတုကောင်းနေတော့ ငါးဘက် လှည့်နေရတယ်။ ရာသီဥတုဆိုးချိန်ကျမှ အသားဘူးတို့ မုန့်သေတ္တာပုံးတို့ဘက် လှည့်ကြရတယ်။ ဩော်…ဦးလေးအတွက် ဆန်ပြုတ်ကလေး ပြုတ်ထားပါသေးတယ်။ ခဏနေဪ ကျွန်တော် သွားယူလိုက်ဦးမယ်”

သွက်လက်စွာထွက်သွားသော ကိုမင်းဇော်အား မိသားစုက လှမ်းကြည့်နေမိကြ၏။ သူတို့အတွက် ဒီနေရာကိုရောက်လာကြခြင်းမှာ အိပ်မက်တစ်ခုလို



သီဟရတနာစာပေ

http://www.cherrythitsar.org



ဖြစ်နေပေလိမ့်မည်။

"ရော့...ငါးခြောက်ဖုတ်နဲ့ ဆံပြုတ်ကလေး သောက်လိုက်ပါဦး"

ကိုမင်းဇော်က ဦးအောင်ကြီးကို ဖခင်တစ်ယောက်လို၊ ဦးကြီးတစ်ယောက်လို ပြုစုနေရာမှ

"ဦးကို ပြုစုရတာ အဝေးက ကျေးဇူးရှင်ဖေဖေ့ကို သတိရမိပါတယ်။ ဖေဖေတို့ မေမေတို့လည်း ဘယ်လိုနေကြထိုင်ကြရှာတယ် မသိပါဘူး"

ဟု သတိတရပြောလိုက်တော့ ဦးအောင်ကြီးက သားသမီးချင်း စာနာစွာဖြင့်

"ငါ့တူမိဘများက ဘယ်မှာပါလိမ့်"

ဟုမေးမိသည်။

"ရန်ကုန် ပန်းဆိုးတန်းမှာပါ။ ဖေဖေက အထက်တန်းရှေ့နေ ဦးလှိုင်ကျော်၊ မေမေက ဒေါ်ခင်ခင်မြပါ။ ဒါနဲ့ စကားမစပ် ရန်ကုန်အခြေအနေ သိပါရစေခင်ဗျာ"

ကိုမင်းဇော်စကားကြောင့် ဦးအောင်ကြီးနှင့် ဒေါ်ပိုက်မိတို့ တစ်ယောက်မျက်နှာတစ်ယောက် ဖျတ်ခနဲကြည့်လိုက်မိကြသည်။

"၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ပထမပတ်ထဲမှာ ဂျပန်က ပုလဲဆိပ်ကမ်းကို ဗုံးဝင်ကြဲပြီး စစ်ကြေငြာခဲ့တဲ့နောက်ပိုင်း ရန်ကုန်ဟာလည်း လေယာဉ်ပေါ်က ခဏခဏလာချတဲ့ ဗုံးဒဏ်ကြောင့် စစ်တလင်းဖြစ်ခဲ့ရတယ် ကလေးရယ်"

ဟု ဒေါ်ပိုက်မိက ကြေကွဲစွာ ပြောလိုက်သည်။

"ဖြစ်မှဖြစ်ရလေဗျာ၊ အင်္ဂလိပ်အစိုးရဟာ ပင်လယ်ထဲက ကျွန်တော်တို့လို မိဝေးဖဝေး ညီအစ်ကိုဆွေမျိုးဝေး၊ မီးပြသမားတွေကို သတင်းမှောင်ချထားခဲ့တယ်။ ဒီသတင်းကြားရင် သွေးလေချောက်ချားပြီး မီးပြတိုက်ကြီးမှာ ကျွန်တော်တို့ အလုပ်မလုပ်ဘဲ စိတ်ရောဂါဖြစ်မှာစိုးလို့ ထင်ပါရဲ့။ ရေဒီယိုကအစ ပေးမထားတာ ကြာပါပြီ။ ရန်ကုန်ကို ပြန်ချင်လိုက်တာဗျာ။ ဖေဖေတို့မေမေတို့ ကံကြမ္မာကို သိချင်တယ်"

ကိုမင်းဇော်က မှိုင်ကျသွားသည်။

"စစ်ပြေးဒုက္ခသည်တွေကတော့ ကိုယ်နဲ့ နီးစပ်ရာသားချင်းတွေရှိတဲ့ တောရွာတွေကို ရရာ ကား၊ ရထား၊ သင်္ဘောနဲ့ ပြေးနေကြတာပဲ။ မောင်မင်းဇော်မိဘများတော့ ဘယ်ကိုများ ရှောင်နေ,တိမ်းနေကြလဲ မဆိုနိုင်ဘူး"

ဒေါ်ပိုက်မိက စိတ်မကောင်းစွာ ပြောနေသည်။

"ကဲ...ဖြစ်သမျှအကြောင်းပေါ့ခင်ဗျာ၊ စားလိုက်ကြပါဦး"

ကိုမင်းဇော်က ရှိသမျှပန်းကန်ခွက်ယောက်လေးများဖြင့် ခူးခပ်ပေးနေတော့



သီဟရတနာစာပေ

http://www.cherrythitsar.org



မိန်းကလေးများဖြစ်ကြသည့် ဖွေး၊ မူ၊ အေး ညီအစ်မများနှင့် သက်သက်တို့မှာ မနေသာတော့ဘဲ ဝိုင်းဝန်း ရူးခပ်ကြရတော့သည်။

“ငါ့တူတို့ အလုပ်သမားတွေရော စားပြီးကြပြီလား”

“ဖြည်းဖြည်းမှ ကျွန်တော်တို့ စုပေါင်းစားကြမှာပါ။ ကဲ...ကျွန်တော် မီးပြ တိုက်ပေါ် ခဏပြေးတက်ပြီး အလုပ်,လုပ်လိုက်ဦးမယ်”

“တာဝန်ပြီးရင် မအိပ်သေးခင် စကားလေးဘာလေး ပြောကြရအောင် ဦးတို့နား လာခဲ့ပါဦး မောင်မင်းဇော်”

ဟု ဦးအောင်ကြီးက မှာနေသည်။

“ဟုတ်ကဲ့ပါဦး၊ ကျွန်တော်တို့က ဒီနေရာရဲ့ ဟောဟိုထောင့်မှာ ၅ ယောက် စုအိပ်ရမှာပါ။ ကျန်တဲ့လူတွေက မီးပြပေါ်တက်ပြီး လူခွဲအိပ်ကြမှာပါ။ ဦးတို့က ဒီဘက်ထောင့်မှာ အိပ်ကြပါ။ မတတ်သာတော့လည်း ဖြစ်သလိုပေါ့ဗျာ”

ကိုမင်းဇော်က ပြောပြောဆိုဆို အလုပ်လုပ်ရန် ထွက်သွားလေသည်။

မဆလာနိုင်နိုင်နှင့် ဆီကျန်ရေကျန် ခပ်ကျဲကျဲလေးချက်ထားသော ငါးခြောက် ဟင်းမှာ ငါးတံခွန်ခြောက်ဟင်းဖြစ်၏။ နေရာစိမ်းနေသည့်အပြင် စိတ်ချောက်ချား မှုကလည်း မပြေပျောက်သေး၍ ထင်၏၊ လှေသမား (၂)ယောက်မှလွဲ၍ ဒေါ်ပိုက်မိ တို့ မိသားစုမှာ ခံတွင်းတွေ့တွေ့ မစားနိုင်ကြရှာပေ။ စားသောက်ပြီးတော့ သက်သက်က ပန်းကန်ခွက်ယောက်များ ဆေးကြောသည်။ ကြမ်းတစ်ပြေးတည်း တစ်နေရာတွင် ဆေးပြီးသားတချို့ကို ရေစစ်အောင် သေသေသပ်သပ် သွားမှောက် ထားလိုက်လေသည်။ ဦးအောင်ကြီးက ဆန်ပြုတ်ကို အနည်းငယ်မျှသာ သောက်ပြီး ပြန်မှိန်းနေလိုက်သည်။

သွားစရာနေရာဟူ၍လည်း ဘာမှ မည်မည်ရရမရှိလှသောနေရာမို့ သားအမိ တစ်တွေ ကွပ်ပျစ်ကလေးပေါ်တွင် ပူးပူးကပ်ကပ်ပင် ကျောခင်းလိုက်မိကြသည်။

ဖွေးစိတ်ထဲတွင် သွက်လက်ချက်ချာသော ကိုမင်းဇော်ကို ဘယ်မှာဆုံဖူးပါ လိမ့်ဟု တွေးနေမိသည်။ ဒီလို ပင်ပင်ပန်းပန်းအလုပ်မျိုးကို လာလုပ်နေခြင်းမှာ မိဘများ၏ ဆိုဆုံးမမှုကို မနာခံဘဲ ပညာကောင်းကောင်းမသင်၊ စာကောင်း ကောင်းမတတ်၍ လာလုပ်နေရသော လူလေလူလွင့်တစ်ယောက်များလေလားဟု လည်း တွေးနေမိလေသည်။

ကြားဖူးနားဝ စကားအရ အင်္ဂလိပ်ခေတ်တွင် ကြိုးချည်ကြိုးထိုး၊ မီးထိုးသမား သဘော်သား တော်တော်များများသည် ခြေသလုံးအိမ်တိုင် ရရစားစား လူ့ပေါက်ပန်း ဈေးများဟု ဖွေး ထင်ထားခဲ့မိဖူးသည်။



သီဟရတနာစာပေ

http://www.cherrythitsar.org



လှူသူမနီး ပင်လယ်ကြီးထဲက ကျောက်ဆောင်ကြီးပေါ်မှာ ထီးထီးမားမား ရှိနေသည့် ယခုလို မီးပြတိုက်ကြီးတွင် ဘယ်နေ့အိမ်ပြန်ရောက်မည်ဆိုသည်ကို မရေမရာဘဲနှင့် ပင်ပင်ပန်းပန်း ကြမ်းကြမ်းတမ်းတမ်း လာအလုပ်လုပ်နေသော ကိုမင်းဇော်မှာ ရန်ကုန်တွင် အထင်ကရ မိဘများရှိသည်ဆိုခြင်းမှာ ဟုတ်မှဟုတ်ပါ လေစ။

တမင်သက်သက် လူအထင်ကြီးအောင်များ စကားဝေဝေဆာဆာဖြစ်အောင် ကြံဖန်၍ ပြောခြင်းပေလားဟုလည်း ဖွေး သံသယပွားမိသေးသည်။

တောင်တွေးမြောက်တွေးနှင့် မေးခနဲဖြစ်သွားပြီးမှ ဖေဖေနှင့် ကိုမင်းဇော်တို့ စကားသံသဲ့သဲ့ကြောင့် ဖွေး ပြန်နိုးလာခဲ့ရလေသည်။ မေမေနှင့် ညီမလေးမူမူ့ ကြားတွင် ကွေးနေရာမှ မျက်တောင်လေးတွေကို မေးစင်းထားရင်း ဖေဖေတို့ စကားသံကို နားစွင့်နေမိသည်။

"အခု ဦးတို့ ရောက်နေတဲ့ အယ်လ်ဂွါဒါမီးပြဟာ မြန်မာ့ပင်လယ်ပြင်ရဲ့ ဘယ်နေရာလောက်မှာရှိလဲ မောင်မင်းဇော်"

ဟု ဦးအောင်ကြီးက မေးလိုက်သည်။

"လိပ်ကျွန်းရယ်၊ ဟိုင်ကြီးကျွန်းရယ်၊ ပုသိမ် မော်တင်စွန်းရယ်၊ ပုသိမ်ခရိုင်ရယ်...အဲ့ဒီဇရိယာတစ်ဝိုက်မှာ ရှိနေတာပါ ဦးလေး။ ကျွန်တော် လေ့လာမှတ်သားထားတဲ့ ဒီဂရီအတိအကျဆိုရင်တော့ မြန်မာ့ပင်လယ်ပြင်ရဲ့ လောင်ဂျီတွဒ် ကိုးဆယ့်လေးဒီဂရီ၊ လတ္တီတွဒ် ဆယ့်ငါးဒီဂရီလောက်မှာ ရှိနေပါတယ်။

ဒီ့ထက် ဒီဂရီပိုရင်လည်း အစွန်းထွက်ပါပဲ။ ကျွန်တော်တို့ မီးပြဟာ ညဘက်မှာ ဆယ့်ရှစ်မိုင်ပတ်လည်က မြင်နိုင်အောင် မီးပြပေးနေတာပါ။ မီးပြတိုက်အမြင့်က ပေ တစ်ရာ့ခြောက်ဆယ် ရှိပါတယ်"

"ဘယ်လောက်ကစပြီး ဒီမီးပြတိုက်ကို အင်္ဂလိပ်တွေ တည်ခဲ့တာတဲ့လဲ"

"၁၈၆၀ လောက်မှာ စ,တည်ခဲ့တာပါ ဦးလေး"

"နှစ်တွေ တော်တော်ကြာခဲ့ပြီပဲ။ ဒါနဲ့ မင်းက ဘယ့်နှယ်ကြောင့် ဒီမှာ လာ,အလုပ်လုပ်နေရတာလဲ"

"တက္ကသိုလ်မှာ ကျွန်တော် အိုင်အေစီနီယာတန်းတက်တော့ တစ်နေ့နေ့မှာ မြန်မာနိုင်ငံ လွတ်လပ်ရေးရခဲ့ရင် ကိုယ်တိုင်လေယာဉ်မှူး၊ ရေယာဉ်မှူး တက်လုပ်ချင်တဲ့ လူငယ်တွေ ပေါ်ပေါက်လာမှာ မြင်သလို ကျွန်တော်ကိုယ်တိုင်လည်း မြန်မာ့ရေနယ်နိမိတ်ကိစ္စ၊ ရေကြောင်းအုပ်ချုပ်မှုကိစ္စ၊ အကောက်ခွန်ကိစ္စနဲ့ မီးပြအလုပ်သမားတွေကိစ္စကို စိတ်ဝင်စားမိလို့ အောက်ခြေသိမ်းသိရအောင်ဆိုပြီး



သီဟရတနာစာပေ

http://www.cherrythitsar.org



ဖေဖေ့ကို ခွင့်တောင်းရင်း၊ မေမေ့ကို တောင်းပန်တိုးလျှိုးရင်း အခုလို ပင်ပင် ပန်းပန်း၊ အလုပ်ကြမ်းသမားတွေကြားမှာ လက်ပွန်းတတီး လာနေရင်း 'ဖ'လကြာ အောင် လေ့လာခဲ့တာပါ။ သူငယ်ချင်းတချို့နဲ့ သားချင်းအသိုင်းအဝိုင်းတချို့ ကတော့ ဒီကောင် ဘာအရူးထနေတာလဲဆိုပြီး ကဲ့ရဲ့လှောင်ပြောင်ကြတာပေါ့ ဦးရာ”

“ဒီမှာ မောင်မင်းဇော်၊ ဦးလေး မင်းကို မြှောက်ထိုးပင့်ကော် ပြောရမယ့်အရွယ် မဟုတ်ဘူး။ ဒါပေမယ့် တို့တစ်တွေမှာ အောက်သက်ကျေတဲ့အရာရှိ အတော် လေး ရှားပါးနေတယ်။ မင်း ပညာတတ်ပဲ။ မင်းဟာ ဌာနတစ်ခုခုမှာ အရာရှိလေး ဖြစ်ဖို့ဆိုတာ မြေကြီးလက်ခတ်မလွဲပဲ။ ဒါပေမယ့် မင်းလို အောက်သက်ကျေချင်တဲ့ လူတွေ တော်တော်နည်းနေသေးတယ်။ မင်းစိတ်ဓာတ်ကို ဦးလေး သဘောကျ တယ်။ အကြောင်းကြောင်းကြောင့် တို့တစ်တွေ ရေစက်မကုန်ကြသေးဘဲ သေကံ မရောက် သက်မပျောက်ဘဲ ရန်ကုန်ကို ပြန်ရောက်ကြရင် ဦးလေးအိမ်ကိုအချိန်မရွေး ဝင်နိုင်ထွက်နိုင်တယ်နော်”

“ဦးလေးတို့ ရန်ကုန် ဘယ်အရပ်မှာ နေကြတာပါလဲ“

“ဦးလေးရဲ့ပွဲရုံက ရန်ကုန် (၁၁)လမ်းမှာ ရှိတယ်။ အိမ်ကတော့ ရန်ကုန် အရှေ့ပိုင်း၊ ရေကျော်လမ်းမှာပါ”

“ကျေးဇူးပါပဲ ဦးရယ်၊ ကျွန်တော်လည်း အားထားဆည်းကပ်ရာ လူကြီး သူကြီးတွေ တိုးပွားတာပေါ့”

ဖခင်ကြီးနှင့် ကိုမင်းဇော်တို့ ပြောနေကြသည့် စကားသံကို နားစွင့်ရင်း ဖွေးက စိတ်ဝင်စားသွားသည်။ သြော်...ကိုမင်းဇော်ရဲ့ဘဝက ဒီလိုပါလားဟု သိလာရသည်။

* * *

ကမ်းမမြင် လမ်းမမြင်ထဲက နံနက်ခင်းကမ္ဘာများစွာကို ကျော်ဖြတ်လာရသည့် ဖွေးစိတ်ထဲတွင် အိပ်မက်တစ်ခုသဖွယ် ခံစားရသည်။ ရေလယ်ခေါင်သောင်ထွန်း နေသော ကျောက်စွန်းကြီး တစ်ခုပေါ်တွင် ခက်ခက်ခဲခဲတည်ဆောက်ထားရသော မီးပြတိုက်ကြီးကို ဖွေး မော့ကြည့်နေမိသည်။

“မျက်နှာသစ်ဖို့ ရေသန့်သန့်လိုချင်ရင် ဒီကန်မှာရှိတယ်ခင်ဗျ”

နောက်ဘက်ဆီမှ အသံကြားရ၍ ရုတ်တရက် လှည့်ကြည့်လိုက်ရာ ကိုမင်းဇော်



သီဟရတနာစာပေ

http://www.cherrythitsar.org



ကို ဖွေး တွေ့ရလေသည်။

ကိုမင်းဇော်က စွပ်ကျယ်အင်္ကျီနှင့် ဘောင်းဘီရှည် ဖင်ပြာရောင်ကို ဝတ်ဆင်ထားရာ ယောက်ျားပီသကျစ်လျစ်သော ခန္ဓာကိုယ် အချိုးအဆက်ကို တွေ့ရလေသည်။ ကိုမင်းဇော်၏ မျက်နှာကျမှာ မြန်မာဆန်သော ပြေပြစ်မှုကို ဖွေး သတိပြုမိသည်။

ကိုမင်းဇော်က မီးပြတိုက်ကြီး၏ အောက်ဘက်တွင် သံတိုင်ကီကြီးများဖြင့် မိုးရေခံထားသည်ကို ဖွေးအား ခေါ်ပြသည်။

"မိုးတွင်းဘက် မိုးရွာတဲ့အခါ ဒီတိုင်ကီကြီးတွေနဲ့ ရေအပြည့်ခံထားတော့ ဆားငန်ရေဝိုင်းနေတဲ့ ဒီနေရာမှာ ကျွန်တော်တို့ဟာ ရေချိုမပြတ်ခဲ့ပါဘူး။ သောက်ရေ၊ မျက်နှာသစ်ဖို့၊ လျှော်ဖို့ဖွပ်ဖို့၊ ရေချိုးဖို့၊ ချက်ဖို့ပြုတ်ဖို့တော့ ထိန်းထိန်းသိမ်းသိမ်း သုံးစွဲကြရပါတယ်"

ဟုလည်း ကိုမင်းဇော်က ဖွေးကို ပြောပြနေသည်။

"တာဝန်ကျတဲ့လူတွေက မီးပြတိုက်ကြီးပေါ်ကို ဘယ်လိုတက်ရလဲဟင်"

ဟု ဖွေးက မေးတော့ ကိုမင်းဇော်က ပေ ၂၀၀ ခန့်မြင့်သော ကြိုးလှေကားကြီးကို ပြသည်။

"အမြင့်ကြီးတက်ရတာပေါ့နော်။ ဘယ်အထပ်အထိ တက်ကြရလဲ"

ဖွေးကမေးသည်။

"ဟို...အပေါ် ခြောက်ထပ်အထိပေါ့"

ဟု ကိုမင်းဇော်က လက်ညှိုးညွှန်၍ ပြောပြသည်။

"ရာသီဥတု တအားကြမ်းတဲ့ ဆိုးတဲ့အခါကျရင် အခု ကျွန်တော်တို့ ရပ်နေတဲ့နေရာအထိ လှိုင်းလုံးကြီးတွေ ပြေးတက်လာတတ်တော့ မီးပြတိုက်ကြီးပေါ်ကို ပြေးတက်ကြရတာပေါ့"

ကိုမင်းဇော်စကားကြောင့် ဖွေးက ထိတ်လန့်တုန်လှုပ်သွားသည်။

"ရာသီဥတုက အချိန်မရွေး ဖောက်ပြန်တတ်လား"

ဖွေးက စိုးရိမ်တကြီး မေးလိုက်သည်။

"ပင်လယ်ပြင်ရဲ့ ဖောက်ပြန်မှုဆိုတာက ကြိုတင်ခန့်မှန်းလို့ ရနိုင်တဲ့အခါလည်း ရှိတတ်ပါတယ်။ ဒါပေမယ့် အလစ်ဝင်တိုက်ခိုက်တတ်တာမျိုးလည်း ရှိတယ်။ စားသတိ၊ နေသတိ၊ အိပ်သတိ နေ့ရှိသရွေ့ ညရှိသရွေ့ သတိနဲ့နေရတာများတော့ ပင်လယ်ပြင်ကို ကျွန်တော်တို့ ဘယ်တော့မှ စိတ်မချတော့ဘူး။ မယုံတော့ဘူး။ ဩော်...စိတ်မချရ မယုံကြည်ရဘူးဆိုတဲ့စကား ပြောမိတော့မှ



သီဟရတနာစာပေ

http://www.cherrythitsar.org



ကိစ္စတစ်ခု သတိရတယ်။ ရော့…ဟောဒီ အဝတ်နဲ့ပတ်ထားတဲ့ သားရေအိတ်လေး ထဲမှာ ကျွန်တော် စုဆောင်းထားတဲ့ ပစ္စည်း(၄)ခုပါတယ်။ ဒီ(၄)ခုကို ခင်ဗျားတို့ မိန်းကလေးတွေ တစ်ယောက်တစ်ခုစီ လျှို့ဝှက်ပြီး သိမ်းဆည်း ဆောင်ထားကြပါ။ ဒီပစ္စည်းဆောင်ထားတယ်ဆိုတာကို ခင်ဗျားတို့ ၄ ယောက် ရယ်၊ ခင်ဗျားတို့ ဖေဖေနဲ့မေမေရယ်ကလွဲပြီး ဟောဒီမီးပြတိုက်မှာရှိတဲ့ ဘယ်သူ့ကိုမှ မရိပ်မိ မသိရှိပါစေနဲ့။ ကဲ…ဒီမှာ ကျွန်တော်နဲ့ ကြာကြာရပ်စကားပြောနေလို့ မသင့်တော်ဘူး။ သွားပေတော့”

ကိုမင်းဇော်၏ သတိပေးမှုကြောင့် ဖွေးက အုတ်ကြွပ်မိုး အဆောက်အအုံ ငယ်ထဲသို့ ပြန်ဝင်သွားခဲ့သည်။ ကိုမင်းဇော်က မီးပြတိုက်စတိုခန်းရှိရာသို့သွားကာ ဝါးတိုင်၊ ကြိုး၊ တာလပတ်စရသမျှကို ထုတ်ယူခဲ့သည်။ ထို့နောက် သံရေတိုင်ကီကြီး တစ်လုံးအေားတွင် ယာယီ ရေချိုးခန်းသဘောမျိုးကို တာလပတ်များ ကာရံ၍ အားချင်း ဖွဲ့စည်းတည်ဆောက်နေသည်။ နေရောင်မှာ ဖျော့တော့နေဆဲပင်ရှိသေး သည်။ တခြား မီးပြအလုပ်သမားများကား တစ်နေ့တာလုပ်ငန်းဆောင်တာ အရပ်ရပ်ကို နိစ္စဓူဝ လုပ်မြဲတမ်းအတိုင်း ဆောင်ရွက်လျက်ရှိသည်။ ဆောင်ရွက်နေ ကြသည်။ နေရောင်ဖျော့တော့နေသော်လည်း ပင်လယ်ပြင်၏ အရှေ့အရပ်မှ တိုက်ခတ်နေသောလေမှာ ခပ်စပ်စပ် တိုးဝင်လျက်ရှိသည်။ ကိုမင်းဇော်၏ ဆံပင် များမှာ ဖွာလန်ကျဲနေ၏။ သူသည် တက္ကသိုလ်ကျောင်းသားဘဝ မိဘရင်ခွင်တွင် နေခဲ့ရစဉ်က အသားအရေ ဖြူစင်ဝင်းမွတ်ခဲ့ဟန် တူသော်ငြား ယခုလို မီးပြတိုက်မှာ (၆)လကြာ အလုပ်ကြမ်းသမားဘဝဖြင့် လာရောက်နေရစဉ်ကာလ၌ ပင်လယ်၏ နေဒဏ်၊ ရေဒဏ်၊ မုန်တိုင်းဒဏ်ကြောင့် ဆံပင်များရော အသားအရေပါ နီကျင် ကျစ်လျစ်ကြမ်းတမ်းနေပေသည်။

“မောင်မင်းဇော်”

ဟူသည့်အသံကြားရ၍ လှည့်ကြည့်လိုက်ရာ ဦးခေါင်းတွင် သိုးမွေးခေါင်းစွပ် ဆောင်းထားပြီး လည်ပင်းတွင် မာဖလာနှင့် ကုတ်အင်္ကျီထူထူကို ဝတ်ဆင်ထား သော ဦးအောင်ကြီးကို တွေ့လိုက်ရပေသည်။

“နေကောင်းပြီမဟုတ်လား ဦးလေး”

“သက်သာသွားပါပြီကွာ၊ မင်း ဘာတွေလုပ်နေတာလဲ”

“အမျိုးသမီးတွေ လုံလုံခြုံခြုံရေချိုးဖို့နေရာလေး ယာယီဆောက်ပေးနေတာပါ ဦးလေး”

“ကျေးဇူးပါပဲကွာ၊ ဩော်…ဒါနဲ့ မောင်မင်းဇော်ကို ဦးလေး မေးစရာရှိတယ်”



သီဟရတနာစာပေ

http://www.cherrythitsar.org



"ဘာများပါလိမ့် ဦးလေး"

"စောစောက သမီးကြီးဖြစ်တဲ့ ဖွေးက ဦးလေးနဲ့ မင်းအဒေါ်ကို တိုးတိုး သက်သာ အကျိုးအကြောင်းလာပြောပြရင်း သမီးလတ် မူရယ် သမီးငယ် အေးရယ် အိမ်ဖော်မလေး သက်သက်တို့အတွက်ပါ မင်းပေးလိုက်တဲ့ ဓားမြှောင် (၄)လက်ကို လျှို့ဝှက်ပြီးပေးတာ တွေ့ရတယ်။ ဘယ်လိုအကြောင်းများပါလိမ့် မောင်မင်းဇော်"

"ကျွန်တော် ညဆို ကောင်းကောင်းအိပ်လို့မပျော်ဘူး ဦးလေး။ စိုးရိမ်စိတ်နဲ့ပေါ့ဗျာ။ တကယ်တော့ ဒီနေရာဟာ ကျွန်တော်အပါအဝင် ယောကျ်ား (၁၂) ယောက် (၆)လနေထိုင်ပြီး အလုပ်လုပ်ဖို့ နယ်ချဲ့ကိုလိုနီ အင်္ဂလိပ်အစိုးရက သတ်မှတ်ထားတဲ့နေရာတစ်ခုပဲ။ ကျွန်တော်တို့ အလုပ်သမား ၁၂ ယောက်ထဲမှာ လူပျိုလူလွတ်တွေပါသလို အိမ်ထောင်သည်တွေလည်း ပါကြတယ်။ ယောကျ်ားသားတွေသဘာဝ သွေးနဲ့ကိုယ် သားနဲ့ကိုယ်ဆိုတော့ မိန်းမဆိုလို့ တစ်ယောက် တစ်လေမှ လာခွင့် တွေ့ခွင့်မရတဲ့ အခုလို ပင်လယ်ကြီးထဲက လူသူမနီးတဲ့ မီးပြတိုက်ကြီးမှာ အနေကြာလာတဲ့အခါ တောင်စဉ်းစား မြောက်စဉ်းစားနဲ့ စိတ်ကစားမိတတ်ကြတဲ့ သဘောသဘာဝ ကိုယ်စီကိုယ်င ရှိကြမှာပါ။ ဆာလောင်မွတ်သိပ်မှုမှာ ကိလေသာဟာအပူလောင်ဆုံး စိတ်တစ်မျိုးပါပဲဦးလေး။ အခုလို ဦးလေးတို့မိသားစုဟာ စစ်ပြေးဒုက္ခသည်ဘဝနဲ့ လှေပျက်ပြီး သမီးပျိုလေးတွေနဲ့ ဒီနေရာကို ရောက်လာတော့ အကြောက်တရားနဲ့ စိတ်ကို ထိန်းသိမ်းနိုင်တဲ့လူ ရှိချင်လည်းရှိမယ်။ ဖြစ်ချင်ရာဖြစ်ဆိုပြီး စိတ်ရိုင်းဝင်မယ့်လူစားမျိုးလည်း ရှိလာနိုင်တယ်။ တကယ်တော့ ဟိုတစ်ခေါက် ရိက္ခာပို့သင်္ဘောကြီးလာကတည်းက အင်္ဂလိပ်အာဏာပိုင်တွေက ရေဒီယိုပြုပြင်စစ်ဆေးပေးစရာရှိလို့ဆိုပြီး ဒုတိယကမ္ဘာစစ်ရဲ့ စစ်သတင်းတွေနဲ့ အဆက်အသွယ် ပြတ်တောက်သွားအောင် ကျွန်တော်တို့ဆီက ရေဒီယိုစက်လေးတစ်လုံးကို ပြန်ယူသွားကြတာ ကျွန်တော်တို့ မရိပ်မိခဲ့ကြဘူး။ အခုလို ဦးလေးတို့မိသားစု လှေပျက်ပြီး ရောက်လာတော့မှ ၁၉၄၁ ခု ဒီဇင်ဘာလ ပထမပတ်ထဲမှာ ဂျပန်ဟာ စစ်ကြေညာပြီး အမေရိကန်စစ်သင်္ဘောတွေရှိတဲ့ ပုလဲဆိပ်ကမ်းကို ဗုံးကြဲခဲ့တာ သိလိုက်ရသလို ရန်ကုန်နဲ့ တခြားမြို့ကြီးတွေဟာလည်း ဂျပန်စစ်လေယာဉ်တွေရဲ့ ဗုံးကြဲတဲ့ဒဏ်ကြောင့် စစ်တလင်းဖြစ်နေပြီဆိုတာ သိရတဲ့အပြင် ရန်ကုန်ဟာ အုပ်ချုပ်ရေးယန္တရားပျက်နေပြီဆိုတာ ကြက်သီးမွေးညင်းထစရာ ကျွန်တော်တို့အားလုံး ကြားလိုက်ကြရတယ်။

ဒီအတွက် အကျိုးဆက်ဟာ ဘာဖြစ်လာသလဲဆိုတော့ အချိန်မှန်ရောက်လာ



သီဟရတနာစာပေ

http://www.cherrythitsar.org



နေကျ ရိက္ခာပို့သင်္ဘောဟာ မီးပြတိုက်ကို သတ်မှတ်ရက်မှာ ရောက်မလာသေးတဲ့ ကိစ္စပဲ။ ဒီသင်္ဘောရောက်လာမှ ကျွန်တော်တို့ ၁၂ ယောက်ဟာ နောက် ၆ လ အလုပ်ဝင်မယ့် အလုပ်သမားတွေနဲ့ လူချင်းလဲလှယ်ပြီးပြန်ခွင့်ရကြမယ်။ ဒီအတွက် ဒီမှာရှိတဲ့ အလုပ်သမားတွေဟာ စိတ်ဓာတ်ယိမ်းယိုင်စပြုနေကြတယ်။ အုပ်ချုပ်ရေး ယန္တရား မတည်မငြိမ်ဖြစ်နေပြီမို့ သူတို့ဟာ ဒီပင်လယ်ကြီးထဲမှာပဲ သက်ဆိုင်ရာရဲ့ လျစ်လျူရှု ဥပေက္ခာပြုမှုကို ခံလိုက်ကြရပြီလားဆိုတဲ့ အတွေးလည်း ဝင်တဲ့သူမှာ ဝင်နေပြီ။ ရှိတဲ့ရိက္ခာကုန်သွားရင် ဘာဆက်လုပ်ကြမလဲဆိုတာလည်း တွေးတဲ့သူ က တွေးနေတယ်။ အုပ်ချုပ်မှုယန္တရား မတည်မငြိမ်ဖြစ်နေတာကို အခွင့်ကောင်း ယူပြီး ဖြစ်ချင်ရာဖြစ်ဆိုတဲ့ အောက်တန်းကျတဲ့စိတ်နဲ့ ဒုက္ခသည်မိန်းကလေးတွေကို စော်ကားမော်ကား လုပ်လာခဲ့ကြရင် မြန်မာအမျိုးသမီးလေးတွေဟာ အသက်နဲ့ အရှက်ကို အရဲစွန့်၊ ဉာဏ်ပညာသုံးပြီး ကာကွယ်နိုင်ကြဖို့အတွက် ကျွန်တော် လျှို့ဝှက်စုဆောင်းထားတဲ့ လက်နက်ကလေးတွေကို စေတနာနဲ့ ပေးလိုက်တာပါ ဦးလေး။ ဒါကို သူတို့ သဘောပေါက် နားလည်အောင် ဦးလေးက တိတ်တစ်ဆိတ် ရှင်းပြပေးဖို့ ကျွန်တော် ပန်ကြားပါရစေ။ ကိုမင်းဇော်၏ သတိပေးစကားကြောင့် ဦးအောင်ကြီးမှာ သမီးပျိုလေးများအတွက် ရုတ်တရက် စိတ်ဂယက်ထ သောက ဖြစ်ရပြန်သည်။ မျက်နှာပြင်သည်ပင်လျှင် ရုတ်တရက် သွေးဆုတ်ဖြူလျော်သွား၏။

"ကျွန်တော်ဟာ တစ်ဦးတည်းသော သားယောကျ်ားလေးပါ ဦးလေး။ နှမ သားချင်း မရှိခဲ့ပါဘူး။ ဒါပေမယ့် အရေးကြုံလာရင် ဒီမိန်းကလေးတွေအတွက် ကျွန်တော် အတတ်နိုင်ဆုံး ကာကွယ်စောင့်ရှောက်သွားမှာပါ။ အားမတန်တဲ့အဆုံး ကျမှာသာ ကျွန်တော် လက်လျှော့မှာပါ။ ဦးလေးရေ...ပင်လယ်ကြီးရဲ့ မုန်တိုင်းဟာ ကြောက်စရာကောင်းတယ်။ ဒီ့ထက်ပိုပြီး ကြောက်စရာကောင်းတာက လူတွေရဲ့ စိတ်မုန်တိုင်းကြီးတွေပဲ"

"မောင်မင်းဇော်...မင်း အမြော်အမြင်ကြီးပါပေတယ်။ ကျေးဇူးကြီးပါပေတယ် ကွာ။ မင်းကျေးဇူးကို ဦးလေး တစ်သက်မမေ့ပါဘူး။ မင်းတို့လိုပဲ ရိက္ခာပတ် သင်္ဘောကြီးအလာကို စောင့်မျှော်နေကြတဲ့ တခြား မီးပြတိုက်အလုပ်သမားတွေ ဘယ်နေရာတွေမှာ ရှိနေကြသေးလဲ"

"ရခိုင်ကမ်းရိုးတန်းက မာန်အောင်ကျွန်းမီးပြတိုက်ရှိပါတယ်။ သူ့ကို ဘောကွန် မီးပြတိုက်လို့ ခေါ်ပါတယ်။ ပြီးတော့ ရခိုင်ကမ်းရိုးတန်း ပင်လယ်ပြင်မှာပဲ အွိုင်စတာလို့ခေါ်တဲ့ မေယုမီးပြတိုက်ကြီးက အလုပ်သမားတွေလည်း ရိက္ခာပတ်

http://www.cherrythitsar.org



သင်္ဘောကြီးအလာကို လည်ပင်းဆန့်မျှော် နေကြမှာပါ။ စစ်တွေမီးပြကတော့ မြို့နဲ့တစ်ဆက်တည်းဆိုတော့ သိပ်မစိုးရိမ်ရဘူး။ အရေးအကြောင်းရှိရင် ဆက်သွယ်သွားလာလို့ လွယ်တယ်လေ။ ကိုကိုးကျွန်းနားက စားပွဲကျွန်းမီးပြမှာလည်း ကျွန်တော်တို့လို အလုပ်သမားတွေ ရှိနေကြတယ်။ မော်လမြိုင်ဘက်မှာတော့ ကျိုက္ကမိမီးပြမှာ အလုပ်သမားတွေရှိသလို ကျွန်းညီနောင်မှာလည်း ရှိပါတယ်။ ထားဝယ်ဘက်မှာကျတော့ ထားဝယ်မီးပြတိုက်ရှိပါတယ်။ မီးပြတိုက်မဟုတ်ဘဲနဲ့ ပင်လယ်ထဲမှာ မောင်းပြေးလို့မရအောင် စက်တွေတပ်မပေးထားဘဲ ကျောက်ချပြီး မီးပြအလုပ်ကို လုပ်နေကြတဲ့ ဒဂုံ၊ သူရိယဆိုတဲ့ မီးပြသင်္ဘောလေးတွေလည်း ရှိပါတယ်။ အလုပ်သမားတွေနေရတဲ့ မီးပြယာဉ်လို့ခေါ်တာပေါ့ ဦးလေးရယ်”

တူဝရီးနှစ်ယောက် စကားကောင်းနေကြဆဲတွင် ဦးအောင်ကြီး၏ဇနီး ဒေါ်ပိုက်မိနှင့် သမီးကြီးဖွေးတို့ ရောက်လာကြသည်။

“သမီးတို့ မိန်းကလေးတွေ လုံလုံခြုံခြုံ ရေချိုးနိုင်အောင်လို့ မောင်မင်းဇော်က ယာယီတာလပတ်အကာလေးတွေ လုပ်ပေးနေတာလေ”

ဟု ဦးအောင်ကြီးက သမီးကြီးဖြစ်သူ ဖွေးကို ခပ်တိုးတိုးပြောပြပြီး

“တော်ကြာကျမှ မင်းတို့သားအမိတွေကို မောင်မင်းဇော်ပြောပြထားတဲ့ အရေးကြီးကိစ္စလေးတွေ သတိပေးရဦးမယ်။ လူရှင်းတဲ့အခါ ပြောပြမယ်လေ”

ဟု ပြောနေသည်။

“တပိုတပါးသွားရတာ အဆင်ပြေကြတယ်မဟုတ်လားဒေါ်ဒေါ်...ကျွန်တော်တို့ အလုပ်သမားတွေ အသုံးပြုနေကြတဲ့ အိမ်သာကတော့ သန့်ရှင်းပါတယ်”

ဟု ကိုမင်းဇော်က ဒေါ်ပိုက်မိကို မေးလိုက်သည်။

“အဆင်ပြေပါတယ် သားရယ်။ အဒေါ်ဖြင့် ဒီနေရာရောက်လာတာ ကံစီမံရာ နာခံရတယ်လို့ပဲ နှလုံးသွင်းမိပါတယ်။ ရောက်ရာဘဝမှာ အဆင်ပြေအောင်တော့ တထိတ်ထိတ်နဲ့ နေရတော့မှာပေါ့”

“ဒုတိယကမ္ဘာစစ်ကြီး ဖြစ်နေတယ်ဆိုလို့ပါ ဒေါ်ဒေါ်ရယ်၊ အုပ်ချုပ်ရေးယန္တရား ပုံမှန်ကောင်းမွန်နေတဲ့အချိန်ကာလမျိုးသာဆိုရင် ရိက္ခာသင်္ဘောကြီး ရောက်လာတာနဲ့ ဒေါ်ဒေါ်တို့မိသားစုကို အနီးစပ်ဆုံး ဆိပ်ကမ်းမြို့၊ ဒါမှမဟုတ် ရွာတစ်ရွာကို အမြန်ဆုံး ပို့ပေးမှာပါ။ အခုလည်း ဦးလေးနဲ့ ကျွန်တော် ဒီကိစ္စ ပြောနေကြတာပါ။ ဘယ်အချိန်ဘယ်ကာလမှာမဆို ဒီပင်လယ်နဲ့ ဒီမီးပြတိုက်တွေကတော့ မရှိမဖြစ် ရှိနေကြရဦးမှာပါ။ လေယာဉ်ပေါ်က ဗုံးကြဲချလို့ မီးပြတိုက်တွေ မီးပြလှေတွေ ပျက်စီးသွားပါစေဦး၊ စစ်ကြီးပြီးလို့ တက်လာတဲ့အစိုးရက ပြန်တည်

http://www.cherrythitsar.org



ဆောက်ရမှာပဲ။ အစဉ်အဆက် ပင်လယ်ထဲမှာ မရှိရင်မဖြစ်တဲ့ မီးပြတိုက်တွေ မဟုတ်လား။ မီးပြတိုက်မရှိရင် ကမ္ဘာပတ်နေတဲ့ သင်္ဘောကြီးတွေဟာ ကျောက်ဆောင်တွေနဲ့ ဝင်တိုက်ကုန်ကြမှာပေါ့။ သောင်တွေတင်ပြီး ပျက်စီးကုန်ကြမှာပေါ့။ ပြီးတော့ ဘယ်မြို့ဘယ်ရွာ ဘယ်ဇရိယာနားရောက်နေတယ်ဆိုတာလည်း ခန့်မှန်းရ သွားရလာရ ဝင်ရထွက်ရ ခက်ခဲကုန်ကြမှာပေါ့"

ဟု ကိုမင်းဇော်က ပြောပြနေဆဲမှာပင် မီးပြအလုပ်သမား ဘာဘူလေးဆိုသူ ရောက်လာပြီး ဝမ်းသာအားရဖြင့်...

"ဟော့..ကိုမင်းဇော် ဟိုမှာကြည့်စမ်း"

ဟု လက်ညှိုးညွှန်ပြလိုက်လေသည်။

ပင်လယ်ပြင်၏ မိုးကုပ်စက်ဝိုင်းတစ်နေရာတွင် အမည်းစက်တစ်ခု။ ထိုအမည်းစက်က တစ်စထက်တစ်စ မီးပြတိုက်ကြီးရှိရာဘက်သို့ ဦးတည်၍ ရွေ့လျားလာနေသည်။

"ဟော့...သေချာပြီကွ။ ရိက္ခာပို့သင်္ဘောကြီးဟော့..."

မီးပြတိုက်ပေါ်မှ မှန်ပြောင်းနှင့်ကြည့်နေသော အဒါးဘိုင်၏ အာလုတ်သံကြီးက ပင်လယ်တစ်ဝိုက်မှာ ဟိန်းသွားသည်။ အကုန်လုံး တက်ကြွပျော်ရွှင်နေကြသည်။ ကလေးတစ်ယောက်လို ထ,ကသည့်အလုပ်သမားတွေလည်း ရှိသည်။ တဖြည်းဖြည်းနှင့် ရိက္ခာပို့သင်္ဘောကြီး၏ ပုံသဏ္ဌာန်က ပီပြင်လာသည်။

မီးပြတိုက်ကြီးနှင့် ၃ မိုင်သာသာခန့်အကွာ ကျောက်ဆွယ်ကျောက်တန်းများ ကင်းလွတ်ရာတွင် သင်္ဘောကြီးက ကျောက်ချရပ်နားလိုက်သည်။

"ဝမ်းသာလိုက်တာ ဦးလေးရယ်"

ကိုမင်းဇော်က ဦးအောင်ကြီး၏ လက်နှစ်ဖက်ကို တင်းကျပ်စွာ ဆုပ်ကိုင်လိုက်မိလေသည်။

* * *

မီးပြတိုက်စောင့် အလုပ်သမားများ၏ အကြီးအကြပ်ဖြစ်သူ အဒါးဘိုင်က ရိက္ခာပို့သင်္ဘောကြီးကို မှန်ပြောင်းဖြင့် လှမ်းကြည့်နေသည်။

သင်္ဘောကြီးမှာ မီးပြတိုက်ရှိရာ ကျောက်ဆောင်ကျောက်တန်းကြီးနှင့် အကွာအဝေး ၂ မိုင်ခွဲခန့် ရေစီးရေလာကောင်းမွန်ရာတွင် ကျောက်ချရပ်နားနေသည်။ ခဏမျှအကြာတွင် မီးပြတိုက်ရှိရာသို့ ရိက္ခာပို့လှေကလေးတစ်စီး မောင်းနှင်လာ

http://www.cherrythitsar.org



သည်ကို တွေ့ရသည်။ Dinghy (ဒင်ဂီ)အမျိုးအစား အသက်ကယ်လှေဖြစ်သည်။ လှေပေါ်တွင် ပစ္စည်းများနှင့် လူအချို့ ပါလာကြသည်။ လှေက ကျောက်ဆောင် လွတ်ကင်းရာ သဲပြင်မှမှတစ်နေရာတွင် ဦးထိုးရပ်တန့်လိုက်သည်။ မီးပြတိုက် အလုပ်သမားများက ဝမ်းသာအားရ ပြေးဆင်း၍ ကြိုကြသည်။

အလုပ်သမားအနေနှင့် နောက်ထပ် (၆)လအတွက် လဲလှယ်ရမည့်သူ တစ်ယောက်မှ ပါမလာကြခြင်းက စိတ်ဝင်စားစရာ ဖြစ်နေသည်။

ရိုက္ခာပို့သင်္ဘောကြီး၏ ဦးစီးပဲ့ကိုင်ဖြစ်သူ မစ္စတာအင်ဒရူးမော်ဂန်မှာ ဖခင် အင်္ဂလိပ်၊ မိခင်ကိုရီးယား ကပြားဖြစ်သည်။ ထိုစဉ်က သူသည် ဗြိတိသျှဆိပ်ကမ်း အာဏာပိုင်များ၏ ခန့်ထားချက်အရ မြန်မာ့ပင်လယ်ကမ်းရိုးတန်းအတွက် လာရောက်အလုပ်လုပ်နေသူ ဖြစ်သည်။

သူက စိတ်မကောင်းသောမျက်နှာအနေအထားဖြင့်

"ရန်ကုန်မြို့ကြီးဟာ ဂျပန်စစ်လေယာဉ်ပျံတွေ ဗုံးကြဲလို့ မွစာကျဲနေပြီ။ ကျွန်တော်တို့ရဲ့ အထက်အရာရှိတချို့လည်း စစ်ပြေးဘဝနဲ့ အိန္ဒိယဘက်ကို ဆုတ်ခွာနေကြပြီ။ ဒီတော့ အခု ကျွန်တော်မောင်းလာတဲ့ ရိုက္ခာပို့သင်္ဘောကြီးရဲ့ ခရီးစဉ်ဟာ နောက်ဆုံးအခေါက်လို့တောင်မှ ပြောရမလို ဖြစ်နေပါတယ်။ အုပ်ချုပ်ရေးက ပျက်ပြားနေပြီကိုး။ အိန္ဒိယအလုပ်သမားတွေကလည်း သားတကွဲ မယားတကွဲနဲ့ ပင်လယ်ထဲမှာလာပြီး စစ်ကြီးဘယ်တော့ပြီးမယ်ဆိုတာ မသိသေးဘဲနဲ့ မီးပြတိုက်စောင့်တဲ့အလုပ် လာမလုပ်ချင်ကြတော့ဘူး။ သူတို့လည်း ကစဉ့်ကလျား ဖြစ်နေကြတယ်။ အဲဒီတော့ ခင်ဗျားတို့အနေနဲ့ ဒီမီးပြတိုက်ကြီးကနေ အိမ်ပြန်ဖို့ အလှည့်ကျနေပြီဆိုတော့ သင်္ဘောနဲ့ပြန်လိုက်ဖို့ အသင့်ပြင်ကြပါ"

မစ္စတာအင်ဒရူးမော်ဂန်၏ စကားကြောင့် မီးပြအလုပ်သမားခေါင်း အဒါးဘိုင်က ဝမ်းနည်းကြေကွဲစွာဖြင့်–

"ဒါဆိုရင် ပင်လယ်ထဲက မီးပြတိုက်တွေမှာ အစောင့်တွေ မရှိကြတော့ဘူး ပေါ့"

ဟု မေးလိုက်သည်။ အလုပ်သမားများထဲမှ မာမက်ရှဖစ်က ရတ်တရက် ဝင်၍ အိန္ဒိယဘာသာစကားဖြင့်...

"ကာလပျက်နေပြီဗျ။ မနက်ဖြန် ဘာဖြစ်မယ်ဆိုတာ မသေချာတော့တဲ့ အချိန်မှာ ဘယ်သူက အမိုက်ခံပြီး ပင်လယ်ကြီးထဲမှာ အသေခံကြမှာတဲ့လဲ"

ဟု ပြောလိုက်သည်။

"မီးပြတိုက်ရဲ့ အလင်းရောင်မရှိရင် ပင်လယ်ကြီးထဲမှာ သင်္ဘောတွေဟာ

http://www.cherrythitsar.org



ဆင်ကန်းတောတိုးနဲ့ ဒုက္ခတွေရောက်ကုန်ကြတော့မှာပေါ့"

အဒါးဘိုင်က အသံတွေတုန်ယင်ပြီး ပြောလိုက်သည်။

"ဒါက ဆရာ့ကိစ္စမဟုတ်တော့ပါဘူး အဒါးဘိုင်၊ ရန်ကုန်က အရာရှိကြီးတွေ တောင်မှ စစ်ဘေးဒဏ်ကြောင့် ပင်လယ်ထဲက မီးပြတိုက်တွေ၊ မီးပြလှေတွေနဲ့ မီးပြ အလုပ်သမားတွေရဲ့ အခြေအနေကို ထည့်မစဉ်းစားကြတော့ဘဲ အိန္ဒိယဘက်ကို ဆုတ်ပြေးနေကြပြီမဟုတ်လား"

ဘာဘူလေးက ဝင်၍ပြောလိုက်သည်။

"မင်းတို့အားလုံးပြောတာ မှန်ပါတယ်။ မင်းတို့က မိဘသားမယား ညီအစ်ကို မောင်နှမတွေ ဘာဖြစ်နေကြတယ်ဆိုတာ သိချင်တော့ ရန်ကုန်မြန်မြန်ပြန်ရောက် ချင်ကြမှာပဲ။ ငါလည်း ပြန်ချင်တာပေါ့။ ငါ့မိန်းမတွေ သားသမီးတွေက ကန်တော် ကလေးမှာ နေကြတာကိုး။ ငါလည်း သူတို့အတွက် ပူပင်တာပေါ့။ ဒါပေမယ့် မီးပြတိုက်စောင့်သမားအလုပ်နဲ့ ငါ လစာယူပြီး ထမင်းစားလာတာ နည်းတဲ့နှစ် မဟုတ်တော့ဘူး။ ငါက မင်းတို့အားလုံးရဲ့ အလုပ်သမားခေါင်းကြီးဖြစ်တယ်။ ဒါကြီးကို ငါတို့အားလုံး ပင်လယ်ထဲမှာ ပစ်ထားခဲ့ရင်၊ ဖြစ်ချင်ရာဖြစ်ဆိုပြီး ပစ်ထားခဲ့ရင် ငါတို့ကို ထမင်းကျွေးခဲ့တဲ့ ထမင်းရှင်ကြီးကို ပစ်ထားခဲ့သလို ဖြစ်နေမှာပေါ့"

အဒါးဘိုင်စကားကြောင့် အားလုံး ငိုင်ကျသွားသည်။

"ဟာ…ဒါကတော့ ကျုပ်တို့ တစ်နေရာတည်းကွက်ပြီး စွန့်ခွာကြတာမှ မဟုတ်ဘဲ။ တခြားမီးပြတိုက်တွေမှာလည်း ကိုယ့်သားမယားဆီကို ပြန်မယ့် သူတွေ စောင့်နေကြမှာပဲ။ ကဲ…ခင်ဗျားကိုမေးမယ်။ တကယ်လို့သာ ဟော့ဒီ မီးပြတိုက်ကြီးပေါ်ကို ဂျပန်စစ်လေယာဉ်ရဲ့ ဗုံးတွေ တည့်တည့်ကျလာတော့မယ် ဆိုရင် ခင်ဗျား ဘယ်လိုလုပ်မလဲ။ ကျုပ်တို့တော့ ပြန်ဖို့ပြင်ဆင်တော့မယ်ဗျာ"

မာမက်ရှရစ်ဖ်က ပြောပြောဆိုဆိုဖြင့် သူ့အထုပ်ကလေးသူပွေ့ပြီး အသက် ကယ်လှေပေါ်သို့ တက်သွားတာမြင်နေကြရသည်။ ကုလားလေး ရာဂျူးတစ်ယောက် သာလျှင် ကျောက်ဆောင်တစ်ခု၏ အရိပ်တွင် ခပ်ငိုင်ငိုင် သွားထိုင်နေပြီး တခြား အလုပ်သမားတချို့ပါ အသက်ကယ်လှေပေါ် ရောက်သွားသည်ကို မြင်နေကြရ သည်။

ကိုမင်းဇော်က ရာဂျူးအနီးသို့ လျှောက်သွားသည်။ ရာဂျူး၏ ဆံပင်များမှာ ပင်လယ်လေအဟုန်တွင် လွင့်ဝဲနေသည်ကို တွေ့ရ၏။ ရာဂျူး၏ အသားမှာ ပင်လယ်လေဒဏ်ကြောင့် မည်းရသည့်အထဲတွင် ပြာနှမ်းနှမ်း ကြမ်းကြမ်းကြီး

http://www.cherrythitsar.org



ဖြစ်နေပေသည်။

"အထုပ်အပိုးပြင်ဆင်တော့လေ ရာဂျူး၊ ဟိုမှာ သူများတွေ ပြန်ကြတော့မယ်"

ကိုမင်းဇော်က ရာဂျူးကို ပြောလိုက်သည်။

ရာဂျူးက ခေါင်းခါပြရင်း...

"အဒါးဘိုင်နဲ့ ကျွန်တော်နဲ့ ဘာမှသွေးသားတော်စပ်ကြတာ မဟုတ်ပါဘူး။ ဒါပေမယ့် သူက ကျွန်တော်တို့နဲ့ အလုပ်တွေအများကြီးလုပ်ခဲ့ပြီး သူ့အသက်အရွယ်ကြီးနဲ့ ကျွန်တော်တို့ လူငယ်တွေကြားမှာ ရာသီဥတုကြမ်းတာကို ခံနိုင်ရည်ရှိခဲ့တယ်။ ပြီးတော့ ကျွန်တော်တို့နဲ့ ခင်ခင်မင်မင် ဝိုင်းလုပ်ဝိုင်းစား နေခဲ့တဲ့ အလုပ်ကြပ်တစ်ယောက် ဖြစ်နေတယ်။ အခု သူ့အခြေအနေကို ကျွန်တော် လှမ်းကြည့်နေတယ်။ သူတစ်ယောက်တည်း ဒီမီးပြတိုက်ကြီးမှာ နေရစ်ခဲ့မယ်ဆိုတော့ ကျွန်တော်လည်း သူနဲ့အတူ နေရစ်ခဲ့မယ်။ ပင်လယ်ကြီးထဲမှာ သူ့တစ်ယောက်တည်း ထားပစ်ခဲ့ရင် ကျွန်တော်ဟာ ခွေးလောက်တောင် နားလည်တဲ့ ကောင် ဟုတ်တော့မှာ မဟုတ်ဘူး"

ဟု ပြောသည်။ ရာဂျူးစကားက အတော်တာသွားသည်။ ထိမိသည်။ ကိုမင်းဇော်ရင်ထဲမှာပင် တုန်ခါသွားစေသည်။ ရာဂျူးစကား၊ အဒါးဘိုင်စကားတွေကို သူ ပြန်စဉ်းစားနေသည်။

မြန်မာ့ပင်လယ်ပြင်ထဲက အရေးပါသော မီးပြတိုက်ကြီးတစ်ခုကို အဒါးဘိုင်တို့လို ရာဂျူးတို့လို တိုင်းရင်းသားမဟုတ်သူတွေကပင် တာဝန်ဝတ္တရားလေးစားစိတ်ထားတတ်နေသေးလျှင် သူ့လို မြန်မာတိုင်းရင်းသား ခေတ်ပညာတတ် လူငယ်တစ်ယောက်က ဘာမှ တွေဝေစွန့်ခွာသွားစရာ အကြောင်းမရှိဟူသည့်စိတ်က သူ့ဦးနှောက်ထဲသို့ ဖျတ်ခနဲ ဝင်လာသည်။

သူက ရာဂျူး၏ ပခုံးတစ်ဖက်ကို ဆုပ်ကိုင်လိုက်သည်။

"အဒါးဘိုင်နဲ့မင်း မပြန်ရင် ငါလည်း နေရစ်ခဲ့မယ်ရာဂျူး"

ကိုမင်းဇော်၏အသံကြောင့် ရာဂျူး၏မျက်နှာတွင် အားတက်သော အရိပ်အရောင်များ ယှက်ဖြာသွားသည်။ ဘာဘူလေးပါ စိတ်ပြောင်းသွားပြီး သူလည်း နေရစ်မည်ဟု ဆိုပြန်၏။ ရာဂျူးက ဝမ်းသာအားရ ထိုင်ရာမှ ထ၍ အဒါးဘိုင်ကို အကျိုးအကြောင်း သွားပြောပြနေသည်။ ထိုစကားကို အဒါးဘိုင်သာမက ရိက္ခာပို့သင်္ဘောကြီးမှ ပဲ့နင်းကြီး အင်ဒရူးမော်ဂန်ပါ ကြားသွားပြီး ဘာဘူလေး၊ ကိုမင်းဇော်နှင့် ရာဂျူးကို လက်ဆွဲနှုတ်ဆက်နေသည်။

http://www.cherrythitsar.org



"ဘာဘူလေးရယ်၊ ရာဂျူးရယ်၊ ငါရယ်၊ ကိုမင်းဇော်ရယ် နေရစ်ခဲ့ကြမယ်။ မင်းတို့ပြန်နိုင်ပါတယ်။ ဒါပေမယ့် ငါတို့အတွက် ရိက္ခာနဲ့ဆေးဝါးပစ္စည်းတွေတော့ သယ်ပြီး နေရာချထားပေးခဲ့ကြပါဦးကွာ"

ဟု အဒါးဘိုင်က ရှရစ်ဖ်တို့လူစုကို လှမ်းအော်ပြောလိုက်ရာ သူတို့အားလုံး ဝမ်းသာအားရပင် ဒင်ဂီလှေငယ်ထဲမှ ရိက္ခာပစ္စည်း ဆေးဝါးပစ္စည်းများကို မီးပြတိုက် စတိုခန်းသို့ ထမ်းယူ နေရာချထားပေးကြလေသည်။

အဒါးဘိုင်က မစ္စတာအင်ဒရူးမော်ဂန်အား စက်လှေပျက်၍ ဒုက္ခရောက်လာကြသော ဦးအောင်ကြီးတို့မိသားစုနှင့် မိတ်ဆက်ပေးသည်။

"သူတို့က ချောင်းဝရွာကို စစ်ပြေးဖို့ ရောက်လာကြတဲ့ ဒုက္ခသည်တွေပါ။ သူတို့ကို ဟိုင်းကြီးကျွန်းက ကူးတို့လှေဆိပ်အထိ ပို့ပေးမယ်ဆိုရင် ကျေးဇူးပါပဲ မစ္စတာမော်ဂန်"

ကိုမင်းဇော်က ပဲ့နင်းကြီးထံ သေသေချာချာ အပ်နှံနေသည်။ ဦးအောင်ကြီးတို့မိသားစုအား မစ္စတာမော်ဂန်က ဂရုတစိုက် ခေါ်ဆောင်သွားပေးမည်ဖြစ်ကြောင်း ပြောပြ၍ ဝမ်းသာရသည်။

"ဘာဘူလေး၊ အဒါးဘိုင်၊ ရာဂျူးနဲ့ မောင်မင်းဇော်တို့ကို ဦးလေးစိတ်ထဲမှာ မှတ်တမ်းတင်ပါတယ်ကွာ။ ဦးလေးတို့မိသားစုအားလုံးကို စောင့်ရှောက်ခဲ့တဲ့ မင်းတို့ မီးပြအလုပ်သမားအားလုံးကိုလည်း ဦးလေး ကျေးဇူးတင်ပါတယ်။ လေးလည်းလေးစားပါတယ်။ မောင်မင်းဇော်ရေ…ဦးလေးတို့ မြန်မာစကားမှာ ကံကြုံရင် ပြန်ဆုံကြမယ်ဆိုတဲ့စကားရှိတယ်နော်။ မြန်မာတစ်နိုင်ငံလုံး စစ်ဘေး စစ်ဒဏ်က ကင်းဝေးတဲ့အခါကျရင် မင်းတို့အားလုံးနဲ့ ဦးလေးတို့မိသားစု ကံကြုံတဲ့အခါ ပြန်ဆုံခွင့်ရချင်ပါသေးတယ်"

ဦးအောင်ကြီးက သူ့နှလုံးသားထဲမှ စိတ်ရင်းအမှန်ကို ဖွင့်ဟပြောပြနေသည်။

ကိုမင်းဇော်က ဦးအောင်ကြီးနှင့် ဒေါ်ပိုက်မိကို ရိုသေစွာ ထိုင်ကန်တော့လိုက်သည်။

"ရန်ကုန်က ဖေဖေနဲ့မေမေတို့တော့ ဘယ်လိုကံကြမ္မာတွေနဲ့ ကြုံရဆုံနေရပြီလဲဆိုတာ မခန့်မှန်းနိုင်တော့ပါဘူးခင်ဗျာ"

ကိုမင်းဇော်စကားကြောင့် ဒေါ်ပိုက်မိသာမက မိန်းမသားများဖြစ်ကြသော ဖွေးတို့ညီအစ်မတစ်စုပါ မျက်ရည်တွေ ရစ်ဝဲကျဆင်းလာပေသည်။

"ကဲ…ရေတက်စ,ပြုပါပြီ။ ကျွန်တော်တို့သင်္ဘောကြီး ကျောက်နုတ်ပြီး ခရီးဆက်စရာရှိပါသေးတယ်။ လှေပေါ်ကိုတက်ကြပါ။ ဌာနက လက်ကျန်အရာရှိတွေ

http://www.cherrythitsar.org



ကိုလည်း မီးပြတိုက်တွေက အလုပ်သမားတွေရဲ့ လက်ရှိစိတ်ဓာတ်ရေးရာ အခြေအနေအားလုံး ရန်ကုန်ပြန်ရောက်တဲ့အခါ ကျွန်တော် အစီရင်ခံလိုက်ပါ့မယ်။ အားလုံး ဘဝဆိုးတဲ့သဘောမျိုးတော့ မဖြစ်နိုင်ပါဘူး။ ရနိုင်လောက်တဲ့ အခြေအနေကောင်းတစ်ခုခုမှာ မီးပြတိုက်တွေအတွက် အဆက်အသွယ်မပြတ် ကူညီပံ့ပိုးသွားနိုင်အောင် ဆောင်ရွက်ပေးဖို့လည်း ကျွန်တော့်အစီရင်ခံစာထဲမှာ အထိရောက်ဆုံး ရေးသားတင်ပြသွားမယ်ဆိုတာ ကျွန်တော် ကတိပေးပါတယ်”

မစ္စတာအင်ဒရူးမော်ဂန်က အဒါးဘိုင်၊ ဘာဘူလေး၊ ရာဂျူးနှင့် ကိုမင်းဇော်တို့ကို လက်ဆွဲနှုတ်ဆက်ရင်း ကတိပြုသွားလေသည်။

“အစ်ကို…သွားမယ်နော်”

မူ၊ အေးနှင့် သက်သက်တို့က ကိုမင်းဇော်ကို နှုတ်ဆက်ကြသည်။

“ကိုမင်းဇော်…ဖေဖေပြောသလိုပါပဲ။ ကံကြုံတဲ့အခါ ဖွေးတို့ ပြန်ဆုံကြရအောင်နော်”

ဖွေးက ကိုမင်းဇော်ကို ခပ်တိုးတိုးလေးပြောကာ သဲပြင်မှမှဆီသို့ ဆင်းသက်သွားခဲ့လေသည်။

ခဏအကြာတွင် တဖြည်းဖြည်းဝေးသွားသော ဒင်ဂီလှေငယ်ကို ငေးကြည့်ခဲ့ကြရသည်။

နောက်တစ်ခဏအကြာမှာတော့ ရိက္ခာပို့သင်္ဘောကြီး ကျောက်နှုတ်ထွက်ခွာသွားတာ ငေးကြည့်နေကြရပြန်သည်။ ပင်လယ်ပြင်၏ မိုးကုပ်စက်ဝိုင်းတစ်နေရာတွင် အစက်အပြောက်ကလေးတစ်ခုအဖြစ်မှ မှုန်ဝါးပျောက်ကွယ်သွားချိန်အထိဆိုပါတော့။

*　*　*

ပင်လယ်ပြင်၏ညကား ချောက်ချားဖွယ်ရာ တိတ်ဆိတ်လျက်။ လရောင်ကို မမြင်ကြယ်တွေသာလျှင် ကောင်းကင်နက်နက်တွင် ဝိုးတဝါး။ လှိုင်းသံတွေ ကတော့ ပြေးလာလိုက်။ ဝေးသွားလိုက်။

တစ်ချိန်က လူ ၁၂ ယောက်နေခဲ့သော မီးပြတိုက်ကြီးတွင် ခုတော့ (၄) ယောက်တည်းသာမို့ တစ်ဦးနှင့်တစ်ဦး ပိုမိုပြီး တူသားနှောင်မယ်ရင်းချမျှားပမာယိုင်းပင်းခင်မင်တွယ်တာမှု ရှိလာကြသည်။ တစ်စုတစ်ဝေးတည်း ပိုမိုဖြစ်လာကြသည်။

သတိဝီရိယလည်း ပိုထားတတ်လာကြသည်။

http://www.cherrythitsar.org



စကားတွေလည်း တရင်းတနှီး ပိုပြောမိလာကြသည်။ ဒီညတော့ အမှတ်တရ အမဲသားဘူးများကိုဖောက်ကာ ဆီကျန်ရေကျန် ဟင်းလေးတစ်ခွက်ဖြစ်အောင် မဆလာနံ့မွှေးမွှေးလေးနှင့် ပြန်ချက်လိုက်ပြီး လေးယောက်သား ဝိုင်းဖွဲ့စားလိုက်ကြသည်။

အဒါးဘိုင်၏ ဟင်းလက်ရာဖြစ်သည်။

"အဒါးဘိုင်ချက်တဲ့ဟင်းက ကောင်းပါ့ဗျာ"

ကိုမင်းဇော်က အားပါးတရစားရင်း မှတ်ချက်ချမိသည်။

"စိတ်မရှိနဲ့နော်၊ အဒါးဘိုင် ဒီအလုပ်မလုပ်ခင်တုန်းက ဟိုတယ်တွေ ထမင်းဆိုင်တွေမှာများ အဒါးလိုင် ဟင်းတွေထမင်းတွေ ချက်ခဲ့ဖူးလား"

ဘာဘူလေးကမေးတော့ အဒါးဘိုင်၏မျက်နှာကြီး ပြုံးနေသည်။

"မောင်မင်းဇော်ရော ဘာဘူလေးရော အများကြီး အသက်ငယ်ကြပါသေးတယ်။ စကားရိုင်းရိုင်းပြောရရင် ငါကမွေး ငါ့သားလောက်လေးတွေပေါ့ကွာ၊ ရာဂျူးလည်း ငယ်ပါသေးတယ်"

"မရိုင်းပါဘူး အဒါးဘိုင်ရဲ့၊ တကယ်လည်း ကျွန်တော်တို့ အဒါးဘိုင်ရဲ့ သားသမီးတွေအရွယ်လောက်ပဲ ရှိသေးတာပါ"

ကိုမင်းဇော်က အမှန်အတိုင်း ပြောပြလိုက်သည်။

"ဘာဘူလေးကမေးတော့ ပြောပြရမှာပေါ့။ အဒါးဘိုင်လုပ်ခဲ့တဲ့ အလုပ်တွေကတော့ စုံနေတာပဲ။ ထမင်းဆိုင်တွေမှာ ထမင်းချက်ဟင်းချက်အလုပ်တွေလည်း လုပ်ဖူးတာပဲ။ အင်္ဂလိပ်အစိုးရက ရထားလမ်းတွေဖောက်တော့ အဒါးဘိုင် ဝင်လုပ်ခဲ့ဖူးသေးတယ်။ အရမ်းပင်ပန်းတယ်ကွာ"

ပန်းကန်ခွက်ယောက်များကို ဘာဘူလေးက ဆေးကြောပေးသည်။ ပြီးတော့မှ ဆေးပေါ့လိပ်တစ်ယောက်တစ်လိပ်ဖွာရင်း စကားတွေဆက်ပြောကြသည်။

"စစ်ဘေးစစ်ဒဏ်ဆိုတာ သိပ်ကြောက်ဖို့ကောင်းတယ်ကွ။ အခုဆို ငါတို့တွေ ခက်ခက်ခဲခဲဆောက်ခဲ့ ဖောက်ခဲ့ရတဲ့ လမ်းတွေ၊ တံတားတွေ၊ ရထားလမ်းတွေ၊ ဘယ်လောက်ပျက်စီးကုန်ပြီလဲမသိဘူး"

အဒါးဘိုင်က တောက်တခေါက်ခေါက်နှင့် ပြောနေသည်။

"သီပေါမင်းတရား ပါတော်မူသွားပြီးနောက်ပိုင်းမှာ အင်္ဂလိပ်အစိုးရက သူတို့တစ်တွေ၊ သူတို့လုပ်တဲ့စီးပွားရေးလုပ်ငန်းတွေ၊ လမ်းပန်းဆက်သွယ်ရေးကောင်းအောင် ရထားလမ်းတွေဘာတွေ ဖောက်ခဲ့တာပါ အဒါးဘိုင်ရာ။ ဒီလုပ်ငန်းမျိုးတွေဆိုတာက ကျွန်တော်တို့ လွတ်လပ်ရေးရတဲ့အခါ ကိုယ့်မင်းကိုယ့်ချင်း

http://www.cherrythitsar.org



ကိုယ့်ဟာကိုယ်လုပ်ရင်ရတဲ့ အလုပ်တွေပါ။ ကျွန်တော်တို့က ကျွန်တော်တို့အရှင်၊ ကျွန်တော်တို့သခင်ကိုဖမ်းပါ၊ ချုပ်နှောင်ပါလို့ သူတို့ကို တောင်းဆိုခဲ့ကြတာ မဟုတ်ပါဘူး။ လွတ်လပ်ရေးရတဲ့အခါကျရင် ကျွန်တော်တို့နိုင်ငံမှာ လူနေမှုစနစ် မြင့်မားအောင် အရမ်းကို ဖိလုပ်ကြရလိမ့်ဦးမယ်"

"ဘယ်လိုအလုပ်မျိုးတွေလဲ မောင်မင်းဇော်"

"အဒါးဘိုင် စဉ်းစားကြည့်လေ။ ဝင်းနဲ့ခြံနဲ့ တိုက်နဲ့တာနဲ့၊ တိုက်ခန်းနဲ့ ကားနဲ့ နေနိုင်တဲ့သူတွေ ရှိနေသလို ဦးဝိစာရလမ်းဘေးက ကပ္ပလီကွက်သစ်လို နေရာမျိုး၊ ပုစွန်တောင် အလီမူလာရပ်ကွက်လိုနေရာမျိုး၊ စက်ဆန်း ပုသိမ်ညွန့် ကော်စက်တစ်ဝိုက်လိုနေရာမျိုး၊ ကြည့်မြင်တိုင်ကမ်းနားပိုင်း၊ အလုံအမှိုက်ပုံ တစ်ဝိုက်လိုနေရာမျိုးတွေမှာ ထီးတန်းဈေးကလေးလို ရပ်ကွက်မျိုးတွေမှာ လူတွေဟာ အိမ်တွေကို ဖြစ်သလို ကျောချင်းကပ်၊ ရင်ချင်းအပ်ပြီး ဖြစ်ကတတ်ဆန်း ညှပ်ပူး ညှပ်ပိတ် စိတ်ညစ်စရာ ဆောက်နေတတ်တဲ့ဘဝက တစ်ဆင့် သန့်သန့်ရှင်းရှင်း၊ အနံ့အသက်ကင်းကင်းနဲ့ ရေလောင်းအိမ်သာ၊ တွင်းတူးအိမ်သာမျိုး ဆောက်ပြီး နေတတ်တဲ့ အခြေအနေမျိုးတွေ၊ ခြံဝင်းလေးတွေနဲ့ ပျဉ်ထောင်အိမ်လေးတွေကို မြေလွတ်နေရာလွတ်ချန်ပြီး လေဝင်လေထွက်ကောင်းအောင် ဆောက်နေတတ်တဲ့ ဘဝတွေဖြစ်လာအောင် လုပ်ပေးကြရလိမ့်မယ်။ ခုတော့ ဘာမှ ပြန်လည်ထူထောင်ရေး မလုပ်ရခင်စပ်ကြားမှာ၊ လူနေမှုစနစ်မြင့်မားအောင် လုပ်ကြရမယ်။ အဲဒီလို အခွင့် အလမ်းမပေါ်ခင်စပ်ကြားမှာ မြန်မာလူမျိုးတွေဟာ ဒုတိယကမ္ဘာစစ်ကြီးရဲ့ စစ်ဘေး စစ်ဒဏ်ကို လိုမ့်ခံနေကြရပြန်ပြီဆိုတော့ ဘယ်လောက်ဝမ်းနည်းစရာကောင်းလဲ အဒါးဘိုင်"

ကိုမင်းဇော်က သူခံစားရသလို ပြောပြလိုက်သည်။

"မင်းတို့ လွတ်လပ်ရေးရလိမ့်မယ်လို့ မျှော်လင့်သလား"

ဘာဘူလေးက မေးသည်။

"အင်္ဂလိပ်အစိုးရရဲ့ ဖိနှိပ်ချုပ်ချယ်မှုဟာ အခု ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပြီဆိုရော အနေအထားပျက်နေပြီမဟုတ်လား။ အိုဗျာ...ပြဿနာဆိုတာ အစရှိပြီးရင် အဆုံးဆိုတာ ရှိကိုရှိရမယ်။ ကိုယ့်ထီးကိုယ့်နန်းနဲ့ ကိုယ့်အရှင်၊ ကိုယ့်သခင်ဆိုတာ တစ်နေ့မှာ ကျွန်တော်တို့ရဲ့ အိမ်ဦးခန်းကို ရောက်ကိုရောက်လာမယ်ဗျာ"

ကိုမင်းဇော်၏မျက်နှာက တင်းမာသလိုထင်ရသော်လည်း ကြေကွဲရိပ်များ ယှက်သန်းနေပေသည်။ မိမိနိုင်ငံ၊ မိမိလူမျိုးအတွက် နှမြောတသ ဆုံးရှုံးခြင်း ခံစားရမှု။

http://www.cherrythitsar.org



ရာဂျူးက သူ့ဖခင်နှင့်အတူ လွန်ခဲ့သည့် (၁)နှစ်ကျော်လောက်က ဗြိတိသျှ အုပ်ချုပ်မှုကိုလိုနီတွင် ရှိနေသော တရုတ်လူမျိုးတို့ စုဝေးနေထိုင်ရာ ဟောင်ကောင်ကျွန်း ဆိပ်ကမ်းတွင် ကုန်တင်ကုန်ချ အလုပ်သမားဘဝဖြင့် နေထိုင်ခဲ့ရဖူးသည့် အကြောင်းကို အဒါးဘိုင်နှင့် ကိုမင်းဇော်တို့အား ပြောပြသည်။

"ဟောင်ကောင်ကျွန်းက တရုတ်တွေကိုတော့ အင်္ဂလိပ်အရာရှိတွေက ဘာပြောနေသလဲဆိုရင် ဟောင်ကောင်မှာ လျှပ်စစ်စွမ်းအား၊ ကုန်ထုတ်လုပ်မှု စွမ်းအား၊ တိုက်တာအိမ်ခြေ သန့်သန့်ရှင်းရှင်းနဲ့ လူနေမှုစနစ်မြင့်မားလာပြီး ရုံးပြင်ကန္နားတွေလည်း စည်ကားတိုးတက်အောင် သင်္ဘောတွေ၊ ကားတွေ၊ လေဆိပ်တွေကအစ ခေတ်မီစနစ်ကျအောင် ပြုပြင်တည်ဆောက်ပေးပြီး အသားကျပြီဆိုတော့မှ အနှစ်တစ်ရာစာချုပ်ပြည့်တဲ့အခါ တရုတ်ပြည်မကြီးဘက်ကို လွှဲပြောင်းပေးမယ်ဆိုတဲ့ လေသံတွေ ထွက်နေတယ်"

ဟု ပြောပြတော့ ကိုမင်းဇော် စဉ်းစားနေသည်။

"ဒါဟာ လူမျိုးတစ်မျိုးနဲ့ ဒေသတစ်ခုအတွက် ဗြိတိသျှတွေရဲ့ စိတ်ရင်း စေတနာအမှန်လို့ ယုံကြည်ရမှာလား ရာဂျူး"

ဟု ကိုမင်းဇော်က မေးလိုက်သည်။

"နောင် အနှစ်သုံးဆယ်လောက်မှာ မင်းတို့ငါတို့ မသေသေးဘူးဆိုရင်တော့ ဟောင်ကောင်ကျွန်းဟာ သူတို့ပြောသလို တကယ်တိုးတက်စည်ကားလာသလား၊ မစည်ကားလာဘူးလားဆိုတာ အဖြေပေါ်မှာပေါ့ မောင်မင်းဇော်"

အဒါးဘိုင်က လူကြီးအတွေးဖြင့် ဝင်ပြောလိုက်သည်။

"ကျွန်တော်ကတော့ ကျွန်တော်တို့ မြန်မာလူမျိုးတွေကို လူနေမှုအဆင့်အတန်း မြင့်မားစေချင်တာ အမှန်ပဲ။ အနေအထိုင် အသွားအလာ သန့်ရှင်းသပ်ရပ်မှ ကျန်းမာရေးကောင်းကြမယ်။ ကျန်းမာရေးကောင်းမှ လူတိုင်းလူတိုင်းဟာ တိုင်းပြည် လွတ်လပ်ရေးကို စိတ်ဝင်စားနိုင်ကြမယ်။ တို့ဗမာအစည်းအရုံးက တိုးတက်တဲ့ အမြင်ရှိတဲ့ ခေါင်းဆောင်ပိုင်းရဲ့ လမ်းညွှန်မှုတွေနဲ့ အားကြိုးမာန်တက် ဆောင်ရွက်နိုင်ကြလိမ့်မယ်"

"ကျန်းမာရေးတစ်ခုတည်းနဲ့တော့ ဘယ်ဖြစ်ဦးမလဲ ကိုမင်းဇော်"

ဘာဘူလေးစကားကြောင့် ကိုမင်းဇော်က ခေါင်းတဆတ်ဆတ်ညိတ်နေမိသည်။

"ခင်ဗျားတို့ မြန်မာလူမျိုးကတော့ ဘယ်လောက်ကျပ်တည်းကျပ်တည်း ဘုရားတရားကို ရှိသေကြတယ်။ အလှူအတန်းရက်ရောကြတယ်နော်"

http://www.cherrythitsar.org



ဘာဘူလေးကမြေပြာတော့ ကိုမင်းဇော်က...

"ဒါကတော့ မြန်မာနိုင်ငံမှာရှိတဲ့ တိုင်းရင်းသားအားလုံးဟာ အလှူအတန်း သိပ်ရက်ရော လက်ဖွာတတ်ကြတယ်လေ။ ဒါကြောင့် လူကြီးမိဘတွေ ပြောပြော နေကြတဲ့ စကားပုံတောင် ရှိပါသေးတယ်။ ရှမ်းပြည်နယ်မှာဆိုရင် အလှူအတန်း ရက်ရောလွန်းအားကြီးလို့ တစ်မူးရလို့ တစ်ပဲလှူ ဒို့ရှမ်းတောင်သူ တူနိုင်ရိုးလား... ဆိုတာလေ"

ဟု ပြောပြလိုက်သည်။

"ပွဲတော်ရက်တွေဆိုရင် အလှူခံမဏ္ဍပ်တွေကလည်း အများကြီးပဲနော်"

အဒါးဘိုင်က သူမြင်တာသူပြောသည်။

"အေးဗျာ...ရန်ကုန်မှာ ကျွန်တော့်ဖေဖေဆိုရင် အလှူခံမဏ္ဍပ်ကိစ္စနဲ့ ရပ်ကွက် ထဲက လူကြီးတချို့နဲ့ ခဏခဏ အခြေအတင် ပြောရဆိုရတတ်တယ်"

ကိုမင်းဇော်စကားကြောင့် ရာဂျူးက

"ဘာဖြစ်လို့လဲ။ ကိုမင်းဇော်အဖေက အလှူအတန်း ဝါသနာမပါလို့လား"

ဟု မေးသည်။

"မဟုတ်ပါဘူး၊ ဖေဖေရော မေမေရော ဗုဒ္ဓဘာသာ မြန်မာလူမျိုးတွေပီပီ လှူကြတန်းကြနဲ့ သဒ္ဓါတရား ရက်ရောကြပါတယ်။ ဒါပေမယ့် ဖေဖေက အလှူခံ မဏ္ဍပ်တွေကို စည်းကမ်းရှိစေချင်တယ်"

"ဘယ်လို စည်းကမ်းမျိုးလဲ။ အလှူခံမဏ္ဍပ်တွေမှာ ဘာစည်းကမ်းရှိသင့်လို့လဲ ဗျ"

ဘာဘူလေးက မေးသည်။ ကိုမင်းဇော်က ရှင်းပြသည်။

"နေပူကျဲတဲကြီးမှာ လူတွေ၊ ဆိုက်ကားတွေ၊ မြင်းလှည်းတွေ၊ လံချားတွေ၊ ကားတွေ၊ ဓာတ်ရထားတွေ သွားလာနေတဲ့ အချိန်မျိုးမှာ မဏ္ဍပ်ထဲ လူနှစ်ယောက် သုံးယောက်ထိုင်ပြီး တစ်ယောက်တစ်လှည့် အသံချဲ့စက်ကြီးနဲ့ နားတွေအူအောင်၊ ပူအောင်၊ ပုံတိုပတ်စတွေ ဖွဲ့နွဲ့ပြောပြီး အော်ကြီးဟစ်ကျယ်နဲ့ အလှူခံနေတာမျိုး ဖေဖေက မလုပ်သင့်ကြောင်း ပြောတယ်။

နေက ခြစ်ခြစ်တောက်ပူရတဲ့အထဲမှာ လူတွေက အမောတကော သွားလာ လှုပ်ရှားနေကြရတော့ မဏ္ဍပ်က ဆူညံနေတဲ့အသံကို ဘယ်သူမှ စိတ်ဝင်စားကြမှာ မဟုတ်ဘူးလို့ ဖေဖေကပြောတယ်။ ပြီးတော့ မဏ္ဍပ်ရဲ့ ပတ်ဝန်းကျင်မှာ နေထိုင် မကောင်းဖြစ်နေတဲ့ လူမမာတွေ ရှိချင်ရှိနိုင်တယ်။ ခေါင်းကိုက်မူးဝေနေတဲ့ ဝေဒနာသည်တွေ ရှိကောင်းရှိမယ်။ စာကျက်နေကြတဲ့ စာမေးပွဲဖြေမယ့်ကျောင်းသား

http://www.cherrythitsar.org



ကျောင်းသူတွေ ရှိကောင်းရှိမယ်။ ဒါကြောင့် ဖေဖေ့ဆန္ဒက ညဘက်တောင်မှ မဏ္ဍပ်အသံချဲ့စက်က အဆိုတော်စိန်ပါတီတို့၊ လေဘာတီမမြရင်တို့ရဲ့ ဓမ္မပူဇော် တေးတွေ ဓာတ်ပြားဖွင့်ရင် ခပ်တိုးတိုးပဲ ဖွင့်စေချင်တယ်။ မဏ္ဍပ်ထိုးထားမယ်။ မဏ္ဍပ်မှာ စာရေးထားမယ်။ အလှူခံပုံး၊ အလှူခံသေတ္တာ၊ အလှူခံသပိတ် ချထား မယ်ဆိုရင် လူတွေစိတ်ထဲမှာ ဒါဟာ အလှူခံမဏ္ဍပ်ဆိုတာ အလိုလို သိပြီးသား ဆိုတော့ သွားရင်းလာရင်းပဲဖြစ်ဖြစ် တမင်ဦးတိုက်လို့ပဲဖြစ်ဖြစ် ကိုယ်လှူနိုင် သလောက် အလှူငွေ ထည့်သွားကြမှာပဲဆိုတာ ဖေဖေက လူကြီးတွေကို ပြော တယ်။ အလှူခံလူကြီးတချို့က လက်ခံတယ်။ တချို့က ဖေဖေပြောတာကို သဘောမတူကြဘူး။ အလှူခံလူကြီးတချို့ဆိုရင် ဒီလိုအသံချဲ့စက်ကနေ ရွတ်နိုင် ဆိုနိုင် ပြောနိုင်ဖို့အတွက် စာတွေကျက်ကြ၊ ဖတ်ကြ၊ အိမ်မှာ သံနေသံထားနဲ့ လေ့ကျင့်ပြီးကြတော့မှ မဏ္ဍပ်မှာ အလှည့်ကျလာပြီး ပြောကြဆိုကြရတာလို့ ဖေဖေ့ကို စောဒကတက်ကြတယ်။ ဖေဖေက အလှူခံတာကို အားပေးတယ်။ ကူညီတယ်။ ဒါပေမယ့် အသံချဲ့စက်က ပြောဆိုနေတာကို ပတ်ဝန်းကျင်ကလူတွေ တကယ်စိတ်ဝင်စားမှုရှိရဲ့လား။ မရှိဘူးလား။ ပတ်ဝန်းကျင်အတွက် အနှောင့်အယှက် ဖြစ်နိုင်သလားဆိုတာ စဉ်းစားကြဖို့ ဆွေးနွေးတယ်။ နောက်ဆုံးကျတော့ ဖေဖေ အလျှော့ပေးလိုက်ရတယ်။ ဖေဖေဆွေးနွေးတာကို လက်မခံနိုင်တဲ့ အလှူခံလူကြီး တွေက အရေအတွက်များနေတာကိုး။

ကိုမင်းဇော်က စကားအဆုံးတွင် ရန်ကုန်မှာ စစ်ဘေး၊ စစ်ဒဏ်၊ ဒုတိယ ကမ္ဘာစစ်ကြီး၏ ဒဏ်ကြောင့် ဘယ်သို့ဘယ်ပုံ နေကြထိုင်ကြ၊ စခန်းသွားနေကြရ ပြီလဲဆိုတာ အဆက်အသွယ်ပြတ်တောက် ခန့်မှန်းရခက်နေပြီဖြစ်သည့် ကျေးဇူးရှင် ဖခင် ဦးလှိုင်ကျော်နှင့် မိခင် ဒေါ်ခင်ခင်မြတို့အား သတိရလိုက်မိသည်။

ညဉ့်နက်ပေပြီ။ ဘာဘူလေးက မီးပြတိုက်မျှော်စင်ပေါ်သို့ အခြေအနေ စစ်ဆေးရန် တက်သွားသည်။ အဒါးဘိုင်က အိပ်ရာဝင်ရန်အတွက် ပြင်ဆင်နေ သည်။ ရာဂျူးက ဆေးလိပ်ဖွာနေဆဲပင်။ ကိုမင်းဇော်ကတော့ ကြယ်ရောင် ပြိုးပြက်လင်းလက်နေသည့် ပင်လယ်ပြင်၏ ညကမ္ဘာဝယ် အိပ်မပျော်နိုင်သေးပေ။ မိခင်ဖခင်တို့ကို ရည်မှန်းကာ ရှိသေစွာ လက်အုပ်ချီလျက် ဦးချကန်တော့လိုက် သည်။ သူ့စိတ်ထဲတွင် ကျောင်းနေဖက်သူငယ်ချင်းတွေကိုလည်း သတိရ လွမ်းဆွတ်နေမိသည်။

ဆန်နီမှာ မင်းဇော်တို့အိမ်ခြေရင်းမှ သူငယ်ချင်းဖြစ်သည်။ အသားညိုညို၊ ပိန်ရှည်ရှည်၊ မင်းဇော်နှင့် ကစားဖက်ဟု ဆိုနိုင်သည်။

http://www.cherrythitsar.org



စီစီလာဆိုသည့် ကောင်မလေးကတော့ မင်းဇော်တို့ခေါင်းရင်းအိမ်မှ ကောင်မလေးဖြစ်သည်။ စီစီလာတို့ဦးလေး ဦးစိုးလှက ကာယဗလသမား။ အေဝမ်းရုပ်ရှင် ခြံတွင် အလုပ်လုပ်သည်။ ရုပ်ရှင်တိုက်မှကားကို မောင်းသည့်အခါမောင်းသည်။ ဦးစိုးလှမောင်းသော ဘတ်စကားကြီးကို တစ်ခါတလေ မင်းဇော်တို့ လိုက်စီးသောအခါ ရုပ်ရှင်သရုပ်ဆောင်တချို့နှင့် ကြုံရဆုံရတတ်သည်။ အေဝမ်းခြံမှာ ရုပ်ရှင် ရိုက်ဖို့သွားကြသော သရုပ်ဆောင်များဖြစ်သည်။ အေဝမ်းခြံတွင် ချစ်ရွှေကြီးက ဇာတ်ကြမ်းကားတွေရိုက်နေတာ အတော်ပင် စွန့်စားရကြောင်း တွေ့ခဲ့ရသည်။ စီစီလာတို့အိမ်နှင့် ဆက်လျက်မှာတော့ ကရင်အမျိုးသားမိသားစုဖြစ်သော ဒေးဗစ်လစ်ဗစ်စတုန်းတို့အိမ်ရှိသည်။ ကရင်နှစ်သစ်ကူးပွဲတော်နေ့တွင် ကျွေးလေ့ကျွေးထရှိသော ဘဲပေါင်း မြူစွမ်ဟင်းချိုကို သတိရနေသည်။

ဒေးဗစ်တို့အိမ်ဘေးမှာတော့ ကျော်ကျော်သိန်းတို့၏ စိန် ဆေးလိပ်ခုံရှိသည်။ သူတို့မျက်စောင်းထိုးမှာတော့ အမြဲတစေ မဆလာနံ့တွေ နနွင်းမှုန့်နံ့တွေ မွှန်ထူနေတတ်သော ဦးဖိုးသောင်း၏ အမှုန့်ကျိတ်စက်ကြီး ရှိနေသည်။

ဦးဖိုးသောင်းအမှုန့်ကျိတ်စက်နှင့်ကပ်လျက် အိမ်မှာလည်း မင်းဇော်၏ ငယ်သူငယ်ချင်း မချိုတို့အိမ်ရှိသည်။ မချိုတို့ဖေဖေက နှုတ်ခမ်းမွေးကားကား အသားဖြူဖြူဝဝ ဥပဓိရုပ်ကောင်းပြီး အကောက်ခွန်အရာရှိတစ်ဦး ဖြစ်သည်။

မချိုတို့အိမ်နှင့် ကပ်လျက်တွင် ကန့်လန့်ဖြတ်လမ်းတစ်လမ်းရှိပြီး ထိုလမ်းမှာ ဈေးသို့သွားရာလမ်း ဖြစ်သည်။

ထိုကန့်လန့်ဖြတ်လမ်းထိပ်မှ တရုတ်လက်ဖက်ရည်ဆိုင်မှာ ကော်ဖီ၊ လက်ဖက်ရည်နှင့် မုန့်မျိုးစုံက ကောင်းလှသည်။ မှန်ပေါ်တွင် ဆေးရောင်စုံဖြင့် ရေးဆွဲထားသော တရုတ်နဂါးရုပ်များကို တွေ့ရပြီး စားပွဲဝိုင်းကြီးများမှာ ကျောက်စားပွဲဝိုင်းကြီးတွေ ဖြစ်သည်။ ညဘက်ဆိုလျှင် ထိုဆိုင်မှာ ရေခဲသုပ်လည်းရောင်းသည်။

သူ့မျက်နှာချင်းဆိုင်ရှိ ကာကာဆိုင်မှာ နွားနို့ရသည်။ ပဲကုလားဟင်းလည်း ရောင်းသည်။

လမ်းထဲမှ သူငယ်ချင်း မမြသန်းမှာ မင်းဇော်ထက် အသက်နည်းနည်းကြီးသည်။ အသားဖြူဖြူ၊ အရပ်မြင့်မြင့်၊ ကျောင်းမှာတော့ ဝင်းဝင်းအေးတို့ ဖြူဖြူတင်တို့ ညီအစ်မများက မင်းဇော်နှင့် သိပ်မရင်းနှီးကြ။ ဝင်းဝင်းအေးက မျက်နှာမှာ ဝက်ခြံဖုကလေးတွေနှင့် အသားအနည်းငယ် ညိုစိမ့်စိမ့်။ ဖြူဖြူတင်က တရုတ်မလေးနှင့်တူသည်။ ဖြူဖြူတင့်အစ်ကို မြင့်သိန်းမှာ မင်းဇော်နှင့် အတွဲများသူ။ ခင်ဝင်းမာတို့ဖခင်မှာ ကားဝပ်ရှော့ထောင်ထားသည်။ ခင်ဝင်းမာတို့ အိမ်ရှေ့

http://www.cherrythitsar.org



အိမ်မှာ ရှောက်သီးဆေးပြား မရမ်းပြား လှန်းသောအိမ်ဖြစ်ရာ ထိုအိမ်ရှေ့မှ ဖြတ်လျှောက်သွားလျှင် ပါးရိုးပါးရင်ကျိန်းသော အရသာတစ်မျိုးကို ခံစားရတတ် သည်။

မော်လီကိုတော့ မင်းဇော်စိတ်ထဲတွင် ထူးဆန်းနေသည်။ မော်လီမှာ ကပြားမ ကလေးဖြစ်သည်။ ရုပ်ချောသည်။ သို့သော် မနက်တိုင်း အိပ်ရာထ မျက်နှာသစ် သွားတိုက်ရာတွင် သွားတိုက်ဆေးကိုမသုံးဘဲ ဆားနှင့်သာတိုက်သည်ဟု သူ့ကို ပြောဖူးသည်။

မော်လီတို့လမ်းထဲမှ ဇော်ဝင်း၏ဖခင်မှာ ဂီတစာဆိုတစ်ဦးဖြစ်ပြီး သူတို့အဒေါ် မှာလည်း နာမည်ကြီးအဆိုတော် အငြိမ့်မင်းသမီးတစ်လက် ဖြစ်သည်။

ဒုတိယကမ္ဘာစစ်ကြီးအတွင်း ငယ်သူငယ်ချင်းတွေရဲ့ဘဝ မည်သို့ရှိနေကြမည် ဆိုသည်ကို ခန့်မှန်းရခက်နေသည်။

ရယ်စရာပြုံးစရာလေး စဉ်းစားမိတာတစ်ခုက မောင်မောင်လတ်ဆိုသော သူငယ်ချင်းတစ်ယောက်အကြောင်း ဖြစ်သည်။

သူက စာသင်ချိန်တွင် အိပ်ငိုက်တတ်သူဖြစ်ရာ ကျောင်းချိန်တစ်ချိန်တွင် ဆရာမကြီး မစ္စဘစိုးက ရေမြေသဘာဝအရ အလွန်အရသာချိုသော ကြံပင်အနက် ရောင်အကြောင်းကို သင်ကြားနေသည်။

ဒုန်းခနဲ အသံကြားရ၍ လှမ်းကြည့်လိုက်ရာ...

မောင်မောင်လတ်တစ်ယောက် အိပ်ငိုက်ပြီး နဖူးနှင့် စားပွဲဆောင့်မိကြောင်း တွေ့ကြရ၍ တစ်တန်းလုံး ဝိုင်းရယ်ကြသည်။

မောင်မောင်လတ် လန့်နိုးလာသည်။ အိပ်ချင်မူးတူးဖြစ်နေသော မောင်မောင် လတ်ကို မစ္စဘစိုးက ထိုင်ရာမှ ထ,ခိုင်းပြီး မေးခွန်းတစ်ခွန်းမေးသည်။

"ကြံပင်အနက်ရောင်ဟာ ဘယ်လိုအရသာရှိလဲ မောင်မောင်လတ်"

မောင်မောင်လတ် စဉ်းစားနေသည်။ တစ်တန်းလုံးကလည်း မောင်မောင် လတ် ဘယ်လိုဖြေမလဲဆိုတာ တိတ်ဆိတ်စွာ နားစွင့်နေကြသည်။

"ဟဲ့...ပြောလေ...မောင်မောင်လတ်"

မစ္စဘစိုးက မေးနေလေပြီ။ မောင်မောင်လတ်က တစ်ချက်သန်းဝေလိုက်ရင်း က ပါးစပ်ထဲတွေ့ရာ ပြောချလိုက်သည်။

"ကြံ...ကြံနက်က...ခါးသက်သက်ကြီးပါ ဆရာမ"

တစ်တန်းလုံး ဝိုင်းရယ်လိုက်ကြသည်။ ရှက်သွေးဖြာသွားသော မောင်မောင် လတ်၏ ရုပ်ပုံလွှာက မင်းဇော်၏ အတိတ်ပန်းချီကားချပ်တွင် ပေါ်လာသည်။

http://www.cherrythitsar.org



မင်းဇော် ပြုံးမိ၏။ လွမ်းရပေသည်တကား။

* * *

ကြမ်းတမ်းရက်စက်လှသော ဒုတိယကမ္ဘာစစ်ကြီးကား ပြီးဆုံးသွားခဲ့လေပြီ။ ဧရာဝတီတိုင်း ချောင်းဝရွာကလေးတွင် စစ်ပြေးဘဝဖြင့် သေကံမရောက် သက်မပျောက် ခိုလှုံခဲ့ကြရသော ဦးအောင်ကြီးတို့မိသားစုသည်လည်း စစ်ဘေးစစ်ဒဏ် ခံခဲ့ရသော ရန်ကုန်မြို့ကြီးသို့ ပြန်လာခဲ့ကြသည်။ ဦးအောင်ကြီးတို့ ယခင်နေခဲ့ သော ရန်ကုန် အရှေ့ပိုင်းရှိ နေအိမ်မှာ ဂျပန်စစ်လေယာဉ်တို့ ကြဲချခဲ့သော ဗုံးစ ဗုံးနထိမှန်၍ အုန်းပင်တစ်ပင် မာလကာပင် ငါးပင် ပျက်စီးသွားသည်မှတစ်ပါး ထူးထူးခြားခြား တစ်စုံတစ်ရာ ပျက်စီးဆုံးရှုံးရခြင်း မရှိခဲ့ပါပေ။

ဦးအောင်ကြီး၏ ရန်ကုန် (၁၁)လမ်းပွဲရုံမှာမူ ဗုံးဒဏ်ခံခဲ့ရပေသည်။

ပြန်လည်ထူထောင်စမြို့ပြတွင် ရုတ်တရက် ဘာမှ စီးပွားရေးလုပ်ငန်း အကောင်အထည် စ,မဖော်နိုင်ကြသေးဘဲ ကျစ်ကျစ်လျစ်လျစ် စုဆောင်းထားသော အတွင်းပစ္စည်းတချို့သာလျှင် ထုခွဲရောင်းချကာ စားရေးနေရေး စီမံကြရပေသည်။

ဦးအောင်ကြီးတို့မိသားစုသည် တက်ညီလက်ညီရှိလှ၏။ သမ္မာအာဇီဝအလုပ် မှန်သမျှ မရှက်မကြောက် လုပ်ကြသည်။

လန်ဒန်အတ် ဦးအုန်းမောင် စ,သည့် မြန်မာ့ရုပ်ရှင်ဆရာကြီးများသည် စစ်ကြီးမဖြစ်မီ ၁၉၂၀ ပြည့်နှစ်ကစ၍ ပထမဆုံး မြန်မာသတင်း မော်ကွန်းတင် ဇာတ်ကား ဦးထွန်းရှိန်စျာပနသတင်းကားမှ စ၍မြန်မာ့ရုပ်ရှင်ကို တိုးချဲ့ဆောင်ရွက် ပြသခဲ့ကြရာ စစ်အတွင်း ခေတ္တရပ်နားခဲ့ကြရပေသည်။

စစ်ပြီးကာလတွင်မူ မြန်မာ့ရုပ်ရှင် ပြန်လည်ဦးမော့လာသည်။

"စစ်ဖြစ်နေတုန်းက လူတွေဟာ ပြဇာတ်တို့ ရုပ်ရှင်တို့ ငတ်နေကြတယ်ကွ။ အခု ရုပ်ရှင်တွေ ပြန်ပြတော့မယ်။ ဒီတော့ လူတွေ အုံခဲပြီးလာကြမှာပဲ။ ငတို့ မိသားစု လောလောဆယ် စားဝတ်နေရေးအတွက် ရုပ်ရှင်ရုံတွေမှာ အစားအသောက် ဆိုင်ကလေးတွေ ထွက်ကြရင်ကောင်းမယ်"

ဟု ဦးအောင်ကြီးက စကားစ,လာသည်။

"ဟုတ်တယ်ဖေဖေ၊ သမီးလည်း လုပ်ချင်တယ်။ ဖိဖိစီးစီးလုပ်ရင် အရမ်း ရောင်းကောင်းမှာပဲ"

သမီးကြီးဖွေးက ပြောသည်။

သမီးမူနှင့် အေးကလည်း စိတ်ဝင်စားလာသည်။

http://www.cherrythitsar.org



ထိုကာလသမယက ရန်ကုန်မြို့ ကန်တော်ကြီးစောင်းတွင် ရန်ကုန်ရုပ်ရှင်ရုံ ရှိသည်။

ထိုရုံတွင် အုန်းနို့ခေါက်ဆွဲရောင်းရန် သမီးကြီးဖွေးနှင့် အိမ်ဖော်မလေး သက်သက်တို့က စီစဉ်ကြသည်။

ကန်တော်မိတ် ရုပ်ရှင်ရုံတွင် ထမင်းကြော်ဆိုင်ကလေးဖွင့်ရန် မူနှင့် အေးတို့က စိုင်းပြင်းကြသည်။

ကန်တော်မင်္ဂလာရုံတွင်မူ ဦးအောင်ကြီးနှင့် ဒေါ်ပိုက်မိတို့ကိုယ်တိုင် နန်းကြီးသုပ်၊ မုန့်တီရောင်းရန် သမီးတွေက ဝိုင်းဝန်းတားဆီးနေသည့်ကြားမှ ပစ္စည်းပစ္စယလေးတွေ စုဆောင်းဝယ်ယူကြသည်။

"ဖေဖေနဲ့မေမေ ကျန်းမာရေးကောင်းနေသရွေ့ အိမ်မှာ ငုတ်တုတ်ကြီးတွေ ထိုင်ပြီး သမီးတို့လုပ်စာကို မစားချင်ပါဘူးကွယ်။ လူဆိုတာ အလုပ်လုပ်နိုင်တုန်း လုပ်ရတာပါ"

ဟု ဒေါ်ပိုက်မိက သမီးတို့အား ဖျောင်းဖျသည်။

စစ်ကြီးအပြီး ပထမဆုံး နယူးဘားမားဖလင်မှ ဒါရိုက်တာဦးလွန်းဖေ ရိုက်ကူး၍ မင်းသားညွန့်မောင်၊ ညွန့်ရှိန်၊ မင်းသမီး မေမြင့်တို့ပါဝင်သည့် 'ဗမာသစ်' ဇာတ်ကားကို ကန်တော်ကြီးစောင်း ရန်ကုန်ရုပ်ရှင်ရုံတွင် ပြသရာ လူတွေမှာ ပရွက်ဆိတ်အုံကြီး ထန်းလျက်ခဲဝင်တွယ်သလို တိုးမပေါက်အောင် စည်ကားခဲ့ပေသည်။

ဖွေးတို့၏ အုန်းနို့ခေါက်ဆွဲဆိုင်လေးမှာ လက်မလည်အောင် ရောင်းချကြရသည်။

မူတို့ အေးတို့ ကန်တော်မိတ်ရုံမှ ထမင်းကြော်ဆိုင်လေးမှာလည်း လူတွေပြုံခဲနေတတ်သည်။

စစ်ကြီးအပြီး ကန်တော်မိတ်ရုံမှာ စ,ပြသည့် ရုပ်ရှင်ကားက ပဲရော့ရုပ်ရှင်မှ ဒါရိုက်တာ ဆရာမြင့်ရိုက်ကူး၍ မင်းသားတင်မြင့် မင်းသမီးခင်မေလေးတို့ ပါဝင်သော 'မယ်နော်ဇာ' ဇာတ်ကားဖြစ်သည်။

ကန်တော်မိတ်ရုပ်ရှင်ရုံတွင် မင်းသားတင်ဖေ၊ မင်းသမီးခင်မေရီတို့ပါဝင်သည့် 'သံမဏိ' ဇာတ်ကားပြသည့် ညနေခင်းဖြစ်၏။

ညီမလေး'အေး'အိမ်ခဏပြန်၍ အမဲကြော်အိုးယူနေခိုက် ဆိုင်မှာရှိသည့် ကြက်သားဟင်း၊ ဘဲဥဟင်း၊ ပုစွန်ပဲသီးကြော် စသည်တို့နှင့် ထမင်းကြော်ကို လက်မလည်အောင် မူတစ်ယောက်တည်း ရောင်းချနေဆဲတွင် ထမင်းကြော်စား

http://www.cherrythitsar.org



မည့် လူတစ်ယောက် ရောက်လာသည်။ ဘဲဥအချဉ်ဆီပြန်ဟင်းနှင့် ထမင်းကြော် လှမ်းမှာရင်းက...

"ညီမလေးကို မြင်ဖူးသလိုပဲ"

ဆိုသည့်စကားကြောင့် မူက ဖျတ်ခနဲ အကဲခတ်လိုက်သည်။ မူကိုယ်တိုင် လည်း ဇဝေဇဝါဖြစ်နေသည်။ တစ်ယောက်ကိုတစ်ယောက် အကဲခတ်နေကြသည်။

ခဏကြာတော့မှ မူ့ဦးနှောက်ထဲတွင် အလင်းတန်းတစ်ခု လင်းလက်သွားပြီး

"ပင်လယ်ထဲက မီးပြတိုက်မှာ မူတို့ကို ကယ်ခဲ့တဲ့ ကို...ကိုမင်းဇော်"

ဟု ဝမ်းသာဝမ်းနည်း လှိုက်လှဲစွာ နှုတ်ဆက်လိုက်မိသည်။

"ဟုတ်...ဟုတ်ပါတယ်...ညီမလေးနာမည်က..."

ကိုမင်းဇော်ကိုယ်တိုင်လည်း အိပ်မက်တစ်ခု မြင်မက်ရသလို ဖြစ်နေသည်။

"မူလေ အစ်ကိုမင်းဇော်...ညီမလေးက အိမ်ခဏပြန်သွားတယ်။ မမဖွေးက ရန်ကုန်ရုပ်ရှင်ရုံမှာ အုန်းနို့ခေါက်ဆွဲ ရောင်းနေတယ်"

"ဩော်...ဟုတ်လား၊ အားလုံး ကျန်းကျန်းမာမာပဲမဟုတ်လား"

"ဟုတ်ကဲ့၊ ကျန်းမာကြပါတယ်။ ဖေဖေနဲ့မေမေသာ အစ်ကို့ကို ခုလိုပြန်တွေ့ ရင် အရမ်းဝမ်းသာကြမှာပဲ အစ်ကို"

"အစ်ကိုလည်း ဦးတို့ ဒေါ်ဒေါ်တို့ကို သိပ်သတိရပါတယ်"

"ဖေဖေနဲ့မေမေလည်း ဆိုင်ထွက်နေကြတယ်အစ်ကို"

"သူတို့ဆိုင်က ဘယ်မှာပါလိမ့်'

"ကန်တော်မင်္ဂလာရုပ်ရှင်ရုံမှာ နန်းကြီးသုပ်နဲ့ မုန့်တီရောင်းနေကြတယ် အစ်ကို"

"ညကျတော့ ဆိုင်ဘယ်အချိန်သိမ်းကြလဲ။ မိသားစု တက်ညီလက်ညီ ဈေးရောင်းနေလိုက်ကြတာ ပျော်စရာကြီးနော်"

"ရုပ်ရှင်သိမ်းရင် မူတို့လည်း ဆိုင်သိမ်းကြတာပေါ့"

"နားရက်ရယ်လို့ မရှိကြဘူးပေါ့နော်"

"နားရက်ကတော့ အခါကြီးရက်ကြီးဆို နားကြပါတယ်။ ဒါပေမယ့် ရုပ်ရှင်ရုံ တွေ တစ်ခေတ်ဆန်းနေတုန်း သူသူကိုယ်ကိုယ် သိမ်းကျုံးပြီး ဆိုင်ထွက်နေကြ တာပဲ အစ်ကို"

"ရောင်းကောင်းကြတယ်မဟုတ်လား"

စကားကောင်းနေကြခိုက် ဆိုက်ကားတစ်စီးပေါ်တွင် အမဲကြော်အိုးတင်ကာ ညီမလေးအေး ပြန်ရောက်လာသဖြင့် ဆီးကြိုသယ်ယူကြသည်။

http://www.cherrythitsar.org



ညီမလေးအေးက ကိုမင်းဇော်ကို ပြန်ဆုံစည်းရသဖြင့် လှိုက်လှိုက်လှဲလှဲ ဝမ်းသာနေသည်။

"လောလောဆယ် အစ်ကို ရန်ကုန်မှာရှိနေတယ်လေ။ နောက်နေ့မှ ဦးတို့ ဒေါ်ဒေါ်တို့ဆိုင်ခင်းနေတဲ့နေရာရော ဖွေးရှိနေတဲ့ဆိုင်ကိုပါ လှည့်ပတ်ပြီး နှုတ်ဆက်လိုက်ပါ့မယ်။ ညကျ အိမ်ပြန်ရောက်ရင်သာ အစ်ကိုနဲ့ ပြန်တွေ့တဲ့အကြောင်း အားလုံးကို ပြောပြလိုက်ပါနော်"

"စိတ်ချအစ်ကို၊ ဒီအကြောင်းမပြောလို့ ဘယ်ဖြစ်ပါမလဲ။ အားလုံးက ဝမ်းသာကြမှာ။ ဩော်...ဒါနဲ့ အခု အစ်ကို ဘယ်မှာနေလဲဟင်"

ကိုမင်းဇော်က မျက်နှာလေးတစ်ချက်ညှိုးသွားသည်။

"စစ်အတွင်းက ပန်းဆိုးတန်းက အစ်ကိုတို့တိုက် ဗုံးဒဏ်ခံလိုက်ရတယ်။ မီးပြတိုက်ကနေ ရန်ကုန်ကို အစ်ကို ပြန်ရောက်လာတော့ ခြေသလုံးအိမ်တိုင်ဘဝနဲ့ ကြုံရာမှာ ဖြစ်သလိုနေရတာပေါ့။ တော်ပါသေးရဲ့ ပင်လယ်ထဲက မီးပြတိုက်မှာ တုန်းက အလုပ်အတူတူလုပ်ခဲ့တဲ့ ဘဘဘူလေးက သဃ်န်းကျွန်းဘူတာနားက သူ့ပထွေးအိမ်မှာ အစ်ကို့ကို ခေါ်ထားလို့ အိပ်ဖို့တော့ရပါတယ်"

"ဖြစ်ရလေ အစ်ကိုရယ်"

"အစ်ကို့မိဘတွေရောဟင်"

ညီမလေးအေးက ဝင်မေးလိုက်သည်။

ကိုမင်းဇော်က တည်ငြိမ်သောအသံဖြင့်

"ရန်ကုန်ကို အစ်ကိုပြန်ရောက်ရောက်ချင်း စုံစမ်းတော့ စစ်အတွင်းမှာ ဖေဖေနဲ့မေမေဟာ နီးစပ်ရာမိတ်ဆွေသင်္ဂဟ အရာရှိတချို့နဲ့အတူ အိန္ဒိယနိုင်ငံ နယ်စပ်က ဆင်းမလားဆိုတဲ့ တောင်ပေါ်မြို့ကလေးကို စစ်ပြေးဒုက္ခသည်ဘဝနဲ့ ထွက်သွားကြတယ်တဲ့။ အဲဒါပဲ သိလိုက်ရတယ်။ ဆင်းမလားအထိ ရောက်,မရောက် တော့ သတင်းဆက်မကြားရသေးဘူး။ အစ်ကိုလည်း ဖေဖေတို့သတင်းကို နေ့ရှိ သရွေ့ စုံစမ်းနေတာပဲ"

ဟု ပြောလိုက်သည်။

"ဖြစ်ရလေ အစ်ကိုရယ်"

မူက မျက်ရည်အဝိုင်းသားဖြင့် ကိုမင်းဇော်ကို ငေးကြည့်နေသည်။

"ကဲ...ထမင်းကြော်ပူပူလေး စားလိုက်ဦးအစ်ကို"

မူပြောမှ စားစရာရှိတာ စားဖို့အတွက် ကိုမင်းဇော် သတိရမိတော့သည်။ မူတို့ ညီမလေးအေးတို့ဆိုင်မှာ ရောင်းကောင်းသောဆိုင်လေးတစ်ဆိုင်ဖြစ်ကြောင်း



သီဟရတနာစာပေ

http://www.cherrythitsar.org



စားရင်းသောက်ရင်းက ကိုမင်းဇော် သတိထားမိသည်။ ညီအစ်မနှစ်ယောက် လက်မလည်အောင် ရောင်းနေကြရသည်။

"ဘယ်လောက်ကျလဲ မူ"

ကိုမင်းဇော်က ရေနွေးကြမ်းတစ်ခွက် ငှဲ့သောက်ရင်းက ကျသင့်ငွေ ရှင်းမည် အပြု ညီမလေးအေးက ဝင်၍

"ဟင့်အင်း...မယူဘူး။ အေးတို့ကို တကယ်ခင်တယ်ဆိုရင် အစ်ကို အဲလို မလုပ်ပါနဲ့"

ဟု ပျာပျာသလဲပြောရှာသည်။

မူကလည်း...

"အစ်ကို့ဘက်က အချိန်ရမယ်ဆိုရင် မူတို့ဆိုင်မှာ မနက်စာညစာ နေ့တိုင်း လာစားပါအစ်ကို၊ ထမင်းဖြူလည်း ရောင်းပါတယ်။ ဟင်းတွေကတော့ အစ်ကို မြင်တဲ့အတိုင်းပဲ။ စုံပါတယ်"

ဟု ဖိတ်ခေါ်သည်။ ကိုမင်းဇော်က အားတုံ့အားနာဖြင့်...

"ခု လောလောဆယ်တော့ အနေအစား ကြုံသလိုဖြစ်သလိုပဲပေါ့။ ဘာမှ သတ်သတ်မှတ်မှတ် မထားသေးပါဘူး။ ကြုံတဲ့အခါ ဝင်စားမယ်နော်"

ဟု ပြောလိုက်သည်။။

ကိုမင်းဇော်က မူတို့ညီအစ်မကို နှုတ်ဆက်သည်။

"ညပိုင်းမအားရင်တောင်မှ မနက်စောစောမှာ မူတို့ရပ်ကွက်ဘက် လှည့်လျှောက်ခဲ့ပါဦးလားအစ်ကို"

ဟုဆိုကာ မူက အရှေ့ပိုင်းရှိ အိမ်လိပ်စာအတိအကျကို ပြောပြနေသည်။

"လာလို့တော့ရပါတယ်။ မူတို့က ဆိုင်ထွက်ရမယ့်မိသားစုဆိုတော့ ညကျ တော့လည်း မိုးချုပ်မှ အိမ်ပြန်ရောက်ကြ၊ မနက်ကျတော့လည်း ချက်ရေးပြုတ်ရေး နဲ့ အလုပ်ရှုပ်နေကြမယ့်သူတွေဆိုတော့ ဧည့်သည်လာရင် ဧည့်ထောက်ခံပြီး စကား ပြောနေကြရရင် အချိန်လုပြီး အလုပ်လုပ်နေကြရတဲ့ မိသားစုအတွက် အနှောင့် အယှက်ဖြစ်မှာ သေချာတယ်မူ"

ကိုမင်းဇော်၏စကားကြောင့် မူ့စိတ်ထဲတွင်

"သြော်...အစ်ကိုဟာ လူ့အရိပ်အကဲ တော်တော်နဲ့စပ်နားလည်တဲ့ လူတစ် ယောက်ပါလား"ဟု တွေးမိရင်းက

"ဒါဆိုရင် ဒီလိုလုပ်ပါလားအစ်ကို၊ လာမယ့်သောကြာနေ့ဟာ အခါကြီး ရက်ကြီးပဲ၊ မူတို့တစ်အိမ်သားလုံး အဲ့ဒီနေ့ ဆိုင်မထွက်ကြဘူး"



သီဟရတနာစာပေ

http://www.cherrythitsar.org



ဟု ပြောသည်။

“သောကြာနေ့ ဟုတ်လား၊ အဲ့ဒီနေ့က ဘယ်လိုကြောင့် အခါကြီးရက်ကြီး ဖြစ်ရတာလဲ မူ”

ကိုမင်းဇော်က မေးသည်။

“ဝါဆိုလပြည့်နေ့လေ အစ်ကို”

ညီမလေးအေးက ဝင်ပြောမှ ကိုမင်းဇော်က...

“သြော်...ဟုတ်လား...အစ်ကို အခု ခဏနေတဲ့ ဘာဘူလေးတို့အိမ်က မြန်မာ ပြက္ခဒိန်မထားတော့ အစ်ကိုလည်း ဝါဆိုလပြည့်နေ့နီးပြီဆိုတာ စိတ်ထဲက သိနေ ပေမယ့် ဘယ်နေ့ဆိုတာ သတိမထားခဲ့မိဘူး။ ဒါဆိုရင် ဦးတို့ဒေါ်ဒေါ်တို့ကိုလည်း ပြောပြထားပေးပါနော်။ လာမယ့်သောကြာနေ့ မနက်ပိုင်းလောက် မူတို့အိမ်ကို အစ်ကို လာလည်မယ်နော်”

ဟု ပြောလိုက်သည်။

“အဲ့ဒီနေ့ကျ အိမ်မှာ မနက်စာရော ညစာပါ စားပြီးမှ ပြန်ရမယ်နော်အစ်ကို”

ညီမလေးအေးက ပြောနေသည်။

“ဟုတ်တယ်...ဖေဖေနဲ့မေမေကလည်း အစ်ကိုနဲ့ စကားပြောလို့ ဝကြမှာ တောင် မဟုတ်ဘူး။ ပြီးတော့ ဘာမှမစားဘဲ အစ်ကိုပြန်သွားရင် စိတ်ကောင်းကြ မှာ မဟုတ်ဘူး။ မမဖွေးကလည်း အရမ်းဝမ်းသာမှာပါ”

မူက ပြောပြနေသည်။

“ကဲ...ဒါဆို အစ်ကို စမ်းချောင်းဘက် သွားစရာရှိသေးလို့ သွားလိုက်ဦးမယ်”

ကိုမင်းဇော်က နှုတ်ဆက်၍ ထွက်ခဲ့သည်။ ကန်တော်မိတ်ရုပ်ရှင်ထဲမှ စန္ဒရား အေဝမ်းခင်မောင်၏ သံစုံတီးဝိုင်းမှ ဂီတသံမှာ ဆည်းဆာရိပ်တွင် ဝေ့ဝဲ၍နေပေ သည်။ ကောင်းကင်တွင် မိုးရိပ်ကလေးတစ်စကို တွေ့လိုက်ရ၏။

* * *

ထိုညက ဦးအောင်ကြီးနှင့် ဒေါ်ပိုက်မိတို့ နန်းကြီးသုပ်ဆိုင်သိမ်းပြီး အိမ်သို့ ပြန်လာချိန်တွင် ရပ်ဝေးမှ ပေးစာတစ်စောင်ကို လက်ခံရရှိပေသည်။ အိမ်ရှေ့ ဝင်းတံခါးတွင် စာတိုက်ပုံးကလေး ချိတ်ထားပေရာ မိသားစုလုပ်ငန်းဆောင်တာ အရ အပြင်သွားနေကြသော်လည်း သတင်းစာသမား၊ စာပို့သမားများက ထိုပုံး ကလေးမှာပင် ထည့်စရာရှိတာ ထည့်သွားခဲ့ကြပေသည်။

ဦးအောင်ကြီးတို့က သမီးတွေထက် စောစီးစွာ ဒီနေ့ညတွင် အိမ်ပြန်ရောက်

http://www.cherrythitsar.org



နေကြ၏။ သူတို့က အိမ်တံခါးသော့နှစ်ချောင်း ဆောင်ထားသည်။ သမီးကြီးဖွေး နှင့် အိမ်ဖော်မလေး သက်သက်တို့က သော့နှစ်ချောင်း။ မူနှင့် သမီးငယ်အေးတို့ က သော့နှစ်ချောင်း ဆောင်ထားသဖြင့် ခြံဝင်းတံခါးနှင့် အိမ်မကြီးတံခါးကို ဦးဆုံးပြန်ရောက်သူတွေက ဖွင့်နိုင်ကြရသည်။ သော့တစ်စုံစီရှိကြသဖြင့် အဆင်ပြေ ကြသည်။

မိသားစု ဆိုင်သိမ်းချိန်များမှာ မတူကြပေ။ ဆိုင်သို့ လူအကျဲအပါး၊ အနည်း အများအပေါ် မူတည်ပြီး အိမ်ပြန်စောသူက စောသလို နောက်ကျသူက နောက်ကျ နေတတ်သည်။

ဦးအောင်ကြီးက ရေတိုင်ကီမှ ရေတစ်ခွက်ခပ်ကာ ခြေထောက် မျက်နှာများ ဆေးကြောသန့်စင်လိုက်ပြီး ဓာတ်ဘူးထဲမှ မနက်ကတည်းက နှပ်ထားခဲ့သော ရေနွေးကြမ်းအဖန်ပေါ့ တစ်ခွက်ကို ငှဲ့သောက်၍ စာတိုက်ပုံးမှရရှိသည့်စာကို ဖောက်ဖတ်လိုက်သည်။

မိတ်ဆွေကြီး ဦးအောင်ကြီးခင်ဗျား...။

မိတ်ဆွေကြီး၏ ပေးစာကို ကောင်းမွန်စွာ လက်ခံရရှိပါသည်။

မိတ်ဆွေကြီး၏စာ၊ စင်ကာပူသို့ ရောက်ရှိနေချိန်တွင် ကျွန်တော်က ခေတ္တ ခရီးလွန်နေပါသည်။

ကျွန်တော် ကိုယ်စားလှယ်အလုပ်,လုပ်နေသော ပင်ရင်းဌာန၊ ဟန်ဂေရီနိုင်ငံရှိ ဂါတ်မိုတာကားကုမ္ပဏီသို့ ခေတ္တ သွားရောက်တွေ့ဆုံနေရပါသည်။

ပြီးခဲ့သည့်အပတ်ကမှ စင်ကာပူသို့ ပြန်ရောက်ပါသည်။ မိတ်ဆွေကြီး၏စာကို ဖတ်ရပါသည်။ အခြေအနေအရပ်ရပ်ကို စာရေး၍ ပြန်ကြားအပ်ပါသည်။

မိတ်ဆွေကြီး၏စာတွင် ထူးခြားသော ဉာဏ်အမြော်အမြင်တချို့ကို သတိပြုမိ သည်။

မိတ်ဆွေကြီးတို့ မြန်မာနိုင်ငံတွင် ကုန်တင်လော်ရီကားများ ရှိနေသော်လည်း ချက်ပလက်အမျိုးအစား ဓာတ်ဆီသုံး အင်ဂျင်တပ်ဆင်သည့် လော်ရီကားများက အရေအတွက် ပိုမိုများပြားနေပါသည်။

ခရီးဝေးအကြမ်းခံ ဆီစားလည်းသက်သာ၊ ကုန်တန်ချိန်လည်း ပိုမိုတင်ဆောင် နိုင်မည့် ဒီဇယ်အင်ဂျင်တပ်ဆင်ထားသော ကုန်တင်လော်ရီကားအမျိုးမျိုး၊ ကိုယ်စား လှယ်အဖြစ် ဆက်သွယ်လိုပါသည်ဟု မိတ်ဆွေကြီးက ဆိုထားရာ

မိတ်ဆွေကြီး အကဲခတ်လေ့လာနိုင်ရန်အတွက် ယခု စာနှင့်အတူ ဓာတ်ပုံ အချို့ ပေးပို့လိုက်ပါသည်။ ဇက်ဖယ်လ်-ဒီ/၄၅၀ အမျိုးအစား (၄)တန်ခွဲလော်ရီ

http://www.cherrythitsar.org



ကား ဓာတ်ပုံအချို့ကို ပေးပို့လိုက်ပါသည်။

လက်ရှိ ရန်ကုန်မြို့တွင် အသုံးပြုရန် သင့်လျော်မည့် ဘတ်စကားများအတွက် တာယာတစ်မျိုးမျိုးကိုလည်း ကုန်သွယ်လိုသည်ဆိုပါသဖြင့် လောလောဆယ်တွင် ကျွန်တော်နှင့် အဆက်အသွယ်ရှိသော မက်စီလာ၊ တာယာကုမ္ပဏီလိပ်စာ ပေး လိုက်ပါသည်။

မိတ်ဆွေကြီးကိုယ်တိုင် အလျဉ်းသင့်ချိန်တွင် ကျွန်တော်ရှိရာ စင်ကာပူနိုင်ငံသို့ လာရောက်ပြီး ပစ္စည်းအခြေအနေများ ကြည့်ရှုလေ့လာမည်ဆိုပါသဖြင့် ဝမ်းမြောက် စွာ စောင့်ဆိုင်းကြိုဆိုနေပါသည်။

လေးစားခင်မင်စွာဖြင့်
သင့်
စတင်လီ

"ကိုယ်တို့ အဲ့ဒီကားနဲ့ ပစ္စည်းတွေ ကိုယ်စားလှယ်ရခဲ့ရင် အကျိုးအမြတ် ကတော့ ရှိနိုင်ပါတယ်။ တစ်ခုစဉ်းစားဖို့က စင်ကာပူမှာ ကုမ္ပဏီခွဲတွေက အများ ကြီးကိုး။ ကြားပွဲစားတွေကလည်း ခြေချင်းလိမ်နေတယ်လို့ ကြားရတယ်။ တစ် ခေါက်လောက်တော့ ကိုယ်တိုင်ကိုယ်ကျ သွားလေ့လာချင်တယ်"

ဦးအောင်ကြီးက သူ့မိတ်ဆွေ စတင်လီရေးလိုက်သည့်စာပေါ် မူတည်ကာ ဒေါ်ပိုက်မိကို ပြောပြနေမိသည်။

"ဟိုရောက်တော့ ဘယ်မှာတည်းခိုမယ်လို့ စိတ်ကူးလဲ"

ဟု ဒေါ်ပိုက်မိက မေးသည်။

"စစ်ကြီးဖြစ်ခါစက အင်္ဂလိပ်ဘက်က မြန်မာနိုင်ငံမှာလာပြီး ဒုတိယမြို့ပြ ရေးရာ အရာရှိချုပ်လုပ်သွားတဲ့ မစ္စတာအက်ဖ်အက်စ်ဗီ ဒွန်နီဆင်ရဲ့ရုံးက ရုံးဝင် ထောက်ဟောင်း မစ္စတာအောလ်ဒိုဆိုတာ ကိုယ့်မိတ်ဆွေတစ်ယောက်ပဲ။ သူက စင်ကာပူမှာ အမျိုးသမီးတစ်ယောက်နဲ့ အိမ်ထောင်ကျပြီး ဘဏ်လီမိတက် အဖွဲ့ဝင် တစ်ယောက် ဖြစ်နေတယ်။ သူနဲ့လည်း ဆက်သွယ်ထားတယ်။ သူက ဟိုကို လာဖြစ်ရင် ဟိုတယ်တွေမှာ မတည်းပါနဲ့။ စရိတ်စကကုန်ကျမယ်။ သူ့အိမ်မှာ တည်းပါလို့ ဆိုထားတယ်"

ဦးအောင်ကြီးက အသေးစိပ်ပြောတော့လည်း ဒေါ်ပိုက်မိဘက်က တစ်ခုဖြင့် စိတ်အေးရပြီဟု မှတ်ထင်မိသည်။

"ဒါဆို ဟိုမှာ သုံးဖို့စွဲဖို့နဲ့ ဒီကအသွားအပြန် သင်္ဘောခ ခရီးစရိတ်တော့ စဉ်းစားကြရမှာပေါ့"

http://www.cherrythitsar.org



ဟု ဒေါ်ပိုက်မိက ပြောသည်။

"အေးကွာ...ဒီအတွက်တော့ မင်းဘက်က သဘောတူရင် ပစ္စည်းလေးတစ်ခုခု ထပ်ပြီး ထုခွဲရပေဦးတော့မှာပေါ့"

"ရည်ရွယ်ချက်ကောင်းတဲ့ ခရီးပဲရှင် တတ်နိုင်သမျှ ပါရမီဖြည့်ရမှာပေါ့။ ဒါလည်း သမ္မာအာဇီဝလုပ်ငန်းလုပ်မယ့်ကိစ္စမဟုတ်လား"

"သမ္မာအာဇီဝဆိုလို့ ပြောရဦးမယ်။ ပြီးခဲ့တဲ့ တနင်္ဂနွေနေ့က မသွားရင် မဖြစ်လို့ သွားလိုက်ရတဲ့ ဆန်းစွပ်ကျယ်စက်ပိုင်ရှင် ဦးအောင်မြင့်သားလေး မင်္ဂလာဆောင်မှာ ပဲခူးက ခရိုင်တာတမံအင်ဂျင်နီယာရဲ့ ညွှန်ကြားရေးဝန် ဦးခင်မောင်မောင်က ကိုယ်တို့မိသားစု ခုလို ဈေးထွက်ရောင်းနေကြတဲ့ သမ္မာအာဇီဝ ဝမ်းစာရှာမှုကို ပတ်ဝန်းကျင်က အားကျချီးကျူးနေတယ်ဆိုတာ ဖွင့်ပြောတယ်လေ"

ဦးအောင်ကြီးစကားကြောင့် ဒေါ်ပိုက်မိက ပြုံးနေသည်။

"ဟုတ်တယ် ဦးခင်မောင်မောင်ကတော့ ကျွန်မတို့မိသားစုနဲ့ပတ်သက်လာရင် ပတ်ဝန်းကျင်မှာ တော်တော့်ကို ချီးကျူးစကားပြောတတ်တဲ့လူ"

ဟု ဒေါ်ပိုက်မိက ပြောသည်။

"အဲ့ဒီနေ့က မင်္ဂလာဆောင်မှာ စားပွဲဝိုင်းတစ်ဝိုင်းလုံးကို သူက ဘာပြောလဲ ဆိုတော့ လက်လီဈေးသည်တစ်ယောက်မှာလည်း သူ့ရင်းနှီးမြှုပ်နှံမှုနဲ့သူပဲတဲ့။ အတိုင်းအတာရယ်၊ အချိန်ရယ်၊ လူအင်အားရယ်၊ ရင်းနှီးမြှုပ်နှံမှုရယ် ရှိမှ လက်လီဈေးသည်ဆိုတာ ဖြစ်လာနိုင်တယ်ဆိုတာ အကိုးအကားတွေနဲ့ ပြောနေလိုက်တာ ဝိုင်းထဲကလူတွေ ငေးပြီးတော့ နားထောင်ကြရတယ်"

"ဦးခင်မောင်မောင်က ဘာတွေများ ကိုးကားပြီးပြောပြလို့လဲ"

"လူတွေဟာ ကြိုးစားကြသည်ပဲဖြစ်စေ၊ ပျင်းရိကြသည်ပဲဖြစ်စေ ဈေးကွက်တွေကို အခြေခံတဲ့ စီးပွားရေးကို စိတ်ဝင်တစား ဖြစ်လာပြီး ကျွမ်းကျင်အောင် တဖြည်းဖြည်း လုပ်ကိုင်စမ်းသပ်ကြည့်လာကြမယ်ဆိုရင် လူတိုင်းရဲ့ လွတ်လပ်မှုကို ပါ ဖော်ထုတ်ပေးနိုင်မယ့် နည်းလမ်းတွေ ရှိလာမယ်ဆိုတဲ့ စကော့လူမျိုး အက်ဒမ် စမစ်ရေးတဲ့ စာအုပ်အကြောင်း ပြောပြသွားတယ်လေ။

**AN INQUIRY INTO THE NATURE AND CAUSES OF THE WE - ALTH OF NATIONS**

ဆိုတဲ့ စာအုပ်ပါ။ နိုင်ငံများချမ်းသာကြွယ်ဝလာခြင်းရဲ့ သဘာဝနဲ့ အကြောင်း ရင်းတွေကို စူးစမ်းလေ့လာပြီး တင်ပြထားတဲ့စာအုပ် ဆိုပါတော့ကွာ"

http://www.cherrythitsar.org



သူတို့ စကားကောင်းနေကြဆဲမှာပင် သမီးကြီးဖွေးနှင့် အိမ်ဖော်မလေး သက်သက်တို့ ဆိုင်သိမ်းပြီး ဆိုက်ကားတစ်စီးနှင့် ပြန်လာကြသည်။

လူငယ်တွေဆိုတော့ ဟောဟောဒိုင်းဒိုင်းနှင့် အဖေအမေကို နှုတ်ဆက်ပြီး ပစ္စည်းတွေ ခြေပစ်လက်ပစ် ဖရိုဖရဲချကာ အဝတ်အစားလဲကြ၊ ရေကမန်းကတန်း သောက်ပြီး ကိုယ်လက်သန့်စင် ရေချိုးကြ၊ မနက်ချက်ဖို့ပြုတ်ဖို့ ဈေးဝယ်ဖို့ကိစ္စ တိုင်ပင်ကြနှင့် တိတ်ဆိတ်နေသော အိမ်ကလေးမှာ လှုပ်လှုပ်ရှားရှား ဖြစ်လာသည်။

ခဏကြာတော့ အိမ်ရှေ့ ခတ်မီးတိုင်၏ အလင်းရောင်အောက်တွင် ဆိုက်ကားတစ်စီးဆိုက်လာပြန်ပြီး သမီးလတ်မူနှင့် သမီးငယ်အေးတို့ ဆင်းလာကြပြန်သည်။

"ဖေကြီးနဲ့ မေမေ့ကို ဝမ်းသာစရာ ပြောပြရဦးမယ်"

"ဘာဝမ်းသာစရာလဲဟော့..."

ရေချိုးပြီးစ မွေးပွတဘက်ကြီးခြုံ၍ ထွက်လာသော ဖွေးက လှမ်းမေးသည်။

"မီးပြတိုက်က ကိုမင်းဇော် ဝါဆိုလပြည့်နေ့မနက်ကျရင် အိမ်ကိုရောက်လာ လိမ့်မယ်"

"ဟာ...ဟုတ်လား"

ဖခင်ကြီး ဦးအောင်ကြီးကိုယ်တိုင် ဝမ်းသာအားရ ဖြစ်သွားသည်။ မူက ထမင်းကြော်ဆိုင်ကလေးသို့ ကိုမင်းဇော်ရောက်လာပုံကို ပြန်ပြောပြနေသည်။

"ဝမ်းသာလိုက်တာဟယ်"

အစ်မကြီးဖြစ်သူ ဖွေး၏နှုတ်ဖျားမှ ပျံ့လွင့်လာသောစကားသံကြောင့် မူက လှမ်း၍ အကဲခတ်သည်။ ဖွေးက တကယ်ပင် ရင်ထဲတွင် ဝမ်းသာနေပေသည်။

ကိုမင်းဇော်လို လူတစ်ယောက်မှာ ပြန်တွေ့သင့် ပြန်ဆုံသင့် ပြန်ကြုံသင့်သော လူတစ်ယောက်ဟု ဖွေးရင်ထဲတွင် ထင်လေသည်။

ရံခါ လ,သာသောညများတွင် ဖွေး၏ရင်၌ ပင်လယ်ထဲက အိပ်မက်ဘဝကို ပြန်ရောက်သွားတတ်ခဲ့ပေသေးသည်။

ဘဝတစ်ကွေ့ ခဏတွေ့ခဲ့ရပေသော်ငြား လူသားဆန်စွာ မြန်မာအချင်းချင်း ရိုင်းပင်းကူညီခဲ့သော ကိုမင်းဇော်၏ လုပ်ရပ်များက ဖွေးဘဝကို ယုံကြည်စိတ် ဖြစ်စေခဲ့သည်။

မိခင်ဖခင်နှင့် အစ်မက ကိုမင်းဇော်အကြောင်း ဝိုင်းမေးနေကြရာ မူနှင့် အေးမှာ ဒိုင်ခံပြောပြနေရပေသည်။

"သြော်...မောင်မင်းဇော်...မောင်မင်းဇော်...သေကံမရောက် သက်မပျောက်

http://www.cherrythitsar.org



ပြန်ရောက်လာသေးတယ်နော်”

ဒေါ်ပိုက်မိက ဝမ်းသာအားရ ပြောနေသည်။

* * *

ညကမ္ဘာတွင်တော့ ဘာဘူလေးတို့ရပ်ကွက်ငယ်မှာ တိတ်ဆိတ်လျက်ရှိပေသည်။ ကလေးငိုသံ၊ မူးယစ်ပေါက်ကွဲ ရန်ဖြစ်ဆဲဆိုသံ တချို့ပါ ငြိမ်သက်လို့သွားချေပြီ ဖြစ်သည်။

ခနိမိုး၊ ထရံကာ၊ ဝါးကြမ်းခင်း တဲအိမ်ခန်းကလေး၏ မျက်နှာစာတွင် ဘာဘူလေးနှင့် ကိုမင်းဇော်က ဖြစ်ကတတ်ဆန်း အိပ်နေကြရသည်။

အိမ်အတွင်းခန်းမှာတော့ ထရံတစ်ချပ်သာ ခြားကာ ဘာဘူလေး၏ ပထွေး လင်မယားက အိပ်မောကျနေကြသည်။ ပထွေးဘက်ကပါလာသော သားလေး လည်းရှိသည်။ ခြံဝိုင်းတစ်ဝိုင်းထဲတွင် တဲကလေးတွေ (၅)တဲ စုဝေးဆောက်ကာ ခြံနောက်ဘက် ခပ်ကျကျတွင် အိမ်သာတစ်လုံးက ဖရိုဖရဲ။ ခြံပိုင်ရှင်အဘွားကြီး ဒေါ်စလေယာမှာ မုဆိုးမဖြစ်သည်။ သူက စစ်ကြီးပြီးစတွင် တဲကလေးတွေ ဆောက်ကာ အိမ်လခရလျှင်ပြီးစတမ်းသဘောမျိုးဖြင့် ကြုံရာလူကို ဆွဲတင် ငှားရမ်းထားခြင်းမို့ လူက ပေါက်ပန်းဈေး ဖြစ်နေသည်။

ဒေါ်စလေရာကလည်း အာကခပ်ကြမ်းကြမ်း။ (၃)ခန်းတွဲတဲကြီးမှာ ဒေါ်စလေယာက ခေါင်းရင်းခန်းမှာနေသည်။ အလယ်ခန်းမှာက ယာကွတ်တို့ သားအဖတစ်တွေ နေကြသည်။ ယာကွတ်မိန်းမက ဆုံးသွားတာ ဘာမှမကြာသေး။ ကောင်လေး (၄)ယောက်နှင့် ကောင်မလေးတစ်ယောက် သားသမီးအဖြစ် ကျန်ရစ် သည်။ ယာကွတ်က ရထားတွဲစက်ခေါင်း မီးထိုးသမား။ နေ့ပိုင်းဖြစ်ဖြစ် ညပိုင်း ဖြစ်ဖြစ် ယာကွတ် အလုပ်သွားနေချိန်တွင် တဲမှကျန်ရစ်သည့် ကလေးတွေ အချင်းချင်း ဖြစ်သမျှပြဿနာကို တဲရှင် ဒေါ်စလေယာက ဆဲဆိုအော်ဟစ်ပြီး ဖြေရှင်းပေးတတ်သည်။ ယာကွတ်ပြန်လာလျှင် အော်ဟစ်တိုင်တန်းတတ်သည်။ ယာကွတ်က ကလေးတွေကို ရိုက်၊ ကလေးတွေကငို။

“ဟဲ့…ယာကွတ်၊ နင့်သားသမီးတွေက ခြံနောက်ဘက်က အိမ်သာမှာ သေး သွားမပေါက်တတ်ကြတော့ဘူးလား။ အိမ်ပေါ်ကနေ သေးတွေပေါက်ချတာ နံစော် နေတာပဲ”

ဟု ဆူတာဆဲတာမျိုးလည်း ကြုံရသည်။

http://www.cherrythitsar.org



တစ်နေ့ ဒေါ်စလေယာ ဘီးလင်းဘက်က သူ့သမီးနှင့်သားမက်များထံ (၅)ရက်လောက် ကိစ္စတစ်ခုနှင့် သွားနေခိုက် ခြံဝင်းထဲမှ တဲတစ်တဲတွင်နေသော သူ့မွေးစားသမီး အဘီက သုံးစရာမရှိ၍ ဒေါ်စလေယာ၏ ခြင်ထောင်ကိုယူပြီး ပေါင်နှံလိုက်သည်။ ဒါကို ဒေါ်စလေယာတို့တဲနောက်က တဲမှာနေသော မောင် ဖြစ်သူ ဟာရှင်၏မိန်းမက တွေ့သွားပြီး အဘွားကြီးပြန်လာလာချင်း ခရီးရောက် မဆိုက် သွားတို့လိုက်ရာ ပွက်လောရိုက်ပါလေတော့သည်။

မျက်နှာလိုအားရ တိုင်ရပ်ါ့မလားဆိုပြီး အဘီနှင့် ဟာရှင့်မိန်းမတို့ ဆဲဆို သတ်ပုတ်ကြပြန်သည်။

အဘို့ယောက်ျား ဆိုက်ကားသမားကလည်း ညညဆို မူးပြီးမှ ပြန်လာတတ် စမြဲ။

"ဟော့...အဘီ...ငါ့ကို ထမင်းခူးပေးစမ်း"

"ငါ့ကို ရေချိုးပေးစမ်း"

စသည်ဖြင့် နိုင်နင်းခိုင်းစေတတ်သည်။ ပြောမည့်သာ ပြောရသည်။ အဘီလေး မှာ ကလေး ၅ ယောက်နှင့် ပင်ပန်းရှာသည်။ လင်ဖြစ်သူ ငမူး ပြန်မလာမီ ကလေးတွေတရုန်းရုန်းနှင့် ရှိတာလေးဖြင့် ဈေးပြေးဝယ်ရ၊ ချက်ရပြုတ်ရ၊ သည်ကြားထဲ ဈေးသုံးလေးရအောင် ရေထမ်းရရှာသေးသည်။ သူ့မှာ မလုည့်သာ မရုန်းသာလွန်း၍သာ ကြံရာမရ ဒေါ်စလေယာ၏ခြင်ထောင်ကို ယူပေါင်လိုက် ရခြင်း ဖြစ်ဟန်တူပေသည်။

အဘီတို့တဲနောက်မှ တဲကလေးတွင်နေထိုင်သော ညားခါစ အီဆာတို့ လင်မယားကျတော့ ငယ်ကလည်းငယ်သေးသည်မို့ ကိုယ်ဝန်ကြီးတကားကားနှင့် ရရစားစား သွားသွားလာလာ သုံးသုံးဖြုန်းဖြုန်း။ အီဆာကလည်း ဆိုက်ကားနင်း သူပင် ဖြစ်သည်။ ကိုယ်ပိုင်ဆိုက်ကားတော့မဟုတ်။ အုံနာခပေး၍ ငှားနင်းသူပင် ဖြစ်သည်။ ကိုယ်ပိုင်ဆိုက်ကားမဟုတ်။ အုံနာခပေး၍ ငှားနင်းခြင်းဖြစ်သည်။ အီဆာက ဆိုက်ကားဂိတ်မှာ လူစုံလျှင် တစ်ပဲတစ်မူးကစ,လို့ လောင်းကြေးနှင့် အန်ဇာတုံး လိမ့်တတ်သည်။ ညနေစောင်းကျတော့ အရက်လေးက ခပ်ထွေထွေ၊ ထမင်းဟင်းချက်ဖို့ စုံစီနဖာဝယ်စရာမရှိလျှင် လင်မယားနှစ်ယောက် ရန်ဖြစ် ဆဲဆိုကြတော့သည်။ သည်တဲစုကလေးမှာ အရှာဘီဆိုသည့် ကောင်မလေးက စာရင်းစာအုပ်ကလေးတစ်ကိုင်ကိုင်နှင့် နေ့စဉ် နေ့ပြန်တိုး လာ,လာကောက်တတ် ပြန်သေးသမို့ နေ့ပြန်တိုးပေးစရာမရှိလျှင် အီဆာတို့ ကြက်ပျောက်ငှက်ပျောက် ရှောင်တိမ်းနေတတ်သည်။ အရှာဘီက ဈေးထဲမှာ အထည်ဆိုင်ဖွင့်ထားသည်။

http://www.cherrythitsar.org



တဲစုလေးမှ မိန်းမများက နေ့ပြန်တိုးဖြင့် အထည်တစ်ထည်ကိုယူပြီး လက်ငင်းငွေလုံးခနဲရသော အပေါင်ခံသည့်အိမ်တစ်အိမ်မှာ ရသလောက်နှင့်သွား၍ ပေါင်နှံသုံးစွဲပစ်တတ်ကြသည်။ ထို့ကြောင့် ဟိုဘက်မရွှေးနိုင် သည်ဘက်မပေးနိုင်နှင့် သပွတ်အူလို ရှုပ်ပွေနေကြရခြင်း ဖြစ်သည်။

တကယ်တော့ ကိုမင်းဇော်ကိုယ်တိုင်လည်း သည်တဲစုကလေးမှာ ညဘက်အိပ်ချိန်တစ်ချိန်သာ ရှိနေတတ်သည်။ မနက်ဘက်ဆို ကိုမင်းဇော်က ဘာဘူလေးနှင့်အတူ ဘာဘူလေး၏ ပထွေးလင်မယား ဆိုင်ခင်းထားသော ဈေးထဲက ကုန်စုံဆိုင်တွင် ဝိုင်းကူရောင်းချပေးနေတတ်သည်။

ရန်ကုန်မြို့ထဲက ဆိပ်ကမ်းရုံးကြီးတွင် ကိုမင်းဇော်က မီးပြတိုက်ဆိုင်ရာစီမံရေးရာဌာနတွင် အရာရှိငယ်စာမေးပွဲ ဝင်ဖြေရန် လျှောက်လွှာတင်ထားပြီးဖြစ်သည်။ သို့သော် လွတ်လပ်ရေးမရသေးမီစပ်ကြား၊ ဖက်ဆစ်ဂျပန်တို့ စစ်ကြီးတွင် အရေးနိမ့်၍ ပြန်လည်ဆုတ်ခွာ ဌာနေပြန်စတွင် တစ်ကျော့ပြန် ဦးမော့လာသောကိုလိုနီအုပ်ချုပ်ရေး ဗြိတိသျှကြိုးနီစနစ်အရ ဌာနတော်တော်များများတွင် ဝန်ထမ်းရေးရာ ပြန်လည်ခန့်ထားဖို့ စီစဉ်ကြချိန်တွင် တစ်နွယ်ငင်တစ်စဉ်ပါ ဘိုကပြားတော်တော်များများကိုသာ လျှောက်လွှာအရ ဦးစားပေးနေသေးသဖြင့် ကိုမင်းဇော်မှာမိမိလျှောက်လွှာခေါ်ရက်ကို အောင့်အင်းစောင့်ဆိုင်းနေရပေသည်။

ဘာဘူလေးကတော့ မီးပြတိုက်အလုပ်သမားဘဝမှ အနားယူပြီး ပထွေး၏ကုန်စုံဆိုင်မှာပင် ဝင်ရောက်ကူညီလုပ်ကိုင်ပေးလိုသော အရိပ်အရောင်ရှိနေပေသည်။

မီးပြတိုက်အလုပ်သမားဘဝ၏ ခက်ထန်ကြမ်းတမ်းသော အတွေ့အကြုံကိုဘာဘူလေး သွေးပျက်ခဲ့ဟန်တူသည်။

ကိုမင်းဇော်အတွက်တော့ ဘာဘူလေး၏ပထွေး မူကာဂျီနှင့် သူ့မိန်းမ ဟာစီနာတို့၏ ကုန်စုံဆိုင်တွင် အလုပ်ဝင်လုပ်ပေးနေရသည်မှာ ယာယီမျှသာဟု ဆိုသော်ငြား အတွေ့အကြုံတော့ တော်တော်လေး ရလိုက်ပေသည်။

မူကာဂျီတို့လင်မယားစိတ်ထဲတွင် ဘာဘူလေး၏ မိတ်ဆွေ ကိုမင်းဇော်ကိုသာမန်ကုန်စုံဆိုင် အလုပ်သမားတစ်ယောက်လိုပင် သဘောထားကာ ခိုင်းစေသည်။ သူတို့စိတ်ထဲတွင် ကိုမင်းဇော်မှာ သူတို့ထမင်းကိုစား၍ သူတို့အိမ်မှာ လာရောက်ခိုကပ် အိပ်စက်နေသူ၊ သူတို့ဆိုင်မှာ လာအလုပ်လုပ်ပေးသူဟူ၍သာ သဘောထားသည်။

ဘာဘူလေးကိုယ်တိုင်ပင်လျှင် ကိုမင်းဇော်၏မိဘမျိုးရိုး၊ ကိုမင်းဇော်သင်ကြား

http://www.cherrythitsar.org



ခဲ့သော ယူနီဗာစီတီအိုင်အေပညာ၊ ကိုမင်းဇော်နေထိုင်ခဲ့ဖူးပါသည်ဆိုသော ပန်းဆိုးတန်းမှ တိုက်တို့ကို စိတ်မဝင်စားပေ။

မူကာဂျီက အခိုင်းတော့ ဖယ်ဆက်ပေသည်။ အခု ကြက်သွန်အိတ် သွားသယ်ခိုင်း၊ တော်ကြာ မြေပဲဆီတိုင်ကီ သွားလှိမ့်ခိုင်း။ ခဏနေ ငရုတ်သီးအိတ်များပြေးထမ်း၊ ငှူငှူကြီးထိုင်နေတာ မကြိုက်။ ညနေဈေးပိတ်မှ ကိုမင်းဇော်သွားချင်ရာသွားဖို့ အချိန်ရသည်။

မူကာဂျီမိန်းမ ဟာစီနာကလည်း ဆိုင်တံမျက်စီးလှည်းတာ၊ သောက်ရေအိုးရေဖြည့်တာကအစ ကြုံသလို ခိုင်းသွားတတ်သည်။

မူကာဂျီနှင့် ဟာစီနာတို့၏ (၁၀)နှစ်အရွယ် သားလေးအလီကလည်း ဆိုင်နီးပတ်ဝန်းကျင် အော့ကြောလန်အောင် ဆိုးသည်။ ဆော့သည်။ တော်ကြာနေဆိုင်နီးနားချင်းက ကလေးတချို့နှင့် စီခနဲ ရန်ဖြစ်တတ်ပြန်သည်။

မူကာဂျီတို့ကလည်း အလီမှအလီ။ သူများသားသမီးဘက်က အလွန်။

ကိုမင်းဇော်ကတော့ ဈေးသိမ်းချိန်တွင် တဲစုလေးသို့ စောစောမပြန်တတ်ပေ။ သူ့နေ့တွက်ခကိုယူကာ ပိုက်ဆံတစ်ပြားပေးပြီး ကန်တော်ကြီးစောင်းဘက်ဖြစ်ဖြစ်ဘတ်စကားစီး၍ ထွက်လာခဲ့တတ်သည်။ ညစာထမင်းကို ကြုံရာလမ်းဘေးဆိုင်တွင် ဝင်စားတတ်သည်။

ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ခဲ့ရခြင်းမှာ စာတွေကို မဖတ်ဖြစ်ဘဲ လူတွေကိုဖတ်ဖြစ်ခဲ့သလို ခံစားရလေသည်။

ပင်လယ်ထဲကမီးပြတိုက်မှ ရန်ကုန်ပြန်ခွင့်ရ၍ ရိက္ခာပို့သင်္ဘောကြီးနှင့် ပြန်လာပြီး ပန်းဆိုးတန်းကိုရောက်တော့ ဂျပန်စစ်လေယာဉ်တို့၏ ဗုံးဒဏ်ခံလိုက် ရသောတိုက်မှာ ပြိုကျပျက်စီး အမှိုက်ပုံကြီးဖြစ်နေတာ ရင်ဆို့ဖွယ်ရာ တွေ့လိုက် ရသည်။

အိမ်နီးနားချင်းတချို့ကလည်း စစ်ပြေးဘဝဖြင့် ဘယ်ရောက်လို့ ဘယ်ပေါက်နေကြသည်မသိ။

တစ်ယောက်စနှစ်ယောက်စ ပြန်တွေ့တော့လည်း ကိုယ့်ဝမ်းနာ ကိုယ်သာသိဆိုသလို ကိုယ့်နေရေးစားရေးကိစ္စသာ ပြန်လည်တည့်မတ် လုံးပန်းနေကြရ၍ကိုမင်းဇော်ကို ဝတ်ကျေတန်းကျေလောက်သာ ဆက်ဆံကြသည်။

ရွှေရှိမှမျိုးရှိသည်ဟု ဖေဖေနှင့်မေမေ မကြာခဏ ပြောတတ်ခဲ့ဖူးသော စကားအရ ဆွေမျိုးတချို့ရှိရာ ကြည့်မြင်တိုင်ဘက်သို့လည်း ကိုမင်းဇော် ခြေဦးမလှည့်ဖြစ်ပေ။

http://www.cherrythitsar.org



စိတ်တူသဘောတူဖြစ်ခဲ့သော ကောလိပ်က ကျောင်းနေဖက် သူငယ်ချင်းတချို့နှင့် ပြန်တွေ့တော့လည်း တချို့က ဗုံးဒဏ်ခံလိုက်ရသလို တချို့က မိဘစီးပွားရေး ပြန်လည်ထူထောင်ရန် ဝိုင်းဝန်းနေကြရသည်။

စစ်ဘေးစစ်ဒဏ်ကြာမှာပင် ကံအားလျော်စွာ ဘေးမသီရန်မခခဲ့ကြသော ကံကောင်းသူ ကျောင်းနေဖက်သူငယ်ချင်းတချို့ကျတော့လည်း ယခင်ကတည်းကပင် ကိုမင်းဇော်နှင့် အယူအဆချင်းမတူခဲ့သူများ ဖြစ်နေသည်။

သူတို့က ဘဝကို ဘာမှ အောက်ခြေက တစ်ဆင့်ပြီးတစ်ဆင့် တက်သွားစရာမလို။ ကောလိပ်မှာ ပညာသင်နေတာ အလုပ်ကြမ်းဝင်လုပ်ပြီး လေ့လာဖို့မဟုတ်။ အရာရှိဖြစ်ဖို့ ပညာသင်နေတာ။ မိဘအရိပ်မှာ အေးအေးလူလူနေပြီး ပညာသင်ဖို့၊ အရာရှိဖြစ်ဖို့ကလွဲပြီး ဘာမှစိတ်မဝင်စား။ ဗြိတိသျှပဲ အုပ်ချုပ်အုပ်ချုပ်၊ အီတလီကမူဆိုလိုနီပဲ ရောက်လာလာ၊ အရေးကြီးတာက မိဘစားဝတ်နေရေး ပြေလည်ဖို့ဆိုသည့် လူတွေနှင့် ကိုမင်းဇော် ပြန်ဆုံတော့ သူတို့က ကိုမင်းဇော်လို မီးပြတိုက်ကပြန်လာသူတစ်ယောက်ကို ခပ်ကြောင်ကြောင်သမားပါလားဟူသည့်အကြည့်စိမ်းများဖြင့်ကြည့်ပြီး ဟက်ဟက်ပက်ပက် ဆေးဖော်ကြောဖက်ပင် မလုပ်ကြချေ။

မိမိရည်ရွယ်ချက်နှင့် ဘဝအမှန်ကိုသိဖို့ စိတ်မဝင်စားကြသော်လည်း မိမိကိုအိပ်စရာနေရာပေးပြီး အလုပ်သမားတစ်ယောက်လို ပိုက်ဆံပေးခိုင်းစေဖော်ရနေသေးသည့် မူကာဂျီတို့ ဟာစီနာတို့လို လင်မယားမျိုးကိုပင် ကြုံဖန်၍ ကျေးဇူးတင်ရမလို ဖြစ်ခဲ့သည်။

တစ်ညနေမှာတော့ စစ်ဘေးစစ်ဒဏ်ကို အလူးအလဲခံခဲ့ရသည့် မိမိတို့မိသားစုလေး၏ ဘဝကို တွေးဆရင်း ကိုမင်းဇော်တစ်ယောက် ဗုံးဒဏ်ကြောင့် ပျက်စီးသွားပြီဖြစ်သော မိမိတို့တိုက်ရှိခဲ့ရာ မြေကွက်လပ်ကြီးရှေ့မှာရပ်ကာ ပုထုဇဉ်ပီသစွာငိုင်တွေငေးကြည့်နေမိခဲ့ပေသေးသည်။

ထိုမြေကွက်လပ် အုတ်ခဲကျိုး အပိုင်းအစများကြားမှာ ဦးရာလူတစ်စုကပွဲလန့်တုန်းဖျာခင်းဆိုသလို အလျှိုအလျှိုဝင်လာကြပြီး အစားအသောက်ဆိုင်လေးတွေ ဖွင့်ထားကြတာ ကိုမင်းဇော် မြင်ရသည်။ ညဈေးတန်းကလေးတောင်မှဖြစ်လို့။ အိပ်မက်ဆိုးကြီးပါလား၊ စစ်ဆိုတဲ့ ကြောက်စရာဘီလူးသရဲကြီးရယ်…ရင်ထဲတွင်နင့်သွားသည်။

တစ်ချိန်က ဖေဖေမေမေနှင့်အတူ ချမ်းမြေ့စွာနေခဲ့ရသည့် (၃)ထပ်တိုက်တစ်တိုက်ဆိုသည်က ပစ္စုပ္ပန်ဘဝမှာ အုတ်ခဲကျိုး၊ အုတ်ခဲပဲ့များ ဖြစ်သွားခဲ့ပေပြီ။

ဘဝပျက်ခြင်းဆိုတာ ဒါပဲဖြစ်မည်။ ထိုစဉ်က မိမိတို့မိသားစုက မြေညီထပ်

http://www.cherrythitsar.org



တွင် တစ်ခန်းနေကာ ကျန်အထပ်များတွင် လူငှားတင်ထားခဲ့သည်။

မနက်မနက်ဆို တစ်ကိုယ်လုံး သနပ်ခါးအဖွေးသားနှင့် လေ့ခါးထစ်များမှ ဆင်းလာတတ်သော စာရေးမလေး ခိုင်ခိုင်ဌေးနှင့် ဦးညိန်းဆင့်တို့သားအဖကို မြင်ယောင်မိသည်။

မနက်တိုင်း မိမိနှင့်အတူ (၂၇)လမ်းထိပ်က နွားနို့ဆိုင်မှာ နွားနို့ပူပူ သွားသောက်ရင်း စကားလက်ဆုံကျနေကျ ကိုဆွေဒီမှာ လူငယ်ပန်းချီဆရာ တစ်ယောက်ဖြစ်သည်။

ကိုဆွေဒီက မိမိတို့နေသောအခန်းနှင့် မျက်နှာချင်းဆိုင်အခန်းမှာ နေသောလူရည်သန့်တစ်ဦးပင် ဖြစ်သည်။ သူက မြန်မာအဆွေကုမ္ပဏီတွင် ပန်းချီရေးနေသူဟု သိရသည်။ အေဝမ်းဖလင်မှ ရုပ်ရှင်ဆက်တင်နောက်ခံကားများလည်း ရံခါတွင် ဝင်ရေးရသည်ဟု သိရသည်။ သူ့မျက်နှာက အမြဲပြုံးချိုနေတတ်သည်။ စီးကရက်ကြိုက်တတ်သည်။

ကိုမင်းဇော်အလွမ်းဆွတ်မိဆုံးကတော့ မိမိ၏အိပ်ခန်းပြတင်းပေါက်လေးပင် ဖြစ်သည်။

ထိုပြတင်းပေါက်လေး၏ အနီးတွင် မိမိ၏စာအုပ်ဗီရိုနှင့် စာဖတ်စားပွဲရှိခဲ့ဖူးသည်။ မျက်နှာကြက်တွင် ချာလည်လည်နေတတ်သော ပန်ကာရှိခဲ့ဖူးသည်။ လင်းလက်နေသော လျှပ်စစ်မီးပွင့်တို့သည်လည်း ရှိခဲ့ဖူးသည်။

ထိုပြတင်းပေါက်လေးမှ တစ်ဆင့် ပတ်ဝန်းကျင်ကို မိမိ ငေးမောခဲ့ဖူးပေသည်။

ထိုအဆောက်အအုံထဲမှာပင် ဖေဖေမေမေနှင့်အတူ အသားညှပ်မုန့်များ ဒံပေါက်ထမင်းများ၊ ထောပတ်ထမင်းများ၊ သစ်သီးများ၊ လိမ္မော်ရည်ပုလင်းများ ဖြင့်နေချင့်စဖွယ် ရှိခဲ့ဖူးသည်။

ခုတော့ ထိုဘဝ ပြိုကျခဲ့ပြီပေါ့။ ပင်လယ်ဆိုသော လှိုင်းတံပိုးဒေါသတို့ အုံကြွရာ၊ သောကမောဟ တိမ်ညိုတိမ်မည်းတို့ အုံ့ဆိုင်းရာ အမှောင်ကမ္ဘာကြီးရဲ့ မီးပြတိုက်တစ်တိုက်ဆီမှ ပြန်လာခဲ့ရသော လူငယ်လေးတစ်ယောက်ကို မြို့ကြီးပြကြီးရဲ့ မျက်နှာတချို့ စိတ်တချို့က တစိမ်းဆန်လွန်းလှစွာ ဆီးကြိုရက်ခဲ့ပါပေါ့။

အဓိက,ကတော့ မိမိရဲ့ဘဝအမှန်ကို နားလည်သော ဖေဖေ မေမေတို့နှင့် အားရပါးရ ပြန်လည်ဆုံစည်းနိုင်ခွင့်ပါပဲ။

ခုနေခါမှာဖြင့် မမျှော်လင့်ပါဘဲနှင့် အံ့အားတသင့် မူတို့ ညီမလေးအေးတို့ကို ကန်တော်မိတ်ရုပ်ရှင်ရုံရှေ့တွင် ပြန်လည်ဆုံစည်းခဲ့ရပြန်သည်။

"မိသားစုတစ်ခုလုံးက အစ်ကိုနဲ့ ပြန်တွေ့ရတာကို ဝမ်းသာကြမှာပါ" တဲ့။

http://www.cherrythitsar.org



မှုစကားကို သူ ပြန်လည်သတိရနေမိသည်။

* * *

ဝါဆိုလပြည့်နေ့မှာ အခါကြီးရက်ကြီးဖြစ်သည့် အားလျော်စွာ ဈေးများပိတ်သည်။ မူကာဂျီတို့ ကုန်စုံဆိုင်လည်း ပိတ်သည်။

ဘာဘူလေးတစ်ယောက် ကွေးကောင်းတိုင်းကွေး၍ အိပ်ရာမှမထသေးမီမှာပင် ကိုမင်းဇော်က မျက်နှာထသစ်ပြီး အိမ်မှထွက်လာခဲ့သည်။

မူပေးထားသော လိပ်စာအတိုင်း ပုဇွန်တောင် ရေကျော်ရပ်ကွက်ဘက်သို့ ထွက်လာခဲ့သည်။

ရေကျော်လမ်းမကြီးအရောက်တွင် ရွှေဘုန်းပွင့်စေတီတော်၏ ငှက်မြတ်နားကို လှမ်းတွေ့ ဖူးမြင်လိုက်ရသဖြင့် ဘုရားဖူးပြီးမှ ဦးအောင်ကြီးတို့မိသားစုထံ သွားမည်ဟု ရည်ရွယ်ကာ စေတီတော်ရှိရာဘက်သို့ လှည့်လျှောက်ခဲ့သည်။

အင်္ကျီအိတ်ကပ်ထဲတွင် ပါလာသော ပိုက်ဆံတစ်မူးကို ဗုဒ္ဓဝေယျာဝစ္စ အလှူခံ ပုံးထဲသို့ထည့်ကာ အနန္တောအနန္တငါးပါးကို အာရုံပြု ရှိခိုးကန်တော့လိုက်သည်။

ဘုရားဖူးတချို့ ကပ်လှူပူဇော်ထားသည့် နှင်းဆီ၊ စံပယ်၊ သော်ကပန်းရနံ့များက ဘုရားရင်ပြင်တော်ပေါ်ဝယ် ထုံသင်းပျံ့ပျံ့ရှိနေသည်။

“ကိုမင်းဇော်”

“ဟင်(..) မဟုတ်လားဟင်”

ကြာသပတေးထောင့်မှ ကွေ့အထွက် မျက်နှာချင်းဆိုင် ဆုံမိလိုက်ကြသူနှစ်ဦး တစ်ယောက်ကိုတစ်ယောက် နှုတ်ဆက်လိုက်မိကြသည်။

“ကျွန်တော်အခုပဲ ဘုရားအာရုံပြုပြီးတာနဲ့ မူပေးသွားတဲ့လိပ်စာအတိုင်း ဖွေးတို့အိမ်ကို လာတော့မလို့”

“ဟုတ်ကဲ့...မူကလည်း လပြည့်နေ့မနက် ကိုမင်းဇော်လာလိမ့်မယ်ဆိုတာ တစ်အိမ်လုံးကို ပြောထားလို့ ဖေဖေတို့မေမေတို့ကအစ ဝမ်းသာနေကြတယ်”

“ကဲ...ဒါဆိုရင် ကျွန်တော် သွားလိုက်တော့မယ်နော်”

“ခဏနေပါဦး ကိုမင်းဇော်...ကြာသပတေးထောင့်မှာ ဘုရားရေသပ္ပာယ်ပြီး ရင် ဖွေးလည်း အတူတူ အိမ်ကိုပြန်လိုက်မှာပါ။ ဒီနေ့တော့ ဖွေးတို့တစ်အိမ်လုံး အလုပ်နားကြတယ်လေ။ ဒါကြောင့် ဘုရားလာဖူးတာပါ။ နီးရက်နဲ့ ဝေးဆိုသလို နိစ္စဓူဝ ကိုယ့်အလုပ်နဲ့ကိုယ် ဗာဟီရတွေများနေကြတော့ ခုလို အလုပ်အားရက်ကျ

http://www.cherrythitsar.org



မှပဲ ဘုရားရောက်ဖြစ်တော့တယ်လေ”

ဖွေးစကားကြောင့် ကိုမင်းဇော် ပြုံးမိသည်။

သူကိုယ်တိုင်လည်း ဘဘူလေးတို့နှင့် အတူနေရစဉ်ကာလမှာ အလုပ်အားချိန်မှသာ ခုလို ဘုရားပုထိုးသို့ ဝင်ရောက်ဖူးမြော်ခွင့် ကြုံရတတ်သည်။

ကိုမင်းဇော်က ဖွေးတစ်ယောက် ဘုရားရေသပ္ပာယ်နေတာကို ငေးကြည့်နေမိသည်။

စစ်အတွင်းက အယ်လ်ဂွါဒါမီးပြကျွန်းပေါ်တွင် ဖွေးကို ယခုလို တစ်ကြိမ်တော့ ငေးကြည့်ခဲ့ရဖူးသေးသည်။

ရုတ်တရက် ဖွေးက မိမိဘက်သို့လှည့်လိုက်ရာ အကြည့်ချင်းဆုံသွားမိသည်။ ရင်ထဲတွင် လှိုက်ခနဲဖြစ်သွားသည်။

“ကိုမင်းဇော်ကိုကြည့်ရတာ နည်းနည်းတော့ ကိုယ်ရေစစ်သွားသလိုပဲ။ ဒါပေမယ့် မီးပြတိုက်မှာတွေ့တုန်းကလောက်တော့ အသားတွေ ညိုမနေတော့ဘူး။ မြို့ကြီးပြကြီး ပြန်ရောက်လာလို့ထင်ပါရဲ့။ အသားနည်းနည်းလတ်လာတယ်”

ဖွေးက ဂရုတစိုက်ပြောလိုက်သဖြင့် ကိုမင်းဇော်က

“ဟုတ်လား၊ ကိုယ့်ကိုယ်ကို သိပ်သတိမထားမိခဲ့ပါဘူး”

ဟု အရိုးခံအတိုင်း ပြောလိုက်သည်။

“ဖွေးကတော့ နာမည်အတိုင်း ဖွေးဆွတ်လို့ပါပဲ”

ဖွေးကိုကြည့်၍ပြောတော့ ဖွေးက...

“ကိုမင်းဇော်တို့ မီးပြတိုက်ကတစ်ဆင့် ရိက္ခာသင်္ဘောကြီးနဲ့ ဟိုင်းကြီးကျွန်းကို ရောက်သွားပြီး ဆွေမျိုးတွေရှိတဲ့ ချောင်းဝရွာကလေးမှာ စစ်ပြေးဘဝနဲ့ နေခဲ့ရတုန်းကတော့ အသားတွေကို ညိုလို့ပါပဲ ကိုမင်းဇော်၊ ပင်လယ်လေနဲ့ တည့်တည့်ကြီး နေ့တိုင်းတိုးနေတာကိုး။ ဒါပေမယ့် လူကတော့ ကျန်းမာခဲ့ပါတယ်”

“အရေးကြီးတာက ကျန်းမာဖို့နဲ့ စိတ်ချမ်းသာဖို့ပါပဲ။ ဖွေးတို့မိသားစု ခုလိုစုံစုံလင်လင် ကျန်းကျန်းမာမာရှိနေကြတာကိုက ဘာပကာသနနဲ့မှ မလဲ နိုင်တဲ့ ဘဝအရသာတစ်မျိုးပါပဲ။ ကျွန်တော်ဆိုရင် ဖခင်နဲ့မိခင်ကို မျှော်နေရတာတဲ့ စုံစမ်းနေရတဲ့သောက,က လူကို ဖိစီးနေတယ်လေ။ လောကမှာ ကိုယ်ရသင့်ရထိုက်တာကို မရတာ၊ ကိုယ်ပိုင်ဆိုင်သင့်တာကို မပိုင်ဆိုင်ရတာ၊ ကိုယ်မျှော်လင့်ထား သလိုဖြစ်မလာသေးတလောက် အခွင့်အရေးဆုံးရှုံးတာ ရှိပါဦးမလား”

“ကိုမင်းဇော်တို့အိမ် ဗုံးဒဏ်ခံလိုက်ရတဲ့အကြောင်းရယ်၊ ကိုမင်းဇော်မိဘတွေ ပြန်မတွေ့ရသေးဘူးဆိုတာရယ် ဟိုညက မှုပြောပြလို့ ဖွေးတို့အားလုံး စိတ်

http://www.cherrythitsar.org



ထိခိုက်ကြရပါတယ် ကိုမင်းဇော်”

“ဒီလိုပေါ့ ဖွေးရယ်၊ စစ်ကြီးအပြီးမှာ စစ်လျော်ကြေးဆိုတဲ့ ဝေါဟာရကို နေ့စဉ်ထုတ်သတင်းစာတွေထဲမှာ တွင်တွင်တွေ့နေရတယ်။ စစ်လျော်ကြေးဆိုတာက ပျက်စီးဆုံးရှုံးခဲ့ရတဲ့ ရုပ်ဝတ္ထုတွေအတွက်သာ ဖြစ်မှာပါ။ လူတွေရဲ့ရင်ထဲက ကြေကွဲဆုံးရှုံးနေရတဲ့ ခံစားမှုအတွက်ကျတော့ ဘယ်လိုလျော်ကြေးမျိုးနဲ့မှ လဲလှယ်လို့ မရနိုင်ပါဘူး”

“ဟုတ်တယ်နော် ကိုမင်းဇော်၊ မိသားစုတွေ ပြိုကွဲသွားရတယ်၊ တချို့ သေကြေပျက်စီးခဲ့ကြရတယ်။ ဆုံးရှုံးနစ်နာခဲ့ကြရတယ်။ အဲဒါက သမိုင်းအမှန်ပဲ။ ဒီဖြစ်ရပ်မှန် သမိုင်းမှန်မှာ လူတွေရဲ့ ခံစားမှုသမိုင်းအမှန်တွေကိုကျတော့ စာရင်းဇယားပြုစုဖို့ တော်တော်နက်နဲ ခက်ခဲပေလိမ့်မယ်။ ကဲ…ဖွေးတို့အိမ်ဘက် လျှောက်သွားကြရအောင်။ မဝေးလှပါဘူး။ ဒီကထွက်လိုက်ရင် ဟိုဘက် နှစ်လမ်းကျော်ဆို ဖွေးတို့နေတဲ့လမ်းပါပဲ”

မိုးရိပ်မိုးငွေ့လေးတွေက မှိုင်းအုံ့အုံ့။ လမ်းပေါ်တွင် မိုးသက်လေနုကလေး ဝှေ့ပြေးနေသဖြင့် ဗာဒံရွက်ခပ်ကျင်ကျင်တချို့ လွင့်ကျနေပေသည်။

“ဖေဖေတောင်မှ ရွှေလထဲမှာ စင်ကာပူကို လုပ်ငန်းလေ့လာဖို့ ကိစ္စတစ်ခုနဲ့ သွားဖို့ရှိနေတယ်”

လမ်းလျှောက်ရင်း ဖွေးကပြောပြသည်။ ကိုမင်းဇော်က ဘယ်လိုလုပ်ငန်းမျိုးလဲဟု မေးလိုက်သည်။

“ဇက်ဖယ်လ်(၄)တန်ခွဲ လော်ရီကားတွေနဲ့ မက်မီလာကားတိုင်ယာတွေ၊ ကိုယ်စားလှယ်သွင်းဖို့ဆိုပါတော့ ကိုမင်းဇော်။ ဗုံးဒဏ်ကြောင့် ပျက်စီးပြိုကျသွားတဲ့ (၁၁)လမ်းက ပွဲရုံနေရာဟောင်းမှာ အရောင်းကိုယ်စားလှယ်ရုံးခန်း ပြန်ဖွင့်သင့်ရင် ဖွင့်ရမှာပေါ့။ ဒါကလည်း အတော့်ကို ကိုယ့်နေရာကိုယ် ပြန်ရဖို့ လိုက်ယူရမှာပါ။ ရန်ကုန်ကလူတချို့၊ နယ်ကို ဗုံးဒဏ်လွတ်ရာပြေးကြတော့ အိမ်လွတ်တွေမှာ တချို့အသက်စွန့်ပြီး ဖြစ်ချင်ရာဖြစ် တက်နေတဲ့သူတွေကျတော့ ဖယ်ခိုင်းလို့ကို မရတော့ဘူး။ သူတို့ဘက်ကကြည့်တော့လည်း မှန်ပါတယ်။ သေမှာကြောက်လို့ ကိုယ့်အိမ်ကိုယ်စွန့်ပစ်ပြီး ပြေးသွားကြတဲ့သူတွေက သေမှာမကြောက်ရတော့ဘူး ဆိုတဲ့ အခါကျတော့မှ အိမ်ပေါ်ပြန်တက်လာကြတယ်ဆိုတော့ ဘယ်သူ့အိမ်ဖြစ်ဖြစ်၊ အသက်စွန့်ပြီး တက်နေတဲ့သူတွေက ဘယ်ဖယ်ပေးချင်ကြပါလိမ့်မလဲ”

ဖွေးကပြောပြတော့ ကိုမင်းဇော် ပြုံးလိုက်သည်။

“ပန်းဆိုးတန်းက ကျွန်တော်တို့မြေကွက်လပ်မှာလည်း ဆိုင်တွေခင်းနေကြပြီ

http://www.cherrythitsar.org



လေ။ ဖေဖေနဲ့မေမေ ပြန်လာရင်လည်း စိတ်မကောင်းဖြစ်ရုံကလွဲပြီး ဘာတတ်နိုင်မှာလဲ။ တခြားတစ်နေရာ စဉ်းစားကြရတော့မှာပေါ့”

“ဖွေးတို့ကတော့ ရန်ကုန်ပြန်ရောက်ရောက်ချင်း အိမ်မှာ ဟာလာဟင်းလင်းကြီး ဘယ်သူမှ ဂရုတစိုက်တက်နေတာ မတွေ့ရလို့ တော်ပါသေးရဲ့။ ဖွတ်အတင်းတက်နေတဲ့သူတွေရှိရင် ဖွေးတို့လည်း အခုဆို ဘယ်သောင်ဘယ်ကမ်းဆိုက်ရဦးမယ် မသိဘူး။ တော်ပါသေးရဲ့”

စကားတပြောပြောနှင့် လျှောက်လာကြရာ (၃)ပင်(၂)ခန်း ပျဉ်ထောင်အိမ်တစ်အိမ်ရှေ့အရောက်တွင် ဖွေးက လှမ်းအသံပြုလိုက်သည်။ တစ်ယောက်ပြီးတစ်ယောက် ထွက်ကြည့်ကြတော့ ကိုမင်းဇော်ကို တွေ့သွားကြပြီး ဖက်လှဲတကင်း ဝမ်းသာနေကြသည်။

ဖွေးက ဘုရားမှာဆုံခဲ့ကြရကြောင်း ပြောပြလိုက်သည်။

“ကဲ…ကိုမင်းဇော် သက်သောင့်သက်သာ နားနားနေနေပေါ့ကွာ၊ မတွေ့တာကြာပြီဆိုတော့ ဦးတို့က သတိရနေကြတာ။ အေးအေးဆေးဆေး ထမင်းလက်ဆုံစားကြရအောင်”

ဦးအောင်ကြီးက ဝမ်းသာအားရ ပြောနေသည်။

“စောပါသေးတယ် ဦးရဲ့။ သိပ်မဆာလှသေးပါဘူး။ ဖြည်းဖြည်းပေါ့ ဦးရယ်”

“လူရင်းတွေပဲကွာ၊ ဆာတဲ့အခါမှ စားကြတာပေါ့။ ကဲ…ခရီးရောက်မဆိုက်မေးလိုက်ရဦးမယ်။ အခု ဘယ်မှာနေလို့ ဘာတွေလုပ်နေလဲကွာ”

ဦးအောင်ကြီး၏ စကားကြောင့် ကိုမင်းဇော်က မီးပြတိုက်မှ ပြန်ရောက်သည် ကစ၍ ယနေ့အထိ သူ၏ ခဏာတာ ဘဝရပ်တည်နေမှုကို လုံးစေ့ပတ်စေ့ ပြောပြနေပေရာ တစ်အိမ်သားလုံး စိတ်ပါဝင်စားစွာ နားစွင့်နေကြလေသည်။

ကိုမင်းဇော် စကားလက်စ ပြတ်လုပြတ်ခင်တွင် ဦးအောင်ကြီးတို့အိမ်ရှေ့သို့ ဖို့ဒ်ကားလတ်လတ်ကလေးတစ်စီး ထိုးဆိုက်လိုက်ပြီး ကားပေါ်မှ အလွန်ပင် ဥပဓိရုပ်သန့်စင်ချောမောလှသော လူရွယ်တစ်ယောက် ဟန်ပန်မင်မောင်း ကောင်းလှစွာဖြင့် တံခါးဖွင့်၍ ဆင်းလာသည်ကို တွေ့ကြရသည်။ လူရွယ်၏ လက်ထဲတွင် His Master Vioce ဓာတ်စက်လေးတစ်လုံး ပွေ့ပိုက်ထားပြီး ဓာတ်ပြားချပ်ထည့်သည့် စက္ကူအိတ်များလည်း အထပ်လိုက်ပါလာသည်ကို တွေ့ကြရ၏။

လူရွယ်သည် သွက်လက်ဖျတ်လတ်စွာပင် အိမ်တံခါးဝတွင် ရပ်လိုက်သည်။

“ဝင်ခွင့်ပြုပါခင်ဗျာ ကျွန်တော့်နာမည် ရှိန်းနိုင်ပါ။ ဒီအိမ်က ဖွေးနဲ့ ဟိုက်စကူးမှာတုန်းက ကျောင်းနေဖက်တွေပါ”

http://www.cherrythitsar.org



ဟု သူ့ကိုယ်သူ မိတ်ဆက်သည်။ ဖွေးက မျက်နှာလေးတစ်ချက်ညှိုးသွားပြီးမှ လူမှုဝတ္တရားအရ ထိုင်ရာမှထကာ တံခါးထ,ဖွင့်ပေးလိုက်သည်။

"ဒီဘက်ကို လမ်းကြုံလို့ဝင်လာရင်းက သတိရတာနဲ့ ဖွေးတို့ညီအစ်မတစ်တွေ အပျင်းပြေနားထောင်ဖို့ ဓာတ်စက်နဲ့ ဓာတ်ပြားတွေ ဝင်ပို့ပေးတာပါ"

ရှိန်းနိုင်က လှမ်းပေးရင်း ပြောလိုက်သည်။

"ကျေးဇူးပါပဲ ကိုရှိန်းနိုင်၊ ဖွေးတို့ညီအစ်မတွေက နေ့စဉ်နဲ့အမျှ ဆိုင်ထွက်နေကြရတော့ ဘာသီချင်းမှလည်း နားထောင်ဖို့အချိန် သိပ်မရကြပါဘူး"

ဖွေးက လူကြီးမိဘများရှေ့တွင် ထိန်းထိန်းသိမ်းသိမ်းကလေး ပြောလိုက်သည်။

"သိပါတယ်ဗျာ၊ သိပါတယ်။ ဟိုတစ်ညက ရုပ်ရှင်လာကြည့်ရင်း ရုံရှေ့က ဖွေးတို့ အုန်းနို့ခေါက်ဆွဲဆိုင်လေးတောင် တွေ့ခဲ့ရပါသေးတယ်။ ဖွေးကို ပြန်တွေ့တော့မှ ကျောင်းတုန်းက ကျောင်းကပွဲတွေမှာ တစ်ပင်တိုင်အက တက်ကခဲ့ဖူးတာတွေ၊ လေဘာတီမမြရင်သီချင်းအဆိုကောင်းတာတွေ ပြန်သတိရပြီး ခုလို လမ်းကြုံတုန်း ဓာတ်စက်ကလေး ဝင်ပေးတာပါ"

ရှိန်းနိုင်က ဇွတ်အတင်းလှမ်းပေးနေသဖြင့် ဖွေးမှာ ယဉ်ကျေးမှုအရ လက်ခံလိုက်ရပေသည်။

"ထိုင်ဦးလေ...မောင်ရင်"

ဖွေးမိခင် ဒေါ်ပိုက်မိက လူကြီးပီသစွာ ဖိတ်မန္တကပြုသော်ငြား ရှိန်းနိုင်က ပျာပျာသလဲပင်...

"ကျေးဇူးတင်ပါတယ် အန်တီ၊ သွားစရာလေးတစ်နေရာရှိနေသေးလို့။ မထိုင်တော့ပါဘူးခင်ဗျာ။ ကျွန်တော့်ကို ပြန်ခွင့်ပြုပါဦး သွားမယ်နော်"

ဟု နှုတ်ဆက်ကာ အိမ်ပေါ်မှ ညင်သာစွာဆင်းသွားသည်။ ကားပေါ်တက်၍ စက်နှိုးပြီးမှ ဖွေးကို လက်ဝှေ့ယမ်းပြကာ မောင်းထွက်သွားသည်။

"ဟိုက်စကူးမှာတုန်းက တစ်တန်းတည်းနေခဲ့ကြဖူးတာတော့ မှန်ပါတယ်။ ဖွေးက ကျန်းမာရေးအရ စာမေးပွဲတစ်နှစ်ဝင်မဖြေလိုက်တဲ့နှစ်မှာ သူက နှစ်ချင်းပေါက် အောင်သွားပြီး ယူနီဗာစီတီကို ရောက်သွားတယ်။ ဟိုက်စကူးမှာတုန်းကတည်းက သိပ်ပြီး ရင်းရင်းနှီးနှီး မရှိခဲ့ကြပါဘူး"

ဟု ဖွေးက လူကြီးတွေကို ပြောပြနေသည်။

"ဒီသူငယ်ကြည့်ရတာ သွက်လွန်း၊ ရဲတင်းလွန်းအားကြီးနေသလားလို့ ဖေဖေထင်မိတယ်"

http://www.cherrythitsar.org



ဦးအောင်ကြီးက သူ့ထင်မြင်ချက်ကို ပြောပြသည်။

"မိဘကလည်း တော်တော့်ကို အလိုလိုက်ထားတဲ့ပုံပဲ"

ဒေါ်ပိုက်မိကလည်း ဝင်ပြောသည်။

"အိမ်ကိုတောင် ခုလိုအဝင်အထွက် ရဲတင်းနေရင် သမီးရဲ့ဆိုင်ဆိုရင်တော့ ဥဒဟိုချောင်းပေါက်အောင် အဝင်အထွက် ရှုပ်ယှက်ခတ်နေမှဖြင့် ဒုက္ခ"

ဟု ဒေါ်ပိုက်မိက မိခင်ပီသစွာ စိုးရိမ်တကြီး ပြောသည်။

"မောင်မင်းဇော်လည်း အိုင်အေစီနီယာတန်း တက်ခဲ့တာပဲ။ ဒီသူငယ်ကို မသိဘူးလား"

ဦးအောင်ကြီးက မေးသည်။ ရှိန်းနိုင်။ သူ့ကို ကျောင်းသားကျောင်းသူ တော်တော်များများက သိကြပါသည်။ ရှိန်းနိုင်ကတော့ မင်းဇော်လို သာမန် ရိုးရိုးကုပ်ကုပ် ကျောင်းသားတစ်ယောက်ကိုသိဖို့ မလွယ်ပါ။ ရှင်းပါသည်။

"ပွဲလမ်းသဘင် တော်တော်များများမှာ သူက အတော်ဝင်ဆံ့တဲ့ လူချမ်းသာ သားသမီးတစ်ယောက်ပါဦး။ ကျွန်တော်တို့ကို သူက သိမှာမဟုတ်ပါဘူး"

"ဒီသူငယ်ရဲ့ စရိုက်လက္ခဏာကို ဦးမေးနေတာပါ မောင်မင်းဇော်"

"ဒါတော့ သီးခံပါခင်ဗျာ၊ ကျွန်တော်ဟာ ငယ်စဉ်ကတည်းက သူတစ်ပါး ကိစ္စကို ပြောရမှာ အတော်နှုတ်နည်းခဲ့ပါတယ်။ ကျွန်တော်သိတာကို တခြားသူ တစ်ယောက်ယောက်က မင်းဇော် ဒီကိစ္စသိမှာ မဟုတ်ပါဘူးလို့ ပြောနေရင်တောင် မှ သူ့သဘောအတိုင်းပဲ ရှိပါစေဆိုပြီး ကျွန်တော် စောဒကမတက်တတ်ခဲ့ပါဘူး။ ပမာပြောရရင် ကျွန်တော် အခုဝင်ပြီး လုပ်ကိုင်ပေးနေတဲ့ ကုန်စုံဆိုင်က မူကာဂျီနဲ့ လင်မယားဆိုရင် ပဲဈေး နှမ်းဈေးကအစ ကုန်အဝင်အထွက် ဈေးအတက်အကျ ကျွန်တော်မသိဘူး၊ ဒီလုပ်ငန်းကို ကျွန်တော် နားမလည်ဘူးဆိုတဲ့ အရိပ်အကဲတွေ ပြနေကြသလို တခြားဆိုင်တွေကသူတွေကိုလည်း ကျွန်တော်က ဘာမှနားမလည် သေးဘူး၊ နားလည်အောင် ကျွန်တော့်ကို မူးဈေးပဲဈေးကအစ ဟိုခိုင်းသည်ခိုင်း ခိုင်းရင်း သင်ပေးနေရတယ်လို့ ပြောတတ်ကြပါသေးတယ်။ စစ်ကြီးမဖြစ်ခင်က ကျွန်တော့်မေမေက သိမ်ကြီးဈေးထဲမှာ ကုန်ခြောက်ဆိုင်ဖွင့်ခဲ့ဖူးပါတယ်။ ကျောင်း အားရက်ဆို မေမေနဲ့ ကူရောင်းပေးနေကျပါ။ အခု မူကာဂျီတို့ လင်မယားဆီမှာ လက်ခစား နေ့စား ကျွန်တော် ဝင်လုပ်တော့ သူတို့ခိုင်းတာပဲ လုပ်ပါတယ်။ သူတို့စိတ်ထဲမှာ ကျွန်တော်နားမလည်ဘူးလို့ ထင်နေတာကိုလည်း နားလည်တာ ပေါ့ဆိုတဲ့ အမူအရာမျိုး ကျွန်တော် မပြပါဘူး။ သူတို့မှာ ထင်ချင်ရာထင်ပိုင်ခွင့် ပြောချင်ရာ ပြောပိုင်ခွင့် ရှိပါတယ်။ အခု ရှိန်းနိုင်ရဲ့ကိစ္စမှာလည်း ရှိန်းနိုင်ဟာ

http://www.cherrythitsar.org



ယူနီဗာစီတီမှာ ဘယ်လိုစရိုက်မျိုးနဲ့ ဘယ်လိုနေတတ်ထိုင်တတ်တယ်ဆိုတာ ကျွန်တော် ပြောဖို့ စိတ်ဆန္ဒမရှိပါဘူး။ လူတစ်ယောက် ဘယ်လိုဆိုတာ ကာယကံရှင်ကိုယ်တိုင် လေ့လာပြီး သိတာမြင်တာ အကောင်းဆုံးပါပဲ။ ကျွန်တော်တို့ ယောကျ်ားလေးလောကမှာ တချို့ ရှိတတ်ပါတယ်။ လက်ဖက်ရည်ဆိုင်၊ အရက်ဆိုင်ထိုင်ရင်း ဘယ်ကောင်ကတော့ဘယ်လို၊ ဘယ်ကောင်ကတော့ ကျောင်းမှာ ဇည့်ခံပွဲတွေပဲ တက်နေတာပဲတို့၊ ဘယ်ကျောင်းသားကတော့ ဘယ်ဆရာအိမ်ကို ဝင်ထွက်သွားလာပြီး ဘာတွေလုပ်ပေးနေတာပဲတို့ တချို့ ဝိုင်းဖွဲ့ပြောတတ်ကြတဲ့ သူမျိုးလည်း ရှိတတ်ပါတယ်။ ဒါက လူနည်းစုဖြစ်ပါလိမ့်မယ်။ ယောကျ်ားလေးတော်တော်များများကတော့ ကိုယ့်လွတ်လပ်မှုနဲ့ကိုယ် ကိုယ့်အတွေးနဲ့ကိုယ် ဘဝမှာ နေတတ်သလို နေသွားတတ်ကြတာ များပါတယ်။ ချွင်းချက်အရ ပြောရရင် ပင်လယ်ထဲက မီးပြတိုက်မှာတုန်းကတော့ ဦးတို့မိသားစုမှာ မိန်းကလေးတွေ ပါလာတယ်ဆိုတော့ ခေတ်ကာလကလည်း မတည်မငြိမ် အုပ်ချုပ်ရေးယန္တရား ပျက်နေတဲ့အချိန်မျိုးမို့ ဘယ်သူ့ကိုမှ မယုံဖို့နဲ့ ကိုယ့်ကိုယ်ကို ကာကွယ်စောင့်ရှောက်ကြဖို့၊ သတိဝီရိယရှိဖို့ သတိပေးရ ပြောရတာပါ။ ပြီးတော့ ကိလေသာ ဆိုတာ လူမျိုးမရွေး နေရာမရွေး အချိန်ကာလမရွေး ပူလောင်သောင်းကျန်းတတ် တဲ့ စိတ်တစ်မျိုးမဟုတ်လား"

ကိုမင်းဇော်၏ဆိုလိုရင်းကို ဦးအောင်ကြီးက သဘောပေါက်သွားဟန်တူသည်။

"သားသမီးတွေရဲ့ စိတ်ကို မိဘဆိုတာ အချိန်ပြည့် မပိုင်ဆိုင်နိုင်ပါဘူး မောင်မင်းဇော်၊ အရာရာဟာ သူ့အချိန်ကာလနဲ့သူ၊ သူ့သဘောသူဆောင်သွားတတ်ပါတယ်။ ဒါပေမယ့် မိဘဆိုတာ ဘယ်မိဘမဆို ကိုယ့်သားသမီးကို နေထိုင်ကိုက်ဘဝမျိုး အဖြစ်မခံချင်တတ်ကြတာ သဘာဝပါ။ အဲဒါဟာ သားသမီးကြောင့် ဖြစ်လာရတဲ့ သောကအမှန်ပဲ။ ကဲ…မနက် ၁၁ နာရီတောင် ထိုးတော့မယ် မောင်မင်းဇော်၊ ဦးရော မင်းဒေါ်ဒေါ်ရော မနက်က ဥပုသ်ယူထားကြတယ်။ ဒီနေ့ လပြည့်နေ့မဟုတ်လား၊ မနက်စာ စားလိုက်ကြရအောင်ကွာ"

ဦးအောင်ကြီးက သက်သက်တို့ကို ထမင်းပွဲပြင်ခိုင်းလိုက်သည်။ အိမ်ထမင်း အိမ်ဟင်းရယ်လို့ ဣန္ဒြေရရ မစားရသည်မှာ ကြာပြီဖြစ်သော ကိုမင်းဇော်မှာ သပ်ရပ်သန့်ရှင်းစွာ ပြင်ဆင်ထားသည့် ထမင်းဝိုင်းကိုကြည့်ရင်း ဘယ်အရပ် ဘယ်ဒေသရောက်နေကြမှန်းမသိသော မိဘနှစ်ပါးအား ရုတ်တရက် မြင်ယောင်မိကာ မျက်ရည်များပင် ရစ်ဝဲလာမိပေသည်။

မာလာဖူးလေးများကို ကင်မွန်းချဉ်ရွက်နှင့် အရည်သောက်ချက်ထားတာ

http://www.cherrythitsar.org



မြည်းကြည့်တော့လည်း ငံပြာရည်အချိုအရသာက ထင်းခနဲ လည်ချောင်းထဲ ဝင်သွားသည်။

စိမ်းစားငါးပိကို ပုစွန်ခြောက်နိုင်နိုင် ငရုတ်သီးစပ်စပ်လေး ကြော်ထားသည် ကတော့ တညင်းသီးပြုတ် တို့စရာနှင့် လိုက်ဖက်လှသည်။

"ငါးပိ ငံပြာရည်တွေကတော့ ချောင်းဝရွာက ယူလာတာတွေပေါ့ ကိုမင်း ဇော်"

မူက ယပ်တောင်လေးခတ်ပေးရင်း ထမင်းဝိုင်းနံဘေးမှာ ခပ်ယို့ယို့ရပ်ရင်းက ပြောပြသည်။

"စစ်ပြီးလို့ ဦးတို့ရန်ကုန်ကို ပြန်လာကြတော့ ရွာကရွာခံတွေ လွမ်းပြီး ကျန်ရစ်ခဲ့ကြတယ်လေ"

ဦးအောင်ကြီးက ဘဲသားအချိုချက်ကို ဖွန်းနှင့်ဖဲ့ယူရင်းက ပြောပြသည်။

စားသောက်ပြီးကြသောအခါ နာရီဝက်မျှ အာလာပသလ္လာပ ပြောပြီးနောက် ကိုမင်းဇော်က နှုတ်ဆက်၍ ပြန်ခဲ့သည်။ ဦးအောင်ကြီးက ကိုမင်းဇော် ဝိုင်းကူ လုပ်နေသော မူကာဂျီတို့ ဟာစီနာတို့၏ ကုန်စုံဆိုင်နေရာကို မေး၍ ပြောပြခဲ့ရသေး သည်။

* * *

ရှိန်းနိုင်၏ ဖို့ဒ်ကားလေးမှာ ပြည်လမ်းမကြီးပေါ်တွင် တရိပ်ရိပ်ပြေးနေသည်။ သူ့စိတ်ထဲတွင်တော့ ဖွေးအတွက် His Master Voice ဓာတ်စက်ကလေး လက်ဆောင်ပေးခဲ့ရတာကို ပီတိဖြစ်နေမိသည်။

ဟိုက်စကူးတုန်းက ဖိုသီဖတ်သီနှင့် သိပ်ကြည့်မကောင်းခဲ့ဘူးဟု ထင်ခဲ့ရသော ဖွေးကို ယခုလို ရုပ်ရှင်ရုံရှေ့က အုန်းနို့ခေါက်ဆွဲဆိုင်လေးမှာ ပြန်တွေ့ပြီးချိန်မှစ၍ ရှိန်းနိုင်ရင်ထဲတွင် ကြက်သီးထနေမိသည်။ ဖွေး၏ခန္ဓာကိုယ်အလှ အရိပ်အခြေ တို့ကား သိသိသာသာကြီး ဖွံ့ထွားပြောင်းလဲနေပြီဆိုသည်ကို ရှိန်းနိုင် ခံစားရသည်။

ဖွေးကို သူ စိတ်ဝင်စားလာရသည်။ တကယ်တမ်းကျတော့လည်း သူ စိတ်ဝင်စားခဲ့ရသော အရေအတွက်တွေက အများသား။ သူက ဆူးကို ကြောက် တတ်ခဲ့သူ မဟုတ်ခဲ့။ ပွင့်ဝေနေသောပန်းများကိုသာ ရယူလိုခဲ့သူ။ ရအောင်ယူခဲ့သူ။

ငွေ၊ ကျော်ကြားမှု၊ အချိန်၊ ရုပ်ရည်တို့ဖြင့် သူက ပွင့်သောပန်းများကို ညှို့ငင်သိမ်းပိုက်ခဲ့ဖူးပြီ။ မွှေးသောပန်းများ နွမ်းသွားတာ သူ့အလုပ်မဟုတ်ခဲ့။

http://www.cherrythitsar.org



ဖွေးကို ဘာသားနဲ့ထုထားလို့လဲ။ ဘာမှခက်ခဲဖို့ အကြောင်းထူးမရှိ။

ဖွေးလိုမျိုး ရိုးရိုးအေးအေးပုံစံမျိုးပင်ဖြစ်သော 'ခင်ခင်စီ'နှင့်လည်း ငြိခဲ့ဖူးပြီ။ နောက်တော့လည်း လမ်းခွဲခဲ့ကြသည်ပဲပေါ့။

မိဘမောင်ဖွား အစ်ကိုတွေကြားမှာ ယက္ခဂုမ္ဘာန်ဝန်းရံထားပါသည် ဆိုသော 'မူယာညိမ်း'ကို ပင်လျှင် ပထမအိမ်ထောင်နှင့်သမီးနှစ်ယောက် ရှိနေသည့်ကြားမှ အရပိုင်ဆိုင်ခဲ့ဖူးပြီ။ သူတို့အိမ်ထောင် ကိုယ့်ကြောင့် ပြိုကွဲသွားတာတို့ဘာတို့က ကိုယ့်အလုပ် မဟုတ်ပါဘူး။

ရုပ်ရှင်မင်းသမီး သိပ်ဖြစ်ချင်နေသော ကွန်ဗင့်ကျောင်းသူလေး နုနုဝေ။ အခုတော့ ဒါရိုက်တာတစ်ယောက် အရက်သောက်နေတာကို နံဘေးကထိုင်ရင်း ဆိုဒါနှင့် ရေခဲ ရောစပ်ပေးနေရ ဆိုပါလား။ နုနုဝေလောက် ကျော့်ကြားမှုကို တပ်မက်လွန်းသော မိန်းကလေးမျိုး ရှိန်းနိုင်ဘဝတွင် မမြင်ဖူးခဲ့။ သည်တော့ လွယ်လွယ်လေးပေါ့။

နုနုဝေတို့မြို့သို့ ကိစ္စတစ်ခုနှင့်ရောက်ရင်း၊ ဟိုတယ်တစ်ခုမှာတည်းရင်း သူရောက်နေသည့်အကြောင်း တယ်လီဖုန်း ဆက်လိုက်သည်။

"လေဟော့နုနုဝေ၊ ဒီတံတားကြီးရဲ့ ဟိုဘက်က ရှေးဟောင်းဘုရားမှာ ဓာတ်ပုံ သွားရိုက်ကြရအောင်"

ဆိုတော့ နုနုဝေက ဘာကိစ္စလဲတဲ့။

"ဟင်...မင်း...ဘိုင်စကုတ်ရိုက်ချင်တယ်ဆို ဒါရိုက်တာထွန်းဆိုတာ ကိုယ့် မိတ်ဆွေပါကွာ၊ သူ့ကို မင်းပုံတွေပြမယ်၊ မင်းနဲ့မိတ်ဆက်ပေးပြီး သူ့ရဲ့ပြဇာတ်စင် ပေါ် အရင်တင်မယ်၊ ပြီးရင် ဘိုင်စကုတ်ဆက်ရိုက်ပေါ့"

နုနုဝေ သဘောခွေ့သွားသည်။ ရှည်လျားလွန်းလှတဲ့ တံတားလေးပေါ်မှာ သူတို့နှစ်ယောက် လမ်းလျှောက်ရင်း နုနုဝေရဲ့အလှတွေ သူ့အတွက် ဖြစ်ခဲ့တာ ကိုလည်း သူ မေ့ပစ်လိုက်ပါပြီ။

နောက်တော့ ဒါရိုက်တာထွန်းနှင့် နုနုဝေကို ဗဟန်းက မင်တိုမင်ရှည်ဟိုတယ် မှာ တွေ့နေရတတ်သည်။ ပြဇာတ်ကတော့ ဒါရိုက်တာထွန်းနှင့်။ အခု ဘိုင်စကုတ် ရိုက်တော့ ဒါရိုက်တာတစ်ယောက်နှင့်။

နုနုဝေက ရှိန်းနိုင်နှင့် ယခုအချိန် လမ်းမှာတွေ့တာတောင်မှ သိပ် ဟက်ဟက် ပက်ပက် မရှိတော့။

ရှိပါစေလေ။ အိပ်မက်လှလှမက်ခဲ့ပြီးကြပြီပဲ။ လွမ်းလောက်စရာမှ မဟုတ်ခဲ့ တာ။

http://www.cherrythitsar.org



မင်တိုမင်ရှည်ဟိုတယ်ဆိုလို့ ပြောရဦးမည်။ အဲသည့်ဟိုတယ်က ဧည့်ကြို Reception ကောင်တာက ကြည့်မြင်တိုင်သူလေး 'ခိုင်မော်ရည်'နှင့်ပင် ရှိန်းနိုင်က ဘဝတစ်ကွေ့ ခဏတွေ့ခဲ့ဖူးပြီ။

ခိုင်မော်ရည်က ဖခင်ဖြစ်သူနှင့် စိတ်ဆိုးပြီး မိန်းကလေးဆောင်တစ်ဆောင် လာနေခိုက် ရှိန်းနိုင်က ဘဝမှာ ဘာအလိုအပ်ဆုံးလဲဟု ခိုင်မော်ရည်ကိုမေးတော့ အရေးကြီးဆုံးက ငွေပါပဲတဲ့။

ရှိန်းနိုင်အိပ်ကပ်ထဲက ငွေစက္ကူတွေ...။ ပြီးတော့ ပျားရည်ချိုမြ အလှဆုံးဆန်းစ ငွေလရောင်ရိပ်...။

ဒါကြောင့်ပြောတာပေါ့။ ဖွေးဟာ ကိုယ့်ဘဝမှာ ခက်ခဲသောပန်းကလေး မဖြစ်စေရပါဘူးလို့။

ရှိန်းနိုင်၏ကားကလေးက ခြံဝင်းထဲသို့ ဝင်လာချိန်တွင် ခြံဝင်းထဲတွင် အသားဖြူဖြူ ထောင်ထောင်မောင်းမောင်း လူကြီးတစ်ယောက် ဂေါက်ရိုက်နေသည်။ ခြံဝင်းထဲမှာ ဂေါက်ရိုက်လေ့ကျင့်ဖို့ မြက်ခင်းစိမ်းနု။ အညောင်းဖြေဖို့ ရေကူးကန်ပြာလဲ့တို့က အဆင်သင့်။

"ဒက်ဒီ...ဒီနေ့ (Air Gun)အဲ...ဂန်း...မစမ်းတော့ဘူးလား"

ရှိန်းနိုင်က စားပွဲဝိုင်းပုကလေးတစ်ခုပေါ်တွင် တင်ထားသော နံပါတ်တူး လေသေနတ်မှန်ပြောင်းတပ် တစ်လက်ကို ကောက်ကိုင်၍ သီးသန့်လုပ်ထားသော ပစ်မှတ်များဆီသို့ လှမ်းချိန်ရွယ်ရင်း မေးလိုက်သည်။

"ဒက်ဒီက လက်တည့်ပြီးသားပါ။ အလေ့အကျင့်ရှိပြီးသားပါ။ သား ဘယ်က ပြန်လာလဲ"

"ဒက်ဒီကိုတော့ ဝမ်းသာစရာ ပြောရဦးမယ်။ ဟိုက်စကူးတုန်းက သားနဲ့ တစ်ကျောင်းတည်းနေခဲ့တဲ့ ဖွေးဆိုတဲ့ ကောင်မလေးအိမ်ကို သွားလည်တာပါ။ သူက သားကို ယူနီဗာစီတီရောက်သွားလို့ သူ့ကိုမေ့လိုက်ပြီ ထင်နေလားမသိဘူး။ သားလည်း အခု သူ့ကို ပြန်တွေ့မှ အရမ်းသတိရနေတာနဲ့"

ရှိန်းနိုင်က အနားမှာလာရပ်သော ဘွိုင်ကုလားလေးတစ်ယောက်ကို အချိုရည် ယူခဲ့ရန် မှာလိုက်ပြီး ရေကူးကန်ဆီသို့ ပြေးသွားသည်။ ရေကူးကန်ထဲတွင် ရှိန်းနိုင် ၏ မိခင် ဒေါ်လွင်လွင်ဦး၊ အစ်မဖြစ်သူ ကြယ်စင်နိုင်တို့ ရေကူးဝတ်စုံများဖြင့် ရေကူးနေကြသည်။

"မာမီတို့ကတော့ အပူလျှပ်တော့မှာပဲ။ ညနေတောင် မစောင်းသေးဘူး။ ရေကူးနေကြတယ်"

http://www.cherrythitsar.org



ရှိန်းနိုင်က ကန်ဘောင်ပေါ်တွင်ထိုင်ရင်း လှမ်းအော်ပြောလိုက်သည်။ ဘွိုင်ကုလားလေးက သူ့အတွက် အချိုရည်ခွက် လာပေးသည်။

အချိုရည်ကို တစ်ငုံမျှသောက်ပြီး အိမ်ကြီးထဲသို့ ရှိန်းနိုင် ဝင်ခဲ့သည်။

အိမ် ဧည့်ခန်းထဲတွင် နံရံ၌ ပိတ်ဖြူစ တစ်စချည်နှောင်ပြီး ခန်းဆီးများကို ကာရံရင်း အပျင်းပြေ ရုပ်ရှင်ပြစက်ဖွင့်ရန် အစ်မလတ် မြဒါလီနိုင်က ပြင်ဆင်နေသည်။ မိသားစု သီးသန့်ကြည့်ရန် အမေရိကန်မှ မှာပြီး ဝယ်ယူထားသော အက်ဂ်ဖာအမျိုးအစား ၃၆ မီလီမီတာ ရုပ်ရှင်ပြစက်ကလေးတွင် ဖလင်ရစ်ဘီးများကို တပ်ဆင်လိုက်သည်။

မင်းသား ဒေါ့ဂျက်ဂလပ်ဖဲရားဘင့်နှင့် မင်းသမီး ဘီဘီယန်လင်းတို့ ပါဝင်သည့် ဇာတ်ကားတစ်ကားကို မြဒါလီနိုင်က ရွေးချယ်ထားသည်။

ခြံဝင်းထဲသို့ ဖောက်ဆောလ်အမျိုးအစား ကားတစ်စီး ဝင်လာပြီး ကားပေါ်မှ နှုတ်ခမ်းမွေးစစ၊ ခပ်ဝဝ အသားညိုညိုနှင့်လူတစ်ယောက် ဆင်းလာသည်။

"ဆရာဦးအုန်းနိုင်"

ဟု အသံပြုလိုက်တော့ ဂေါက်ရိုက်လေ့ကျင့်နေသည့် ဦးအုန်းနိုင်က ဂေါက်ရိုက်တံကို လက်ဆမှန်အောင်လွှဲနေရင်းက လှမ်းကြည့်လိုက်သည်။

"ကိုမောင်ဘိုနဲ့ ယတိပြတ် စကားပြောပြီးခဲ့ပြီဆရာ"

"သူက မင်းကို ဘာပြောလိုက်လဲ ခင်မောင်"

"ဆရာကြည့်ရှုစောင့်ရှောက်ခဲ့တဲ့ ကျေးဇူးတွေကို သူ မမေ့ပါဘူးတဲ့။ ဒါပေမယ့် သစ်တောကြိုးဝိုင်းထဲမှာ နေရတာ ကြာတော့ သူ့မှာ ငှက်ထိနေတယ်တဲ့။ ငှက်ဖျားကို သူ အသေအလဲကြောက်နေပုံရတယ်ဆရာ။ အဲဒါကြောင့် ပြည်နားက သူ့မိန်းမဇာတိရွာကိုပြန်ပြီး သူ့ယောက္ခမကြီးထောင်ထားတဲ့ အရပ်ဇာတ်ကလေးမှာ ဝိုင်းကူလုပ်ပေးပါရစေတော့လို့ တောင်းတောင်းပန်ပန်နဲ့ ပြောလိုက်တယ်ဆရာ"

"ဒီကောင်က ဇာတ်ရူးကွ၊ တော်တော်ပျော့တဲ့ကောင်၊ ငါက ရိုးမမှာ ငါ့လုပ်ငန်း စ,တည်တော့ သူ့ကို လက်ရင်းတပည့်အနေနဲ့ ပထမဆုံးပတ်ဝန်းကျင်သစ် သတင်းယူဖို့ အားကိုးခဲ့တာ။ အခု သူက ငှက်ဖျားကြောက်ပြီး ဇာတ်ရူးထတော့မယ်ဆိုတော့ သူ့နေရာကို မင်းဝင်ရတော့မှာပဲ ခင်မောင်၊ မင်းရော ငှက်ဖျားကြောက်ဦးမှာလား"

ဦးအုန်းနိုင်စကားကြောင့် ဦးခင်မောင်မှာ တစ်ချက်ပခုံးတွန့်လိုက်ပြီး

"ကိုမောင်ဘိုက ငှက်တော၊ ပျားတောမှာနေပြီး ဖိုးသူတော်ယောင်ယောင် ရသေ့ယောင်ယောင်နဲ့ အရက်လေးဘာလေးမှ မသောက်တော့ ငှက်ထိတာပေါ့။

http://www.cherrythitsar.org



ကျွန်တော်ကတော့ အစားအသောက် ဇက်ရဲလက်ရဲသမားဆိုတော့ ငှက်ထိနိုင်မယ် မထင်ဘူးဆရာ”

ဟု ဦးအုန်းနိုင်၏အလိုက်အထိုက် ကြည့်ပြောလိုက်သည်။

“မောင်ဘိုကို ဝေဖန်ရရင် ဒီကောင်က နေရာတကာ အပင်ပန်းခံတာကိုးကွ။ တော်ရုံတန်ရုံလည်း ကိုယ့်လက်ရင်းကောင်တွေကို လွှတ်သင့်ရင် လွှတ်ရမှာပေါ့”

“ဒါတော့ဆရာရယ်၊ ကိုမောင်ဘိုဘက်က ကျွန်တော် လိုက်ပြောတာ မဟုတ်ပါဘူး။ သစ်ခိုးဂိုဏ်းဆိုတာ နေရာတကာ ကိုယ့်လက်ရင်းတွေချည်း လွှတ်နေလို့ မရတော့ သူကိုယ်တိုင် ဖိဖိစီးစီး လိုက်ရ,သွားရဟန်တူပါရဲ့”

“ဒါတော့ဒါပေါ့ကွာ၊ မင်းလည်း အစားအသောက် အနေအထိုင် အသွား အလာ သတိထားနော်။ အခု မင်းဆီမှာ ဘယ်ကောင်တွေကို လက်ရင်းတာလဲ”

“ကျွန်တော်ကိုယ်တိုင် ဆင်အုပ်နဲ့လိုက်ဖို့ မလိုတဲ့အရောင်းအဝယ်ကိစ္စမျိုး ဆိုရင် သစ်လွင်တို့၊ ကိုကြည်တို့။ အောင်ထူးတို့ကို လွှဲထားတယ်ဆရာ”

“သူတို့ထဲမှာ ဘယ်ကောင် အသုံးပိုတည့်လဲ”

“အောင်ထူးတစ်ကောင်က ပိုပြီး ပါးရည်နပ်ရည်ရှိတယ်ဆရာ”

“နို့ နေစမ်းပါဦး၊ အောင်ထူးဆိုတာ ဘယ်ကကောင်လဲ”

“ဒီကောင်က ရိုးမတစ်ကြောကို တော်တော်နှံ့စပ်တဲ့ကောင်ဆရာ၊ ဇာတိ မေးကြည့်တော့ ဝဲဂလိဘရန်ကပါတဲ့”

“ဒီကောင့်ကို ငါ တွေ့ဖူးချင်တယ်ကွာ၊ သိပ်အရင်စလိုတော့ မဟုတ်ပါဘူး။ ကိစ္စတစ်ခုခုနဲ့ ရန်ကုန်ကို ခိုင်းစရာရှိရင် ဒီကောင့်ကို လွှတ်လိုက်။ ပြီးတော့ ငါ့ကိုလာဝင်တွေ့ခိုင်းလိုက်ကွာ”

“ဟုတ်ကဲ့ပါ။ ဒါထက် ဆရာ့ကို ကျွန်တော် ပြောစရာရှိလို့”

“နေဦးကွာ၊ အရက်ကလေးဘာလေးသောက်ကြရအောင်။ မင်း ဘာသောက် မလဲ”

“ကျွန်တော် မနက်စာ မစားခဲ့ရသေးဘူးဆရာ၊ ညနေမှပဲ သောက်တော့ မယ်”

“ဘီယာတော့ သောက်လို့ရပါတယ်ကွ၊ ဟေ့…လာစမ်း”

ဦးအုန်းနိုင်က ဘွိုင်ကုလားလေးကို လှမ်းခေါ်လိုက်သည်။

“ဒီကောင့်အတွက် ကြက်တံဆိပ်ဘီယာတစ်ပုလင်း ယူခဲ့။ ငါ့အတွက် ဟင်နက်ဆီဘရန်ဒီတစ်ပက်၊ ဆော်ဒါမရောနဲ့နော်၊ ရေခဲအတုံးကလေးတွေနော်၊ အဲဒါကို ခပ်သေးသေး သုံးလေးတုံးလောက် ထည့်ခဲ့”

ခဏကြာတော့ ဘွိုင်ကုလားလေး ပြန်ရောက်လာပြီး လင်ပန်းတစ်ချပ်နှင့် ချပေးသည်။

ဘရန်ဒီတစ်ငုံကို လျှာဖျားမှတစ်ဆင့် လည်ချောင်းအထိ ဖြည်းညင်းအေးရှစွာ စုပ်ယူပြီး လင်ပန်းပေါ် ပြန်ချထားလိုက်သည်။

ဦးခင်မောင်က ဘီယာဖန်ခွက်ဝတွင် ဝေ့တက်နေသော အမြှုပ်ဖြူဖြူများကို နှုတ်ခမ်းနှင့်မှုတ်၍ ဖယ်ရှားပြီးမှ တစ်ကျိုက်မျိုချလိုက်သည်။

"ဘယ့်နှယ်လဲ ဟေ့ကောင်၊ ဒါလေးတစ်ပုလင်း ကုန်သွားရင် ထမင်းပိုဝင်မှာ ပါကွ။ ဘယ့်နှယ်လဲ"

ဦးအုန်းနိုင်က ပြုံးစစနှင့် မေးနေသည်။

"ဟုတ်တယ်ဆရာ၊ နှာခေါင်း နှာသီးထိပ်ဖျားကတောင်မှ လေပူတွေဘာတွေ ရင်ထဲက လေချဉ်အတက်မှာ နွေးခနဲ ထွက်သွားတယ်။ ရင်ချောင်တာပေါ့ဆရာ"

"မင်းတော့ မပြောတတ်ဘူး။ ငါတော့ ငယ်ငယ်လေးကတည်းက ဟင်းကောင်း စားချင်တယ်၊ အရက်ကောင်းသောက်ချင်တယ်၊ မိန်းမများများယူချင်တယ်။ ဒီတော့ ဘာလုပ်ရလဲ။ အလုပ်များများလုပ်ရတယ်။ ငါ့အတွက် အလုပ်ဟာ ပထမပဲ။ ဒုတိယက လောကီစည်းစိမ်ပဲ။ ဘာမှမကြံတတ်မစည်တတ်ကောင်စား မျိုးတွေသာ သူများခိုင်းတာလုပ်ရင်း ဆင်းရဲတွင်းနက်သထက်နက်နေကြတာကွ။ အခု မင်းတို့ငါတို့ သစ်တောကြိုးဝိုင်းတွေထဲက သစ်တွေခိုးထုတ်တယ်ဆိုတာ ဘယ်လောက်အလုပ်ရှုပ်လဲ။ ဘယ်လောက်အလုပ်လုပ်ရလဲ။ အိမ်မှာထိုင်နေလို့ ဒီလို စားရသောက်ရမလား။ တောင်းဟောလ်တို့ ဆန်းကဖီးတို့ စထရင်းတို့မှာ ညစာစားပွဲတွေဘာတွေသွားရင် ကုန်သည်ကြီးများအသင်းက လူသူတော်ကောင်း တချို့က ယောကျ်ားကောင်း မောင်းမတစ်ထောင် ဦးအုန်းနိုင်ကြွလာပြီခင်ဗျား ဘာညာနဲ့ ထိကပါးရိကပါး လုပ်ကြသေးတယ်။ ကိုယ့်ပိုက်ဆံနဲ့ကိုယ် ကိုယ်ကျွေး နိုင်လို့ အိမ်တစ်ဆောင်မီးတစ်ပြောင်ထားနိုင်လို့ မိန်းမတွေက ကျေနပ်လို့ယူတာ သူတို့အပူ ဘာရှိလဲကွ"

"သြော်…ကျွန်တော် ခုနက ဆရာ့ကို ပြောမယ့်ဟာ တခြားမဟုတ်ဘူးဆရာ၊ ဒေါ်ခင်ခင် ရန်ကုန်ပြန်ရောက်နေတယ်၊ အခု ရန်ကုန်ကိုလာတော့ ရထားပေါ်မှာ ပထမတန်းက တစ်တွဲတည်း စီးလာခဲ့ကြတာဆရာ။ သူကတော့ ထုံးစံအတိုင်းပေါ့ ဆရာရယ်၊ မင်းကတော်တွေကြားမှာ အပြင်းပြေ ပိုကာလာဆွဲတာပေါ့။ သူတို့က မျိုးနဲ့ရိုးနဲ့ အပြင်းပြေ မိသားစုဖဲကစားတာ ဝါသနာပါကြတာကိုး။ အခု ကူရှင် ကျောင်းနားက လမ်းတစ်လမ်းမှာ တည်းနေတယ်ဆရာ၊ ရထားပေါ်မှာတုန်းက

http://www.cherrythitsar.org



သူက ဆရာ့ကို သတိရကြောင်း ပြောလိုက်ပါလို့ စကားလှူကြုံပါးလိုက်လို့ပါ”

“ငါသိပါတယ် သူ ရန်ကုန်လာရင် ဘယ်မှာတည်းတယ်ဆိုတာ။ ဒီမိန်းမက မြင်းပွဲလည်း အတော်ဝါသနာပါတဲ့ မိန်းမကွ”

“ဆရာနဲ့တော့ အကွက်ကိုဆိုက် အံကိုက်ဖြစ်နေကြတာပဲနော်”

“သူ့ကို ငါ သိပ်စိတ်မဝင်စားဘူးကွ”

“ဘာဖြစ်လို့လဲဆရာ၊ တစ်ခုလပ်ဆိုပေမယ့် ဆရာကြိုက်တဲ့ ဂိုက်ဆိုက်မျိုးကြီးပဲ ဥစ္စာ”

“မင်းက ဒါပဲသိတာကိုးကွ။ သူ့သား တင်မောင်ခင်ဆိုတဲ့ကောင်က ငွေကို ဒလဟောသုံးတဲ့ကောင်၊ ဟောင်ကောင်တို့ စင်ကာပူတို့မှာတောင် နိုက်ကလပ်တွေ ဘာတွေတက်ပြီး သောက်စားပျော်ပါးနေတဲ့ကောင်။ ဒါကြီးနဲ့ ငါ ငြိသွားရင် တစ်နွယ်ငင်တံစဉ်ပါ ပိုက်ဘောအနေနဲ့ တင်မောင်ခင်ပါလာရင် ငါ့အိတ်စိုက် ဖြစ်သွားလိမ့်မယ်။ ဒါကြောင့် ဒါကြီးကို ငါ ချိန်နေတာပါ။ အင်း...သိမ်ဇရပ်က မမြမေကျတော့လည်း ရုပ်လှသလောက် အေးတိအေးစက် ရိုးရိုးကြီး။ သူ့ဆီ ရောက်ရင် ဖယောင်းရုပ်တုကြီး ဘေးမှာချသိပ်ထားရသလိုမျိုးကြီး။ ငါ အခု လောလောဆယ် သဘောကျနေတာ အခြေတော့နည်းနည်းကြီးတယ်ကွ”

“ဘယ်မှာနေလို့လဲဆရာ”

“အခြေကြီးတယ်ဆိုတာက မိဘမောင်ဖွား အတော်တောင့်တင်းတယ်။ အသိုင်းအဝိုင်းကြီးတယ်ပေါ့ကွာ”

“သူက ဘာလုပ်လဲဆရာ”

“အင်း လောလောဆယ်တော့ ဆေးလိပ်ခုံသုံးခုံ ထောင်ထားတယ်။ အပျိုကြီးကွ။ ဒေါင်ကောင်းကောင်း မျက်လုံးမျက်ဖန်တောက်တောက်နဲ့။ ဟေ့ကောင် လာစမ်း၊ ဟင်နက်ဆီတစ်ပက် ရေခဲထပ်ထည့်ခဲ့စမ်း။ ပြီးရင် ဘတ်တလာကို ထမင်းနှစ်ယောက်စာပြင်ထား။ ကြောင်လျှာသီးသုပ်ချဉ်စပ်လေး ပါပစေလို့ ပြောလိုက် ကြားလား”

ဘွိုင်ကုလားလေးက အိမ်ကြီးဘက်သို့ ထွက်သွားရပြန်သည်။

“ဆရာက အရက်သောက်ရင် ဆေးလိပ်မသောက်ဘူးနော်”

“အေး...ဆေးလိပ်ကျတော့ ငါက သောက်လေ့သောက်ထကို မရှိတာကွ”

“ကျွန်တော်ကျတော့ အရက်သောက်ရင်း ဆေးလိပ်ဖွာရမှ တင်းတိမ်တယ် ဆရာ”

“ဟေ့ကောင်၊ ဒီလိုလုပ်ကွာ၊ မင်း တော်ကြာနေကျရင် ငါနဲ့ ထမင်းစားပြီးရင်



သီဟရတနာစာပေ

http://www.cherrythitsar.org



တခြားကိစ္စလုပ်စရာရှိတာ သွားလုပ်ချေဦး။ ပြီးရင် ည(၇)နာရီလောက် ငါ့ဆီ တစ်ခေါက်လာခဲ့ကွာ"

"ဘာခိုင်းစရာရှိလို့လဲဆရာ"

"ခိုင်းစရာမရှိပါဘူး။ စောစောက ငါပြောတဲ့ ဆေးလိပ်ခုံသုံးခုံကိစ္စ မင်းကို အဖော်ခေါ်သွားမလို့ပါ"

"ဟုတ်ကဲ့ လာခဲ့မယ်လေဆရာ၊ ကျွန်တော် ရိုးမကို ပြန်ရမှာ သန်ဘက်ခါ နော် ဆရာ"

"အေးလေ၊ မနက်ဖြန်ကျရင် ဘဏ်ကပိုက်ဆံ ငါထုတ်ထားလိုက်မယ်။ သန်ဘက်ခါ ဘူတာမဆင်းခင် ငါ့ဆီက ပိုက်ဆံလာယူပြီး ဟိုရောက်တော့ စရိတ် စကတွေ မင်းရှင်းရမယ်မဟုတ်လား"

"ထမင်းပြင်ပြီးပြီတဲ့ ဒယ်ဒီ"

ဆရာတပည့်နှစ်ယောက် စကားကောင်းနေကြဆဲတွင် အဝတ်အစား သစ်သစ် လွင်လွင်နှင့် သားဖြစ်သူ ရှိန်းနိုင် ပြန်ထွက်လာပြီး ပြောသဖြင့်

"မင်းကတော့ နေကုန်နေခန်းကို လည်နေတော့တာပဲနော်။ အခု ဘယ်သွား ဦးမလို့လဲ"

ဟု မေးတော့ ဘာမှပြန်မပြောဘဲ ဖအေကြီး၏ပါးကို ရွှတ်ခနဲနမ်းကာ ဖိုဒ်ကားလေးဆီသို့ ထွက်ပြေးသွား၏။

*　*　*

"ဆရာ့သားကတော့ ဆရာ့ခြေရာကို အမွေဆက်ခံတော့မယ်နဲ့တူတယ် ဆရာ"

ဦးခင်မောင်က ပြုံးစေ့စေ့နှင့် သူ့ဆရာကိုကြည့်ပြီး ပြောနေသည်။

"အေးကွ၊ ငါက ပွင့်ပွင့်လင်းလင်းပဲ မင်းကိုပြောရဦးမယ်။ ဒီကောင်နဲ့ကျ တော့ ငါပြောသလိုလုပ် ငါလုပ်သလိုမလုပ်နဲ့ဆိုပြီး ဆုံးမဖို့က ငါ့မှာ လိပ်ပြာ သိပ်မသန့်ချင်ဘူး"

"ဒီကောင်က မြာတော်တော်ပွေလို့လားဆရာ"

"နောင်အနှစ်နှစ်ဆယ်လောက်ဆို ဖအေ့ထက်တောင် စွံနေဦးမလားမသိပါဘူး ကွာ"

ဆရာ့စကားကြောင့် ဦးခင်မောင်က အားပါးတရ ရယ်လိုက်သည်။

သီဟရတနာစာပေ

သီဟရတနာစာပေ

http://www.cherrythitsar.org



ဆရာတပည့်နှစ်ယောက် အိမ်ကြီးထဲသို့ ဝင်ခဲ့သည်။

အိမ်မှာ ဦးအုန်းနိုင်ကိုယ်တိုင် အဆောက်အအုံပုံဆွဲအင်ဂျင်နီယာ တစ်ယောက် နှင့် တိုင်ပင်ပြီး စိတ်တိုင်းကျ တည်ဆောက်ထားသော အိမ်ကြီးဖြစ်၍ တချို့ နေရာများတွင် အတော်ပင် အနေအထား ခမ်းနားဆန်းကြယ်နေပေသည်။

အတွင်းကအပြင်ကို မြင်ရ၍ အပြင်ကအတွင်းကို မမြင်ရသော မှန်ကြီးများ ကိုလည်း သူ့နေရာနှင့်သူ တပ်ဆင်ထားသည်။

ထမင်းစားခန်းမှာလည်း အတော်ပင် တဖိတ်ဖိတ် တောက်ပြောင်နေပေသည်။

အိမ်ထောင်ဦးစီးကိုယ်တိုင် ထမင်းစားမည်ဖြစ်သဖြင့် စားပွဲထိုး၊ ထမင်း ချက်နှင့် အိမ်ဖော်များသာမက ဦးအုန်းနိုင်၏ ခယ်မဖြစ်သူ ဒေါ်လွင်လွင်ထွေး ကိုယ်တိုင် ဟင်းလျာများကို စီစဉ်ချထားပေးနေသည်။

တပည့်ဖြစ်သူ ဦးခင်မောင်က ဦးအုန်းနိုင်၏ခယ်မ ဒေါ်လွင်လွင်ထွေး၏ ကြွရွနေသော ခန္ဓာကိုယ်၊ ဖြူစင်ဝင်းမွတ်သောအလှ တစ်စိတ်တစ်ဒေသကို တိတ် တခိုး ခိုးကြည့်ရင်းက တံတွေးတစ်ချက်မျိုချလိုက်သည်။

ထိုအမျိုးသမီးနှင့် ပတ်သက်၍ ဦးအုန်းနိုင်၏တပည့် မစ္စတာဂနေ့စ်ထံမှ ကြက်သီးထဖွယ်ရာ ကိစ္စတချို့ သိထားဖူး၍ ဦးခင်မောင်မှာ ထိုအမျိုးသမီးအား ကြာကြာပင် ခိုးမကြည့်ရဲပေ။ မစ္စတာဂနေ့စ်မှာ ဦးအုန်းနိုင်၏ လုပ်ငန်းစာရင်းကို မျက်နှာလွှဲတစ်ဦးပင် ဖြစ်သည်။ ဦးခင်မောင်နှင့်ကျတော့ "၇"တန်းတုန်းက ကျောင်းတစ်ကျောင်းတွင် ကျောင်းနေဖက်မို့ ငယ်ပေါင်း ဖြစ်နေသည်။

"သူတို့ညီအစ်မတွေရဲ့စိတ်က ကြောက်ဖို့ကောင်းတယ် ကိုခင်မောင်"

ဟု အစချီကာ မစ္စတာဂနေ့စ် ပြောပြဖူးသည့် အကြောင်းအရာတချို့က ထမင်းစားရင်းသောက်ရင်းမှာပင် ဦးခင်မောင်ရင်ထဲသို့ လိုမ့်ဝင်လာသည်။

"ဒုတိယကမ္ဘာစစ်ကြီး မဖြစ်ခင်က သူတို့ညီအစ်မနှစ်ယောက် ကျောက် အရောင်းအဝယ်လုပ်ဖို့ဆိုပြီး ထိုင်းနိုင်ငံ ဘန်ကောက်မြို့သို့ သွားကြတော့ ဆရာ ဦးအုန်းနိုင်က သူတို့ကို လိုအပ်တာ အကူအညီပေးဖို့နဲ့ စောင့်ရှောက်ဖို့ဆိုပြီး လူရိုးကြီး ကိုဘတင်ကို ထည့်ပေးလိုက်တယ်။ ကိုဘတင်ဟာ ဆရာဦးအုန်းနိုင်ရဲ့ လက်ရင်းတပည့်တွေထဲမှာ နေတာထိုင်တာ ပြောတာဆိုတာ အတော် ပင်ကိုယ်ရိုး တဲ့အတွက် လူရိုးကြီးလို့ သူ့ကို ခေါ်ကြတယ်။ လူပုံလည်းလူပုံကြီး။ အခု ဆရာ ဦးအုန်းနိုင်မွေးထားတဲ့ ကလေးတွေကို ကျောင်းပို့ကျောင်းကြိုကအစ လုပ်ပေးရတဲ့ လူယုံတော်ကြီးပေါ့။ ဘန်ကောက်ကို ညီအစ်မနှစ်ယောက် ကျောက်အရောင်းအဝယ် သွားကြတော့ အဖော်လိုက်သွားရတဲ့ ကိုဘတင်လည်း သူ့မိဘဘိုးဘွား လက်

http://www.cherrythitsar.org



ထက်က အမွေရထားတဲ့ ပတ္တမြားတစ်လုံးကို ဘယ်သူမှ မငြိုငြင်တတ်ကြကောင်း ပါဘူးရယ်လို့ ထင်ပြီး ယူသွားမိခဲ့တယ်။ ဟိုရောက်တော့ ဟိုတယ်မှာတည်းကြ တယ်။ ကျောက်ပွဲစားတွေနဲ့လည်း ဆက်သွယ်ကြတယ်။ အဲ့ဒီတော့မှ ကိုဘတင်က ဒေါ်လွင်လွင်ဦးနဲ့ ဒေါ်လွင်လွင်ထွေးတို့ ညီအစ်မဆီမှာ ခွင့်တောင်းပြီး သူ့မှာ ပါလာတဲ့ ပတ္တမြားကို ကျောက်ပွဲစားတွေကို ထုတ်ပြတယ်။ ကံတရားရဲ့ အလှည့် အပြောင်းလို့ပဲ ဆိုရမှာပေါ့။ ဘန်ကောက်က ကျောက်ပွဲစားတွေဟာ ကိုဘတင်ရဲ့ ပတ္တမြားကို အတော်လေး မျက်စိကျပြီး ကြိုက်ဈေးပေးတဲ့အထိ ဖြစ်လာကြတယ်။ အဲ့ဒီမှာတင် ဒေါ်လွင်လွင်ဦးတို့ညီအစ်မက ကိုဘတင်ဆီက ကျောက်ကို ဘန်ကောက် မှာ မရောင်းပါနဲ့ သူတို့ကို ရောင်းပါဆိုပြီး အုပ်စီးဈေးဖြတ်လာကြတယ်။ ကိုဘတင်က ကျောက်ပွဲစားတစ်ယောက်ကို စကားလွန်ပြီးသားဖြစ်နေလို့ ကတိမဖျက်ပါ ရစေနဲ့ဆိုပြီး ပထမဆုံးအကြိမ် ဆရာ့မိန်းမနဲ့ ခယ်မရဲ့ဩဇာကို ပယ်ရှားခဲ့မိတယ်။ ကိုဘတင် ကျောက်အရောင်းအဝယ်ဖြစ်တဲ့ညမှာ ညီအစ်မနှစ်ယောက်က ညစာ ကျွေးရမယ်ဆိုပြီး ဟိုတယ်မှာ စပယ်ရှယ် ညစာမှာစားကြရင်း ကိုဘတင်ကို ဖွတ် အတင်း ဘီယာတွေ တိုက်ကြတယ်။

ရန်ကုန်ပြန်ရောက်တော့ ဒေါ်လွင်လွင်ဦးက ယောက်ျားဖြစ်တဲ့ ဦးအုန်းနိုင်ကို ဘယ်လိုလိမ်ညာပြီးပြောလဲဆိုရင် ကိုဘတင်ဟာ ဘန်ကောက်က ဟိုတယ်မှာတုန်း က ညဘက် ဘီယာမူးမူးနဲ့ ဒေါ်လွင်လွင်ထွေးရဲ့လက်ကို ဖွတ်အတင်းဆွဲတယ် ဆိုပြီး ပြောတယ်။

ခယ်မဖြစ်တဲ့ ဒေါ်လွင်လွင်ထွေးကလည်း ဟုတ်တယ်။ ကိုဘတင် လက်ဆွဲ တယ်လို့ လိမ်ပြောတယ်။ ဦးအုန်းနိုင်က ကိုဘတင်ကို ဟုတ်သလားဆိုတော့ ကိုဘတင်က မဟုတ်ရပါကြောင်း၊ ဘီယာတော့ သူတို့ဖွတ်အတင်းတိုက်လို့ သောက်ရပါကြောင်း၊ အူရိုင်းမို့ မူးခဲ့ပါကြောင်း အမှန်အတိုင်း ပြောတယ်။ ကိုဘတင်ဘက်က မားမားမတ်မတ် မှန်ရာပြောပေမယ့် သက်သေက မရှိဘူး။

ဒီတော့ ဦးအုန်းနိုင်ရယ်၊ ဒေါ်လွင်လွင်ဦးရယ်၊ ခယ်မ ဒေါ်လွင်လွင်ထွေးရယ် က ကိုဘတင်ကို အကျပ်ကိုင်ကြတယ်။

ဒီကိစ္စ လူသိထင်ရှား၊ တရားစွဲရမလားဆိုပြီး ကိုဘတင်ကို စိတ်ဒုက္ခပေး ကြတယ်။

ကိုဘတင်က တရားတော့ မစွဲပါနဲ့။ ဆရာတို့ကျေနပ်အောင် ကျွန်တော် ဘာလုပ်ပေးရမလဲပေါ့။ အဲတော့ ဦးအုန်းနိုင်ရယ်၊ သူ့မိန်းမ ဒေါ်လွင်လွင်ဦးရယ်၊ သူ့ခယ်မ ဒေါ်လွင်လွင်ထွေးရယ်က ဘန်ကောက်မှာ ပတ္တမြားရောင်းလို့ရတဲ့

http://www.cherrythitsar.org



ငွေထဲက သုံးပုံ့ပုံပြီး ၂ ပုံကို သူတို့ကိုပေးရမယ်လို့ အကျပ်ကိုင်ကြတယ်။

ကိုဘတင်က ၃ ပုံ ၁ ပုံပဲယူပါလို့ တောင်းပန်တာတောင် လက်မခံကြဘူး။ အဲဒါနဲ့ ကိုဘတင်ခမျာ သူတို့တောင်းတာကို မတရားသဖြင့် တောင်းနေကြမှန်း သိပါရက်နဲ့ ပေးပြီး အရှက်နဲ့ ဂုဏ်သိက္ခာကို ကာကွယ်လိုက်ရတယ်။

ဦးအုန်းနိုင်ရဲ့ နည်းစနစ်က ဘယ်လောက် ကြောက်ဖို့ကောင်းလဲဆိုရင် ကိုဘတင်ဆီက လိုချင်တဲ့ငွေလည်းရရော၊ သစ်လုပ်ငန်း ရိုးမကြိုးဝိုင်းထဲမှာ ရှိသမျှ အလုပ်သမားအားလုံးကို ဘယ်လိုသတင်းလွှင့်လိုက်လဲဆိုတော့ ကိုဘတင် တစ်ယောက် ဘန်ကောက်မှာ မူးပြီးရမ်းလို့ တပည့်အဖြစ်က အလုပ်ထုတ်ပစ်လိုက်ပြီ ဆိုပြီး သတင်းလွှင့်လိုက်သေးတယ်လေ။ ဒါကြောင့် ဦးခင်မောင်ကို ကျွန်တော် သတိပေးထားမယ်။ ဦးအုန်းနိုင်တို့မိသားစုဆီမှာ တပည့်ခံပြီး သူတို့ခိုင်းတာလုပ်ရင် ငွေပေါပေါသုံးရတယ်၊ လူကုံထံအသိုင်းအဝိုင်းမှာ မျက်နှာရှိတယ်၊ လူဝင်ဆံ့တယ် ဆိုပြီး စိတ်ရဲ့သာယာမှု လွန်မသွားစေနဲ့။ သူတို့မိသားစုနဲ့ ဆက်ဆံတဲ့အခါမှာ သတိဆိုတာ လွတ်မသွားစေနဲ့။ ကျွန်တော်ဆို သူ့အလုပ်က ခွာထွက်ချင်တာ ကြာပြီ။ ဒါပေမယ့် ကျွန်တော့်ကို ဘာနဲ့ချုပ်ကိုင်ထားလဲဆိုတော့ သူ့ရဲ့ သစ်အရောင်းအဝယ်စာချုပ်တချို့မှာ သက်သေနေရာက လက်မှတ်ထိုးထားသူအဖြစ်နဲ့ ကျွန်တော့်ကို အပိုင်ကိုင်ထားတော့ သူရောင်းခဲ့တဲ့ သစ်တန်ချိန်တိုင်းဟာ ကြိုးဝိုင်းက တရားဝင် သစ်တန်ချိန်အမှန်မဟုတ်တာ သူရောကျွန်တော်ရော သိနေတော့ သူ တစ်ခုခုရှင်းရရင် ကျွန်တော့်ကိုပါ သူက အမှုတွဲထားတဲ့သဘောပဲ။ ကျွန်တော် သူနဲ့ဆက်မိသွားတာက ရိုးမအခြေက စားသောက်ဆိုင်တစ်ဆိုင်မှာ လျှို့ဝှက်ပြီး သည်းကြီးမည်းကြီး ဖဲဝိုင်းကြီးကစားကြတော့ ဦးအုန်းနိုင်ကလည်း ရိုးမကို ရောက်နေချိန်မို့ ကျွန်တော် ဖဲအကြီးအကျယ်ရှုံးတဲ့ညက သူက ပိုက်ဆံထုတ်ပေးခဲ့တယ်လေ။ ကူညီခဲ့တယ်။ အဲ့ဒီတုန်းက ကျွန်တော်က သစ်တင်တဲ့ကား ထောင်စားတာကိုး။ ဖဲရှုံးတော့ ကျွန်တော့်လော်ရီကား(၂)စီး သူ့ကို ပေါင်လိုက်ရတယ်။ အရင်းရောအတိုးပါ ပြန်မဆပ်နိုင်တော့ သူက ကြွေးတွေကို လျှော်ပစ်လိုက်မယ်။ ကား ၂ စီးကိုတော့ သူယူမယ်ပေါ့လေ။ ကျွန်တော်က စတီးဘရားသားကုမ္ပဏီမှာ သစ်စာရင်းကိုင်ဖူးတယ်ဆိုတာလည်း သူသိထားတော့ ကျွန်တော့်ကို စာရင်းကိုင် အနေနဲ့ သူ့ဆီမှာ မွေးလိုက်တဲ့သဘောပဲ။ ဦးအုန်းနိုင်တို့မိသားစုက လူ တစ်ယောက်ကို ပိုင်ကွက်ကိုင်တဲ့နေရာမှာ သိပ်အကွက်စေ့တယ်။ သူ့ခယ်မ ဒေါ်လွင်လွင် ထွေးဆို လှသလောက် ကြောက်စရာကောင်းတယ် ကိုခင်မောင်”

ဟု မစ္စတာဂနေ့စ် သတိပေးထားဖူးသော စကားများကြောင့် ထမင်းစားပွဲဝိုင်းမှ

http://www.cherrythitsar.org



တစ်ဆင့် မြင်နေရသော ဒေါ်လွင်လွင်ထွေး၏အလှကို ကြာရှည်ခိုးမကြည့်ရဲဘဲ ဦးခင်မောင် ကြက်သီးထနေရခြင်းဖြစ်သည်။

ဒေါ်လွင်လွင်ထွေးက မှန်နိုင်လွန် လည်ဟိုက်လက်စကအင်္ကျီလေးကို ကပိုကရိုပင် ဝတ်ဆင်ထားပြီး အထဲက လှဆန်းယဉ် အသားကပ် ကြိုးပျောက်ဇာဘော်လီအနက်ရောင်ကို ဖြူဝင်းအိစက်သောအသားနှင့် လိုက်ဖက်ညီအောင် ချပ်ချပ်ရပ်ရပ် ဝတ်ဆင်ထားသည်။

အသက်အရွယ်မှာ (၃၅)နှစ်ခန့် ရှိပြီးဖြစ်သော်လည်း ပီဘိအပျိုမလေး တစ်ယောက်လို ဘော့ပ်ဟဲယားဆံပင်ပုံစံ တိုတိုလေး ညှပ်ထားသေးသည်။

ခါးသိမ်၍ အသားဆိုင်များ ဖွံ့ထွား ကားအိထွက်လာသော ခန္ဓာကိုယ်အောက်ပိုင်းကို တိုဘရက်ကိုး ပိုးတွန့် အနက်ခံအဖြူပျောက်လုံချည်လေး ဝတ်ထားသေးရာ လှုပ်ရှားသွားလာမှုမှန်သမျှမှာ ဟန်ချက်ညီစွာ မို့မောက်ပြေလျော တုန်ခါနေသော အလှဗေဒတချို့က သာဓကဖြစ်နေသည်။ ပသာဒဖြစ်နေသည်။

"ဘယ့်နှယ်လဲ စားကောင်းရဲ့လား ဒါလင်"

ရေကူးကန်မှာ ရေစိမ်ပြီး မျက်နှာကို သနပ်ခါးမလူးသေးဘဲ ဆံပင်ကို အုပ်လုံးသိမ်းလျက် ကရင်ပတ်ဖ် ခပ်ဖွဖွလေး မျက်နှာပြင်ကိုဖို့ကာ မွေးပွတစ်ဘက်ကို ခြံ၍ ထမင်းစားခန်းမှ ဖြတ်လျှောက်သွားရင်းက ဒေါ်လွင်လွင်ဦးက ခင်ပွန်းဖြစ်သူကို လှမ်းမေးလိုက်သည်။

သားသမီး(၃)ယောက်၏ မိခင်ဖြစ်လင့်ကစား မွေးဖွားချိန်တွင် ဗိုက်ခွဲ၍ မွေးဖွားခဲ့ခြင်း၊ ကလေးများအား ကလေးထိန်းနှင့်ထားကာ နို့ဘူးကိုသာ တိုက်ခဲ့ခြင်းတို့အပြင် မီးယပ်နှင့်ဆိုင်သော နိုင်ငံခြားဆေးကောင်းဝါးကောင်းများကို အစဉ်အမြဲ အသုံးပြုနေခြင်းတို့ကြောင့် ဒေါ်လွင်လွင်ဦးမှာလည်း ညီမဖြစ်သူ အပျိုကြီးဒေါ်လွင်လွင်ထွေးနှင့် မတိမ်းမယိမ်းပင် အလှချင်းပြိုင်နေသလို ရှိပေသည်။

ဦးအုန်းနိုင်က သားသမီးများအပေါ်တွင်လည်းကောင်း၊ အိမ်ထောင်ဖက်အပေါ်တွင်လည်းကောင်း လွတ်လပ်မှုကို အပြည့်ပေးထားသဖြင့် ဒေါ်လွင်လွင်ဦးကိုယ်တိုင် စိတ်သွားတိုင်းကိုယ်ပါ အသိုင်းအဝိုင်းများစွာကြားတွင် ဝင်ဆံ့နေနိုင်စွမ်းရှိပေသည်။

တယ်လီဖုန်းသံတွေက ညံစည်လို့နေတတ်သည်။ ဥယျာဉ်ပွဲတွေက လှမ်းဖိတ်တတ်သလို မွေးနေ့ပွဲ၊ နှုတ်ဆက်ပွဲ၊ အသင်းအဖွဲ့ ပျော်ပွဲစား ခရီးတို,ခရီးရှည်တွေကလည်း မွစာကြဲနေတတ်သည်။

တစ်ခါတစ်ရံ ဒေါ်လွင်လွင်ဦးတို့ညီအစ်မနှစ်ယောက်လုံး တတွဲတွဲသွားလာ

http://www.cherrythitsar.org



တတ်၏။ ရံခါတွင်မူ ဒေါ်လွင်လွင်ဦးတစ်ယောက်တည်း သွားလာရသောပွဲများ ရှိတတ်သည်။ ခရီးတိုခရီးရှည်များ ရှိတတ်သည်။

ထိုအခါမျိုးတွင် ဒေါ်လွင်လွင်ဦးစိတ်ထဲ၌ ညီမဖြစ်သူနှင့် မိမိ၏ခင်ပွန်းဖြစ်သူအား စိတ်မချသလို ခံစားရတတ်သေးသည်။ အို...မပြေးသော်ကံရာရှိ။ မဖြစ်စေချင်တာ ဖြစ်သွားတော့လည်း ဘာတတ်နိုင်မှာလဲ။ လူတွေရဲ့စိတ်တွေကို သံကြိုးနဲ့ချည်ပြီး သော့ခတ်ထားလို့ ရတာမှမဟုတ်ဘဲဟု ဖွတ်မိတ်လျက် ကြိုတင်ဖြေသိမ့်နေရပေသေးသည်။ ပက်ပင်းကြီးမတိုးသေးသရွေ့တော့ ထားလိုက်ပါတော့။

တစ်နေ့ ပက်ပင်းကြီး နဖူးတွေ့ဒူးတွေ့ တိုးလာတဲ့အခါကျတော့လည်း လူမသိသူမသိ ဖုံးဖိပြီး ကိုယ်လည်း ကိုယ့်သာယာမှုရှာချင်တဲ့အခါ ရှာသင့်ရင် ရှာရမှာပေါ့ဟု စိတ်ထဲတွင် အတွေးဝါဂွမ်းမျှင်တစ်စ ဝင်လာသည်။

"ခင်မောင်...စားကောင်းတယ်နော်၊ မင်း ဒီကပြန်သွားပြီးရင် ည(၇)နာရီ လောက် ငါ့ဆီ တစ်ခေါက်လာဖို့ကိစ္စ မမေ့နဲ့နော်"

ဦးအုန်းနိုင်က စားလက်စထမင်းပွဲကို သစ်သီးစုံတစ်ခွက်နှင့် နိဂုံးကမွတ်အဆုံးသတ်ရင်းက ထိုင်ရာမှထ,လိုက်သည်။

"ဟုတ်ကဲ့ပါဆရာ ကျွန်တော် လာခဲ့ပါ့မယ်"

ခြံနောက်ဘက် ခွေးလှောင်အိမ်ဆီမှ အင်းခွေးကြီး(၄)ကောင်၏ မြူးတူးခုန်ပေါက်သံကို ကြားနေရသည်။

နေ့လည်စာ ဆိတ်ရိုးစွပ်ပြုတ်ကျွေးနေပြီလေ။ မနက်တစ်ကြိမ်နှင့် ည တစ်ကြိမ်က အမဲသားပြုတ်ကျွေးသည်။

"ဆရာ့ကောင်ကြီးတွေ တယ်ပျော်နေကြပါလားဆရာ"

ဦးခင်မောင်က ခြံနောက်ဘက်ဆီသို့ လှမ်းမျှော်ကြည့်ရင်းက ပြောလိုက်သည်။

"ဒီကောင်တွေက အစားအသောက်ကောင်းသလို ကျန်းမာရေးကလည်း ဒေါင်ဒေါင်မြည်ပဲကွ။ တိရစ္ဆာန်ဆေးကုဆရာဝန် ဒေါက်တာချောင်ဒရီကတောင်မှ

ဦးအုန်းနိုင်ရဲ့ခွေးတွေကို ဘိလပ်ပို့ပြီး ပြိုင်ပွဲဝင်ရင် ဆုရမှာသေချာတယ်တဲ့။ ညဆိုလည်း တစ်ခြံလုံး သူတို့ကို လွှတ်ထားတော့ ခြံသိပ်လုံတာပဲ"

ဆရာတပည့်နှစ်ယောက် လမ်းလျှောက်ရင်း ခြံနောက်ဖက်သို့ လှမ်းအကဲခတ်လိုက်ကြသည်။

ခွေးလှောင်အိမ်ထဲမှ ဝိုက်၊ ဘရောင်း၊ ဖက်တီးနှင့် ဘလက်ကီးဆိုသည့် အင်းခွေးကြီး(၄)ကောင်က မာန်တကြွကြွနှင့် အစာစားနေကြသည်။

ခြံအလုပ်သမားကောင်လေးတစ်ယောက်က လက်တစ်ဖက်တွင် ဆိတ်စွပ်

http://www.cherrythitsar.org



ပြုတ်ရည်ထည့်ထားသော ကြွေရည်သုတ် လက်ဆွဲပုံးကလေးကိုကိုင်ကာ လှောင်အိမ်အစာထည့်ပေါက်မှ ခွက်ကို သွက်လက်စွာ လှမ်းထုတ်ယူသည်။ ကြွေရည်သုတ်ယောက်ချိုဇွန်းကြီးနှင့် ဆိတ်စွပ်ပြုတ် ထပ်ထည့်ပေးသည်။

"ငါနဲ့ ဂေါက်သီးရိုက်ဖက် ဘီအိုစီကအရာရှိ မစ္စတာဒင်နီရယ်လ်ဆိုရင် ဒီကောင်ကြီးလေးကောင်ကိုကြည့်ပြီး အရမ်းသဘောကျတာကွ။ ဝယ်လို့ရရင် ငါ့ဆီက ဝယ်မလို့တဲ့။ သင်ပေးရင် တော်တော်တတ်မယ့်ကောင်တွေတဲ့။ ပြီးခဲ့တဲ့ တနင်္ဂနွေနေ့က မစ္စတာဒင်နီရယ်လ်က သူ့မိသားစုပါခေါ်လာပြီး ငါ့ဆီလာလည်ရင်း သူ့ကားပေါ်မှာ ပါလာတဲ့ ခွေးအစားအစာ အသားဘူးတွေနဲ့ ဒီကောင်တွေကို ပြပြပြီး လုပ်ခိုင်းတာ အကုန်လုပ်ပြတယ်လေ။ တုတ်ကောက်ကို မြက်ခင်းပေါ် ပစ်လိုက်တယ်။ ဂိုက်က တော်တော်သွက်တဲ့ကောင်။ ပြေးပြီး ကောက်ချီလာတယ်။ ဒီကောင့်ကို အသားဘူးတစ်ဘူး ဖောက်ကျွေးလိုက်တယ်။

ဘရောင်းနဲ့ ဖက်တီးကျတော့ တော်တော်လေး သင်ပေးရဦးမယ်။ ဒီကောင်နှစ်ကောင်က ဂိုက်လောက် မသွက်ဘူး။ နည်းနည်းထုံထိုင်းထိုင်းနဲ့။ ဟိုကောင်ဘလက်ကီ နောက်ဘဝမှာ ကံကောင်းလို့ လူဖြစ်ရင် ပန်းချီဆရာများ လုပ်မလားမသိဘူး"

"ဘာဖြစ်လို့လဲဆရာ၊ ခွေးနဲ့ပန်းချီနဲ့ ဘယ်လိုပတ်သက်နေလို့လဲ"

"ငါတို့ ဟိုဘက်ခြံက မစ္စစ်ဆီလ်ဗားဆိုတဲ့ မိန်းမကြီးက ဩစတြေးလျကနေ ရန်ကုန်ကို ခဏလာလည်ရင်း ဟိုဘက်ခြံက သူ့မိတ်ဆွေတွေဆီမှာ တည်းနေတယ်လေ။ ဟိုဘက်ခြံက သစ်ခွစိုက်တာကိုး။ သစ်ခွပွင့်တွေ ကြည့်ပြီး မနက်မနက်ဆို မစ္စစ်ဆီလ်ဗားက သူ့ဝါသနာနဲ့သူ ပန်းချီထိုင်ရေးနေတတ်တယ်။ ဒီမိန်းမကြီး ပန်းချီထိုင်ရေးနေတာကို ပုဏ္ဏရိပ်ခြံစည်းရိုးကြားက လှမ်းတွေ့တဲ့ ဘလက်ကီက မနေနိုင်ဘူးဟေ့၊ ဇွတ်အတင်း အဲ့ဒီမိန်းမကြီးဆီ ပြေးသွားမယ် တကဲကဲလုပ်တော့ ဒီမိန်းမကြီးက လွှတ်ပေးလိုက်ပါ။ သူက ခွေးချစ်တတ်ပါတယ်။ သူ့ကို မကိုက်စေရပါဘူးဆိုပြီး သူ့ကိုယ်သူ တာဝန်ယူပါတယ်ဆိုလို့ ငါတို့က လွှတ်ပေးလိုက်ရောဟေ့။ အောင်မယ်...သူ့ဟာနဲ့သူတော့ ဟုတ်လို့ကွ။ ပန်းချီရေးနေတဲ့ မိန်းမကြီးနားလည်း ရောက်ရော ဘလက်ကီက ဆောင့်ကြောင့်လေးထိုင်လို့။ ပန်းချီကားကို မော့ကြည့်လို့။ တစ်ခါတစ်ခါ မြက်ခင်းပေါ် ဖရိုဖရဲဖြစ်နေတဲ့ စုတ်တံတွေကိုတောင် သူ့ပါးစပ်မည်းမည်းကြီးနဲ့ ကိုက်ချီလို့ကွ"

"ဆရာ့ကောင်တွေကလည်း တစ်ကောင်တစ်မျိုးစီပါလား။ ဟိုကောင်ဖက်တီးက နောက်မှ ဆရာမွေးတာမဟုတ်လားဆရာ။ အရင်က ဒီကောင့်ကို မတွေ့မိပါ

http://www.cherrythitsar.org



ဘူး”

“ငါ့မိန်းမလေကွာ၊ ရှမ်းပြည်နယ် အင်းလေးကို သူ့အသိတွေနဲ့ သွားလည်တာ။ ဟိုရောက်တော့ ဒီကောင် ဖက်တီးကို ညောင်ရွှေက ၅ ရက်ဈေးနေ့မှာ တွေ့တော့ အိမ်က ပိုက်နဲ့ ဘရောင်းအတွက် အဖော်ရအောင်ဆိုပြီး ဝယ်ချလာတာ။ အကုန်လုံး အင်းစပ်တွေချည်းပါပဲ။ အင်းခွေးစစ်စစ်ရယ်လို့တော့ မဟုတ်ပါဘူး”

“အမတစ်ကောင်မှ မပါဘူးနော်ဆရာ၊ သုံးကောင်လုံး အထီးတွေချည်းပဲနော်”

“ဟိုကောင် ပိုက်ကို ဝယ်လာတုန်းက ငါ့သား ရှိန်းနိုင်လေ ခွေးပေါက်စ ဖြူဖြူဖွေးဖွေး အမ,လေး ချစ်စရာလေးဆိုပြီး ဝမ်းသာအားရ ဝယ်ချလာတာ အိမ်ရောက်တော့ လူကြီးတွေက ဝိုင်းကြည့်ပြီး အထီးလေးပါ သားရဲ့ဆိုတော့ ဒီကောင် ရှက်ကိုးရှက်ကန်းနဲ့ သားက ချစ်လို့ ခေါ်မွေးတာ အထီးဖြစ်ဖြစ် အမဖြစ်ဖြစ် ညဘက် ခြံလုံရင် ပြီးတာပဲတဲ့လေ”

နှစ်ယောက်သား ရှိန်းနိုင်အကြောင်းပြောပြီး ရယ်ကြပြန်သည်။

“ကဲ...ဆရာ...ကျွန်တော် သွားစရာရှိတာ သွားလိုက်ပါဦးမယ်။ ည(၇)နာရီမှ ကျွန်တော်လာခဲ့မယ်နော်ဆရာ”

“အေး...အေး...”

ဦးခင်မောင်နုတ်ဆက်၍ ထွက်သွားတော့ ဦးအုန်းနိုင် အိမ်ထဲပြန်ဝင်ခဲ့သည်။

အိမ်ထဲတွင် သမီးလတ် မြဒါလီနိုင်က ၃၆ မီလီမီတာ ရုပ်ရှင်ပြစက်ကလေးဖြင့် ရုပ်ရှင်ကြည့်ကောင်းနေဆဲပင် ဖြစ်သည်။

သမီးကြီး ကြယ်စင်နိုင်ကတော့ ရေကူး၊ ထမင်းစားပြီးစမို့ ဧည့်ခန်းထောင့်တစ်နေရာတွင် ပြေပြေလျောလျောလေးထိုင်ကာ ဓာတ်စက်နှင့် ဓာတ်ပြားချပ်တစ်ချပ်ကို ဖွင့်နေသည်။

ကျွဲကော်ဓာတ်ပြားဝိုင်းစက်စက်လေးမှာ ဓာတ်စက်စိန်သွားအောက်တွင် ညင်သာစွာ ချာလည်လည်နေပေသည်။

* * *

မူကာဂျီနှင့် ဟာစီနာတို့ ကုန်စုံဆိုင်မှာ ဈေးဖွင့်ရက်မနက်ခင်းတွင် အတော် လေး ရောင်းအားကောင်းနေပေသည်။

သီဟရတနာစာပေ

http://www.cherrythitsar.org



ဆပ်ပြာသေတ္တာကားဆိုက်သည်မို့ လောလောဆယ် မူကာဂျီ၏အလုပ်သမား ဖြစ်နေသော ကိုမင်းဇော်မှာ ဆန်းလိုက်သေတ္တာပုံးများကို ပခုံးတွင် လုံချည်စုတ်တစ်ခုခံကာ ထမ်းချနေရသည်။

ဘာဘူလေးက ကိုမင်းဇော် ထမ်းချပေးနေသော ဆပ်ပြာသေတ္တာပုံးများကို ကုန်စုံဆိုင်ထောင့်တစ်နေရာတွင် စီ၍ထပ်ပေးနေရသည်။

စုစုပေါင်း မူကာဂျီတို့ဆိုင်မှာ (၁၀)သေတ္တာယူလိုက်သည်။ ဆပ်ပြာသေတ္တာလာပို့သော ကားသမားကို (၁၀)သေတ္တာဖိုး ဟာစီနာက ငွေချေလိုက်သည်။

"မင်းဇော်၊ ဘာထိုင်လုပ်နေတာလဲ။ ကြက်သွန်နီအိတ်ဖောက်ပြီး ဇန်းထဲတည့်ပြာလိုက်လေ။ ပြီးရင် ပြာပြီးသား ကြက်သွန်တွေ ဟိုဇန်းထဲထည့်ထား"

ဆပ်ပြာသေတ္တာချပြီးစမို့ ရေတစ်ခွက်သောက်ကာ ချွေးတစိုစိုဖြင့် ခဏထိုင်နားနေသော ကိုမင်းဇော်အား မူကာဂျီက လှမ်းပြောနေသည်။

"ဆိုင်မှာ လူကျနေတုန်းကို ဖင်ကျောက်ချမနေကြစမ်းပါနဲ့ဟဲ့။ ထကြ၊ ရောင်းကြစမ်းပါဟဲ့..."

ဟာစီနာကပါ ဝင်၍ ပြောသဖြင့် ကိုမင်းဇော်က ဇန်းတစ်ချပ်ကိုယူကာ ကြက်သွန်အိတ်ထဲမှ ကြက်သွန်တွေကိုထည့်ပြီး အခွံဝါဝါတွေကို ပြာထုတ်နေရပြန်သည်။

ဘာဘူလေးက ဆီငါးဆယ်သား လာဝယ်သူအတွက် ခွက်ချင်ချင်တွယ်ကာ ပုလင်းထဲထည့်ပေးနေရသည်။

"မောင်မင်းဇော်"

မိမိ၏နာမည်ကို ဂရုတစိုက် ညင်သာစွာခေါ်လိုက်သံကြားရသဖြင့် ကိုမင်း ဇော်က ဆိုင်ရှေ့သို့ လှမ်းကြည့်လိုက်သည်။

"ဟာ...ဦး...ပါလား..."

"ဟင်...ဦးလေး..."

ကိုမင်းဇော်ရော ဘာဘူလေးပါ ဦးအောင်ကြီးကို နှုတ်ဆက်လိုက်ကြသည်။

"စကားပြောချင်တာလေးတွေ အရေးတကြီးရှိလာလို့ ဦးလေးလာခဲ့တာပါ။ ညနေ ဈေးပိတ်ချိန်ကျရင် မောင်မင်းဇော် ဦးလေးတို့အိမ်ကို လာခဲ့ပါလား။ နန်းကြီးသုပ်ဆိုင်မှာ မင်းအဒေါ်ကို ထားရစ်ခဲ့ပြီး ဦးလေးအိမ်ကို စောစောပြန်မယ်။ အိမ်မှာ ဦးလေးစောင့်နေမယ်။ သမီးတို့ကတော့ သူတို့ ဆိုင်တွေသိမ်းချိန်ကျမှ ပြန်လာကြမှာပဲ။ အိမ်မှာ မောင်မင်းဇော်ကို ဦးလေး တိုင်ပင်စရာရှိလို့ပါ"

"ဟုတ်ကဲ့ပါဦးလေး၊ ဈေးပိတ်တာနဲ့ ညနေကျ ကျွန်တော်လာခဲ့ပါ့မယ်"

http://www.cherrythitsar.org



"ကဲ…ဒါဆို ဦးလေးသွားမယ်။ မင်းတို့အလုပ်ပျက်နေဦးမယ်။ ဘာဘူလေး ရေ၊ ဦးလေး ပြန်ဦးမယ်ဟေ့"

"ဟုတ်ကဲ့ပါဦးလေး"

ဈေးဆိုင်တန်းများရှေ့ဆီမှ ခါးကိုင်းကိုင်းနှင့် တရွေ့ရွေ့ ထွက်ခွာသွားသော ဦးအောင်ကြီးကို ဘာဘူလေးရော ကိုမင်းဇော်ပါ လှမ်းကြည့်နေမိကြသည်။ တော်တော်လေးဝေးသွားတော့မှ လုပ်စရာရှိတာ ဆက်လုပ်ကြသည်။

"မူကာဂျီ…မူကာဂျီ…ခင်ဗျားသားလေး အလီ ပဲငပိရောင်းတဲ့ဆိုင်က ရှီးတီရဲ့ သားလေး အိဖန်ဆီက ကစားစရာအရုပ်လေး လုပြေးလို့ ရှီးတီက ပြန်တောင်းခိုင်း လိုက်တယ်"

ရှီးတီဆိုင်မှ အလုပ်သမား ကျော်မောင် လာပြောသဖြင့် မူကာဂျီတို့ လင် မယားမှာ တစ်ယောက်တစ်ပေါက်ဖြင့်…

"ဟေ့…အလီ ဘယ်သွားလဲ"

"ဟဲ့…ရှာကြစမ်းပါဦး၊ ငါ့သားလေးကို"

ဟုဆိုကာ ဘာဘူလေးတို့ကို မေးနေပြန်သည်။ မနက် ဆိုင်စ,ခင်းကတည်း က သူ့ဟာသူ သွားချင်ရာသွား၊ စားချင်ရာစား၊ ကစားချင်ရာကစားနေသော ဒီလိုကောင်လေးမျိုးကို ဘယ်သူက စောင့်ကြည့်နေနိုင်ပါမည်နည်း။

"သွားစမ်း…မင်းဇော်၊ ဈေးထဲမှာ ပတ်ရှာကြည့်စမ်း၊ တွေ့ရင် ခေါ်လာခဲ့"

ဟာစီနာက ကိုမင်းဇော်ကိုခိုင်းသည်။ ကိုမင်းဇော်က ဝမ်းသားအားရပင် အလီ အား ရှာပုံတော်ဖွင့်ရန် ဈေးတစ်ပတ်ပတ်လိုက်သည်။ ဒါမှ ခြေညောင်းလက်ဆန့် ဖြစ်မည်မဟုတ်လား။

* * *

ညနေ(၅)နာရီသာသာ ဈေးပိတ်၍ ကုန်စုံဆိုင်သိမ်းချိန်တွင် ကိုမင်းဇော်သည် မူကာဂျီတို့အိမ် (၅)လုံးစုကလေးသို့ ပြန်ကာ ကတိုက်ကရိုက်ပင် နီးရာရေတွင်း တစ်တွင်းတွင် ရေငင်၍ ရေချိုးသန့်စင်လိုက်ပြီး အဝတ်အစားခပ်လတ်လတ်တစ်စုံ လဲလှယ်ဝတ်ဆင်ကာ ဘာဘူလေးကို နှုတ်ဆက်၍ ပုဇွန်တောင် ရေကျော်ဘက်သို့ ဘတ်(စ)ကားစီး၍ ထွက်ခဲ့၏။

ဦးအောင်ကြီးမှာ နေအိမ်တွင် မနက်ကကြိုတင်ပြောသွားသည့် သူ့စကား အတိုင်းပင် စောင့်ဆိုင်းလျက်ရှိသည်ကို တွေ့ရ၏။

http://www.cherrythitsar.org



"ဘယ်သူမှ ပြန်မရောက်ကြသေးဘူးကွယ့်။ လာကွာ မောင်မင်းဇော် ထိုင်၊ ရေနွေးကြမ်းနဲ့ ကျောက်ပန်းတောင်းထန်းလျက်လေး မြည်းလိုက်ပါဦး"

ကိုမင်းဇော်က ရေနွေးကြမ်းတစ်ခွက်ကို ငှဲ့သောက်သည်။

"မင်းကို ဝမ်းသာစရာတစ်ခု ပြောရဦးမယ်"

"ဘာများပါလိမ့် ဦးလေး"

"ဝါဆိုလပြည့်နေ့က မောင်မင်းဇော်ပြန်သွားပြီးနောက်ပိုင်း ဦးရဲ့ဒိုင်ယာရီကို လှန်လှောပြီး ဆိပ်ကမ်းအာဏာပိုင်ရုံးမှာ လက်ရှိအရာရှိကြီးတွေထဲက ဦးအသိ ဘယ်သူများရှိဦးမလဲဆိုပြီး တယ်လီဖုန်းနံပါတ်နဲ့ လိပ်စာရှာကြည့်တဲ့အခါကျတော့ မစ္စတာဂျေကော်ဘရင်ဆိုတဲ့လူကို သွားတွေ့တယ်။ သူနဲ့ဦးကို မိတ်ဆက်ပေးဖူးတာက ဦးရဲ့မိတ်ဆွေ လူဝင်မှုကြီးကြပ်ရေးဌာနက အရာရှိ ဦးကျော်ဇင်တဲ့။ မြန်မာနိုင်ငံ ကုန်သည်ကြီးများအသင်း ညစာစားပွဲမှာ သိခဲ့ကြတာပါ။ မောင်မင်းဇော်အနေနဲ့ ဆိပ်ကမ်အရာရှိငယ် စာမေးပွဲဝင်ဖြေဖို့ စာရင်းပေးထားတယ်ဆိုတာ ဦးသိရလို့ တစ်ခုခု အကူအညီပေးနိုင်အောင်ဆိုပြီး မနေ့က မွန်းလွဲပိုင်မှာ မစ္စတာဂျေကော် ဘရင်ဆီကို ဦး ရောက်သွားခဲ့တယ်။ သူ့ကို ဝင်တွေ့ခဲ့တယ်။ သူ့ရဲ့ ရုံးဝန်ထမ်းတွေဆီမှာ မောင်မင်းဇော် စာရင်းသွင်းထားတဲ့ အမှတ်စဉ်ကို တွေ့ခဲ့ရတယ်။ မစ္စတာဂျေကော်ဘရင်ကို မောင်မင်းဇော်နဲ့ပတ်သက်ပြီး ဦးက အကျင့်စာရိတ္တမှအစ လုပ်ရည်ကိုင်ရည် ကောင်းမွန်ပုံတွေကို မီးပြတိုက်မှာတုန်းက ဦးကြုံတွေ့ခဲ့ရတဲ့ အတွေ့အကြုံအရ ပြောပြပြီး ထောက်ခံချက်ပေးခဲ့တယ်။ အောက်သက်ကျေပြီး ဆိပ်ကမ်းလုပ်ငန်းများကို စိတ်ဝင်စားသော မြန်မာလူငယ်တစ်ယောက်အနေနဲ့ အရာရှိဖြစ်သင့်ဖြစ်ထိုက်ပါတယ်လို့ မစ္စတာဂျေကော်ဘရင်က ပြောပြီး မောင်မင်းဇော်က ရေးဖြေစာမေးပွဲဖြေဖို့ ရက်စွဲနဲ့ လူတွေ့စစ်ဆေးဖြေဆိုဖို့ ရက်စွဲတွေ တစ်ခါတည် ရုံးစာရိုက်ခိုင်းပြီး ဦးကို ယုံယုံကြည်ကြည်နဲ့ Care Of သဘောမျိုး By hand ပေးလိုက်တဲ့အတွက် ဦးက စာဝင်စာထွက်ဌာနမှာ လက်မှတ်ထိုးပြီး ဒီစာကို ယူလာခဲ့ရတယ်။ ဒါဟာ စာမေးပွဲလာဖြေဖို့ မောင်မင်းဇော်ကို အကြောင်းကြားတဲ့စာပဲ။ သူ့စာပါ ရက်စွဲအရဆိုရင်တော့ မောင်မင်းဇော် စာမေးပွဲဖြေရမယ့် နေ့ဟာ လာမယ့်လ ဒုတိယပတ် အင်္ဂါနေ့ မနက်ပိုင်းပဲ။ ဖြေရမယ့်ဘာသာရပ်တွေက မြန်မာ၊ အင်္ဂလိပ်၊ သင်္ချာ (၃)ဘာသာပေါ့။ လူတွေ့နှုတ်ဖြေကတော့ ပင်လယ် ဗဟုသုတတွေ ဖြစ်ကောင်းဖြစ်လိမ့်မယ်။ စာမေးပွဲတစ်ခုဝင်ဖြေတယ်ဆိုတာ စိတ်အေးချမ်းသာ ဝင်ဖြေမှ ဦးနှောက်ဉာဏ် ပေါ့ပါးမယ်မဟုတ်လား မောင်မင်းဇော်။ အခုလို မောင်မင်းဇော် နေထိုင်လုပ်ကိုင်နေရတဲ့ အခြေအနေမျိုးနဲ့တော့

http://www.cherrythitsar.org



သိပ်မကိုက်ညီလှဘူးလို့ ဦးထင်တယ်။ မနက်ကဈေးထဲက ကုလားကုန်စုံဆိုင်မှာ မောင်မင်းဇော် လုပ်ကိုင်နေတာ ဦး အကဲခတ်ခဲ့ပြီးပါပြီ။ ဒီတော့ တစ်လက် စတည်း ဦးပြောချင်တာက စာမေးပွဲဖြေဖို့ ပြင်ဆင်နိုင်အောင် ဒီည ဒါမှမဟုတ် မနက်ဖြန်ကစပြီး ဦးတို့အိမ်ကို မောင်မင်းဇော် ပြောင်းခဲ့စေချင်တယ်"

"ခင်ဗျာ..."

အံ့အားတသင့်ပင် ကိုမင်းဇော်က ဦးအောင်ကြီးမျက်နှာကို ငေးကြည့်နေမိလေသည်။

"မအံ့သြပါနဲ့ မောင်မင်းဇော်။ မင်းဟာ လူငယ်လူရွယ်တစ်ယောက် ဖြစ်ပေ မယ့် မိကောင်းဖခင်သားသမီး၊ စည်းစနစ်ရှိတဲ့ ဖြောင့်မတ်တဲ့လူငယ်တစ်ယောက် ဆိုတာ ဦး ယုံကြည်လို့ မင်းကို ဦးရဲ့ဆန္ဒအရ ခေါ်လိုက်တာပါ"

"ဦးရဲ့ ကူညီမှုကို ကျွန်တော် အထူးပဲ ဝမ်းသာပါတယ်ခင်ဗျာ။ နေ့စဉ် ဝင်ငွေမရှိဘဲနဲ့ ဦးတို့အိမ်မှာ ကျွန်တော်နေဖို့ကျတော့ ဝန်ထုပ်ဝန်ပိုး ဖြစ်နေပါတယ်"

"မင်းကို အေးအေးဆေးဆေး စာမေးပွဲဝင်ဖြေစေချင်လို့ နားနားနေနေနဲ့ နေဖို့ခေါ်တာ၊ မင်းက ဘာလို့ နေ့စဉ်ဝင်ငွေကို ထည့်စဉ်းစားနေရသေးလဲ မောင်မင်းဇော်"

"ကျွန်တော် ဒီအတိုင်း မနေတတ် မစားတတ်လို့ပါခင်ဗျာ"

"ဒါဆိုရင်လည်း ဒီလိုလုပ်ပေါ့ကွာ၊ စာမေးပွဲဖြေပြီး အောင်စာရင်း စောင့် နေရင်း ဦးရဲ့ဇနီးဆိုင်မှာ ဝိုင်းကူရောင်းပေါ့။ ဦးက လာမယ့်လထဲမှာ သင်္ဘော လက်မှတ်နဲ့ ဗီဇာအဆင်ပြေတာနဲ့ စင်ကာပူကို ခဏသွားစရာရှိနေလို့ပါ။ ဦးအိမ် မှာ မင်းကို လာနေပေးစေချင်တာက အဲ့ဒီကိစ္စလည်းပါတယ် မောင်မင်းဇော်။ ဦး ခရီးထွက်သွားရင် အိမ်မှာ မိန်းမသားတွေချည်း ကျန်ရစ်ခဲ့မယ်လေ။ မင်းအဒေါ် နဲ့ မင်းနှမတွေကို စောင့်ရှောက်ပေးဖို့ပါကွာ"

"ဪ...ဦးက စင်ကာပူနိုင်ငံကို ခရီးထွက်မှာကိုး။ တစ်ယောက်တည်းလား ဦး"

"ပထမတော့ ဦးတစ်ယောက်တည်းသွားမလို့ပဲ။ မင်းအဒေါ်က နာဖျား မကျန်းဖြစ်ရင် စိတ်မချဘူးဆိုပြီး သမီးလေးအေးကို အဖော်ခေါ်သွားပါဆိုလို့ သမီးလေးအတွက်ပါ သင်္ဘောလက်မှတ်နဲ့ ဗီဇာလျှောက်ထားရတယ်လေ"

"ကောင်းပါတယ် ဦး၊ အသက်အရွယ် ရ,လာတော့ ဘယ်သွားသွား အဖော် ပါတာ ကောင်းပါတယ်"

"ကဲ...ဒါဆိုရင် အိမ်အတွက် ဦး စိတ်ချတော့မယ်နော်၊ မင်းသူငယ်ချင်း ဘာဘူလေးကိုပြောပြီး ဒီညပဲ ပြောင်းလာခဲ့ပါလားကွာ၊ ဟိုမှာတွေ့လား။ အထပ်ခိုး။ အဲ့ဒီ အထပ်ခိုးလေးက ပြတင်းပေါက်လည်း ရှိတယ်။ အဲ့ဒီက လှမ်းကြည့်လိုက်ရင် ပုဇွန်တောင်ဘူတာနဲ့ စတော့ကိတ်ဂိုးတံတားကြားက ရထားသံလမ်း တွေကို မြင်ရလိမ့်မယ်။ စိန့်ပေါလ်ဘုရားရှိခိုးကျောင်းကြီးကို လှမ်းမြင်ရလိမ့်မယ်။ မင်းနဲ့ အဲ့ဒီအထပ်ခိုးလေးနဲ့ အသင့်တော်ဆုံးပဲ။ အပေါ်မှာ မင်းတစ်ယောက်တည်း လွတ်လွတ်လပ်လပ် နေလို့ရတယ်။ မင်းအဒေါ်နဲ့ မင်းညီမတွေ ပြန်လာရင် ဦးက မင်း ဒီမှာလာနေတော့မယ့်အကြောင်း ကြိုပြောထားလိုက်မယ်။ ကဲ...သိပ်မမှောင်ခင် ဘာဘူလေးကို အကျိုးအကြောင်း ပြန်ပြောပြီး ပြန်လာခဲ့နော်။ ကဲ...သွားပေတော့"

ဦးအောင်ကြီးစကားကြောင့် ကိုမင်းဇော်မှာ အိပ်မက်တစ်ခု မြင်မက်နေရသလို ကတုန်ကယင်ဖြင့် အိမ်ပေါ်မှဆင်းလာခဲ့ရလေသည်။ သဃ်န်းကျွန်းဘက်သို့သွားသော ဘတ်စ်ကားတစ်စီးကို ပိုက်ဆံတစ်ပြားပေး၍ စီးပြီး ဘာဘူလေးတို့ရပ်ကွက်သို့ လာခဲ့ရသည်။ ဆည်းဆာမှာ မှောင်ရိပ်သမ်းစ။

တဲစုလေးသို့ရောက်တော့ ဘာဘူလေးကို မတွေ့ရ။ မူကာဂျီ၊ ဟာစီနာနှင့် သားလေးအလီတို့သာ အိမ်ဦးခန်းတွင်ထိုင်ကာ ညစာထမင်းစားနေကြသည်ကို တွေ့ရသည်။

ဘာဘူလေး အပြင်ခဏထွက်သွားသည်ဟု ပြောကြသည်။ ကိုမင်းဇော်က မူကာဂျီတို့လင်မယားအား စာမေးပွဲဖြေရန်ကိစ္စတစ်ခုရှိ၍ ရေကျော် အိမ်တစ်အိမ်သို့ ဒီည ပြောင်းရွှေ့နေထိုင်တော့မည်ဖြစ်ကြောင်းပြောပြီး အနည်းငယ်မျှသော အဝတ်အစားနှင့် အိပ်ရာလိပ်တို့ကို သယ်ဆောင်ကာ ဘာဘူလေးပြန်လာလျှင် နှုတ်ဆက်သွားကြောင်း ပြောပြပေးဖို့ မှာခဲ့ရသည်။

မူကာဂျီတို့လင်မယားမှာ ကိုမင်းဇော် အခုလို နေရာရွှေ့သွားခြင်းအတွက် ဘာမှ စိတ်ဝင်စားခြင်း မရှိကြပေ။

"ဒါဆို မနက်ကျ ဆိုင်ကို မင်းမလာတော့ဘူးပေါ့"

ဟု ဟာစီနာက လှမ်းမေးတော့ ကိုမင်းဇော်က မလာနိုင်တော့ကြောင်း ပြောပြသည်။

"အေးအေး၊ တခြားအလုပ်သမားတစ်ယောက် ခေါ်လုပ်ခိုင်းမယ်"

ဟု မူကာဂျီကပြောပြီး ပဲဟင်းမဆလာနံ့သင်းသင်းကို တရှုတ်ရှုတ်မြည်အောင် ခပ်သောက်နေသည်။

http://www.cherrythitsar.org



တဲစုကလေးကာ တဖြည်းဖြည်းနှင့် ခပ်ဝေးဝေးတွင် ကျန်ရစ်ခဲ့ပေပြီ။ ဘာဘူလေးကိုများ လမ်းဘေး, ကာကာလက်ဖက်ရည်ဆိုင်တစ်ဆိုင်ဆိုင်တွင် တွေ့ရလေမလားဟု ကိုမင်းဇော် သွားရင်းလာရင်း မျက်စိဝေ့ဝဲကြည့်ခဲ့သေးသည်။ မတွေ့။

သူလည်း အိပ်ရာမဝင်မီ လွတ်ရာလွတ်ကြောင်း ခြေဦးတည့်ရာ သွားလာနေမှာပေါ့။

ကိုမင်းဇော်က သဃ်ႋန်းကျွန်းဘူတာရုံသို့ အထုပ်ပိုက်၍ လျှောက်ခဲ့သည်။ ဘူတာရုံကလေးမှာ လျှပ်စစ်မီးဝါကျင်ကျင်ဖျော့တော့တော့များနှင့် မှိုင်းဝေလျက်။

တိုးကြောင်ကလေးဘက်မှ စုန်ဆင်းလာမည့် လော်ကယ်ကို ရပ်စောင့်နေမိသည်။

"ဟော့...ကိုမင်းဇော်"

မှောင်ရိပ်ခပ်ကျကျမှ လူတစ်ယောက် ထ,လာပြီး နှုတ်ဆက်၍ ကြည့်လိုက်တော့ ဘာဘူလေး ဖြစ်နေသည်။

"အိပ်ရာမဝင်ခင် အိုက်စပ်စပ်ကြီးဖြစ်နေတာ မနေတတ်လို့ ဘူတာမှာ ဆေးလိပ်ဖွာရင်း လာထိုင်နေတာ။ ပင်လယ်ထဲမှာနေခဲ့ရတာနဲ့တော့ တခြားစီပဲ ကိုမင်းဇော်ရေ။ ဒီမှာ သိပ်ပူသိပ်အိုက်တာပဲ"

ဘာဘူလေးကို ကိုမင်းဇော်က ကုန်စုံဆိုင်မှ အလုပ်ထွက်ခဲ့ပြီဖြစ်ကြောင်း၊ ဦးအောင်ကြီးတို့အိမ်သို့ ဒီညကစ၍ ပြောင်းပြီဖြစ်ကြောင်း၊ အကြောင်းစုံ ပြောပြလိုက်သည်။

"အားတဲ့အခါ လာလည်ပေါ့ ကိုမင်းဇော်"

ဘာဘူလေးက ကိုမင်းဇော်ကို လက်ဆွဲနှုတ်ဆက်နေသည်။

"ရန်ကုန်မြို့ကို ပြန်ရောက်ခါစ ဗုံးချခံထားရလို့ အိမ်ခြေယာခြေမရှိ မိဘမရှိဖြစ်နေတဲ့ ကျွန်တော့်ကို ပတ်ဝန်းကျင်က အိမ်နီးနားချင်းတချို့၊ မိတ်ဆွေလို့ထင်ရတဲ့ လူတချို့က ဘယ်သူကမှ ဟက်ဟက်ပက်ပက် လှိုက်လှိုက်လှဲလှဲ ဆေးဖော်ကြောဖက် ဖက်လှဲတကင်းမရှိကြတဲ့အချိန်မျိုးမှာ ကျွန်တော့်ကို လုပ်စရာအလုပ်၊ စားစရာထမင်း၊ ညဘက်ကျောခင်းစရာတစ်နေရာ ကူညီခဲ့တဲ့ မူကာဂျီတို့ လင်မယားနဲ့ ခင်ဗျားရဲ့ မေတ္တာစေတနာကို ကျွန်တော် မှတ်တမ်းတင်ပါတယ် ဘာဘူလေး"

ကိုမင်းဇော်က လှိုက်လှဲစွာပြောလိုက်သည်။

ရထားသံလမ်းမှ တတောက်တောက် ပဲ့တင်မြည်သံကို ကြားရသည်။ ခပ်ဝေးဝေးကိုလှမ်းကြည့်တော့ အမည်းစက်တစ်စက် ရွေ့လျားလာနေသည်။



သီဟရတနာစာပေ

http://www.cherrythitsar.org



တဖြည်းဖြည်းနီးလာသည်။ အစုန်လော်ကယ်ရထား။

"ကဲ...သွားပေတော့ ကိုမင်းဇော်၊ ဒါဆို ခင်ဗျား ပုဇွန်တောင်ဘူတာမှာ ဆင်းရမှာပေါ့ ဟုတ်လား"

"ဟုတ်တယ်ဘာဘူလေး၊ သွားပြီဗျာ"

တွဲတစ်တွဲပေါ်သို့ ကိုမင်းဇော် တက်လိုက်သည်။ ရထားက တရွေ့ရွေ့ထွက်ခွာခဲ့၏။ လမ်းဘေးဝဲယာမှာကား ဇနပုဒ်မို့ မီးကလေးတွေ မှိတ်တုတ်မှိတ်တုတ်။

* * *

"အစ်ကို့အိပ်ရာလိပ်ကြီးက မကောင်းပါဘူး။ အထပ်ခိုးပေါ်မှာ အိပ်ရာခင်း၊ ခြင်ထောင်၊ ခေါင်းအုံး၊ စောင် အဆင်သင့် မူလုပ်ထားပေးတယ်။ ကြိုးတန်း ပေါ်မှာ မျက်နှာသုတ်ပဝါကလည်း အသစ်"

မူက ကိုမင်းဇော်ယူလာသည့် အိပ်ရာလိပ်ကြီးကို အဝတ်ဟောင်း ကြိမ်ခြင်း တောင်းဘေးသို့ သွားချထားလိုက်ပြီး သူ အဆင်သင့်လုပ်ထားတာလေးတွေ ပြောပြနေသည်။

ကိုမင်းဇော် ပြောင်းရွှေ့လာသည်ကို မိသားစုတစ်ခုလုံး စိတ်ကျေနပ်နေကြ သည့် အရိပ်အယောင်များ တွေ့နေရသည်။ ဖွေးနှင့် ညီမလေးအေးတို့က မနက် ဆိုင်ထွက်ရမည့်ကိစ္စအတွက် ဗာဟီရကိစ္စများ လုပ်နေကြသည်။ သက်သက်က ဆိုင်ရောင်းတစ်ဖက်၊ ဈေးထွက်ဝယ်သမားတစ်ဖက် ဖြစ်ဟန်တူသည်။ ဈေးဝယ် စာရင်းကို ဖွေးအား ပြန်ရှင်းပြနေသည်။ ကြက်သွန်ဖြူနီက ဘယ်လောက်၊ ဆီက ဘယ်ရွှေ့ဘယ်မျှ စသည်ဖြင့် ရှင်းပြနေတာ တွေ့ရသည်။

"ဦးတို့မိသားစုကြည့်ရတာ ကိုယ်စီကိုယ်င အားကြတာမဟုတ်ဘူး။ ကျွန်တော့်ကိုလည်း တစ်ခုခုတော့ ခိုင်းကြပါဦး"

ဟု ကိုမင်းဇော်က စိတ်ရင်းအမှန်အတိုင်းပြောတေတာ့ ဒေါ်ပိုက်မိကအစ ပြာပြာသလဲဖြင့်–

"မင်းဟာမင်း စာမေးပွဲဖြေဖို့ကိစ္စ စာလေးဘာလေး ကြည့်ပါကွယ်၊ အေးအေး သက်သာ နေစမ်းပါ"

ဟု ပြောသည်။

"ဟာ...ကျွန်တော့်စာမေးပွဲက ဘာမှ အထွေအထူးမရှိပါဘူး။ ကြိုတင်ပြီး ဘာမှလည်း ကျက်ဖို့မလိုပါဘူး ဒေါ်ဒေါ်ရယ်၊ သန်သန်မာမာ ယောက်ျားလေး



သီဟရတနာစာပေ

http://www.cherrythitsar.org



တန်မယ့် နိစ္စဒူဝ ဒီတိုင်းကြီး အခန့်သား လက်ဆေးစားရမယ့်ဟာမျိုးတော့ မနေပါရစေနဲ့”

ဟု ကိုမင်းဇော်က ဖွင့်ပြောတော့...

“အစ်ကိုကလည်း ခက်တာပဲ။ အိမ်မှာ အေးအေးဆေးဆေး ဖတ်ချင်တာဖတ် စဉ်းစားချင်တာ စဉ်းစားပြီးနေပါလို့ ဆိုနေမှ”

ဟု မူက ပြောပြန်သည်။

“ဟာ...တစ်ခုခုတော့ ဝိုင်းကူလုပ်ပေးချင်တယ်ကွာ၊ မူကာဂျီတို့ ကုန်စုံဆိုင်မှာတောင် တစ်နေ့လုံး မနားတမ်းလုပ်ခဲ့ရသေးတာပဲ။ ဒီကအလုပ်လောက်တော့ အပျော့ပေါ့”

ကိုမင်းဇော်က ရယ်ရယ်ပြုံးပြုံးဖြင့် ပြောနေသည်။

“စာမေးပွဲအောင်စာရင်းထွက်လို့ အောင်တဲ့အခါ အလုပ်ဝင်ရတော့မှ တစ်နေကုန် အလုပ်စားပွဲမှာ အလုပ်တွေလုပ်ပေတော့ အစ်ကိုရေ့။ မူတို့ကိုတော့ ဘာမှ ဝိုင်းလုပ်ပေးဖို့ မစဉ်းစားလေနဲ့”

ဟု မူက စောဒကတက်ပြန်လေရာ ကိုမင်းဇော်က အိမ်ဖော်မလေး သက်သက်သို့ လှမ်း၍ပြောလိုက်သည်။

“သက်သက် ဈေးဝယ်တော့ ဘယ်ဈေးမှာဝယ်ရလဲ”

“ပုဇွန်တောင်ဈေးကြီးက စုံတော့စုံပါတယ် အစ်ကို၊ ဒါပေမယ့် သက်သက် တို့က ညောင်ပင်လေးဈေးမှာပဲ ဆိုင်ထွက်ဖို့ ပစ္စည်းတွေဝယ်နေကျ ဖြစ်နေတယ်”

“အင်း...ဟုတ်မှာပေါ့။ ညောင်ပင်လေးဈေးက ကမ်းနားပိုင်းနဲ့လည်းနီးတော့ ငရုတ်၊ ကြက်သွန်၊ ဆီ၊ ငံပြာရည်ကအစ လက်ကားဝယ်လို့ကောင်းမယ့်နေရာပဲ။ ကဲ...နောက်နေ့ကစပြီး ပစ္စည်းစာရင်းစာရွက်နဲ့ ငွေနဲ့ အစ်ကို့ကိုပေးသွားကြ။ မနက်ခင်းဖြစ်ဖြစ်၊ နေ့လယ်ခင်းဖြစ်ဖြစ် အစ်ကို သွားပြီး ဝယ်,ဝယ်ထားပေးမယ်။ အိမ်မှာ အစ်ကိုက ဈေးဝယ်ထားပေးတော့ ညီမတို့ ဆိုင်သိမ်းပြီးပြန်လာရင် ကြိုတင်ပြီး နားနားနေနေ ကြော်လှော်ချက်ပြုတ်ရုံပဲပေါ့။ မဟုတ်ဘူးလား”

ဟု ကိုမင်းဇော်က ပြောလိုက်သည်။

တစ်ချိန်လုံး ငြိမ်၍ နားစွင့်နေသော ဖွေးက...

“အစ်ကိုမင်းဇော်က ဒီလိုကူညီချင်တယ်ဆိုရင်တော့ ဖွေး နေ့စဉ် ဆိုင်(၃) ဆိုင်နဲ့ အိမ်စားဖို့အတွက်ပါ ဈေးဝယ်စာရင်းရေးပြီး ငွေအပ်ထားပါ့မယ်”

ဟု ကိုမင်းဇော်ကျေနပ်အောင် ဝင်ပြောလိုက်လေသည်။

“ကဲ...ထမင်းစားကြမယ်ဟေ့”

http://www.cherrythitsar.org



ဦးအောင်ကြီးက ရေချိုးပြီးစမို့ မျက်နှာသုတ်ပဝါကြီးခြုံကာ ထွက်လာရင်း သမီးတွေကို လှမ်းပြောလိုက်သည်။

"ရေချိုးရင် ချိုးလေ မောင်မင်းဇော်"

ဒေါ်ပိုက်မိက ကိုမင်းဇော်ကိုပြောသည်။

"ညနေက မူကာဂျီတို့အိမ်နားက ရေတွင်းမှာ ကျွန်တော်ချိုးလာခဲ့ပြီးပါပြီ ဒေါ်ဒေါ်"

"အေး...ဒါဆိုလည်း လာ...ထမင်းစုစားလိုက်ကြရအောင်"

"ဟုတ်ကဲ့ပါဒေါ်ဒေါ်"

ထမင်းဝိုင်းမှာ အိမ်သားအားလုံးနှင့် အိမ်ဖော်မလေးသက်သက်ပါ စုဝေးစားကြ၍ မြိုင်မြိုင်ဆိုင်ဆိုင်ဖြင့် ကြည်နူးစရာကောင်းလှသည်။

ပဲနီလေးဟင်းချို၊ ငါးဖယ်အောင်း ငပိကောင်ကြော်၊ ငရုတ်တောင့်ကြော်၊ သခွားသီးသုပ်၊ တခြားအတို့အမြှုပ်ကလေးများဖြင့် ခံတွင်းတွေ့လှသည်။

ကိုမင်းဇော်က ငါးဖယ်အောင်း ငပိကောင်ကြော်ကို သံပရာသီးလေး ညှစ်ပြီး ထမင်းပူပူဖြင့် စားရသည်မှာ အရသာရှိလှသည်။

အေးနှင့် သက်သက်တို့ ထမင်းဝိုင်းသိမ်းဆည်းနေကြချိန်တွင် ဖွေးနှင့်မူတို့က မနက်ဘက် ဆိုင်ထွက်ဖို့အတွက် မီးသွေးမီးဖိုတစ်လုံးနှင့် မီးဖိုချောင်ထဲမှ အလုပ်ရှုပ်နေကြပြန်သည်။

ဦးအောင်ကြီးက ဘုရားဝတ်ပြုဖို့ ထ,သွားသည်ကိုတွေ့ရ၍ တိုင်ကပ်နာရီကို လှမ်းကြည့်လိုက်ရာ ည'၈'နာရီရှိပေပြီ။ ဒေါ်ပိုက်မိလည်း ဘုရားသောက်တော်ရေ ထ,လဲသည်ကို တွေ့ရ၏။

ကိုမင်းဇော်က အထပ်ခိုးပေါ်သို့ တက်ခဲ့သည်။ မိမိအတွက် မူခင်းပေးထား သော အိပ်ရာမှာ ဖြူစင်သန့်ရှင်နေပေသည်။

ပြတင်းပေါက်ကလေးမှတစ်ဆင့် ကြည့်လိုက်တော့ ကြယ်ရောင်ပြိုးပြက် လင်းလက်နေဆဲ။

*    *    *

ခါတိုင်းနေ့များမှာလိုပင် သည်နေ့မနက် ဖွေးလှမ်းပေးသော စာရွက်တစ်ရွက် နှင့် ငွေစက္ကူတချို့ကိုကိုင်ကာ ဘတ်(စ)ကားစီး၍ ညောင်ပင်လေးဈေးဘက်သို့ ကြိမ်ခြင်းတောင်းကြီးတယမ်းယမ်းဖြင့် ကိုမင်းဇော် ထွက်လာခဲ့သည်။

http://www.cherrythitsar.org



စဥ့်အိုးတန်းနှင့် မော်တင်ကမ်းနားတစ်ဝိုက် ဆိုက်ကပ်လာသော ဟင်းသီးဟင်းရွက်တင် လှေသမ္ဗန်များ၊ မြစ်ဝကျွန်းပေါ်ဒေသဘက်မှဝင်လာသော မော်တော် များ၊ လူစီးသင်္ဘောများကို ကမ်းနားဆီ၌ လှမ်းတွေ့နေရသည်။

ကမ်းနားလမ်းမှာ လူသွားလူလာ၊ ဆိုက်ကား၊ ဓာတ်ရထား၊ ကား အသွား အပြန်တို့ဖြင့် စည်ကားစပြုနေပေပြီ။

ညောင်ပင်လေးဈေးမှာလည်း အထူးပင် စည်ကားနေ၏။ ဖွေးရေးပေးလိုက်သော စာရင်းအတိုင်း လိုအပ်တာတွေဝယ်ပြီး ခြင်းတောင်းကြီးကို ကိုယ်တိုင် ထမ်း၍ ပြန်ထွက်အလာတွင် စိတ်ထဲမှာ လက်ဖက်ရည်ချိုချိုလေးတစ်ခွက်နှင့် နံပြားထောပတ်သုတ်တစ်ချပ်လောက်တော့ အဆာပြေ စားချင်လာသဖြင့် လမ်း တစ်ဖက် တရုတ်လက်ဖက်ရည်ဆိုင်သို့ ထွက်လာခဲ့သည်။

တရုတ်လက်ဖက်ရည်ဆိုင်ရှေ့ ညောင်ပင်အောက်တွင် ဆိုက်ကားဂိတ်ကို တွေ့ရသည်။

ထိုညောင်ပင်ရိပ်မှာပင် မုန့်ဟင်းခါးအထမ်းသမားတစ်ယောက်က အငွေ့ တထောင်းထောင်းဖြင့် ရောင်းကောင်းနေသည်ကို တွေ့ရပြန်၏။

ထိုအထမ်းသမားဆိုင်တွင် မုန့်ဟင်းခါးထိုင်စားနေကြသော ဒေါက်တာ ဦးသက်ညွန့်နှင့် ဒေါ်လေး ဒေါ်မကြီးတို့ကို တွေ့လိုက်ရသဖြင့် ကိုမင်းဇော်က ဝမ်းသာအားရ နှုတ်ဆက်လိုက်သည်။

"ဟာ...ငါ့တူလေး...မသေမပျောက်တွေ့ရသကွာ၊ ဝမ်းသာလိုက်တာ၊ လာဟေ့ မုန့်ဟင်းခါးစားရအောင်"

ဒေါက်တာဦးသက်ညွန့်က လှိုက်လှိုက်လှဲလှဲ။ ဒေါ်လေးကလည်း ဖက်လှဲ တကင်းဖြင့်

"သားရယ်...ခုမှပဲ ပြန်တွေ့ရတော့တယ်။ သားဖေဖေတို့မေမေတို့နဲ့ ဒေါ်လေး တို့နဲ့ ဂျပန်ဗုံးဒဏ်ကလွတ်အောင် အိန္ဒိယ တမူးနယ်စပ်က တစ်ဆင့် ဆင်းမလား အထိ အတူပြေးကြတာကွယ့်။ ဟိုမှာက စစ်ဘေးစစ်ဒဏ် ကတော့ စစ်လမ်းမကျလို့ ကင်းဝေးကြပါရဲ့။ တောင်ပေါ်မြို့ကလေးဆိုတော့ ဒေါ်လေးတို့ဆီက တောင်ပေါ် မြို့တွေလိုပဲ ရာသီဥတုက သိပ်အေးတယ်။ သားမေမေ ခင်ခင်မြက ပန်းနာ ရင်ကျပ်သမားဆိုတော့ ဟိုမှာ ဆေးရုံခဏခဏတက်ရတယ်။ စစ်ကြီးပြီးပြီ၊ ဒေါ်လေးတို့ ရန်ကုန်ကိုပြန်တော့မယ်ဆိုတော့ ဆေးရုံဆရာဝန်ကြီး ဒေါက်တာ ကေဒါက ခရီးပန်းပြီး ရောဂါပြန်ထမှာစိုးရတယ်။ နောက်(၂)လလောက် အနား ယူပါဦးဆိုလို့ သူတို့ ကျန်ရစ်ခဲ့ကြတယ်"

http://www.cherrythitsar.org



ဟု ပြောတော့မှ ကိုမင်းဇော်မှာ နားတစွင့်စွင့်ဖြင့် ရင်ကအလုံးကြီး ဟင်းခနဲ ကျ သက်ပြင်းချနိုင်တော့သည်။

"ဟိုရောက်တော့ ဦးတို့ ဖေဖေတို့ မေမေတို့ ဘယ်လိုနေလို့ ဘယ်လိုစားကြလဲခင်ဗျာ"

"ဟိုမှာက သားရဲဖေဖေ့မိတ်ဆွေ ဥပဒေအရာရှိ မစ္စတာဆီရူးလ်နစ်ခ်ဆိုတာ ရှိတော့ သူ့အိမ်မှာတည်းကြတယ်။ မင်းဖေဖေက စာချုပ်စာတမ်းများဆိုင်ရာ ရုံးမှာ ဒုတိယမှတ်တမ်းထိန်းအလုပ်ရသွားတော့ လစာတွေဘာတွေရပြီး အဆင်ပြေပါတယ်။ ဦးကတော့ ဆင်းမလားဆေးရုံမှာ မစ္စတာဆီရူးလ်နစ်ခ်ရဲ့ အဆက်အသွယ်နဲ့ပဲ အလုပ်ဝင်လုပ်ခဲ့တယ်။ သူတို့အတွက် မင်းဘာမှမပူနဲ့။ နေရေး၊ စားရေး အဆင်ပြေကြတယ်"

"အဆက်အသွယ်ပြတ်နေတော့ ပူမှာပေါ့ရှင်ရယ်"

ဒေါ်လေးစကားမှန်ပါသည်။

"ပန်းဆိုးတန်းက ကျွန်တော်တို့တိုက် ဗုံးဒဏ်ခံရတာ ဖေဖေတို့များ သတင်းကြားကြလေမလား မသိဘူး"

"သူတို့သိကြတာ မကြာသေးဘူး။ ဦးတို့လည်း မောင်ဂိုမာရီးလမ်းကတိုက် ဗုံးချတဲ့ထဲ ပါသွားတယ်။ အခု အလုံစူပါဘင်လမ်းမှာ မြေလေးတစ်ကွက်ဝယ်ပြီး ယာယီပျဉ်ထောင်အိမ်ကလေး ဆောက်နေကြတယ်။ သားတို့အိမ်ရော ဦးတို့အိမ် ရော ဗုံးချတဲ့ထဲပါသွားတာ ဘယ်လိုသိကြရလဲဆိုတော့ ဦးရဲ့တူ မောင်သိန်းကျော် က အိန္ဒိယမှာ စက်ဘီးပစ္စည်း၊ အပ်ချုပ်စက်ခေါင်းပစ္စည်းတွေ လာဝယ်ရင်း ဦးတို့ကို ဝင်ပြောပြသွားတာလေ"

"မေမေကလည်း နေသိပ်မကောင်းသေးတဲ့အပြင် ဖေဖေကလည်း ဟိုမှာ အလုပ်ဝင်နေတယ်ဆိုတော့ တော်တော်နဲ့မှ ပြန်လာကြပါဦးမလား မသိဘူး"

"မပူနဲ့၊ သားမေမေ နေကောင်းတာနဲ့ ဆင်းချလာကြမှာ။ သားကို သူတို့ တော်တော့်ကို သတိရနေကြတာ။ သားအဖေကတော့ သားအမေရှေ့မှာ အားပေးစကားပြောပါတယ်။ သားယောကျ်ားလေးဆိုတော့ စိုးရိမ်စရာမရှိတဲ့အကြောင်းပေါ့။ ဒါပေမယ့် မိဘပဲသားရယ် မပူဘူးဆိုတာ ဘယ်ရှိပါ့မလဲ"

"ဖေဖေတို့ပြန်လာရင် နေရေးထိုင်ရေး စီစဉ်ရလိမ့်ဦးမယ်ဦးရယ်"

"သားဖေဖေက အမြော်အမြင်ကြီးတယ်။ ရန်ကုန်အိမ် ဗုံးထဲပါသွားပြီလည်း ဆိုရော မန္တလေးက သူ့ညီမဆီ ကြေးနန်းလှမ်းရိုက်လိုက်တယ်။ ပိုက်ဆံစိုက်ပြီး မန္တလေးမှာ နေရာလေးတစ်ကွက်နဲ့ အိမ်လေးတစ်လုံး လောလောဆယ် ဆောက်

http://www.cherrythitsar.org



ထားပေးဖို့။ သားဖေဖေ ဦးကို ပြောလိုက်ပုံကဖြင့် မန္တလေးမှာ ဥပဒေနဲ့ပတ်သက်တဲ့ အလုပ်တစ်ခုခုဝင်လုပ်ဖို့ စဉ်းစားထားပုံရတယ်။ မန္တလေးက သားတို့အဒေါ်တွေ ကလည်း စစ်ပြီးမှ ဒီဘက်ကမ်း ပြန်ကူးသွားကြတာတဲ့။ စစ်အတွင်းက သူတို့ လည်း စစ်ကိုင်းတောင်ရိုးမှာ သွားခိုလှုံနေကြရတယ်ဆိုပဲ။ ဦးတို့ တမူးကိုသွားတော့ မန္တလေး တစ်ထောက်နားရသေးတယ်လေ။ ဩော်...သားနဲ့တွေ့မှ ပြောစရာတစ်ခု သတိရတယ်။ ဦးတို့ပြန်လာတော့ သားဖေဖေနဲ့မေမေက မှာလိုက်တယ်။ ရန်ကုန် ဆိပ်ကမ်းရုံးကိုသွားပြီး မီးပြအလုပ်သမားတွေထဲက သားသတင်းကို သွားစုံစမ်းပြီး အကြောင်းပြန်ပါလို့ မှာလိုက်တယ်။ ဦး စုံစမ်းပါတယ်။ ဌာနကလည်း အုပ်ချုပ်ရေး ပြန်ထူထောင်ခါစမို့လားမသိဘူး။ စာရွက်စာတမ်းတွေလည်း ပြည့်ပြည့်စုံစုံမရှိတော့ သားရဲ့သတင်းကို သူတို့က တိတိကျကျ မပြောနိုင်ဘူး။ ဒီတော့ ဒီလိုလုပ်ပါ။ ဆင်းမလားမှာရှိတဲ့ သားဖေဖေရဲ့ ရုံးလိပ်စာ ဦး အခုရေးပေးလိုက်မယ်။ သားက ကြေးနန်းရုံးကြီးကိုသွားပြီး သားဘယ်မှာနေတယ် ဘာလုပ်နေတယ်ဆိုတာ ကြေးနန်းရိုက်လိုက်ပါ။ ဒါမှမဟုတ်လည်း စာတစ်စောင် ပြည့်ပြည့်စုံစုံရေးပြီး ဖအေနဲ့မအေ ဝမ်းသာအောင် အကြောင်းကြားလိုက်ပေါ့ကွာ"

ဒေါက်တာဦးသက်ညွန့်က ကိုမင်းဇော်ကို လိမ်စာတစ်ခု ရေးပေးဖို့ စာရွက် အသင့်ပါမလာသဖြင့် ကိုမင်းဇော်က တရုတ်လက်ဖက်ရည်ဆိုင်မှ စက္ကူဟောင်း တစ်ဖက်လွတ်တစ်ရွက်ကို တောင်းကာ ဒေါက်တာဦးသက်ညွန့်အား တရိုတသေ လှမ်းပေးလိုက်သည်။

ရပြီ။ ဖခင်နှင့် မိခင်ကို ဆက်သွယ်နိုင်ပေပြီ။

"ကျေးဇူးတင်လိုက်တာဦးရယ်။ ကျွန်တော် အခု ရေကျော်က မိသားစု တစ်စုဆီမှာ နေပါတယ်ဦး။ စာမေးပွဲတစ်ခုဖြေစရာလည်း ရှိနေပါတယ်။ စာမေးပွဲ ပြီးမှ ဦးတို့ဒေါ်လေးတို့နေတဲ့ စူပါဘင်လမ်းအိမ်ကို လာလည်ပါဦးမယ်"

"ရေကျော်မှာနေရတာ အဆင်ပြေရဲ့လား သားရယ်၊ ဒေါ်လေးတို့ဆီမှာလည်း အချိန်မရွေး သား လာနေလို့ရပါတယ်"

"အဆင်ပြေပါတယ် ဒေါ်လေးရယ်၊ ကျွန်တော်နေတဲ့အိမ်က ဦးကြီးက မကြာခင် စင်ကာပူကို လုပ်ငန်းကိစ္စနဲ့ ခဏခရီးသွားမှာဆိုတော့ အိမ်မှာ မိန်းမသား တွေချည်းပဲမို့ ကျွန်တော့်ကို တူသားရင်းချာလို စောင့်ရှောက်ပေးဖို့ အပ်ထားလို့ပါ"

ကိုမင်းဇော်လည်း ဝမ်းသာလွန်း၍ လက်ဖက်ရည်နှင့် နံပြားထောပတ်သုတ်ကို မြန်မြန်စားသောက်ကာ ဒေါက်တာတို့လင်မယားအား နှုတ်ဆက်၍ ဓာတ်ရထား စီးပြီး ခြင်းတောင်းကြီးတကိုင်ကိုင်နှင့် ရန်ကုန်အရှေ့ပိုင်းသို့ ပြန်လာခဲ့၏။

* * *

သီဟရတနာစာပေ

http://www.cherrythitsar.org



"အိန္ဒိယပြည် ဆင်းမလားမှာ ဖေဖေနဲ့မေမေရှိတဲ့ လိပ်စာအတိအကျ သိခဲ့ရပြီ ဦးရေ"

ဈေးခြင်းတောင်းကြီးကို ဖွေးတို့လက်သို့အပ်ရင်း ကိုမင်းဇော်က ပြောလိုက်ရာ တစ်အိမ်သားလုံး ဝမ်းသာကြသည်။

"ဒီနေ့ပဲ ဖေဖေတို့ဆီ ကျွန်တော် စာလှမ်းရေးလိုက်တော့မယ်။ ပင်လယ်ထဲက မီးပြတိုက်က ကျန်းကျန်းမာမာနဲ့ ကျွန်တော်ပြန်ရောက်လာတာ ဖေဖေတို့ မေမေတို့သိရရင် ဝမ်းသာပြီး စိတ်ချမ်းသာသွားကြစေချင်လို့ပါ"

ကိုမင်းဇော်က ညောင်ပင်လေးဈေးတွင် ဒေါက်တာဦးသက်ညွန့်တို့နှင့် ဆုံစည်းခဲ့ရပုံကိုလည်း ပြန်ပြောပြလိုက်သည်။

"ကဲ...အမောပြေ ကော်ဖီနဲ့မုန့် ပြင်ပေးလိုက်ဦးဟေ့"

ဒေါ်ပိုက်မိက သက်သက်တို့ကိုလှမ်းပြောရာ ကိုမင်းဇော်က အထပ်ခိုးလှေကားထစ်ပေါ် လှမ်းတက်ရင်းက–

"နေပါစေဒေါ်ဒေါ်၊ ညောင်ပင်လေးဈေးရှေ့ တရုတ်လက်ဖက်ရည်ဆိုင်မှာ ကျွန်တော် လက်ဖက်ရည်တစ်ခွက်နဲ့ နံပြားထောပတ်သုတ်တစ်ချပ် ဗိုက်ဖြည့်ခဲ့ပြီးပါပြီ"

ဟု ပြောပြီး ဆက်တက်လာခဲ့သည်။

နံနက်ခင်းတွင် အထပ်ခိုးပြတင်းပေါက်လေးမှာ လေပြည်နုနုဝင်စိမ့်လျက် ရှိ၏။ ဦးအောင်ကြီးတို့အိမ်မှာ အရှေ့အရပ်သို့ မျက်နှာမူထား၍ ကိုမင်းဇော် အတွက် ပြတင်းပေါက်ကလေးမှာ ညနေခင်းတစ်ချိန်သာ ကျ,နေဝင်တတ်ပေ သည်။

ကိုမင်းဇော်က ဈေးသွားတုန်းကဝတ်သွားသည့် ရှပ်အင်္ကျီလက်တိုကို ချွတ် ကာ အင်္ကျီချိတ်နှင့် ချိတ်လှန်းထားလိုက်ပြီး ပတ်ကားဖောင်တိန်တစ်ချောင်းနှင့် စာရေးစက္ကူကပ်ကိုယူပြီး အောက်ထပ်သို့ ပြန်ဆင်းလာခဲ့သည်။

အောက်ထပ်တွင် စာရေးစားပွဲတစ်လုံးနှင့် ကုလားထိုင်ရှိသဖြင့် ထိုနေရာမှာပင် စာတစ်စောင် ထိုင်ရေးလိုက်သည်။

စာရေးပြီးနောက် မူ့ကို စာအိတ်တစ်အိတ်လောက်ရနိုင်မလားဟု မေးသည်။ မူက စားပွဲအံဆွဲ ဒုတိယဆင့်မှ စာအိတ်တစ်အိတ် ယူပေးသည်။

"အစ်ကို"

မူက ခပ်တိုးတိုးလေးခေါ်လိုက်သဖြင့် ကိုမင်းဇော်က ဖျတ်ခနဲ မော့ကြည့်

http://www.cherrythitsar.org



လိုက်သည်။

"ဘာလုပ်ပေးရမလဲမူ၊ ဆိုင်ထွက်ဖို့ ဆိုက်ကားပေါ် ပစ္စည်းဝိုင်းတင်ပေးရမလားဟင်"

ကိုမင်းဇော်က မေးသည်။

"ရပါတယ်အစ်ကို၊ မူတို့ မသွားကြသေးပါဘူး။ တော်ကြာမှ သွားကြမှာ ပါ"

"ဒါဆို အစ်ကို့ကို မူမူက ဘာပြောစရာရှိလို့လဲဟင်"

မူက ပတ်ဝန်းကျင်ကို အကဲလှမ်းခတ်လိုက်ပြီး အသံကို တိုးနိုင်သမျှတိုးကာ

"တကယ်လို့ အစ်ကို့မိဘတွေ ရန်ကုန်ကို ပြန်လာကြရင် အစ်ကို ဒီအိမ်က ထွက်သွားတော့မှာပေါ့နော်"

မူ့မျက်လုံးအိမ်တွင် မျက်ရည်တချို့ ရစ်ဝဲနေသည်ကို အံ့အားသင့်ဖွယ်ရာ တွေ့လိုက်ရပေသည်။

"မူလေ အစ်ကို့မိဘတွေ သတင်းကြားရတာ ကိုယ်ချင်းစာစိတ်နဲ့ အရမ်းဝမ်းသာတာပဲ။ တစ်ချိန်တည်းမှာပဲ အစ်ကိုနဲ့ ခွဲခွာရမှာကိုလည်း မူ့စိတ်က ဝမ်းနည်းနေမိတယ်"

"မူကလည်းကွာ၊ အစ်ကို အမြဲတမ်း ဝင်ထွက်သွားလာနေမှာပါ"

"ဒါတော့ ဒါပေါ့အစ်ကိုရယ်၊ မူမူလေ ဟို...ပင်လယ်ကြီးထဲက မီးပြတိုက်မှာကတည်းက အစ်ကို့ကို ခင်ခဲ့ရတာပါ။ ခင်ခဲ့မိတာပါ အစ်ကိုရယ်"

"မမူ..."

ညီမဖြစ်သူ အေးက မီးဖိုခန်းဘက်မှ လှမ်းအသံပြုလိုက်သောကြောင့် စကားစရုတ်တရက် ပြတ်တောက်သွားရပြီး မူက ညင်သာစွာ စားပွဲအနီးမှ ခွဲထွက်သွားရရှာပေသည်။

ကိုမင်းဇော်ကား လက်ထဲတွင်ကိုင်ထားသော စာအိတ်လေးကိုသာ ငိုင်၍ကြည့်နေမိလေသည်။ ရင်ထဲတွင်မူ သိမ့်ခနဲ လှိုက်လှဲခံစားနေရပေသည်။

ရေးပြီးစ စာကို စာအိတ်ထဲထည့် ကော်ကပ်ကာ စာအိတ်ပေါ်တွင် မိခင်ဖခင်တို့လိပ်စာကို သေချာစွာ ရေးလိုက်သည်။ အထပ်ခိုးပေါ်သို့ ခဏပြန်တက်ခဲ့ကာ ရေလဲပိုင်းလုံချည်တစ်ထည် လဲလှယ်ဝတ်ဆင်ပြီး အောက်ထပ်ပြန်ဆင်း၍ ရေချိုးခန်းထဲဝင်ခဲ့သည်။

ရေအေးအေးကို ဆပ်ပြာမွှေးဖြင့် ချိုးလိုက်မိသည်။ ဦးနှောက်ထဲမှာတော့ အတော်လေး ကြည်လင်လန်းဆန်းသွားသလို ခံစားရသည်။ မွှေးပွတဘက်ဖြင့်

http://www.cherrythitsar.org



တစ်ကိုယ်လုံးကို သုတ်ပစ်လိုက်ပြီး အထပ်ခိုးပေါ် ပြန်တက်ခဲ့ကာ ရှပ်အင်္ကျီတစ်ထည် ဝတ်ဆင်၊ အိပ်ကပ်ထဲ စရိတ်စကထည့်၍ အောက်ထပ်ပြန်ဆင်းခါနီး ချည်ချောလုံချည်တစ်ထည်ပါ လဲလှယ်ဝတ်ဆင်လိုက်သည်။

နာရီကိုကြည့်လိုက်တော့ စာတိုက်ဖွင့်ချိန် ဖြစ်နေသည်။ ရေကျော်နှင့်နီးရာ ပုဇွန်တောင်စာတိုက်သို့သာ သွားတော့မည်ဟု စိတ်ဆုံးဖြတ်ပြီး စားပွဲပေါ်မှ စာအိတ်ကို ကောက်ကိုင်လိုက်သည်။ သတင်းစာထိုင်ဖတ်နေသော ဦးအောင်ကြီးဘက်သို့ လှမ်းကြည့်၍

"ကျွန်တော် စာသွားထည့်လိုက်ပါဦးမယ် ဦး၊ အိမ်သော့တစ်ချောင်းလည်း ယူသွားပါတယ်။ ရုပ်ရှင်ရုံကို ဦးတို့မိသားစု ဆိုင်ထွက်ဖို့ သွားစရာရှိတာသာ စိတ်ချလက်ချသွားကြပါ" ဟု ပြောလိုက်သည်။

"နေ့လည်နေ့ခင်း အိမ်မှာ စာဖတ်ရင်း စာကျက်ရင်း၊ ကော်ဖီဖျော်သောက်ဖို့ ဓာတ်ဘူးထဲမှာ ရေနွေးရှိတယ် မောင်မင်းဇော်၊ ကော်ဖီမှုန့်၊ နို့ဆီ၊ သကြားဘူးတွေကတော့ ကြောင်အိမ်ပေါ်မှာ အဆင်သင့်ပဲ။ မုန့်သေတ္တာပုံးထဲမှာ မုန့်လည်း ရှိတယ်နော်"

ဒေါ်ပိုက်မိက မှာနေသည်။

"ဟုတ်ကဲ့ပါ ဒေါ်ဒေါ် ကျွန်တော်သွားမယ်နော်"

ကိုမင်းဇော်က ရေကျော်လမ်းမကြီးအတိုင်း သစ်ပင်ရိပ်တချို့ကို ခိုကာ လျှောက်လာခဲ့သည်။ ပုဇွန်တောင်လမ်းမကြီးပေါ်တွင်တော့ စည်စည်ကားကား သွားလာလှုပ်ရှားနေကြတာ တွေ့ရသည်။

ပုဇွန်တောင်ချောင်းရေကျချိန်မို့ လမ်းမကြီးပေါ်ရှိ 'အေး' တံတားအောက်မှ တိုးလျှိုပေါက်စီးဆင်းနေသော ချောင်းရိုးကလေးမှာ ရေနည်းနေတာတွေ့ရသည်။

သူဌေးကြီးဦးညိုတို့မိသားစုတိုက်မှာ ကံအားလျော်စွာ ဂျပန်လေယာဉ်က ကြဲချသောဗုံးဒဏ်မှ ကင်းလွတ်ခဲ့သဖြင့် ထီးထီးကြီးတွေ့ရသည်။ ပေတောကုန်းလမ်းဆေးမှ စာတိုက်မှာလည်း ဗုံးဒဏ်မှ လွတ်ခဲ့သည်။

စာတိုက်ဝန်ထမ်းတစ်ဦးထံတွင် ကျသင့်သော တံဆိပ်ခေါင်းများကပ်၍ မှတ်ပုံတင် REGISTERED လုပ်ကာ စာထည့်ထားခဲ့သည်။ စာထည့်လိုက်ရ၍ စိတ်ထဲမှာ ပေါ့ပါးသွားသည်။

လာလမ်းအတိုင်းပင် ရေကျော်ဘက်သို့ လျှောက်ခဲ့သည်။ ကျီတော်လမ်းထိပ် ရောက်တော့ ဆံပင်ညှပ်ဆိုင်ဝင်ပြီး ဆံပင်ညှပ်ဖို့ စဉ်းစားသေးသည်။ ဆံပင်က သိပ်တော့ဖြင့် မရှည်လှသေး။

http://www.cherrythitsar.org



စာမေးပွဲဖြေဖို့ တစ်ရက်နှစ်ရက်အလိုကျမှ ညှပ်တော့မည်ဟု စိတ်ကူးကာ ရေကျော်လမ်းမကြီးထဲ ကွေ့ဝင်ခဲ့သည်။

ဦးအောင်ကြီးတို့အိမ်ရှေ့ရောက်တော့ အသီးသီး အသကဆိုင်ခင်းဖို့ ထွက်သွားကြပြီမို့ အိမ်ကလေးမှာ တိတ်ဆိတ်လျက် သော့ခတ်ထားတာ တွေ့ရသည်။

သော့ပိုတစ်ချောင်းရှိထားသူမို့ အိမ်ရှေ့တံခါးဖွင့်၍ ဝင်ခဲ့သည်။ ထမင်းစားပွဲပေါ်တွင် သူ့အတွက် ထမင်းဟင်းအဆင်သင့် အုပ်ဆောင်းနှင့် အုပ်ထားခဲ့တာ တွေ့ရသည်။ စိတ်ရင်းစေတနာကောင်းသော မိသားစုနှင့် အတူတကွနေရခြင်း သုခချမ်းသာမှာ ရှာမှရှားတတ်ပေသည်။ တစ်အိမ်လုံးမှာ တစ်ယောက်တည်းမို့ စိတ်လက်ပန်းဖြေ၊ ဦးအောင်ကြီး စာအုပ်စင်ပေါ်မှ သင့်နိုးရာရာ စာအုပ်တစ်အုပ်ကို ဆွဲယူ၍ အထပ်ခိုးပေါ် တက်လာခဲ့သည်။

အိပ်ရာဘေးမှ ပြတင်းပေါက်လေးမှာ ပွင့်လျက်သား။ သူတို့က ဗာဟီရကိစ္စများကြသူတွေမို့ အထပ်ခိုးပြတင်းပိတ်ဖို့ မေ့သွားကြဟန်တူသည်။

ဒါမှမဟုတ်လည်း စာထည့်ပြီး မကြာမီပြန်လာမည်ဆိုသည်ကို သိသည်မို့ မပိတ်ဘဲ ထားရစ်ခဲ့ကြဟန်တူသည်။

မည်သို့ပင်ဖြစ်စေ နောက်နောင်တွင် အထပ်ခိုးပြတင်းကိုပိတ်ပြီးမှ ကိစ္စရှိလျှင် အပြင်သွားမှ သင့်တော်ပေမည်။

ကိုမင်းဇော်က အိပ်ရာပေါ်တွင် ပက်လက်လှန်ရင်း စာအုပ်ကို လှန်လှော ကြည့်နေမိသည်။

စာအုပ်မှာ စကော့လူမျိုး စီးပွားရေးပညာရှင် အဒမ်စမစ် ၁၇၇၆ ခုနှစ်က ပြုစုရေးသားခဲ့သော 'နိုင်ငံများ၏ချမ်းသာကြွယ်ဝမှု' စာအုပ် ဖြစ်သည်။

လူသားတိုင်းမှာ သဘာဝအားဖြင့် တစ်ကိုယ်ရည်တိုးတက်မှုကို လိုလားတတ်ကြသည်။

ကုန်သွယ်ရေးစနစ်တွင် ကုန်ပစ္စည်းအရေအတွက် များများထုတ်လုပ်သူ ရောင်းချသူရှိဖို့ လိုအပ်သည်။ ကုန်ပစ္စည်းထုတ်လုပ်သူနှင့် ကုန်သည်များ၏ စွမ်းပကားကြောင့် အလုပ်လက်မဲ့ ပြဿနာနည်းပါးသွားပြီး ချမ်းသာကြွယ်ဝမှု ဧရိယာ ကျယ်ဝန်းလာမှာ သေချာသည်။

လူသားတိုင်း ပုဂ္ဂလိကစီးပွားရောလုပ်ပိုင်ခွင့်ရှိရမည်။ သဘာဝလွတ်လပ်မှုဟူသည် မည်သူတစ်ဦးတစ်ယောက်ကမှ ထိန်းချုပ်မှုချုပ်ချယ်မှုမရှိသော လွတ်လပ်မှုပင် ဖြစ်သည်။

ထိုဝါကျများကို တစ်ကြောင်းချင်း စိတ်ပါဝင်စားစွာ ဖတ်နေမိသည်။

http://www.cherrythitsar.org



ထိုစဉ်မှာပင် အိမ်ရှေ့မှ တံခါးခေါက်သံ ကြားလိုက်ရသည်။ တံခါးခေါက်သံမှာ အတော်ပင် ပြင်းထန်သည်။

ကိုမင်းဇော်က အိပ်ရာမှ လူးလဲထကာ စာအုပ်ကို လက်တွင်ကိုင်ရင်း အထပ်ခိုးပေါ်မှ ဆင်းလာခဲ့သည်။

"ဖွေး..."

အိမ်ရှေ့တံခါးကို ဂျက်ဖွင့်ပေးရင်းက ကိုမင်းဇော် အံ့အားသင့်နေမိသည်။ ဖွေးသည် ကိုမင်းဇော်ကိုကြည့်ပြီး မျက်ရည်ပေါက်ကြီးများ လိမ့်ဆင်းကျလာသည်။ အသားရောင်ဝင်းပသော ဖွေး၏မျက်နှာပြင်မှာ ပန်းနုရောင်ယှက်သန်းနေသည်။

"ဘယ်လိုအကြောင်းကိစ္စဖြစ်လာလို့လဲ"

"ကျွန်မ သိပ်ရှက်တယ် ကိုမင်းဇော်၊ ဆိုင်မှာ သက်သက်ကို ထားရစ်ခဲ့ပြီး ရှက်စိတ်နဲ့ အိမ်ကို ဖွေးပြန်လာခဲ့တာပါ"

"ဖြစ်ရလေ ဖွေးရယ်၊ ဘယ်လိုအကြောင်းများပါလိမ့်"

"ဟိုတလောက ကျွန်မတို့အိမ်ပေါ်တက်လာပြီး ဖွေးအတွက် ဓာတ်ပြား ဖွင့်စက် လက်ဆောင်ဖွတ်အတင်းပေးသွားတဲ့ ရှိန်းနိုင်ပေါ့။ ဒီနေ့မနက် ရုပ်ရှင်ရုံရှေ့က ဖွေးတို့ အုန်းနို့ခေါက်ဆွဲဆိုင်ကို အရက်တွေမူးပြီး ရောက်လာတယ် ကိုမင်းဇော်"

ဖွေးကိုကြည့်ရသည်မှာ စကားပြောရင်း မောနေပုံရသည်။ ကိုမင်းဇော်က အဒမ်စမစ်၏ စာအုပ်ကို ဦးအောင်ကြီးစာအုပ်စင်ပေါ်တွင် တရိုတသေ သွားထားလိုက်ပြီး သောက်ရေအိုးစင်မှ ရေအေးအေးတစ်ဖန်ခွက်ကိုခပ်ကာ ဖွေးကို လာပေးသည်။

"အမောဖြေပါဦး ဖွေး။ ပြီးမှ စကားပြောကြတာပေါ့"

ဖွေးက ရေဖန်ခွက်တစ်ဝက်မျှသောက်ပြီး လက်ကိုင်ပဝါလေးနှင့် မျက်ရည်စများကို ညင်သာစွာသုတ်နေသည်။ ဧည့်ခန်းကုလားထိုင်တွင် အရုပ်ကြိုးပြတ် ထိုင်ချလိုက်သည်။

"ဩော်...လူတချို့ဟာ နှမချင်းမစာနာ တော်တော်မိုက်ရိုင်းကြတာပဲ"

ဖွေးစကားက ခက်ထန်မာကျောလာသည်။

"သူက ဖွေးကို လှတယ်၊ ချစ်တယ်တဲ့။ ပြီးတော့ ဘောင်းဘီအိတ်ထဲက နီလာစိန်ခြယ်လော့ကက်သီးနဲ့ ရွှေဆွဲကြိုးလေးတစ်ကုံး ထုတ်ပေးတယ်။ ဖွေး အတွက် လက်ဆောင်တဲ့။ ဘေးပတ်ဝန်းကျင်က လူတွေကြားထဲမှာ အရမ်းရှက်ခဲ့ရပါတယ် ကိုမင်းဇော်။ ဖွေးက သူ့ကို ပြတ်ပြတ်သားသားပြောလိုက်တယ်။

http://www.cherrythitsar.org



နောက်နောင် ဘယ်တော့မှ လာမပတ်သက်ဖို့နဲ့ ဖွေးဘက်က သူ့ကို ဘယ်လိုမှ မစဉ်းစားဘူး၊ စိတ်မကူးဘူးလို့ ပြောပစ်ခဲ့တယ်”

“အဲတော့ သူက ဘာပြောလဲ”

“တောက်တစ်ချက်ခေါက်ပြီး မျက်ထောင့်နီကြီးနဲ့ ဖွေးကိုကြည့်တယ်။ လောကမှာ ရှိန်းနိုင်က လိုချင်တဲ့အရာကို ရအောင်ယူတတ်တယ် မှတ်ထားတဲ့”

“တယ်...စော်ကားလိုက်ပါလားကွာ”

“ဟုတ်တယ် ကိုမင်းဇော်၊ ဖွေးလည်း ရှက်တာနဲ့ ဆိုင်မှာထိုင်ဖို့ အနေခက်တာနဲ့ ဆိုက်ကားငှားပြီး အိမ်ကို ပြန်ပြေးလာခဲ့တာပဲ။ သက်သက်ကိုလည်း မှာခဲ့တယ်။ ဒီကိစ္စ တစ်အိမ်သားလုံး ဘယ်သူမှ မသိစေနဲ့လို့။ ဖေဖေသိသွားရင် ပြဿနာတွေ ရှည်လျားပြီး အမှုအခင်းတွေဘာတွေ ဖြစ်ကုန်ရင် ရုံးရောက် ဂတ်ရောက်နဲ့ တစ်ရက်က နှစ်ရက်ဖြစ်မှာစိုးလို့ပါ ကိုမင်းဇော်ရယ်”

ဖွေးက ပြောရင်း တသိမ့်သိမ့်ရှိုက်ငိုလိုက်သည်။

“စိတ်ချပါ ဖွေး၊ ဒီကိစ္စ တစ်အိမ်သားလုံးကို ကျွန်တော် မပြောပါဘူး။ ခေါင်းတွေကိုက်ပြီး နေမကောင်းလို့ အိမ်ပြန်လာတယ်လို့ပဲ ပြောမှာပါ။ အိမ်မှာ ဖွေး အနားယူလိုက်ပါ။ ဖွေးတို့ဆိုင်ခင်းထားတဲ့ ရန်ကုန်ရုပ်ရှင်ရုံကို ကျွန်တော် လိုက်သွားပြီး သက်သက်ဘေးက ဝိုင်းကူရောင်းပေးရင်း စာဖတ်စရာ စာကျက်စရာရှိတာ ထိုင်ကျက်နေလိုက်ပါ့မယ်”

“ဖွေးကို ဘေးပတ်ဝန်းကျင်ဆိုင်တွေက ဘယ်လိုမိန်းမစားမျိုးလဲဆိုပြီး အထင်သေးကုန်ကြပြီနဲ့တူပါရဲ့ ကိုမင်းဇော်ရယ်”

ဖွေးက ဆို့နင့်စွာပြောရင်း တစ်ကိုယ်လုံးတုန်အောင် တသိမ့်သိမ့်ရှိုက်ငိုနေသည်။

“တိတ်ပါဖွေးရယ် တော်ကြာ မျက်နှာကြီးရဲပြီး မျက်ခွံတွေမို့နေရင် လူကြီးတွေပြန်လာတဲ့အခါ ဘာဖြစ်လို့လဲဆိုပြီး ဖွတ်မေးရင် ဖြေရခက်နေလိမ့်မယ်”

“ဖွေးမှာ အထက်တန်းကျောင်းသူဖြစ်လာတဲ့အထိ မိဘကို ကူညီစောင့်ရှောက်ဖို့စိတ်ကလွဲပြီး တခြား ဘာစိတ်ကူးမှ ရှိခဲ့တာမဟုတ်ပါဘူး ကိုမင်းဇော်။ ဘယ်ယောကျ်ားလေးနဲ့မှလည်း ထိကပါးရိကပါး ရှိခဲ့တာမဟုတ်ပါဘူး။ ခုကျမှ ရှိန်းနိုင်ဟာ ဘယ်လိုကဘယ်လို ကောက်ကာငင်ကာ စိတ်ရူးထပြီး ဖွေးအပေါ်မှာ ဒီလိုကြံစည်လာတယ်ဆိုတာ ဖွေးတော့ မတွေးတတ်အောင်ပါပဲ ကိုမင်းဇော်ရယ်”

မျက်ရည်များ လိမ့်ဆင်းကျလို့နေပြန်သည်။

“တိတ်တော့နော် ဖွေး၊ အိပ်ရာမှာသွားပြီး အနားယူလိုက်ပါ။ ဖွေးတို့ဆိုင်ကို

http://www.cherrythitsar.org



ကျွန်တော် သွားလိုက်ဦးမယ်”

ကိုမင်းဇော်က ကုလားထိုင်လက်ရန်းကို လက်ထောက်ကာ လက်ကိုင်ပဝါ လေး လှမ်းပေးရင်း ပြောနေသည်။

“ဟောတော့...ဘယ်လိုများဖြစ်နေကြပါလိမ့်။ တစ်ယောက်ကငိုလို့ တစ် ယောက်က ချော့လို့”

ရုတ်တရက် အိမ်ရှေ့မှကြားလိုက်ရသည့်အသံကြောင့် ပြိုင်တူ လှမ်းကြည့် လိုက်ရာ ဟင်းအိုးလေးတစ်အိုးကိုကိုင်ပြီး တံခါးဝမှာရောက်နေသည့် မူ့ကို တွေ့လိုက်ကြရသည်။

“ဘာ...ဘာ...မှ...ဖြစ်...ဖြစ်တာမဟုတ်ဘူး မူ၊ မင်းရဲ့မမဖွေး နေမကောင်း လို့ ဆိုင်က ရုတ်တရက် အိမ်ပြန်လာတာပါ”

ကိုမင်းဇော်က မူမူ့ထံမှတစ်ဆင့် တစ်အိမ်သားလုံးထံ ဖွေးကိစ္စ စကား ပျံ့နှံ့သွားမည်စိုးသဖြင့် ဖုံးဖုံးဖိဖိလေး ပြောလိုက်သည်။

“သြော်...ဟုတ်လား၊ နေမကောင်းလို့ ဆိုင်ကပြန်လာတဲ့သူက ဘာငိုစရာရှိ လို့လဲ။ ပြီးတော့ ချော့တဲ့သူကလည်း ဘာချော့စရာရှိလို့လဲ။ လုပ်ကြပါ။ ဆွေးနွေး ကြပါ။ ကိုယ့်ကိစ္စကိုယ် ဆွေးနွေးကြပါ။ မူပြန်လာလို့ အနှောင့်အယှက်ဖြစ်မသွား လိုက်ကြပါနဲ့။ မူက ဒီမနက် ဆိုင်မှာ လူအကျများပြီး ငါးဖယ်ငါးဆုပ်ဆီပြန်ဟင်း ကုန်သွားလို့ အိမ်မှာကျန်တဲ့ အိုးတစ်ဝက်လောက်ကို လာပြန်ယူတာပါ”

မူက အစ်မဖြစ်သူကိုပင် မခန့်လေးစားလေသံမျိုးဖြင့် ပြောကာ မီးဖိုချောင် ဘက်သို့ ခြေသံပြင်းပြင်းဖြင့် ဝင်သွားသည်။

ဖွေးက ထိုင်ရာမှ ဆတ်ခနဲ ထ,လိုက်သည်။

“ဟေ့ မူ၊ ဒီကိုလာစမ်းပါဦး။ မင်း...မမဖွေးအပေါ်မှာ ဘယ်လိုပြောလိုက်တာ လဲဟင်”

ဖွေးက မီးဖိုချောင်ဘက်သို့ လိုက်သွားရင်းက မူ့ကို မေးသည်။

“အို...မူပြောတာ ဘာများမှားနေလို့ပါလိမ့်။ အိမ်ကြီးတစ်အိမ်လုံးမှာ လူနှစ်ယောက်တည်း ရှိနေကြတယ်။ တစ်ယောက်က ငိုနေတယ်။ တစ်ယောက်က ချော့နေတယ်။ ကဲ...အဲဒါ အဲ့ဒီလူနှစ်ယောက်ရဲ့ကိစ္စမဟုတ်ရင် ဘယ်သူ့ကိစ္စ ဖြစ်မလဲ။ မူ့ကိစ္စမှ မဟုတ်တာ”

မူက ပြုံးထေ့ထေ့ဖြင့် ပြောနေသည်။

“မူရယ်...မမဖွေးကို အထင်သေးလိုက်တာကွယ်”

ဖွေးက ရှိုက်ကြီးတငင် ငိုချလိုက်သည်။

http://www.cherrythitsar.org



"မူ…မင်း ဘာတွေလျှောက်ပြောနေတာလဲ။ မင်းထင်နေတာတွေ တစ်ခုမှ မဟုတ်ဘူး။ ကဲ…ဖွေး…ခုလိုအခြေအနေကြုံရမှတော့ မူသဘောပေါက်အောင် အဖြစ်အပျက်ပြောပြလိုက်မှ ဖြစ်တော့မယ်ထင်တယ်"

ကိုမင်းဇော်က ဖွေးကိုလှမ်းကြည့်သည်။ ဖွေးက ခေါင်းညိတ်ပြလိုက်သည်။

ကိုမင်းဇော်က ဖွေးတို့ဆိုင်သို့ ရှိန်းနိုင်လာရောက်နှောင့်ယှက်သဖြင့် ရှက်ရှက်နှင့် ဖွေးတစ်ယောက်တည်း အိမ်သို့ပြန်လာခဲ့ရခြင်းဖြစ်ကြောင်း ဖွင့်ပြောလိုက်ရတော့သည်။

မူ့မျက်နှာပြင်ပေါ်မှ သံသယအရိပ်အယောင်များမှာ ရုတ်ချည်း ပြောင်းလဲသွားသည်။ သူ့မျက်ဝန်းအိမ်တွင် မျက်ရည်တွေ ရစ်ဝဲလာသည်ကို တွေ့လိုက်ရသည်။

"ဖြစ်ရလေ မမဖွေးရယ်"

ဟုပြောရင်း သူ့မမဖွေးကို မူက ပွေ့ဖက်လိုက်သည်။

"ဖေဖေနဲ့မေမေသိသွားရင် ပြဿနာတွေရှုပ်ကုန်မှာစိုးလို့ ဒီကိစ္စကို ဖုံးဖိထားဖို့ ကိုမင်းဇော်နဲ့ တိုင်ပင်ထားကြတယ် မူ"

ဖွေးက ညီမဖြစ်သူကို ပြောပြနေသည်။ ကိုမင်းဇော်က ဖွေးကို ဒီနေ့အဖို့ အိမ်မှာပင် အနားယူစေမည်ဖြစ်ပြီး သက်သက်ထံသို့ သူသွား၍ ကူညီရောင်းချပေးမည်ဟု မူ့ကိုပြောပြကာ အိမ်ပေါ်မှ ဆင်းလာခဲ့သည်။

* * *

ရှိန်းနိုင်ကား အရက်မူး ခုထိမပြေသေးပေ။ အိပ်ရာမှမထသေးဘဲ ခုတင်ရှေ့ တည့်တည့်မှ အိပ်ခန်းအုတ်နံရံ ပန်းရောင်ရင့်ရင့်ကို အဓိပ္ပာယ်ကင်းမဲ့စွာ ငေးကြောင်ကြည့်နေမိသည်။

ရှိန်းနိုင်၏မိခင် ဒေါ်လွင်လွင်ဦးမှာ ကောလိပ်ကျောင်းသူဘဝကတည်းက အဝတ်အစားအသုံးအဆောင်များကို ပန်းရောင်ရင့်ရင့် သဘောကျလေ့ရှိသူမို့ နေအိမ်၏ အပြင်အဆင်ကိုလည်း လေသိမ်းတိုင်း ယိမ်းနွဲ့နေသော ဇာခန်းဆီးများမှအစ ပန်းရောင်ရင့်ရင့်ဆင်ယင်ထားလေသည်။

"သား…ရှိန်းနိုင်…အမူးပြေပြီလား"

အိပ်ခန်းထဲသို့ ဖခင်ဖြစ်သူ ဦးအုန်းနိုင် ဝင်လာပြီး ဂရုတစိုက်မေးသည်။ ရှိန်းနိုင်က သနားစဖွယ် ခေါင်းခါပြနေသည်။

http://www.cherrythitsar.org



"ဘာဖြစ်လို့ မနက်အစောကြီး အရက်မူးပြီး ပြန်လာရတာလဲ သားရယ်၊ သားကို ဖေဖေက ဘီယာသောက်တာလောက်တော့ ကောလိပ်ကျောင်းသား တောင်ဖြစ်နေပြီမို့ မတားမြစ်ပေမယ့် ခုလို ဣန္ဒြေမဲ့လောက်အောင် မူးလာတာကတော့ အန္တရာယ်ရှိတယ်သား"

"သား စိတ်ညစ်လာတယ် ဒယ်ဒီ"

"ကဲ…ပြောစမ်း…မင်း ဘာကို စိတ်ညစ်တာလဲ"

"ကျွန်တော် မိန်းကလေးတစ်ယောက်ကို ရှုံးနေတယ်"

"ငါ့သားကိုထားတာ လိုလေသေးမရှိပုံစံမျိုး ထားတာပါ။ အခု သားက ဘယ်မိန်းကလေးကို ရှုံးနေရပြန်တာလဲ။ နိုင်ခဲ့တာတွေ အနိုင်ယူခဲ့ရတာတွေလည်း သားမှာ ရှိခဲ့ပြီးပြီမဟုတ်လား။ ကဲ…ပြောစမ်းပါဦး၊ သူက ဘယ်ကလဲ။ ဘယ် လောက်အရည်အချင်းရှိနေလို့လဲ"

"ဘာမှမဟုတ်ပါဘူး ဒယ်ဒီရာ၊ တစ်နေ့လုပ်မှ တစ်နေ့စားရတဲ့ဟာတွေပါ။ ဒီကောင်မလေးက သားနဲ့တော့ ဟိုက်စကူးမှာ တစ်တန်းတည်းနေခဲ့ဖူးတယ်။ ရုပ်ရှင်သွားကြည့်ရင်း ကောင်မလေးက ရုပ်ရှင်ရုံရှေ့မှာ အုန်းနို့ခေါက်ဆွဲရောင်း နေတာတွေ့တော့မှ သားစိတ်က ဒီကောင်မလေးကို စိတ်ဝင်စားလာမိတာပါ"

"ဟေ့ကောင်၊ ပိုက်ဆံလိုချင်လို့ ဈေးထိုင်ရောင်းနေရတဲ့ မိန်းမတစ်ယောက်ကို ပိုက်ဆံအထပ်လိုက်ပေးလိုက်ရင် အဆင်မပြေနိုင်ဘူးလား"

"မရဘူး ဒယ်ဒီ၊ သားလေ ဓာတ်ပြားဖွင့်စက်လည်း လက်ဆောင်ပေးဖူးတယ်။ လက်မခံဘူး။ ဒီနေ့မနက် ဆွဲကြိုးတစ်ကုံး လက်ဆောင်ပေးတာလည်း မရဘူး မယူဘူး"

"မင်းက ဒယ်ဒီ့သားလုပ်နေပြီး ဒီလောက်လေးနဲ့ စိတ်ညစ်ရ အရက်သောက် ရတယ်လို့ကွာ။ မိန်းမဆိုတာ လူရှေ့သူရှေ့မှာဆို ဒီလိုဇာတ်ကြမ်းနဲ့ ဘယ်ဝင်လို့ရ မှာလဲကွ။ လူရှင်းတဲ့နေရာမျိုးမှာ တစ်ခါကနှစ်ခါ၊ နှစ်ခါကသုံးခါ၊ သုံးခါက လေးငါးခြောက်ခါ တန်ဖိုးရှိတာတွေ…သူတို့ မဝယ်နိုင်၊ မဝတ်နိုင်၊ မသုံးနိုင် မဖြုန်း နိုင်တာတွေ တစ်နင့်တပိုး ပေးကြည့်စမ်းပါ။ သနားလာအောင် လေပြည်ထိုးကြည့် စမ်းပါ။ အောင်သွယ်ကောင်းကောင်းကတစ်ဆင့် ဆက်သွယ်ပြီး ကြိုးစားကြည့်စမ်း ပါ။ ကြာတော့ အားနာတတ်လာမှာပါသားရာ။ ကဲ…ထ ရေမိုးချိုး၊ ပြီးရင် GRAPE SAULT ဆူဆေး တစ်ခွက်သောက်ချလိုက်။ မင်းရင်ထဲမှာ ရှင်းသွား လိမ့်မယ်"

"ဒယ်ဒီ"

http://www.cherrythitsar.org



ရှိန်းနိုင်က ဖခင်ဖြစ်သူကို ရီဝေဆဲမျက်လုံးများဖြင့် လှမ်းကြည့်လိုက်သည်။

"သားစကားကို ဖေဖေ ယုံကြည်စေချင်ပါတယ်"

"ကဲ...ပြော...သား ဘာပြောချင်လဲ"

"သား ဒီမိန်းကလေးနဲ့ကျမှ သားစိတ်က တကယ်နှစ်သက်မြတ်နိုးမိလာတယ် ဖေဖေ။ ဖြစ်နိုင်ရင် သား သူ့ကို အတည်တကျ လက်ထပ်ချင်တယ်"

ဦးအုန်းနိုင်က အသက်ရှူရကျပ်သွားသည်။

"ဘာ...ဘာပြောတယ်သား"

"သား သူ့ကို အတည်တကျ လက်ထပ်ချင်တယ်ဖေဖေ"

"တခြားနည်းလမ်း စဉ်းစားစမ်းပါဦးကွာ"

"ဘာဖြစ်လို့လဲ ဒယ်ဒီ"

"ပတ်ဝန်းကျင်မှာ ဘာမှ စာရင်းသွင်းလောက်တာမဟုတ်တဲ့ ကောင်မလေး တစ်ယောက်ကို မင်း လက်ထပ်လိုက်ရင် ဒယ်ဒီတို့ပတ်ဝန်းကျင်မှာ ဘယ်လောက် အထင်သေးခံရမလဲဆိုတာ စဉ်းစားကြည့်ပေါ့သားရာ"

"သားတို့ အသိုင်းအဝိုင်းက ဘာအသိုင်းအဝိုင်းလဲ ဒယ်ဒီ"

"နေကြထိုင်ကြတဲ့ အဆင့်အတန်းကို မင်းကြည့်လေ။ အဲဒါ မင်းကို ဒီ့ထက် ပိုပြီး ဘာရှင်းပြစရာလိုသေးလို့လဲ"

"ဟဲ့သား၊ ကြည့်စမ်း နေ့ခင်းကြီး မအိပ်နဲ့လေ ဖျားနေဦးမယ်။ သားအခန်း ထဲ ဒါလင်ဝင်သွားတာ ကြာလိုက်တာဆိုပြီး လိုက်လာတာ"

ဒေါ်လွင်လွင်ဦးက သားအဖနှစ်ယောက်ကိုကြည့်၍ ပြောလိုက်သည်။

ရှိန်းနိုင် အိပ်ရာမှ လူးလဲထရင်း

"မာမီ့ကို ပွင့်ပွင့်လင်းလင်း မေးကြည့်ဦးမယ်ဗျာ" ဟု စကားစသည်။

"ဒယ်ဒီမေးပေးမယ်။ မင်းရဲ့မာမီ ဘာပြောမလဲဆိုတာ မင်းနားထောင်ကြည့်။ ဒီလို ဒါလင်ရေ့၊ ဒါလင့်သားက ရန်ကုန်ရပ်ရှင်ရုံရှေ့မှာ အုန်းနို့ခေါက်ဆွဲရောင်း တဲ့ ကောင်မလေးတစ်ယောက်ကို လက်ထပ်ချင်လို့တဲ့"

"အောင်မယ်လေး..."

ဒေါ်လွင်လွင်ဦးက ရင်ဘတ်ကိုဖိ၍ ကယောင်ကတမ်းဖြစ်သွားသည်။

"အဲဒါကို ဒယ်ဒီနဲ့မာမီ ဖြစ်အောင် သားကို ပံ့ပိုးကူညီပေးရမယ်။ ဒီကိစ္စ အောင်မြင်သွားရင် သား စိတ်အေးရတော့မှာပါ။ ပျော်ပျော်ရွှင်ရွှင်နဲ့ ကျောင်းပြန် တက်မယ်၊ အရက်တို့ စီးကရက်တို့လည်း မသောက်တော့ဘူး။ ကျောင်းအားရက် မှာ အိမ်မှာပဲနေမယ်။ ဘယ်မှလည်း လျှောက်မလည်တော့ဘူး။ ဘယ့်နှယ်လဲ"

http://www.cherrythitsar.org



"ဟာ...ဒုက္ခပါပဲ သားရယ်။ သားကတော့ မာမီတို့ကို Placed into the narrow corner! လုပ်လိုက်တာပဲ။ တကယ့်ကို ဘေးကျပ်နံကျပ်။ ဒေါင့်ကျဉ်းကျဉ်းကလေးထဲရောက်အောင် ပို့ချလိုက်ပေတော့တာပဲ။ ကဲ...မာမီ မေးဦးမယ်။ သား အခု ဖြစ်နေတဲ့ဆန္ဒက သားဘဝအတွက် အဓိကဖြစ်နေလို့လား။ တစ်နှစ် တန်သည် နှစ်နှစ်တန်သည်ကျမှ စဉ်းစားလို့ရော မဖြစ်နိုင်ဘူးလား"

ဒေါ်လွင်လွင်ဦးက ဖျောင်းဖျနေသည်။

ရှိန်းနိုင်က ခုတင်ပေါ်မှဆင်းသည်။ အိပ်ခန်းနှင့်တွဲလျက် ရေချိုးခန်းထဲ ဝင်သွားပြီး မှန်ကြည့်၍ သွားတိုက်သည်။ အရက်ရှိန်ကြောင့် မျက်လုံးနှင့်မျက်နှာ ပြင် နီမြန်းနေသည်။ ဆပ်ပြာမွှေးနှင့် မျက်နှာသစ်ပြီး ပြန်ထွက်လာတော့ မိခင်နှင့် ဖခင်မှာ စိတ်လက်မကြည်သာသော မျက်နှာများဖြင့် သူ့ခုတင်ပေါ်မှာပင် ငူငူကြီး ထိုင်နေကြသည်ကို တွေ့ရသည်။

ရှိန်းနိုင်က ဟက်ခနဲ တစ်ချက်ရယ်လိုက်ရင်းက–

"သားပြောတာတွေကို ယုံပြီး ဒယ်ဒီနဲ့ မာမီ တော်တော်စိတ်ညစ်နေကြတယ်နဲ့တူတယ် ဟုတ်လား"

ဟု ပြောလိုက်ရာ ဦးအုန်းနိုင်ရော ဒေါ်လွင်လွင်ဦးပါ မျက်နှာတွေ လန်းဆန်းသွားကြပြီး

"သားက သားလိမ္မာဆိုတာ မာမီယုံပါတယ်။ ဒီကောင်မလေးကို သား တကယ်စွဲလမ်းတာမဟုတ်ဘူး။ မာမီတို့ကို တမင် ချစ်စနိုးနဲ့ ပြောချင်ရာ လျှောက်ပြောတာမဟုတ်လား သား...ဟင်"

ဟု ဒေါ်လွင်လွင်ဦးက ဝမ်းသာအားရ မေးလိုက်သည်။

ရှိန်းနိုင်က ခေါင်းတညိတ်ညိတ်နှင့် နားထောင်ရင်း

"သားလည်း ဦးနှောက်ရှိတဲ့အရွယ်ရောက်ပြီပဲ မာမီရယ်၊ ဒီကောင်မလေးကို သား ဇွတ်အတင်းယူရင် မာမီတို့ ဒယ်ဒီတို့အသိုင်းအဝိုင်းကြားမှာ အမည်းစက်ကြီး ထင်သွားမယ်ဆိုတာ သားသိပြီးသားပါ။ သားအတွက်တော့ မစိုးရိမ်ပါနဲ့။ သားက မိန်းမတစ်ယောက်ကို ရရင် အမြတ်၊ မရရင် အရင်းပါပဲ"

"ဘုရား...ဘုရား...ဒီစကားမျိုး နင်မို့လို့ မိဘတွေရှေ့မှာ ပြောထွက်တယ် ရှိန်းနိုင်၊ ဒီစကားဟာ အင်မတန် ရိုင်းစိုင်းတဲ့စကား"

အခန်းဝမှာလာရပ်ပြီး နားစွင့်နေသော သမီးကြီးဖြစ်သူ ကြယ်စင်နိုင်၏ အသံကြောင့် သားအမိသားအဖ(၃)ယောက်လုံး လှည့်ကြည့်လိုက်ကြသည်။

"ဟား...ဟုတ်ပြီ...အဆင်သင့်လိုက်လေဗျာ...အဲဒါပဲမာမီ။ အဲဒါပဲ။ မာမီရေ...

http://www.cherrythitsar.org



ဒီအိမ်မှာ သားအတွက် မပူနဲ့။ မာမီတို့ပူရမှာ သူတို့ညီအစ်မနှစ်ယောက်အတွက်ဗျ”

ရှိန်းနိုင်က ကြယ်စင်နိုင်ကို လက်ညှိုးထိုး၍ အားပါးတရ ပြောချလိုက်သည်။

“ဟဲ့…ရှိန်းနိုင်…နင့်စကားက ဘာအဓိပ္ပာယ်လဲ။ ငါနဲ့ မြဒါလီနိုင်က ဘာဖြစ်နေလို့လဲ”

ကြယ်စင်နိုင်က ဆတ်ဆတ်ထိမခံ မေးလိုက်သည်။ တစ်လက်စတည်းမှာပင် မြဒါလီနိုင်ကိုပါ လှမ်းအော်ခေါ်လိုက်သည်။ မြဒါလီနိုင်ပါ နားစွန်နားဖျားကြား သွားပြီး ရောက်လာတော့

“ဟောဒီမှာဟေ့…ငါတို့ညီအစ်မက ဘာဖြစ်တယ် ညာဖြစ်တယ်နဲ့ ဒယ်ဒီတို့ကို ပြောနေလို့”

ဟု ကြယ်စင်နိုင်က လက်ထောက်ချ စကားဆိုလိုက်သည်။

“ဟင်…ဟုတ်လား။ ကဲ…ပြောစမ်းပါဦး။ နင်က ဘာပြောချင်လို့လဲ”

မြဒါလီနိုင်ကပါ ဝင်မေးလာတော့ ရှိန်းနိုင်က ပခုံးတစ်ချက်တွန့်၊ လေကလေး ချွန်လိုက်ရင်းက…

“ကိုယ့်ကိုယ်ကို သိကြမှာပေါ့။ သူငယ်ချင်းတွေအိမ်မှာ စာစုကျက်ကြမယ် ဆိုတာကတစ်မျိုး၊ ဘယ်သူငယ်ချင်းအိမ်မှာ ဘုရားကိုးဆူရှိလို့ကတစ်နည်း၊ ဘယ်သူငယ်ချင်းမွေးနေ့ဆိုတာကတစ်ဖုံ၊ ပျော်ပွဲစားထွက်ကြမယ်ဆိုတာက ခဏခဏနဲ့၊ ဘယ်က အုတ်ကြားမြက်ပေါက် ကလေကချေမှန်းမသိတဲ့ဟာတွေနဲ့။ ယောကျ်ားလေးတွေကြားမှာ တရှန်းရှန်းနဲ့။ စထရင်းဟိုတယ်က ညကပွဲတို့၊ ကန်တော်ကြီး ဘုတ်ကလပ်တို့၊ မရိုးမရင်းနိုက်ကလပ်တို့မှာ ကချင်တိုင်းက၊ ခုန်ချင်တိုင်း ခုန်နေကြတာ ငါ့မျက်စိနဲ့ တပ်အပ်တွေ့ပေမယ့် ငါ ဘာမှမပြောခဲ့ဘူးနော်။ အခု ဟာက အကြောင်းကြုံကြိုက်လို့ ဒယ်ဒီနဲ့မာမီရှေ့မှာ သတိပေးတာပါ။ မိန်းကလေး တွေဖြစ်ပြီး ကျော်မကောင်းကြားမကောင်းတွေ ဖြစ်ကြမှာစိုးလို့ပါ”

ရှိန်းနိုင်စကားက ညီအစ်မနှစ်ယောက်၏ အညာကို တည့်တည့်ကြီး ထိသွားဟန်တူသည်။ မောင်နှမတစ်တွေ အော်ကြီးဟစ်ကျယ် ရန်ဖြစ်ကြတော့သည်။

“တော်ကြပါတော့…ကြာရင် ငါ သေလိမ့်မယ်”

ဒေါ်လွင်လွင်ဦးက ငိုကြီးချက်မဖြင့် ဝင်ပြောသည်။

ရှိန်းနိုင်ကတော့ မီးမွှေးခဲ့ပေပြီ။ အဝတ်သစ်အစားသစ် ကပျာကယာ ဝတ်ဆင်လျက် ဖောင်းမှလွှတ်လိုက်သော မြင်းတစ်ကောင်လို ကားတစ်စီးနှင့် ထွက်ခဲ့သည်။ ကြယ်စင်နိုင်နှင့် မြဒါလီနိုင်တို့ ညီအစ်မ(၂)ယောက်သာ တဆတ်ဆတ် ခုန်ရင်း ဒေါသတကြီးဖြင့် ကျန်ရစ်ခဲ့ကြသည်။

http://www.cherrythitsar.org



ရှိန်းနိုင်က ဦးတည်ရာမဲ့ ထွက်လာခဲ့သလို ဖြစ်နေသည်။ ကားကို ရည်ရွယ်ချက်မရှိ လျှောက်မောင်းနေရာမှ သူ့စိတ်က ရပ်ရှင်ရုံဘက်သို့ ဦးလည်သွားသည်။

မနက်က နည်းနည်းမူးနေလို့ ပြောမှားဆိုမှားရှိခဲ့ရင် ခွင့်လွှတ်ပါ၊ ဘာညာဆိုပြီး ဖွေးဆိုတဲ့ကောင်မလေးကို အောက်စည်းက ခေါင်းလျှိုပြီး ပြန်ချော့ကြည့်ရင် ကောင်းမလား...

ဆိုသည့် အတွေးက သူ့စိတ်ထဲဝင်လာသည်။ ထို့ကြောင့် သူ့ဖို့ဒ်ကားလေးကို ရုပ်ရှင်ရုံဘက်သို့ ဦးတည်ကာ အပြင်းမောင်းခဲ့သည်။

ရုံရှေ့ ဖွေးတို့ဆိုင်နှင့် မလှမ်းမကမ်းမှာ ကားရပ်၍ ဆင်းခဲ့သည်။

အုန်းနို့ခေါက်ဆွဲဆိုင်ကလေးတွင် မမျှော်လင့်သောသူ(၂)ယောက်ကိုသာ ခါတိုင်းတွေ့နေကျ သက်သက်ဆိုသည့် ကောင်မလေးနှင့်အတူ တွေ့ရပြီး သူတွေ့ချင်သောဖွေးကို မတွေ့ရပေ။

"ဖွေးနဲ့တွေ့ချင်လို့"

ခါးထောက်၍ ခပ်ဆတ်ဆတ်မေးလိုက်သော ရှိန်းနိုင်၏ အနေအထားကြောင့် ဒီနေ့မှ ဒီဆိုင်မှာ ခေတ္တ လာဝိုင်းကူထိုင်ပေးသော ကိုမင်းဇော်နှင့် မူမှာ ရုတ်တရက် ဘာပြန်ပြောရမှန်းမသိသေးဘဲ ကြောင်ငေး၍သာ ကြည့်နေမိကြသည်။ ဖြစ်ပုံမှာ မနက်က ပထမတော့ ကိုမင်းဇော်တစ်ယောက်တည်း ဆိုင်ရှိ သက်သက်ထံသို့ ရောက်ခဲ့သည်။ ဝိုင်းကူခဲ့သည်။ ခဏနေတော့ မူရောက်လာပြီး

"မမဖွေးကတော့ အိမ်မှာ နားနေတယ် ကိုမင်းဇော်၊ သူက မူ့ကို မူ့ဆိုင်မှာ ညီမလေးညိုကို လွှဲထားခဲ့ပြီး ကိုမင်းဇော်ပျင်းနေမှာစိုးလို့ ကိုမင်းဇော်တို့ သက်သက်တို့နဲ့ ဝိုင်းကူရောင်းပေးလိုက်ပါဆိုလို့ မူ ဒီကိုလိုက်လာတာပါ"

ဟု ပြောသဖြင့် ယခုလို (၃) ယောက် ဆိုင်ထိုင်နေကြချိန်ဖြစ်သည်။

"ဟော့...မေးနေတယ်လေ၊ ဖွေး ဘယ်မှာလဲလို့"

ရှိန်းနိုင်က အထက်စီးမှပင် လေသံမာမာနှင့် မေးနေပြန်သည်။

မူက အိမ်ကို ဓာတ်ပြားစက် လက်ဆောင် ဇွတ်အတင်းလာပေးဖူးသော ရှိန်းနိုင်ကို ရုတ်တရက် မှတ်မိသွားပြီး စိတ်ထဲက ခပ်ချဉ်ချဉ်ရှိသည်ကြောင့်

'သူ ဒီမှာဆိုင်မထိုင်တော့ဘူး။ မနက်က လူရမ်းကားတစ်ယောက် လာနှောင့်ယှက်လို့ ဒီကို မလာတော့ဘူး"

ဟု ငယ်ရွယ်သူပီပီ ပြောချလိုက်တော့သည်။

ရှိန်းနိုင်တစ်ယောက် ထောင်းခနဲ ဒေါသထွက်သွားသည်။

"ဘာ...မင်းက ငါ့ကို လူရမ်းကား...ဟုတ်လား။ မင်း တော်တော်စော်ကား

http://www.cherrythitsar.org



လှချည်လား”

အခြေအနေက တင်းမာလာသဖြင့် ကိုမင်းဇော်က...

“ကိုရှိန်းနိုင်...ကျေးဇူးပြုပြီး ပြန်ပါဗျာ၊ မူ...ကိုယ့်အစ်ကိုအရွယ်ကို ဒီလို မပြောရဘူး။ မပြောကောင်းဘူး။ ကဲ...ကိုရှိန်းနိုင် ကျွန်တော် တောင်းပန်ပါတယ်ဗျာ။ ခင်ဗျားတွေ့ချင်တဲ့ ဖွေးလည်း နေမကောင်းလို့ မနက်က အိမ်မှာ ပြန်နားနေရပါတယ်။”

ဟု ပြေပြေပြစ်ပြစ် ဝင်၍ပြောမိသည်။

မုန်ယိုစပြုနေသော ရှိန်းနိုင်၏စိတ်က ကိုမင်းဇော်ဘက်သို့ အစွယ်လှည့်လာသည်။ မာန်စွယ်လှည့်လာသည်။

“မင်းက ဘယ်သူလဲ။ မင်း ဘာဝင်ပြောစရာအကြောင်းရှိလဲ”

“ခင်ဗျားကို ကျွန်တော် တောင်းပန်နေတာပါ ကိုရှိန်းနိုင်။ ဒါဟာ စားသောက်ဆိုင်တစ်ခုပါ။ ပတ်ဝန်းကျင်ဆိုတာ ရှိပါတယ်။ ဘာမှမဟုတ်လောက်တဲ့ ကိစ္စလေးနဲ့ သူများအမြင်မှာ ကြားမကောင်းမြင်မကောင်းတာတွေ မဖြစ်ရလေအောင် ကိုရှိန်းနိုင်ကို ကျွန်တော် တောင်းပန်နေတာပါ”

ကိုမင်းဇော်က ထပ်ဆင့်တောင်းပန်နေသည်။ ဘေးမှ တချို့စားသောက်ဆိုင်များက လှမ်းကြည့်ပြီး နားစွင့်နေကြသည်။ စိတ်ဝင်စားစွာ သတိထားကြည့်နေကြသည်။

“မင်းစကားပြောတာ မဟုတ်သေးဘူးကွ။ ကြားလို့မကောင်း မြင်လို့မကောင်းတာဖြစ်တော့ မင်းက ဘာလုပ်ချင်သေးလို့လဲ။ ပြောစမ်းပါဦး ဟေ့ကောင်”

“ကိုရှိန်းနိုင် ခင်ဗျား ပညာတတ်တစ်ယောက်ပါ။ စကားကို ယဉ်ယဉ်ကျေးကျေးပြောပါ”

“လူပါးဝလို့ကွာ...ကဲ”

ရှိန်းနိုင်၏ လက်တစ်ဖက်က ပြောပြောဆိုဆို စားပွဲပေါ်တွင်ရှိသော ကြက်သွန်လှီးသည့် သံမဏိဓားတစ်လက်ကို ဆုပ်ကိုင်လိုက်ရာမှ ဆတ်ခနဲ မြှောက်၍ ကိုမင်းဇော်ကို စိုက်ချလိုက်ရာ

“အောင်မယ်လေး ကယ်ကြပါဦး”

ဟု ကြောက်အားလန့်အားနှင့် အော်ဟစ်၍ ကိုမင်းဇော်ရှေ့မှ ဆီးကာလိုက်သော မူ၏ရင်အုံကို တန်းတန်းကြီး စူးဝင်သွားလေတော့သည်။

အားလုံး ကြက်သေ,သေသွားချိန်ဝယ် မူက ခွေလဲကျသွားသည်။

သီဟရတနာစာပေ

http://www.cherrythitsar.org



အဖြစ်အပျက်ကို မြင်နေရသဖြင့် ရှိန်းနိုင်ရှိရာသို့ ပြေးလာပြီး ဝိုင်းဝန်း ချုပ်နှောင်ထားလိုက်ကြသည်။

ကိုမင်းဇော်မှာ စိတ်ကို သတိဖြင့် ထိန်းချုပ်လိုက်ပြီး မူ့ကို ဆေးရုံပို့ဖို့သာလျှင် ဝိုင်းဝန်းလာကြသော လူတချို့တို့၏ အကူအညီဖြင့် စီစဉ်ရလေသည်။ ပတ်ဝန်းကျင်ဆိုင်များကလည်း ကူညီကြသည်။

* * *

ရှိန်းနိုင်တို့မိသားစုကား အကုသိုလ် ဆက်တိုက်ဝင်လာသောနေ့ဆိုးဟု ဆိုနိုင်ပေသည်။ ရှိန်းနိုင် ယခုလို ပြဿနာကြီးကြီးမားမားဖြစ်နေသည်ကို အိမ်မှမိသားစုက မသိကြသေးမီ ရိုးမသစ်တောကြိုးဝိုင်းမှ သစ်လုံးများ ခိုးထုတ်မှုဖြင့် ဦးအုန်းနိုင်၏ တပည့်တချို့ အဖမ်းခံထားရပြီဆိုသည့်သတင်းကို လက်ရင်းတပည့် ဦးခင်မောင်နှင့် အဖော်ဖြစ်သူ အောင်ထူးတို့က ဦးအုန်းနိုင်အား အူရားဖားရား လာရောက်သတင်းပို့ကြလေသည်။

"အလစ်ခံလိုက်ရတာပါ ဆရာရယ်"

ဦးခင်မောင်က စိတ်ပျက်လက်ပျက် ပြောပြနေသည်။

"ဆရာ…ဒီကောင်က အောင်ထူးလေ၊ ဟိုတစ်ခေါက် ဆရာ့ဆီ အလုပ်သမားခတွေ ကျွန်တော် လာထုတ်တုန်းက ဒီကောင့်လုပ်ရည်ကိုင်ရည် ဆရာ့ကို ကျွန်တော် ပြောသွားတာလေ"

ဦးအုန်းနိုင်ကတော့ အိမ်ဧည့်ခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေရင်း အတော်ပင် စိတ်ပျက်နေသည်။

"အဖမ်းခံရတဲ့အကောင်တွေက ဘာပြောကြသေးလဲ"

"သြော်…ဆရာ့ကို အဲဒါပြောရဦးမယ်။ အဲဒါ သိပ်အရေးကြီးတယ်ဆရာ"

"ပြောစမ်းပါဦး၊ ဘယ်လိုအရေးကြီးတာလဲ"

"ဒီကိစ္စနဲ့ပတ်သက်ပြီး ဆိုင်ရာက စစ်ဆေးတဲ့အခါ ဆရာ့နာမည်ကို ဖျောက်ပြောပေးဖို့ ဒီကောင်တွေက နှုတ်ပိတ်ခ တစ်ယောက်ကို ၂ သောင်းစီ တောင်းနေကြတယ်ဆရာ။ သူတို့အတွက် ရုံးပြင်ကန္တားစရိတ်က သပ်သပ်ပေးရမယ်လို့လည်း ပြောနေကြတယ်"

"ဒီကောင်တွေက တော်တော့်ကို လူပါးဝနေကြတယ်။ အေးပေါ့ကွာ။ ငါက ငါနဲ့မပတ်သက်သလို ငါ့နာမည်စာရင်းဖျောက်မှ ဖြစ်မှာဆိုတော့ ဒီကောင်တွေကို သူတို့လိုဘ ဖြည့်ရတော့မှာပေါ့"

သီဟရတနာစာပေ

သီဟရတနာစာပေ

http://www.cherrythitsar.org



"ပေးဆို အခုပေးလိုက်မှ အလုပ်တစ်ခု ပြတ်သွားမယ်ဆရာ၊ ဆရာ့ဆီကရရင် ဒီကောင်တွေကို ချုပ်ထားတဲ့ဆီ ကျွန်တော်ပြန်သွားတွေ့ပြီး သူတို့သားမယားတွေ လက်ထဲ ငွေသွားထည့်ရမှာလေ"

ဦးခင်မောင်က အခြေအနေကို ဦးအုန်းနိုင်သဘောပေါက်အောင် ပြောပြတော့ ဦးအုန်းနိုင်က အပေါ်ထပ် သူ့အိပ်ခန်းသို့ တက်သွားကာ လိုအပ်သည့်ငွေ ယူလာပြီး ဦးခင်မောင်လက်ထဲ ထည့်လိုက်သည်။

"ဒယ်ဒီရေ လုပ်ပါဦး။ ရှိန်းနိုင် ဓားနဲ့ထိုးလိုက်တာ ကောင်မလေးတစ်ယောက် သေတမ်းစစ်ချက်ယူထားရပြီတဲ့။ အခုပဲ ရဲစခန်းက တယ်လီဖုန်းလာတယ်"

ငိုကြီးချက်မဖြင့် သမီးငယ် မြဒါလီနိုင်က အပေါ်ထပ်မှ ပြေးဆင်းလာပြန်ပြီး ဦးအုန်းနိုင်ကိုပြောလိုက်ရာ ဧည့်ခန်းတစ်ခန်းလုံး အပ်ကျသံပင် မကြားရတော့ လောက်အောင် ခေတ္တမျှ ငြိမ်သက်သွားလေသည်။

"အဖေကြီး ကယ်ပါဦး။ ကျွန်မသားလေး ဒုက္ခတော့ရောက်ပါပြီရှင်"

ဒေါ်လွင်လွင်ဦးရော သမီးကြီးကြယ်စင်နိုင်ပါ ပြေးဝင်လာကြကာ ငိုသံတွေ ဆူညံသွားတော့မှ ဧည့်ခန်းအတွင်းရှိလူများမှာ သက်ဝင်လှုပ်ရှားလာကြသည်။

"နေ့လယ်က အရက်မူး မပြေ့တပြေနဲ့ ကားမောင်းပြီး အိမ်က ဒီကောင် ထွက်သွားကတည်းက စိတ်ထဲမှာ လေးလေးပင်ပင်ကြီး ဖြစ်နေတာ။ ရှိန်းနိုင်... ရှိန်းနိုင်...တော်တော်မိုက်တွင်းနက်ပါလား သားရာ"

ဦးအုန်းနိုင်မှာ ခေါင်းကို ဆင်အကောင်တစ်ထောင် တက်နင်းခံထားရသလို သောကတွေ လှိုင်းထခံစားနေရပေသည်။

"ကဲ...ခင်မောင် ငါ့မှာ ပြဿနာတွေကတော့ တက်နေပြီ။ လူခွဲပြီး ဒီ ပြဿနာတွေကို ရှင်းကြမှဖြစ်တော့မယ်။ မင်းက အခု ငါပေးတဲ့ ငွေကိုယူပြီး ဟိုခွေးမသားတွေကိစ္စ ပြန်ပြီး အဆင်ပြေအောင်လုပ်လိုက်။ ဒီကောင် အောင်ထူးကို ငါ့ဆီမှာထားရစ်ခဲ့။ အောင်ထူး၊ မင်း ငါ့အိမ်မှာနေပြီး ငါ့သားအမှုကိစ္စ ဝိုင်း ကူညီဆောင်ရွက်ပေးရမယ် ကြားလား"

"ဟုတ်ကဲ့ ဆရာ"

အောင်ထူးက သံပြတ်ဖြင့်ပြောလိုက်သည်။ ကိုယ်ဟန်ထွားထွား အသား ညိုစိမ့်စိမ့် အရပ်တော်တော်မြင့်သည့် အောင်ထူး၏ ဥပဓိကိုကြည့်ရင်း ဦးအုန်းနိုင် စိတ်ထဲတွင် ဒီကောင့်ကို ခိုင်းရတာ အတော်လေး ခရီးပေါက်ပေါက်ရောက်ရောက် ရှိနိုင်သည့် ရုပ်လက္ခဏာမျိုးဟု ယူဆမိသည်။

"ကဲ...ခင်မောင်၊ မင်းသွားတော့ကွာ။ အောင်ထူးနဲ့ငါနဲ့က ရဲစခန်းသွားကြ

http://www.cherrythitsar.org



ရအောင်”

သူတို့ လူစုခွဲလိုက်ကြသည်။

“အောင်ထူး...မင်းဇာတိက ဘယ်ကလဲ”

“ဝဲဂလိဘက်ကပါ ဆရာ”

ကားမောင်းရင်း ဦးအုန်းနိုင်က အောင်ထူးကို မေးစမ်းနေသည်။

“ငါ့သစ်တောကြိုးဝိုင်းမှာ ဝင်မလုပ်ခင်က တခြား ဘာအလုပ်တွေ လုပ်ဖူးလဲ”

“ကျွန်တော် ခရစ်ယာန်စာဖြူကျောင်းမှာ ၇ တန်းအထိ ကျောင်းနေဖူးတယ် ဆရာ၊ အင်္ဂလိပ်တွေကို ဂျပန်က ထိုးစစ်ဆင်တော့ အင်္ဂလိပ်တပ်တွေ ဆုတ်ခွာအပြေးမှာ ရိုက္ခာဂိုဒေါင်တွေ ဝင်ဖောက်ပြီး ကျွန်တော့်သူငယ်ချင်းတွေနဲ့ တောထဲမှာဝှက်ထားပြီး ဂျပန်ဝင်လာတော့ လူတွေ အစားအသောက်ကျပ်တည်းနေကြ တုန်းမှောင်ခိုဈေးနဲ့ရောင်းတာ ကျွန်တော် စုမိဆောင်းမိဖြစ်လာတာနဲ့ နဝလီ သစ်ခွဲစက်ကလေး ထောင်လိုက်တယ်။ အခုတစ်ခါ ဂျပန်တွေစစ်ရှုံးလို့ အင်္ဂလိပ်ပြန်အဝင်မှာ စပ်ကူးမတ်ကူးဆိုတော့ စစ်ပြေးဒုက္ခသည်အိမ်တွေက ပရိဘောဂ တချို့ကို လူမရှိရင် တက်ယူပြီး ဂိုဒေါင်ကြီးတစ်လုံးနဲ့ သိမ်းထားတယ်။ စစ်ကြီးပြီး လို့ မြို့ကိုပြန်ဝင်လာကြတဲ့ စစ်ပြေးဒုက္ခသည်တွေအတွက် ထမင်းစား,စားပွဲက အစ တစ်ခုချင်း ထုတ်ရောင်းတော့လည်း အဆင်ပြေနေပါတယ်။ ဦးခင်မောင်က ကျွန်တော့်သစ်ခွဲစက်ကလေးမှာ လာလာပြီး သစ်ရိုင်းတွေခွဲရင်း ခင်သွားတော့ အချိုကြီးရအောင် ဆရာ့ရိုးမဝိုင်းမှာ မျက်နှာလွှဲပွဲစားဝင်လုပ်မလားလို့ စကားကမ်းလှမ်းလာတော့ ဆရာ့ကို မမြင်ဖူးသေးပေမယ့် ဆရာ့သတင်းကြားဖူးထားတော့ ရှော့ပတ္တမြား ရှော့နဂါးသမားမှန်းသိပြီး ဦးခင်မောင်နဲ့ တွဲအလုပ်လုပ်နေကြတာပါ ဆရာ”

“ခေတ်ပျက်ပြီးခါစ အခုလို စကောစက သောင်မတင်မကျမှာ လုပ်ရကိုင်ရတာတောင် ငါ့ဆီကကောင်တွေက အဖမ်းခံရသေးတယ်တဲ့ကွာ။ တော်တော်အသုံးမကျတဲ့ကောင်တွေ”

“နောက်ပိုင်းဆို လုပ်ရကိုင်ရ ပိုကျပ်လာလိမ့်မယ်ဆရာ”

“ဘာဖြစ်လို့လဲကွ”

“ခေတ်က ပြောင်းနေပြီလေဆရာ”

“ဘယ်လိုခေတ်ပြောင်းတာလဲကွ”

“လွတ်လပ်ရေးရတော့မယ်၊ လွတ်လပ်ရေးရခါနီး အခုလိုအချိန်မှာတောင် အစိုးရရဲ့ အုပ်ချုပ်ရေးယန္တရားက ပိုပြီး အကွက်စေ့နေတယ်မဟုတ်လား။ စစ်

http://www.cherrythitsar.org



ဘက်၊ နယ်ဘက်နဲ့ တရားစီရင်ရေးအာဏာဘက်မှာ မြန်မာအရာရှိတွေက ပူးတွဲတာဝန်ယူလာရပြီလေ။ ၁၉၄၅ ခုနှစ် စက်တင်ဘာလ (၇)ရက်နေ့မှာ သီဟိုကျွန်း ကန္ဒီမြို့မှာ မြန်မာပြည်က စစ်သေနာပတိချုပ်နဲ့ အာရှအရှေ့တောင်ပိုင်း မဟာမိတ်စစ်သေနာပတိချုပ်တို့ဟာ နှစ်ဦးသဘောတူ ဆုံးဖြတ်ချက်တွေနဲ့ စာချုပ်,ချုပ်ဆိုလိုက်တယ်ဆိုတာ သတင်းစာတွေထဲမှာ ဆရာဖတ်ရမှာပေါ့"

"မင်းပြောမှပဲ ငါတို့တစ်တွေ နောက်ပိုင်း မဟုတ်တာလုပ်စားဖို့တောင် ခပ်ခက်ခက်ဖြစ်နေပြီ။ ဒီကြားထဲမှာ သားသမီးတွေကလည်း တော်တော်ခက်ပါတယ်ကွာ။ မိဘရှာပေးတာ အေးအေးစားပြီး ပျော်ပျော်မနေတတ်ကြဘူး။ ပြဿနာကို ကား ရှေ့မီး ၂ လုံးဖွင့်ပြီး ရှာတယ်ဆိုတာ ငါ့သားလိုကောင်စားမျိုးတွေပေါ့ကွာ"

ဦးအုန်းနိုင်က စကားစဖြတ်ရင်း ကားကို ပုလိပ်ဂါတ်တဲ(ရဲစခန်း)ရှေ့တွင် ထိုးရပ်ပြီး ဆင်းလာခဲ့သည်။

"ဒက်ဒီ"

အချုပ်ခန်းထဲမှ ရှိန်းနိုင်၏အသံက ဦးအုန်းနိုင်၏အသည်းနှလုံးကို ဆို့နင့်နာကျင်စေသည်။

"အာမခံ မရနိုင်ဘူးလားခင်ဗျာ၊ ကျွန်တော်တို့ ကျေးဇူးမမေ့ပါဘူး"

ဦးအုန်းနိုင်က ရဲအုပ်ဦးသန်းထွန်းကို မေးလိုက်သည်။ သွေးတိုးစမ်းလိုက်သည်။

"အာမခံပေးလို့မရတဲ့အမှုကြီးဖြစ်သွားပြီ ဦးအုန်းနိုင်"

"ဘယ်လိုကြောင့်ပါလိမ့်ခင်ဗျာ"

"ဓားထိုးခံလိုက်ရတဲ့ ကလေးမလေးကို ရန်ကုန်ဆေးရုံကြီးပို့ပြီး သေတမ်းစစ်ချက်ယူနေတုန်းမှာပဲ သေဆုံးသွားရှာပါတယ်"

"ဗျာ..."

ဦးအုန်းနိုင်မှာ အရုပ်ကြိုးပြတ် ငိုင်ကျသွားလေသည်။

"အာမခံမရဘူးဆိုရင်လည်း ဆရာရယ် ကောင်လေးကို ဒီအချုပ်မှာပဲ ချုပ်ထားပေးပါ။ မိသားစုနဲ့လည်း တွေ့ရတာ လွယ်အောင်လို့ပါ။ ပြီးတော့ အဝတ်အထည်နဲ့ စားစရာသောက်စရာလေးတွေအစ ပေးရလွယ်အောင်လို့ပါ။ စောစောက ကျွန်တော့်ဆရာပြောသွားသလိုပါပဲဆရာရယ်၊ ဆရာတို့ စခန်းတစ်ခုလုံးအတွက် ကျွန်တော်တို့ဘက်က ကျေးဇူးမလစ်ဟင်းစေရပါဘူး"

အောင်ထူးက တောင်းပန်ခ,ယရင်း ရေလာမြောင်းပေး စကားဆိုလိုက်သည်။

ရဲအုပ် ဦးသန်းထွန်းက ပျာပျာသလဲဖြင့်

http://www.cherrythitsar.org



"ဝမ်းနည်းပါတယ်ခင်ဗျာ၊ အမှုက လူသတ်မှုဖြစ်နေတော့ ဒီမှာ ကြာကြာ ချုပ်ထားလို့ မရပါဘူး။ ထောင်ကြီးချုပ် အချုပ်ကို ပို့ရမှာပါ။ ဟိုကမှတစ်ဆင့် ရုံးထုတ်ပြီး အမှုကို ရင်ဆိုင်ရမှာပါ"

ဟု ရှင်းပြသည်။

"ဘယ်တော့လောက် တရားရုံးတင်မလဲခင်ဗျာ"

အောင်ထူးက မေးသည်။

"ရှေ့အပတ်ထဲလောက် ဖြစ်ပါလိမ့်မယ်"

ဦးအုန်းနိုင်သည် အောင်ထူးအား စားစရာသောက်စရာများ ဝယ်ခြမ်းခိုင်းပြီး ရဲအုပ်ဦးသန်းထွန်းရှေ့တွင် စစ်ဆေးခံကာ ခွင့်ပြုချက်ရယူပြီး သားဖြစ်သူ စားသောက်ရန် ပေးခဲ့သည်။

"သား...ရှိန်းနိုင်...ဖြစ်လာမှတော့ ရင်ဆိုင်ကြရတော့မှာပေါ့ သားရယ်။ ဒယ်ဒီတို့ ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ သားရဲ့လွတ်မြောက်ရာ လွတ်မြောက်ကြောင်း အတွက် အစွမ်းကုန် ကြိုးစားပေးမယ်နော်သား။ သား အခု ဘာအခက်အခဲရှိလဲ"

ဦးအုန်းနိုင်က အားပေးစကားပြောလိုက်သည်။ အချုပ်ခန်းထဲ ရောက်သွား သော ရှိန်းနိုင်မှာ အံ့သြစရာကောင်းလောက်အောင် ကိုယ်ရောစိတ်ပါ နုံချာ နွမ်းလျသွားပြီး သံတိုင်ကြားမှတစ်ဆင့် ဖခင်ဖြစ်သူအား လေသံတိုးတိုးဖြင့်–

"ဒီအချုပ်ခန်းထဲမှာ အနေကြာတဲ့လူမိုက်တစ်ယောက်ရှိတယ် ဒယ်ဒီ၊ သူ့ကို အချုပ်သားအချင်းချင်း အုပ်ချုပ်ရတဲ့ တန်းစီးလို့ အချုပ်သားတွေက ခေါ်ကြတယ်။ သူက သားဒီထဲဝင်လာလာချင်း ဘာပြောလဲဆိုတော့ အိမ်ကလူကြီးတွေ လိုက်လာ တာနဲ့ ပိုက်ဆံတစ်ရာတောင်း၊ ပြီးရင် သူ့ကို ပေးရမယ်တဲ့။ မပေးရင် သားကို အိမ်သာဆေးခိုင်းမယ်တဲ့"

ဟု ငိုမဲ့မဲ့ပြောရှာသည်။ အောင်ထူးက ဦးအုန်းနိုင်အား

"သူတောင်းတာ ပေးလိုက်ပါဆရာ၊ မပေးရင် ဆရာ့သား ကောင်းကောင်း တောင် ညအိပ်ရမှာမဟုတ်ဘူး။ အမျိုးမျိုး ပညာပြ ဒုက္ခပေးနေကြလိမ့်မယ်၊ သူ့အလွှာနဲ့ သူ့ကမ္ဘာပေါ့ ဆရာရယ်"

ဟု ကပ်ပြောလိုက်တော့ ရှိန်းနိုင်လက်ထဲသို့ ရာတန်တစ်ချပ် ရောက်သွား သည်။

"အချုပ်ခန်းကြမ်းခင်းမှာ ကြမ်းပိုးတွေကလည်း ရွစိရွစိနဲ့၊ အခုလို ထိုင်နေရင်း တောင်မှ လူပေါ်ကို တွယ်တက်လာကြတယ် ဒယ်ဒီ"

ရှိန်းနိုင်က စိတ်ပျက်လက်ပျက် ပြောနေဆဲတွင် ရဲသားတစ်ဦး ရောက်လာပြီး

http://www.cherrythitsar.org



"သူ့ခန္ဓာကိုယ်ပေါ်က ဆွဲကြိုး၊ နာရီ၊ လက်စွပ်၊ ပိုက်ဆံနဲ့ တခြား အဖိုးတန်ပစ္စည်းတွေရှိရင် ပြန်ယူသွားပါ။ ဖောင်တိန်လည်း အချုပ်ခန်းထဲမှာ ကိုင်ခွင့် ဆောင်ခွင့်မရှိဘူး။ ဟော့ကောင်...အဲဒါတွေရှိရင် မင်းအဖေကို ပြန်ပေးလိုက်"

ဟု ပြောသဖြင့် ရှိန်းနိုင်မှာ သူ့ရှိတာလေးတွေ ချွတ်ကာ ဖခင်ကြီးလက်ထဲ ထည့်လိုက်ရသည်။

"မာမီနဲ့ ညီမလေးတွေကိုတော့ မလာခိုင်းပါနဲ့ဒယ်ဒီ။ သူတို့လာဖို့ သင့်တော်တဲ့နေရာ မဟုတ်ပါဘူး။ တရားရုံးမှာ ရုံးထုတ်တော့မှပဲ တွေ့ချင်ရင် လာတွေ့ဖို့ ပြောပြပါ"

ရှိန်းနိုင်ကား နီးတကျက်ကျက် ဝေးတသက်သက်ဆိုသလို ညီမတွေကိုပါ သတိရသဖြင့် မျက်ရည်ဝဲနေရှာသည်။

"ကဲ...ဒယ်ဒီတို့ စီစဉ်စရာရှိတာ သွားစီစဉ်လိုက်ဦးမယ်သား"

ဦးအုန်းနိုင်က သားကိုနှုတ်ဆက်၍ ထွက်လာခဲ့သည်။

* * *

ရန်ကုန်ပန်းဆိုးတန်း ကျန်းမာရေးဆိပ်ကမ်းသို့ ရခိုင်ပြည်နယ်၊ စစ်တွေမြို့မှ ဝင်လာမည့် သင်္ဘောကြီးကို ကြိုဆိုစောင့်ဆိုင်းနေသူများကြားတွင် ဦးအောင်ကြီးနှင့် ကိုမင်းဇော်တို့ တွေ့မြင်ရသည်။ မေမေနှင့် ဖေဖေတို့ ပြန်လာကြပြီဆိုသည့် ခံစားမှုက ကိုမင်းဇော်ရင်ထဲတွင် ပြည့်သိပ်လျှံကျနေသည်။

ဦးအောင်ကြီး၏ စိတ်ထဲတွင်မူ မိတ်ကောင်းဆွေကောင်းများ တိုးပွားရပြန်ပြီဟု ကျေနပ်နေမိသည်။

EASTERN STAR အမည်ရှိ သင်္ဘောကြီးသည် ဥသြသံပေးရင်း ဖြည်းညင်းစွာ ဆိပ်ကမ်းသို့ ဝင်ရောက်လာသည်။

ကျန်းမာရေးဆိပ်ကမ်းတံတားသို့ကြိုးချည်ဆိုက်ကပ်ပြီးနောက် အကောက်ခွန် အရာရှိများ လူဝင်မှုကြီးကြပ်ရေးတာဝန်ရှိသူများ တက်သွားကြသည်။ ခဏမျှကြာ သောအခါ သင်္ဘောပေါ်မှ ခရီးသည်များ စုဘူးတစ်ဘူးဖောက်ချလိုက်သလို ပျို့အန်ဆင်းချလာကြလေသည်။

"ဖေဖေ"

"မေမေ"

ကိုမင်းဇော်က ပြေးကြိုလိုက်သည်။

"သားရယ်"

http://www.cherrythitsar.org



ဒေါ်ခင်ခင်မြက မတွေ့ရသည်မှာ ကာလရှည်ကြာခဲ့ပြီဖြစ်သည့် ရင်၌ဖြစ်သောသားကို အားပါးတရ နှုတ်ဆက်ရင်း ဝမ်းသာဝမ်းနည်းဖြစ်ကာ ငိုချလိုက်ပါသည်။

ကိုမင်းဇော်က မိဘနှစ်ပါးအား ဦးအောင်ကြီးနှင့် မိတ်ဆက်ပေးလိုက်သည်။

"ဟုတ်ကဲ့၊ သားလေးဆီက ပထမဦးဆုံး စာတစ်စောင်ရပါတယ်။ နောက်မကြာခင်မှာပဲ ကြေကွဲဝမ်းနည်းဖို့ကောင်းတဲ့ ကြေးနန်းတစ်စောင် ရောက်လာပါတယ်။ ဒါကြောင့် ဆင်းမလားကနေ စစ်တကောင်း၊ စစ်တကောင်းက စစ်တွေ၊ စစ်တွေကတစ်ဆင့် ဒီကို အားချင်း ပြန်လာခဲ့ကြတာပါ။ ဦးအောင်ကြီးရဲ့သမီးလေးမှု ဖိတ်စင်သွားရတာ သားသမီးချင်း ကိုယ်ချင်းစာနာမိပါတယ်။ ဒီအမှုကိစ္စမှာ ဦးအောင်ကြီးတို့မိသားစုဘက်က အခမဲ့ ရှေ့နေလိုက်ပေးဖို့ တရားရုံးမှာ ရင်ဆိုင်ဖို့ ဆုံးဖြတ်ချက်ချပြီး ကျွန်တော်တို့ အားချင်း ပြန်လာခဲ့ကြတာပါ"

ဦးလှိုင်ကျော်က မချိတင်ကဲ ဝမ်းနည်းလှစွာဖြင့် ပြောပြနေသည်။

"ခုလိုကြားရတာ ကျေးဇူးတင်မိပါတယ်ခင်ဗျာ၊ ကဲ...တက္ကစီနဲ့ပဲ သွားလိုက်ကြရအောင်"

ဦးအောင်ကြီးက အငှားကားတစ်စီးဖြင့် ဦးလှိုင်ကျော်တို့ကို ရေကျော်သို့ ခေါ်ဆောင်သွားသည်။

"ဒုတိယကမ္ဘာစစ်ကြီးဟာ လူတွေကို သံသရာတရားပြလိုက်တာပဲ။ ကျွန်တော်တို့ဆိုရင် ပန်းဆိုးတန်းမှာ နေခဲ့ဖူးတယ်ဆိုပေမယ့် အခုချိန်မှာ အိပ်မက်တစ်ခုလို ဖြစ်သွားပြီ။ တိုက်ကြီးတစ်တိုက်လုံး ဗုံးထဲပါသွားပြီကိုး။ ဩော်...သားကို ပြောရဦးမယ်။ ဒီကအမှုကိစ္စတွေ ပြီးပြတ်မှ မန္တလေးမှာ ဆောက်ထားတဲ့အိမ်ကို ဖေဖေတို့သားအမိသားအဖသုံးယောက် သွားကြည့်ကြရအောင်"

ကားပေါ်မှာ ဦးလှိုင်ကျော်က ပြောသည်။

"ဟုတ်ကဲ့ပါဖေဖေ၊ သားလည်း ပင်လယ်ထဲကမီးပြတိုက်ကနေ ရန်ကုန်ပြန်ရောက်ရောက်ချင်း ဖေဖေတို့သတင်းကို ရန်ကုန်မှာပဲ လှည့်ပတ်စုံစမ်းနေတော့ မန္တလေးက ဒေါ်လေးမြတို့ကို အာရုံမရောက်ဘူး ဖြစ်နေတယ်။ စောစောကတည်း က သား ဒေါ်လေးမြတို့ကို သတိရပြီး ဆက်သွယ်စုံစမ်းလိုက်ရင် ဖေဖေတို့သတင်း ကို သား အစောကြီးသိရပြီး ဆက်သွယ်နိုင်မှာပါ။ ခုတော့ ဒေါက်တာဦးသက်ညွန့် တို့နဲ့ ညောင်ပင်လေးဈေးမှာ တွေ့တော့မှပဲ ဖေဖေတို့လိပ်စာကို အတိအကျ သိခဲ့ရတာ အများကြီးနောက်ကျသွားပါတယ်"

ကိုမင်းဇော်ကလည်း ပြောပြလိုက်မိသည်။

http://www.cherrythitsar.org



"ဒီလိုပဲပေါ့ မောင်မင်းဇော်ရယ်၊ စစ်ကြီးကြောင့် လူတွေက အာရုံတွေ ထွေပြားနေကြတာကိုး"

ဦးအောင်ကြီးကပါ ဝင်ပြောလိုက်သည်။ ကားကလေးက ရေကျော်လမ်းမကြီးရှိ ဦးအောင်ကြီးတို့အိမ်ရှေ့တွင် ထိုးဆိုက်လိုက်သည်။ အငှားကားမောင်းသူ ဟိန္ဒူစတန်နီလူငယ်က သဘောသကာယကောင်းမွန်စွာဖြင့် ပစ္စည်းပစ္စယများပင် ကူညီသယ်ချပေးနေသည်။

"ကဲ…ကိုယ့်မိသားစု ကိုယ့်မိတ်ဆွေအရင်းအချာလို သဘောထားပြီး တရင်းတနှီးသာ နေပါထိုင်ပါ ဦးလှိုင်ကျော်"

ဦးအောင်ကြီးက ပဋိသန္ထာရစကားပြောသည်။ ဦးအောင်ကြီးတို့မိသားစုမှာ မူနာရေးကိစ္စနှင့် ဆက်နွယ်ခဲ့ရသဖြင့် ကိုယ်စိတ်နှစ်ဖြာ ညှိုးနွမ်းနေကြပါသော် လည်း ဦးလှိုင်ကျော်တို့အပေါ်တွင် လိုလေသေးမရှိရလေအောင် ဧည့်ဝတ်ကျေပွန်ကြရှာပါပေသည်။

"ကျွန်တော်လည်း စစ်ပြေးဘဝနဲ့ အိန္ဒိယမှာနေတော့ စာချုပ်စာတမ်းများဆိုင်ရာရုံးမှာ အလုပ်တစ်ခုရခဲ့ပါတယ်။ ရတဲ့ဝင်ငွေလေးထဲက နေစရိတ် စားစရိတ်ဖယ်ပြီး ကျန်တာကို စုဆောင်းခဲ့ရတယ်။ စုဆောင်းတဲ့ငွေကို (၂)ပုံ,ပုံလိုက်တယ်၊ (၁)ပုံက မန္တလေးက ကျွန်တော့်ညီမဆောက်ပေးထားတဲ့ အိမ်အတွက် ကုန်ကျစရိတ်ပြန်ဆပ်ဖို့၊ ကျန်တဲ့(၁)ပုံကိုတော့ မြန်မာပြည်ကို ပြန်ရောက်တဲ့အခါ ဝံသာနုရက္ခိတကိစ္စတွေအတွက် လှူဒါန်းဖို့ပါပဲ။ ဟိုမှာနေတော့ မြန်မာ့လွတ်လပ်ရေးခေါင်းဆောင်ကြီးတွေရဲ့ လွတ်လပ်ရေးကြိုးပမ်းမှုသတင်းကို ရေဒီယိုအသံလွှင့်ဌာနတွေကတစ်ဆင့် ကျွန်တော်တို့ ကြားနေရတာ အားရကျေနပ်စရာပါ။ လူသတင်း လူချင်းဆောင်တဲ့စကားတွေကအစ ကြားခဲ့ရတာ ဝမ်းမြောက်စရာတွေပါပဲ"

ညစာစားပြီးချိန်တွင် စကားဝိုင်းဖွဲ့ကြရာ၌ ဦးလှိုင်ကျော်က ပြောပြနေသည်။

"ဘယ်လိုသတင်းကောင်းတွေများ ကြားရပါလဲခင်ဗျာ"

ဦးအောင်ကြီးက မေးသည်။

"၁၉၄၁ ခု ဒီဇင်ဘာလ (၂၇)ရက်မှာ ဘန်ကောက်မြို့က မျိုးချစ်ပုဂ္ဂိုလ်ကြီး ဦးလွန်းဖေရဲ့ နေအိမ်မှာ ရဲဘော်သုံးကျိပ်တို့ ဗမာ့လွတ်လပ်ရေးတပ်မတော် စတင်ဖွဲ့စည်းပြီး လက်မောင်းသွေးဖောက် သစ္စာဆိုကြတာ သိလိုက်ရတယ်။ ၁၉၄၃ ခုနှစ် အောက်တိုဘာလ (၂)ရက်မှာ မြန်မာ့လွတ်လပ်ရေးအာဇာနည် ဦးဝိစာရကြေးရုပ်နဲ့ ကျောက်တိုင်ဖွင့်ပွဲကျင်းပကြတာ ကျွန်တော်တို့ သိရတယ်။

http://www.cherrythitsar.org



၁၉၄၄ ခု ဩဂုတ်လ (၄)ရက်မှာ ဖက်ဆစ်ဂျပန်တွေကို ဆန့်ကျင်ဖို့ ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ကြီး လျှို့ဝှက်စွာ ဖွဲ့စည်းခဲ့ကြတယ်လို့ သိရတယ်။ အဲဒီလ (၂၃)ရက်မှာပဲ ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်ကို ပြန်လည်ဖွဲ့စည်းခဲ့ကြတယ်ဆိုတာ သိရပြန်တယ်။

၁၉၄၅ မတ်လ (၂၇)ရက်မှာတော့ မြန်မာပြည်သူလူထုတစ်ရပ်လုံးဟာ ဖက်ဆစ်ဂျပန်တွေကို စတင်တော်လှန်ခဲ့ကြပြီဆိုတဲ့သတင်း ကြက်သီးတဖျန်းဖျန်းထစရာ ကျွန်တော်တို့ ကြားလိုက်ကြရပြန်တယ်။

မေလ (၁၆)ရက်မှာ မဟာမိတ်တပ်မတော်က ဗိုလ်ချုပ်စလင်းနဲ့မြန်မာ့လွတ်လပ်ရေးခေါင်းဆောင်ကြီးတွေ တွေ့ဆုံဆွေးနွေးခဲ့ပြီး ဇွန်လ (၂၀)ရက်မှာ တော့ အင်္ဂလိပ်စစ်သင်္ဘော ကမ်းဘာလင်ပေါ်မှာ ဘုရင်ခံ ဆာဒေါ်မန်စမစ်နဲ့ အတူ တွေ့ဆုံဆွေးနွေးကြတယ်ဆိုတာ သိရပြန်ပါတယ်”

ဦးလှိုင်ကျော်က သူ့လက်ထဲမှ ဒိုင်ယာရီစာအုပ်လေးကို လှန်ကာလှန်ကာနှင့် ပြန်ပြောပြနေသည်။

“မြန်မာပြည် လွတ်လပ်ရေးရရင်တော့ အိန္ဒိယမှာ ကျွန်တော် အလုပ်ဝင်လုပ်ရင်း စုဆောင်းထားတဲ့ငွေတွေထဲက (၁)ပုံကို တိုင်းပြည်ပြန်လည်ထူထောင်ရေး အတွက် ဆေးရုံ၊ လူအိုရုံ၊ ဇီဝိတဒါန သံဃဆေးရုံ၊ စိတ်ရောဂါကုဆေးရုံနဲ့ စာသင်ကျောင်းတွေကို လှူဒါန်းသွားဖို့ အစီအစဉ်ရှိပါတယ်။ ငွေအရေအတွက် မများလှပေမယ့်လည်း ကျွန်တော်တတ်နိုင်သမျှ စေတနာပေါ့”

“ဦးလှိုင်ကျော်ရဲ့ စေတနာက မွန်မြတ်ပါတယ်။ ကျွန်တော်တို့တိုင်းပြည်ဟာ ဒုတိယကမ္ဘာစစ်ရဲ့ စစ်မက်ရေးရာ အနိဋ္ဌာရုံတွေကြောင့် လူထုကြီး ဆင်းရဲကျပ်တည်း နွမ်းပါးခဲ့ရသလို ပညာရေးနဲ့ ကျန်းမာရေးမှာ အမှောင်ကျခဲ့ကြရတယ်”

ဦးအောင်ကြီးက ပြောပြနေရင်းမှ

“စက်တင်ဘာလ (၄)ရက်နေ့တုန်းက မြန်မာ့လွတ်လပ်ရေးခေါင်းဆောင်တွေ သီဟိုဠ်ကျွန်း၊ ကန္ဒီမြို့ကို ရောက်သွားပြီး အရှေ့တောင်အာရှ စစ်သေနာပတိ လော့ဒ်မောင့်ဘက်တန်နဲ့ ဗမာ့တပ်မတော် ဆက်လက်တည်တံ့ဖို့ ဆွေးနွေးကြတော့ ဦးလှိုင်ကျော်တို့ ရေဒီယိုသတင်းတွေ ကြားရမှာပေါ့”

ဟု မေးလိုက်သည်။

“ဟုတ်ကဲ့ ကြားရပါတယ်။ ကျွန်တော်ကတော့ ရေဒီယိုသတင်းရယ် သတင်းစာရယ်ကို အရမ်းအားကိုးတယ်။ တိုတောင်းတဲ့အချိန်၊ နည်းပါးတဲ့စာမျက်နှာမှာ အရေးပါတာတွေကို သိရကြားရ ဖတ်ရတာကိုး”

http://www.cherrythitsar.org



ဦးလှိုင်ကျော်က ပြောလိုက်သည်။ ဦးအောင်ကြီး၏ သမီးကြီးဖွေးက လူကြီးများသောက်ဖို့ ကော်ဖီခွက်များ လာချပေးသည်။

"ဒါက သမီးကြီး ဖွေးလေ၊ ဆုံးသွားတဲ့ မူက အလတ်မပေါ့"

ဒေါ်ပိုက်မိက ပြောရင်း မျက်ရည်တွေကျလာသည်။

"သမီးလေးမူရဲ့ နာရေးကိစ္စကြီး ရုတ်တရက်ဖြစ်လိုက်တော့ ဦးအောင်ကြီး စင်ကာပူကို လုပ်ငန်းကိစ္စသွားဖို့ ရက်ရွှေ့လိုက်ရတယ်။ တစ်အိမ်လုံး စိတ်ဒုက္ခရောက်ပြီး ဆိုင်ထွက်ဖို့တောင် ဘယ်သူမှ စိတ်ပါလက်ပါ မရှိကြတော့ဘူး။ မောင်မင်းဇော်ကတောင်မှ သူ့စာမေးပွဲကိစ္စ နောက်တစ်ကြိမ်မှဝင်ဖြေမယ် လုပ်နေလို့ စာမေးပွဲဖြေဖို့ရက်က ဖွတ်အတင်း သွားဖြေခိုင်းလိုက်ရတယ်"

ဒေါ်ပိုက်မိက ပြောပြနေသည်။ ဒေါ်ခင်ခင်မြက–

"ကျွန်မတို့လည်း သားဆီက ကြေးနန်းစာရောက်လာရော၊ တစ်ခါမှ မတွေ့ဖူး မမြင်ဖူးတဲ့ မိသားစုဆိုပေမယ့် ကိုယ်ချင်းစာစိတ်နဲ့ ထိတ်ထိတ်ပျာပျာ ဖြစ်သွားကြတယ်"

ဟု ပြောနေသည်။

"စာမေးပွဲရော ဖြေနိုင်ရဲ့လား၊ အောင်စာရင်းက ဘယ်တော့ ထုတ်ပြန်ကြေငြာမယ်တဲ့လဲ"

ဦးလှိုင်ကျော်က သားဖြစ်သူကို မေးလိုက်သည်။

"ဖြေနိုင်ပါတယ်ဖေဖေ၊ လူတွေ့စစ်ဆေးတော့လည်း ပင်လယ်အတွေ့အကြုံ တော်တော်လေး ပြောနိုင်ဆိုနိုင်ခဲ့ပါတယ်"

"ဒါပေါ့၊ သားက စစ်အတွင်းမှာ တော်တော်လေး တာဝန်ကျေပြီး အောက်သက်ကျေခဲ့တာကိုး။ ပင်လယ်ထဲမှာ ဘယ်လောက်လောက် ကြုံကြိခံခဲ့ရလဲ"

"တစ်နှစ်ကျော်'၂'နှစ်နီးပါးဆိုပါတော့ ဖေဖေ၊ ရိက္ခာပို့သင်္ဘောတွေက 'လ' ပတ်မှန်အောင် အဝင်အထွက်မရှိတော့တဲ့အခါကျတော့ အဒါးဘိုင်ရယ် ရာဂျူးရယ်၊ ဘာဘူလေးရယ်၊ သားရယ်တိုင်ပါင်ပြီး ဆန်ကို အဓိကထား ချွေတာခဲ့ကြရတယ်။ တစ်ခါကဆိုရင် ဆန်ပြုတ်တင်မကဘူး၊ ဆန်ကွဲတောင် အရည်ကျိုသောက်ခဲ့ကြရတယ်"

"စစ်အတွင်းမှာ ပင်လယ်ကြီးထဲ သင်္ဘောအသွားအလာ ရှိကောရှိရဲ့လား"

"တော်တော်လေး နည်းပါးပါတယ်။ ဗြိတိသျှစစ်သင်္ဘောတွေလောက်ပဲ ရှိးတိုးရိပ်တိတ် ဖြတ်သွားဖြတ်လာ ရှိကြတယ်။ တစ်ခါမှာတော့ **H.M.S UNITY** ဆိုတဲ့ သင်္ဘောကြီး ဖြတ်သွားဖြတ်လာ ခဏကျောက်လာချရပ်နားရင်း သားတို့

http://www.cherrythitsar.org



မီးပြတိုက်အတွက် စားစရာသောက်စရာ ရိက္ခာဆေးဝါးနဲ့ အဝတ်အထည်နည်းနည်း ဝေငှပေးသွားတာ တော်တော်လေး ကျေးဇူးကြီးမားခဲ့ပါတယ်”

“ဒါဆို သားတို့ကို စစ်ကြီးပြီးပြီးချင်း မြိတ်သျှရေကြောင်းဌာနက လာပြန်ခေါ်တာပေါ့ ဟုတ်လား”

“ဟုတ်ကဲ့၊ သူတို့က မီးပြတိုက်တွေကို အခြေအနေလိုက်စစ်ဆေးရင်း ရသလောက် အလုပ်သမားအရေအတွက်နဲ့ အလဲအလှယ်လုပ်ပေးလို့ သားတို့ ရန်ကုန်ကို ပြန်ရောက်ကြတာပေါ့။ သားတို့ကို ဆုကြေးငွေသဘောမျိုး ‘၁’နှစ်စာ လစာငွေကို အပိုထုတ်ပေးပြီး ဆက်လုပ်မလား၊ မလုပ်တော့ဘူးလားလို့မေးတော့ သားတို့(၄)ယောက်က မိဘသားချင်း၊ သားမယားတွေနဲ့ အဆက်ပြတ်နေတာ ကြာပြီမို့ ပြန်နားပါရစေဆိုပြီး ပြောခဲ့ရတယ်”

“သားနဲ့ လုပ်ဖော်ကိုင်ဖက်(၃)ယောက်ကော ဘာတွေလုပ်နေကြလဲ”

“အဒါးဘိုင်နဲ့ ရာဂျူးကိုတော့ မတွေ့တာကြပါပြီ။ ဘာဘူလေးကတော့ သူ့ပထွေးရဲ့ ကုန်စုံဆိုင်မှာ ဝိုင်းကူလုပ်ပေးနေပါတယ်”

သားအဖ(၂)ယောက် ပြောဆိုပြီးချိန်တွင် ဦးလှိုင်ကျော်က မနက်ဖြန်နံနက် တွင် မှုသေဆုံးရခြင်းအမှုအတွက် စက်ရှင်တရားသူကြီးရုံးတော်သို့သွားကာ တရားလိုဘက်မှ အမှုလိုက်ပါ ဆောင်ရွက်ခွင့် POWER လျှောက်လွှာတင်မည်ဟု ဆိုသည်။

လူသတ်မှုဖြစ်ပွားသည့်နေ့က အဖြစ်အပျက်များ အားလုံးကို အသေးစိတ် စိတ်ပါဝင်စားစွာ မေးမြန်းသဖြင့် ဦးအောင်ကြီးတို့မိသားစုနှင့် ကိုမင်းဇော်က တိကျစွာ ပြန်လည်ပြောပြသည်။ ဦးလှိုင်ကျော်က သူ့ နေ့စဉ်မှတ်တမ်းစာအုပ်တွင် ရေးမှတ်နေသည်။

“တခြား ဘာများထူးခြားတာရှိသေးလဲ”

ဦးလှိုင်ကျော်ကမေးသည်။

“တရားခံရှိန်းနိုင်ရဲ့ မိဘတွေကတော့ ငွေကြေးကလည်း ဘုံးပေါလအော သုံးနိုင်ဖြုန်းနိုင်တဲ့သူတွေဆိုတော့ မျက်မြင်သက်သေအဖြစ်နဲ့ ရုံးတော်မှာထွက်ဆိုနိုင်တဲ့ ဖွေးတို့ရဲ့ ဆိုင်နီးနားချင်းက ဈေးသည်တချို့ကိုတောင်မှ မက်လောက်အောင် ငွေပေးပြီး အမှုကို ဖြိုဖျက်ပစ်ဖို့ ကြိုးစားနေကြပါတယ်ဦးလေး”

ဦးအောင်ကြီး၏သမီးကြီး ဖွေးက ဝင်ပြောပြသည်။

“ဒါကတော့ ပြဿနာတစ်ခုဖြစ်လာရင် ငွေနဲ့ဖုံးလွှမ်းပစ်မယ်လို့ ကြံစည်တတ်ကြတဲ့ လူတချို့ရဲ့ ခေါက်ရိုးကျိုးနေတဲ့အကျင့်စရိုက်တွေပေါ့။ ဒါကို ဂရုစိုက်

http://www.cherrythitsar.org



စရာမလိုပါဘူး”

ဦးလှိုင်ကျော်က အားပေးစကားပြောလိုက်သည်။

“မျက်မြင်သက်သေတွေအားလုံးက သူတို့ပေးသမျှငွေတွေယူပြီး သူတို့အလိုကျ ထွက်ဆိုကြလိမ့်မယ်လို့တော့ မထင်မိပါဘူးဦးလေး”

“သမီးက ဘာကြောင့် ဒီလိုခန့်မှန်းနိုင်သလဲ”

“ဘာဖြစ်လို့လဲဆိုတော့ သမီးတို့ အဲဒီရုပ်ရှင်ရုံရှေ့မှာ ဈေး စ,ရောင်းကတည်းက ဒီနေ့အထိ ဘေးပတ်ဝန်းကျင်က ဆိုင်နီးနားချင်းတွေနဲ့ရော ရုပ်ရှင်ရုံ အလုပ်သမားတွေနဲ့ပါ ဆက်ဆံရေးပြေပြစ်ခဲ့တယ်။ သင့်သင့်မြတ်မြတ်နေခဲ့တယ်။ ခင်ခင်မင်မင်ရှိခဲ့ကြတယ်ဆိုတော့ ဖွေးတို့ရဲ့အကျိုးစီးပွား ပျက်စီးရာပျက်စီးကြောင်းကို ငွေမျက်နှာတစ်ခုတည်းနဲ့ ငွေမျက်နှာကြည့်ပြီး ကြံစည်ကြလိမ့်မယ်လို့ မထင်မိပါဘူး”

ဖွေးက သူ့အထင်ကို ပြောပြနေသည်။

“မက်လောက်တဲ့ ကြားခံပစ္စည်းတစ်ခုခုဝင်လာရင် ပုထုဇဉ်ပီသစွာ လူတွေရဲ့ စိတ်သဘောထားဟာ ပြောင်းလဲသွားတတ်တယ်တဲ့”

ကိုမင်းဇော်က ဝင်ပြောလိုက်သည်။

“မူဟာ မသေသင့်မသေထိုက်သေးတဲ့အရွယ်မှာ မမျှော်လင့်ဘဲ သေဆုံးခဲ့ရတယ်။ ဒါဟာ မိသားတစ်စုလုံးအတွက် အကြီးမားဆုံး အရှုံးပဲ။ ရှုံးပြီးသား မိသားစုက တရားရုံးမှာ ထပ်ရှုံးရဦးမယ်ဆိုရင်တော့ လောကကြီးမှာ သစ္စာတရားဆိုတာ ရှိနိုင်ပါဦးမလား”

ဖွေးက မချိတင်ကဲ ပြောလိုက်သည်။

“ပိုက်ဆံရရင် လိမ်ဖို့ညာဖို့ ဝန်မလေးဘူး။ အနောက်အရပ်ကို အရှေ့အရပ်ပါလို့ ဇွတ်ကြီး လိမ်ညာပြောမယ့်သူတွေရှိရင်လည်း ပြောကြပါစေပေါ့”

တစ်ချိန်လုံး ငြိမ်သက်စွာ နားစွင့်နေသော ညီမအေးကပါ ဝင်၍ပြောလိုက်သည်။

“ဘာပဲဖြစ်ဖြစ် ရဲစခန်းတစ်ခု၊ တရားရုံးတစ်ရုံးရဲ့ ဂုဏ်သိက္ခာကိုတော့ ငွေဆိုတဲ့အရာက သေတပန်သက်တဆုံး လွှမ်းမိုးသွားလို့ မရနိုင်ပါဘူး။ အခုရင်ဆိုင်ရမယ့် တရားခွင်မှာ ကျွန်တော်တို့ဘက်က တစ်ဖက်သားကို အကြောင်းမဲ့နစ်နာပါစေဆိုတဲ့ မမှန်ကန်တဲ့စိတ်နဲ့ ရင်ဆိုင်ဖြေရှင်းမှာ မဟုတ်ပါဘူး။ အချက်အလက် သက်သေအထောက်အထား တိကျပြည့်စုံနိုင်သမျှ ပြည့်စုံအောင် အမှုတစ်ခုကို တည်ဆောက်သွားမှာပါ။ စွဲချက်တင်သင့်မတင်သင့်ဆိုတဲ့ အဆင့်ရောက်

http://www.cherrythitsar.org



တဲ့အခါ စက်ရှင်တရားသူကြီးရဲ့ ဆုံးဖြတ်ချက်ဟာ တရားရေးမဏ္ဍိုင်မှာ ဂုဏ်သိက္ခာရှိစွာ အဖြေပေါ်လာမှာပါ”

ဦးလှိုင်ကျော်က ဦးအောင်ကြီးတို့မိသားစုကို အားပေးစကားပြောလိုက်သည်။

* * *

ရှိန်းနိုင်ကား ထောင်ကြီးချုပ်၊ အချုပ်ဆောင်တွင် အမှုရင်ဆိုင်ရမည့်နေ့ကို စိတ်နှလုံးညှိုးနွမ်းစွာ စောင့်မျှော်နေရလေသည်။

အချုပ်ဆောင်ဆိုသည်မှာလည်း အကျဉ်းထောင်အတွင်းမှ အဆောင်တစ်ခုပင်ဖြစ်လေရာ ဣဋ္ဌာရုံထက် အနိဋ္ဌာရုံများဖြင့် ပြွမ်းတီးရှုပ်ထွေးလျက်ရှိသော နေရာဌာနတစ်ခုဟု ရှိန်းနိုင် ခံစားရလေသည်။

မိဘရင်ခွင်ရိပ်မှာ လိုလေသေးမရှိ ပေါ့ပေါ့စား ပေါ့ပေါ့သွား ပေါ့ပေါ့ဆဆနေလာခဲ့ရသော ရှိန်းနိုင်၏ဘဝမှာ စိတ်ပိုင်းဆိုင်ရာကအစ သောကဖိစီးကာ ရုပ်ရည်ပါလန်းဆန်းခြင်းကင်းမဲ့လာလေသည်။

အိပ်ရတာ၊ စားရတာ၊ ရေချိုးရတာ၊ အိမ်သာသွားရတာကအစ အပြင်လောကနှင့် တခြားစီဖြစ်နေပြီး၊ ဘယ်သူ့ကိုယုံကြည်၍ ဘယ်သူ့ကို မိတ်ဆွေဖွဲ့ရမှန်းမသိအောင် အပြောအဆို အနေအထိုင်များ စရိုက်ကြမ်း၊ စရိုက်ဆန်းသည့်နေရာဒေသတစ်ခု ဖြစ်နေလေသည်။

တရားရုံးသို့ အမှုစစ်ဆေးခံရန် ရုံးချိန်းရှိ၍ ရုံးထွက်ရသည့် အချုပ်သားတချို့ကို ရှိန်းနိုင် ငေးကြည့်နေသည်။

အဆောင်မှူးရုံးခန်းရှေ့တွင် စိစစ်တန်းစီစစ်ဆေးခြင်းခံရပြီး (၂)ယောက်တစ်တွဲ အဆောင်ဝင်းထဲမှ ထွက်ကြရသည်။ MAIN JAIL မိန်းဂျေးလ်ခေါ်အဆောက်အအုံကြီးရှေ့တွင် တန်းစီစစ်ဆေးခံကြရပြန်သည်။ ဘယ်သူမှ ဖိနပ်မစီးကြရပေ။

“ရုံးထွက်တဲ့အခါ အပြန်ကျရင် အဝတ်တစ်ထည်ကိုယ်တစ်ခုနဲ့ပဲ ပြန်လာပါ။ ဘာမှ ဝှက်ပြီးယူမလာကြပါနဲ့။ အရက်သောက်မလာပါနဲ့။ ဆေးမျိုးမလာပါနဲ့။ ဘိန်းမျိုးမလာပါနဲ့။ အပြင်ကစကား အတွင်းကိုသယ်မလာပါနဲ့။ အထဲကစကား အပြင်ကို သယ်မသွားပါနဲ့”

ဟု တာဝန်ရှိသူတစ်ဦးက အော်ဟစ်မှာကြားသည်။ ထို့နောက် ထမင်းချက်သောဖိုကြီး၊ ထောင်ဆေးရုံ၊ တိုက်ခန်းများရှေ့က လမ်းမအတိုင်း ဗူးဝသို့ သွားကြရ

http://www.cherrythitsar.org



ပြန်သည်။ ဖူးဝအနီးရှိ အချုပ်ရုံးတွင် တန်းစီကာ စစ်ဆေးခံကြရပြန်သည်။

ထိုအချိန်တွင် ဖူးဝအပြင်ဘက်၌ အချုပ်ကားကြီးများက တန်းစီ၍ စောင့်ဆိုင်းနေကြသည်။ သက်ဆိုင်ရာ တရားရုံးမှ ရဲတပ်ကြပ်ကြီးက ရုံးထွက်ရမည့် အချုပ်သားစာရင်းအတိုင်း ခေါ်ဆောင်ကာ အချုပ်ကားပေါ် တင်သွားရလေသည်။ ထို့ကြောင့် အသံတွေက ဆူညံနေတတ်သည်။

"ဗဟန်း...ရုံးထွက်မယ်"

"ပုဇွန်တောင်"

"ကျောက်တံတား"

"မရမ်းကုန်း"

စသည်ဖြင့် သူ့အုပ်စုနှင့်သူ ခေါ်ထုတ်ကာ ကားကြီးများဖြင့် တင်သွားလေသည်။ တရားရုံးမှ အပြစ်ပေးပြီး ထောင်ကျပြီးသား အကျဉ်းသားများလည်း နောက်မှုတစ်ခု တရားရုံးမှ ရင်ဆိုင်စရာရှိလျှင် ရုံးချိန်းနေ့၌ ထောင်ကျရုံးက သံချေကျင်းခတ်ကာ အချုပ်သားများနှင့်အတူ အချုပ်ကားဖြင့် တင်ဆောင်၍ သက်ဆိုင်ရာ တရားရုံးသို့ ပို့ပေးရသည်။

ရှိန်းနိုင်တို့လို အမှုစစ်ဆေးဆဲ အချုပ်သားများကျတော့ တရားရုံးရောက်လျှင် တရားရုံးဘေးရှိ အချုပ်ခန်းလေးထဲ ထည့်ထားခြင်းခံရပြီး လက်ထိပ်ခတ်ခံထားရသည်။

တရားရုံးမှ ရှေ့ဖတ်စာရေးက အလှည့်ကျ၍ တာဝန်ကျရဲသားအား

"ရှိန်းနိုင် ထုတ်မယ်ဟေ့..."

ဟု အော်လိုက်သည့်အခါကျမှ တရားရုံးအချုပ်ခန်းထဲမှရှိန်းနိုင်အား လက်ထိပ်ခတ်ထားပြီး တရားသူကြီးရှေ့မှောက်သို့ ပို့ဆောင်ပေးသည်။ အမှုစစ်ဆေးခြင်းခံရသည်။ ပြီးလျှင် အချုပ်ခန်းထဲ ပြန်ဝင်နေရသည်။

ညနေကျမှ တခြားအကျဉ်းသား၊ အချုပ်သားများနှင့်အတူ အချုပ်ကားကြီးဖြင့် ထောင်သို့ပြန်ကြရသည်။

ထောင်ရောက်တော့ ဖူးဝမှဝင်။ အချုပ်ရုံးမှာပြန်ရောက်ကြောင်း သတင်းပို့။ တန်းစီ၍ MAIN JAIL သို့သွား။ MAIN JAIL မှာ တလာစီအစစ်ဆေးခံရသည်။ ပိုက်ဆံဝှက်ယူလာသလား။ မူးယစ်စေတတ်သောအရာများ ပါလာသလား။ အန္တရာယ်ဖြစ်စေနိုင်သောပစ္စည်းများ ဝှက်၍ ယူဆောင်လာသလား။ တားမြစ်ထားသောအစားအသောက်တွေ ယူလာသလား။ စနစ်တကျ စစ်ဆေးခံရသည်။

ကျေနပ်အောင် စစ်ဆေးခံပြီးမှ အသီးသီး အသကအဆောင်သို့ ပြန်ဝင်ကြရ

http://www.cherrythitsar.org



သည်။

ရုံးထွက်ချိန်တွင် ရှိန်းနိုင်၏မိသားစုများက အစားအသောက်၊ ဘိလပ်ရည်၊ စီးကရက် စသည်တို့ကို လာပေးကြသည်။ ထိုနေရာမှာပင် လက်ထိပ်တန်းလန်းနှင့် တစ်ထိုင်တည်း စားရသောက်ရသည်။ စကားပြောချိန်ပင် သိပ်မရချင်။

ရှိန်းနိုင်၏ မိဘမောင်နှမများမှာ မျက်နှာတွေ ညှိုးနွမ်းနေကြသည်။ ပတ်ဝန်းကျင်က ဝိုင်းကြည့်ခြင်းကိုခံရ၍ ရှက်နေကြသည်။ မတတ်နိုင်။ ဖြစ်ရပြီကိုး။

ဘယ်သူမပြုမိမိမှု ဆိုသောစကားက ရှိန်းနိုင်အတွက် မှန်နေသည်။

ဦးအုန်းနိုင်၏ တပည့်ကျော် အောင်ထူးက တရားရုံးသို့ ရှိန်းနိုင်ကို ရုံးထုတ်သည့်နေ့ဆိုလျှင် ပျာပျာ,ပျာပျာနှင့် ဟိုဟာပြေးဝယ်ရ၊ သည်ဟာပြေးဝယ်ရ၊ ဟိုလူ့လက်ဖက်ရည်တိုက်ရ၊ ဒီလူ့ထမင်းကျွေးရ၊ ဆေးလိပ်ကွမ်းယာပို့ရနှင့် အိတ်ထဲမှာ ငွေစက္ကူ အထပ်လိုက်ထည့်ပြီး အလုပ်တွေရှုပ်နေတတ်သည်။

ရှိန်းနိုင်ကလည်း အချုပ်သား ထောင်ဝင်စာတွေ့ရက်ကျလျှင် ဘာတွေယူလာခဲ့ပါဆိုပြီး အလုအယက်မှာရသည်မှာ အမော။

အချုပ်သားများအတွက် အဝတ်အထည်၊ စားစရာပို့ခွင့်ရသော ထောင်ဝင်စာတွေ့ရက်မှာ တစ်ပတ်တစ်ခါ တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး ဖြစ်သည်။ ဒီ(၃)ရက်ထဲက တစ်ရက်တွင် (၁၅)မိနစ် တွေ့ခွင့်ရမည်ဖြစ်သည်။

အကယ်၍ ရှိန်းနိုင်ထောင်ကျသွားလျှင်တော့ ထောင်ဝင်စာတွေ့ရက်က (၂)ပတ်တစ်ခါ၊ ကြာသပတေး၊ သောကြာ၊ စနေ၊ ဒီ(၃)ရက်ထဲက တစ်ရက်။ (၁၅)မိနစ်တွေ့ခွင့်ရမည် ဖြစ်သည်။

ရှိန်းနိုင် လူသတ်မှု ရင်ဆိုင်နေရချိန်တွင် ရှိန်းနိုင်တို့မိသားစုမှာ ငွေကုန်၊ လူပန်း၊ စိတ်နွမ်းကိုယ်ကြေ ဖြစ်နေကြသည်။

"ဆရာ...ပိုက်ဆံထပ်ထုတ်ပေးထားပါဦး"

ဆိုပြီး အမှုကိစ္စကို အကြောင်းပြ၍ အောင်ထူးတောင်းသမျှလည်း ဦးအုန်းနိုင်က ပေးနေရသည်။ ကြာလာတော့လည်း ဦးနှောက်တွေက ဆူဝေနေသဖြင့် မင်း ဘယ်သူတွေကို ဘာတွေပေးနေရလဲဟု မယုံသလိုယုံသလိုနှင့် မမေးမြန်းနေနိုင်တော့ပေ။ အိမ်မှာလည်း အဝင်အထွက်တွေက ခြေရှုပ်လို့နေသည်။

ဦးအုန်းနိုင်ဘက်က ညီအစ်ကိုမောင်နှမအရင်းအချာ ဝမ်းကွဲသားချင်းတွေ၊ ဒေါ်လွင်လွင်ဦးဘက်က မောင်နှမသားချင်းအရင်းအချာ ဝမ်းကွဲနီးစပ်တွေ၊ မိတ်သင်္ဂဟအသိုင်းအဝိုင်းတွေ အဝင်အထွက်များနေကြသည်။

တချို့က တကယ်ကရုဏာသက်စွာ စုတ်တသပ်သပ် ယူကျုံးမရ ဖြစ်ကြသူ

http://www.cherrythitsar.org



တွေလည်း ရှိကောင်းရှိမည်။

တချို့ကျတော့လည်း ရှေ့တွင်မှာ စာနာစိတ်ထားသလိုလိုနှင့် ကွယ်ရာကျ တော့

"ဖြစ်မှာပေါ့။ မိသားစုတစ်စုလုံးက ကိုယ်ထင်ရာကိုယ်စိုင်းနေကြတာကိုး။ ဦးနင်းပဲ့ထောင်၊ ပဲ့နင်းဦးထောင်နဲ့။ တကယ့်ကို ပရမ်းပတာ ထင်တိုင်းကြဲနေကြတာကိုး"

ဟု မေးငေါ့ကြသူတွေက အများကြီး။

တချို့ကျတော့ ဦးအုန်းနိုင်တို့မိသားစုကို ငွေကြေးအရလည်းကောင်း၊ အရှိန်အဝါအရလည်းကောင်း ပြိုင်ဆိုင်နေသူများက ကျိတ်၍ ဝမ်းသာနေကြသည်။

တချို့ကျပြန်တော့လည်း သားသမီးချင်း ပညာရေးပြိုင်နေသူတွေ ရှိနေကြပေရာ ရှိန်းနိုင် ယခုလို ပြဿနာတက်သွားချိန်တွင် ကျိတ်၍ ပီတိဖြစ်နေသူတွေလည်း ရှိသည်။

ရှိန်းနိုင်သူငယ်ချင်းတွေကျတော့လည်း ပြဿနာဖြစ်ခါစတုန်းက လူကိုယ်တိုင်တစ်မျိုး၊ တယ်လီဖုန်းနှင့်တစ်နည်း၊ ဝင်ကြထွက်ကြ၊ သတင်းမေးကြ၊ ဝမ်းနည်းစကားဆိုကြသော်လည်း ရက်တွေကြာလာသည်နှင့်အမျှ

"အိ"လာကြသည်။ တဖြည်းဖြည်း အနေဝေးသွားကြတော့သည်။ ကိုယ့်ကိစ္စနှင့်ကိုယ်မို့ ရှိန်းနိုင်ကိစ္စကို စိတ်မဝင်စားဖြစ်ကြတော့ပေ။

'ချစ်သူငယ်ချင်း'ဆိုသော စကားလုံးလှလှလေးတွေက ရှိန်းနိုင်ဘဝအတွက် ယခုလို အကျပ်အတည်းမျိုးမှာမှ အဖြေပေါ်လာရသည်။ ဘယ်မှာလဲ ချစ်သူငယ်ချင်း။ ချစ်တဲ့သူငယ်ချင်း။

တချို့များ လက်ဖက်ရည်ဝိုင်း၊ ဘီယာဝိုင်းမှာ တပေးပေးတဟားဟားနှင့် ရှိန်းနိုင် မိန်းမစိတ်မွှန်ထူ အရူးထလို့ ပြဿနာတက်ရတာလို့ပြောရင်း လှောင်ပြောင်သူတွေပင် ရှိလာသည်။

ရှိန်းနိုင်အမေကတော့ မိခင်ပီသစွာ အကောင်းဆုံးဆိုသည့် ဓာတ်ရိက်ဓာတ်ဆင် ဗေဒင် ယတြာ ဆရာ,ဆရာမများထံသို့ အကုန်အကျခံကာ ဝင်ထွက်ဆောင်ရွက်နေရသည်မှာလည်း အမော...။

သည်လို မိသားစုအပူလုံးကြီးကြွနေချိန်တွင် အခွင့်အရေးရသလောက် သိမ်းကျုံးသုံ့ယူနေသူက အောင်ထူး။ စာရင်းမရှိ အင်းမရှိ၊ ကုန်ကျစရိတ်တွေတောင်းကာ အမြီးကျက်အမြီးစား၊ ခေါင်းကျက်ခေါင်းစား၊ သုံးဖြုန်းသွားလာနေနိုင်သူက အောင်ထူး။

http://www.cherrythitsar.org



ဦးအုန်းနိုင်တို့မိသားစုတစ်စုလုံး မွစာကြဲသောကာလပေတည်း။

*　*　*

ဦးအုန်းနိုင်တို့အိမ်ကြီး၏ ဧည့်ခန်းထဲတွင် ဦးအုန်းနိုင်တို့မိသားစုနှင့်အတူ ရှိန်းနိုင်ဘက်မှ လိုက်ပါဆောင်ရွက်နေသော တရာခံအကျိုးဆောင် ရှေ့နေကြီး ဦးသန်းထိုက်ကို တွေ့ရသည်။ ဦးအုန်းနိုင်တပည့် အောင်ထူးကိုလည်း တွေ့ရသည်။

"အခုလာမယ့် ဗုဒ္ဓဟူးနေ့ ရုံးချိန်းကျရင်တော့ စက်ရှင်တရားသူကြီးက စွဲချက်တင်သင့်မတင်သင့် ဆုံးဖြတ်တော့မယ်နော် ဦးသန်းထိုက်"

ဦးအုန်းနိုင်က မေးလိုက်သည်။

"ဟုတ်ကဲ့"

ဦးသန်းထိုက်က လေးလေးပင်ပင်ကြီး အသံပြန်ပြုလိုက်သည်။

"အမှုသွားအမှုလာအရ ဦးသန်းထိုက်ဘက်က ဘယ်လိုမြင်လဲဘယ်လို ယူဆပါလဲ"

"ကျွန်တော်လည်း အစွမ်းကုန် ကြိုးစားခဲ့တာ ဦးအုန်းနိုင်အသိပါ။ ချောင်ပိတ်မေးခွန်း CROSS QUESTIONS တွေနဲ့ တရားလိုဘက်က သက်သေတွေကို စစ်ခဲ့တာပါပဲ"

"အဲတော့...ဦးသန်းထိုက် ဘယ်လိုဖြစ်လာလိမ့်မယ်ထင်ပါသလဲ"

"တရားလိုဘက်က အမှုကို ခိုင်နိုင်သမျှခိုင်အောင် တည်ဆောက်တဲ့နေရာမှာ သူတို့ဘက်က မျက်မြင်သက်သေတွေရဲ့ ထွက်ချက်ဟာ အားအရမ်းကောင်းနေတာ တွေ့ရပါတယ်။ ဥပမာပြရရင် မျက်မြင်သက်သေ (၆)ယောက် ထင်ပါတယ်။ သေဆုံးသွားတဲ့ မှုဆိုတဲ့ မိန်းကလေးဟာ သူ့အစ်မဖွေးရဲ့ဆိုင်မှာ အဲ့ဒီအခင်း ဖြစ်နေ့က ခေတ္တခဏလာထိုင်ပြီး သူတို့နဲ့ တစ်အိမ်တည်းနေသူ မောင်မင်းဇော်၊ အိမ်ဖော်မလေး သက်သက်နဲ့အတူ နေမကောင်းလို့ အိမ်ပြန်သွားတဲ့ဖွေးရဲ့ကိုယ်စား အုန်းနို့ခေါက်ဆွဲ လာရောင်းပေးတယ်ဆိုတာကိုလည်း ဆိုင်နီးနားချင်းက ဈေးသည်တွေဖြစ်ကြတဲ့ ဦးမြင့်ရှိန်၊ ဒေါ်ချို၊ မစန်းအေး၊ မမြရွှေ၊ မပိုက်၊ ဒေါ်မြတို့အားလုံးက တစ်သဝေမတိမ်း ထွက်ဆိုခဲ့ကြတာ တွေ့ရပါတယ်"

"ဒါပေမယ့် အဲ့ဒီသက်သေတွေအားလုံးထဲမှာ ကွမ်းယာရောင်းတဲ့ ဦးမြင့်ရှိန် ဆိုတဲ့အဘိုးကြီး ထွက်ဆိုသွားတာတော့ ကျွန်တော့်သားရှိန်းနိုင် ဒီဆိုင်ကိုရောက်လာတာပဲ တွေ့လိုက်ရပြီး ဘာတွေပြောလို့ ဘာတွေဖြစ်ကြတယ်ဆိုတာတော့ ဈေးဝယ်

http://www.cherrythitsar.org



သူတွေကို ကွမ်းယာရောင်းနေရလို့ သတိမထားလိုက်မိပါဘူးဆိုပြီး ထွက်ဆိုသွားတာပဲမဟုတ်လား ဦးသန်းထိုက်"

"ဟုတ်တယ်လေ၊ အဲ့ဒီအဘိုးကြီးတစ်ယောက်ပဲ ဆင်ဝှေ့ရန်ရှောင် ထွက်ဆိုသွားတာပါ။ ကျန်တဲ့ မစန်းအေးတို့ (၅)ယောက်ကတော့ ရှိန်းနိုင် ရောက်လာတဲ့အချိန်ကစပြီး မူ့ကို ဓားနဲ့ထိုးလိုက်တဲ့အထိ သူတို့ ဂရုတစိုက် ကြည့်နေမိတာ တွေ တိတိကျကျ ထွက်ဆိုသွားကြတာ တရားခွင်မှာ ခင်ဗျားတို့လည်း ကြားကြ မှာပါ"

ဦးသန်းထိုက်က ထိုနေ့က သက်သေထွက်ချက်များကို ရုံးတော်မှ မိတ္တူကူးလာသည့်ဖိုင်တွဲကို လှန်ကြည့်ရင်း ဆက်ပြောပြသည်။

"သက်သေတွေရဲ့ ထွက်ဆိုချက်တွေအားလုံးထဲမှာ ဆိုင်ပိုင်ရှင် ဖွေးရဲ့ဆိုင်နဲ့ အနီးကပ်ဆုံးဖြစ်တဲ့ ဘယ်ဘက်ဆိုင်က မမြရွှေ၊ ညာဘက်ဆိုက်က မပိုက်တို့ ထွက်ဆိုသွားတာဟာ အမှုဖြစ်စဉ်ကို အထောက်အကူ ပြုသွားပြန်ပါတယ်"

"ဘယ်လိုအထောက်အကူပြုသွားတာလဲ ဦးသန်းထိုက်"

"သူတို့ရဲ့ထွက်ဆိုချက်တွေထဲမှာ ရှိန်းနိုင်ဟာ မကြာခဏ မူးယစ်သောက်စားလာပြီး ရုပ်ရှင်ရုံရှေ့က ဖွေးရဲ့ဆိုင်ကို ဝင်လာတတ်တာရယ်၊ ဖွေးအပေါ်မှာ ထိကပါးရိကပါး စကားပြောတတ်တာရယ်၊ အခင်းဖြစ်ပွားတဲ့နေ့ နံနက်ပိုင်းက တစ်ကြိမ် ရှိန်းနိုင်ဟာ အရက်တွေ မူးယစ်သောက်စားလာပြီး ဖွေးကို ထိကပါး ရိကပါးပြောတယ်။ ဆွဲကြိုးတစ်ကုံးပေးတာ ဖွေးက လက်မခံတဲ့အခါကျတော့ မျက်ထောင့်နီကြီးနဲ့ ဖွေးကို ကြိမ်းမောင်းသွားတာကအစ သူတို့ထွက်ဆိုကြတယ်။ နောက်တစ်ခါ အခင်းဖြစ်ပွားတဲ့နေ့ မွန်းလွဲပိုင်းမှာ ရှိန်းနိုင်ဟာ ဒုတိယအကြိမ် ဖွေးဆိုင်ကို ရောက်လာပြီး ဖွေးကိုမတွေ့တော့ ဆိုင်မှာရှိနေကြတဲ့ မောင်မင်းဇော်၊ မူနဲ့ အိမ်ဖော်မလေး သက်သက်တို့ကို ရန်စပြောဆိုတယ်။ မောင်မင်းဇော်က တောင်းပန်တာကို မကျေမနပ်နဲ့ ဓားနဲ့အစိုက်မှာ မူက ကြောက်အားလန့်အားနဲ့ ဝင်အတား ဓားက မူ့ကို စိုက်မိသွားတာကိုလည်း သူတို့က အခိုင်အမာ ထွက်ဆို သွားကြပါတယ်"

"ဟော့ကောင် အောင်ထူး"

"ဗျာ"

"မင်းပြောတော့ ပိုင်ပါတယ်ဆိုကွ"

"ကျွန်တော် အကုန်လုံးကို ပိုက်ဆံတွေပေးတာပဲဆရာ၊ ကွမ်းယာရောင်းတဲ့ ဦးမြင့်ရှိန်ဆိုတဲ့ အဘိုးကြီးက ပိုက်ဆံ အရမ်းအသုံးလိုနေလို့ဆိုပြီး၊ ယောက္ခမထဘီ

http://www.cherrythitsar.org



တွေတောင် ပေါင်စားနေရလို့ပါဆိုပြီး တစ်ထောင်ပိုတောင်းလို့ ကျွန်တော် ပေးလိုက်ရပါသေးတယ်ဆရာရယ်၊ ဒါကြောင့်လည်း သက်သေတွေထဲမှာ သူက ရှိန်းနိုင်ဘက်က အကောင်းဆုံး ထွက်ဆိုပေးသွားတာမဟုတ်လားဆရာ"

"တော်စမ်း အောင်ထူး၊ မင်းကို ငါမယုံဘူး။ မယုံတော့ဘူးကွ။ ပိုက်ဆံတွေဆိုတာ တောင်းလိုက်တာ သောက်သောက်လဲ၊ မင်းပေးတဲ့ပိုက်ဆံကို အားလုံးကယူခဲ့ရင် မြင့်ရှိန်ဆိုတဲ့ကောင်ကြီး တစ်ကောင်ကလွဲရင် အားလုံးက အခုလို တရားလိုတွေဘက်က အမှန်အတိုင်း အမြင်အတိုင်း ထွက်ဆိုကြပါ့မလားကွ။ မင်း လူလိမ်၊ မင်း အခုထွက်သွား"

"သတိထားပါ ဦးအုန်းနိုင်၊ ကျွန်တော့်ရှေ့မှာ ဒီကိစ္စတွေ မပြောကြပါနဲ့ဗျာ၊ ဒါက ခင်ဗျားတို့ ဆရာတပည့်ရဲ့ ကိုယ်ရေးကိုယ်တာကိစ္စတွေပါ"

ယမ်းပုံမီးကျ ဒေါသထွက်နေသော ဦးအုန်းနိုင်အား ဦးသန်းထိုက်က ဟန့်တားရလေသည်။

အောင်ထူးကား ရှေ့ဆက် စားပေါက်မရှိတော့ပြီဆိုသည်ကို ရိပ်စားမိပြီမို့ အခန်းထဲမှ အပြီးအပိုင် ထွက်သွားလေသည်။ ဆက်နေ၍လည်း မဖြစ်တော့ပြီ။ ရိုးမသို့ပြန်၍လည်း မဖြစ်။ ရိုးမမှာလည်း ဦးအုန်းနိုင် စက်ကွင်းကမလွတ်။ ဘူတာရုံကျမှ အလျဉ်းသင့်သလို စဉ်းစားမည်ဆိုပြီး သူ့လက်ဆွဲအိတ်ကလေးကို ပိုက်ကာ ဘူတာကြီးဘက်သို့ ထွက်ခဲ့သည်။

ဦးသန်းထိုက်ကတော့ ဦးအုန်းနိုင်ကို ရုံးတော်တွင်တင်ပြထားသည့် ဓားရိုးပေါ်မှ ရှိန်းနိုင်၏ လက်ဗွေရာအစစ်ဖြစ်ကြောင်း၊ C.I.Dအရာရှိ၏ ထွက်ဆိုချက်နှင့် C.I.D ဓာတ်ခွဲခန်းမှ ဓားသွားတွင် စွန်းပေနေသော မူ၏ သွေးအမျိုးအစားအမှန် ဖြစ်ကြောင်း အစီရင်ခံစာ၊ မှုခင်းဆရာဝန်ကြီး၏ ထွက်ဆိုချက်နှင့် မူ မသေဆုံးမီ သေတမ်းစစ်ချက်ယူစဉ်က ရှိန်းနိုင် တစ်ဖက်သတ် မူးယစ်ရမ်းကားရန်စကာ ဓားနှင့် ထိုးကြောင်း တစ်ဝက်တစ်ပျက် ထွက်ဆိုချက် လက်ရေးတို မှုရင်းတင်ပြချက်တို့ကပင်လျှင် အမှု၏ တည်ဆောက်ပုံကို ဖြိုဖျက်၍မရအောင် ခိုင်မာနေပြီဖြစ်ကြောင်း စိတ်ပျက်အားလျော့စွာ ပြောပြနေလေသည်။

"တောက်...မင်း တော်တော်ညံ့ပါလား သားရာ၊ ဒယ်ဒီ တစ်သက်လုံး သူများမျက်ခုံးမွေးပေါ် ခေါက်တုံ့ခေါက်ပြန် ရင်ကော့ပြီး လျှောက်လာတဲ့ကောင် မင်းလက်ထက်ကျမှ ဒူးထောက်ရမယ့်ကိန်း ဆိုက်နေပြီကွ"

ဦးအုန်းနိုင်ကား ရင်ထဲတွင် အထူးပင် မချိတင်ကဲ ခံစားနေရလေသည်။

"ဘယ်လိုပင်ဖြစ်စေပေါ့ ဦးသန်းထိုက်ရာ၊ ရုံးတော်မှာ သားလေးဘက်က

http://www.cherrythitsar.org



တတ်နိုင်သမျှတော့ ကာကွယ်ဆောင်ရွက်ပေးပါဗျာ”

ဦးအုန်းနိုင်က တောင်းပန်ခယနေသည်။

“စိတ်ချပါ။ ကျွန်တော်ဟာ တရားခံဘက်က အကျိုးဆောင်ပါ။ ကျွန်တော့်ဘက်က ဥပဒေရှုဒေါင့်အရ တာဝန်ပိုင်း၊ အသိပညာ၊ အတတ်ပညာပိုင်း မလစ်ဟင်းအောင်တော့ မောင်ရှိန်းနိုင်ကို အကာအကွယ်ပေးသွားမှာပါ။ တကယ်လို့ ဗုဒ္ဓဟူးနေ့မှာ တရားသူကြီးက စွဲချက်တင်လိုက်သည်ဆိုရင်လည်း နောက်တစ်ပတ်ရုံးချိန်းမှာ ပြန်ခေါ်သက်သေတွေကို တိတိကျကျ ပြန်မေးဦးမှာပါ။ လျှောက်လဲချက်ရေးပြီးရင်လည်း ဦးအုန်းနိုင်တို့မိသားစုကို ကျွန်တော် ကြိုတင်ပြီး ဘာတွေအသေးစိတ် ရေးထားတယ်ဆိုတာ အကြမ်းသဘောလောက် ပြောပြဦးမှာပါ။ ကျွန်တော်လည်း မောင်ရှိန်းနိုင်အပေါ်မှာ သားသမီးချင်း ကိုယ်ချင်းစာပါတယ်။ ဒါပေမယ့် ငယ်ရွယ်သူဆိုတာတော့ မှန်ပါတယ်။ သူ့ပညာအရည်အချင်းနဲ့ ဒီလိုအပြုအမူမျိုး မဖြစ်သင့်ဘူး။ အဲဒါကို ကျွန်တော် နှမြောနေတာပါ”

ဦးသန်းထိုက်က အားလုံးကို နှုတ်ဆက်ရန် ထိုင်ရာမှထသည်။

မိခင် ဒေါ်လွင်လွင်ဦးနှင့် ရှိန်းနိုင်၏ညီမ ကြယ်စင်နိုင်နှင့် မြဒါလီနိုင်တို့ ကတော့ ရှိုက်ကြီးတငင် ငိုကျွေးနေကြသည်။

“ဒယ်ဒီ...မကယ်နိုင်တော့ဘူးလားဟင်”

* * *

“အောင်စာရင်းထွက်ပြီဖေဖေ၊ ရေးဖြေရော လူတွေ့မေးခွန်းတွေအတွက်ပါ သားနာမည် အောင်စာရင်းမှာပါလာတယ်။ ဆိပ်ကမ်းအာဏာပိုင်ရုံး စီမံရေးရာဌာနက ပြောလိုက်တယ်။ ဆေးစစ်ရမယ့်နေ့နဲ့ အလုပ်ဝင်ရမယ့်နေ့ကို အိမ်လိပ် စာနဲ့ စာတိုက်ကတစ်ဆင့် အကြောင်းကြားမယ်တဲ့”

တစ်နေကုန် ရုံးကိစ္စနှင့် အပြင်သွားနေပြီး ညမိုးချုပ်မှ ပြန်ရောက်လာသော ကိုမင်းဇော်က အိမ်ပေါ်ရောက်ရောက်ချင်း ပြောပြလိုက်သဖြင့် သူ့မိခင်ဖခင်သာမက ဦးအောင်ကြီးတို့မိသားစုပါ ဝမ်းသာနေကြသည်။

ထိုစဉ်မှာပင် ဦးအောင်ကြီးတို့ အိမ်ရှေ့သို့ ကားတစ်စီးထိုးဆိုက်လာသည်။ ကားတံခါးဖွင့်၍ ဆင်းလာသူများမှာ ဦးအုန်းနိုင်တို့ မိသားစု ဖြစ်နေသဖြင့် အံ့အားသင့်မိကြသည်။

“ထိုင်ကြပါခင်ဗျာ...”

http://www.cherrythitsar.org



ဦးအောင်ကြီးက အိမ်ထောင်ဦးစီးပီသစွာ ခရီးဦးကြိုပြု၍ ဧည့်ခန်းထဲတွင် နေရာထိုင်ခင်း စီစဉ်ပေးလိုက်သည်။

“မိုးကြီးချုပ်မှ ဘယ်ကလှည့်လာကြလဲခင်ဗျာ”

ဦးလှိုင်ကျော်ကပါ ဝင်မေးလိုက်သည်။ ဦးအုန်းနိုင်တို့မိသားစုမှာ မဝံ့မရဲဖြင့် ခပ်ယို့ယို့လေး ထိုင်နေကြရင်းက

“သားလေးအတွက် တောင်းပန်ရအောင် လာတာပါရှင်”

ဟု ဒေါ်လွင်လွင်ဦးက ဖျော့တော့စွာပြောလိုက်သည်။

“ဟုတ်ပါတယ်ခင်ဗျာ၊ ရှေ့လာမယ့်အပတ် ဗုဒ္ဓဟူးနေ့ ရုံးချိန်းဆိုရင် တရားရုံးမှာ သားလေးအပေါ် အမှုသွားအမှုလာအရ စွဲချက်တင်သင့်မတင်သင့် ဆုံးဖြတ်တော့မယ့်နေ့ဆိုတာ ဒီလူကြီးများလည်း အသိပဲဖြစ်ပါတယ်”

ဦးအုန်းနိုင်က စကားနိဒါန်းစ,လိုက်သည်။

“အခုဖြစ်သွားတဲ့ကိစ္စမှာ သားလေးမှားတယ်၊ မိုက်မဲတယ်ဆိုတာ ကျွန်မတို့မိဘတွေအနေနဲ့ မလွှဲမသွေ ဝန်ခံကြရမှာပါ။ ဒါပေမယ့် သားသမီး(၃)ယောက်မှာ ဒီလိုကြောက်စရာအဖြစ်ဆိုးကြီးမျိုး တစ်ခါမှ မကြုံဖူးကြသေးတဲ့အတွက် နေ့ရော ညပါ စိတ်ဒုက္ခရောက်နေကြရပါတယ်”

ဒေါ်လွင်လွင်ဦးက ဝင်ပြောလိုက်သည်။

“မမဖွေးကိုလည်း ဒါလီတို့က တောင်းပန်ပါတယ်။ ဒါလီ့အစ်ကို ရှိန်းနိုင်ဟာ မမဖွေးကို အထင်အမြင်သေးပြီး ဒီလိုပြုမူဆက်ဆံခဲ့တာ ဟုတ်ဟန်မတူပါဘူး။ သူ့တကယ်မြတ်နိုးလို့ အစွဲအလမ်းကြီးခဲ့တာလည်း ဖြစ်နိုင်ပါတယ်”

မြဒါလီနိုင်က အစ်ကိုဘက်မှ ကာကွယ်ရင်း ဖွေးကို တိုက်ရိုက်ပင် တောင်းပန်နေသည်။

“မမှားသင့်တာတွေ မှားခဲ့ကြပါပြီ။ မဖြစ်သင့်တာတွေလည်း ဖြစ်ခဲ့ကြပါပြီ။ ဒါပေမယ့် ကျွန်တော်တို့မိသားစုနဲ့ သားလေးကြုံတွေ့ရမယ့် အနေဆင်းရဲ၊ အစားဆင်းရဲဘဝကို သနားညှာတာမှုပေးကြပါ။ ဦးအောင်ကြီးတို့ဘက်က ခွင့်လွှတ်ကြပါလို့ တောင်းပန်ပါတယ်”

ဦးအုန်းနိုင်စကားကြောင့် ဦးအောင်ကြီးမှာ စဉ်းစားရခက်သွားပြီး

“ဘာကိုဆိုလိုနေတာပါလဲ ဦးအုန်းနိုင်”

ဟု မေးလိုက်သည်။

“သားလေးကို အမှုကျေအေးပြီး တရားရုံးမှာ ကျေအေးကြောင်း အမှုရုပ်သိမ်းပေးဖို့ လာတောင်းပန်တာပါရှင်”

http://www.cherrythitsar.org



ရှိန်းနိုင်၏မိခင်က မျက်ရည်တွေစီးကျလာရင်းက တောင်းပန်နေသည်။

"ကျွန်တော် တစ်ခုတော့ ဝင်ပြောပါရစေ၊ ပြောခွင့်ပြုပါ"

ကိုမင်းဇော်၏ဖခင် ဦးလှိုင်ကျော်က မထင်မှတ်ဘဲ စကားစ,လာသည်။

"ကျွန်တော်ပြောချင်တာက ဒီလိုပါ။ ကျွန်တော်က ဒီအမှုကိစ္စမှာ ဦးအောင်ကြီးတို့မိသားစုဘက်က အကျိုးဆောင်ပေးနေတဲ့ ရှေ့နေဆိုရင်လည်း ဟုတ်သလို ကျွန်တော့်သား မောင်မင်းဇော်နဲ့ပတ်သက်ပြီး ဒီမိသားစုနဲ့ ဆွေရင်းမျိုးရင်းလို တည်းခိုနေထိုင်နေတဲ့သူလည်း ဖြစ်တော့ အခုလို ဝင်ပြောရတာ တော်တော်လေး စကားလုံးရွေးရပါတယ်"

ဦးလှိုင်ကျော်စကားကို အားလုံးက စိတ်ပါဝင်စားစွာ နားစွင့်နေကြသည်။

"မောင်ရှိန်းနိုင်ဟာ လူငယ်ဘာဝ ဟော့ဒီက သမီးကြီးဖွေးအပေါ်မှာ စိတ်ဝင်တစားနဲ့ မြတ်နိုးမှု စွဲလမ်းမှုရှိလို့ ဖွေးတို့ဆိုင်ကို ဝင်ထွက်သွားလာခွင့် ရှိကောင်းရှိပါတယ်။ နောက်တစ်ခါ လူငယ်ဘာဝ အရက်သေစာ သောက်စားတာလည်း ရှိကောင်းရှိနိုင်ပါတယ်။ မိန်းကလေးက သဘောတူလား မတူလားဆိုတာ မသိဘဲနဲ့ စိတ်လွတ်ကိုယ်လွတ် မိန်းကလေးမိဘများအိမ်ပေါ်တက်ပြီး လက်ဆောင်ပေးတာမျိုးကျတော့ နည်းနည်းစည်းလွတ်လာတာ တွေ့ရပါတယ်။ နောက်တစ်ခါ မူးယစ်သောက်စားပြီး ဆိုင်မှာ ဖွေးကို ဆွဲကြိုးလက်ဆောင်ပေးတာ မယူလို့ လက်မခံလို့ ပြောချင်ရာပြောသွားတာကျတော့လည်း မသင့်တော်ပြန်ဘူးပေါ့။ ဒီအထိက သူ့အတွက် ဘာမှပြဿနာမရှိသေးဘူး။ နောက်တစ်ကြိမ် ဆိုင်ကိုပြန်လာပြီးတွေ့ရာ လူကို ရိုင်းရိုင်းစိုင်းစိုင်း ဆက်ဆံတာကျတော့ တရားသဖြင့် မဟုတ်တော့ပြန်ဘူး။ မူးယစ်ရမ်းကားပြီး ဆိုင်မှာရှိတဲ့ပစ္စည်းတွေကို ဝရုန်းသုန်းကားဖြစ်အောင်လုပ်ရင်လည်း မူးယစ်ရမ်းကား မှုဆိုတာ ထောင်ဒဏ်(၇)ရက်ကနေ (၁၄)ရက်၊ ဒါမှမဟုတ် ဒဏ်ငွေ၊ ဒါမှမဟုတ် တစ်ဖက်က ကျေအေးရင် ပြီးသွားနိုင်တဲ့ကိစ္စ။ ဖွေးတို့ဆိုင်မှာ ကျွန်တော့်သား မောင်မင်းဇော်က ဝင်ပြောတာကို မောင်ရှိန်းနိုင်က မကျေနပ်လို့ လက်သီးနဲ့ထိုးမိတယ်ဆိုရင်လည်း တစ်ဖက်က ကျေအေးရင် ရနိုင်ပါသေးတယ်။ အခုလို ဓားနဲ့ထိုးလိုက်လို့ မူရဲ့ ခန္ဓာကိုယ်မှာ ထိခိုက်နာကျင်သွားရင် ထိခိုက်နာကျင်မှု ပုဒ်မ ၃၂၆ နဲ့ ငြိစွန်းရုံပါပဲ။ ဒါလည်း အရေးကြီးတဲ့မျက်လုံးလိုမျိုး ကိုယ်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အရေးကြီးတာကို ထိခိုက်နာကျင်သွားရင်၊ ကိုယ်အင်္ဂါအစိတ်အပိုင်း ဆုံးရှုံးနစ်နာသွားရင် ထောင်ဒဏ် (၂)နှစ်ကနေ ထောင်ဒဏ် အနှစ်(၂၀)အထိ အပြစ်ပေးခံရတတ်ပါတယ်။ အခုဖြစ်ပျက်သွားတာကျတော့ ဦးအုန်းနိုင်တို့သိတဲ့အတိုင်း ဒီအဆင့်တွေထက် ကျော်လွန်

http://www.cherrythitsar.org



ကုန်ပြီ။ မူ့အသက်ဆုံးရှုံးသွားပြီ။ မော်တော်ကားတိုက်မိလို့ လူသေရင် ကျေအေး လို့ရချင်ရပေမယ့် ဥပဒေအရ အနည်းဆုံး ထောင်ဒဏ်(၂)နှစ်ပါ။ အခုဟာက ဒေါသနဲ့ ဓားနဲ့ထိုးလိုက်တာလေ။ လူသေသွားပြီ၊ လူတစ်ယောက်လုံးသေသွားပြီ။ ဥပဒေအရပဲ စဉ်းစားစဉ်းစား၊ မိသားစုတစ်စုအနေနဲ့ပဲ စဉ်းစားစဉ်းစား မျှတပြီး စဉ်းစားသင့်ကြပါတယ်”

ဦးလှိုင်ကျော်စကားအဆုံးတွင် ဦးအုန်းနိုင်တို့ ငိုင်ကျသွားသည်။

“သမီးတို့တော့ မကျေအေးနိုင်ဘူး”

အေးက လူငယ်ဘာဝ သူ့ပကတိအမြင်အတိုင်း ဝင်ပြောလိုက်သည်။

“ညီမလေးဆုံးရှုံးသွားတာ ဘာနဲ့မှ အစားထိုးလို့ မရနိုင်ပါဘူး”

ဖွေးက ပြောပြောဆိုဆို မျက်ရည်တွေရစ်ဝဲလာသည်။

“ကျွန်တော် မျှမျှတတပြောမယ်နော် ဦးအုန်းနိုင်”

ဦးအောင်ကြီးက စကားကို ထိန်း၍ပြောရန် စဉ်းစားလိုက်သည်။

“တကယ်လို့များ ကျွန်တော့်သမီးလေးမူက မောင်ရှိန်းနိုင်ကို ဓားနဲ့ထိုးလိုက် လို့ မောင်ရှိန်းနိုင်သေသွားရင်၊ ဦးအုန်းနိုင်တို့မိသားစုကို ကျွန်တော်တို့က အခုလို လာတောင်းပန်ခဲ့ရင်၊ ဦးအုန်းနိုင်တို့မိသားစုတစ်စုလုံးက စိတ်တူသဘောတူ ကျေအေးနိုင်ကြပါ့မလား။ အမှုကို ရုပ်သိမ်းပေးချင်ကြပါ့မလားဆိုတာ နဖူးပေါ် လက်တင်ပြီး အိမ်မှာ စဉ်းစားကြည့်ကြစေချင်ပါတယ်။ ခင်ဗျားတို့စိတ်ထဲမှာ တကယ်ဖြစ်ပေါ်လာတာ ဘာလဲ။ အဲဒီ ဖြစ်ပေါ်လာတဲ့ အစစ်အမှန်သဘောထား ဟာ ဘာလဲ။ အဲဒါကို ပြန်စဉ်းစား။ သူများကို ပါးစပ်က လိမ်လို့ရရင် ရမယ် နော်။ ခင်ဗျားတို့ကိုယ်ခင်ဗျားတို့ ကိုယ့်ကိုယ်ကိုတော့ ဘယ်လိုမှ လိမ်လို့မရ ဘူးဗျာ။ အခု ကျွန်တော်ပြောနေတာက ကျွန်တော်တို့မိသားစုတစ်စုတည်းအတွက် ကွက်ပြီး ပြောနေတာမဟုတ်ဘူး။ ကမ္ဘာပေါ်မှာ ဒီပြစ်မှုမျိုးကျူးလွန်မိတဲ့သူတွေဟာ တရားရေးမဏ္ဍိုင်အရ ဘယ်လိုပြစ်ဒဏ်ချမှတ်ခံကြရသလဲ။ ဒါကို ကျွန်တော်တို့ စဉ်းစားရမယ်။ ဒီအချိန်မှာ ရှိန်းနိုင်ကို ကျွန်တော်က မုန်းလို့မရဘူး။ မုန်းလို့ ရှိန်းနိုင်ကို တရားရုံးမှာတွေ့တုန်း ကျွန်တော်က ဓားနဲ့ပြေးထိုးရင် အဲ့ဒီပြစ်ဒဏ်ကို ကျွန်တော်ပဲခံရမှာလေ။ အခုအချိန်မှာ မောင်ရှိန်းနိုင်ကို အဆုံးအဖြတ်ပေးနိုင်တာ က ကျွန်တော်တို့မိသားစုမဟုတ်ဘူး။ တရားဥပဒေကသာ အဆုံးအဖြတ်ပေးမှာပါ။ စိတ်ထဲရှိတိုင်းသာ ကိုယ်ထင်ရာကိုယ်ဆုံးဖြတ်၊ ကိုယ်လုပ်ချင်တာလုပ်နေကြရင် တော့ဗျာ လူတစ်ယောက်စီမှာ တန်ဖိုးဆိုတာ ဘယ်ရှိနိုင်ပါတော့မလဲ။ ဒုတိယ ကမ္ဘာစစ်ကြီး မဖြစ်ခင်တုန်းက မူဟာ (၈)တန်း ကျောင်းသူလေးပါ ဦးအုန်းနိုင်။

http://www.cherrythitsar.org



မကြာခင် ကျောင်းတွေပြန်ဖွင့်တဲ့အခါ သူ့ကို ကျွန်တော် ကျောင်းပြန်အပ်ဖို့ စဉ်းစားထားတာပါ။ သမီးလေးရဲ့ အနာဂတ်ဟာ အတိုင်းအတာမရှိပါဘူး”

ဦးအောင်ကြီးက တရားသဖြင့် ပြောပြလိုက်သည်။

“ကျွန်မတို့က စစ်အတွင်း စစ်ဘေးစစ်ဒဏ်နဲ့ လွတ်ရာလွတ်ကြောင်း ပြေးကြရတုန်းကလည်း သမီးပျိုလေးတွေနဲ့ဆိုတော့ လမ်းခရီးမှာ သူခိုးဓားပြရန်ကို နေ့ရောညပါ ကြောက်လိုက်ကြရတာ။ အဲ့ဒီတုန်းက ခုလို အုပ်ချုပ်ရေးယန္တရားက ပြန်မစသေးတော့ ဥပဒေမှမရှိတာ။ လက်နက်ရှိတဲ့လူက လက်ထဲမှာ အပ်တိုတစ်ချောင်းတောင် မရှိတဲ့သူတွေကို နှိပ်စက်ချင်ရင်လည်း လွယ်လွယ်ကူကူနှိပ်စက်ခဲ့ကြတဲ့အချိန်ဆိုကြီးမဟုတ်လား။

ဟော...အခုလို မိသားစုဘဝ အေးအေးချမ်းချမ်းနဲ့ ပြန်ပြီး စုစုစည်းစည်း လုပ်ကြကိုင်ကြမယ်လည်းကြံရော သမီးလေးခမျာ သူတစ်ပါးညှဉ်းဆဲတဲ့ဒဏ်ကို ခံရရှာပြန်တယ်။ ကံဆိုးပါတယ် မူရယ်”

ဒေါ်ပိုက်မိက သမီးလေးမူကို တမ်းတရင်း ဆို့နင့်စွာပြောလိုက်သည်။

ဦးအုန်းနိုင်က ကြံရာမရရှိလှစွာဖြင့် ထိုင်ရာကထပြီး ဝတ်ကျေတန်းကျေ နှုတ်ဆက်၍ အိမ်ပေါ်မှဆင်းသွားသည်။ ဒေါ်လွင်လွင်ဦးတို့သားအမိတစ်တွေပါ လိုက်ဆင်းသွားကြသည်။

* * *

အိမ်ပြန်ရောက်တော့လည်း ဦးအုန်းနိုင် အမောမပြေ။ နယ်မှ ယောက္ခမကြီး ဦးဘပွားရောက်နေသည်။ ရှေးကျောင်းဆရာဟောင်းကြီး ဖြစ်သည်။ ဟိုက်စကူးကျောင်းအုပ်ဆရာဟောင်းကြီးဖြစ်သည်။ ဒေါ်လွင်လွင်ဦးတို့ မိခင်တိမ်းပါးသွားသည်မှာ (၃)နှစ်စွန်းခဲ့ပြီဖြစ်သည်။ ဆရာကြီးဦးဘပွားက နယ်မြို့လေးတစ်မြို့တွင် တူ၊တူမများနှင့်နေသည်။ ရိုးရိုးအေးအေးသမားကြီးဖြစ်သည်။

ယခု မြေးဖြစ်သူ ရှိန်းနိုင် မူးယစ်ရမ်းကား လူသတ်မှုဖြစ်ပွားကြောင်း သတင်းကြားရ၍ ရန်ကုန်သို့ဆင်းလာခြင်း ဖြစ်သည်။

ဧည့်ခန်းထဲသို့ ဝင်ဝင်ချင်းပင် ဖခင်ဖြစ်သူ ဦးဘပွားက ဒေါ်လွင်လွင်ဦးအား မြေးဖြစ်သူ၏ ကိစ္စအရင်းအမြစ်ကို မေးသည်။

ဒေါ်လွင်လွင်ဦးက ပြန်ပြောပြနေရသည်။ ဦးအုန်းနိုင်က ယောက္ခမကြီး ယခုလို ရောက်လာခြင်းအတွက် စိတ်အနှောင့်အယှက်ဖြစ်နေသည်။ စိတ်ကျဉ်းကျပ်နေသည်။ သေဘဲမသေနိုင်သေးဘူးဟု အကုသိုလ်စိတ်တွေ ရင်ထဲတွင်

http://www.cherrythitsar.org



ဆူဝေနေမိသည်။

ဒေါ်လွင်လွင်ဦးနှင့် အိမ်ထောင်စကျကတည်းက ယောက္ခမကြီးက ဦးအုန်းနိုင် အပေါ်တွင် ဟက်ဟက်ပက်ပက် အရောတဝင်မရှိလှ။ ခပ်တန်းတန်း ခပ်မှန်မှန်ပင် ဆက်ဆံခဲ့သည်။

ဒေါ်လွင်လွင်ဦးတို့ကလည်း ဖခင်ကြီးရှိရာသို့ သီတင်းကျွတ်ကန်တော့ဖို့ ကိစ္စပေါ်မှသာ တစ်နှစ်တစ်ခါဆိုသလို ဝတ်ကျေတန်းကျေ သွားတတ်ကြသည်။

သားသမီးတွေကလည်း အဘိုးထံသွားလိုစိတ် ကင်းမဲ့နေတတ်ကြသည်။

" မသွားချင်ဘူး မာမီရာ...သွားရင် ဒီအဘိုးကြီးက တယ်ဆူပူဆုံးမတာပဲ။ ဒီအဘိုးကြီးရဲ့ အတွေးအခေါ် အယူအဆတွေဟာ တောကျပြီး ခေတ်နောက်ကျနေပါပြီ ဒယ်ဒီရာ"

ဟု ဦးအုန်းနိုင်တို့ ဒေါ်လွင်လွင်ဦးတို့ကို သားရှိန်းနိုင်၊ သမီးကြယ်စင်နိုင်၊ မြဒါလီနိုင်တို့က ပြောသည့်အခါတိုင်း ဦးအုန်းနိုင်ကိုယ်တိုင်က–

"ဟုတ်တယ် ဒါလင်၊ ဒါလင့်ဖားသားကြီးက လူ့ခွစာ လေ့ကြီးထိုး ရိုးရိုးကြီး ဆိုတော့ ကိုယ်တိုင်နဲ့ ဇယားမကိုက်ဘူး"

ဟု မဲ့ကာရွဲ့ကာ ပြောတတ်သည်။

တကယ်တမ်းမှာတော့ ဆရာကြီး၏သမီးအရင်းအချာဖြစ်သူ ဒေါ်လွင်လွင်ဦး ကိုယ်တိုင်က ဖခင်ကြီးထံသွားရတာ စိတ်မပါခဲ့။ ဖခင်ကြီး ရန်ကုန်သို့ ခေတ္တခဏ ရောက်လာမည်ကိုပင် စိုးရိမ်နေတတ်သည်။

ဖခင်ကြီးနှင့်တွေ့တိုင်း နားမဆံ့အောင် ကြားရတတ်သော ဆိုဆုံးမစကားများ ကို ခါးသီးလှသည်။ မကြားချင်။

ယခု သား ရှိန်းနိုင်ကိစ္စပေါ်တော့ ဖခင်ကြီး ယခုလို ရောက်လာခြင်းကိုပင် ဒေါ်လွင်လွင်ဦးမှာ စိတ်ကျဉ်းကျပ်ပူလောင်အိုက်စပ်နေမိသည်။

ဆရာကြီးဦးဘပွားက ဒေါ်လွင်လွင်ဦးပြန်ပြောပြသမျှ ရှိန်းနိုင်ကိစ္စကို နားထောင်နေရာက ဦးအုန်းနိုင်ကိုလည်း လှမ်း...လှမ်း...အကဲခတ်သည်။

"ငါလာတာ မင်းတို့မကြိုက်ဘူးဆိုတာ ငါသိပါတယ်"

ရုတ်တရက်ပြောချလိုက်သော ဦးဘပွားစကားကြောင့် လင်မယားနှစ်ယောက် နှင့် မြေးတွေက အံ့အားသင့်သွားကြသည်။

"သိတာပေါ့ကွာ၊ ငယ်ရာကကြီးလာတာပဲ၊ ကျောင်းဆရာဘဝမှာ တပည့် အမျိုးမျိုးနဲ့ ဆက်ဆံလာတာပဲ။ မျက်နှာရိပ်မျက်နှာကဲ ကြည့်လိုက်တာနဲ့ အကဲခတ် တတ်ပါတယ်။ မင်းတို့မိသားစု သီတင်းကျွတ်လာကန်တော့တိုင်း ကန်တော့တိုင်း

http://www.cherrythitsar.org



ငါပြောဆိုဆုံးမခဲ့တာတွေဟာ မင်းတို့နားနဲ့မဆံ့အောင် များခဲ့ပြီဆိုတော့ ငါလည်း သိတယ်၊ မင်းတို့လည်းသိတယ်။ လူကြီးဆိုတာ ကြိုသိတယ်၊ ကြိုမြင်တယ်၊ ကြိုပြီး ရင်လေးတတ်တယ်။ ဒါကြောင့် ကြိုပြီး ဆုံးမခဲ့တာ။ သွန်သင်ခဲ့တာ။ အလကားနေရင်း အကြောင်းမရှိ အကြောင်းရှာပြီး မင်းတို့ကို ဆရာကြီးလုပ် နေတာမဟုတ်ဘူး။ ဆရာကြီးလုပ်ပြီး နားပူအောင်လုပ်ခဲ့တာမဟုတ်ဘူး။ အခုတော့ မိုင်ကုန်သွားပြီ။ ဖြစ်မယ့်ဖြစ်တော့ လူသတ်မှုကြီး။ မင်းတို့မိသားစုကို ငါဆုံးမစရာ မလိုတော့ဘူး။ လောကဓံတရားက မင်းတို့ကို ဆုံးမနေပြီလေ။ ငါ့ကိုယ်စား လောကဓံတရားက မင်းတို့ကို ဆုံးမနေပြီမဟုတ်လား။ ငါ အခုလာတာက ငါ့မြေးလေးအတွက်လာတာ။ ငါ့မြေးလေးကို ထောင်ကြီးချုပ်ကနေ တရားရုံးကို ရုံးထုတ်တဲ့နေ့ကျရင် တွေ့ချင်လို့လာတာ။ ပုထုဇဉ်ဆိုတော့ သံယောဇဉ်က မကုန်နိုင်သေးဘူးလေ။ အခုကိစ္စက ငါလည်းမကယ်နိုင်ဘူး။ မင်းတို့လည်း မကယ်နိုင်ဘူး။ တရားဥပဒေရဲ့ အဆုံးအမကို နာခံကြရတော့မယ်ကွ”

ဆရာကြီးက သမာသမတ်မျှတစွာ ပြောလိုက်သည်။

ဒေါ်လွင်လွင်ဦးက ရှိုက်ကြီးတငင် ငိုချလိုက်သည်။

“သမီးမိန်းကလေးတွေ ကျန်သေးတယ်။ မင်းတို့ ဘယ်လိုရှေ့ဆက်စခန်း သွားကြမလဲ။ သားသမီးကို နိုင်နင်းအောင်၊ လမ်းမှားမရောက်အောင် ဇက်ကို ကိုင်ထားချင်ရင် ဇက်ကိုကိုင်ထားတဲ့ လက်ပိုင်ရှင်ဖြစ်တဲ့ မိဘတွေက ပြောတာ ဆိုတာ၊ လုပ်တာကိုင်တာ၊ နေတာထိုင်တာ စိတ်ရင်းဖြူစင်ရိုးသားပြီး အနေမှန်ကန် ဖို့ လိုတယ်။ အခု သားလေးပျက်စီးသွားပြီ။ သမီးလေးတွေကျတော့ တစ်ချက်မှား တာနဲ့ အဖတ်ဆယ်လို့ကို ရတော့မှာမဟုတ်ဘူး။

အခုတစ်ခေါက်လာတာ မင်းတို့အိမ်မှာတည်းမှာ မဟုတ်ဘူး။ အလုံရပ်ကွက် ထဲက ငါ့မိတ်ဆွေ ကျောင်းဆရာကြီး ဦးညီညီတို့အိမ်မှာ သွားတည်းမှာ။ ငါ့မြေး လေးကို ရုံးထုတ်တဲ့နေ့ကျမှ တရားရုံးကို ငါလာခဲ့မယ်။ ကဲ...ငါသွားမယ်”

ဆရာကြီးဦးဘပွားက နှုတ်ဆက်၍ ထ,ပြန်သွားတော့ ငေးကျန်ရစ်ခဲ့ကြ သည်။

ဦးအုန်းနိုင်ရော ဒေါ်လွင်လွင်ဦးပါ ငိုင်ဆင်းသွားကြသည်။ ကြယ်စင်နိုင်နှင့် မြဒါလီနိုင်တို့ကို လှမ်းကြည့်လိုက်သည်။

“ကိုယ်က သူတစ်ပါးသားပျိုသမီးပျိုကို ငွေထုပ်ပိုက်ပြီး ဖျက်ဆီးရင် ကိုယ့် သားပျိုသမီးပျိုကိုလည်း ရာထူး၊ စည်းစိမ်၊ ငွေ အရှိန်အဝါတွေနဲ့ ဖျက်ဆီးမယ့် သူက ပေါ်လာမှာ သေချာတယ်”

http://www.cherrythitsar.org



တစ်ခါက ယောက္ခမကြီး ဆိုဆုံးမခဲ့ဖူးသော စကားတချို့က ဦးအုန်းနိုင်၏ ရင်ဝကို လာ၍ ဆောင့်...ဆောင့်နေသည်။

ဝဋ်ဆိုတာ ရှိလား။ ရှိလို့လား။ ရှိခဲ့ရင် ငါ ဝဋ်လည်ဦးမှာလား။ အရက်ဗီရိုကြီးဆီသို့ ဦးအုန်းနိုင် လှမ်းကြည့်လိုက်သည်။ စိတ်၏ ကြေကွဲလှုပ်ရှားမှုကို အရက်နှင့် ဖြေဖျောက်ရန် ကြံရွယ်လိုက်သည်။

ထိုစဉ်မှာပင် အိမ်တံခါးဝသို့ သစ်တောဘက်ဆိုင်ရာ အရာရှိ(၂)ဦးနှင့် ရဲ အရာရှိ (၁)ဦး၊ ရဲသား (၃)ယောက် ရောက်လာကြသည်။

"ဘာကိစ္စများပါလဲ"

ဦးအုန်းနိုင်က လှမ်းမေးလိုက်သည်။

"ဝင်ခွင့်ပြုပါ ဦးအုန်းနိုင်၊ ကျွန်တော်တို့မှာ ဖမ်းဝရမ်း ပါလာပါတယ်"

ရဲအရာရှိက လှမ်းပြောသည်။

"ဖမ်းဝရမ်း...ဟုတ်လား...ဘာ,ဖမ်းဝရမ်းလဲ"

ဦးအုန်းနိုင်က အထစ်ထစ်အငေါ့ငေါ့ဖြင့် မေးလိုက်သည်။

"တံခါးလာဖွင့်ပေးပါဦး ဦးအုန်းနိုင်"

သစ်တောဘက်ဆိုင်ရာ အရာရှိတစ်ယောက်ကပြောသည်။ ဦးအုန်းနိုင် မျက်ရိပ်ပြလိုက်သဖြင့် အိမ်ဖော်တစ်ဦးက တံခါးသော့ဖွင့်ပေးလိုက်သည်။

"ကဲ...ပြောကြစမ်းပါဦး၊ လာရင်းကိစ္စကို"

ဦးအုန်းနိုင်က စိတ်ရှုပ်ထွေးစွာဖြင့် မေးလိုက်သည်။

"ရိုးမသစ်တောကြိုးဝိုင်းမှာ တရားမဝင် သစ်တွေခိုးထုတ်နေတဲ့ကိစ္စနဲ့ ပတ်သက်ပြီး ခင်ဗျားကြိုးဝိုင်းထဲက ကာလီဆိုတဲ့ကောင်ရဲ့ ဖြောင့်ချက်ထဲမှာ ဒီအစီအစဉ်အားလုံးကို ခင်ဗျားခိုင်းခဲ့တာပါလို့ ပါနေတယ် ဦးအုန်းနိုင်။ နောက်ထပ် ခင်ဗျားရဲ့ တပည့်တစ်ယောက်ဖြစ်တဲ့ ခင်မောင်ကို မသင်္ကာလို့ ခေါ်စစ်လိုက်တော့ သူ့ထွက်ချက်ထဲမှာလည်း ငွေပေးငွေယူ စာရင်းဇယားအတိအကျနဲ့ ခင်ဗျား ကျူးလွန်ထားတာတွေ သိခဲ့ရတယ်"

"ခွေးမသားတွေ...သစ္စာဖောက်တွေ"

သွေးရူးသွေးတန်းဖြင့် ဦးအုန်းနိုင် အော်ဟစ်လိုက်သည်။

ဒေါ်လွင်လွင်ဦးရော သမီးများပါ ကြက်သေ,သေ၍ ငေးကြည့်နေမိကြသည်။

"ကဲ...ဝတ္တရားအရလုပ်ရတာပါ ဦးအုန်းနိုင်၊ စိတ်တော့မရှိပါနဲ့ဗျာ"

ရဲအရာရှိက ရဲသားတစ်ယောက်ကို လက်ဟန်ခြေဟန်ပြလိုက်ရာ ရဲသားက ဦးအုန်းနိုင်ကို လက်ထိပ်ခတ်လိုက်သည်။

http://www.cherrythitsar.org



ဇနီးနှင့် သမီးနှစ်ယောက် ချုံးပွဲချ ငိုလိုက်ကြသည်။ ခယ်မဖြစ်သူ ဒေါ်လွင်လွင်ထွေး ပြေးထွက်လာကာ ကြောင်စီစီကြီး ငိုင်ကြည့်နေသည်။

ဦးအုန်းနိုင်သည် အရူးကြီးတစ်ယောက်လို သူ့တပည့်တွေနာမည်ကို အော်ဟစ်ရေရွတ်ကာ ရန့်ရင်းကြမ်းတမ်း ရိုင်းစိုင်းစွာ ဆဲဆိုလိုက်ပေသည်။

* * *

“ဘယ်လိုလဲဗျ ဦးဘပွား၊ သမီးတွေ သမက်တွေ မြေးတွေအတွက် တော် တော်သံဝေဂရနေပြီလား”

ဆရာကြီးဦးညီညီက အပေါ်ထပ်ဝရန်တာတွင်ထိုင်ကာ အိမ်ရှေ့ရှိ ကုက္ကိုရွက်တွေ တဖွဲဖွဲကြွေနေသော မြင်ကွင်းကို ငေးမောနေသည့် ဆရာကြီးဦးဘပွား အား ဆေးပြင်းလိပ်ဘူးလှမ်းပေးရင်းက မေးလိုက်သည်။ ဆေးပြင်းလိပ်ဘူးမှာ အထက်အညာဒေသ ပုဂံညောင်ဦးဘက်မှ တပည့်တစ်ဦး လက်ဆောင်ပေးပို့လိုက်သော ယွန်းဘူးဖြစ်သည်။ ဘူးပေါ်တွင် ကနုတ်ကွက်များ ဖော်ထားရာ မြန်မာမှုအနုလက်ရာသန့်သန့်ကို တွေ့ရပေသည်။

“ဖြစ်ခြင်း ပျက်ခြင်းတွေပေါ့ ကိုညီညီရာ”

ဦးဘပွားက ဆေးပြင်းလိပ်တစ်လိပ်ကို နှိုက်ယူမီးညှိရှိုက်ဖွာရင်းက ဖြည်းညင်းစွာ သက်ပြင်းချလိုက်သည်။

“အမှန်တော့ လူ့ဘဝဆိုတာ ပျင်းရိငြီးငွေ့ခြောက်သွေ့စရာကြီးပဲ မဟုတ်လား။ အဲဒီလို ပျင်းရိငြီးငွေ့ခြောက်သွေ့နေကြရတဲ့အထဲမှာ ဆုံးရှုံးနစ်နာစရာတွေဖြစ်အောင် သူတို့ကိုယ်သူတို့ ဖွတ်တိုးဖန်တီးခဲ့ကြတာတော့ ဘယ်သူမပြုမိမိမှုလို့ပဲ ဆိုရတော့မှာပေါ့ဗျာ”

ဦးဘပွားက ညည်းညူလိုက်မိသည်။

“သားဖြစ်သူက ငါ့အဖေအရက်သောက်သလို ငါလည်းသောက်တယ်ကွ၊ ဘာဖြစ်သေးလဲ။ ငါ့အဖေ မိန်းမပွေသလို ရှုပ်သလို ငါလည်း ပွေတယ်ကွဆိုပြီး တစ်စခန်းထလာတော့ ဒီကိန်းဆိုက်ရရှာတယ်။ အခု သမီးမိန်းကလေးတွေက လည်း တာစူနေကြပြီလေ။ ငါတို့အမေတောင် ဒီလိုဝတ်သေးတာ ဒီလိုသွားသေး တာ ဒီလိုပျော်သေးတာဆိုပြီး တာစူနေကြပြီလေ”

ဦးဘပွား ဆက်ပြောနေသည်။ ဦးညီညီက ရေနွေးကြမ်းတစ်ခွက်ငှဲ့သောက်ရင်းက

http://www.cherrythitsar.org



"မိဘခြေရာတဲ့၊ အမိအဖရဲ့ ကောင်းသောခြေရာလက်ရာကို အမွေဆက်ခံ သော သားကောင်းသမီးကောင်းများ ရှိတတ်ကြသလို အမိအဖရဲ့ မကောင်းသော ခြေရာလက်ရာ အကျင့်သိက္ခာ၊ စရိုက်လက္ခဏာအတိုင်း ပြုမူကျင့်ကြံသော မှားယွင်းတဲ့ သားသမီးများလည်း ရှိတတ်ကြတယ်ဆိုတာ အခုကိစ္စမှာ ခင်ဗျားနဲ့ ကျွန်တော် လက်တွေ့ကြားရ သိရ မြင်ရပြီပေါ့ဗျာ"

ဟု ပြောသည်။ ဝရန်တာသို့ ဦးညီညီ၏သမီးလတ်ဖြစ်သူ မခင်မေဝင်း ရောက်လာသည်။

"ကျောင်းဝင်းစောင့် ကိုစိန် သူ့လခ လာထုတ်တယ်ဖေဖေ"

"ကျောင်းစာရေး ဦးကျော့ဆီ သွားထုတ်ခိုင်းလိုက်လေကွယ် သမီး"

"ကျောင်းပိတ်ရက်မို့ ဦးကျော့တို့ မအူပင်ခဏပြန်သွားကြလို့ပါဖေဖေ"

"အေးကွယ်...မောင်စိန့်ကို ဖေဖေ့ဆီလွှတ်လိုက်ပါ။ သူ့လခ တစ်လ ဘယ်လောက်ထုတ်ရလဲမေးပြီး ဖေဖေစိုက်ထုတ်ပေးလိုက်ပါ့မယ်"

"ဟုတ်ကဲ့ပါဖေဖေ"

ခင်မေဝင်း အောက်ထပ်သို့ဆင်းသွားသည်။ ခဏကြာတော့ လူလတ်ပိုင်း တစ်ယောက် တက်လာသည်။

"ထိုင်ဟေ့ မောင်စိန်"

"ဟုတ်ကဲ့ပါ ဆရာကြီး"

မောင်စိန်က မလှမ်းမကမ်းရှိ ခုံပုလေးတစ်လုံးတွင် ခပ်ယို့ယို့ဝင်ထိုင်သည်။ လူပုံက ဗလကောင်းကောင်း၊ အရပ်ပျပ်ပျပ်၊ အသားညိုညို၊ မျက်နှာပေါက် ကြမ်းကြမ်း။ အသံပြာစူးစူး။

"ကျောင်းပိတ်ထားတုန်း အိမ်မပြန်ဘဲ ကျောင်းဝင်းထဲက တဲလေးထဲမှာပဲ နေတယ်ဆို မောင်စိန်"

ဆရာကြီးဦးညီညီကမေးသည်။

"ခုလို လခထုတ်ရက်တော့ ခဏပြန်ပြီး အမေအိုကြီးနဲ့ မိန်းမကို လခ အကုန်အပ်ပါတယ် ဆရာကြီး"

"ဒီလိုလည်း ဘယ်ဟုတ်မလဲ မောင်စိန်ရဲ့။ မိသားစုရှိတဲ့သူဆိုတာ မိသားစု ကိစ္စ၊ သာရေးနာရေးကိစ္စ ရှိသေးတယ်မဟုတ်လား။ နောက်ပြီး အိမ်ထောင်ဦးစီး ယောကျ်ားဆိုတာ အကြောင်းတစ်စုံတစ်ရာမရှိဘဲ မိမိရဲ့မိသားစု၊ မိမိရဲ့ အိမ်ထောင် နဲ့ အကြောင်းမဲ့ ခွဲခွာပြီး တာရှည်မနေသင့်ဘူး"

"အကြောင်းပေါ်လာလို့ ခုလိုခွဲပြီးနေရတာပါ ဆရာကြီး"

http://www.cherrythitsar.org



"ဘယ်လိုအကြောင်းများပါလိမ့် မောင်စိန်ရာ...ကဲ...ကဲ...မင်းကိစ္စ နောက်မှ ဆက်ပြောကြရအောင်၊ ရော့ ရေနွေးသောက်ပါဦး။ လက်ဖက်ကြိုက်တတ်ရင် လည်း စားကွာ မောင်စိန်"

"ကျေးဇူးတင်ပါတယ် ဆရာကြီး၊ ကျွန်တော် စောစောကပဲ ထမင်းစားထား လို့ပါ။ ရေနွေးတော့ သောက်ပါ့မယ်"

ကိုစိန်က ရေနွေးကြမ်းတစ်ခွက်ငှဲ့သောက်သည်။ ညာဘက်နားရွက်တွင် ညှပ်လာခဲ့သော ဆေးပေါ့လိပ်တိုကို ညာလက်ဖြင့် ဖြုတ်ယူကာ မီးညှိဖွာရှိုက်သည်။

"ကဲ...ဆိုစမ်းပါဦး မင်းကိစ္စ၊ သိခွင့်ရရင် သိချင်လို့မေးတာနော်၊ မင်းစိတ်ထဲ မပြောချင်ရင်လည်း ဆရာ့ကို အားမနာနဲ့၊ မပြောဘဲနေလို့ရတယ်"

"မဟုတ်တာ ဆရာကြီးရယ်၊ ဒီကျောင်းဝင်းထဲမှာ ဆရာကြီးဟာ ကျွန်တော် တို့မိဘပါ။ ကျွန်တော့်ကိစ္စ ပြောပြပါ့မယ်"

"ကဲ...ဒါဆိုလည်း ဆရာ့ပြောပြစမ်းပါဦး"

"ကျွန်တော်က အရက်သမားပါ ဆရာကြီး"

"ဟေ...မင်းမူးတာ ငါ တစ်ခါမှလည်း သတင်းသဲ့သဲ့တောင် မကြားရဖူး ပါလား"

"ကျွန်တော်က အလုပ်ချိန်မှာ တစ်နေကုန် အရက်မသောက်ပါဘူး။ ကျောင်း စောင့်လခနဲ့ မလောက်ငတော့ မြက်ခုတ်တာ၊ တံမြက်စည်းလှဲတာ၊ နီးစပ်ရာ ကျောင်းသားမိဘတွေအိမ်မှာ သာရေးနာရေးရှိလို့ ထင်းခွဲ၊ ရေခပ် အောက်ခြေသိမ်း ခေါ်ခိုင်းတာကအစ ကျပန်းအလုပ်တွေ ကျွန်တော်လုပ်လို့ရတဲ့ပိုက်ဆံနဲ့ သောက်ပါ တယ်။ ကျောင်းစောင့်အလုပ်ကရတဲ့ လခကိုတော့ အမေအိုကြီးနဲ့ မိန်းမကို အကုန် အပ်ပါတယ်။ ညဘက် အိမ်မှာ ထမင်းစားခါနီးကျမှ အိပ်ပျော်စားဝင်အောင် ချက်အရက် တစ်ပိုင်းတစ်ပိုင်းသောက်ပါတယ်။ ကြာတော့ မသောက်ရရင် မနေ နိုင် ဖြစ်လာပါတယ်။ ကြားပေါက်အလုပ်တွေ ပိုလုပ်လာရပါတယ်။ ကျွန်တော့်မှာ သားလေးက တစ်ယောက်၊ သမီးလေးက တစ်ယောက် ရှိပါတယ်။ သားလေးက လူပျိုပေါက်ပါ။ ဒီကျောင်းမှာ (၇)တန်းတက်နေပါပြီ။ သမီးလေးက (၄)တန်း တက်နေပါတယ်။ ကျွန်တော့်မိန်းမကလည်း ကျွန်တော့်လခတစ်ခုတည်းနဲ့ မလောက်မှန်းသိတော့ သူလည်း နီးစပ်ရာအိမ်တွေမှာ အဝတ်လျှော်ရင်း အပို ပိုက်ဆံရှာရပါတယ်။

ကျွန်တော်က အရက်သောက်ပြီးရင် အိမ်မှာ ဆူဆူပူပူမလုပ်တတ်၊ မရမ်း တတ်ပါဘူး။ ထမင်းစားပြီး အိပ်ရာထဲဝင်လိုက်တာပါပဲ။

http://www.cherrythitsar.org



ဒါပေမယ့် ဒီလို အပိုကြားပေါက်အလုပ်လုပ်လို့ရတဲ့ ပိုက်ဆံလေးတွေကို အိမ်ပြန်မအပ်ဘဲ ညတိုင်း အရက်တစ်ပိုင်းတစ်ပိုင်း သောက်တာကို မကျေနပ်တဲ့သူ တစ်ယောက် ပေါ်လာပါတယ်"

"ဘယ်သူလဲကွ၊ မင်းအမေလား၊ မင်းမိန်းမလား"

"မဟုတ်ပါဘူးဆရာကြီး၊ ကျွန်တော့်သားပါ"

"ဟေ...ဟုတ်လား၊ ကဲ...ပြောစမ်းပါဦး။ သူက မကျေနပ်တော့ ဘယ့်နှယ် လုပ်သလဲ"

"ကျွန်တော်မဝယ်နိုင်တာတွေ ဝယ်ပေးဖို့ ပူဆာပါတယ်။ ဆရာကြီးသိတဲ့ အတိုင်း ကျောင်းမှာက ပိုက်ဆံရှိ လူချမ်းသာ သားသမီးများလည်းရှိတော့ အဲ့ဒီ ကလေးတွေကိုင်တဲ့,သုံးတဲ့ အသုံးအဆောင်ပစ္စည်းမျိုးတွေ ဝယ်ခိုင်းပါတယ်"

"ဒီတော့ မင်းက ဘယ်လိုဖြေရှင်းလဲ"

"ပထမတော့ ဩော်...ကျွန်တော့်သားလေးဟာ လူငယ်သဘာဝ ကလေး သဘာဝ လိုချင်မက်မောတတ်လို့ ဖအေကို ပူဆာရှာတာပဲလေဆိုတဲ့ ကိုယ်ချင်းစာ စိတ်နဲ့ ကျွန်တော်ဟာ စနေ၊ တနင်္ဂနွေ ကျောင်းပိတ်ရက်မျိုးမှာ ဗိုလ်တထောင် ဆိပ်ကမ်းတို့ ထီးတန်းဆိပ်ကမ်းတို့မှာ ကုန် သွား,သွားထမ်းပါတယ်။ ရတဲ့ငွေနဲ့ သူလိုချင်တဲ့ ပစ္စည်းတစ်မျိုးမျိုးကို ရအောင်ဝယ်ပေးပါတယ်။ သူက သဘောရိုးနဲ့ မှမဟုတ်တာ ဆရာကြီးရဲ့။ ဖအေကို ပညာပြနေတာကိုး။ ဒီနေ့ ဒီတစ်မျိုးဝယ်ပေး ရင် နောက်တစ်နေ့ နောက်တစ်မျိုး ထပ်ဝယ်ခိုင်းတယ်။ ကြာတော့ ကျွန်တော့်မှာ ဝန်နဲ့အားနဲ့မမျှ ဖြစ်လာတယ်။ သားရယ် ဒီပစ္စည်းမျိုးတော့ အဖေ မဝယ်ပေးနိုင် ဘူးကွာလို့ တောင်းပန်ပေမယ့်လည်း လက်မခံဘူး။ သားသမီးမွေးထားရင် တာဝန်ဆိုတာရှိတယ်။ အရက်ကျတော့ သောက်တတ်ပြီး သားသမီးကျတော့ လိုချင်တာ ဝယ်မပေးတတ်ဘူးလားဆိုပြီး အကျပ်ကိုင်ပါလေရောခင်ဗျ"

"အင်း...မင်းဒုက္ခကလည်း မသေးလှပါလား မောင်စိန်"

"ပထမတော့ သူကျေနပ်အောင် ကျွန်တော် အရက်မသောက်ဘဲ ကြိတ်မှိတ် အိပ်ကြည့်ပါသေးတယ် ဆရာကြီး။ ရတ်တရက် တုံးတိကြီး ဖြတ်ချလိုက်တော့ နေကုန်နေခန်း လူကလည်းပင်ပန်း၊ ညကျတော့လည်း အိပ်မပျော်စားမဝင် ကတုန် ကယင်နဲ့ ဂယောင်ချောက်ချား အတော်ခံစားရပါတယ် ဆရာကြီး။ အမေနဲ့ မိန်းမ က သားလေးကို ဝိုင်းတောင်းပန်ကြတယ်။ သားရယ်၊ မင်းအဖေလည်း တတ်နိုင် သမျှ ဝယ်ချမ်းပေးရှာတာပဲဥစ္စာ၊ သူ့ခမျာ အိပ်မပျော်စားမဝင် ဖြစ်နေရှာတယ်။ သိပ် စိတ်ဆင်းရဲအောင်မလုပ်ပါနဲ့သားရယ်လို့ ဝိုင်းပြောတော့ ပြောလိုက်တဲ့

http://www.cherrythitsar.org



စကားက ရင်ထဲကို နင့်သွားတာပဲခင်ဗျာ"

ကိုစိန်မှာ ပြင်ပသွင်ပြင်လက္ခဏာအရ ရုပ်ကြမ်းကြီးဖြစ်သော်ငြား၊ သူ့သား လေးပြောလိုက်သည့် စကားလုံးများ၏ဒဏ်ကို သူ့နှလုံးသားက မခံနိုင်၍ထင့်။ စကားပြောရင်း ဆို့နင့်စွာဖြင့် မျက်ရည်တွေ ရစ်ဝဲလာလေသည်။

စကားအဆုံးတွင် ကိုစိန် မျက်ရည် တစ်ပေါက်ချင်း ကျလာသည်။

တစ်ချိန်လုံး နံဘေးမှ ထိုင်နားထောင်နေသော ဆရာကြီး ဦးဘပွားက

"ဒီကလေး တော်တော်မိုက်တာပဲ။ ဖအေအရက်စွဲနေတာကို ဆေးရုံမှာ ဆရာဝန်ရဲ့ညွှန်ကြားချက်နဲ့ ဆေးကောင်းဝါးကောင်းတွေနဲ့ ဖြတ်ရင်ရတဲ့ဥစ္စာကွာ"

ဟု မချိတင်ကဲ ဝင်ပြောသည်။

"ဒါကို ကျွန်တော်လုပ်လို့ရပါတယ် ဆရာကြီး။ ဆင်းရဲနေတာကို ရုတ်တရက် ချမ်းသာလာအောင် ကျွန်တော် မလုပ်နိုင်သေးသရွေ့တော့ ဒီအိမ်ပေါ် ကျွန်တော် ပြန်တက်ဖို့ မကောင်းလှသေးပါဘူး ဆရာကြီး"

ကိုစိန့်စကားကို နားထောင်ရင်းက ဆရာကြီး ဦးညီညီက

"ကျောင်းဖွင့်တဲ့နေ့ကျရင် ဒီကလေးကို ဆရာကြီးရုံးခန်းခေါ်ပြီး နားလည် သဘောပေါက်အောင် ဖျောင်းဖျဆုံးမပေးပါ့မယ်ကွာ"

ဟု ပြောသည်။ ကိုစိန်က ဖြည်းညင်းစွာ ခေါင်းခါပြပြီး ပြောပြသည်။

"သူ အခု ကျောင်းထွက်သွားပါပြီ ဆရာကြီး"

"ဘာကြောင့် ကျောင်းထွက်ရသလဲကွာ"

ကြည့်မြင်တိုင် အိုးဘိုတန်းက ဆရာကြီးဦးလှကျောင်းကို ပြောင်းသွားပါတယ် ခင်ဗျာ"

"တယ်ခက်တဲ့ကလေးပဲ။ ကဲ...ရော့...မင်းလခ ဆရာ စိုက်ထုတ်ပေးလိုက် မယ်"

ဆရာကြီး ဦးညီညီက ဘလေဇာကုတ်အင်္ကျီ ဘာဘက်အိတ်ထဲမှ ပိုက်ဆံ အနည်းငယ်ကို ထုတ်ယူရေတွက်ကာ လှမ်းပေးလိုက်သည်။ ကိုစိန်က ရိုသေစွာ လက်နှစ်ဖက်နှင့် လှမ်းယူရင်း အိမ်ပေါ်မှ ပြန်ဆင်းသွားသည်။

"မူးပြီး ရမ်းတာမရမ်းတာ၊ အိမ်ကို ဒုက္ခပေးတာ မပေးတာ အသာထား။ အရက်သမားဖြစ်နေတာတော့ မောင်စိန်အတွက် မကောင်းဘူး။ ပြီးတော့ ဖအေ ဖြစ်သူရဲ့ စီးပွားရေးအဆင်မပြေမှု အားနည်းချက်ပျော့ကွက်ကို နင်းပြီး သားသမီးက ခုလို မိဘကို စော်ကားတာတော့ တော်တော်မှားတယ်"

"အဓိက,ကတော့ မောင်စိန် အသုံးမကျတာဘဲ။ သူ အရက်စွဲနေတော့ သူ့

http://www.cherrythitsar.org



သားလေးက ဆင်းရဲရတဲ့ကြားထဲမှာ တစ်ကိုယ်ကောင်းဆန်ပြီး အရက်ဖိုးကျတော့ ကျန်အောင်ချန်တတ်ရသလားဆိုတဲ့ အစွဲက ဒီကလေးဦးနှောက်ထဲ ဝင်သွားပြီး လေဗျာ၊ လူ့ဘဝမှာ စားချင်တာမစားရ၊ ဝတ်ချင်တာမဝတ်ရ၊ မုန့်ဖိုးပဲဖိုးလေး တောင်မှ သူငယ်ချင်းအပေါင်းအသင်းတွေနဲ့ မူးတင်းပဲတင်း သုံးခွင့်မရရှာတော့ ကလေးဘက်ကလည်း ပယောဂဝင်ပြီပေါ့ဗျာ။ ဖအေအပေါ်မှာ အပြစ်မြင်ရင်း သူတောင် ဒီလိုဖြစ်နေသေးတာ ငါလည်း ရွံ့တယ်ကွာဆိုပြီး ဖောဖောသီသီ၊ သုံးရစွဲရ ဝတ်ရအောင် ဖြတ်လမ်းနည်းနဲ့ ဒုစရိုက်မှုတွေ ကျူးလွန်လာရင် ဒီကလေး ဘဝ မနစ်မွန်းပေဘူးလား”

“ဘယ်လိုနည်းနဲ့ပဲကြည့်ကြည့် မိဘသည်သာ အခရာပဲ ကိုညီညီ”

“ဟုတ်တယ်နော် ဦးဘပွား၊ မိသားစုတစ်စုမှာ ဆင်းရဲတာ၊ ချမ်းသာတာ ထက် သူ့ဘက်ကိုယ့်ဘက် ဘက်ညီအောင် မျှတပြီး နေတတ်ထိုင်တတ်ဖို့ ပြော တတ်ဆိုတတ်ဖို့က အတော်ခဲယဉ်းတာပဲ”

“လူ…လေဗျာ၊ လူဆိုတာ မှားတတ်တာကိုး။ သားသမီးမျက်စိရှေ့မှာ မိဘက မှားမိတာရှိမှာပဲ။ အဲ့ဒီအမှားဟာ သားသမီးအတွက် သံဝေဂမဟုတ်ဘဲ အာဃာတ ဖြစ်သွားရင် ရေရှည်မှာ ပြိုကွဲပျက်စီးဖို့ဆိုတာ ဘာမှမခဲယဉ်းတော့ဘူး”

*　*　*

ဒေါ်လွင်လွင်ဦးကား ယခုရက်ပိုင်းအတွင်း သိသိသာသာကြီး ချုံးကျသွား သည်။ လူရောစိတ်ပါ ပင်ပန်းနေသည်။ သားဖြစ်သူ ရှိန်းနိုင်ကို တရားသူကြီးက စွဲချက်တင်သင့်သည်ဟု ယူဆ၍ စွဲချက်တင်လိုက်ပြီ ဖြစ်သည်။

ခင်ပွန်းဖြစ်သူ ဦးအုန်းနိုင်၏ သစ်ခိုးဂိုဏ်းအမှုကြီးမှာလည်း သက်ဆိုင်ရာ နယ်မြေပိုင် မြို့ကလေးရှိ တရားရုံးတွင် စစ်ဆေးရမည်မို့ ဦးအုန်းနိုင်မှာ အဆိုပါ မြို့ကလေးရှိ အချုပ်သို့ လက်ထိပ်တန်းလန်းနှင့် လိုက်ပါသွားရလေသည်။

ဦးအုန်းနိုင်၏အမှုမှာ အမှုကြီးဖြစ်သဖြင့် အာမခံမရခဲ့ပေ။

ဆရာကြီးဦးဘပွားမှာ သမီးမိုက်၏သောကကို မကြည့်ရက်နိုင်သဖြင့် မြေး ဖြစ်သူ ရှိန်းနိုင်၏ ရုံးချိန်းကိစ္စ၊ သမက်ဖြစ်သူ၏ ရုံးချိန်းကိစ္စတို့အတွက် သမီး နှင့်အတူ ရန်ကုန်ရုံးရော နယ်ရုံးသို့ပါ အဖော်လိုက်ပေး စောင့်ရှောက်ပေးနေရ လေသည်။

“ဖေဖေပင်ပန်းနေပါ့မယ်၊ နယ်ရုံးကို အဖော်မလိုက်ပါနဲ့”

ဟု သမီး ဒေါ်လွင်လွင်ဦးက ပြောသော်လည်း မရ။

http://www.cherrythitsar.org



"ဖြစ်လာကြမှတော့ ဖေဖေ ကျန်းမာနေသရွေ့ လိုက်ရမှာပေါ့ သမီးရယ်၊ အရေးကြီးတာက ထိုက်သင့်တဲ့အပြစ်ဒဏ်တွေ သူတို့ ခံယူကြပြီးရင် ရှေ့ဆက် မမိုက်မဲကြဖို့ပါပဲ။ သူတို့လိမ္မာရင် ဖေဖေတို့ ပင်ပန်းခံရကျိုးနပ်ပါတယ်"

ဟု ဦးဘပွားက သမီးဖြစ်သူကို နှစ်သိမ့်သည်။

တရားသူကြီးက စွဲချက်တင်လိုက်ပြီဖြစ်သဖြင့် နောက်ရုံးချိန်းများတွင် ရှိန်းနိုင် ဘက်က ပြန်ခေါ်သက်သေများကို မေးမြန်းရလေသည်။

ပြန်ခေါ်သက်သေများဖြစ်ကြသော ရပ်ရှင်ရုံမှ ဖွေးတို့ဆိုင်၏ ဆိုင်နီးနားချင်း များကလည်း မူလတရားရုံးတွင် စတင်စစ်ဆေးစဉ်တုန်းကအတိုင်းပင် အတိမ်း အစောင်းမရှိ ပြန်လည်ဖြေကြားထွက်ဆိုသွားကြရာ ရှိန်းနိုင်၏အမှုမှာ နောက်ဆုံး လျှောက်လဲချက်အဆင့်သို့ ရောက်ရှိလာရလေသည်။

ရှိန်းနိုင်ဘက်မှ လိုက်ပါဆောင်ရွက်ရသော ရှေ့နေဦးသန်းထိုက်ကလည်း ရှိန်းနိုင်အတွက် လျှောက်လဲချက်ကို အကောင်းဆုံး ရေးသားကာ ရုံးတော်သို့ တင်ပြရန် ပြင်ဆင်ပြီးဖြစ်သည်။

"လျှောက်လဲချက်မှာတော့ အခု အကြမ်းဖျင်း ဖတ်ကြည့်ရသလောက်ဆိုရင် ရှိန်းနိုင်ဟာ သေဆုံးသူ မူ့အပေါ်မှာ ရန်ငြိုးရန်စ မရှိသလို တစ်ဦးနှင့်တစ်ဦး အပြန်အလှန် စကားပြောခဲ့ရတဲ့ မူတို့ဆိုင်က မင်းဇော်နဲ့လည်း ရန်ငြိုးရန်စ မရှိခဲ့တာ ပေါ်လွင်ပါတယ်။

ရှိန်းနိုင်ဟာ ဒီဆိုင်ကို ဒုတိယအကြိမ် ရောက်လာစဉ်မှာလည်း မနက်တုန်းက ပထမအကြိမ်လာစဉ်တုန်းကလိုပဲ အရက်သေစာသောက်စားထားမိတာ ပေါ်လွင် ပါတယ်။

နောက်ပြီး ဒုတိယအကြိမ် ဒီဆိုင်ကိုလာစဉ်မှာ ရှိန်းနိုင်ဟာ မင်းဇော်၊ မူ တို့ကိုတွေ့ဖို့ ကြိုတင်စီစဉ်ပြီး လာတာမဟုတ်သလို သေဆုံးသွားတဲ့ မူနဲ့ ဘေးက မင်းဇော်ကို ဓားနဲ့ထိုးမယ်လို့လည်း ကြိုတင်ကြံရွယ်ပြီး လာတာမဟုတ်ကြောင်း ပေါ်လွင်ပါတယ်။ ရှိန်းနိုင်အဓိကတွေ့ချင်တာ သူ့စိတ်ထဲမှာ စုံမက်နှစ်သက်နေတဲ့ ဖွေးဖြစ်ပြီး ဖွေးမရှိကြောင်းနဲ့ မနှောင့်ယှက်ဖို့ပြောတဲ့ မူနဲ့ တောင်းပန်စကားပြော တဲ့ မင်းဇော်ကို ရှိန်းနိုင်ဟာ အရက်သောက်ထားတဲ့အရှိန်နဲ့ မချေမငံ ပြောဆို ဆက်ဆံရင်း ဒေါသအလျောက် တွေ့ရာဓားကို ကောက်ယူပြီး မင်းဇော်ကို အထိုး မှာ မူက ကြောက်အားလန့်အားနဲ့ ဝင်အတား ဓားသွားက မူ့ကို စိုက်ဝင်သွား တော့ ဒီအဖြစ်အပျက်တွေ ဖြစ်ပွားဖို့ ရှိန်းနိုင်ဟာ ဘာမှ ကြိုတင်စီစဉ်ကြံရွယ် မထားဘူးဆိုတာ သိသာပါတယ်။ ရှိန်းနိုင်ဟာ လူဆိုးစာရင်း မှတ်တမ်းဝင် မဟုတ်

http://www.cherrythitsar.org



ဘူး။ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ တစ်မျိုးမျိုးကို တစ်ကြိမ်မှ ကျူးလွန်ဖူးသူ မဟုတ်ဘူး။ ကောလိပ်ကျောင်းသား ပညာတတ်လူငယ်တစ်ယောက် ဖြစ်တယ် ဆိုတာလည်း သိသာပါတယ်။

ကြိုတင်ကြံရွယ်ပြီး မသေမချင်း ရက်စက်ကြမ်းကြုတ်စွာ အငြိုးတကြီး သတ်ဖြတ်သော လူသတ်မှုမဟုတ်တဲ့အတွက် လို့ အစချီပြီး ရှိန်းနိုင်ဘက်က အတတ်နိုင်ဆုံး ကာကွယ်လျှောက်လဲချက်ပေးထားတာ ကောင်းပါတယ် ဦးသန်း ထိုက်”

ရှိန်းနိုင်၏ အဘိုးဖြစ်သူ ဦးဘပွားက ရှေ့နေဦးသန်းထိုက်ကို သွားရောက် တွေ့ဆုံပြီး အမှုအခြေအနေ မေးမြန်းရင်း ဦးသန်းထိုက်က ပုဂ္ဂိုလ်ရေးအရ ကြိုတင် ပေးဖတ်သည့် လျှောက်လဲချက်စာမူကြမ်းအပေါ်တွင် သူ့ထင်မြင်ချက်ကို ပြောပြခဲ့ သည်။

နယ်တရားရုံး ရုံးချိန်းမှာတုန်းကတော့ သမက်ဖြစ်သူ ဦးအုန်းနိုင်ဘက်က လိုက်ပါဆောင်ရွက်သည့် အကျိုးဆောင်နှင့် ဆွေးနွေးကြည့်ရာ ဦးဘပွားအနေဖြင့် သိပ်ပြီး အားရကျေနပ်ဖွယ် မကြုံခဲ့ရပေ။

အမှုက ထင်ရှားခိုင်လုံနေသည်ကို သုံးသပ်ခဲ့ရ၏။

ယခု ရှိန်းနိုင်အမှုမှာလည်း ထင်ရှားခိုင်လုံနေသည်သာ ဖြစ်၏။ ပြစ်ဒဏ် အနည်းအများကိုသာလျှင် ရုံးတော်၏ ဆုံးဖြတ်ချက်ကို နာခံဖို့ အချိန်ရောက်ရပေ တော့သည်။

နယ်တရားရုံးတွင် သစ်ခိုးမှု ရင်ဆိုင်နေရသော ဦးအုန်းနိုင်မှာလည်း ရန်ကုန် စက်ရှင်တရားသူကြီးရုံးတော်မှ သား ရှိန်းနိုင်အပေါ် မည်သို့ ပြစ်ဒဏ်ချမှတ်မည် ဆိုသည်ကိုသာ အချုပ်ခန်းအတွင်းမှ ရင်တထိတ်ထိတ်ဖြင့် သတင်းနားစွင့်နေရပေ သည်။ သားလေးအတွက် ရလဒ်သည် ဘာလဲ။ မိမိအတွက် အဖြေသည် ဘာလဲ။ မိသားစု၏ ရှေ့ခရီးကား ဘယ်လဲ။

* * *

အိပ်ပျော်နေသော ပိတောက်ဖူးကလေးများကား ပြန်လည်နိုးထခဲ့ကြရပြန် ပေပြီ။

နှစ်တစ်နှစ် သစ်ခဲ့ရပြန်လေပြီတကား။ ဒုတိယကမ္ဘာစစ်ကြီး၏ စစ်ဘေး စစ်ဒဏ်ကို ငုံ့ခံခဲ့ကြရသော မန္တလေးမြို့သူမြို့သားများမှာ သင်္ကြန်၏ ရသကို ယခုမှ ပြန်လည်စတင်ခံစားကြရပေပြီ။

သီဟရတနာစာပေ

http://www.cherrythitsar.org



"ချစ်ခင်ကြတဲ့ အားလုံး× × × မိတ်ဆွေ× × × နေ့တိုင်းပဲ× × × သတိရတယ်လေ× × × "

မန္တလေးမြို့မအသင်းသားများ ဖွဲ့စည်းတည်ထောင်ထားသည့် မြို့မတေးဂီတအဖွဲ့ကားကြီးက ဦးလှိုင်ကျော်တို့ အိမ်သစ်ကလေးရှေ့မှ တရွေ့ရွေ့ ညင်သာစွာ ဖြတ်မောင်းလာသည်။

ဦးအောင်ကြီးတို့မိသားစုနှင့် ဦးလှိုင်ကျော်တို့ သားအမိသားအဖ(၃)ယောက်မှာ မန္တလေးရတနာပုံနေပြည်တော်၏ လှပသော ဂီတရသနကို တအံ့တသြ ငေးမောကြည့်ရှု နားစွင့်နေမိကြသည်။

"အခါတော်ရောက်ရှိန်× × × နီးလို့သာနေ× × × ဒေါ်ဒေါ်မမ× × × ညီမတို့ရေ× × × အသည်းစွဲချစ်မိတ်ဆွေ× × × မြို့မချစ်မိတ်ဆွေ× × × "

မြို့မတေးဂီတအဖွဲ့ကားကြီးကား မန်းမန္တလာ၏ သင်္ကြန်ခါ ညကမ္ဘာတွင် မီးရောင်စုံ ထိန်လင်းကာ တစ်လမ်းဝင်တစ်လမ်းထွက် ဖျော်ဖြေနေသည်။

ဦးလှိုင်ကျော်၏ညီမဖြစ်သူ မန်းရွှေမြို့သူ ဒေါ်နှင်းရည်က ဧည့်သည်များအား ဝမ်းသာအားရဖြင့်...

"ဒါ ဆရာမြို့မငြိမ်းရေးတဲ့ ပြည်တော်ဝင်သီချင်း..."

ဟု ပြောပြသည်။

"သီချင်းနာမည်လေးက ကောင်းလိုက်တာနော်၊ ပြည်တော်ဝင်တဲ့"

ဖွေးက ခပ်တိုးတိုးကလေး မှတ်ချက်ချတော့ ဒေါ်နှင်းရည်က

"ဆရာမြို့မငြိမ်းရေးတဲ့ ရည်ရွယ်ချက်ကလည်း ကောင်းတယ်လေ"

ဟု ပြောပြန်သဖြင့် ကိုမင်းဇော်ကပါ စိတ်ဝင်စားလာပြီး

"ဆရာမြို့မငြိမ်းက ဒီသီချင်းကို ဘယ်လိုရည်ရွယ်ချက်နဲ့ ရေးတာတဲ့လဲ ဒေါ်လေးနှင်း"

ဟု မေးလိုက်သည်။ ဒေါ်လေးနှင်းက သူ့တူတော်မောင်သာမက ရန်ကုန်မှ ခေတ္တလာရောက်လည်ပတ်ကြသော ဦးအောင်ကြီးတို့မိသားစုကိုပါ ပြည်တော်ဝင်သီချင်းနှင့် ပတ်သက်၍ ရှင်းပြလိုက်သည်။

"ဒုတိယကမ္ဘာစစ်ကြီးဖြစ်တော့ မန္တလေးမြို့သူမြို့သားတွေဟာ စိတ်ထောင်းလို့ကိုယ်ကြေ၊ စစ်ပြေးဘဝတွေနဲ့ ဧရာဝတီမြစ်ကြီးရဲ့ တစ်ဖက်ကမ်း၊ တောင်ရိုးတန်းစစ်ကိုင်းဘက်မှာ ရှောင်ရှားရှောင်တိမ်းနေခဲ့ကြရတယ်လေ။ မန္တလေး မြို့မတေးဂီတအဖွဲ့သားတွေလည်း အပါအဝင်ပေါ့။ ခုတော့ ဒုတိယကမ္ဘာစစ်ကြီးလည်း ပြီးသွားပြီ။ မန္တလေးမြို့ကြီးမှာလည်း ပြန်လည်ထူထောင်ရေးတွေလုပ်၊ အိမ်သစ်

http://www.cherrythitsar.org



တွေဆောက်ပြီး လူတွေစည်ကားပျော်ရွှင်စပြုပြီ။ သင်္ကြန်လည်းကျပြီ။ ဒါကြောင့်မို့ ချစ်ကြခင်ကြတဲ့ မန်းသူမန်းသားတွေ ပျော်ရွှင်ကြည်နူးကြဖို့ အခါတော်ရောက်ချိန်နီးပြီ။ မြန်မာပြည်လွတ်လပ်ရေးလည်း ရခါနီးပြီ။ ချစ်စရာကောင်းတဲ့ တာသင်္ကြန်ရက်မှာ မြို့မဂီတကားကြီးနဲ့ ပြည်တော်ဝင်ကြစို့ရဲ့ဆိုပြီး ဆရာမြို့မငြိမ်းက ဒီသီချင်းကို ရေးလိုက်တာလေ”

တဲ့။

“အင်း…ဒေါ်နှင်းရည်ပြောပြတော့မှပဲ ဆရာငြိမ်းရဲ့ ဂီတစေတနာ ဂီတမေတ္တာကို ပိုသိရတော့တယ်ဗျာ၊ ကျွန်တော်တို့ကတော့ အသက်အရွယ်လေးရလာပြီ ဆိုတော့ နာမည်ကြီးလှတဲ့ ခင်ဗျားတို့ မန္တလေးသင်္ကြန်ကို အိမ်ထဲမှာ ခြံထဲမှာ နေပြီးတော့ပဲ နားစွင့်ပါတော့မယ်။ ဒီက လူငယ်လူရွယ်တွေသာ လွတ်လွတ် လပ်လပ် သွားနိုင်လာနိုင်ကြဖို့ စက်ဘီးလေးဘာလေး စီစဉ်ပေးပါဗျာ”

ဦးအောင်ကြီးစကားကြောင့် ဒေါ်ပိုက်မိက မျက်စောင်းတစ်ချက်ခဲရင်း

“လူတိုင်းစေ့ စီးဖို့ စက်ဘီးက ဘယ်ရှိမှာတုန်းတော့”

ဟု ပြောလိုက်သည်။

“လူစေ့အောင် စက်ဘီးရှိလည်း ဖွေးတို့က မစီးတတ်ကြပါဘူး ဒေါ်လေးနှင်းရဲ့”

ဟု ဖွေးက ဝင်ပြောတော့ သူ့ညီမအေးနှင့် သက်သက်တို့ကပါ သူတို့လည်း စက်ဘီးမစီးတတ်ကြောင်း ပြောသဖြင့် အားလုံး ဝိုင်းရယ်ကြလေသည်။

“စက်ဘီးမစီးတတ်ရင် ဆိုက်ကားတို့ မြင်းလှည်းတို့နဲ့ လည်လို့ရပါတယ်ဗျ”

ဒေါ်နှင်းရည်၏သမီး ကိုမင်းဇော်၏ ညီမဝမ်းကွဲ ဆွေလွင်က ဝင်ပြောလိုက်ရာ နံဘေးခြံမှ ဆွေလွင်၏သူငယ်ချင်း အိအိခိုင်က

“ညဘက်ဆို သင်္ကြန်က တိုးမပေါက်အောင် မဏ္ဍပ်တွေ စည်တာဗျ။ ကျွန်တော်တို့တော့ ညဘက်ဆို လမ်းလျှောက်ရင်း ကြည့်တယ်။ စက်ဘီးနဲ့ဆို ပိုကောင်းတာပေါ့နော်”

ဟု ကျွန်တော်,ခင်ဗျနှင့် မန်းသူလေးပီသစွာ ပြောပြရှာ၏။

“ကဲ…ဒါဆို ငါ့သား မောင်မင်းဇော်က ဦးဆောင်ပြီး မင်းနှမတွေကို မဏ္ဍပ် တွေ လိုက်ပြလိုက်ပေါ့ကွာ”

ဦးလှိုင်ကျော်က ပြောသည်။

“ဟာ…ဖေဖေကလည်း သားက မန္တလေးကို သိပ်မကျွမ်းကျင်ပါဘူး။ မက်ထရစ် ဆယ်တန်းဖြေတဲ့နှစ်က နွေရာသီမှာ မေမေ့ကျန်းမာရေးအရ ပြင်ဦးလွင်ကို တက်

http://www.cherrythitsar.org



အနားယူဖို့အလာ အခုလိုပဲ ဒေါ်လေးနှင်းတို့အိမ်ဝင် တစ်ထောက်နားတုန်းကသာ မန္တလေးမြေကို ခြေချဖူးတာမဟုတ်လား"

ကိုမင်းဇော်စကားကြောင့် သူ့ညီမ ဆွေလွင်က

"ကိုကိုနော်...ဟိုတုန်းကနဲ့ မတူဘူး။ အခု ကိုကိုတို့က ဒီမှာ ခြံလည်းဝယ်၊ အိမ်လည်းဆောက်ထားပြီးပြီဆိုတော့ ကိုကို မန္တလေးသား ဖြစ်သွားပြီ။ မန္တလေးသားဆိုရင် မန္တလေးကလမ်းတွေကို ဝင်တတ်ထွက်တတ် သွားတတ်လာတတ် အောင် လုပ်ထားဗျ"

ဟု ဝင်ပြောတော့ ကိုမင်းဇော်က ခေါင်းခါပြသည်။

"ကိုကို ဘာလို့ ခေါင်းယမ်းတာလဲဗျ"

ဆွေလွင်က မေးသည်။

"ကိုကိုတို့က ဖွေးညီမ မူမူနဲ့ပတ်သက်တဲ့ အမှုကိစ္စကြီး ပြီးသွားတာရယ်၊ မန္တလေးမှာဆောက်ထားတဲ့ အိမ်အသစ်ကို ဖေဖေက စိတ်ပြေလက်ပျောက် မိသားစု လိုက်လည်ကြဖို့ ဖွေးတို့မိသားစုကို အလည်ခေါ်တာရယ်ကြောင့်သာ ကိုကိုက အဖော်လိုက်လာပေးတာ။ ဒီအိမ်,မှာ ဖေဖေနဲ့မေမေပဲ နေကြမှာ"

ကိုမင်းဇော်စကားကြောင့် ဆွေလွင်က နားလည်ရခက်သွားဟန်တူသည်။

"ကိုကို့စကားကို ဆွေလွင် သဘောမရှင်းပါဘူးဗျာ"

"ကိုကိုက ရန်ကုန်မှာ မေလ(၂၅)ရက်နေ့ဆို အလုပ်ဝင်ဖို့ ခန့်စာရပြီးသား ဗျ။ ရေကြောင်းဌာန မီးပြဌာနခွဲမှာ အရာရှိငယ်အဖြစ် ကိုကို အလုပ်ရပြီလေ။ ဟိုးပင်လယ်ကြီးထဲကို ခဏခဏသွားပြီး စစ်ဆေးရေးတွေ ဖြည့်တင်းရေးတွေ လုပ်ပေးရမှာဆိုတော့ ရန်ကုန်မှာပဲ အနေများတော့မှာပေါ့။ ဆွေလွင်တို့ မန္တလေး ကို တစ်ခါတလေမှ ခွင့်ယူပြီး လာမှာပေါ့"

"သြော်...ဒီလိုလား၊ ရန်ကုန်မှာကျတော့ ကိုကိုက ဘယ်မှာနေမှာလဲ"

ထိုအမေးကိုတော့ ဦးအောင်ကြီးက ရယ်ကာပြုံးကာနှင့် ဝင်ပြောပြလိုက်သည်။

"ဘဘတို့ကလည်း ဦးလှိုင်ကျော်တို့ဖိတ်လို့ ခုလို မန္တလေးနဲ့စစ်ကိုင်းမှာ ဘုရားတွေဖူးပြီး ပြင်ဦးလွင်ကို ခဏတက်လည်ကြမယ်။ အဲ့ဒီကပြန်ဆင်းလာရင် သမီးတို့ဆီမှာ တစ်ညနှစ်ညလောက် နားပြီး ရန်ကုန်ကို ပြန်ကြရမှာကိုးကွယ့်။ ရန်ကုန်ပြန်ရောက်ရင် ဘဘရယ် ဟော့ဒီက သမီးအေးရယ်က ဘဘဆက်သွယ် ထားတဲ့ လုပ်ငန်းကိစ္စတွေနဲ့ စင်ကာပူနိုင်ငံကို ခဏသွားကြရမယ်။ ဘဘတို့အိမ်မှာ ဆွေရင်းသားရင်းလို စောင့်ရှောက်ဖို့ မောင်မင်းဇော်ကို ထားရစ်ခဲ့ရမယ်လေ။

http://www.cherrythitsar.org



မောင်မင်းဇော် အလုပ်ဆင်းတော့လည်း ဘဘတို့အိမ်ကပဲ ဆင်းပါလို့ သူ့ကိုရော ဦးလှိုင်ကျော်တို့ကိုပါ ဘဘက ပြောထားပြီးသားပါ"

"ဩော်...ဒါဆိုရင် ဆွေလွင်တို့ကိစ္စရှိလို့ ရန်ကုန်ဆင်းတဲ့အခါ ကိုကိုနဲ့တွေ့ချင်ရင် ဘဘတို့အိမ်ကို လာရမှာပေါ့နော်"

"ဟုတ်တယ် ညီမရဲ့။ ညီမကို ဖွေးတို့အိမ်လိပ်စာ ပေးထားမယ်နော်"

ဖွေးက ဆွေလွင့်ပခုံးလေးကို တယုတယ လှမ်းဖက်ရင်းက ပြောလိုက်သည်။

ခပ်ဝေးဝေးဆီမှ သင်္ကြန်သင်္ကေတ၊ ဗုံတိုတီးသံသဲ့သဲ့ကို ကြားရသည်။ တရွေ့ရွေ့ဝေးသွားပြီဖြစ်သော မြို့မတေးဂီတကားကြီးဆီမှ လေမှုတ်ကိရိယာ တူရိယာသံတချို့ကိုလည်း ခပ်ဝေ့ဝေ့ ကြားနေရသည်။

"ကဲ...လာကွာ ဆွေလွင်၊ ဧည့်သည်တွေကို သင်္ကြန်လျှောက်ပြကြရအောင်"

အိအိခိုင်က စက်ဘီး(၂)စီး ဆွဲယူလာသည်။

"တစ်စီးမှာက ဖွေးနဲ့ ဆွေလွင်၊ နောက်တစ်စီးမှာက အေးနဲ့ ကျွန်တော်၊ ဆွေလွင်တို့အိမ်က ဘီးကိုတော့ ကိုကိုကစီးပေါ့ဗျာ"

အိအိခိုင်က စက်ဘီးခွဲတမ်းချနေသည်။

"ပြန်လာမှ အိပ်ရာဝင်ခါနီး ကော်ဖီပူပူသောက်ကြပေါ့ကွယ်"

ဒေါ်နှင်းရည်က လှမ်းပြောတော့ လူငယ်တွေက စက်ဘီးကိုယ်စီဖြင့် ခြံထဲမှ ထွက်ခွာသွားကြပြီ ဖြစ်၏။

မန္တလေးမြို့၏ ညဥ့်လေပြည်ကား တမာရနံ့လေးတွေ သင်းသင်းမွှေးနေလေသည်။ ကောင်းကင်တွင် တိမ်ညိုလည်း ကင်းစင်နေ၏။

"လမ်းမသိ ဆွေလွင့်နောက်လိုက်ဟေ့"

ကိုမင်းဇော်က သူ့ညီမကို နောက်ဘက်မှ စက်ဘီးနင်းနေရင်းက လှမ်းစသည်။

"ဒါပဲနော်...မျက်ခြေပြတ်ပြီး ကိုကိုတစ်ယောက်တည်း ကျန်ရစ်ခဲ့ရင်တော့ ကျွန်တော်က ထားရစ်ခဲ့မှာဗျ"

ဆွေလွင်က လှမ်းအော်သည်။ ဖွေးက ဆွေလွင်၏ စက်ဘီးနောက်ခုံလေးတွင် ညင်သာစွာ ထိုင်လိုက်လာရင်းက ကိုမင်းဇော်ကို လှမ်းကြည့်သည်။

မန္တလေးကျုံးရေပြင်ကို ဘေးချင်းယှဥ်ကာ နင်းနေကြပြန်သည်။

"ညဘက် ရေမပက်ဘူးနော်"

ရှေ့ဆုံးစက်ဘီးမှ ဖွေးက အိအိခိုင်ကို မေးသည်။

"မနက်စောစောဆို ပက်ပြီဗျ။ ညနေဆို နားကြတယ်လေ"

"သင်္ကြန်မဏ္ဍပ်တွေကို နောက်တော့မှ လျှောက်ကြည့်ကြတာပေါ့။ ဒီအကြော်

http://www.cherrythitsar.org



ဆိုင်ကလေးမှာ ခဏထိုင်ကြရအောင်”

ငွေလရောင်ရိပ်၊ ကျုံးနံဘေး မြက်ခင်းစိမ်းမြပေါ်မှ အကြော်ဆိုင်လေး တစ် ဆိုင်ကို အောက်လင်းဓာတ်မီးရိပ်တွင် တိတ်တိတ်ငြိမ်ငြိမ် တွေ့ရသဖြင့် ဖွေးက အသံစူးစူးနှင့် ပြောလိုက်တော့ ရှေ့ကဘီးရော နောက်ဆုံးကဘီးပါ အရှိန်လျော့ ရပ်တန့်လိုက်ကြသည်။

အကြော်ဆိုင်လေးမှာ ထိုင်ကြသည်။ ဖျာတွေခင်းထား၍ ရန်ကုန်ကဆိုင်တွေ လို ထိုင်ခုံနှင့်မဟုတ်ပါလားဟု ဖွေးက တွေးနေသည်။

မန္တလေးပဲကြော်၊ ဘူးသီးကြော်၊ နီကိုဥကြော်၊ ကြက်သွန်ကြော်တွေ စုံလင်လှ သည်။ ရေနွေးပူပူနှင့် ခံတွင်းတွေ့လှသည်။

ကောင်းကင်မှ အနက်ရောင် ပိုမိုဖျော့တော့လာသည်။ စင်ကြယ်သော ငွေလ ရောင်က ထင်းခနဲ ပြူပြူ,လာသည်။

မန္တလေးကျုံးရေပြင်က ကောင်းကင်မှ လ,ရောင်၏အကြည်ဓာတ်ကို လက်ရပ် ခေါ်လျက်ရှိသည်။

“အေးအေးဆေးဆေး သုံးဆောင်ကြပါနော်။ အချဉ်ရည်တွေဘာတွေ လိုတာ ရှိလည်း ပြောကြနော်”

ဆိုင်ပိုင်ရှင်ဖြစ်သူ အဒေါ်ကြီးက ဖော်ရွေပျူငှာစွာ ပြောနေသည်။ သူတို့ အကြော်ဆိုင်ကလေးမှာ မိသားစုသုံးယောက်သာရှိသော ဆိုင်ကလေးဖြစ်ဟန်တူ သည်။ အဒေါ်ကြီးက အကြော်,ကြော်နေသည်။ သမီးဖြစ်ဟန်တူသော မိန်းမပျို လေးတစ်ဦးက လိုအပ်တာများကို လိုက်ချပေးနေသည်။ အဒေါ်ကြီး၏ ခင်ပွန်းဖြစ် ဟန်တူသော ဘကြီးတစ်ယောက်က အောက်လင်းဓာတ်မီးအလင်းရောင်အောက် တွင် သတင်းစာဖတ်နေသည်။

“ဘာသတင်းထူးများ ပါသေးလဲ ဘကြီး”

ကိုမင်းဇော်က ကြက်သွန်ကြော်တစ်ဖဲ့ကို တစိမ့်စိမ့်ဝါးရင်း ရေနွေးကြမ်း တစ်ငုံသောက်ရာက လှမ်းမေးလိုက်သည်။

“အဘတို့ မြန်မာတွေ လွတ်လပ်ရေးကတော့ နီးပြီ ငါ့တူရဲ့။ သတင်းတွေ ထူးတယ်၊ ကောင်းတယ်ကွ”

ဘကြီးက ဝမ်းသာအားရ ပြောနေသည်။ ကိုမင်းဇော်ကလည်း ဝမ်းသာမိပြီး

“ပြောပါဦးဘကြီးရဲ့ သတင်းထူးတာ သိပါရစေ”

ဟု မေးလိုက်သည်။

“သတင်းစာထဲမှာတော့ မြန်မာ့လွတ်လပ်ရေးခေါင်းဆောင်ကြီးတွေဟာ

http://www.cherrythitsar.org



ပြီးခဲ့တဲ့ တစ်လပိုင်း(၁၃)ရက်က အင်္ဂလန်မှာ သွားပြီး လန်ဒန်က ဝန်ကြီးချုပ် အက်တလီနဲ့ ဆွေးနွေးကြတာလည်း ဘကြီးတို့ ဖတ်ရပြီးပြီ။ အဲ့ဒီလ (၂၈)ရက်နေ့က

စာချုပ်လက်မှတ်ရေးထိုးပြီးကြပြီလေ။ ပြန်တောင်ရောက်နေကြပြီ။ ပြီးခဲ့တဲ့ မတ်လ(၂၁)ရက်နေ့က စစ်ကိုင်းမှာ တရားလာဟောသွားကြသေးတယ်။ အခု သင်္ကြန်ပြီးပြီးချင်း၊ လာမယ့်ဧပြီလ (၂၈)ရက်နေ့လောက်မှာ မြန်မာ့လွတ်လပ်ရေး ခေါင်းဆောင်ကြီးတွေဟာ ပြင်ဦးလွင်ကတစ်ဆင့် ဘကြီးတို့မန္တလေးကို ဆင်းလာမယ်လို့ သတင်းကောင်းတွေ ကြားရတယ် ငါ့တူရဲ့"

"ကျွန်တော်တို့ ရန်ကုန်ကမလာခင်တော့ သတင်းစာတစ်စောင်ထဲမှာ မြန်မာ့လွတ်လပ်ရေးခေါင်းဆောင်ကြီးတွေဟာ အခု ဧပြီလ(၁၈)ရက် သင်္ကြန်အပြီးမှာ မင်္ဂလာရှိတဲ့ နှစ်သစ်ကူးမိန့်ခွန်းပြောဦးမယ်ဆိုပါလား"

"ကောင်းတာပေါ့ကွာ၊ လွတ်လပ်ရေးရပြီးရင်တော့ ဘကြီးတို့မန္တလေးမြို့ကြီး ပိုပြီး စည်ကားလာတော့မှာပဲဟေ့။ ဒါနဲ့ ငါ့တူတို့က ရန်ကုန်ကလား"

"ဟုတ်ကဲ့"

"ရန်ကုန်ရော စစ်ဘေးစစ်ဒဏ် အတော်ခံလိုက်ရလား"

"လိမ့်နေအောင်ခံရတာပေါ့ ဘကြီးရယ်၊ ကျွန်တော်တို့ဆို အိမ်ခြေယာခြေကို ပျက်သွားတာပဲ။ အခု မန္တလေးက အဒေါ်ဆောက်ပေးတဲ့အိမ်မှာ ကျွန်တော့်မိဘ တွေ လာနေကြရတော့မယ်လေ၊ လွတ်လပ်ရေးရပြီးရင် ဖေဖေကတော့ မန္တလေး မှာရော ရန်ကုန်မှာရော ဆေးရုံတွေ၊ သံဃာ့ဆေးရုံတွေ၊ စာသင်ကျောင်းတွေကို သူ့ချွေးနဲ့စာတချို့ လှူမယ်တဲ့။ ဘကြီးတို့က ဘယ်အရပ်မှာ နေကြတာပါလဲ"

"ဘကြီးတို့က အရှေ့ပြင် (၅)မှတ် ဂါတ်နားက ခေါင်းအုံးတန်းမှာနေတယ် ကွ။ ရောက်တဲ့အခါ ဝင်လည်ကွာ၊ ဘကြီးနာမယ် မှတ်ထား ဖိုးထင်တဲ့"

ကိုမင်းဇော်တို့ စကားစအပြတ်တွင် ဆွေလွင်က ကျသင့်ငွေများ အကြော်ဆိုင် ကိုရှင်းကာ သင်္ကြန်မဏ္ဍပ်များ ဆက်ကြည့်ဖို့ ဟန်ပြင်သည်။

အကြော်ဆိုင်မှဘကြီးကို နှုတ်ဆက်ကာ ကိုမင်းဇော်တို့ ထွက်ခဲ့ကြသည်။

* * *

လူငယ်များ သင်္ကြန်ညကိုခံစားရန် ထွက်လည်နေကြဆဲတွင် ကျန်ရစ်သူ လူကြီးများက ကော်ဖီခွက်ကိုယ်စီဖြင့် စကားဝိုင်းဖွဲ့နေကြသည်။

http://www.cherrythitsar.org



"ဒါဆိုရင် အဲ့ဒီရှိန်းနိုင်ဆိုတဲ့ ကောင်လေး ထောင်(၁၀)နှစ်ကျသွားတာပေါ့ နော်"

ဒေါ်နှင်းရည်က ဦးလှိုင်ကျော်တို့ကို မေးနေသည်။

"၁၀ နှစ်ဆိုတာ အများကြီး ကံကောင်းပါတယ်။ အသက်အရွယ်အရရော၊ ကျူးလွန်မိတဲ့ ပြစ်မှုအပေါ်မှာရော၊ ကျူးလွန်ပုံ ကျူးလွန်နည်းအပေါ်မှာရော အဘက်ဘက်က စဉ်းစားချင့်ချိန်ပြီး တရားသူကြီးက ဥပဒေရှုဒေါင့်အရ ၁၀ နှစ်လို့ အမိန့်ချလိုက်တာပါ။ တရားသူကြီး စီရင်ချက်ချတာ မျှတပါတယ်"

ဦးလှိုင်ကျော်က ပြောပြနေသည်။

"အကုသိုလ်များ တယ်ကြောက်စရာကောင်းတာပဲ။ ဒီကောင်လေးအဖေ ဦးအုန်းနိုင်ကလည်း သစ်ကိစ္စနဲ့ နယ်တရားရုံးတစ်ခုက (၅)နှစ် အပြစ်ပေးလိုက်တယ်"

ဦးအောင်ကြီးက ဒေါ်နှင်းရည်ကို ပြောပြတော့...

"အစ်ကိုကြီးတို့ပြောပြသလိုဆိုရင်တော့ အဲဒီမိသားစုဟာ အကုသိုလ်လို့လည်း ပြောလို့ရသလို သူတို့လုပ်ရပ်တွေက သူတို့ကို ဒုက္ခပြန်ပေးသွားတာပဲပေါ့နော်။ အတော်ကြောက်စရာကောင်းပါတယ်။ အစ်ကိုကြီးတို့ပြန်ပြောပြတာ နားထောင်ရတော့မှပဲ ဒီကတူလေး မောင်မင်းဇော်နဲ့ အစ်မကြီး ဒေါ်ပိုက်မိတို့မိသားစုနဲ့ ပင်လယ်ကြီးထဲမှာ ဒုတိယကမ္ဘာစစ်ကြီးဖြစ်နေတုန်း တွေ့ရကြုံရတာလည်း ရေးရေစက်လို့ ဆိုကြရမှာပေါ့နော်"

ဒေါ်နှင်းရည်က တအံ့တသြ ပြောနေသည်။

"တို့တစ်တွေ ကစဉ့်ကလျား ဖြစ်နေချိန်မှာ သားလေးကို သူတို့မိသားစုက လူနဲ့သူနဲ့တူအောင် ခေါ်စောင့်ရှောက်ထားတာ ကျေးဇူးကြီးတယ်ဟေ့ မနှင်းရည်"

အစ်ကိုဖြစ်သူ ဦးလှိုင်ကျော်က ပြန်ပြောပြနေသည်။

"ဒီကလေးကလည်း မန္တလေးမှာ အဒေါ်တစ်ယောက်လုံး ရှိနေတာတောင်မှ ရန်ကုန်ပြန်ရောက်ရောက်ချင်း ခဏလောက် တက်လာရင် ပြီးရော။ ခုတော့ သူ့စိတ်ကူးနဲ့သူ ရန်ကုန်မှာ မိဘသတင်းစုံစမ်းရင်း ဟိုရောက်သည်ရောက် ရောက်နေတာ ပြန်ကြားရတော့ ကျွန်မရင်ထဲမှာ တကယ့်ကို စိတ်မကောင်းဖြစ်မိတယ်"

"လူငယ်ဆိုတာ ဒီအတိုင်းပဲ။ တစ်ခါတစ်ခါ သူတို့ထင်တာသာ မှန်တယ်ဆိုပြီး စိတ်ကူးတည့်ရာ လုပ်တတ်ကြတဲ့ သဘာဝရှိတယ်"

"မန္တလေးမှာနေရတဲ့ အဒေါ်ဆိုတော့ ဒီကလေးစိတ်ထဲမှာ အနေဝေးလို့

http://www.cherrythitsar.org



စိမ်းချင်စိမ်းနေမှာပါ။ နှင်းကတော့ အနေဝေးပေမယ့် ကိုယ့်အစ်ကိုရဲ့သားကို ကိုယ့်သားအရင်းလေးလိုပဲ ငယ်ငယ်ကတည်းက ချစ်ခဲ့ရတာပါ"

ဒေါ်နှင်းရည် စကားပြောရင်း ဝမ်းနည်းဆို့နင့်သွားသည်။

"အဲဒါနော် နှင်းရဲ့တူတော်မောင်ကိုတွေ့ရင် တည့်တည့်ဆိုင်ဆိုင် မေးဖြစ်အောင်မေးကြည့်။ မြက သူ့ကို အမြဲပြောတယ်။ မန္တလေးက သားရဲ့ဒေါ်လေးနှင်းကိုလည်း အဆက်အသွယ်မပြတ်စေနဲ့ဆိုတာ အမြဲပြောပါတယ်"

ကိုမင်းဇော်၏မေမေ ဒေါ်ခင်ခင်မြကလည်း ယောက်မဖြစ်သူ ဒေါ်နှင်းရည်ကို သားနှင့်ပတ်သက်ပြီး ပြောပြသည်။

"အနေဝေးလို့ စိမ်းတာတော့ ဟုတ်မယ်မထင်ပါဘူး။ လူငယ်သဘာဝ သူ နေတတ်သလို နေမိခဲ့တာလည်း ဖြစ်ချင်ဖြစ်ပါလိမ့်မယ်။ ပြီးတော့ မောင်မင်းဇော်က ပင်လယ်ထဲမှာ အနေကြာခဲ့ရသူမဟုတ်လား"

ဦးအောင်ကြီး၏ဇနီး ဒေါ်ပိုက်မိကပါ ဝင်၍ ပြောလိုက်သည်။

"မြတို့က မန္တလေးမှာ အခြေချတော့မှာဆိုတော့ ရန်ကုန်မှာ သားလေးတစ်ယောက်တည်း နေရထိုင်ရမှာပါ။ ဦးအောင်ကြီးတို့ ဒေါ်ပိုက်မိတို့ကို ခုကတည်းက အပ်လိုက်ပါတယ်။ သားလေးဘက်က အပြောအဆို အနေအထိုင် မလိမ္မာတာများရှိရင် ကိုယ့်တူကိုယ့်သားလို သဘောထားပြီး သွန်သင်ပါ ဆုံးမပါ။ ရင်ထဲစွဲအောင် နာအောင် ပြောတာတောင်မှ မြတို့စိတ်ထဲ ဘယ်လိုမှ သဘောမထားပါဘူး"

ဒေါ်ခင်ခင်မြက အပ်နှံနေသည်။ ဦးလှိုင်ကျော်က ဦးအောင်ကြီးတို့၏ မျက်နှာရိပ်မျက်နှာကဲကို ကြည့်နေသည်။

"ဒီနေ့အထိတော့ မောင်မင်းဇော်မှာ ချွတ်ယွင်းချက် တစ်စုံတစ်ရာ မတွေ့မိ သေးပါဘူး။ စိတ်ချပါ၊ ကျွန်တော်ကတော့ မောင်မင်းဇော်အပေါ်မှာ လိုအပ်တာ ရှိရင် ပဲ့ပြင်ဆုံးမသွားမှာပါ။ သူ့ကို အားလည်းကိုးပါတယ်။ သူက ရေကြောင်း ဌာနမှာ စာမေးပွဲအောင်ပြီး အလုပ်ဝင်တော့မယ်ဆိုလို့သာ ကျွန်တော် မကန့်ကွက် တာပါ။ တကယ်မှာတော့ စင်ကာပူက ကုမ္ပဏီတွေနဲ့ အဆက်အသွယ်ရပြီး ရန်ကုန် မှာ မော်တော်ကားတိုင်ယာလုပ်ငန်းကိုယ်စားလှယ်နဲ့ ဒီဇယ်ကုန်တင်ကား ကိုယ်စား လှယ်ရခဲ့ရင် လုပ်ငန်းကို ကျွန်တော်တစ်ယောက်တည်း နိုင်နင်းချင်မှ နိုင်နင်းပေ လိမ့်မယ်။ သူ့အကူအညီကို ယူချင်တယ်။ ဒါပေမယ့် သူက ပုဂ္ဂလိက စီးပွားရေး လုပ်ငန်းထက် သူဝါသနာပါတဲ့ ပင်လယ်ရေကြောင်းဆိုင်ရာ ကိစ္စတွေမှာ ပိုပြီး စိတ်အားထက်သန်နေပုံရပါတယ်"

http://www.cherrythitsar.org



ဦးအောင်ကြီးက ပြောပြသည်။

"ဦးအောင်ကြီးပြောတဲ့လုပ်ငန်းတွေ ဖောက်ချလုပ်ဖြစ်ပြီဆိုရင် သမီးလေး တွေနဲ့ပဲ တိုင်ပင်လုပ်ကြရမှာပေါ့ ဟုတ်လား"

ဒေါ်နှင်းရည်က ဝင်မေးလိုက်သည်။

"သမီးကြီးဖွေးက ဟိုက်စကူးအထိ ကျောင်းနေဖူးသလို သမီးငယ်အေး ကလည်း ကျောင်းပညာအတန်အသင့်ရှိထားတော့ အေးကို ကုမ္ပဏီမှာ ကျွန်တော် နဲ့တွဲပြီး အလုပ်သင်ပေးရမှာပါ။ သမီးကြီးဖွေးကိုတော့ ရန်ကုန်ပြန်ရောက်တဲ့အခါ စာရင်းကိုင်ဒီပလိုမာသင်တန်းတစ်ခုခု တက်ခိုင်းဖို့ စဉ်းစားထားပါတယ်။ အဲ့ဒီ စာမေးပွဲအောင်ပြီးရင် ကျွန်တော်တို့လုပ်ငန်းမှာ စာရင်းဇယားပိုင်းဆိုင်ရာ စိတ်ချ နိုင်တယ်လေ။ ကျွန်တော်တို့ လုပ်ငန်းမှာလုပ်နေရင်း သမီးကြီးကို နောက်ထပ် စာမေးပွဲတစ်ခု ဝင်ဖြေနိုင်အောင် ကြိုးစားခိုင်းရမယ်"

ဦးအောင်ကြီးက ပြောပြသည်။ ဦးလှိုင်ကျော်က

"ဘယ်လိုစာမေးပွဲပါလဲ"

ဟု မေးသည်။ ဦးအောင်ကြီးက

" D.A ဆိုတဲ့ စာရင်းကိုင်ဒီပလိုမာအောင်ပြီးတဲ့အခါ ကုမ္ပဏီ အုပ်ချုပ်ရေး ပိုင်းမှာ ကျွမ်းကျင်နိုင်တဲ့ စာရင်းကိုင်နဲ့ အုပ်ချုပ်ရေးစီမံခန့်ခွဲရေးသင်တန်း တက်ခိုင်း ပြီး အောင်လက်မှတ်ရအောင် စာမေးပွဲဝင်ဖြေခိုင်းမှာပါ"

ဟု ပြောပြတော့ ဒေါ်ခင်ခင်မြက

"သြော်... Diploma of Management and Accountance ဆိုတဲ့ စာမေးပွဲ ထင်ပါတယ်"

ဟု ဝင်မေးသည်။ ဦးအောင်ကြီးက

"ဟုတ်ပါတယ်၊ ရန်ကုန် ကမ်းနားလမ်းမှာ ဆရာ ဂရေဂရီဆိုတဲ့ စာရင်းကိုင် ပညာရှင်တစ်ယောက်က နိုင်ငံတကာအသိအမှတ်ပြု စာရင်းကိုင်ကျောင်းတစ်ကျောင်း စတင်ဖွင့်လှစ်နေပြီလို့ သတင်းစာထဲမှာ ကြော်ငြာပါလာလို့ပါ"

ဟု ပြောပြသည်။ ဒေါ်ခင်ခင်မြက စိတ်ပါဝင်စားစွာ နားထောင်နေရင်းမှ

"ကြုံကြိုက်တုန်းမို့ မြတို့ဘက်က ယေဘုယျအားဖြင့် စကားကမ်းလှမ်းကြည့် တာပေါ့နော်။ တကယ်လို့များ မြတို့ပြောလိုက်တဲ့စကားမှာ မကြားသာမနာသာ အမှားအယွင်းတစ်စုံတစ်ရာများပါခဲ့ရင် ခွင့်လွှတ်စေချင်ပါတယ်"

ဟု စကား စ,လိုက်သည်။

"ဟာ...မြကလည်း ဒီလူနဲ့ဒီလူတွေကြားမှာ ဒီလောက်လည်း တောင်းပန်ဖို့

http://www.cherrythitsar.org



မလိုပါဘူးကွယ်၊ ပြောမှာသာ ပြောပါ”

ဒေါ်ပိုက်မိက ဝင်ပြောသည်။

“ဘဝက ရေးရေစက်ကြောင့် ဦးအောင်ကြီးတို့မိသားစုနဲ့ သားလေး မောင်မင်းဇော်နဲ့ဟာ ဆုံစည်းခင်မင်လာကြရတာကိုး၊ အခု ဦးအောင်ကြီး စင်ကာပူကို လုပ်ငန်းကိစ္စသွားတော့လည်း အိမ်မှာ ယောကျ်ားသားအားကိုးရဆိုသလို သားလေးကို ယုံယုံကြည်ကြည်နဲ့ မိသားစုစောင့်ရှောက်ဖို့ တာဝန်ပေးတာလည်း မိခင်တစ်ယောက်အနေနဲ့ မြတို့က ဂုဏ်ယူဝမ်းသာပါတယ်။ မြရဲ့စိတ်အာရုံထဲမှာ သမီးကြီးဖွေးနဲ့ သားမောင်မင်းဇော်ကို လိုက်ဖက်ညီတယ်လို့ ထင်မိပါတယ်။ သားရဲ့သဘောထားကိုတော့ မတီးခေါက်ကြည့်ရသေးပါဘူး။ ဒါပေမယ့် ဦးအောင်ကြီးတို့ ဒေါ်ပိုက်မိတို့ဘက်က သမီးကြီးဖွေးနဲ့ ပတ်သက်ပြီး ကြိုတင်စီစဉ်ကြောင်း လမ်းထားပြီးသား တစ်စုံတစ်ယောက်များ မရှိခဲ့သေးဘူးဆိုရင် မြတို့သားလေးအတွက် စိတ်အေးချင်လို့ပါ”

ဒေါ်ခင်ခင်မြစကားကြောင့် ဧည့်ခန်းတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်သွားလေသည်။

သမီးရှင်ပီသစွာ ဦးအောင်ကြီးမျက်နှာပြင်မှာတော့ တစ်ခဏမျှ ပန်းသွေး ရောင်ဖျန်းသွားလေသည်။ သို့သော် ဣန္ဒြေဆောင်နိုင်ခဲ့သည်။

ဦးလှိုင်ကျော်ကလည်း အားတုံ့အားနာဖြင့် အားလုံးကို ဝေ့ကြည့်မိသည်။

“မြပြောတဲ့စကားက သားရေးသမီးရေး ကလေးတွေရဲ့ ရေ့ရေးဆိုတော့ ကျွန်မတို့က အလေးအနက်ထားရမှာပါ”

ဒေါ်ပိုက်မိက မိခင်ပီသစွာ ပြောလိုက်သည်။

“နှင်းစိတ်ထဲမှာလည်း ဒီကလေးနှစ်ယောက်ဟာ လိုက်ဖက်ညီတယ်လို့ ထင်ပါတယ်”

ဒေါ်နှင်းရည်ကပါ သူ့ဆန္ဒကို ပြောပြသည်။

“ကျွန်တော်ကတော့ သမီးလေးသုံးယောက် အရွယ်ရောက်လာကတည်းက မပိုက်မိကို ပြောထားဖူးတဲ့စကားရှိပါတယ်။ သားနဲ့သမီး မတူဘူး။ သမီးရဲ့သဘောသဘာဝ မိခင်နဲ့သာ အနီးကပ်ဆုံး အတိုင်ပင်တတ်ဆုံးမဟုတ်လား။ အဲတော့ သမီးတွေရဲ့ အိမ်ထောင်ရေးကိစ္စများ ပေါ်ပေါက်လာခဲ့ရင် မိခင်ရှိနေသမျှ မိခင်ကသာ အကောင်းဆုံးလမ်းကို စဉ်းစားတည့်မတ်ပေးပါလို့ မပိုက်မိကို ကျွန်တော် ပြောထားဖူးပါတယ်။ ကျွန်တော့်ဘက်ကတော့ မောင်မင်းဇော်ကို ငြင်းပယ်စရာ အကြောင်းမရှိပါဘူး”

http://www.cherrythitsar.org



ဦးအောင်ကြီးစကားက ပြတ်သားသည်။

"လူကြီးတွေအပိုင်းမှာတော့ ပြောစရာအထွေအထူး သိပ်မရှိလှပါဘူး။ လူငယ်တွေရဲ့ အနေအထား သဘောထားကိုတော့ စောင့်ကြည့်အကဲခတ်ဖို့ လိုမယ်ထင်ပါတယ်။ မိဘစီစဉ်တာ နာခံကြရမယ်ဆိုပြီး သူတို့ရဲ့စိတ်ရင်းခံမပါဘဲ စီစဉ်လိုက်ရင် နောင် အစဉ်သဖြင့်မှာကျတော့ မိဘမောင်ဖွားများ ကွယ်ရာမှာ စိတ်မချမ်း မသာ ဖြစ်နေကြမှာလည်း စိုးရိမ်ရပါတယ်"

ဒေါ်ပိုက်မိစကားကို နားစွင့်ရင်း ဒေါ်နှင်းရည်က

"ရန်ကုန်ပြန်ရောက်လို့ တံစက်မြိတ်တစ်ခုတည်းအောက်မှာ လူငယ်ဘာဝ အတူတကွ နီးနီးစပ်စပ်နေကြတဲ့အခါ လူကြီးတွေက အကဲခတ်လို့ရလာကြမှာပါ"

ဟု ဝင်ပြောလိုက်သည်။

"သမီးသုံးယောက်မှာ အသွက်ဆုံးက တိမ်းပါသွားရရှာတဲ့ အလတ်မ မူပါ။ ဖွေးက ငယ်ငယ်လေးကတည်းက စကားနည်းတယ်၊ အိမ်မှုကိစ္စကို စိတ်ဝင်စားတယ်၊ အစားအသောက် အသွားအလာ ထူးထူးထွေထွေ စိတ်မဝင်စားတတ်ဘူး၊ ညီအစ်မတွေကြားထဲမှာ အနစ်နာခံတတ်တယ်။ ဆုံးသွားတဲ့ မူကတော့ ပေါ့ပေါ့ပါးပါးနေတတ်တယ်၊ ပွင့်ပွင့်လင်းလင်း ဟောဟောဒိုင်းဒိုင်းသမား၊ ဟန်မဆောင်တတ်ဘူး၊ သူနဲ့ဆိုင်ဆိုင်မဆိုင်ဆိုင် ပြောစရာရှိရင် ဝင်ပြောတာပဲ၊ စိတ်ရင်းတော့ကောင်းပါတယ်၊ စိတ်မြန်တယ်၊ ထက်တယ်။ အငယ်ဆုံးသမီး အေးကျတော့ အစစအရာရာ ပွင့်လင်းမှုမရှိဘူး၊ မေးမှပြောတယ်၊ ခိုင်းမှလုပ်တတ်တယ်၊ မိသားစုထဲမှာလည်း တရင်းတနှီးကြီး သိပ်မနေတတ်ဘူး၊ စိတ်ပါမှ စကားဝင်ပြောတတ်တယ်၊ ဘာသိဘာသာနေတတ်တယ်၊ ကျောင်းစာမှာကျတော့ အကြီးဆုံးနဲ့ အငယ်မက ဉာဏ်ရည်ကောင်းတယ်၊ ဆုံးသွားတဲ့ မူက ကျောင်းစာမှာ နည်းနည်းထိုင်းတယ်"

ဒေါ်ပိုက်မိက သမီးသုံးယောက်နှင့်ပတ်သက်သည့် အမြင်ကို ပြောပြနေသည်။

"မောင်မင်းဇော်က အင်္ဂါသားနော်၊ ဖွေးက..."

ဒေါ်နှင်းရည်က မေးလိုက်တော့ ဒေါ်ပိုက်မိက

"သမီးကြီးက ကြာသပတေးသမီးပါ"

ဟု ပြောပြသည်။

"ကြာသပတေးနဲ့ အင်္ဂါနဲ့ကတော့ အကျိုးစီးပွားဖြစ်ထွန်းတတ်ပါတယ်"

ဦးအောင်ကြီးက ဝင်ပြောသည်။

"သင်္ကြန်ပြီးလို့ ပြင်ဦးလွင်ဘက်တက်လည်ပြီး ပြန်ဆင်းလာရင် တစ်ရက်

http://www.cherrythitsar.org



နှစ်ရက်လောက်နေပြီး ရန်ကုန်ပြန်မယ်ဆိုတော့ မောင်မင်းဇော်ကိုပဲ ထည့်လိုက်မှာလား၊ အစ်ကိုကြီးတို့က လိုက်မသွားကြတော့ဘူးလား"

ဒေါ်နှင်းရည်က ဦးလှိုင်ကျော်ကိုမေးသည်။

"ဘူတာဆင်းပို့ပေးလိုက်မယ်လေ၊ အစ်ကိုကြီးက အိမ်သစ်မှာ လိုအပ်တာလေးတွေ လက်သမားခေါ်ပြီး စာအုပ်စင်ကအစ ပြင်ရဆင်ရဦးမယ်။ ပြီးတော့ မန္တလေးကမိတ်ဆွေ ဥပဒေပညာရှင်တွေနဲ့ တရင်းတနှီးနေပြီး အလုပ်ခန်းကိစ္စက အစတိုင်ပင်အခြေတည်ရဦးမယ်မဟုတ်လား၊ ရန်ကုန်ကိုတော့ ကိစ္စအထူးအထွေ ရှိမှပဲ ဆင်းတော့မယ်လေ"

ဦးလှိုင်ကျော်က ပြောပြသည်။

မိသားစု စကားကောင်းနေကြဆဲမှာပင် မန်းညသင်္ကြန်ရှုခင်းကို လှည့်ပတ်ကြည့်ရှုပြီး ပြန်လာကြသော ကိုမင်းဇော်တို့ လူငယ်တစ်စု အိမ်ထဲဝင်လာကြသည်။

"ဘယ့်နှယ်လဲ စည်ကားရဲ့လား"

ဒေါ်နှင်းရည်က ကလေးတွေကို လှမ်းမေးသည်။ ဖွေးက မန္တလေးသင်္ကြန်မှာ စစ်မဖြစ်မီက ရန်ကုန်သင်္ကြန်ထက်ပင် ပိုစည်ကားကြောင်း စိတ်လိုလက်ရ ပြောပြနေသည်။

"ကဲ...အဝတ်အစားလဲပြီး အိပ်ရာမဝင်ခင်၊ ကော်ဖီပူပူလေး တစ်ခွက်စီ သောက်လိုက်ကြဦး"

ဒေါ်နှင်းရည်က မီးဖိုခန်းဘက် ဝင်သွားပြီး ကော်ဖီဖျော်နေသည်။

"သမီးတို့ မန္တလေးမြို့မဂီတကားကြီးနောက် လိုက်ကြည့်ခဲ့ကြသေးတယ်"

ဖွေးက ရေချိုးခန်းထဲဝင်၍ ခြေလက်သန့်စင်ပြီး ပြန်ထွက်အလာ၌ ဒေါ်နှင်းရည်ကို ပြောပြနေသေးသည်။

* * *

တစ်နှစ်တစ်ခါ ချစ်စရာသင်္ကြန်ကား ပြီးခဲ့ပြန်ပေပြီ။ သည်နေ့မနက် ရန်ကုန်ဧည့်သည်တွေအား ကားတစ်စီးငှားကာ ပြင်ဦးလွင် တောင်ပေါ်မြို့ကလေးသို့ အလည်အပတ် ပို့ဆောင်ပေးကြပြန်သည်။

တောင်ပြာမှိုင်းညို့တို့ကို နွေရတုနှောင်းလုနီးတွင် တွေ့မြင်ရပြန်၏။

"နေ့ချင်းပြန်မဟုတ်ဘူးဆိုတော့ ဘယ်မှာတည်းကြမလဲ ဒေါ်လေးနှင်း"

ကိုမင်းဇော်က သူ့ဒေါ်လေးကို မေးသည်။

http://www.cherrythitsar.org



"သားတို့ တစ်ခါလာတုန်းက တည်းကြတဲ့ ဒေါ်အေးအေးတို့အိမ်မှာပဲ တည်းကြတာပေါ့"

ဒေါ်နှင်းရည်က ပြောပြသည်။ ထိုမိသားစုမှာ ဦးလှိုင်ကျော်တို့နှင့်လည်း ရင်းနှီးပြီးသားမိတ်ဆွေများ ဖြစ်ကြသည်။ ခြံကျယ်ဝင်းကျယ်မို့ တည်းခိုလို့လည်း သင့်တင့်လျောက်ပတ်သည်။ ဒေါ်အေးအေးခင်ပွန်း ဦးထိုက်က ဂေါ်ဖီထုပ်ပွဲရုံပိုင်ရှင် ဖြစ်သည်။ မေမန်းပို့ဆောင်ရေးဂျစ်ကားအသင်းဝင်လည်း ဖြစ်သည်။ လင်ရော မယားပါ သဘောသကာယကောင်းမွန်သူများ ဖြစ်ကြသည်။

"သား(၇)တန်းကျောင်းသားဘဝလောက်တုန်းက ဖေဖေတို့တည်းဖူးတဲ့ခြံကြီး ပေါ့ သားရဲ့"

ဦးလှိုင်ကျော်က ပြောပြသည်မို့ ကိုမင်းဇော်မျက်စိထဲ ရေးရေးမျှ ပြန်မှတ်မိ သည်။ သန့်ရှင်းသပ်ရပ်ကျယ်ဝန်းသော ခြံတစ်ခြံဆိုသည်ကိုတော့ ပြန်လည် သတိရနေမိသည်။

မရောက်ဖြစ်တာလည်း ကာလကြာခဲ့ပြီပဲ။ ကားသည် 'ပြင်ဦးလွင်မှ ကြိုဆိုပါ၏' ဆိုင်းဘုတ်အောက်မှ ဖြတ်သန်းခဲ့၏။

ပန်းမြို့တော်၏လက္ခဏာ လမ်းနံဘေး အလေ့ကျပန်းရောင်စုံလေးများသည် ပင်လျှင် လှချင်တိုင်း လှလို့နေပြန်၏။

နွေနံနက်ခင်းမှာပင် ရာသီဥတုက မျှတစွာ စိမ့်အေးအေးလေး ဖြစ်နေသည်။

၁၅ မိနစ်ခန့် မောင်းလာခဲ့ပြီးနောက် ကားက

"အောက်မေ့ဖွယ်" အမည်ရှိ ခြံဝင်းကျယ်ကြီးထဲသို့ ဝင်ခဲ့သည်။

"ခြံဝမှာ ခြံနာမည်လေးပေးထားတာ လှလိုက်တာနော်"

စကားနည်းသည်ဆိုသော အေးက နှုတ်တံခါး ဖွင့်ဟပြောလာသည်။

"ဒီခြံထဲကပြန်သွားရင် ဒီမိသားစုကို အောက်မေ့ဖွယ်ဖြစ်နေရမှာပါ ဆိုတဲ့ သဘောနဲ့ ပေးထားတဲ့နာမည်လားမှမသိတာ"

ဖွေးက သူ့အထင် ပြောပြသည်။

"ဘယ်သူကဘယ်သူ့ကို အောက်မေ့ဖွယ်ဖြစ်ရမှာတဲ့လဲ"

ဆွေလွင်က မဲ့ကာရွဲ့ကာနှင့် ရွတ်နောက်နောက်လေး ပြောနေပြန်သည်။

၂ ထပ်တိုက် ဆင်ဝင်အောက်သို့ ကားထိုးရပ်လိုက်တော့ အိမ်ဖော်မိန်းကလေး တစ်ယောက် ထွက်လာပြီး အကျိုးအကြောင်းမေးသည်။

"ဒေါ်နှင်းရည်တို့ ဦးလှိုင်ကျော်တို့ လာလည်တာလို့ ပြောပေးနော်။ ဒေါ်ခင် ခင်မြလည်း ပါတယ်လို့ ဧည့်သည်တွေ အများကြီးလို့"

http://www.cherrythitsar.org



ဒေါ်ခင်ခင်မြက အိမ်ဖော်မလေးကို ပြုံးပြရင်း ပြောလိုက်သည်။ ကားပေါ်မှ ခြေညောင်းလက်ဆန့် ဆင်းကြသည်။

အယ်လ်ဇေးရှင်းခွေးကြီး ၂ ကောင် ပြေးထွက်လာ၍ အားလုံး ကိုယ်ရှိန် သတ်လိုက်ကြသည်။

"မကိုက်ပါဘူး။ လှလို့မွေးထားတာ၊ လာကြပါ ဝင်ကြပါ"

ဝဝဖိုင့်ဖိုင့်ဖြူဖြူ မျက်နှာပေါက်လှလှခန့်ခန့် ဒေါ်အေးအေးကို မြင်လိုက်ရ တော့ ဒေါ်နှင်းရည်တို့ ဝမ်းသာသွားကြသည်။

"၂ ညလောက် အိပ်မှာနော် အေး"

ဒေါ်ခင်ခင်မြတို့ ဝမ်းသာအားရ နှုတ်ဆက်ရင်း ဒေါ်အေးအေးကို ပြောတော့

"၂ ည မဟုတ်ဘူး ၂လ၊ ၂ နှစ်၊ အနှစ် ၂၀ မက ကြိုက်သလောက်နေပါ ရှင်"

ဟု ဖိတ်မန္တကပြုသည်။ ခွေးကြီးတစ်ကောင်က ဖွေးခြေဖမိုးကို ငုံ့နမ်းနေရာ ဖွေးတစ်ကိုယ်လုံး တုန်နေသည်။

"မကြောက်နဲ့နော် သမီး၊ သူတို့က ဧည့်သည်လာရင် ခင်တတ်ကြတယ်။ ဒါက တာဇံတဲ့။ ဟိုကောင်က မြိုင်ယံတဲ့"

ဒေါ်အေးအေးပြောမှ ဖွေးမှာ ကြောက်စိတ်ပြေလျော့သွားသည်။

"တာဇံနဲ့ မြိုင်ယံ ဟုတ်လား။ နာမည်လေးတွေက ကောင်းလိုက်တာ။ အန်တီအေးပေးထားတဲ့ နာမည်လား"

ကိုမင်းဇော်က မေးလိုက်သည်။

"သမီးလေး ခင်မို့မို့ပေးထားတဲ့နာမည်တွေပေါ့"

ဟု ဒေါ်အေးအေးက ပြောသည်။

"ခင်မို့မို့ ဟုတ်လား၊ ကျွန်တော့်စိတ်ထဲမှာ သိပ်ကို ရင်းနှီးကျွမ်းဝင်တဲ့နာမည် တစ်ခု ဖြစ်နေတယ်"

ကိုမင်းဇော်က မြိုင်ယံ၏အမွေး မီးခိုးရောင်နုနုကို တယုတယ လက်ဖြင့် ပွတ်သပ်ပေးရင်းက ပြောလိုက်ရာ

"ပြန်စဉ်းစားရင် သား မှတ်မိမှာပါ။ သားငယ်ငယ်တုန်းက မေမေတို့ ဒီအိမ်မှာ နေ့ရာသီ လာအနားယူတုန်းက ညနေညနေဆို ခြံဝင်းထဲမှာ မက်မန်းသီး စိမ်းစိမ်း လေးတွေ လိုက်ကောက်ပြီး သားကို လာ,လာပေးတတ်တဲ့ ဂါဝန်လှလှလေးနဲ့ ခင်မို့မို့လေ"

ဟု မိခင်ဖြစ်သူ ဒေါ်ခင်ခင်မြက ပြန်ပြောပြမှ ကိုမင်းဇော်က ငယ်ငယ်တုန်း က

http://www.cherrythitsar.org



မမခင်ဆိုတာ သတိရသည်။

"ဪ…သူက အေးတို့ခြံကို လာနေဖူးတဲ့ လူချောလေးပါပဲလား။ Who are you"

ဒေါ်အေးအေးက ကိုမင်းဇော်ကို မေးလိုက်သည်။ ဦးလှိုင်ကျော်က

"ကျွန်တော့်သားလေ ဒေါ်အေးအေးရဲ့။ အိုင်အေစီနီယာတန်းအောင်ပြီးပြီ။ အခု ရန်ကုန်ရေကြောင်းရုံးမှာ အရာရှိအသစ်စက်စက်ကလေးပေါ့"

ဟု မိတ်ဆက်ပေးလိုက်သည်။

"ကျွန်တော့်နာမည် မင်းဇော်လို့ ခေါ်ပါတယ် အန်တီအေး"

ကိုမင်းဇော်က ပြုံး၍ ပြောလိုက်သည်။

"အေးကွယ်၊ ကြားထဲမှာ ဒုတိယကမ္ဘာစစ်ကြီးက ခံလိုက်တော့ လူချင်း မိတ်ဆွေချင်း ကင်းဝေးသွားကြတော့ သားတို့တောင် အရွယ်တွေကြီးပြီး အရာရှိ တွေဘာတွေ ဖြစ်ကုန်ကြပြီကိုး၊ လာ…လာ၊ အိမ်ထဲဝင်ကြရအောင်"

အိမ်ဖော်မိန်းကလေးများက ဧည့်သည်တို့၏ ပစ္စည်းများကို သိမ်းဆည်း ယူဆောင်နေကြစဉ်တွင် သူတို့လည်း အိမ်ကြီးထဲဝင်ကာ အပေါ်ထပ်ဧည့်ခန်းအထိ တက်ခဲ့ကြသည်။

"Stuguartt စန္ဒရားကြီးပါလား၊ ကောင်းလိုက်တာ။ ဘယ်သူတီးတာလဲ ဟင်"

ဖွေးက ဧည့်ခန်းမှ ဂျာမနီလုပ် စန္ဒရားကြီးကို နှစ်သက်စွာမေးလိုက်သည်။

"သမီးတီးတာလေ၊ နောက်ဆို ကြားကြရမှာပေါ့။ ဒီကသမီးက…"

"ဖွေးလို့ ခေါ်ပါတယ် အန်တီ"

"စန္ဒရားတီးသလား"

"နည်းနည်းပါးပါး တီးတတ်တာပါ။ ကျောင်းကပွဲတွေမှာ တီးဖူးပါတယ်"

"ယူနီဗာစီတီကလား"

"ဖွေးက ဟိုက်စကူးအထိပဲ ကျောင်းနေရပါသေးတယ်"

"ဒါဆို သမီးထက် အသက်ငယ်တာပေါ့။ သမီးက အယ်လ်အမ်ပီအောင်ပြီး အလုပ်သင်ဆရာဝန် ဖြစ်နေပြီ"

"ဪ…တယ်ထူးချွန်ပါလား။ ဟုတ်မှာပေါ့။ ခင်မို့မို့က သားထက် အသက် ကြီးပုံရတယ်"

ဒေါ်ခင်ခင်မြက ပြောရင်း ဦးအောင်ကြီးတို့မိသားစုနှင့် ဒေါ်အေးအေးကို မိတ်ဆက်ပေးလိုက်သည်။

http://www.cherrythitsar.org



"တောင်ပေါ်မြို့ကလေးဆိုတော့ မိုးရာသီနဲ့ ဆောင်းရာသီမှာ ပျင်းစရာကြီး၊ ခုလို နွေဦးပေါက်တော့ ဘယ်ဧည့်သည်တွေများ လာလည်ကြမလဲဆိုပြီး မျှော်နေကြရတာ။ ဧည့်သည်တွေလာမှ အိမ်ကြီးက စိုစိုပြည်ပြည်ဖြစ်လာတယ်လေ။ ရှေ့အပတ်ထဲကျရင် အိမ်မှာ လူဦးရေတစ်ယောက်လျော့ဦးမယ်"

ဒေါ်အေးအေးစကားကြောင့် ကိုမင်းဇော်က

"ဘယ်လိုကြောင့်ပါလိမ့်အန်တီ"

ဟု မေးလိုက်သည်။

"ခင်မို့မို့ကို ရန်ကုန် စမ်းချောင်းမှာနေတဲ့ သူ့အဒေါ် ဆရာဝန် ဒေါ်ချိုချိုက ဆေးခန်းမှာ လက်ထောက်ဆရာဝန်လာလုပ်ပေးဖို့ လှမ်းခေါ်လိုက်လို့လေ"

"မန္တလေးလောက်ဆို တော်သေးဗျာ၊ သမီးသာ မန္တလေးပြောင်းလာရင် ကျွန်တော်တို့ Family Doctor ထားလို့ရတယ်။ မိသားစုဆရာဝန်ထားလို့ ရတယ်။ ဒေါ်အေးအေးကို ပြောရဦးမယ်၊ ကျွန်တော်နဲ့ ခင်ခင်မြက မန္တလေးမှာ မနှင်းရည်တို့ဘေးကခြံမှာ အခြေချပြီဗျ"

ဟု ဦးလှိုင်ကျော်က ပြောရင်း ဒုတိယကမ္ဘာစစ်ကြီးအတွင်းက မိသားစု အဖြစ်အပျက်ကို အကျဉ်းရုံးကာ ပြန်ပြောပြနေသည်။

စထရော်ဘယ်ရီနှင့် နို့ ရောဖျော်ထားသော အအေးခွက်များ ရောက်လာ သည်။

"ပူတင်းပူပူလေးပါ စားကြပါဦး။ တော်ကြာမှ ရေမိုးချိုး ထမင်းစားကြတာ ပေါ့။ ဒီက ဦးအောင်ကြီးတို့နဲ့က ဘယ်လိုဆက်မိကြတာလဲ"

ဒေါ်အေးအေးမေးမှ ဦးလှိုင်ကျော်က သား ကိုမင်းဇော်နှင့် ဦးအောင်ကြီး တို့မိသားစု အကြောင်းတိုက်ဆိုင် တွေ့ဆုံရပုံကို ပြောပြနေစဉ် ဧည့်ခန်းထဲသို့ မိန်းကလေးတစ်ယောက် ဝင်လာပြီး ကတ္တီပါထိုင်ခုံတစ်လုံးတွင် ညင်သာစွာ ဝင်ထိုင်ရင်းမှ စိတ်ဝင်စားစွာ နားထောင်နေသည်။

ဦးလှိုင်ကျော်က ဦးအောင်ကြီးတို့မိသားစု၏ စစ်ပြေးဒုက္ခသည်ဘဝ၊ ချောင်းဝ ရွာကလေးကို အသွား ပင်လယ်ထဲ လှေပျက်၍မျောပြီး မောင်မင်းဇော်တို့ မီးပြ တိုက်ကြီးကို ရောက်သွားပုံ၊ ရန်ကုန်ပြန်ရောက်တော့ ရှမ်းနိုင်လာရောက်နှောင့်ယှက် ၍ သမီးလေးမှု ကွယ်လွန်ရပုံ၊ အမှုအခင်းဖြစ်ရပုံ၊ ယခု စိတ်ပြေလက်ပျောက် ဘုရားဖူးခရီးထွက်လာကြရပုံတို့ကို ပြန်ပြောပြနေရာ ဒေါ်အေးအေးမှာ မျက်လုံး အဝိုင်းသားနှင့် စိတ်ပါဝင်စားစွာ နားထောင်နေလေသည်။

"တကယ်တမ်း တွေးကြည့်တော့ လူ့ဘဝဆိုတာ ကြောက်စရာကြီးနော်"

ဒေါ်အေးအေးက သံဝေဂစကားဆိုသည်။ ထိုစဉ်မှာပင် ခေတ်မီသားနားသော

http://www.cherrythitsar.org



အပြင်အဆင်နှင့် ဖျတ်လတ်သွက်လက်သော မိန်းမပျိုလေးတစ်ဦး အခန်းထဲသို့ ဝင်ရောက်လာသည်။

"ဟော...သမီးလေးပြန်လာပြီ"

"သမီးရေ...ဒီအန်ကယ်နဲ့ အန်တီ့ကို မှတ်မိလား၊ ကြာပြီလေ၊ စစ်ကြီးမဖြစ် ခင်က မာမီတို့အိမ်မှာ လာအနားယူကြတာလေ။ ရွှေနေဦးလှိုင်ကျော်နဲ့ ဒေါ်ခင်ခင် မြလေ၊ သမီးဒယ်ဒီရဲ့ သူငယ်ချင်းတွေပေါ့"

ဟု မိတ်ဆက်ပေးတော့ ဒေါက်တာခင်မို့မို့က မျက်လုံးလေးထောင့်ကပ်၍ စဉ်းစားနေရင်းမှ...

"သြော်...မှတ်မိပြီ...မှတ်မိပြီ၊ ရေချိုးပြီးရင် ဆံပင်ကို အမောက်ကလေး ဖြစ်အောင် ကော့စမစ်တစ်နဲ့ထောင်တတ်တဲ့ ကောင်လေးရဲ့ ဖေဖေနဲ့ မေမေ မဟုတ်လား"

ဟု ပြောတော့ အားလုံးက ဝိုင်းရယ်ကြပြီး...

"အဲ့ဒီကောင်လေး ဘယ်မှာလဲ သိလား"

ဟု ဒေါ်အေးအေးကမေးရာ ခင်မို့မို့က တွေဝေသွားသည်။

"သမီးပြောတဲ့ကောင်လေးက ဟောဟိုမှာ"

ဒေါ်အေးအေးက ကိုမင်းဇော်ကို လက်ညှိုးထိုးပြလိုက်တော့ အားလုံး ဝိုင်းရယ်ကြပြန်သည်။

ခင်မို့မို့က အားတုံ့အားနာဖြစ်သွားပြီး

"ဆောရီးနော်...ကန်တော့ ကန်တော့"

ဟု လက်အုပ်ကလေးချီတော့ ကိုမင်းဇော်က

"လက်အုပ်မချီပါနဲ့၊ ကျွန်တော် ငရဲကြီးနေပါ့မယ်။ ကျွန်တော်လည်း ခုမှ ငယ်ရုပ်ကို မှတ်မိလာတယ်။ အဲ့ဒီကတည်းက ကျွန်တော့်ထက် အသက်လည်းကြီး အတန်းလည်းကြီးလို့ မမခင်လို့ ခေါ်ခဲ့တာလေ"

ဟု ပြောလိုက်သည်။

"အဲ့ဒီတုန်းက မောင်မင်းဇော်ကို သမီးက ဘယ်လိုခေါ်ခဲ့လဲ"

ဒေါ်အေးအေးက ပြုံး၍ မေးနေသည်။

"မှတ်မိနေတာကတော့ ခင်က သူ့ကိုခေါ်တာ တစ်လုံးတည်းရယ် ဇော်တဲ့"

မောင်မင်းဇော်နှင့် ခင်မို့မို့တို့ နှစ်ဦးသား တစ်ဦးကိုတစ်ဦး ရွှန်းမြစွာ ကြည့်လိုက်မိကြသည်။

* * *

http://www.cherrythitsar.org



"ဒါက နောင်ခမ်းကြီး စေတီတော်တဲ့"

ခင်မိုမိုက ဧည့်သည်တွေကို လိုက်ပို့ရင်း ရယ်စရာတစ်ခုပြောသေးသည်။

"မမခင် မှတ်မိနေသေးတယ်။ ဇော်တို့မိသားစုလာတုန်းက ခုလို နောင်ခမ်းကြီးတောင်ကုန်းပေါ်က အဆင်းမှာ ဟိုးအောက်က ဘီတီဘရားသားရေကူးကန်မှာ ဇော် ရေဆင်းကူးခဲ့သေးတယ်နော်။ ရေလည်းကူးပြီးရော ဇော်က အဝတ်လဲခန်းမှားဝင်သွားလို့ ဆူဆူညံညံဖြစ်ပါလေရော။ တော်သေးတာပေါ့။ ပြီးတော့ ဇော်ဝင်သွားတဲ့အခန်းမှာက နိုင်ငံခြားသူအဘွားကြီး ၂ ယောက်ရှိနေလို့သာ တော်ပေသေးတာပေါ့"

"ဟုတ်တယ်နော် မမခင်၊ ဇော်လည်း ခုမှ တရေးရေး သတိပြန်ရနေတာ၊ လွမ်းစရာကောင်းတဲ့ ငယ်ဘဝလေးတွေပါပဲနော်"

"ကဲ…ဒီကပြီးရင် B.E Fall ပွေးကောက်ရေတံခွန်ဘက် သွားကြရအောင်၊ ထောက်ပို့ဥယျာဉ်မှာကျတော့ မှန်ကြည့်တတ်တဲ့မျောက်ကလေးတွေရှိတယ်"

"ခဏနေပါဦး၊ ဆွေလွင်တို့ မိန်းကလေးတွေ ရေဆင်းကူးချင်သေးတယ်"

ညီမဝမ်းကွဲ ဆွေလွင်က ပူဆာတော့ ကိုမင်းဇော်က ခေါင်းကို ခပ်ဖွဖွ ထုလိုက်သည်။

"ဟိုတုန်းက ကိုကို အခန်းမှားဝင်တာ အင်္ဂလိပ်အဘွားကြီးတွေနဲ့တိုးလို့ တော်သေးတာပေါ့။ အခု ဆွေလွင်အခန်းမှားပြီး မဝင်နဲ့ဦးနော်"

ဟု ကိုမင်းဇော်က နောက်နေသည်။

"ကိုကို့လို အူကြောင်ကြောင်များ မှတ်နေလား"

ဆွေလွင်က ပြန်နှက်သည်။

"ဖွေးနဲ့အေးပါ ဆွေလွင်နဲ့ အဖော်လိုက်ခဲ့ကွာ"

ဆွေလွင်က ညီအစ်မ ၂ ယောက်ကို ခေါ်နေသည်။

ဘုရာဝတ်ပြု လှူဒါန်းငွေထည့်ပြီး သူတို့အနားသို့ရောက်လာသော ဒေါ်ပိုက်မိက

"သမီးတွေ ရေမကူးတတ်ဘူး ကလေးရဲ့"

ဟု ဆွေလွင့်ကိုပြောတော့

"ဆွေလွင် ရေကူးတာ ထိုင်စောင့်ပေးဖို့ပါ"

ဟုဆိုသဖြင့် သူကျေနပ်အောင် ဖွေးနှင့်အေးတို့ တောင်ကုန်းပေါ်မှ ဆင်းလိုက်သွားပေးရလေသည်။

"ပြီးရင် တောင်ကုန်းပေါ် ပြန်တက်ခဲ့ကြနော်"

http://www.cherrythitsar.org



ဟု ကိုမင်းဇော်က လှမ်းအော်သည်။ ဘုရားပရဝုဏ်ထဲရှိ ဖယောင်းတိုင်နှင့် ပန်းရောင်းသော ဆိုင်ကလေးသို့ ဦးအောင်ကြီးတို့ ထွက်သွားပြီး

"မောင်မင်းဇော်ရေ၊ ဦးတို့ ဒီဆိုင်လေးဘေးမှာ အရိပ်ကောင်းလို့ အမောဖြေလိုက်ဦးမယ်"

ဟု လှမ်းအသံပြုကာ စိန်ပန်းပြာပင်ရိပ် ခုံတန်းရှည်တစ်ခုတွင် ဝင်ထိုင်နေတာ တွေ့ရသည်။

"အန်တီအေးက မေမေတို့ထက် စကားပြောပိုသွက်တယ်။ အင်္ဂလိပ်စကားကိုလည်း အတော်ပြောနိုင်တယ်"

ဟု ကိုမင်းဇော်က ခင်မို့မို့ကိုပြောတော့ ခင်မို့မို့က ပြုံးနေပြီး

"ပြင်ဦးလွင်မှာက ကပြားတွေအနေများတာကိုး ဇော်ရဲ့၊ အဲတော့ သွားရင်းလာရင်း တွေ့ကြဆုံကြတဲ့အခါ ဘိုလိုပြောလေ့ရှိကြတာကိုး။ မမခင်တောင်မှ မာမီဒယ်ဒီတွေ နှုတ်ကျိုးနေတာ ကြည့်ပါလား"

ဟု ရယ်ပွဲဖွဲ့လေသည်။

"ကျွန်တော်တော့ မမခင်တို့မိသားစုရဲ့ ပွင့်လင်းရိုးသားမှု ဖော်ရွေခင်မင်တတ်မှုကို မမေ့ပါဘူး"

"ဒါကြောင့် ဘယ်သူတွေလာပြီး ဘယ်ကိုပြန်သွားကြပါစေ မမခင်တို့မိသားစုရဲ့ ချစ်တတ်ခင်တတ် ဖော်ရွေတတ်မှု စေတနာကို အောက်မေ့နေတတ်ကြပါစေ ဆိုပြီး မမခင်က ခြံတံခါးဝမှာ 'အောက်မေ့ဖွယ်'လို့ စာတမ်းလေးထိုးထားတာပေါ့ ဇော်ရဲ့။ နောက် မမခင် အမြဲ အောက်မေ့နေတဲ့ ကောင်ကလေးတစ်ယောက်ကို လည်း ရည်စူးပြီးတော့ပေါ့နော်"

"ကောင်းသောစိတ်ကူးစိတ်သန်းလေးပေါ့ဗျာ၊ ရန်ကုန်ရောက်ရင် မမခင်ဆေးခန်းကို မကြာမကြာ ကျွန်တော်လာလည်မယ်နော်၊ လူနာဘဝနဲ့ မဟုတ်ဘူးနော်၊ ဧည့်သည်ဘဝနဲ့ပါ"

"လာခဲ့ပါ၊ ဘယ်လိုအကြောင်းရှိရှိ၊ ဩော်...ဇော်က ဘဘဦးအောင်ကြီးတို့အိမ်မှာနေပြီး ပင်လယ်ကြီးထဲကို အလုပ်ဆင်းရမှာဆိုတော့ သူတို့မိသားစု ကျန်းမာရေးအတွက် အကူအညီလိုအပ်တဲ့အခါ မမခင်ကို ဆက်သွယ်ပါလို့လည်း ပြောပေးထားလိုက်ပါ ဇော်ရယ်"

"ကျေးဇူးတင်ပါတယ် မမခင်၊ သူတို့မိသားစု သနားဖို့ကောင်းပါတယ်။ တကယ်ရိုးသားပြီး စိတ်ရင်းသိပ်ဖြူစင်ကြတဲ့ မိသားစုပါ မမခင်"

"ဒါတောင်မှ မူဆိုတာ ဆုံးရရှာသေးတယ်နော်၊ အဲဒီ ဓားနဲ့ထိုးတဲ့လူဟာ

http://www.cherrythitsar.org



တော်တော်ဆိုးတာပဲ"

မမခင်က ရှိန်းနိုင်ကို မမြင်ဖူးဘဲနဲ့ မေတ္တာပို့နေသည်။

"ဒီလူဗျာ မူးမူးရူးရူးနဲ့ ဘာတွေလျှောက်လုပ်မှန်း မသိဘူး၊ အတော်နှမြောဖို့ ကောင်းတယ်။ ပညာတတ်ဗျ။ ဆယ်နှစ်တာ အကျဉ်းသားဘဝဆိုတာ လူတစ်ယောက်ရဲ့ ပညာရေး၊ စီးပွားရေး၊ လူမှုရေး အားလုံး ရပ်တန့်သွားတာ အချိန်တွေ ဘယ်လောက်နှမြောဖို့ကောင်းသလဲ။ ဘယ်လောက်ဆုံးရှုံးလဲ။ ကြမ္မာငင်တာပါ။

ဖွေးကို သူစိတ်ဝင်စားတယ်ဆိုတဲ့ကိစ္စကလည်း ရုပ်ရှင်လာကြည့်ရင်း ရုံနားက ဖွေးတို့အုန်းနို့ခေါက်ဆွဲဆိုင်ကိုတွေ့တော့မှ ဟိုက်စကူးမှာ ဖွေးနဲ့အတူ ကျောင်းနေခဲ့ဖူးတာ ပြန်သတိရပြီး စိတ်ကူးပေါ်သလို ဖွေးကို လတ်တလော ပြန်ချဉ်းကပ်ကြံစည်တဲ့သဘောမျိုးကြီးဗျ။ ခက်တာက ဖွေးကလည်း သူ့မိသားစုကိစ္စနဲ့သူ၊ ဒီလူ့အပေါ်မှာ ဘယ်လိုမှကို စိတ်ဝင်တစားရှိလှတာမဟုတ်ဘူး"

"အဲဒါ အချစ်မှမဟုတ်တာ ဇော်ရဲ့။ ရမ္မက်ရဲ့အလိုဆန္ဒ"

"အချစ်ဆိုတာ ဘယ်လိုနားလည်ရမှာလဲ မမခင်"

"ဇော်က မမခင်ကို နောက်နေတာလား"

"ဟင့်အင်း၊ မမခင်ကို ကျွန်တော် မနောက်ရဲပါဘူး"

"ဇော့်အရွယ်၊ ဇော့်ဘဝအတွေ့အကြုံနဲ့ အချစ်ဆိုတာကို တကယ်မသိတာလားဟင်"

"ခုထိ ဘဝမှာ အဲဒါကို မသိသေးတာ။ တကယ်မသိသေးတာ။ တစ်ခါတစ်ခါကျတော့လည်း ဘာမှမရေရာဘဲ တောင်တွေးမြောက်တွေး တွေးမိတာတော့ ရှိဖူးတာပေါ့။ ဥပမာ မူ့ ကိစ္စ"

"မူ့ကိစ္စ...ဟုတ်လား။ သေသွားတဲ့ မူနဲ့ဇော်နဲ့ ဘယ်လိုပတ်သက်ခဲ့လို့လဲ"

"ပတ်သက်ခဲ့တာတော့ မဟုတ်ပါဘူး မမခင်၊ သူတို့နဲ့ တစ်အိမ်တည်းနေတဲ့ ရက်ပိုင်းအတွင်းမှာ စဉ်းစားမယ်ဆိုရင် စဉ်းစားစရာရှိလာတဲ့ မူရဲ့ အပြောအဆို အပြုအမူလေးတချို့ကြောင့်ပါပဲ"

"ဇော်ပြောတာ မမခင် စိတ်ဝင်စားမိတယ်။ ပျောက်သောသူမဟုတ်တဲ့ မူ့ကို ရှာရင်မတွေ့နိုင်တော့ပေမယ့် သေသောသူကြာရင်မမေ့စရာ ဇော့်မှာ ခံစားခဲ့ရလို့နဲ့တူပါရဲ့။ ဟုတ်လား ဇော်"

"ကျွန်တော် သူ့ကို ညီမလေးအဆင့်ထက် မပိုခဲ့မိပါဘူး မမခင်၊ သူတင်မက ပါဘူး။ ရှေ့ဆက်ပြီး တစ်အိမ်တည်း အတူနေကြရဦးမယ့် ဖွေးတို့အေးတို့အပေါ်မှာလည်း သူငယ်ချင်းလို မောင်ရင်းနှမလိုကလွဲပြီး ထူးထူးကဲကဲ တစ်ဆင့်တက်ဖို့ဆန္ဒ

http://www.cherrythitsar.org



ကျွန်တော့်ရင်ထဲမှာ မရှိပါဘူး”

“လာကွာ ဇော်၊ ဒီဘက် ညောင်ပိန္နဲရိပ်က နေရောင်လွတ်တယ်။ လား...ဒီနား ရွှေ့ပြီး ရပ်လိုက်ကြရအောင်”

သူတို့နှစ်ယောက် ညောင်ပိန္နဲပင်အောက်သို့ ရောက်သွားကြသည်။

“မူ့ကိစ္စ သိခွင့်ရရင် မမခင် သိချင်တယ်”

“မူမကွယ်လွန်ခင် ရက်ပိုင်းသာသာလို့ပဲ ပြောရမှာပေါ့ မမခင်ရယ်၊ တစ် မနက်မှာ မူက ကျွန်တော့်ကို စကားတစ်ခွန်းပြောဖူးတယ်”

“ဘယ်လိုတဲ့လဲဟင်”

“အိန္ဒိယမှာရောက်နေတဲ့ ဖေဖေနဲ့မေမေကို ကျွန်တော် အဆက်အသွယ်ရပြီ ဆိုတဲ့အခါ မူက ကျွန်တော်နဲ့ ခွဲခွာရမှာကို ဝမ်းနည်းမိတယ်တဲ့။ ဟိုး...ပင်လယ် ကြီးထဲက မီးပြတိုက်မှာကတည်းက ကျွန်တော့်ကို ခင်ခဲ့ရတာပါတဲ့။ နောက် တစ်ခါ သူတို့အိမ်မှာ နေ့လယ်ခင်း ကျွန်တော်တစ်ယောက်တည်းရှိနေတုန်း ဖွေး က ငိုကြီးချက်မနဲ့ ရုတ်တရက် ပြန်ရောက်လာတယ်။ ဖွေးဆိုင်ကို ရှိန်းနိုင် လာနှောင့်ယှက်လို့ ဖွေးက ရက်စိတ်နဲ့ အိမ်ကိုပြန်လာပြီး ငိုတော့ ကျွန်တော်က နှစ်သိမ့်စကားပြောနေရတုန်းမှာ မူကလည်း သူ့ဆိုင်အတွက် ဟင်းအိုးယူဖို့ အိမ်ကို ရုတ်တရက် ပြန်လာတာနဲ့ တိုက်ဆိုင်သွားတယ်။ အဲဒီမှာ အခြေအနေမှန် ကို မသိရသေးခင်စပ်ကြား မိနစ်ပိုင်းအတွင်းမှာ မူက ဖွေးနဲ့ကျွန်တော့်အပေါ် မသင်္ကာတဲ့သဘောမျိုး ခနဲ့တဲ့တဲ့စကားပြောသေးတယ် မမခင်။ နောက်ဆုံး စိတ်ထိခိုက်စရာအကောင်းဆုံးကတော့ ရှိန်းနိုင်ထိုးလိုက်တဲ့ဓားသွားဟာ ကျွန်တော့် ကိုယ်စား မူ သေပွဲဝင်သွားရတဲ့ အဖြစ်ဆိုးကြီးပါပဲ”

ခင်မို့မို့က ဂရုတစိုက် နားထောင်နေရာမှ...

“အဲဒါ မိန်းမသားတွေရဲ့ စိတ်ပိုင်းဆိုင်ရာ ဆန်းကျယ်မှုတစ်ခုပေါ့ဇော်၊ အခု ဇော်ပြောပြတဲ့ အချက်တွေကို ခြုံငုံပြီး သုံးသပ်လိုက်ရင် သေသွားတဲ့မူဟာ ဇော့်အပေါ်မှာ ထူးကဲတဲ့သံယောဇဉ်ရှိနေတယ်”

“ဗျာ...”

ကိုမင်းဇော်ရင်ထဲတွင် အံ့အားသင့်စွာ ခံစားလိုက်ရသည်။

“ဒါကို ဖွေးလည်း ရိပ်မိကောင်း ရိပ်မိခဲ့မယ်ဆိုတာ ဇော် မသိပါဘူးကွယ်”

“ဟုတ်လား၊ အဲဒီတုန်းက မူ့စိတ်ကို ဖွေးက ရိပ်မိနေလိမ့်မယ် ဟုတ်လား”

“ဇော်ပြောပြသလိုဆိုရင် မူ့ရဲ့ ခနဲ့တဲ့တဲ့အမူအရာတွေကို ဖွေးက ရိပ်မိခဲ့မှာ သေချာပါတယ်လေ၊ မကျေနပ်လို့ ခနဲ့တဲ့အမူအရာနဲ့ ဆုံးရှုံးနစ်နာလိုက်လဲ့လို့

http://www.cherrythitsar.org



ခနဲ့လိုက်ရတဲ့ အမူအရာဟာ မိန်းမသားတွေမှာ ကွဲပြားတတ်ပါတယ်ဇော်"

"ဟုတ်ကောင်း ဟုတ်ပါလိမ့်မယ်။ မူ့ဈာပနမြေချတဲ့နေ့က ကျွန်တော့် လက်ထဲကို ဖွေးက အဖြူရောင်နှင်းဆီတစ်ပွင့် လာပေးရင်း ညီမလေးမူကို နောက်ဆုံးနှုတ်ဆက်လိုက်ပါ ကိုမင်းဇော်...ညီမလေးက ကိုမင်းဇော်ကို နောက်ဆုံးအချိန်အထိ အကာအကွယ်ပေးသွားတဲ့ သံယောဇဉ်ကြီးမားရှာသူလေးပါလို့ ပြောခဲ့တယ်။ မူ့အုတ်ဂူလေးပေါ်ကို ဖွေးပေးတဲ့နှင်းဆီပွင့်ကလေး ကျွန်တော် အမှတ်တရတင်ရင်း မူ ကောင်းရာသုဂတိလားပါစေလို့ ကျွန်တော် နှုတ်ဆက် ဆုတောင်းခဲ့ရပါတယ် မမခင်"

"မူ့ကို မေ့နိုင်ဦးမှာလား ဇော်"

"ကျွန်တော် သူ့ကို မကြာခဏ သတိရနေမိလိမ့်ဦးမယ်ဆိုတာတော့ ဝန်ခံပါတယ်။ ဒါပေမယ့် သူ့ကို ညီမလေးတစ်ယောက်လိုပဲ သတိရနေမိမှာပါ"

"ဒါဆိုရင် အဖြူရောင်သက်သက် သံယောဇဉ်နဲ့ အချစ်ဆိုတဲ့အရာ ကွဲပြားခြားနားမှုကို သဘောပေါက်ပြီထင်ပါရဲ့ ဇော်"

"ဟုတ်တယ် မမခင်၊ ကျွန်တော် မူ့ကို မချစ်ခဲ့မိပါဘူး"

"ရေထဲက ငါးမလေးတစ်ကောင် တောင်ကုန်းပေါ်တက်လပြီဗျို့"

ဆူဆူညံညံ ရယ်ရယ်မောမောအသံများဖြင့် ဆွေလွင်တို့အုပ်စု နောင်ခမ်းကြီးကုန်းတော်ပေါ်သို့ တက်လာကြသည်။

ဒေါက်တာခင်မို့မို့နှင့် ကိုမင်းဇော်တို့က စိန်ပန်းပြာပင်ပျိုရိပ်မှာ စကားကောင်းနေကြသော ဦးအောင်ကြီးနှင့် ဒေါ်ပိုက်မိတို့ကို အသံသွားပြုရသည်။

"သြော်...ရေကူးကန်အဖွဲ့ ပြန်လာကြပြီလား၊ ကဲ...ဒါဆို လူငယ်တွေကို ဘယ်ကိုလိုက်ပို့ဦးမလဲ ခင်မို့မို့"

ဒေါ်ပိုက်မိက မေးလိုက်သည်။

"ပွေးကောက်ရေတံခွန်ဘက် သွားကြရအောင် ကြီးကြီး။ လူကြီးတွေလည်း စိတ်အပန်းဖြေ ရောက်ဖြစ်သွားတာပေါ့နော်"

* * *

မနက်ဖြန်နံနက်ခင်းဆိုလျှင် မန္တလေးသို့ပြန်ဆင်းကြရပေဦးမည်။

"ခင်ရာဆွေမျိုး မြိန်ရာဟင်းကောင်းတဲ့ဗျ"

ညစာစားကြတော့ ဒေါက်တာခင်မို့မို့၏ ဖခင် ဦးထိုက်က အားပါးတရ

http://www.cherrythitsar.org



တည်ခင်းဧည့်ခံသည်။

"ကဲ…ဖွေးက ဟိုက်စကူးတုန်းက ကျောင်းကပွဲလက်သံမျိုး ပြန်တီးပြရမယ်"

ခင်မို့မို့က ဖွေးကို စန္ဒရားဆီသို့ ဆွဲခေါ်သွားသည်။

"စန္ဒရားပေါ်မှာ ပန်းအိုးလည်းမထားဘူး"

ဟု စကားနည်းသောအေးကပင် ခင်မို့မို့ကို ချစ်စနိုး ကြည့်စယ်လိုက်ရာ…

"ထားချင်ပါတယ်၊ ဒါပေမယ့် ဟိုချာတိတ်တွေ တက်တက်ဆော့ကြလွန်းလို့"

ဟုဆိုကာ သူ့အချစ်တော် ကြောင်လုလုလေးသုံးကောင်ကို လက်ညှိုးထိုးပြသည်။

"သမီးကတော့ ခွေးတွေကြောင်တွေနဲ့ ကလေးတစ်ယောက်လို ခြံဝင်းထဲ ဟိုပြေးသည်ပြေး၊ မက်မန်းသီးစိမ်းစိမ်းလေးတွေ ပြေးကောက်နေတုန်းပဲ မောင်မင်းဇော်ရေ့"

ဒေါ်အေးအေးကပြောတော့ ကိုမင်းဇော်က…

"မမခင်က တိရစ္ဆာန်လေးတွေ အရမ်းချစ်တတ်တော့ B.V.S. တိရစ္ဆာန်ဆေးကုဆရာဝန်လုပ်ဖို့ကောင်းတယ်"

ဟု ပြောသည်။

"လာပါဖွေးရဲ့၊ တစ်ပုဒ်လောက်တီးပြပါ"

မဝံ့မရဲဖြစ်နေသောဖွေးကို ခင်မို့မို့က စန္ဒရားရှေ့တွင် အတင်းထိုင်ခိုင်းသည်။

"ဘယ်ဆရာဆီမှာသင်လဲ"

ဟု အန်တီအေးက လှမ်းမေးတော့ ဖွေးက ကျောင်းမှ ဆရာမကြီး ဒေါ်စောနန်းမြင့်ထံတွင် သင်ကြောင်းပြောပြသည်။

"မမခင်က သီချင်းဆိုပေါ့"

ကိုမင်းဇော်က တောင်းဆိုသည်။

"မမခင် သီချင်းဆိုမယ်ဆိုရင် ဖွေးတီးပေးမယ်၊ ကဲ…ပြောလေ၊ ဘာသီချင်းတီးပေးရမလဲ"

ဖွေးက မေးသည်။

ခင်မို့မို့က ဖွေးအနားသို့ တိုးတိုးလေးကပ်၍ သီချင်းတစ်ပုဒ်နာမည်ကို ပြောပြလိုက်သည်။

လက်ကွက် စ,ပေပြီ။ ဒေါက်တာခင်မို့မို့က ဆိုမယ့်ဆိုတော့ ပျို့မှာတမ်း… တဲ့။

http://www.cherrythitsar.org



"တစ်ကိုယ်ရည်တွေ× × × ဆွေးနေမှရှင်× × × မျှော်သူပန်း× × × ခန်းစက်ရောင်× × × မျက်တောင်ကလေးယှက်× × × ဖူးလက်တင်× × × ဖော်မဲ့သူတွင်× × × "

သီချင်းအဆုံးတွင် ကိုမင်းဇော်က ဝရန်တာသို့ ထွက်ခဲ့သည်။

ထင်းရှူးပင်တို့ကြားမှ ကြယ်ပွင့်လေးများကို တွေ့နေရလေသည်။ ပြင်ဦးလွင်၏ နွေညကား ဆိတ်ငြိမ်အေးမြလျက်။

နောက်ဘက်မှ ခန်းဆီးတစ်စလှပ်ခါသွားပြီး ဒေါက်တာခင်မို့မို့ကို တွေ့ရသည်။

"မနက် ပြန်ရတော့မှာနော် ဇော်"

"ဟုတ်ကဲ့ မမခင်"

"အောင်မယ်...စကားပြော ရှိသေလွန်းနေလိုက်တာ၊ ကိုယ်တို့အသက် ဘယ်လောက်များကွာလို့လဲ။ ကွာလှမှ သုံးလေးနှစ်ပေါ့။ နေပါဦး၊ သီချင်းလည်းပြီးခါနီးရော ဘာလို့ ဒီဘက်ထွက်လာရတာလဲ။ သီချင်းဆိုတာ ဘယ်လိုနေလဲဟင်"

"ပင်လယ်ကြီးထဲမှာနေခဲ့ရတုန်းက ဂီတနဲ့ဝေးခဲ့ရတယ်။ ရန်ကုန်ပြန်ရောက်တော့လည်း ဘဝအတွက် ရုန်းကန်လှုပ်ရှားနေရတော့ ဂီတနဲ့ဝေးနေပြန်ရော၊ ဒီညမှ ဂီတက ရင်ထဲကို ရောက်လာတယ်။ ရောက်လာတဲ့ဂီတကလည်း ရင်ထဲမှာ သိမ့်ခနဲ နင့်ခနဲ။ ဪ...မမခင်ကို စကားလေးတစ်ခွန်း ပြောရဦးမယ်"

"ဘာများပါလိမ့် ဇော်"

"မိန်းကလေးလက်ရေးသီရင် ခွင့်လွှတ်ပါတယ် မမခင်ရယ်"

"အို..."

မျက်လွှာလေးချသွားသည်။

"လွန်ခဲ့တဲ့ နှစ်တော်တော်ကြာလောက်တုန်းက ဘဝတစ်ကွေ့ ခဏတွေ့ခဲ့ကြတယ်၊ ဝေးခဲ့ကြတယ်၊ အခု ပြန်တွေ့ကြတယ်။ တစ်ခါက ဆုံဖူးတာလေးတွေကို စိတ်အာရုံမှာ သတိရသထက် သတိရလာအောင် အိပ်မပျော်ညတွေမှာ ပြန်ခေါ်ယူတွေးကြည့်ရင်း ခင်မင်ဖို့ကောင်းလှတဲ့ မမခင်ရဲ့စိတ်ထားနဲ့ ဆက်ဆံမှုလေးတွေက အခုကာလအထိ မပြောင်းလဲသေးတာကို ကြုံရတော့ ကျေးဇူးတင်မိတယ်။ ပြီးတော့ စိတ်တွေလှုပ်ရှားလာတယ်။ ဒီည မမခင်ကို ကျွန်တော် စကားတစ်ခွန်း ထပ်မေးဦးမယ်"

"ဘာမေးမလို့လဲ ဇော်"

"ကျွန်တော် နောက်ကျခဲ့ပြီလား မမခင်"

"ဆုံးဖြတ်တာ မစောလွန်းဘူးလား ဇော်"

http://www.cherrythitsar.org



"နောက်ကျခဲ့ရသူဖြစ်မှာကိုသာ စိုးရိမ်နေမိတာပါ မမခင်"

"နောက်မကျသေးပါဘူး။ ဒါပေမယ့် မမခင် စဉ်းစားပါရစေဦး။ စဉ်းစားဖို့ အချိန်ပေးပါဦးကွယ်"

"ဘယ်လောက်ကြာဦးမှာလဲ မမခင်"

"အချိန်တွေ ရှိနေပါသေးတယ်၊ ရန်ကုန်မှာ ဆုံကြရဦးမယ်လေ။ တွေ့နေကြရဦးမယ်လေ မဟုတ်ဘူးလား"

"တော်သေးတာပေါ့ မမခင်၊ ကျွန်တော့်ကို စိတ်မဆိုးလို့"

"ဒါကျတော့ ဇော်က ကြောက်တတ်သားပဲ"

"တစ်သက်မှာ တစ်ခါသာ ပြောဖူးတဲ့ စကားအတွက် ကိုယ့်ကိုယ်ကို တာဝန်ယူရသလို အဘက်ဘက်တွေးပြီးလည်း စိုးရိမ်ပူပန်ရတာပေါ့ မမခင်ရယ်"

* * *

ရန်ကုန်ပြန်ရောက်ပြီးနောက်ပိုင်းတွင် ဖွေးအတွက် အားလပ်ရက်မရှိခဲ့ပေ။ စင်ကာပူသို့ ထွက်ခွာသွားပြီဖြစ်သော ဖခင်ကြီးမှာသွားသည့်အတိုင်း ရန်ကုန်(၁၁)လမ်း ပွဲရုံနေရာဟောင်းမြေနေရာ ပြန်ရရေးကိစ္စကို လိုက်လံဆောင်ရွက်နေရ၏။ (၁၁)လမ်းပွဲရုံမှာ ဗုံးဒဏ်ကြောင့် ပျောက်ကွယ်ပျက်စီးသွားသော်လည်း ပွဲလန့်တုန်းဖျာခင်းသူများ တက်မနေနိုင်အောင် ဦးအောင်ကြီးအပေါ် ခင်မင်လေးစား သစ္စာရှိသော ကုန်သည်ပွဲစားတချို့က ဗုံးဒဏ်ရှောင်ရွာရာမှ ပြန်ရောက်ရောက်ချင်း ရရာသစ်တိုသစ်စ ဝါးတိုဝါးစများဖြင့် ယာယီဝင်းထရံကလေးခတ်ထားပေးကြ၍ ပေါက်ပန်းဈေးလူများဝင်၍ တဲမဆောက်နိုင်ကြပေ။ မြို့ပြ ပြန်လည်အချေချထူထောင်ရေးတွင် ပါဝင်ဆောင်ရွက်လာကြသော ရပ်ကွက်လူကြီးများနှင့် လူငယ်အသင်းအဖွဲ့များကအစ စစ်ကြီးမဖြစ်မီက ဦးအောင်ကြီးနှင့် အလျဉ်းသင့်သူများမို့ ယိုင်းပင်းကူညီကြလေသည်။

ဖွေးတို့သားအမိနှင့် သက်သက်မှာ မန္တလေးကပြန်လာပြီးကတည်းက ရပ်ရှင် ရုံတွင် ဆိုင်မထွက်ဖြစ်ကြတော့ပေ။

(၁၁)လမ်း ပွဲရုံဟောင်းနေရာတွင် ယာယီအားဖြင့် သွပ်မိုးပျဉ်ကာ၊ သံမံတလင်းအခံ အဆောက်အအုံကလေးတစ်ခုကို လက်သမားငှား၍ ဆောက်ဖို့အခြေအနေပေးလာသည်။

"ကိုမင်းဇော် မနက်ဖြန်အားမယ်ထင်တယ်"

http://www.cherrythitsar.org



ရေကြောင်းရုံးမှပြန်လာသော ကိုမင်းဇော်အား ဖွေးက ညနေစာ ထမင်းစူးခပ်ပြင်ဆင်ကျွေးမွေးနေရင်းက မေးလိုက်သည်။

"ရုံးပိတ်ရက်ဆိုတော့ အားပါတယ်။ ဘာကိစ္စများရှိလို့လဲ"

"မနက်ဖြန်(၁၁)လမ်းမှာ အဆောက်အအုံ ပန္နက်ရိုက်တိုင်ထူမယ်လေ။ လက်သမားတွေကြားမှာ ဖွေးတစ်ယောက်တည်းမို့ အဖော်လိုက်ခဲ့ပေးဖို့ပါ"

"သြော်...ရပါတယ်။ လိုက်ခဲ့ပေးမယ်လေ။ လက်သမားတွေငှားပြီးပြီလား"

"(၁၅)လမ်းထဲက ဖေဖေ့မိတ်ဆွေ ဦးဘင်ဟိုက ငှားထားပေးမယ်လို့ ပြော တာပဲ။ မနက်(၈)နာရီလောက် လက်သမားတွေကို မှာထားတယ်တဲ့။ ကန်တော့ပွဲအတွက်တောင်မှ ဦးဘင်ဟိုကို ငွေပေးခဲ့သေးတယ်။ မင်္ဂလာယူတဲ့အနေနဲ့ ဦးရှု တိုင်ကို ရွှေရည်ငွေရည်လောင်းဖို့တော့ ဖွေးတို့မှာ ကုတ်ကုတ်ကတ်ကတ်သိမ်းထား တဲ့ နားကပ်၊ လက်စွပ်၊ ဆွဲကြိုးလေးတွေ ငွေဖလားနဲ့ ထည့်ယူသွားရမှာပေါ့"

"လက်သမားခတွေရော ရှင်းပေးခဲ့ပြီလား"

"ဟင့်အင်း...မနက်ကျမှ လက်သမားခေါင်းဆောင်ကို စရန်တစ်ဝက် ရှင်းရ မယ်။ အလုပ်ခန်းဆောက်ပြီးပြီဆိုတဲ့အခါကျမှ ကျန်တဲ့ငွေ အကျေရှင်းရမှာပါ"

"ကောင်းပြီလေ၊ မနက်စောစောသွားကြတာပေါ့။ သြော် ဒီညနေ ဖွေး စာရင်းကိုင်သင်တန်းတက်ဖို့ ဆရာဂရေဂရီကျောင်းကို သွားရဦးမယ်မဟုတ်လား"

"ဟုတ်တယ်၊ သင်တန်းချိန်က ညနေ(၅)နာရီခွဲက (၇)နာရီဆိုတော့ နည်းနည်းစောနေသေးလို့ပါ"

"ရုံးမှာ အလုပ်စ,ဝင်ရတာ အဆင်ပြေရဲ့လား မောင်မင်းဇော်"

ဒေါ်ပိုက်မိက လှမ်းမေးသည်။

"ပြေပါတယ် ဒေါ်ဒေါ်၊ ကျွန်တော့်ကို အထက်လူကြီးတွေက မီးပြတိုက်အတွေ့အကြုံရှိလို့ဆိုပြီး မီးပြတိုက်ဌာနခွဲမှာ ရိက္ခာပို့တာဝန်ခံအရာရှိတာဝန်ပေးလိုက်တယ်"

"ဒါဆိုရင် မောင်မင်းဇော် ပင်လယ်ခရီးထွက်ရဦးမှာပေါ့"

"သိပ်မကြာခင်မှာ ထွက်ရလိမ့်မယ် ဒေါ်ဒေါ်၊ ပင်လယ်ထဲကမီးပြလှေတွေ၊ မီးပြတိုက်တွေကို ကျွန်တော် ရိက္ခာနဲ့ ဆေးဝါး လိုအပ်တဲ့အသုံးအဆောင်တွေ ကြီးကြပ်ကွပ်ကဲပြီး လိုက်ပို့ပေးရမှာပါ။ သင်္ဘောပေါ်မှာ ၆ လတစ်ခါ တာဝန်လဲလှယ်ရမယ့် အလုပ်သမားတွေကိုလည်း စိစစ်ခေါ်ဆောင်သွားရမယ်လေ"

"ဒါဆို စစ်ကြီးအတွင်းက ဒေါ်ဒေါ်တို့မိသားစုနဲ့ မောင်မင်းဇော် စ,ပြီး ဆုံစည်းခဲ့ရတဲ့ အယ်လ်ဂွါဒါမီးပြတိုက်ကြီးကိုလည်း ပြန်ရောက်ရဦးမှာပေါ့နော်"

http://www.cherrythitsar.org



"ဟုတ်ကဲ့ပါဒေါ်ဒေါ်၊ အဟောင်းတွေ အသစ်ပြန်ဖြစ်ပြီး သွားလေသူ မှ့ကို သတိတရဖြစ်မိပေဦးတော့မှာပေါ့"

ကိုမင်းဇော်စကားကြောင့် ဒေါ်ပိုက်မိရော ဖွေးပါ မျက်ရည်တွေ ရစ်ဝိုင်းလာကြသည်။

"သမီးလေးရေ...သေသောသူ ကြာရင်မေ့ဆိုပေမယ့် ရင်နဲ့လွယ်ပြီး မွေးထားရတဲ့ သမီးလေးမို့ မေ့လို့မရဘူးကွယ့်"

မျက်ရည်တွေ တစ်ပေါက်ချင်း လိမ့်ဆင်းလာသည်။ ဖွေးကိုယ်တိုင်လည်း တသိမ့်သိမ့်ငိုရှိုက်နေသည်ကို တွေ့ရပေသည်။ ကိုမင်းဇော်က အိမ်ဧည့်ခန်းတွင် ချိတ်ဆွဲထားသော ဦးအောင်ကြီးတို့မိသားစုဓာတ်ပုံကို မော့ကြည့်ရင်း ရင်ထဲတွင် ရုတ်တရက် ကြေကွဲဝမ်းနည်းလာမိပေသည်။ မိသားစုဓာတ်ပုံထဲတွင် ပြုံးနေသော မူကား မရှိတော့ပြီ။

*  *  *

ရိက္ခာပို့သင်္ဘောကြီးသည် ရန်ကုန်ဆိပ်ကမ်းမှ တရွေ့ရွေ့ထွက်ခွာလာခဲ့၏။ စင်ရော်ငှက်ကလေးတွေက ပင်လယ်ဝအထိ လိုက်ကြလိမ့်မည်ထင်သည်။

ကိုမင်းဇော်က သင်္ဘောကြီး၏ ပဲ့ပိုင်းကုန်းပတ်ပေါ်တွင်ရပ်ရင်း လက်ထဲမှာ ကိုင်ထားသော ပေါင်မုန့်လေးကို ဖဲ့ကာဖဲ့ကာဖြင့် တောင်ပံဖြန့်ဝဲလိုက်ပါလာသည့် စင်ရော်လေးတွေကို အစာကျွေးနေသည်။

အဖြူရောင်ဝတ်စုံဝတ်ထားသော သင်္ဘောအရာရှိ ဦးမန်းသန်းအောင်က ကိုမင်းဇော်ဘေးမှာ လာရပ်ရင်း...

"ပင်လယ်ပြင်ကြီးကတော့ ကိုမင်းဇော်ကို ကြိုဆိုနေပြီဗျို့"

ဟု ပြောသည်။ ကိုမင်းဇော်က စီးကရက်ဘူးကို လှမ်းပေးလိုက်သည်။ တစ်ယောက်တစ်လိပ် ရှိုက်ဖွာကြသည်။

"မြန်မာပြည်လွတ်လပ်ရေးရပြီးရင်တော့ လက်ရှိဗြိတိသျှကိုလိုနီခေတ်ထဲမှာ မီးပြတိုက်တွေရဲ့နာမည်ကို သတ်မှတ်ထားတာ အားလုံး မြန်မာလိုပြောင်းလဲခေါ်ဝေါ်ကြလိမ့်မယ်လို့ ရုံးချုပ်အစည်းအဝေးမှာ ကြားခဲ့ရတယ် ကိုမင်းဇော်"

"ဟုတ်လား...ဒါဆိုရင် နှစ်နဲ့ချီပြီး သက်စွန့်ဆံဖျား ကျွန်တော် အလုပ်,လုပ်ခဲ့ရဖူးတဲ့ အယ်လ်ဂွါဒါမီးပြတိုက်ကို ဘယ်လိုအမည်ပြောင်းမယ်တဲ့လဲဗျာ"

"ပုသိမ်မီးပြတိုက်ရယ်လို့ ဖြစ်လာလိမ့်မယ် ကိုမင်းဇော်"

http://www.cherrythitsar.org



"ဟုတ်ပေသားပဲ။ တကယ်တော့ အယ်လ်ဂွါဒါဟာ လိပ်ကျွန်း၊ ဟိုင်းကြီး ကျွန်း၊ မော်တင်စွန်းနဲ့ နီးသလို ပုသိမ်ဇရိယာမှာ ရှိနေတာကိုး။ ကောင်းပါလေ့ဗျာ၊ မြန်မာ့ပင်လယ်ပြင်မှာ မြန်မာနာမည်တွေနဲ့ဆိုတော့ ကောင်းတာပေါ့။ လွတ်လပ်ရေးရဖို့ကလည်း လပိုင်း ရက်ပိုင်းသာ လိုတော့တာကိုး"

ရိက္ခာပို့သင်္ဘောကြီးက စက်သံမှန်မှန်ဖြင့် ရန်ကုန်မြစ်အတွင်းမှာပင် ခုတ်မောင်းနေဆဲရှိသေးသည်။ ပင်လယ်ဝသို့ မရောက်သေး။ သီလဝါသို့ မရောက်မီ ဦးတည်လမ်းကြောင်း ၁၇၇ ဒီဂရီဖြင့် မောင်းနှင်နေရာမှ ဓနုတ်ဘုရားရှိရာ ဓနုတ်စွန်းသို့ ရောက်သည့်အခါ သီလဝါဘက်သို့ ၁၁၀ ဒီဂရီဖြင့် ပြောင်းလဲခုတ်မောင်းသည်။ သောင်များကို ရှောင်တိမ်းခုတ်မောင်းနေခြင်းဖြစ်၏။ သီလဝါရောက်တော့ ကျောက်တန်းချောင်းဝရှိ သဲသောင်ပြင်ကြီးကိုလွတ်အောင် ဦးတည်လမ်းကြောင်း ၁၃ ၄၅ ဖြင့် ခုတ်မောင်းပြန်သည်။ ရန်ကုန်မြစ်ဝ လက်ယာဘက်ကမ်း ရွှာသစ်ကုန်းရောက်တော့ ၁၉၆° ၃၀' ဦးတည်လမ်းကြောင်းဖြင့် ပြောင်းလဲခုတ်မောင်းခဲ့ရသည်။

ရေတက်ချိန်ထွက်ခွာလာခဲ့ရသော်လည်း စည်းခုံသောင်ပြင်များ ရှောင်ရှားရသည်မှာ သင်္ဘောအရာရှိများအတွက် တာဝန်ကြီးမားလှသည်။ မကြာမီ ပင်လယ်ဝသို့ ရောက်ပေတော့မည်။

"ဒီကနေ ထားဝယ်နားက မြောက်မော့စကော့စ်ကျွန်းကို ရေမိုင်ဘယ်လောက်သွားရလဲ ကိုမန်းသန်းအောင်"

ကိုမင်းဇော်က မေးလိုက်သည်။

"၁၈၄ မိုင်ဝေးတယ် ကိုမင်းဇော်ရဲ့။ အဲ့ဒီကတစ်ဆင့် မလိကျွန်းကို ၈၅ မိုင်၊ မလိကတစ်ဆင့် ပို့ထမာရီယာကျွန်းကို ၆၂ မိုင်၊ ဘင်းတစ်ခ်ကျွန်းကို ၅၆ မိုင် ဘင်းတစ်ခ်က တစ်ဆင့် ပုလဲကျွန်းအထိကျတော့ ရေမိုင် ၅၀ သွားရတယ်လေ"

ဝါရင့်သင်္ဘောအရာရှိပီသစွာ ကိုမန်းသန်းအောင်က တိကျစွာ ပြောပြနေသည်။

"ပုလဲကျွန်းဟာ တော်တော်လှပတဲ့ကျွန်းတစ်ကျွန်းပဲနော် ကိုမန်းသန်းအောင်၊ ပုလဲမွေးမြူရေးလုပ်တာတော့ ကြာပြီထင်တယ်"

"ရှေး မြန်မာဘုရင်လက်ထက်တော်ကတည်းက ဒီလုပ်ငန်း စ,ခဲ့တာလို့ သိရတယ် ကိုမင်းဇော်"

"ရတနာလုပ်ငန်းထဲမှာ စိတ်ဝင်စားစရာလုပ်ငန်းတစ်မျိုးလို့ ပြောရမယ်ထင်

http://www.cherrythitsar.org



တယ်"

"ဟုတ်တယ်ဗျ၊ ပင်လယ်ထဲက မုတ်ကောင်ရဖို့ အခက်ကပဲ။ ရေသေရက်(၂) ပတ်မှာ မုတ်ကောင်အရိုင်းတွေရဖို့ ဆလုံတိုင်းရင်းသားတွေကို အကူအညီခေါ်ပြီး ငုပ်ခိုင်းရတယ်။ ရေထရက်မရောက်ခင် ငုပ်လို့ရသမျှ မုတ်ကောင်တွေကို (၁၄) ရက်အတွင်း စုဆောင်းထားရတယ်။ ပြီးတော့မှ အဲဒီမုတ်ကောင်တွေကို ရေအသား ကျအောင် ၄,၅,၆ လ ထားရသေးတယ်။ ပုလဲဖြစ်လာမယ့် အဆံကို မုတ်ကောင် ထဲထည့်ပြီး နောက်ထပ် ၄,၅,၆ လ စောင့်ကြည့်ရပြန်ရော။ အရည်အသွေး ကောင်းတဲ့ ပုလဲရဖို့အတွက် ၁ နှစ် ၂ နှစ်ကြာမှ ဖော်ယူရတာပေါ့ ကိုမင်းဇော်"

နှစ်ယောက်သား စကားပြောနေကြဆဲတွင် သူတို့နံဘေးသို့ သင်္ဘောသား ထွန်းအောင်ဆိုသူ ရောက်လာပြီး မနီလာကြိုးကြီးများကို ကုန်းပတ်ပေါ်ထိ စနစ်တကျ ရစ်ခွေနေရာချနေသည်။

"ထွန်းအောင်၊ မင်းအနာ အကင်းသေသွားပြီလား"

ဦးမန်းသန်းအောင်က လှမ်းမေးလိုက်တော့ ထွန်းအောင်က ရှက်ကိုးရှက် ကန်းဖြင့်...

"တော်တော်လေး အနာကျက်သွားပါပြီဆရာ၊ ဒေါက်တာဒေါ်ချိုချိုက နောက် တစ်ခါ စိတ်အလိုလိုက်ပြီး မမိုက်မဲဖို့ ဆုံးမရင်း သင်္ဘောထွက်တဲ့အခါ အချိန်မှန် သောက်ဖို့ ဆီးဆေးရော စားဆေး၊ လိမ်းဆေးတွေပါ ပေးလိုက်ပါတယ်။ ဒီလ ရတဲ့လခက ဆေးဖိုးဝါးခနဲ့ တော်တော်ကုန်သွားတယ်ဆရာ"

"ဒေါက်တာမှာလိုက်တဲ့အတိုင်း မမိုက်နဲ့ပေါ့ကွာ"

"အဖော်ကောင်းလို့ တစ်ခါလေးပျော်မိတာပါ ဆရာ၊ နောက်များတော့ ကြောက်ပါပြီ။ တကယ်ဖြစ်လာတော့ အတော်ကြောက်စရာကောင်းတဲ့အနာတွေ ဗျ"

ထွန်းအောင်က ရှုံ့မဲ့၍ပြောပြပြီး ကုန်းပတ်အောက်ထပ်သို့ ဆင်းသွားသည်။

"ဒုတိယကမ္ဘာစစ်ကြီးပြီးခါစမှာ အလုပ်အကိုင်တွေရှားပါး၊ ကုန်ဈေးနှုန်း တွေကတက်တော့ အဲဒီအခက်အခဲကို ဖြေရှင်းဖို့ မိန်းကလေး တော်တော်များများ ဟာ အလွယ်လမ်းကို လိုက်နေကြတယ်။ ဒီလို အပျော်အပါးကိစ္စမျိုးကို သင်္ဘော သားတွေကလည်း အဖော်အပေါင်းက မြှောက်ပင့်ပေးလို့ လိုက်စားပျော်ပါးမိတတ် ကြတယ်။ ထွန်းအောင်လို ကြောက်တတ်တဲ့သူတွေ များလာပါစေလို့ ဆုတောင်းရ မှာပဲ။ ကာလသားရောဂါဟာ တိုင်းပြည်ပြန်လည်ထူထောင်ရေးမှာ လူငယ်လူရွယ် တွေအတွက် အနှောင့်အယှက်အန္တရာယ်တစ်ခုပဲ"

http://www.cherrythitsar.org



"စမ်းချောင်းက ဒေါက်တာဒေါ်ချိုချိုဟာ မြန်မာလူငယ်လုံမငယ်တွေ ကာလသားရောဂါ၊ အရေပြားရောဂါဖြစ်ပွားမှာကို ကိုယ်ရောစိတ်ပါ စေတနာအရင်းခံပြီး ဟန့်တားနေကြတဲ့ ပါရဂူတွေထဲမှာ တစ်ယောက်အပါအဝင်ပေါ့။ အမျိုးသားဆရာဝန်တွေနဲ့ ရင်ပေါင်တန်းပြီး ဒီကာလသားရောဂါဆိုးကြီးကို ဟန့်တားကာကွယ်နေတာ ဂုဏ်ယူဖို့ကောင်းတယ်။ သူက သူ့ဆီရောက်လာတဲ့ လူနာတွေကို ကာလသားရောဂါရဲ့ ကြောက်စရာကောင်းတဲ့ အချက်တွေပါ ပညာပေးဆုံးမပြီးမှ ဆေးဖိုးဝါးခ သက်သက်သာသာနဲ့ ကုသပေးတတ်တော့ နာမည်သတင်းထင်ရှားလာတဲ့ ဆရာဝန်မကြီး တစ်ယောက်ပါပဲ။

---

ပြင်ဦးလွင်က ကျွန်တော့်မိန်းကလေးမိတ်ဆွေ ဒေါက်တာခင်မို့မို့ အရင်းဟာ အဲဒီဆရာဝန်မကြီးပါပဲ။ အဲဒီ ဒေါက်တာခင်မို့မို့ ဒေါ်ချိုချိုက ရန်ကုန်ခေါ်ပြီး သူ့ဆေးခန်းမှာ လက်ထောက်အဖြစ် ဝိုင်းဝန်းကူညီဖို့ ခေါ်ထားတယ်လေ"

ကိုမင်းဇော်က ပြောပြနေမိသည်။

"ဆရာ...ဂျူတီ"

သင်္ဘောသားလေးတစ်ယောက်က ပွဲစင်တာဝန်ယူရတော့မည်ဖြစ်ကြောင်း ဆရာမန်းသန်းအောင်ကို လာသတင်းပို့သဖြင့်

"ဗွဒ်...အီးဗနင်း နော် ကိုမင်းဇော်၊ ကျွန်တော် ဂျူတီဝင်လိုက်ဦးမယ်"

ဟု နှုတ်ဆက်ကာ အပေါ်ထပ် ကုန်းပတ်ဆီသို့ လှေခါးအတိုင်း တက်သွား၏။

ကိုမင်းဇော်က စီးကရက်အသစ်တစ်လိပ် မီးညှိရှိုက်ဖွာရင်း ပင်လယ်ဝဆီသို့ ငေးကြည့်နေသည်။

မမခင်တို့ ဆေးခန်းလေး၏ ဂုဏ်သတင်းကို ကြားရတော့ ဝမ်းသာမိသည်။ မနေ့ကပင် သင်္ဘောနှင့် ပင်လယ်ထွက်ရမည်ဖြစ်ကြောင်း မမခင်ကို သွားရောက်နှုတ်ဆက်ခဲ့သေးသည်။

သူချစ်ခဲ့မိရလေပြီဖြစ်သော မမခင်။ ခပ်ငယ်ငယ် ပြင်ဦးလွင်မှာ ပထမအကြိမ်ဆုံမိကြစဉ်က Bob Hair ဆံပင်ကို ဂုတ်ဝဲကလေးနှင့် ဂါဝန်ကြီး တဖားဖားနှင့်။ ဖြူစင်ဝင်းမွတ်သော အသားအရေ၊ ဖွံ့ထွားစ ခန္ဓာကိုယ်။ ပြုံးသော မျက်နှာနှင့် ချစ်စဖွယ် မမခင်။

ညနေဆိုလျှင် ခြံဝင်းထဲဆင်း၊ မက်မန်းသီးစိမ်းစိမ်းလေးများကောက်ကာ မြေအိုးလေးနှင့် ဆားငန်ရည်စိမ်ထားတတ်သော မမခင်။

http://www.cherrythitsar.org



နေရောင်နွေးနွေးတွင် ရင်ခွင်ထဲ ကြောင်ကလေးကို ပွေ့ပိုက်ကာ ပွတ်သပ်ယုယနေတတ်သော မမခင်။

မွေးပွခွေးပေါက်စလေးတွေနှင့် ပြေးလွှားဆော့ကစားနေတတ်သော မမခင်။

တောပုန်းကြီး ရိုဗင်ဟု၊ မဟုတ်မခံ ကင်းဆစ်ကစ်ဒ်ကောမစ်၊ ရုပ်ပြစာအုပ်လေးတွေကို အင်္ဂလိပ်လိုဖတ်နေတတ်သော မမခင်။

ခုတော့ ဆရာဝန်မလေး မမခင်။ အရွယ်လေးတွေရလာကြမှ ဒုတိယအကြိမ် ပြင်ဦးလွင်မှာ ပြန်ဆုံစဉ် ဆန်းကြယ်လွန်းလှပေသောစိတ်ကြောင့် မမခင်ကို သူ ချစ်ခဲ့မိခြင်း ဖြစ်ပေသည်။

မမခင်ကတော့ အချိန်ယူ စဉ်းစားပါရစေဦးတဲ့။ ဘဝမှာ အရာရာကို လိုချင်တိုင်းသာ ချက်ချင်းရခဲ့ရင် ရတဲ့အရာဟာ ဘယ်မှာ တန်ဖိုးရှိနိုင်ပါတော့မလဲ။ ခက်ခဲကြမ်းတမ်းပြီးရတဲ့အရာမှ တန်ဖိုးရှိတာ။

* * *

ဘဝမှာ အရာရာကို လွယ်လွယ်ရခဲ့ပြီး အချိန်တိုတိုနှင့် လက်လွှတ်ဆုံးရှုံးခဲ့ရသော ဦးအုန်းနိုင်တစ်ယောက် နယ်မြို့ကြီးတစ်မြို့၏ အကျဉ်းထောင်အတွင်းဝယ် စိတ်ဓာတ်ရေးရာရော ရုပ်ခန္ဓာကြီးပါ အားလျော့ဖျော့တော့ကျဆင်းနေသည်။

ထောင်ဝင်းအတွင်းရှိ ညောင်ညိုရိပ်မှ ၁၂၉၆ ခုနှစ်က စတင်တည်ခဲ့သည့် စေတီတော် ရင်ပြင်ပေါ်တွင် ညင်သာစွာရပ်ရင်း ဆို့နင့်ကြေကွဲနေသည်။ သူ့မှာ ဘာပကာသနမှ မရှိတော့ပေ။ သစ်ခိုးဂိုဏ်းကြီး တရားစွဲခံရကာ ထောင်အတူတူကျလာသော တပည့်များကအစ ထောင်ထဲတွင် သူ့ကို အရေးတယူ ဖေးကူခြင်း ကင်းမဲ့နေသည်။ ဘာသိဘာသာ နေ,နေကြသည်။ ရန်ကုန်မှ မိန်းမနှင့် သမီးများလည်း ထောင်ဝင်စာလာမတွေ့တာ ကြာပြီ။

တစ်ချိန်က စည်းကမ်းကြီးပြီး မိမိတို့မိသားစုအပေါ် စေတနာထားကာ အမြဲတစေ ဆိုဆုံးမခဲ့သော ယောက္ခမကြီး ဦးဘပွားတစ်ယောက်သာ မိဘပီသစွာ အသက်အရွယ်ကြီးရင့်သည့်ကြားမှ (၁၄)ရက်တစ်ခါ ထောင်ဝင်စာ လာ,လာတွေ့နေသည်။ အစားအသောက်၊ အဝတ်အထည်၊ အသုံးအဆောင်ကလေးတွေ တရားဝင် သွင်းပေးနေသည်။ ယောက္ခမကြီးအပေါ်တွင် ယခုလို ခလုတ်ထိမှ ကျေးဇူးတင်ရမှန်း ဦးအုန်းနိုင် နားလည်စပြုလာသည်။

ယောက္ခမကြီး ဘယ်လောက် အပင်ပန်းခံနေသည်ကို သိလာရသည်။

ရန်ကုန်က သမီးနှင့်မြေးများကို စောင့်ရှောက်နေသလို ရန်ကုန်ထောင်မှ

http://www.cherrythitsar.org



သား ရှိန်းနိုင်ကိုလည်း ယောက္ခမကြီးပင် ထောင်ဝင်စာသွားတွေ့ပေးနေကြောင်း သိရသည်။

"ဦးလေးရယ်…ဦးလေးလည်း ပင်ပန်းလှပါပြီ။ နယ်ထောင်က ကျွန်တော့်ဆီကို တစ်လမှ တစ်ခါလောက်သာ လာရင်လာတွေ့ပါ။ ရန်ကုန်က ရှိန်းနိုင်ကိုသာ ၁၄ ရက်တစ်ခါ သွားတွေ့ပါ"

ဟု တောင်းပန်သော်လည်း မရ။

"ဟေ့ကောင် အုန်းနိုင်၊ မင်းဟာမင်း အသုံးကျကျ မကျကျ၊ ဆိုးဆိုး ကောင်းကောင်း၊ သမီးနဲ့ပတ်သက်ပြီး သမက်တော်နေပြီကွ။ ငါ့မှာ ဝတ္တရားရှိတယ်။ မင်းကို ငါ လာကြည့်ရမယ်"

ဟု ပြောလေ သူ့ရင်ထဲတွင် နင့်လေလေ။ ချမ်းသာသုခပြည့်ဝချိန်တွင် မတွေ့ချင်သော မျက်မှာများကိုတောင်မှ ရှောင်လွှဲမရ တွေ့ရမြင်ရတတ်သည်။ ဒုက္ခဆင်းရဲရောက်ချိန်တွင် တွေ့ချင်မြင်ချင်သော မျက်နှာများကအစ ရှောင်တိမ်း စိမ်းကားပြစ်တင်ရှုတ်ချနေတတ်ကြပါလား။ နောင်တဆိုတာ နောင်မှရတတ်တယ် ဆိုတဲ့ ရှေးလူကြီးသူမများစကားဟာ ရိုးစင်းလွန်းလှပါတယ်။ ဒါပေမယ့် ကာလအဆက်ဆက်မှာ အဲဒီစကားက မှန်နေတုန်းပဲ။

"အုန်းနိုင် မင်း နောင်တရပြီလား"

ဟု ယောက္ခမကြီးက မမေး။ တွေ့စရာရှိတွေ့။ ပေးစရာရှိတာပေးပြီး ရန်ကုန်ပြန်သွားတတ်သည်။ အဘိုးကြီးက စကားကို သိပ် အပိုမပြောတော့။

ထောင်ဝင်စာ လာ,လာတွေ့တိုင်း အဘိုးကြီးမျက်လုံးတွေက 'မင်း နောင်တတရားကို မင်းဟာမင်းရှာဖွေ။ သံဝေဂကို မင်းဟာမင်း ရအောင်စဉ်းစား'ဟု ပြောနေသယောင် ခံစားရသည်။

ဒီလိုအဖြစ်မျိုးကြုံရတာတောင်မှ နောင်တမရ သံဝေဂမရသေးဘူးဆိုရင်တော့ မင်း လူမှဟုတ်သေးရဲ့လားဟု မေးနေသယောင် အဘိုးကြီး၏ စူးရှတောက်ပြောင်ဆဲ မျက်လုံးအကြည့်တွေကို ရင်ဆိုင်ရပေါင်းများပြီ။

ဒီနေ့…အဘိုးကြီး ထောင်ဝင်စာလာတွေ့ရက်။ ခေါ်သံကိုနားစွင့်နေသည်။ ထောင်မှူးရုံးခန်းဘက်သို့ မျှော်မျှော်ကြည့်နေမိသည်။ ထိုရုံးခန်းဘေး တံခါးပေါက်မှ ထောင်ကျရုံး၊ ထောင်ဝင်စာဌာနတွင် အလုပ်ဆင်းနေရသော အမြဲဆင်း အကျဉ်းသား တစ်ယောက်ယောက်က ဝင်လာပြီး ထောင်ဝင်စာလာခေါ်မည် ဖြစ်သည်။

လာခေါ်လျှင် နံပါတ်ကြီး(ခေါ်)အဆောင်သားစာရင်းကတ်ပြားကိုင်သူ အကျဉ်းသားထံ၌ ထောင်ဝင်စာတွေ့စာရင်းသွင်းရမည်။ ပြီးလျှင် နံပါတ်ကြီးစာရွက်ကို

http://www.cherrythitsar.org



ထောင်မှူးထံတွင် သွားပြကာ ထောင်ဝင်စာတွေ့ခွင့်ပြုကြောင်း လက်မှတ်ရေးထိုးရမည်။

ပြီးမှ Main Jail မိန်းဂျေးခေါ် ထောင်ပိုင်လေးရုံးထိုင်ရာနေရာသို့ သွားပြီး ထောင်ဝင်စာ စာရင်းတစ်ခါထပ်သွင်းရမည်။ ပြီးမှ ထောင်ဝင်စာတွေ့ရန်နေရာသို့ ၂ ယောက်တစ်တွဲ သွားကြရမည်ဖြစ်သည်။ ဟိုရောက်တော့ ၅ ယောက် တစ်တန်း ထိုင်၍ မိမိအလှည့်ကို စောင့်၊ ထောင်ဝင်စာအဆောက်အအုံလေးထဲ ဝင်ခွင့်ရမှဝင်။ အုတ်ခုံလေးများမှာ ထိုင်စောင့်။ သံဆန်ခါခြားထားသော တစ်ဖက်မှဝင်လာကြမည့် ထောင်ဝင်စာလာတွေ့သူ မိသားစုများအား မျှော်ငေး။ စောင့်စား။ ဝင်လာကြပြီဆိုတော့ သံဆန်ခါ ၂ ထပ်ခြားကာ မျက်နှာချင်းဆိုင် ပြောချင်တာ အလုအယက်ပြော။ ၁၅ မိနစ်ပြည့်တော့ အချက်ပေးခေါင်းလောင်းသံကြားရလျှင် လာတွေ့သူတွေက ပြန်ထွက်သွားကြပြီ။ ယူလာသောစားစရာသောက်စရာ အထုပ်ကလေး များ၊ အဝတ်အထည်များကို တာဝန်ကျ ထောင်အမှုထမ်းတွေက တစ်ခုချင်းထုတ် စစ်ဆေး၊ သွင်းခွင့်မရသော ဝက်သားလို၊ လက်လုပ်ချဉ်လို၊ ဆေးခြောက်ရေစိမ်နှင့် တူသော လက်ဖက်လို၊ ဝမ်းနူးစေတတ်သော အသီးအနှံလိုဟာမျိုးတွေကျတော့ အသိမ်းဆည်းခံလိုက်ကြရသည်။ သွင်းခွင့်ရသော ပစ္စည်းထုပ်ကလေးများကို ကိုင်ကာ ၅ ယောက်တစ်တွဲ ကွင်းပြင်မှာ ပြန်ထိုင်။ လူစုံတော့ ၂ ယောက်တစ်တွဲ တန်းစီပြီး Mail Jail ကို ပြန်။ ထောင်ပိုင်လေးရုံးခန်းရှေ့ရောက်တော့ ရှာဖွေရေးတာဝန်ကျ အကျဉ်းသားက ပါလာသည့်ပစ္စည်းများကို ထပ်ဆင့်စစ်ဆေး။ ပြီးမှ သက်ဆိုင်ရာအိပ်ဆောင်များသို့ ပြန်ဝင်။ ထောင်ဝင်စာတွေ့ စာရင်းစာရွက်နံပါတ်ကြီးကို စာရင်းကိုင်အကျဉ်းသားအား ပြန်အပ်၊ အထုပ်ကိုင်၍ အိပ်ဆောင်ခန်းထဲဝင်။

ဒီနေ့မနက်လည်း သံပတ်ပေးထားသော အရုပ်ကြီးတစ်ရုပ်လို ဦးအုန်းနိုင်နားစွင့်နေမိသည်။ ခေါ်ပြီ...ခေါ်ပြီ၊ သူ့နာမည်နှင့် သူ့အဖေနာမည် တွဲခေါ်သံကိုကြားရပြီ။ အကျဉ်းသားအမည်နှင့် အဖအမည်ကို တွဲခေါ်မြဲ။

"ထောင်ဝင်စာခေါ်မယ်ဟေ့...အုန်းနိုင်(ဦးစိန်ဘ)"

"ရှိ..."

ဦးအုန်းနိုင် အော်ထူးပြီး မပြေးရုံတစ်မည် လာခေါ်သူ အကျဉ်းသားရှေ့အရောက်သွားပြီး စာရွက်လေးကိုယူလိုက်သည်။ ထောင်ဝင်စာပုံစံစာဂရွက်မှ တွေ့လိုသူအမည်ကို ငုံ့ကြည့်လိုက်သည်။ ယောက္ခမကြီး ဦးဘပွားနာမည်ကိုသာ တွေ့ရသည်။ ဘာဖြစ်နေကြလဲ။ အိမ်ကမိန်းမနဲ့ သမီးတွေ မလာတာကြာပြီ။

http://www.cherrythitsar.org



ဘာများဖြစ်နေကြပါလိမ့်။ အင်းလေ…နယ်ကိုလာရမှာဆိုတော့ ရန်ကုန်ထောင်မှာ ရောက်နေတဲ့ ရှိန်းနိုင်ကိုပဲ ဦးစားပေး တွေ့ရတော့မှာပေါ့။ သူတို့အဆင်ပြေဖို့ အရေးကြီးပါတယ်။

ဆောင်ရွက်စရာအဆင့်ဆင့်ကို ဆောင်ရွက်ပြီး နောက်ဆုံးအဆင့် ထောင်ဝင်စာ အဆောက်အအုံလေးထဲသို့ ဦးအုန်းနိုင် ဝင်ခဲ့သည်။ သံဆန်ခါ ၂ ထပ်ခြားထားသော ဒီဘက်ခြမ်း လူသွားစင်္ကြံရှိ အုတ်ခုံလေးတစ်ခုံတွင်ထိုင်ကာ ဦးဘပွားဝင်လာမည့် တံခါးပေါက်ဆီသို့ လည်ပင်းဆန့်နေမိသည်။ ငေးမျှော်နေမိသည်။

ခဏမျှအကြာတွင် တံခါးပေါက်မှတစ်ဆင့် ထောင်ဝင်စာတွေ့သူများ အလု အယက် တိုးဝှေ့၍ ဝင်လာကြသည့် သူတို့မျက်လုံးတွေကလည်း သက်ဆိုင်ရာ အကျဉ်းသားကို ရှာဖွေနေကြသည်။

"ဒီမှာဟေ့…"

"ဒီကိုလာ…"

အသံတွေ ဆူညံနေသည်။

"စကားတိုးတိုး ပြောကြပါ"

သက်ဆိုင်ရာ တာဝန်ကျအမှုထမ်းက လှမ်းအော်သည်။ ငြိမ်သွားကြသည်။ အခန်းကလေး ပြန်လည်တိတ်ဆိတ်သွားသည်။ ဦးဘပွားနှင့် ဦးအုန်းနိုင်တို့ သံဆန်ခါ ၂ ထပ်ခြားကာ တစ်ယောက်မျက်နှာ တစ်ယောက် အတန်ကြာ ငေးစိုက် ကြည့်နေကြသည်။

"အုန်းနိုင်"

"ဗျာ…ဦးလေး"

"ရသမျှအချိန် ၁၅ မိနစ်မှာ မင်းကို ငါ လိုရင်း ၂ ချက် တိုတိုပြောမယ်။ မင်း စိတ်ခိုင်ခိုင်ထားနော်"

ရင်ထဲတွင် ဒိန်းခနဲဖြစ်သွားသည်။ အရေးကြီးသည်။ ဖြစ်သမျှအကြောင်း ရင်ဆိုင်ခံရုံပေါ့။ ခံလိုက်ရုံပေါ့။

"ဟုတ်ကဲ့ ပြောပါဦးလေး"

"ကဲ…ငါပြောမယ်။ နံပါတ်တစ် ရန်ကုန်က မင်းတို့အိမ်နဲ့ခြံကို ကြွေးရှင်တွေ က ကြွေးနဲ့လာသိမ်းသွားကြပြီ။ မင်းမမေးနဲ့။ ဒါ မင်းမိန်းမ ငါ့သမီးက မင်း မသိအောင် အထက်တန်းစားဆိုတဲ့ မိန်းမပေါင်းစုံနဲ့ မြင်းပွဲလောင်း၊ ဖဲကစား၊ ဂျင်လှည့်၊ မာကျောက်ဝိုင်းထိုင်ထားတဲ့ ကြွေးတွေတဲ့ကွ။ ကိစ္စမရှိဘူး။ မင်းခယ်မ၊ မင်းမိန်းမနဲ့ သမီးလေးတွေကို နယ်က ငါ့အိမ်မှာ ခေါ်တင်ထားလိုက်ပြီ။ ငါ့မြေး

http://www.cherrythitsar.org



လေးတွေကို ခြေငြိမ်အောင် နယ်က စာသင်ကျောင်းတစ်ကျောင်းမှာ ဆွဲခန့်ဆရာမလေးတွေ ဝင်လုပ်ခိုင်းထားတယ်။ တော်တော်လေး အပိုးကျိုးပြီး လိမ္မာနေကြပြီ။

ဒုတိယ အရေးကြီးတဲ့တစ်ချက် ငါပြောမယ်။ မင်းရဲ့သား ရှိန်းနိုင်၊ ရန်ကုန်ထောင်ထဲမှာ ဝမ်းကိုက်ရောဂါဖြစ်တယ်။ ဒုတိယကမ္ဘာစစ်ကြီးပြီးခါစဆိုတော့ ရန်ကုန်ထောင်မှာ ဆေးဝါးက သိပ်မပြည့်စုံသေးဘူး။ ဒါကြောင့် ထောင်အာဏာပိုင်တွေနဲ့ ထောင်ဆရာဝန်ရဲ့ မှတ်ချက်နဲ့ ရန်ကုန်ဆေးရုံကြီး အောက်ဆုံးထပ်က အကျဉ်းသားလူနာခန်းကို Refer ရီဖား ထုတ်ပြီး တင်ရတယ်။ ရသမျှ အကောင်းဆုံးဆေးဝါးတွေနဲ့ သမားတော်ကြီးတွေက စေတနာထားပြီး ကြိုးစားကုသကြ တယ်။ မရဘူး။ ဝမ်းကိုက်ရောဂါပိုးက အသည်းထဲရောက်သွားပြီး အသည်းကို ဖောက် အနာကြီးဖြစ်သွားတယ်။ ငါ့မြေးရှိန်းနိုင်ကို ပစ်လိုက်ရပြီ။ ရှိန်းနိုင်ဆုံးပြီ”

ဦးဘပွားက စကားအဆုံးတွင် ဆို့နင့်သွားသည်။ တိမ်ဝင်သွားသည်။ နှုတ်ခမ်းများပင် တဆတ်ဆတ်တုန်နေသည်။

“ငါ မင်းကို တည့်တည့်ပဲပြောမယ်။ မင်း တရားရတော့၊ တရားကို နှလုံးသွင်းတော့။ လွတ်ရက်စေ့လို့ ထောင်ကလွတ်လာရင် ဟိုတုန်းက တိရစ္ဆာန်စိတ်၊ တိရစ္ဆာန်အကျင့်တွေကို ဖျောက်၊ လူလိုနေ၊ လူလိုကျင့်၊ လူစိတ်မွေးတော့။ မင်းအရွယ်က တတိယအရွယ်ကို ရောက်နေပြီ”

ဦးဘပွားက ခပ်ပြတ်ပြတ်ပင် ပြောလိုက်သည်။

အချိန်စေ့ အချက်ပေးခေါင်းလောင်းသံကို ကြားရသည်။

“ကဲ...ငါသွားမယ်”

ယောက္ခမကြီး ထ,သွားသည်။ အားတင်းထားသည့်ကြားမှ ယောကျ်ားကြီးတန်မဲ့ ဟန်မဆောင်နိုင်ဘဲ မျက်ရည်တွေကျလာသည်။ သူ့မှာ အားထားတိုင်ပင်စရာဆိုလို့ ယောက္ခမကြီးသာ ရှိတော့သည်။ တကယ်တော့ ဦးအုန်းနိုင်မှာ မိဘအရင်းအချာမရှိတော့ပေ။ သူ့ဖခင် ဦးစိန်ဘနှင့် မိခင်ကြီး ဒေါ်ဖွားနုစ်တို့မှာ မြေလတ်ပိုင်းဒေသတစ်ခုတွင် ရှေ့ဆင့်နောက်ဆင့် ကွယ်လွန်ခဲ့ကြရှာပြီဖြစ်၏။

“ဖြစ်ရလေ သား...ရယ်...”

ဦးအုန်းနိုင်က သားရှိန်းနိုင်အတွက် ဆို့နင့်ကြေကွဲစွာ တမ်းတလိုက်သည်။

* * *

၁၂-၆-၄၇
ခေတ္တ စင်ကာပူမြို့

သီဟရတနာစာပေ

http://www.cherrythitsar.org



မပိုက်မိနဲ့ သမီးကြီးဖွေးသို့...

ဖေဖေ စာရေးလိုက်တယ်။ ဇက်ဖယ်လ်–ဒီ/၄၅၀ အမျိုးအစား (၄)တန်ခွဲ လော်ရီကား စက်အပိုပစ္စည်းတွေပါ ကိုယ်စားလှယ်ရတယ်။ ဒီဇယ်အမျိုးအစား ကားကောင်းကားသန့်တွေ ဖြစ်ပါတယ်။ မက်ဇီလာ မော်တော်ကားတိုင်ယာများ တင်သွင်းရေးကိစ္စတော့ စကားကမ်းလှမ်းထားဆဲပဲ ဖြစ်ပါတယ်။

သမီးတို့ရေးလိုက်တဲ့စာထဲမှာ (၁၁)လမ်းပွဲရုံဟောင်းနေရာမှာ ယာယီကုမ္ပဏီ ရုံးခန်း အဆောက်အအုံလေး ဆောက်ဖြစ်သွားတာ ကြားရတော့ သမီးအေးရော ဖေဖေရော ဝမ်းသာနေကြတယ်။

ဖေ့ဖေ့မိတ်ဆွေ မစ္စတာစတင်လီတို့ မိသားစုကလည်း အတော် ဧည့်ဝတ် ကျေပွန်ပါတယ်။ အစစ ကူညီကြပါတယ်။

အခု ဇူလိုင်လကုန်လောက် ဖေဖေတို့ ပြန်ရောက်ဖြစ်လိမ့်မယ်ထင်ပါတယ်။

သမီးဖွေးလည်း D-A စာရင်းကိုင်သင်တန်းတက်ရတာ အဆင်ပြေလိမ့်မယ် ထင်ပါတယ်။ အစစ အောင်မြင် အဆင်ပြေကျန်းမာကြပါစေ။ မောင်မင်းဇော်ရော ပင်လယ်ခရီးထွက်နေရပြီလား။ သတိရကြောင်း ပြောပြပါ။

ကျန်းမာပါစေ၊ သတိရစွာဖြင့်
အောင်ကြီး

ဖခင်ကြီး၏စာကိုဖတ်ပြီး ဒေါ်ပိုက်မိရော ဖွေးပါ စိတ်ချမ်းသာမိကြသည်။

ဖွေးကတော့ ညီမအေးကိုလည်း လွမ်းဆွတ်သတိရနေမိသည်။

ပင်လယ်ခရီးထွက်သွားသော ကိုမင်းဇော်ကိုလည်း သတိရနေမိသည်။

အိမ် အထပ်ခိုးပေါ်ရောက်တိုင်း ကိုမင်းဇော် အိပ်နေကျအိပ်ရာနှင့် ပြတင်း ပေါက်လေးဘေးမှာထိုင်ကာ စတော့ကိတ်ဂုံကျော်တံတားနှင့် ပုဇွန်တောင်ဘူတာ ကြားရှိ ရထားသံလမ်းများကို ငေးကြည့်နေမိသည်။ ရထားသံလမ်းများမှာ မျဉ်းပြိုင်ဖြစ်သည်။

တစ်နေရာရာတွင် ဆုံတွေ့သော်လည်း ပြန်လည်၍ မျဉ်းပြိုင်ဖြစ်နေတတ်ကြ သည်သာ ဖြစ်၏။

ယခုလည်း အထပ်ခိုးပေါ်သို့ ညင်သာစွာ တက်လာခဲ့ပြီး ပြတင်းပေါက်လေး မှတစ်ဆင့် အဝေးကို ငေးကြည့်နေမိသည်။

ဟင်...ကိုမင်းဇော် စပို့ရှပ်အင်္ကျီအဟောင်းပါလား။ သက်သက် အဝတ်လျှော် ရင်တွေ့အောင် အဝတ်ဟောင်းခြင်းတောင်းထဲ သွားထည့်ထားဦးမှ။ ကိုမင်းဇော် ညဘက် ဝတ်,ဝတ်အိပ်တတ်တဲ့ အင်္ကျီဟောင်းလေးပဲ။ လုံးထွေးပြီး အိပ်ရာဘေးမှာ

http://www.cherrythitsar.org



မေ့ထားရစ်ခဲ့တာကိုး။

ဖွေးက စပို့ရှပ်အင်္ကျီဟောင်းလေးကို ကောက်ကိုင်လိုက်သည်။ အင်္ကျီအိတ်ကပ် ထဲမှ ငွေအကြွေ မတ်စေ့တစ်စေ့၊ မူးစေ့ နှစ်စေ့နှင့်အတူ စာရွက်ခေါက်လေးတွေ့၍ နှိုက်ယူပြီး ကိုမင်းဇော်ခေါင်းအုံးအောက်ထဲ ထိုးထည့်မည်ပြုပြီးမှ စာရွက်ခေါက် ကလေးဟာ အရေးကြီးတဲ့ ရုံးစာရွက်လား၊ ဒါမှမဟုတ် ဘာဖြတ်ပိုင်းများပါလိမ့်ဟု စေ့ငုလိုစိတ်ဖြင့် လတ်တလော ဖြန့်ကြည့်လိုက်မိသည်။

ရိုင်းရာကျမိပေပြီ။ ကိုမင်းဇော်၏ ကိုယ်ရေးကိုယ်တာစာရွက်ပါလား။ စာက မဆုံးသေးဘူး။ ရေးရင်းလက်စ၊ အချိန်မရလို့ ဒါမှမဟုတ် အတွေးမရလို့ထင်ပါရဲ့။

စာရွက်ရဲ့အစမှာ ရေးထားတာ တစ်ကြောင်းကိုတွေ့ရုံမျှနှင့်ပင် ကတိုက် ကရိုက် စာရွက်ကို ပြန်ခေါက်ပြီး ခေါင်းအုံးအောက်ထဲ ထိုးသွင်းလိုက်မိသည်။

စာရွက်ရဲ့ အစမှာ ရေးထားတာက ကိုမင်းဇော်ရဲ့ လက်ရေးများပင် ဖြစ်သည်။

ကျွန်တော်ချစ်ရတဲ့ မမခင်…တဲ့။

"သြော်…ကိုမင်းဇော်က မမခင်ကို ချစ်နေမိတာကိုး"

ဖွေးက ပြတင်းပေါက်လေးမှတစ်ဆင့် ဟိုအဝေးသို့သာ ငေးနေမိပြန်သည်။ ဒီစပို့ရှပ်အင်္ကျီလေးကို လျှော်ပေးလို့ မဖြစ်သေးပါဘူး။

ပင်လယ်ထဲက ကိုမင်းဇော်ပြန်လာရင် သူ့ခြေရာလက်ရာအတိုင်းတွေ့မှဖြစ်မှာ ပါ။ ဖွေးက ငွေအကြွေမတ်စေ့နှင့် မူးစေ့တွေကို စာရွက်ခေါက်လေးနှင့်အတူ စပို့ရှပ်အင်္ကျီဟောင်းအိတ်ကပ်ထဲ ပြန်ထည့်ကာ အိပ်ရာဘေးမှာ ပြန်ထားလိုက် သည်။

အောက်ထပ်သို့ ပြန်ဆင်းလာခဲ့သည်။ ရေချိုးခန်းထဲမှာ ရေချိုးနေသော မေမေ့ အတွက် သနပ်ခါးသွေးနေသော သက်သက်ဆီလျှောက်သွားပြီး

"သက်သက်ရေ…အထပ်ခိုးပေါ်က ကိုမင်းဇော်အိပ်ရာဘေးမှာ သူ့စပို့ရှပ် အင်္ကျီဟောင်းတစ်ထည်ရှိတာ ယူပြီး မလျှော်လိုက်နဲ့နော်"

ဟု သတိပေးရသည်။ သက်သက်က နားမလည်နိုင်သလို ဖွေးကို လှမ်းကြည့် မိသော်လည်း ငယ်ရွယ်သူမို့ ဘာမှ ပြန်မမေးတော့ဘဲ သနပ်ခါး ဆက်သွေးနေ လိုက်သည်။

* * *

အယ်လ်ဂွါဒါမီးပြတိုက်ကြီးက ကိုမင်းဇော်ကို ငုံ့ကြည့်နေသည်။

http://www.cherrythitsar.org



ဟိုး…တစ်ချိန်က သာမန်မီးပြတိုက်စောင့် အလုပ်ကြမ်းသမား မင်းဇော်ကို ငုံ့ကြည့်ခဲ့သလိုမျိုးပင် ဖြစ်သည်။

ကိုမင်းဇော်က အရာရှိငယ်တစ်ဦးပီသစွာ သက်ဆိုင်ရာ မီးပြတိုက်စောင့် တာဝန်ခံအား စာရင်းဇယားအတိအကျဖြင့် ရိက္ခာဆေးဝါးပစ္စည်းများကို လက်ခံရယူစေသည်။

နှစ်တွေပိုင်းခြားခဲ့ပြီ။ အဖြစ်သနစ်တွေလည်း ဟောင်းခဲ့ပြီ။ လူတွေလည်း ပြောင်းလဲခဲ့ပြီဖြစ်သော်ငြား မီးပြတိုက်ကြီးကတော့ ခက်ထန်သောလှိုင်းတံပိုးများကြားတွင် မားမားကြီးရှိနေဆဲပါလား။

ကိုမင်းဇော်က သူတာဝန်ထမ်းဆောင်ခဲ့ဖူးသော နေရာလေးတွေ၊ အိပ်ခဲ့စားခဲ့ဖူးသော နေရာဟောင်းလေးတွေကို လျှောက်ကြည့်ရင်း အဒါးဘိုင်တို့ ဘာဘူလေးတို့ကို သတိရလိုက်မိသည်။

ဒီနေရာမှာ ဦးအောင်ကြီး အဖျားတက်ခဲ့တယ်။ ဒီနေရာမှာ မူတို့ ဖွေးတို့ ညီအစ်မတစ်တွေ ထိတ်ထိတ်ပျာပျာနဲ့ ဆောက်တည်ရာမရ တုန်လှုပ်ကြောက်လန့်ခဲ့ကြဖူးတယ်။ ဒီနေရာကတော့ ဒေါ်ပိုက်မိ ဘုရားရှိခိုးဆုတောင်းတဲ့နေရာပေါ့။

ဟော့ဒီ ကျောက်ဆောင်အောက်မှာ အဒါးဘိုင်နဲ့အတူတူ လက်ထွန်ပစ်ငါးမျှားကြိုးတန်းချခဲ့တယ်။

ရေမှုန်ရေစက်တချို့က လှိုင်းအရိုက်တွင် ကိုမင်းဇော်မျက်နှာကို လာစဉ်သည်။

"ရေတက်ပြီဆရာ၊ ကျွန်တော်တို့ ကျောက်နုတ်ပြီး ထားဝယ်မီးပြဘက် ခရီးဆက်ကြရအောင်"

ရိက္ခာပို့သင်္ဘောမှ ဒုတိယအရာရှိ ကိုအောင်မော်က ကိုမင်းဇော်ကို လာပြောသည်။ မီးပြအလုပ်သမားအားလုံးကို နှုတ်ဆက်သည်။ လှေကပ်၍ရသော သဲသောင်ပြင်တစ်နေရာသို့ ဆင်းခဲ့ကြသည်။ အကြိုအပို့လုပ်ပေးနေသော Dinghy ဒင်ကီလှေကလေးဖြင့် သုံးမိုင်သာသာခန့်တွင် ကျောက်ချထားသော ရိက္ခာပို့သင်္ဘောကြီးသို့ သွားကြရမည်ဖြစ်သည်။

နေရစ်ပေဦးတော့ မီးပြတိုက်ကြီးရေ…။

ကိုမင်းဇော်တို့လှေကလေးက သင်္ဘောကြီးရှိရာသို့ စက်ကုန်ဖွင့်ခဲ့သည်။ လှိုင်းတွေက ဂယက်ထစ။

သင်္ဘောပေါ်ရောက်တော့ သင်္ဘောအရာရှိများရော သင်္ဘောသားတွေပါ ထူးထူးခြားခြား လန်းဆန်းပြုံးရွှင်နေကြသည်ကို အံ့အားတသင့် တွေ့ကြရသည်။ ဘာဖြစ်လို့ပါလိမ့်။ ထူးဆန်းလိုက်တာ။ ဘာများဖြစ်ကြလို့ပါလိမ့်။ ဘာကြောင့် လန်းဆန်း

http://www.cherrythitsar.org



ပျော်ရွှင်နေကြပါလိမ့်။

"ရေဒီယိုသတင်းဝင်လာတယ်ဗျ၊ လာမယ့်တနင်္ဂနွေနေ့မနက် ရေတက်ဦးမှာ ရန်ကုန်ဆိပ်ကမ်းကို ပြန်ဝင်ခဲ့ဖို့ ကျွန်တော်တို့သင်္ဘောကို ရုံးချုပ်က ပြန်ခေါ်လိုက်ပြီ"

ရေဒီယိုအရာရှိ ဦးသိန်းကြွယ်က လှမ်းပြောသည်။

သြော်...ပင်လယ်ခရီးသွားရသော သင်္ဘောသားများကား ခရီးဝေးဝေး၊ ခရီး နီးနီး အိမ်ပြန်ရတော့မည့်သတင်းကြားလျှင် ပျော်ရွှင်တတ်ကြသည်မှာ သဘာဝ မဟုတ်ပါလား။

ကိုမင်းဇော်လည်း စိတ်ရွှင်လန်းစွာ ကုန်းပတ်ပေါ်ကို ထိုင်ချလိုက်မိပေသည်။

* * *

ကိုမင်းဇော်နှင့်တကွ သင်္ဘောသားများမှာ ရန်ကုန်သို့ သင်္ဘောပြန်ဝင်လာရ သည့် ညနေခင်းတွင် ရန်ကုန်မြို့၏ ဆည်းဆာရှုခင်းကို ကြည်နူးဖွယ် တွေ့မြင် ကြရသည်။

ရေကျော်အိမ်ပေါ်တက်တက်ချင်း ဖခင်နှင့်မိခင်တို့ မန္တလေးမှ ရောက်နေကြသည်ကို တွေ့ရသည်။

"ရန်ကုန်ဘဏ်က ငွေစုစာရင်းကို မန္တလေးဘဏ်စာရင်း ပြောင်းထည့်ဖို့ ဖေဖေတို့ မန္တလေးကဆင်းလာကြတာ"

ဖခင် ဦးလှိုင်ကျော်က မျက်နှာလန်းဆန်းစွာဖြင့် ပြောသည်။

ကိုမင်းဇော်က ပင်လယ်ထဲမှပါလာသည့် ငါးခြောက်ငါးခြမ်း လက်ဆောင်ထုပ်ကို သက်သက်၏လက်ထဲသို့ လှမ်းပေးလိုက်သည်။

"နောက် ဘယ်တော့လောက် ပင်လယ်ပြင်ပြန်ထွက်ရဦးမလဲ သား"

ဟု ဒေါ်ခင်ခင်မြက သားဖြစ်သူကို မေးလိုက်သည်။

"အခု လိုက်ပို့ခဲ့တာက (၆)လစာ ရိက္ခာခြောက်တွေပါမေမေ၊ နောက်(၃)လ ကြာတဲ့အခါ စစ်ဆေးရေးတစ်ခေါက်ထွက်ဖို့တော့ ရှိပါသေးတယ်။ ဒီကြားထဲမှာတော့ ရေကြောင်းရုံးမှာ ရုံးလုပ်ငန်းတွေအတွက် လုပ်နေရဦးမှာပေါ့"

"ကဲ...မောင်မင်းဇော် ခရီးရောက်မဆိုက် ခဏနားပြီး ရေမိုးချိုးပေတော့။ ထမင်းစုစားကြရအောင်"

ဒေါ်ပိုက်မိကပြောသဖြင့် အထပ်ခိုးကလေးပေါ်သို့ ကိုမင်းဇော် တက်ခဲ့သည်။

http://www.cherrythitsar.org



ပြတင်းပေါက်လေးကို တွန်းဖွင့်လိုက်သည်။ သူ့အိပ်ရာဘေးမှာ လုံးထွေးထားခဲ့မိသော စပို့ရှပ်အင်္ကျီဟောင်းကို တွေ့တော့မှ ခရီးမထွက်မီက လျှော်ဖွပ်ဖို့ သက်သက်ကို ပေးခဲ့ရန် မေ့ခဲ့သည်ကို သတိရသည်။

ရေချိုးဆင်းရန် မျက်နှာသုတ်ပဝါကို ပခုံးပေါ်တင်ရင်း အဝတ်ဟောင်းခြင်းထဲ ထည့်ဖို့ စပို့ရှပ်အင်္ကျီဟောင်းကို ကောက်ယူလိုက်သည်။ အိပ်ကပ်ထဲမှ ခပ်မာမာ အရာဝတ္ထု စမ်းမိသည်။ ထုတ်ကြည့်လိုက်တော့ ငွေအကြွေစေ့အနည်းငယ်နှင့် စာရွက်ခေါက်လေးဖြစ်နေသည်။ စာရွက်ခေါက်လေးကိုမြင်မှ ခရီးမထွက်ခင် တစ်ည သတိတရဖြင့် မမခင်ထံ စာရေးရင်း စိတ်တိုင်းမကျသည့်အတွက် တစ်ဝက်တစ်ပျက်ဖြင့် ထားရစ်ခဲ့သော စာရွက်ခေါက်လေးဖြစ်နေတာ ပြန်အမှတ်ရသည်။

အကြွေစေ့များနှင့် စာရွက်ခေါက်လေးကို အိပ်ရာပေါ်တင်ထားခဲ့ပြီး စပို့ရှပ်ကို ယူကာ အောက်ထပ်သို့ ဆင်းခဲ့သည်။

"သက်သက်ရေ…ဒီမှာ အဝတ်ဟောင်းတစ်ထည်နော်"

ကိုမင်းဇော်က ခြင်းတောင်းထဲ ထည့်ပစ်ခဲ့ရင်းက ညစာအတွက် ပြင်ဆင်နေသော သက်သက်ကို လှမ်းပြောပြီး ရေချိုးခန်းထဲ ဝင်ခဲ့သည်။

ရေချိုးအဝတ်လဲပြီး ထမင်းစုစားကြတော့မှ အေးကို စင်ကာပူအတွေ့အကြုံ တချို့ မေးရသည်။

"ဒုတိယကမ္ဘာစစ်ကြီးပြီးသွားပြီဆိုတော့ စင်ကာပူဟာ ဆိပ်ကမ်းအဝင်အထွက် ကမ္ဘာ့ကုန်တင်ကုန်ချ သင်္ဘောကြီးတွေနဲ့ ပြန်ပြီး အားယူနေပြီလေ၊ တိုက်တာ အိမ်ခြေတွေ၊ ဟိုတယ်ကြီးတွေလည်း အင်နဲ့အားနဲ့ ပြန်ဆောက်နေကြပြီ။ လမ်း တွေ တံတားတွေ၊ မီးရထားဘူတာရုံတွေကလည်း အတော်အဆင့်မြင့်ပါတယ်။ ချန်ဂီလေဆိပ်ကိုလည်း နိုင်ငံတကာအဆင့်မီလေဆိပ်ကြီးဖြစ်အောင် လုပ်နေကြ တာ တွေ့ခဲ့ရတယ်။ အေးတို့အပြန်မှာ ဟောင်ကောင်ကို ခဏဝင်တော့လည်း ဒီအတိုင်းပဲ။ ဟောင်ကောင်မှာ အလုပ်တွေ တော်တော်လုပ်နေကြတယ်။ အထူး သဖြင့် သင်္ဘောကျင်းလုပ်ငန်းမှာ အမျိုးသမီးတွေကအစ သံချေးခွာ၊ ဆေးသုတ် တာတို့တောင် ဝင်လုပ်နေကြတာ တွေ့ရတယ်"

အေးက ပြောပြသည်။

"ဟောင်ကောင်မှာလည်း သူ့မြို့ပြလူဦးရေနဲ့ လူနေအိမ်ခြေမျှတအောင် တိုက်အမြင့်ကြီးတွေ ဆောက်နေတာ၊ ဦးတို့မြင်ခဲ့ရတယ်"

ဦးအောင်ကြီးက ကိုမင်းဇော်ကို ပြန်ပြောပြနေသည်။

"စီးပွားရေးက ဘယ်လိုရှိလဲ ဦးအောင်ကြီး"

http://www.cherrythitsar.org



ဦးလှိုင်ကျော်ကမေးသည်။

"သွင်းကုန်ထုတ်ကုန်ကို နိုင်ငံတကာနဲ့ လမ်းတွေဖွင့်ပေးထားတဲ့သဘောပါပဲ"

ဦးအောင်ကြီးက ပြောပြသည်။

"ထိုင်းမှာတော့ ပလတ်စတစ်စက်ရုံတွေ ဦးစားပေး တည်ဆောက်နေတယ် တဲ့"

"နိုင်ငံ တော်တော်များများကတော့ ပြန်လည်ထူထောင်ရေးကို လုပ်နေကြရပြီ ပေါ့။ ဟောင်ကောင်နဲ့ စင်ကာပူမှာ သင်္ဘောကျင်းလုပ်ငန်းတွေ အကြီးအကျယ် ပြန်လည်ထူထောင်နေကြတော့ သင်္ဘောကျင်းရဲ့ စက်မှုလုပ်ငန်းပိုင်းတချို့မှာ အမျိုးသမီးအလုပ်သမတွေတောင် ပါဝင်ဆောင်ရွက်လုပ်ကိုင်နေကြတာ တွေ့ရ တယ်။ Welding ဂဟေဆော်တဲ့အပိုင်းတို့ Plater လို့ခေါ်တဲ့ သံထည်ပိုင်း အကွေးအဆန့် အဖြန့်ကိစ္စတွေ၊ စက်ကြီးတွေကို အောက်ခြေသိမ်း ပြုပြင်တဲ့ကိစ္စ တွေမှာ ယောကျ်ားတွေက အားနဲ့အင်နဲ့လုပ်ကိုင်နေကြတယ်။ အမျိုးသမီးတချို့က ပြင်ဆင်နေတဲ့ သင်္ဘောကြီးတစ်စီးက စက်အစိတ်အပိုင်း Engine Head အင်ဂျင် ဟက်တို့ NOZZLE နော်ဇယ်တို့ Boiler ဘွိုင်လာပြွန်တို့ ဖြုတ်တဲ့အပိုင်းမှာ တောင် လက်ခစားဝင်ဆောင်ရွက်နေကြတာ တွေ့ခဲ့ရတယ်။ သင်္ဘောကျင်းမှာ လွှန်းတင်ပြင်ဆင်နေတဲ့ သင်္ဘောကြီးတွေရဲ့ ရေလှောင်ကန်၊ ဆီလှောင်ကန်၊ သန့်ရှင်းရေး Tank Cleaning လုပ်ငန်းတွေ၊ စက်ခန်းဝမ်းဗိုက်သန့်ရှင်းရေး Bi- lge Cleaning လုပ်ငန်းတွေကိုလည်း ကန်ထရိုက်စနစ်နဲ့ လုပ်နေကြတော့ ကန်ထရိုက် သူဌေးတွေက ဒီလုပ်ငန်းတွေကို ဝင်လုပ်နိုင်တဲ့ မိန်းမအလုပ်သမတွေ ကို နေ့စားအနေနဲ့ အလုပ်ခေါ်ခိုင်းနေကြတာ တွေ့ခဲ့ရတယ်"

ဦးအောင်ကြီးစကားကို နားထောင်ရင်း ဦးလှိုင်ကျော်က

"ကျွန်တော်တို့နိုင်ငံမှာတော့ မိန်းကလေးတွေက မိဘဘိုးဘွား လယ်ယာ ကိုင်းကျွန်း အင်းအိုင်ချောင်းမြောင်းလုပ်ငန်းတွေမှာ ဝင်လုပ်နေကြရသလို စာရေး စာချီပိုင်း၊ ပညာရေးပိုင်း၊ ဆရာဝန် သူနာပြုပိုင်းမှာလည်း ဝင်လုပ်နိုင်တဲ့ မိန်းကလေး တွေ ရှိလာကြပါပြီ။ အရောင်းအဝယ်တတ်တဲ့သူလည်း အရောင်းအဝယ်ပေါ့ လေ"

ဟု ပြောပြသည်။

ဒေါ်ခင်ခင်မြက သားဖြစ်သူ မောင်မင်းဇော်ကို တစ်ချက်လှမ်းကြည့်ရင်းက

"မေမေတောင်မှ မန္တလေးဈေးချိုထဲမှာ အထည်လက်ကားဆိုင်တစ်ဆိုင် စ,ပြီး အခြေချထားတယ်။ သားဖေဖေရဲ့ ရှေ့နေလုပ်ငန်းက ဝင်ငွေရယ် မေမေ့

http://www.cherrythitsar.org



ဆိုင်က ဝင်ငွေရယ်ဆိုတော့ နည်းနည်းချောင်လည်တာပေါ့လေ။ လှူရေးတန်းရေး အပိုင်းမှာလည်း စိတ်သွားတိုင်းကိုယ်ပါနိုင်တာပေါ့။ ပြီးတော့ မေမေက ပြင်ဦးလွင်က ဒေါ်အေးအေးနဲ့ တိုင်ပင်ပြီး မန္တလေးလေယာဉ်ကွင်းနားက တံခွန်တိုင်ရွာကလေးမှာ သူတို့ခြံတစ်ခြံဝယ်ပြီး အခြေတည်ထားတဲ့ ကြက်ခြံမှာလည်း အစုရှယ်ယာထည့်ထားလိုက်တယ်။ အခု စစ်ကြီးအပြီးမှာ ဒေါ်အေးအေးတို့ ဦးထိုက်တို့ ကလည်း လုပ်ငန်းတွေ တအားတိုးချဲ့တာပဲ။ ဂေါ်ဖီထုပ်ပွဲရုံ၊ မေမန်းခရီးသည်တင် ဂျစ်ကားနဲ့ ပန်းစိုက်ခင်းကြီးတစ်ခင်းအပြင် တံခွန်တိုင်က ကြက်မွေးမြူရေး လုပ်ငန်းပါ စိတ်ချရတဲ့ လူငှားတွေနဲ့ လုပ်နေကြတယ်လေ။ သားရဲ့အန်တီအေးက မေမေတို့ မန္တလေးပြန်ရင်တကယ်လို့ ပင်လယ်ထဲ သားပြန်မသွားရသေးဘူးဆိုရင် ပြင်ဦးလွင်ကို ခေါ်ခဲ့ပါဦးလို့ တဖွဖွမှာလိုက်သေးတယ်"

ဟု ပြောတော့ ကိုမင်းဇော်က ဒေါက်တာခင်မို့မို့ကို သတိရလိုက်မိပြီး

"မမခင်လည်း မိဘရပ်ထံ ခဏတစ်အောင့် ပြန်ချင်သေးလားမဆိုနိုင်ဘူး မေမေ၊ မနက်ဖြန်ကျရင် သူတို့ဆေးခန်းကို သားခဏသွားပြီး မန္တလေးနဲ့ ပြင်ဦး လွင် ခဏသွားမယ်၊ လိုက်မလားလို့ စကားစ,ကြည့် အဖော်စပ်ကြည့်လိုက်ဦးမယ်"

ဟု ပြောလိုက်သည်။

"စမ်းချောင်းဘက်မှာ အေးတို့မိသားစု ဘုရားအနေကဇာတင်သွားကြတဲ့ ညနေက မမခင်နဲ့ တွေ့သေးတယ်"

ဟု အေးကပြောတော့ ဒေါ်ပိုက်မိက

"ဒေါ်ခင်ခင်မြတို့ ရန်ကုန်ရောက်နေကြတယ်ဆိုတာတောင်မှ သမီးတို့က ခင်မို့မို့ကို ပြောလိုက်ကြသေးတယ် မဟုတ်လား"

ဟု မေးလိုက်သည်။

"ပြောလိုက်ပါတယ်မေမေ၊ သမီးတို့အိမ်မှာပဲ တည်းကြတယ်ဆိုတာလည်း ပြောလိုက်ပါတယ်။ မမခင်က သူအလုပ်အားတဲ့နေ့ လာလည်ဦးမယ်လို့တောင်မှ ပြောလိုက်ပါသေးတယ်"

ဟု အေးက ပြောပြသည်။

"မနက်ဖြန်ကျရင် မမခင်တို့ဆေးခန်းကို သားရောက်မှာပါ မေမေ။ သူ အလုပ်အားတဲ့အချိန်နဲ့ အဆင်သင့်ရင် သား တစ်ပါးတည်း ဒီအိမ်ကို ခေါ်လာခဲ့မှာပါ။ ပြင်ဦးလွင်ကို မလိုက်ဖြစ်ခဲ့ရင်တောင်မှ သူ့မိဘတွေဆီ မှာချင်တာလေး မှာလိုက်လို့ရအောင်ပေါ့"

ကိုမင်းဇော်က ပြောပြရင်း သောက်ရေသောက်ဖို့အတွက် ထမင်းစားခန်း

http://www.cherrythitsar.org



ဘက်ရှိ သောက်ရေအိုးစင်ရှိရာသို့ ထ,လာခဲ့သည်။

ရေအေးအေးတစ်ခွက် ခပ်သောက်လိုက်သည်။

"ကိုမင်းဇော်"

အသံခပ်တိုးတိုးကြားရာသို့ လှည့်ကြည့်လိုက်တော့ အေးဆေးတည်ငြိမ်သော မျက်နှာဖြင့် ရပ်နေသည့် ဖွေးနှင့် ဆုံစည်းရသည်။ လူကြီးတွေရော ဧည့်သည်များပါ အိမ်ရှေ့ဧည့်ခန်းတွင် စကားဝိုင်းဖွဲ့နေကြသောကြောင့် အိမ်အနောက်ဘက် ထမင်းစားခန်းလေးမှာ ငြိမ်သက်ရှင်းလင်း တိတ်ဆိတ်လျက်ရှိနေသည်။

"ကိုမင်းဇော်ကို ဖွေးမှာ ဝန်ခံစရာတစ်ခုရှိနေတယ်။ ပြီးတော့ တောင်းပန်စရာလည်း ရှိနေပါတယ်"

ဖွေးစကားက ဆန်းကြယ်နေသည်။ ကိုမင်းဇော် အံ့အားသင့်မိသည်။

"ဘယ်လိုအကြောင်းကြောင့်များပါလိမ့် ဖွေးရယ်"

ကိုမင်းဇော် မေးမိသည်။

"ကိုမင်းဇော် ပင်လယ်ပြင်ကို ခရီးထွက်နေတုန်းက အထပ်ခိုးမှာ ကျန်ရစ်ခဲ့တဲ့ စပို့ရှပ်အင်္ကျီဟောင်းလေးကို တွေ့လို့ လျှော်ပေးမယ်ဆိုပြီး ကောက်ကိုင်လိုက်ရင်း အင်္ကျီအိတ်ကပ်ထဲမှာ တွေ့ရတဲ့ အကြွေစေ့လေးတွေနဲ့ စာရွက်ခေါက်လေးတစ်ခုကို သိမ်းထားပေးဖို့ ထုတ်ယူလိုက်တဲ့အခါ စာရွက်ခေါက်လေးကို ဘာဖြတ်ပိုင်းများလဲ ဆိုပြီး ဖြန့်ကြည့်ခဲ့မိတယ်"

ဖွေးက စကားကို ခေတ္တရပ်ပစ်လိုက်သည်။ ဖွေးမျက်နှာပြင်မှာ ရှက်ကြောက် အားနာမှုအရိပ်တို့ဖြင့် နီမြန်းလာလေသည်။

"ဒီစာရွက်ကလေးကို ဖြန့်ကြည့်မိခဲ့တဲ့အတွက် ကိုမင်းဇော်ရဲ့အင်္ကျီကို နေရာမပျက် ပြန်ချထားခဲ့ပြီး လျှော်ပေးမထားမိခဲ့တာပါ။ ဒီစာရွက်ထဲမှာ ဘာပါသလဲဆိုတာ ကာယကံရှင်ဖြစ်တဲ့ ကိုမင်းဇော် အသိဆုံးဖြစ်မှာပါ။ ကာယကံရှင်ရဲ့ ခွင့်ပြုချက်တစ်စုံတစ်ရာမရဘဲ အခုလို တိတ်တဆိတ် ဖတ်မိခဲ့တဲ့ ဖွေးမှာ စည်းမဲ့ ကမ်းမဲ့ ဖြစ်ခဲ့ရပါတယ်။ အပြစ်ရှိခဲ့ပါတယ်။ ဒီ့အတွက် တောင်းပန်ပါတယ်"

ဖွေးက ခေါင်းကလေးငုံ့၍ ခပ်တိုးတိုး ပြောလိုက်သည်။

"မတော်တဆဖြစ်သွားရတဲ့ကိစ္စမို့ ဖွေးအပေါ်မှာ ကျွန်တော်ခွင့်လွှတ်ပါတယ်။ ဒီကိစ္စအတွက် ဖွေးစိတ်ထဲမှာ ဆက်ပြီး ပင်ပန်းလေးလံမနေစေချင်ဘူး။ မေ့ပစ် လိုက်ပါ ဖွေး"

ကိုမင်းဇော်က ခွင့်လွှတ်စကားဆိုမိသည်။

"ကိုမင်းဇော်က ခွင့်လွှတ်တယ်ဆိုတော့ ဖွေး ဖြေသာနိုင်ပါတယ်။ မေ့ပစ်ဖို့

http://www.cherrythitsar.org



ဆိုတာတော့ ဖွေးဘက်က ဖြစ်နိုင်လိမ့်ဦးမယ်မထင်ဘူး”

“ဘာဖြစ်လို့လဲ ဖွေး”

“စာရွက်ထဲက အကြောင်းအရာက ပြည့်ပြည့်စုံစုံ ရေးထားသေးတာ မဟုတ်ပေမယ့် ကိုမင်းဇော်ဘဝရဲ့ အဓိကကျတဲ့ ခံစားမှုအစစ်အမှန်တွေ ဖြစ်နေလို့ပါ”

နှစ်ဦးသား တစ်ဦးကိုတစ်ဦး ကြည့်လိုက်မိကြသည်။

“မမခင်အပေါ်မှာထားရှိတဲ့ ကိုမင်းဇော်ရဲ့ မျှော်လင့်ချက်တွေ ပြည့်ဝနိုင်ပါ စေလို့ ဖွေး ဆုတောင်းပေးနေမှာပါ”

ဖွေးက စကားအဆုံးတွင် အိပ်ခန်းဘက်သို့ ညင်သာစွာ ထွက်ခွာသွားသည်ကို တွေ့လိုက်ရသည်။

ကိုမင်းဇော်က ဧည့်ခန်းဘက်သို့ ပြန်လျှောက်လာခဲ့သည်။ မမခင်ကို သူ ချစ်နေမိပြီဆိုသည်ကို ဖွေး သိနေခဲ့ပေပြီ။

“မန္တလေးမှာတော့ မင်းကွန်းလူအိုရုံကို ကျွန်တော်တို့ လှူဒါန်းငွေ အတန် အသင့် လှူဒါန်းခဲ့ပြီးပါပြီ။ ရန်ကုန်ကမပြန်ခင် ကန်တော်ကလေး လူအိုရုံကို လှူဒါန်းသွားပါဦးမယ်။ ဒုတိယကမ္ဘာစစ်အတွင်း အိန္ဒိယပြည် ဆင်းမလားမှာ စစ်ပြေးဘဝနဲ့ ရရာအလုပ်ဝင်လုပ်နေရင်းက စိတ်ဆန္ဒတွေကို ခုမှ ဖြည်းဖြည်းချင်း အကောင်အထည်ဖော်နေရတယ်”

ဧည့်ခန်းထဲတွင် လူကြီးများ စကားဝိုင်းဖွဲ့နေဆဲပင် ဖြစ်၏။

ကိုမင်းဇော်၏ ဖခင်က လူအိုရုံများကို လှူဒါန်းရခြင်းကိစ္စ ဦးအောင်ကြီးတို့အား ဆက်ပြောပြနေသည်။

“လူတိုင်းဟာ နုပျိုခြင်းကို တွေ့ကြုံဖူးကြတယ်။ ဒါပေမယ့် အိုတဲ့အရွယ် အထိ နေဖူးသူရယ်လို့ လူတိုင်း မရှိနိုင်ပါဘူး။ သေခြင်းတရားဆိုတာက မအိုမင်းခင် နုပျိုစဉ်မှာလည်း ကြုံကြရတတ်ပေတာကိုး။ အခု ကွယ်လွန်ချင် ကွယ်လွန်သွားနိုင်တယ်လေ။ ဒါကြောင့် အိုမင်းမစွမ်းအရွယ်အထိ သားထောက်သမီးခံ စောင့်ရှောက်မယ့်သူမရှိဘဲ လူအိုရုံတွေမှာနေကြတဲ့ သက်ကြီးရွယ်အိုတွေ ဂီလာနတွေကို တတ်နိုင်သမျှ လှူဒါန်းတာပါ”

ဦးလှိုင်ကျော်က သူ့ဆန္ဒကို ပြောပြနေသည်။

ကိုမင်းဇော်က ထောင့်ကျကျ ထိုင်ခုံတစ်လုံးတွင် ဝင်ထိုင်လိုက်သည်။

“မောင်မင်းဇော် ကြည့်ရတာ ခရီးပန်းလာပုံရတယ်၊ အထပ်ခိုးပေါ်မှာတော့ အိပ်ရာအဆင်သင့်ပဲမဟုတ်လား”

ဦးအောင်ကြီးက ကိုမင်းဇော်ကို အကဲခတ်ရင်း လှမ်းပြောလိုက်သည်။

http://www.cherrythitsar.org



"ဟုတ်ကဲ့ဦးလေး၊ တော်ကြာဆို ကျွန်တော် တက်ပြီး အနားယူတော့မှာပါ"

ကိုမင်းဇော်က ပြန်ပြောပြီး တိုင်ကပ်နာရီကို ကြည့်လိုက်သည်။ ညရှစ်နာရီနှင့် ဆယ်မိနစ်။ ပုဇွန်တောင်ဘူတာဘက်ဆီမှ ရထားသံသဲ့သဲ့ကို ကြားရသည်။ သဃ်န်းကျွန်းလော်ကယ်လား၊ ခရီးဝေးရထားတစ်စီးစီးလား။ ကိုမင်းဇော်က အထပ်ခိုးပြတင်းပေါက်ကလေးဆီသို့ အာရုံရောက်သွားပြီး

"ကျွန်တော် စောစောအိပ်ရာဝင်တော့မယ်"

ဟု လူကြီးများကို ခွင့်တောင်းကာ ခြေလက်ဆေးကြောရန်အတွက် ရေချိုးခန်းဘက်သို့ ထွက်ခဲ့သည်။

ရေချိုးခန်းမှအထွက်တွင် ဖွေးနှင့် တစ်ကြိမ်ပြန်ဆုံသည်။

"မနက်ကျ မမခင်ဆေးခန်းကိုသွားရင်း မနက် ၉ နာရီနဲ့ ၁၀ နာရီကြားမှာ ကျေးဇူးပြုပြီး(၁၁)လမ်းက ဖွေးတို့ပွဲရုံနေရာဟောင်းကုမ္ပဏီယာယီရုံးခန်းသစ်ကလေးကို လှည့်ဝင်ခဲ့စေချင်ပါတယ် ကိုမင်းဇော်၊ ကိုမင်းဇော်ကို အရေးကြီးတဲ့စကားပြောချင်တာလေးတွေ ရှိနေလို့ပါ။ ဖွေးညီမ အေးနဲ့ ဖေဖေတို့က အဲ့ဒီအချိန်မှာ ကုန်သည်ကြီးများအသင်းတိုက်မှာ အစည်းအဝေးတစ်ခု ဖိတ်ထားတာ သွားနေကြလိမ့်မယ်။ ကိုမင်းဇော်ကို အရေးကြီးစကားလေး ပြောပြချင်လို့ပါ။ လာဖြစ်အောင်လာခဲ့စေချင်ပါတယ်"

ဟု ဖွေးက မှာနေသည်။

"စိတ်ချပါ၊ ကျွန်တော် လာခဲ့ပါ့မယ်"

ကိုမင်းဇော်က ဖွေးကို ကတိပေးပြီး အထပ်ခိုးလေးပေါ်သို့ တက်ခဲ့သည်။

ပိတ်မထားသော ပြတင်းပေါက်ငယ်မှတစ်ဆင့် ည၏ ကောင်းကင်ကြယ်ပွင့်မှုန်ဝါးတို့ဆီသို့ လှမ်းကြည့်နေမိသည်။ တိတ်ဆိတ်သောညတစ်ညပါလား။ ။

* * *

ရန်ကုန်အနောက်ပိုင်း (၁၁)လမ်းထဲသို့ ကိုမင်းဇော်က နံနက် ၉ နာရီ ၁၅ မိနစ်တွင် ရောက်ခဲ့သည်။

ချိန်းဆိုထားသည့်အတိုင်း အလုပ်ခန်းတွင် ဖွေးက စောင့်ဆိုင်းနေလေသည်။ သူ့အလုပ်စားပွဲမှာ သပ်ရပ်သန့်ရှင်းနေသည်။ ဖခင်ကြီး၏ လုပ်ငန်းကို ဝိုင်းဝန်းကူညီရင်း အလုပ်တွင် စိတ်ဝင်စားမှုရှိနေပုံလည်း အကဲခတ်ရပေသည်။

ဦးအောင်ကြီးတို့ သားအဖသုံးယောက်သာ လုပ်ငန်းသစ်၏ ရုံးခန်းကို နည်းနည်းနှင့်ကျဲကျဲ ဝိုင်းပြီး စတင်အခြေတည်နေကြပုံရပေသည်။

http://www.cherrythitsar.org



"ဒီမှာပဲ လွတ်လွတ်လပ်လပ် ပြောကြမလား"

ဟု ကိုမင်းဇော်က မေးလိုက်သည်။

"ဟုတ်ကဲ့၊ ဖေဖေနဲ့ အေးနဲ့ အစည်းအဝေးက ပြန်မလာကြသေးခင်မှာ ဖွေးတို့ပြောဖို့ အချိန်ရနိုင်တာနဲ့ ကိုမင်းဇော်ကို ရုံးခန်းမှာပဲတွေ့ဖို့ ချိန်းဆိုလိုက်ရတာပါ"

ဖွေးက ရှင်းပြသည်။

"ကဲ...ပြောပါဦး ဖွေး"

ကိုမင်းဇော်က လိုရင်းကိစ္စ မေးလိုက်သည်။

"ကိုမင်းဇော် ပင်လယ်ထဲကမီးပြတိုက်ကို ခရီးထွက်သွားနေတုန်း တစ်နေ့မှာ မေမေက လူကြီးတွေရဲ့ဆန္ဒ ဖွေးကို ပြောပြပါတယ်။ ဒါကလည်း ကိုမင်းဇော်ရဲ့ မိဘတွေနဲ့ ဖေဖေတို့မေမေတို့ ပြောထားဖူးတဲ့စကားတွေအရ မေမေက ဖွေးကို ပြောလာတဲ့စကားတွေပေါ့ ကိုမင်းဇော်"

ဖွေးစကားကြောင့် ကိုမင်းဇော် စိတ်ဝင်စားသွားသည်။

"လူကြီးတွေရဲ့ဆန္ဒ...ဟုတ်လား...ဖွေး"

"ဟုတ်ပါတယ် ကိုမင်းဇော်၊ သူတို့က ဖွေးနဲ့ ကိုမင်းဇော်ကို လက်ထပ်ပေးချင်တဲ့ဆန္ဒ ရှိနေကြတယ်လို့ပြောပြီး မေမေက ဖေဖေ့ကိုယ်စား၊ ကိုမင်းဇော်မိဘတွေရဲ့ကိုယ်စား ဖွေးရဲ့သဘောထားကို မေးလာပါတယ်"

ဖွေးက စကားကို ခဏနားလိုက်သည်။ ရင်ထဲတွင် တင်းကျပ်နေ၍လည်း ဖြစ်နိုင်သည်။ ကိုမင်းဇော်က ဖွေးထံမှ နောက်ထပ်ထွက်ပေါ်လာမည့် စကားကို အာရုံစူးစိုက်၍ နားစွင့်နေသည်။

ခဏကြာမှ ဖွေးက ဖြည်းညင်းစွာ ဆက်ပြောသည်။

"မေမေပြောလာတဲ့ဆန္ဒကို ကြားလိုက်ရတော့ ဖွေးအတွက် အခက်အခဲ အကျပ်အတည်း အများကြီးဖြစ်ခဲ့ရပါတယ် ကိုမင်းဇော်။ ဘာကြောင့်လဲဆိုတော့ သမီးမိန်းကလေးတစ်ယောက်အနေနဲ့ မိဘရဲ့ ဂုဏ်ကျေးဇူးအရိပ်အာဝါသအောက်မှာ ဒီအသက်ဒီအရွယ်အထိ သိတတ်နေထိုင်ရင်း ကြီးပြင်းခဲ့ရသူပါ။ အသေးအဖွဲ ကိစ္စလေးကအစ တစ်ကြိမ်တစ်ခါမှ ဖေဖေမေမေတို့စကားကို မပယ်ရှားဖူးခဲ့ပါဘူး။ အခုကိစ္စမှာတော့ ဖွေးဘဝတစ်သက်တာခရီးနဲ့ သက်ဆိုင်နေလေတော့ မိဘဆန္ဒကို ချက်ချင်း တုံ့ပြန်လိုက်လျောဖို့ ဖွေးဘက်က ပင်ပန်းကြီးခဲ့ရပါတယ်။ အကျပ်အတည်းနဲ့ ကြုံခဲ့ရပါတယ်။ မေမေတောင်မှ ဖွေးကို အံ့အားသင့်သွားပါလိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ ဖွေးဘဝမှာ မေမေတို့နဲ့ပတ်သက်လာရင် တစ်ခါမှ ဒီလို မတွေဝေခဲ့ဖူးဘူးလေ။ တကယ်လို့သာ ကိုမင်းဇော် ခရီးထွက်နေတုန်း ကိုမင်းဇော်

http://www.cherrythitsar.org



ရဲ့ စပို့ရှပ်အင်္ကျီအိတ်ကပ်ထဲက စာရွက်ခေါက်ကလေးကိုသာ စည်းမဲ့ကမ်းမဲ့ ဖြန့်မဖတ်မိခဲ့ရင် ဖွေး ဒီလိုတွေဝေမိမှာ မဟုတ်ပါဘူး။ ခုတော့ မေမေတို့ကို အဖြေပေးရမယ့်ကိစ္စက ဒီစာရွက်ခေါက်ကလေးပေါ်မှာ မူတည်နေ့ာင့်နှေးခဲ့ရပါတယ်။ လိုရင်းနဲ့ ပွင့်ပွင့်လင်းလင်းပြောရရင် ဘဝမှာ ချစ်ဦးသူဆိုတာ မရှိသေးပါဘူး။ ကိုမင်းဇော်ကို ချစ်မိလားဆိုတော့လည်း မဟုတ်ရပါဘူး။ ဒါပေမယ့် မိဘဆန္ဒအရ ကိုမင်းဇော်လို အရည်အချင်းရှိတဲ့ အမျိုးသားတစ်ယောက်ကို အိမ်ထောင်ဖက် အနေနဲ့ ငြင်းပယ်စရာအကြောင်း ဖွေးမှာ မရှိပါဘူး။ မယားဝတ္တရားငါးပါး ကျေပွန်အောင်စောင့်ထိန်းပြီး ကိုမင်းဇော်နဲ့ နေထိုင်သွားဖို့ ဖွေးမှာ ငြင်းပယ်စရာ ဘာတစ်ခုမှ မရှိခဲ့ပါဘူး။ ဒါပေမယ့် ကိုမင်းဇော်ချစ်နေတာ မမခင်ဆိုတာ ဖွေး သိနေပြီလေ။ အဲ့ဒီအသိကို ကြိတ်မှိတ်မျိုသိပ်ပြီး ဖွတ်အတင်းမေ့ပစ်ပြီး၊ မေ့ပျောက်ထားပြီး ကိုမင်းဇော်ကို လက်ထပ်ဖို့ဆိုတာကတော့ ဖွေးမှာ အခက်အခဲရှိပါတယ်”

“ကျွန်တော်လည်း မိဘစိတ်ဆင်းရဲအောင် တစ်ခါမှ မလုပ်ခဲ့ဖူးတဲ့ တစ်ဦးတည်းသော သားပါ။ တော်ပေသေးတာပေါ့ဗျာ။ လူငယ်တွေရဲ့ဆန္ဒမမေးဘဲ လူကြီးတွေက ဖွတ်အတင်း မစီစဉ်ကြလို့ တော်ပေသေးတာပေါ့”

“စိတ်ချပါ ကိုမင်းဇော်၊ မေမေ့ကို ဖွေးက ယတိပြတ် အဖြေမပေးသေးပါ ဘူး။ မိဘတွေကို တတ်နိုင်သမျှ လုပ်ကိုင်ကျွေးမွေးပြုစုစောင့်ရှောက်ပါရစေဦး။ အိမ်ထောင်ပြုလိုက်ရင် ခင်ပွန်းနဲ့ သားသမီးကိစ္စတွေ ဗာဟီရများပြီး မိဘလုပ်ငန်းနဲ့ မိဘကို အနီးကပ်ပြုစုစောင့်ရှောက်ဖို့ကိစ္စမှာ စိတ်သွားတိုင်း ကိုယ်မပါနိုင်တော့မှာစိုးလို့ပါဆိုပြီး စဉ်းစားခွင့်အချိန်တောင်းထားလိုက်ပါတယ် ကိုမင်းဇော်”

“ဖွေးရဲ့ စိတ်ထားပြည့်ဝချက်ကို ကျွန်တော့်တစ်သက်မှာ မေ့လို့ရတော့မှာ မဟုတ်ပါဘူး။ ဖွေးဟာ မိန်းမကောင်းပီသပါတယ်။ မိတ်ဆွေကောင်းပီသပါတယ်။ လူကြီးတွေက ကျွန်တော့်ဘက်လှည့်လာကြပြီး ကျွန်တော့်ဆန္ဒကိုမေးလာရင်လည်း စဉ်းစားခွင့်တောင်းရပေဦးတော့မှာပေါ့။ ဖွေး ပြောလိုက်သလိုပါပဲ အခုကိစ္စက ကျွန်တော်တို့ လူငယ်ချင်း တစ်သက်တာအတွက် စဉ်းစားရမယ့်ကိစ္စမဟုတ်လား။ ဖွေးရဲ့မေမေကို ဒီလိုအဖြေပေးထားတဲ့အတွက် ဖွေးကို ကျွန်တော် ကျေးဇူးတင်ပါတယ်”

“ဖွေး စေတနာအမှန်ကို ပြောဖူးတယ်လေ။ မမခင်အပေါ်မှာထားရှိတဲ့ ကိုမင်းဇော်ရဲ့ မျှော်လင့်ချက်တွေ ပြည့်ဝနိုင်ပါစေလို့ ဖွေး အမှန်တကယ် ဆုတောင်းပေးနေမှာပါ”

* * *

သီဟရတနာစာပေ

http://www.cherrythitsar.org



ဖွေးကိုနှုတ်ဆက်၍ ရန်ကုန်မြို့လယ်ပိုင်းသို့ ကိုမင်းဇော် ဆက်ထွက်ခဲ့ပြီး ဒေါက်တာဒေါ်ချိုချိုနှင့် မမခင်တို့ရှိရာ ဆေးခန်းသို့ ဝင်ခဲ့သည်။ ဆေးခန်းရှေ့ ခုံတန်းလေးတွင်ထိုင်ကာ လူနာရှင်းချိန်ကို စောင့်ဆိုင်းနေရသေးသည်။ လူနာရှင်းတော့မှ မမခင်နှင့် စကားပြောရသည်။ ကိုမင်းဇော်က မိဘနှစ်ပါး ရန်ကုန်ရောက်နေကြကြောင်း ပြောပြလိုက်သည်။

"ကျွန်တော်လည်း ပင်လယ်ပြင်ခရီးပြန်မထွက်ရသေးခင်စပ်ကြားမှာ ဖေဖေနဲ့ မေမေ့ကို ပြန်ပို့ရင်း မန္တလေးကို တစ်ခေါက်သွားမလားလို့ မမခင်ကို အဖော်လာစပ်တာပါ။ မေမေက ဈေးချိုမှာလည်း အထည်ဆိုင်ဖွင့်ထားတယ်တဲ့။ ပြီးတော့ မမခင်တို့မေမေနဲ့ စပ်တူ တံခွန်တိုင်ရွာမှာ ကြက်ခြံတစ်ခြံ၊ ပြင်ဦးလွင်မှာ ပန်းစိုက်ခင်းတစ်ခင်း လုပ်ငန်းတိုးချဲ့ထားတယ်လို့ပြောတယ် မမခင်"

ကိုမင်းဇော်ပြောတာ နားထောင်ရင်း ဒေါက်တာခင်မို့မို့က ပြုံးနေသည်။

"သြော်...လူကြီးတွေတောင်မှ လုပ်ငန်းတွေ စပ်တူလုပ်နေကြပြီကိုး"

ဟု မမခင်က ပြောတော့ ကိုမင်းဇော်က...

"ဟုတ်တယ် မမခင်၊ သူတို့လုပ်ထားတဲ့အလုပ်တွေကို လူငယ်တွေအနေနဲ့ ကျွန်တော်တို့က သိထားသင့်တယ် မဟုတ်လား"

"ဇော်က နောင်ရေးကိုတွေးတတ်တယ်ပေါ့ ဟုတ်လား"

"မမခင်ကို ကျွန်တော်က တစ်သက်လုံးအတွက် မျှော်လင့်ချက်နဲ့ ရှင်သန်နေရတဲ့သူကိုး"

ကိုမင်းဇော်ကို ဒေါက်တာခင်မို့မို့က အကြင်နာမျက်ဝန်းများဖြင့် ငေးစိုက်၍ ကြည့်လိုက်သည်။

"အန်တီချို့ကိုပြောပြီး မမခင်လည်း မန္တလေးနဲ့ ပြင်ဦးလွင်ကို ဇော်နဲ့အတူ လိုက်ခဲ့ဦးမယ်လေ၊ ဇော့်ဖေဖေနဲ့မေမေက ဘယ်နေ့ မန္တလေးကို ပြန်ကြမှာတဲ့လဲ"

"ဘဏ် ငွေစုစာရင်းအပြောင်းအလဲကိစ္စတွေပြီးတာနဲ့ ဖေဖေတို့ မန္တလေးကို ပြန်ကြတော့မှာပါ"

ဟု ကိုမင်းဇော်က ပြောပြလိုက်သည်။

"ကဲ...အန်တီချိုနဲ့ ဝိုင်းကူပြီး ဆေးခန်းကိစ္စ မမခင် လုပ်ပေးလိုက်ဦးမယ်။ မန္တလေးနဲ့ ပြင်ဦးလွင်ကို မမခင် လိုက်ဖြစ်တယ်ဆိုတာလေးတော့ ဇော့်မိဘတွေကို ကြိုပြောထားလိုက်ပေါ့နော်"

"ဒါဆို ကျွန်တော် ပြန်လိုက်ပါဦးမယ်နော်"

http://www.cherrythitsar.org



နှစ်ယောက်သား နှုတ်ဆက်ခွဲခွာခဲ့ကြရသည်။

* * *

ပြင်ဦးလွင်သို့ ကြိုတင်ကြေးနန်းလှမ်းရိုက်ထားသဖြင့် ခင်မို့မို့၏မိခင် ဒေါ်အေးအေးက မန္တလေးဘူတာမှ လာကြိုနေသည်။

“ဇော်ကို သမီးတို့နဲ့အတူ ပြင်ဦးလွင်ကို တစ်ပါတည်း ခေါ်သွားလိုက်မယ်နော်၊ အပြန်ကျမှ မန္တလေးအိမ်ကို ဝင်ပို့ပေးမယ်”

ခင်မို့မို့က ဦးလှိုင်ကျော်နှင့် ဒေါ်ခင်ခင်မြတို့ကို ခွင့်တောင်းနေသည်။

“ဟုတ်တယ်မြရေ လမ်းသင့်တုန်း တံခွန်တိုင်က ကြက်ခြံလည်း ကလေးတွေကို အေး ဝင်ပြလိုက်ဦးမယ်”

ဒေါ်အေးအေးက နှုတ်ဆက်ရင်း ပြောနေသည်။

“သားလိုက်သွားမယ်နော် မေမေ”

ကိုမင်းဇော်က ဖခင်နှင့်မိခင်ကို ခွင့်ပန်ကြားနေသည်။

“ကဲ...သားတော်မောင်ကို ခေါ်သာသွားပေတော့ အေးရေ၊ မြတို့တော့ မလိုက်ခဲ့နိုင်သေးဘူး။ ဈေးချိုကဆိုင် မနက်ဖြန်ပြန်ထွက်နိုင်အောင် စီစဉ်ရဦးမယ်”

“ဟုတ်တယ်ဗျ။ ကျွန်တော့်လည်း အမှုသည်တွေက စောင့်နေကြရောပေါ့”

ဦးလှိုင်ကျော်နှင့် ဒေါ်ခင်ခင်မြက ဆိုက်ကားတစ်စီးဖြင့် သူတို့အခြေချစ အိမ်သစ်ကလေးရှိရာ ၃၁ နှင့် ၃၂ ကြား၊ ၈၁ လမ်းသို့ နှုတ်ဆက်ထွက်ခွာသွားကြသည်။

ဒေါ်အေးအေး၊ ခင်မို့မို့နှင့် ကိုမင်းဇော်က ဂျစ်ကားတစ်စီးဖြင့် မန္တလေး လေယာဉ်ကွင်းဘက်သို့ ထွက်ခဲ့ကြသည်။

“လေယာဉ်ကွင်းနားရောက်ရင် တစ်မိုင်လောက်ဆက်မောင်းပြီး တံခွန်တိုင်ရွာကို ဝင်ပေးပါ”

ဒေါ်အေးအေးက ကားဒရိုင်ဘာကို ပြောလိုက်သည်။ ဂျစ်ကားလေးက အရှိန်နှင့် ပြေးနေသည်။ မိနစ် ၂၀ သာသာလောက်ကြာတော့ တံခွန်တိုင်ရွာကလေးထဲသို့ ဝင်ခဲ့သည်။

တမာပင်၊ သီးသီးပင်၊ မန်ကျည်းပင်၊ ကုက္ကိုပင်တွေ ဝေဆာအုပ်ဆိုင်းနေသော ရွာကလေးဖြစ်သည်။ ရေးဟောင်းစေတီပုထိုးကြီးငယ်များကိုလည်း တွေ့ရသည်။ ရွာတွင် လမ်းသွယ်လေးများရှိရာ ဖြောင့်တန်းနေကြပြီး ခြံဝိုင်းများမှာလည်း သန့်ရှင်းသပ်ရပ်ကျယ်ဝန်းနေသည်။

http://www.cherrythitsar.org



ရွာကလေးအတွင်းရှိ နေအိမ်များမှာ ပျဉ်ထောင်ပျဉ်ခင်း ဝါးကပ်မိုး၊ ထရံကာ နေချင့်စဖွယ်အိမ်ကလေးများပင် ဖြစ်သည်။

ခြံဝိုင်းကိုခတ်ထားသည့် ဝင်းထရံများမှာ လူတစ်ရပ်ထက်မက မြင့်မားပြီး တစ်ခြံနှင့်တစ်ခြံ ညီညီညာညာ ဖြောင့်ဖြောင့်တန်းတန်းရှိလှသည်။ ခြံဝိုင်းလေးတွေထဲမှာလည်း ကိုယ်ပိုင်ရေတွင်းတွေနှင့်။ လူနေသည့်အိမ်က သပ်သပ်၊ ချက်ပြုတ်သည့် မီးဖိုချောင်က သပ်သပ်၊ အိမ်သာကအစ၊ ရေတံလျှောက်နှင့် တွင်းအိမ်သာမို့ သန့်ရှင်းလှသည်။ ရေချိုး အဝတ်လျှော်သည့်နေရာကိုလည်း ခြံဝိုင်းထဲမှာပင် သီးသန့်နေရာလေးတွေ လုပ်ထားသည်။

ခြေခင်းလက်ခင်းသာသည့်အချိန်မှာ မိသားစုဖြစ်ဖြစ် ဧည့်သည်ဖြစ်ဖြစ် ထိုင်၍ ရရန် ဝါးပက်လက်ကုလားထိုင်လေးတွေ ဝါးကွပ်ပျစ်လေးတွေကိုလည်း ခြံဝိုင်းတွေထဲမှာ တွေ့နေရသည်။

"တော်တော်သာယာတဲ့ရွာလေးနော်"

ခင်မို့မို့က ကားပေါ်မှာ ငေးမောလာရင်း သူ့မေမေကို ပြောနေသည်။ တစ်ခြံစ၊ နှစ်ခြံစ၊ ခတ်ပြားစက်ဖြင့် ခတ်ပြားဖွင့်နေသံလေးတွေကလည်း နားဝင်ချိုစရာ လေဘာတီမမြရင်၏ တုံးကျော်မသီချင်းကို ခပ်သဲ့သဲ့မျှ ကြားခဲ့ရသည်။

"သမီးဖေဖေရဲ့ ညီဝမ်းကွဲ ဦးသိန်းထွန်းက မေမေတို့အတွက်ပါ သူ့ခြံထဲမှာ တာဝန်ယူပြီး ကြက်အကောင် ၂၀၀ လောက် မွေးပေးထားတာပါ။ မေမေတို့က အရင်းအနှီးစိုက်ရတာပေါ့လေ။ မောင်မင်းဇော်ရေ၊ အဲဒီဦးသိန်းထွန်းဆိုတာက လူပျိုကြီး။ သူက မွေးမြူရေးလုပ်ငန်းတွေနဲ့ အချိန်ကုန်နေတာပေါ့။ ဩော် ခုတစ်ခေါက်ပြန်ဆုံကြတော့ မောင်မင်းဇော်နားထဲမှာ သမီးနဲ့ဒေါ်ဒေါ်နဲ့ ပြောတာ ဆိုတာ ဘာများထူးခြားနေလဲ"

"ဘာကိုဆိုလိုတာလဲ အန်တီအေးရဲ့"

"ဒီလိုလေကွယ်၊ ဖေဖေတို့မေမေတို့ဆိုတဲ့ အသုံးအနှုန်းတွေနဲ့ ပြောနေဆိုနေတာ မထူးခြားဘူးလားလို့"

"ဩော်...အဲဒါလား၊ ဟုတ်ပါရဲ့ ဟိုတစ်ခေါက် ကျွန်တော်တို့ ပြင်ဦးလွင်ကို ရောက်တုန်းက အန်တီအေးတို့မိသားစုပြောနေကြတဲ့ အသံတွေက မာမီတို့ဒက်ဒီတို့နဲ့ ရှုပ်ယှက်ခတ်နေတာပဲ"

"ဟုတ်တယ်သားရဲ့၊ သားရဲ့မမခင်က မိဘကို လွမ်းတဲ့အကြောင်း ရန်ကုန်က စာလှမ်းရေးရင်း စာထဲမှာ ဘာပါလာသလဲဆိုတော့ မောင်မင်းဇော်က မိဘတွေကို ဖေဖေမေမေလို့ ခေါ်တဲ့အသံလေးက ချစ်စရာလေးတဲ့။ သမီးလည်း ဒယ်ဒီမာမီလို့

http://www.cherrythitsar.org



မခေါ်တော့ဘူးတဲ့။ ဖေဖေမေမေ၊ ဦး၊ ဒေါ်ဒေါ်၊ ဒေါ်လေးလို့ပဲ ခေါ်တော့မယ်တဲ့။ သူ့အလိုလိုက်ရပြန်တာပေါ့ သားရယ်”

ဒေါ်အေးအေးစကားကြောင့် ကိုမင်းဇော်က အားပါးတရပြုံးလိုက်သည်။

“ဒါဆို ကျွန်တော်ကလည်း အန်တီအေးကို ဒေါ်လေးအေးလို့ ခေါ်တော့မယ်နော်၊ မန္တလေးမှာက ဒေါ်လေးနှင်း၊ ပြင်ဦးလွင်မှာက ဒေါ်လေးအေး ဟုတ်ပဲ့ဗျာ”

ကိုမင်းဇော်က ပြောရင်း ရယ်နေသည်။

“ရန်ကုန်ဆေးခန်းမှာကျတော့ အန်တီချိုမဟုတ်တော့ဘူး၊ ကြီးကြီးချို”

ကိုမင်းဇော် ရယ်ပြန်သည်။

ခင်မို့မို့က မျက်စောင်းလေးခဲရင်း

“ဇော့်လိုပဲ လူကြီးတွေကို တစ်သက်လုံး ခေါ်သွားချင်လို့ မမခင်က တူအောင် လိုက်လုပ်တာ၊ ရယ်စရာလား ဇော်”

ဟု မေးသည်။

“ကဲပါဗျာ...မရယ်တော့ပါဘူး”

ဟု နှစ်သိမ့်လိုက်ရသည်။ မကြာမီ ခြံဝိုင်းတစ်ဝိုင်းရှေ့မှာ ဂျစ်ကားလေး ရပ်သည်။

“လာကြ...လာကြ”

မန်ကျည်းပင်ရိပ်တွင် ဝါးပက်လက်ကုလားထိုင်တစ်လုံးနှင့်ထိုင်ကာ ရေနွေး ကြမ်းသောက်နေသော ဦးသိန်းထွန်းက ဝမ်းသာအားရ ဆီးကြိုသည်။

“အတော်ပဲ၊ ထမင်းစားဖို့ ပြင်ဆင်လိုက်ဦးမယ်။ ထမင်းပဲထပ်ချက်ရမှာ၊ ဟင်းတွေကရှိတယ်”

“နေပါစေ ဦးသိန်းထွန်း၊ အေးတို့ မစားတော့ပါဘူး။ ခဏနေရင် ပြင်ဦးလွင် ဆက်တက်ကြမှာပါ။ ဟိုကျမှစားမယ်လေ။ ကလေးတွေကို ကြက်ခြံရောက်ဖူး တယ်ရှိအောင် ဝင်ပြတာပါ”

ဒေါ်အေးအေးက ပြောပြရင်း ကိုမင်းဇော်တို့ကို ဦးသိန်းထွန်းအပိုင် ကြက်များ နှင့် ကိုမင်းဇော်၏မိခင် ဒေါ်ခင်ခင်မြနှင့် စပ်တူမွေးထားသော ကြက်များကို လိုက်ပြသည်။

ခင်မို့မို့က ခြံဝိုင်းထဲရှိ မီးဖိုဆောင်ထဲ ဝင်သွားကာ

“ဦးလေးသိန်းက ဘာဟင်းတွေများ ချက်ထားလို့လဲ”

ဟုမေးတော့ ဝါးအုပ်ဆောင်းကြီး ဖွင့်ပြသည်။

အမဲသားကြော်၊ ကြက်သားကြော်၊ မြေပဲဆံကြော်၊ မုန်ညင်းချဉ်၊ တို့ဟူးကြော်၊

http://www.cherrythitsar.org



ချဉ်ပေါင်ဟင်းရည် စုံလို့။

မီးဖိုဆောင်ထဲမှာ ထမင်းအိုးဟင်းအိုးတည်သည့်နေရာကသပ်သပ်၊ ပန်းကန်စင်က သပ်သပ်၊ စားပွဲဝိုင်းတစ်လုံး၊ ကုလားထိုင် ၅ လုံး ချထားသည်။ မြေစိုက်ဝါးကပ်မိုး ဝါးကပ်ကာတဲကလေးပင် ဖြစ်သော်ငြား သန့်ရှင်းသပ်ရပ်နေ၏။

"တစ်ယောက်တည်းနေရတာ မပျင်းဘူးလား ဦးလေးသိန်း"

ကိုမင်းဇော်က ကြက်သားကြော်တစ်ဖတ်ကို ကောက်ယူဝါးကြည့်ရင်းက မေးသည်။

"ရော့ ပြင်ဦးလွင်မှာ စားဖို့ လက်ဆောင်"

ဟုဆိုကာ ဦးသိန်းထွန်းက ကြက်ဥ လတ်လတ်ဆတ်ဆတ်တွေ ခြင်းတောင်းနှင့်ထည့်ကာ လှမ်းပေးရင်း

"တပည့်လေးတစ်ယောက်ရှိတယ်ကွ၊ ကြက်စာသွားသယ်တယ်။ မင်းတို့ အချိန်ရလို့ အားတဲ့အခါ တိတ်တိတ်ဆိတ်ဆိတ် နားနားနေနေ နေချင်သပဆိုရင် အခါမရွေး ဝင်ခဲ့ပါကွာ၊ ခြံရော၊ အိမ်ရော အကျယ်ကြီးပါ။ လွတ်လပ်ပါတယ်။ ဟောဟိုဒေါင့်မှာ ဧည့်သည်တွေလာရင်တည်းဖို့ခိုဖို့ အဆောင်လေးတစ်ဆောင် တောင် ထပ်ဆောက်ထားသေးတယ်"

ဟု ပြောသည်။

"ဒါက ကျွန်မတို့နဲ့ လုပ်ငန်းစပ်တူလုပ်တဲ့ ဒေါ်ခင်ခင်မြတို့ရဲ့သား မောင်မင်းဇော်တဲ့"

ဒေါ်အေးအေးက မိတ်ဆက်ပေးသည်။

"ရန်ကုန်ဇာတိမှတ်တယ်"

"ဟုတ်ကဲ့ပါ ဦးလေးသိန်း၊ အခု မိဘများက မန္တလေးကို ပြောင်းပြီး အိမ်သစ်ဆောက် အခြေချကြပါတယ်။ ကျွန်တော့်အလုပ်က ရန်ကုန်မှာပါ"

"ဘာအလုပ်လုပ်လဲကွယ့်"

ပင်လယ်ထဲက မီးပြတိုက်တွေကို ရိက္ခာဆေးဝါးပို့ပေးရတဲ့အလုပ်ပါ"

"လုပ်ငန်းတွေကတော့ ကိုယ်သန်ရာသန်ရာပေါ့နော့၊ အမျိုးမျိုးပဲနော့၊ ငတို့ကတော့ ကိုယ့်ရပ်ကိုယ့်ရွာမှာ ကိုယ်လုပ်တတ်တာနဲ့ပဲ အချိန်ကုန်တာပဲ"

"ဒီလုပ်ငန်းလည်း ကောင်းပါတယ် ဦးလေးသိန်းရဲ့။ ကြက်ဥတွေကို ဖောက်သည်ပေးရတာပေါ့နော်"

"မနက်ဆို လာယူကြတာပါပဲကွာ"

"ကဲ…စကားကောင်းနေလိုက်ကြတာ၊ ကျွန်မတို့ ပြင်ဦးလွင် ဆက်တက်

http://www.cherrythitsar.org



လိုက်ဦးမယ်"

ဒေါ်အေးအေးက နှုတ်ဆက်သည်။ ကားပေါ်တက် လက်ပြနှုတ်ဆက်ကြသည်။ ပြင်ဦးလွင်ဘက်သို့ ခရီးဆက်ခဲ့ကြသည်။

"မြို့အဝင်ကျရင် မောင်မင်းဇော်မိဘများနဲ့ အန်တီ...အဲ...အဲ ယောင်လို့ပါတော်၊ ဒေါ်လေးအေးတို့ စပ်တူလုပ်ထားတဲ့ ပန်းစိုက်ခင်းကြီးထဲ ခဏဆင်းကြည့်ကြရအောင်"

ဟု ဒေါ်အေးအေးကပြောတော့ ခင်မို့မို့က မိခင်စကားကြောင့် အသံထွက်အောင် ရယ်လေသည်။

"မောင်မင်းဇော်ရေ၊ ဒေါ်လေးအေးတို့ မင်းဦးလေးထိုက်တို့ စီးပွားပြန်မတ်လာတာ သိပ်မကြာလှသေးဘူးကွယ့်။ ဒီအခြေအနေရောက်အောင် တော်တော်ရုန်းကန်ခဲ့ရတာ။ ဒေါ်လေးတို့က ပြင်ဦးလွင်ကို နောက်မှပြောင်းပြီး စီးပွားရေးလုပ်ကြရတာ။ ဒုတိယကမ္ဘာစစ်ကြီး မဖြစ်ခင်တုန်းက သပိတ်ကျင်းဘက်မှာ အခြေသွားတည်ကြသေးတယ်။ မိသားစုတစ်စုလုံး ဓားမြတိုက်ခံလိုက်ရတာ ရှိစုမဲ့စုကုန်တာပဲ။ နောက်တစ်ခါ စီးပွားရေးပြန်တည်တော့ မြင်းခြံဘက်မှာတည်တာ။ တော်တော်လေးလည်း ခိုင်လာရော အကုသိုလ်က ဖိစီးပြီး မီးဘေးသင့်ခဲ့တယ်။ အိမ်မီးလောင်လို့မှ မကြာသေးဘူး ခင်မို့မို့အထက်က သမီးဦးတစ်ယောက် ဆုံးခဲ့ပြန်တယ်။ ပြင်ဦးလွင်က မိတ်ဆွေတွေက ခေါ်တာနဲ့ ပွဲရုံလုပ်ငန်းလုပ်တော့မှ ပြန်ပြီး စီးပွားရေးနာလန်ထူလာကြတာပါ။ ခုတော့ ပြင်ဦးလွင်မှာပဲ အခြေချကြရတော့မှာပေါ့။ စစ်ကြီးဖြစ်တော့ တော်ပါသေးရဲ့၊ ဒေါ်လေးအေးတို့က ဗုံးဒဏ်နဲ့ ဝေးခဲ့လို့ တော်ပေသေးတာပေါ့"

"ကောင်းပါတယ် ဒေါ်လေးအေးရယ်၊ ပြင်ဦးလွင်က ရာသီဥတုကအစ မျှတပြီး နေလို့ကောင်းပါတယ်"

"ဆောင်းတွင်းဘက်ကျရင်တော့ အေးလွန်းလို့ မျှတတယ်လို့ မပြောနဲ့နော်"

ခင်မို့မို့စကားကြောင့် အားလုံး ရယ်မိကြသည်။ ပျော်စရာကောင်းသော ခရီးလေးတစ်ခုအသွင်ဆောင်လာသည်။

တောင်ပြာမှိုင်းဝေတို့ကို ကွေ့ဝိုက်တက်လာခဲ့ရင်း ကားကလေးက ပြင်ဦးလွင်မြို့အဝင်နှင့် နီးကပ်ခဲ့သည်။

"ဟိုရှေ့က အခင်းနဲ့ခြံဟာ မောင်မင်းဇော်တို့မိဘများနဲ့ ဒေါ်လေးအေးတို့ စပ်တူစိုက်ထားတဲ့ ပန်းခင်းကြီးပဲ။ ပန်းအခင်းမှာကျတော့ စိုက်ပျိုးရေးနားလည်တဲ့ မရွှေဝါတို့မိသားစုကို အကူအညီတောင်းပြီး သူတို့ကို အပ်ထားရတယ်"

http://www.cherrythitsar.org



ခြံအဝင်ဝတွင် ထင်းရှူးပင်ကြီးတစ်ပင်အောက်၌ နတ်စင်တစ်စင် တွေ့ရသည်။ ဒေါ်လေးအေးက ကားသမားကို ကားရပ်ခိုင်းပြီး ကားပေါ်မှ ဆင်းကာ နတ်စင်ရှေ့တွင် ရေမွှေးများပက်ဖြန်းကာ ဆုတောင်းနေသည်။

"ရပ်ရွာဓလေ့ပေါ့ကွယ်၊ ဒီနတ်စင်က စောထွန်းအောင်၊ စောမြရှင်နဲ့ စောနန်းထွေးတို့ နတ်မောင်နှမသုံးယောက် အပိုင်စားစောင့်ရှောက်တယ်လို့ ရပ်ရွာက သတ်မှတ်ထားတဲ့ ရှေးမူမပျက် နတ်စင်ပေါ့။ သူတို့ဘဝဖြစ်စဉ်ကိုတော့ ဒေါ်လေးအေး မသိဘူး"

ကားပေါ်ပြန်တက်ရင်း ဒေါ်လေးအေးက ပြောပြသည်။

ကားလေးက ပန်းရောင်စုံအခင်းကြီးထဲ ဝင်လာသည်။

"လှလိုက်တာ မေမေရယ်"

"ဟုတ်တယ်နော်၊ ပန်းချီကားကြီးတစ်ချပ်ထဲ ဝင်လာရသလိုပဲ"

ခင်မို့မို့နှင့် ကိုမင်းဇော်တို့က ကြည်နူးဆွတ်ပျံ့စွာ ပြောလိုက်မိသည်။

"ဟောဒီ ဒေါ်ရွှေဝါက မန္တလေးစိုက်ပျိုးရေးကျောင်းက အောင်လာတဲ့ ပညာရှင်တစ်ယောက်ပေါ့။ မင်းဦးလေးထိုက်ရဲ့ မိတ်ဆွေမို့ အကူအညီတောင်းထားရတာလေ၊ မိသားစုစိတ်ဓာတ်နဲ့ ကူညီနေတာပါ"

ဒေါ်အေးအေးက ကိုမင်းဇော်တို့ကို ဒေါ်ရွှေဝါနှင့် မိတ်ဆက်ပေးသည်။ သီပေါဇာတိတဲ့။ စကားသံခပ်ဝဲဝဲလေးနှင့် ဒေါ်ရွှေဝါမှာ ပန်းပင်တွေအကြောင်း အတော်လေး ရှင်းပြနိုင်သည်။ ဒေါ်ရွှေဝါဆိုသည့်အတိုင်း ရုပ်ဆင်းရူပကာ အသားအရေက ဝင်းအိလို့နေသည်။ အသက်ကတော့ ၄၅ ပတ်ဝန်းကျင်လောက်မှန်းရသည်။

"ဒီအခင်းကတော့ အင်္ဂလိပ်တွေက Sweet William လို့ ခေါ်တတ်ကြတဲ့ ဇော်မွှားပန်းတွေပေါ့။ ရုက္ခဗေဒအရတော့ Diamthus Spp. လို့ ခေါ်ကြပြန်တယ်။ မူရင်းဒေသက စပိန်နဲ့ ပြင်သစ်ပြည်က လာတာ"

"အပွင့်အရောင်တွေက အမျိုးမျိုးပဲနော် ဒေါ်ဒေါ်"

ခင်မို့မို့က ပန်းလေးတွေကို တယုတယကိုင်ကြည့်ရင်း ပြောနေသည်။ ပန်းပင်လေးတွေ၏ အမြင့်မှာ တစ်ပေခွဲလောက်သာ။

"ဟုတ်တယ်၊ အနီရောင်၊ ခရမ်းရောင်၊ အဖြူရောင်၊ ပန်းနုရောင်၊ ပန်းဝါဖျော့၊ နီညိုရောင် ရောင်စုံပဲလေ။ အပွင့်ရဲ့အလယ်မှာ မျက်ကွင်းလို အရစ်လေးတွေက သိပ်လှတာပဲ"

ဒေါ်ရွှေဝါက ခင်မို့မို့တို့ကို သရက်ထည်ပန်း၊ Hollyhock ခေါ် ပန်းချဉ်ပေါင်၊ ကျားပါးစပ်ပန်းဟု လူတွေ ချစ်စနိုးခေါ်တတ်ကြသည့် Snap Dragon

http://www.cherrythitsar.org



ကျားမျက်လုံး Blanket Flowen French Marigold ခေါ် ထပ်တစ်ရာပန်း၊ ရွှေဒင်္ဂါးပန်း Cosmos တို့ကို လိုက်ပြသည်။

ဒေလီယာကျတော့ ခင်မို့မို့အတွက် မစိမ်း။ မြင်ဖူးနေကျပန်းဖြစ်နေသည်။ ဂန္ဓမာလည်း သည်အတိုင်းပင်။

Ever Lasting ခေါ် ပန်းခြောက်၊ Salvia ခေါ် ကလျာနီနှင့် ဇီနီယာပန်းတို့ကျတော့ မြင်ကွင်းဆန်းနေသည်။

"နောက်မှလာလည်ပါဦးမယ် ဒေါ်ရွှေဝါ၊ မန္တလေးကအတက် အိမ်မရောက်ခင် ဝင်နှုတ်ဆက်ကြတာပါ"

ဒေါ်အေးအေးက ဒေါ်ရွှေဝါတို့မိသားစုကို နှုတ်ဆက်သည်။

ခင်မို့မို့က Tagetes Patula အမျိုးအစား ကတ္တီပါပန်းကလေးတစ်ပွင့်ကို အမြတ်တနိုး ရင်ခွင်ထဲထည့်လာခဲ့သည်။ ထိုပန်းကလေးမှာ ကိုမင်းဇော် ရွေးချယ်ခူးပေးသော ပန်းကလေးဖြစ်သည်။

* * *

**ဦးလှိုင်ကျော်နှင့် ဒေါ်ခင်ခင်မြရှင့်...**

ရန်ကုန်မှ ကျွန်မ မပိုက်မိ သတိရအောက်မေ့စွာ စာရေးလိုက်ပါတယ်။

တစ်ခါက သမီးကြီးဖွေးနဲ့ မောင်မင်းဇော်တို့ အကြောင်းဆက်ဖို့ကိစ္စ တိုင်ပင်ပြီးကြချိန်မှာ သမီးကြီးကို ကျွန်မ တစ်ကြိမ် သဘောထား တီးတိုးမေးမြန်းခဲ့ပါ တယ်။

သမီးကြီးက မိဘကို အနီးကပ်လုပ်ကျွေးပြုစုစောင့်ရှောက်၍ အားမရ မတင်းတိမ်နိုင်သေးကြောင်းနဲ့ အိမ်ထောင်ရေးကို စိတ်ဝင်စားမှုမရှိသေးကြောင်း ပြောလာပါတယ်။

ယခုတစ်ကြိမ် ဦးလှိုင်ကျော်တို့ ဒေါ်ခင်ခင်မြတို့ မန္တလေးပြန်သွားကြပြန်တော့ ကျွန်မခင်ပွန်း ဦးအောင်ကြီးက သားသမီးတွေကိစ္စ ဘယ်အခြေရှိသလဲဆိုတာ ဖခင်တစ်ယောက်အနေနဲ့ ကျွန်မကို မေးမြန်းလာပြန်ပါတယ်။

ကျွန်မက သမီးကြီးကို နောက်တစ်ကြိမ်ထပ်ပြီး မေးမြန်းကြည့်တော့ သူ့အနေနဲ့ မောင်မင်းဇော် ပင်လယ်ထဲတုန်းက ကူညီစောင့်ရှောက်ခဲ့တဲ့ ကျေးဇူးတရားကို သိနားလည်ပါတယ်တဲ့။

ဒါပေမယ့် မောင်မင်းဇော်အပေါ်မှာ မောင်ရင်းနှမလိုပဲ တစ်သက်လုံး ခင်မင်

http://www.cherrythitsar.org



သွားပါရစေတဲ့။ လူကြီးမိဘများရဲ့ ဆန္ဒကို ငြင်းဆန်မလိုက်နာခြင်း မဟုတ်ပါတဲ့။ မိဘများကိုသာ အိမ်ထောင်ရေးအာရုံ ကင်းကင်းရှင်းရှင်းနဲ့ ပြုစုစောင့်ရှောက် ကူညီသွားချင်တဲ့ဆန္ဒသာ ရှိနေလို့ပါလို့ ဖွင့်ပြောလာပါတယ်။

ဒါကြောင့် ကျွန်မတို့လည်း သမီးကြီးရဲ့ စိတ်ချမ်းသာမှုကို အနှောင့်အယှက် မပေးချင်တဲ့အတွက် ဦးလှိုင်ကျော်တို့ ဒေါ်ခင်ခင်မြတို့ သိသာနိုင်ပါစေရန် စာရေး သား အကြောင်းကြားလိုက်ရခြင်း ဖြစ်ပါတယ်။ ကျွန်မတို့အိမ်မှာ မောင်မင်းဇော် ဆက်လက်တည်းခိုနေထိုင်သွားဖို့လည်း ဘာမှ မစိုးရိမ်ကြစေလိုပါ။ ဒီအတွက် မိတ်မပျက် ဆက်လက်ပြီး ဆွေသားရင်းချာလို ခင်မင်သွားကြဖို့လည်း ဦးအောင် ကြီးက တောင်းပန်ကြောင်း ပြောပါတယ်။

ကျွန်မတို့အပေါ်မှာ ခွင့်လွှတ်နိုင်ကြပါစေ။

ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။

**မပိုက်မိ**

ဒေါ်ပိုက်မိက ရေးပြီးသားစာကို စာအိတ်ထဲမထည့်မီ ခင်ပွန်းဖြစ်သူ ဦးအောင် ကြီးအား ပေးဖတ်လိုက်သည်။

"သမီးဖွေးနဲ့ အငယ်မလေး အေးတို့ကိုလည်း ပေးဖတ်လိုက်ပါ"

ဟု ဦးအောင်ကြီးကပြောသဖြင့် ဒေါ်ပိုက်မိက ပေးဖတ်လိုက်သည်။ အေးက ဖတ်ပြီး သူ့အစ်မကြီးကို လှမ်းကြည့်သည်။ ဖွေးကတော့ စာဖတ်ပြီး အသံတိတ် ဆိတ်လှစွာဖြင့် အိမ်တွင်းမှုကိစ္စ ဗာဟီရများ လုပ်စရာရှိတာ ဆက်လုပ်နေသည်။

"တကယ်လို့ ကိုမင်းဇော်ကို သူ့မိဘတွေက သဘောထားမေးတဲ့အခါမှာ ကိုမင်းဇော်ဘက်က မမဖွေးကို လက်ထပ်ပါရစေလို့ တောင်းဆိုလာခဲ့ရင် မမဖွေး ဘယ်လိုစဉ်းစားမလဲဟင်"

အေးက ခပ်တိုးတိုးလေး လာမေးသည်။ ဖွေးက ခေါင်းခါပြလိုက်သည်။

"မဖွေးဘက်က အကောင်းဆုံးအဖြေတစ်ခု ဖေဖေနဲ့မေမေကို ပေးလိုက်တာ ပါကွယ်။ ဒီအဖြေက မိဘလည်း စိတ်ချမ်းသာပြီး မမဖွေးဘဝအတွက်လည်း ဖြေသာနိုင်တဲ့လမ်းပါ"

ဖွေးက အဓိပ္ပာယ်ရှိစွာ ပြောလိုက်မိသည်။ အေးက အံ့အားသင့်နေရှာသည်။

* * *

ထင်းရှူးပင်တို့ကြားမှ ကြယ်ပွင့်လေးများကို တွေ့နေကြရပြန်လေသည်။

သီဟရတနာစာပေ

http://www.cherrythitsar.org



ပြင်ဦးလွင်၏ညကလည်း ဆိတ်ငြိမ်အေးမြလျက်ပင် ရှိနေပြန်သည်။ ခန်းဆီးစများကလည်း လှုပ်ခါသွားပြန်ကာ ဝရန်တာတွင် မမခင်နှင့် ဇော်တို့ ထိုင်နေမိကြသည်။

"ဟိုတစ်ခေါက် ပင်လယ်ပြင်မထွက်ခင် ပြင်ဦးလွင်ကိုလာတော့ မမခင်ဆီက အချိန်ယူ စဉ်းစားပါရစေဦးဆိုတဲ့ စကားတစ်ခွန်းနဲ့ ကျွန်တော် ပြန်သွားခဲ့ရဖူးတယ်နော်။ အခုတစ်ကြိမ် ပင်လယ်ပြင်ပြန်မထွက်ခင်မှာ မမခင် ကျွန်တော့်ကို တစ်ခုခုပြောပါလားဟင်"

"ဇော့်ကို တမင် စိတ်ဆင်းရဲမှုပေးနေတာ မဟုတ်ပါဘူး။ ပြင်ဦးလွင်ကို တက်အလာ ရောင်စုံပန်းခင်းကြီးက လှလိုက်တာဆိုတော့ အဲဒီလှနေတဲ့ ပန်းရောင်စုံတွေကြားထဲမှာ ဇော့်စိတ်ထဲ အလှဆုံးပန်းတစ်ပွင့်ကို ရွေးရခက်နေခဲ့မှာပဲနော်"

"အားလုံးတော့ လှတာပါပဲ။ ဒါပေမယ့် မမခင်နဲ့ အလိုက်ဖက်နိုင်ဆုံး ပန်းကလေးက ကတ္တီပါပန်းပွင့်ကလေးလို့ စိတ်နဲ့ခံစားရင်း အဲဒီပန်းလေးကို ရွေးခဲ့မိတယ်။ ကျွန်တော်မှားလား မမခင်"

"တိုက်ဆိုင်မှုတစ်ခုလို့ ပြောရမှာပေါ့။ အဲဒီပန်းလက်ဆောင်လေးကြောင့် ဇော်စိတ်ချမ်းသာမယ့်စကားလေးတစ်ခွန်း ဒီညဖွင့်ပြောဖို့ မမခင် စိတ်ဆုံးဖြတ်ထားပါတယ်။ မမခင် အဲ့ဒီပန်းကလေးကို ချစ်တယ်"

ကိုမင်းဇော်ရင်ထဲတွင် သိမ့်ခနဲ ခံစားလိုက်ရသည်။

"ဝမ်းသာလိုက်တာ မမခင်ရယ်"

မမခင်၏ လက်ဖဝါးနုအိကလေးကို အလိုလို ဆုပ်ကိုင်မိလျက်သား ဖြစ်သွားသည်။

"မနက်လေးပြန်ဆင်းတဲ့နေ့ကျရင် ဖေဖေနဲ့မေမေကို ဖွင့်ပြောလိုက်တော့မယ်၊ မမခင်ရဲ့မိဘတွေကို ပြောပေးဖို့လည်း ဖေဖေနဲ့မေမေကို ဘဝရဲ့လိုအပ်ချက်တစ်ခုအနေနဲ့ ပြောရပေဦးတော့မှာပဲ။ ကျွန်တော် ပျော်လိုက်တာ မမခင်ရယ်"

"ဇော့်မိဘတွေနဲ့ မမခင်မိဘတွေနဲ့က အခုဆိုရင် စီးပွားစပ်တူတွေ ဖြစ်နေကြပြီဆိုတော့ သားရေးသမီးရေးကိစ္စမှာလည်း ထွေထွေထူးထူး စိတ်ကူးကွဲလွဲကြမှာ မဟုတ်ပါဘူး။ မမခင်မိဘတွေအတွက်တော့ မမခင် တာဝန်ယူပါတယ်။ ဘဝမှာမှားတာတစ်ခုမှ မမခင် မလုပ်ဖူးခဲ့တာ ဖေဖေနဲ့မေမေ သိတာကိုး"

သူတို့နှစ်ဦးအတွက်...

တကယ်ချစ်မိကြတဲ့နေ့သစ်မှာ လှပလို့နေပေသည်။

* * *

သီဟရတနာစာပေ

http://www.cherrythitsar.org



၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ (၄)ရက်၊ မင်္ဂလာရက်မြတ် လွတ်လပ်ရေးအောင်ပွဲနေ့။

ဗြိတိသျှ ကိုလိုနီစနစ်၏ ယူနီယံဂျက်အလံကို တိုင်ပေါ်မှ လျှော့ချလိုက်ကြသည်။

ပြည်ထောင်စုအလံတော်ကြီးက တလူလူ လွင့်တက်သွားသည်။

ထိုနေ့က မြန်မာ့ပင်လယ်ပြင်မှ သင်္ဘောများနှင့် မီးပြတိုက်များအားလုံးတွင် ကျက်သရေမင်္ဂလာရှိသော ပြည်ထောင်စုအလံတော် လွှင့်ထူခဲ့ကြသည်။

နိုင်ငံတော်သမ္မတ၏ အမိန့်အာဏာဖြင့် လွတ်လပ်ရေးအောင်ပွဲနေ့အထိမ်းအမှတ်၊ အထူးလျှော့ရက်များအရ ကျခံဆဲ ပြစ်ဒဏ်၏ သုံးပုံတစ်ပုံရရှိကာ ပျော်ရွှင်ချမ်းမြေ့စွာ လွတ်မြောက်လာသော အကျဉ်းသားများထဲမှ ဦးအုန်းနိုင်တစ်ယောက် ရန်ကုန်ကွမ်းခြံဘူတာရုံကြီးရှေ့မှာ ငိုင်တွေတွေဖြစ်နေရာက ရုတ်တရက် သတိရ၍ ရေကျော်ရပ်ကွက်ဘက်သို့ ဆက်လျှောက်ခဲ့သည်။

ရေကျော်လမ်းမကြီးအတိုင်း ကွေ့ဝင်ခဲ့ပြီး ဦးအောင်ကြီးတို့အိမ်ရှေ့တွင် မဝံ့မရဲ လာရပ်သည်။

အိမ်မှာ ဒေါ်ပိုက်မိနှင့် သမီးအေးတို့သာ ရှိကြသည်။ ဦးအောင်ကြီးနှင့် ဖွေးတို့က (၁၁)လမ်း ကုမ္ပဏီရုံးခန်းသို့ ကိစ္စရှိ၍ သွားကြသည်။ သက်သက်က အိမ်မှုကိစ္စအတွက် ဈေးသွားနေသည်။

ညှင်းသိုးသိုး မှိုင်းတိုင်းတိုင်း လူကြီးတစ်ယောက် အိမ်တံခါးဝမှာ လာရပ်၍ ငေးကြည့်နေသည်။

“ကျွန်တော် ရှိန်းနိုင်အဖေ ဦးအုန်းနိုင်ပါ။ ထောင်ကလွတ်ရက်စေ့လို့ လွတ်လာတာပါ”

ဦးအုန်းနိုင်စကားကြောင့် ဒေါ်ပိုက်မိက ရပ်ရည်ကို အတော်လေးမှတ်မိအောင် ပုံဖမ်းယူရသည်။ မှတ်မိသွားသည်။ သို့သော် တံခါး ရုတ်တရက်ဖွင့်မပေးသေးဘဲ...

“ဘာကိစ္စရှိလို့လဲ ဦးအုန်းနိုင်”

ဟု မေးလိုက်သည်။

“ကျွန်တော့်ယောက္ခမနဲ့ မိန်းမနဲ့ သမီးများရှိရာ နယ်တစ်နယ်ကို ဆက်သွားရမှာပါခင်ဗျာ၊ မသွားခင်မှာ တစ်ခါက ကျွန်တော့်သား မွေခဲ့လို့ ဒုက္ခတွေကြုံခဲ့ရတဲ့ ဒေါ်ပိုက်မိတို့မိသားစုကို နှုတ်အားဖြင့် ဝင်တောင်းပန်ရင်း နောင်တ,တရားနဲ့ ဝင်နှုတ်ဆက်တာပါ”

http://www.cherrythitsar.org



ဦးအုန်းနိုင်၏ သွင်ပြင်မှုရာမှာ အမှန်တကယ်ပင် လောကဓံတရား၏ ခါးသီးမှုကို ခံယူခဲ့ရပြီး မိမိကိုယ်ကိုမိမိ နားလည်သိရှိနေသော အနေအထားမျိုး မြင်နေရ၍ ဒေါ်ပိုက်မိက...

"တံခါးဖွင့်ပေးလိုက်ပါ သမီးရယ်"

ဟု အေးကို ပြောလိုက်သည်။

"မထိုင်တော့ပါဘူးခင်ဗျာ၊ သောက်ရေအေးအေးလေး တစ်ခွက်သာ မ,စပါ"

အေးက သောက်ရေတစ်ခွက်ခပ်ပေးတော့ မောမောနှင့် သောက်နေရှာသည်။

"ကျွန်တော့်သား ရှိန်းနိုင်လည်း ဝမ်းကိုက်ရောဂါပိုးကြောင့် ဆုံးသွားပြီဆိုတာ ကျွန်တော် နယ်ထောင်မှာရောက်နေတုန်း ထောင်ဝင်စာလာတွေ့တဲ့ ယောက္ခမကြီးက ပြောပြလို့ သိရပါတယ်။ ပြီးတော့ ကျွန်တော့်ယောက္ခမကြီး ထောင်ဝင်စာလာတွေ့ရင်း ပြောပြပါတယ်။ ကျွန်တော့်ကို လူစိတ်မွေးတော့တဲ့။ သူ့စကားက ကြမ်းပေမယ့် ကျွန်တော့်ကို အသိတရားရစေပါတယ်။ အကုသိုလ်ကြောင့် ကျွန်တော်တို့မိသားစု ဘယ်သူမပြုမိမိမှုဆိုသလို ဒုက္ခတွေနဲ့ တွေ့ကြုံခဲ့ရပါတယ်။ ကျွန်တော် တရားကို နှလုံးသွင်းတတ်ပြီဆိုတဲ့အကြောင်း ဒေါ်ပိုက်မိတို့ကို လာပြောရင်း နှုတ်ဆက်တာပါခင်ဗျာ"

ဦးအုန်းနိုင်စကားကြောင့် ဒေါ်ပိုက်မိက မျက်လွှာချရင်း...

"အမိက,ကတော့ သင်္ခါရပါပဲ ဦးအုန်းနိုင်၊ ရှင့်သား ရှိန်းနိုင်က ဓားနဲ့ထိုးမယ်လို့ ရည်ရွယ်လိုက်တုန်းက သေကံမရောက် သက်မပျောက်ခဲ့ရတဲ့ မောင်မင်းဇော်ဟာ မကြာသေးခင်က ရိက္ခာပို့သင်္ဘောနဲ့ပ ပင်လယ်ပြင်ကို အသွားမှာ မုန်တိုင်းကြောင့် သင်္ဘောပေါ်က လိမ့်ကျပျောက်ဆုံးနေပါတယ်။ သေသလားရှင်သလား မသိရသေးပါဘူး။ ရှိန်းနိုင်က ဓားနဲ့ထိုးဖို့ မရည်ရွယ်တဲ့ ကျွန်မသမီး မှုကျတော့ မမျှော်လင့်ဘဲ ဓားဒဏ်ရာနဲ့ ကွယ်လွန်ခဲ့ရရှာပါတယ်။ ဒါဟာ နှလုံးသွင်းစရာ တရားတွေပဲပေါ့။ လောကမှာ မရည်ရွယ်တာတွေ ဖြစ်တတ်သလို ရည်ရွယ်တာတွေလည်း ပျက်တတ်တဲ့သဘောပေါ့"

ဟု ပြောပြလိုက်သည်။

"ကဲ...ကျွန်တော့်ကို ခွင့်ပြုကြပါဦးခင်ဗျာ၊ နယ်ကို ခရီးဆက်ရဦးမှာပါ။ ရန်ကုန်ဘူတာမှာ တစ်ထောက်နားနေတုန်း ခဏလာနှုတ်ဆက်တာပါ"

ဦးအုန်းနိုင်က နှုတ်ဆက်သည်။

"ဘာအကူအညီများလိုပါသေးလဲ ဦးအုန်းနိုင်"

ဒေါ်ပိုက်မိက စာနာစိတ်ဖြင့် မေးလိုက်သည်။ အစားအစာနှင့် အဝတ်တစ်စုံ

http://www.cherrythitsar.org



လောက် ပေးလိုက်ချင်၍ဖြစ်သည်။

"နေပါစေခင်ဗျာ၊ ထောင်လွှတ်ဝါရမ်း (Warrant) နဲ့ ရထားဆက်စီးရမှာပါ။ ကိုယ့်သောကဟာ သူများဒုက္ခဖြစ်စေချင်တဲ့ဆန္ဒမျိုးလည်း ကျွန်တော့်မှာ မရှိတော့ပါဘူး"

ဦးအုန်းနိုင်စကားကြောင့် နံဘေးမှ အကဲခတ်ရပ်နားထောင်နေသော အေးသည်ပင်လျှင် သနားမိသွားပြီး

"ခဏနော် ဦးလေး..."

ဟုဆိုကာ အဝတ်ဗီရိုကြီးထဲမှ ဖခင်ဖြစ်သူ ဦးအောင်ကြီး၏ အဝတ်တစ်စုံနှင့် မီးဖိုခန်းထဲမှ ထမင်းဟင်းကို ထမင်းထုပ်,ထုပ်ကာ သွားပေးလိုက်သည်။

"ယူပါဦးအုန်းနိုင်၊ ဒါဟာ ကျွန်မတို့မိသားစုရဲ့ စေတနာအမှန်ပါ။ ဟော့ဒီ ငွေလေးလည်း လက်ခံသွားပါ"

ဒေါ်ပိုက်မိက ငွေစက္ကူတချို့ကိုလည်း လှမ်းပေးလိုက်သည်။

ဦးအုန်းနိုင်က ယောကျ်ားကြီးတန်မဲ့ မျက်ရည်တွေရစ်ဝဲလာပြီး...

"ကျွန်တော် ကောင်းရောင်းကောင်းဝယ်ပဲ လုပ်ကိုင်စားပါတော့မယ်ဗျာ၊ ခုနစ်ရက်သားသမီးတွေကိုလည်း ဖျက်လိုဖျက်ဆီး ဒုက္ခမပေးတော့ပါဘူး။ သွားမယ်နော် ဒေါ်ပိုက်မိ။ ဦးလေးသွားပါဦးမယ် သမီး"

ဟု နှုတ်ဆက်လျက် ညှိုးငယ်စွာ တရွေ့ရွေ့ထွက်ခွာသွားလေသည်။

* * *

မြန်မာနိုင်ငံ လွတ်လပ်ရေးရသော ထိုနေ့ထူးနေ့မြတ်မှာပင် ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်းတိုက် ခန်းမရှိ အမှုဆောင်လူကြီးများစားပွဲသို့ မိန်းကလေးတစ်ဦး ရောက်လာပြီး စာအိတ်လေးတစ်အိတ်ပေးသည်။

"ဒီနေ့ လွတ်လပ်ရေးအောင်ပွဲနေ့မှာ ဒီခန်းမမှာ မင်္ဂလာဆောင်ပွဲအတွက် Booking (ဘွတ်ကင်)များရှိပါသလားရှင့်"

ဟု စုံစမ်းသည်။

"မွန်းလွဲ ၁၂ နာရီက ၂ နာရီအထိ မင်္ဂလာဧည့်ခံပွဲတစ်ပွဲတော့ ကြိုတင်ခန်းမငှားထားတာရှိပါတယ်။ ဘာကိစ္စများရှိလို့ပါလဲ"

အမှုဆောင်လူကြီး တစ်ဦးက မေးသည်။

"ကျွန်မ ဒေါက်တာခင်မို့မို့ပါ။ ကျွန်မနဲ့ လက်ထပ်မယ့်အမျိုးသားက မြန်မာ

http://www.cherrythitsar.org



နိုင်ငံကြီး ဗြိတိသျှကိုလိုနီစနစ်အောက်က လွတ်မြောက်တဲ့ လွတ်လပ်ရေးအောင်ပွဲ နေ့ကျရင် ဒီခန်းမမှာ လက်ထပ်ကြမယ်လို့ ပြောထားဖူးပါတယ်။ ဒါပေမယ့် သူက လွတ်လပ်ရေးကို မြင်မသွားခဲ့ရရှာပါဘူး။ လူတွေ လွတ်လပ်ပျော်ရွှင်တာကို မြင်သွားခွင့်မရခဲ့ရှာပါဘူး။ ပင်လယ်ခရီးသွားရင်း မုန်တိုင်းမိလို့ သင်္ဘောပေါ်က လိမ့်ကျပျောက်ဆုံးနေတဲ့ ကိုမင်းဇော်အတွက် သတိရတဲ့အနေနဲ့ ဒီနေ့ ဒီခန်းမမှာ လက်ထပ်မင်္ဂလာပွဲကျင်းပမယ့် သတို့သားသတို့သမီးအတွက် မင်္ဂလာလက်ဖွဲ့ကို သူ့နာမည်နဲ့ အမှတ်တရ လက်ဖွဲ့ပါရစေရှင်"

အမှုဆောင်လူကြီးက ယခုကိစ္စမျိုး မကြုံဖူးသဖြင့် အံ့သြနေဟန်တူသည်။ ပြီးမှ...

"ရပါတယ်လေ၊ ဒါပေမယ့် တစ်ခုတော့ရှိပါတယ်။ စာအိတ်ပေါ်မှာ သူ့ နာမည်ပဲ ရေးထားတယ်မဟုတ်လား။ တခြားရည်ညွှန်းချက်တစ်ခုခုပါခဲ့ရင်တော့ မင်္ဂလာရှင်တွေက အယူအဆလွဲချော်ပြီး လက်ခံချင်ကြလိမ့်မယ်မထင်ဘူး"

"ဟုတ်ကဲ့ပါ။ တခြားရည်ညွှန်းချက်မပါ,ပါဘူး။ လက်ဖွဲ့သူနာမည်အနေနဲ့ ကိုမင်းဇော်(မီးပြတိုက်)လို့ပဲ ရေးထားပါတယ်။ "စာအိတ်ထဲမှာ ငွေတစ်ထောင် လက်ဖွဲ့ထားပါတယ်"ကျေးဇူးပြုပြီး မင်္ဂလာပွဲရဲ့ ကာယကံရှင်တွေကိုတော့ ဒီစာအိတ်ကို လူတစ်ယောက် လာပေးသွားတယ်လို့ ယေဘုယျ ပြောပေးပါရှင်"

ရွှေတစ်ကျပ်သား (၁၃)ကျပ်သာ ဈေးရှိသောကာလမို့ ခန်းမအမှုဆောင်လူကြီး၏ မျက်နှာပြင်တွင် ပို၍ အံ့အားသင့်သည့်အရိပ်အရောင်များ ဖုံးလွှမ်းသွားလေသည်။

* * *

**သားရေ...**

မေမေတို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ကိုလိုနီနယ်ချဲ့စနစ်အောက်က လွတ်မြောက်ပြီကွယ့်။ ဗြိတိသျှယူနီယံဂျက်အလံကို ဖြုတ်ချပြီး ပြည်ထောင်စု အလံတော်ကြီးကို လွှင့်တင်လိုက်ပြီ သားရေ...။

ဌာနဆိုင်ရာတွေမှာ ဗြိတိသျှကြိုးနီစနစ်ဆိတ်သုဉ်းပြီး အင်္ဂလိပ်အရာရှိတွေရဲ့ နေရာမှာ မြန်မာအရာရှိတွေ အစားထိုးဝင်ရောက်နေကြပြီကွယ့်။

ကောလိပ်ကျောင်းသားဘဝက သားနဲ့ သားသူငယ်ချင်းတစ်စု မျှော်လင့် ရည်မှန်းထားခဲ့ကြသလို အခုဆိုရင် မြန်မာလူငယ်တွေဟာ မြန်မာ့ကောင်းကင်၊

http://www.cherrythitsar.org



မြန်မာ့ရေပြင်နဲ့ မြန်မာ့တောတောင်မြေပြင်ဒေသအနှံ့ ခရီးဆန့်ပြီး ကြီးလေးတဲ့ တာဝန်ဝတ္တရားတွေ ထမ်းဆောင်ဖို့ အလင်းရောင်ပေါ်ပြီ သားရေ။

ဒေါ်ခင်ခင်မြက ဓာတ်ပုံအယ်လ်ဘမ်ဟောင်းတစ်ခုကို ပြန်လှန်ကြည့်နေမိသည်။ ဦးလှိုင်ကျော်က ပြတင်းမှတစ်ဆင့် ဝန်းကျင်ကို ငေးကြည့်နေသည်။ ဒေါ်ခင်ခင်မြလက်ထဲမှ ဓာတ်ပုံအယ်လ်ဘမ်ဟောင်း စာမျက်နှာတစ်ချို့တွင် သားလေးမင်းဇော် ငယ်စဉ်ကပုံလေးတွေက ဆေးရောင်ဆေးသား ပြယ်မသွားသေးပေ။

"ဒါက ဒပ်ဖရင်ဆေးရုံမှာ သားကိုမွေးပြီး (၁)လသားမှာ အမှတ်တရ ရိုက်ထားတဲ့ပုံ"

ဒေါ်ခင်ခင်မြက တစ်ယောက်တည်းကျိတ်၍ မျက်ရည်ဝေ့ရင်း နောက်တစ်ပုံကို ကြည့်သည်။

"ဒါက သားလေးမောင်မင်းဇော် (၆)လသားအရွယ်မှာ မောင်စန်းထွေး ရန်ကုန်လာရင်း ရိုက်ပေးသွားတဲ့ပုံ"

မောင်စန်းထွေးဆိုသည်က ဒေါ်ခင်ခင်မြ၏ မောင်ဝမ်းကွဲတော်စပ်သည်။ ခရမ်းသုံးခွဘက်တွင် ကြေးတိုင်နှင့်မြေစာရင်း အင်စပက်တော်လုပ်နေရာမှ ရန်ကုန်သို့ ရုံးကိစ္စအစည်းအဝေးလာရင်း အိမ်မှာတည်းသည့်အခိုက် သားလေးကို ဓာတ်ပုံရိုက်ပေးသွားခြင်း ဖြစ်သည်။

"မမ သားက အာနိလ္လာနီလေး၊ ငိုလိုက်ရင် တစ်ကိုယ်လုံး ရဲ့တက်သွားတာ၊ ကြီးလာရင် အသားဆွတ်ဆွတ်ဖြူမယ့်လက္ခဏာဗျ"

ဟု သူ့တူကို ကြိုတင် အမွှမ်းတင်ခဲ့ဖူးသည်။

သားလေးမောင်မင်းဇော်ကြီးလာတော့လည်း မောင်စန်းထွေးတို့ မထွေးမြင့်တို့ လင်မယားက ချစ်ကြသည်။ သားလေးမွေးနေ့မှာ (၃)ဘီးစက်ဘီးလေးပင် ဝယ်ပေးသေးသည်။

မောင်စန်းထွေးတို့လင်မယား ရန်ကုန်ရုံးချုပ်ပြောင်းလာပြီး အလုံ နော်မန်ကျောင်းလမ်းက အိမ်တစ်အိမ်မှာ ငှားနေကြတော့ သားလေးကို မကြာခဏ အိမ်အလည်ခေါ်တတ်ကြသည်။

"ဦးထွေးချက်တဲ့ ကုလားပဲဟင်းနဲ့ ထမင်းစားလို့ သိပ်ကောင်းတာပဲ"

ဟု သားလေးကပြောလျှင် သူတို့လင်မယားမှာ ပီတိတွေဝေဖြာ၍ မဆုံးနိုင်တော့ပေ။

ဒေါ်ခင်ခင်မြက အယ်လ်ဘမ်ထဲမှ မောင်မင်းဇော် မူလတန်းကျောင်းသား

http://www.cherrythitsar.org



ဘဝ၊ အလယ်တန်းကျောင်းသားဘဝ၊ အတန်းပိုင်ဆရာမ၊ အတန်းဖော်သူငယ် ချင်းများနှင့် အမှတ်တရစုရိုက်ထားသည့် ဓာတ်ပုံဟောင်းများကို ကြည့်ပြန်သည်။ ပဥ္စမတန်း(E)မှာတုန်းက သားလေးတို့အတန်းပိုင်ဆရာမ၏ အမည်မှာ ဒေါ်ငွေ ရောင်ပီကျော်ဖြစ်သည်။

သားလေးက ရှေ့ဆုံးတန်း ညာအစွန်မှာ အင်္ကျီအဖြူလက်တို၊ ကာကီဘောင်းဘီတို၊ ခြေအိတ်ဖြူရှည်၊ Half Shoe...ရှူးဖိနပ် အညိုနုရောင်ဝတ်၍ လက်ပိုက်ကာ ခုံတန်းတွင် ထိုင်နေသည်။

ဓာတ်ပုံအယ်လ်ဘမ်ကို တစ်ရွက်ချင်းလှန်ရင်း သားလေးမောင်မင်းဇော် တက္ကသိုလ်ကျောင်းသားဘဝက အမှတ်တရ ဓာတ်ပုံများကိုပါ လွမ်းဆွတ်စွာ ကြည့်နေမိသည်။

"အယ်လ်ဘမ်ဟောင်းတွေကို ဘာဖြစ်လို့ပြန်ပြီး ထုတ်ကြည့်နေရပြန်တာ လဲကွာ"

ခင်ပွန်းသည် ဦးလှိုင်ကျော်က လာပြောမှ လက်ထဲက အယ်လ်ဘမ်ကို ညင်သာစွာ ချလိုက်မိသည်။

"သတိတွေခဏခဏပြန်ရပြီး မဖြေသာနိုင်မှာစိုးလို့ သတိပေးနေတာပါ၊ ကိုးလလွယ် ဆယ်လမွေးထားရတဲ့ မအေတစ်ယောက်ဟာ ကိုယ့်သားလေး ဘယ်အရွယ်ရောက်ရောက် မွေးခါစရင်သွေးလို့ ထင်တတ်ကြတာ ကိုယ် သဘောပေါက်ပါတယ်။ ကိုယ်လည်း ဖအေတစ်ယောက်အနေနဲ့ ဒီသားလေးတစ်ယောက်တည်း ရှိတာ နှမြောတာပေါ့ကွာ၊ သူပြန်လာမယ့်နေ့အတွက် မျှော်လင့်ချက်ဆိုတာတော့ ရှိနိုင်ပါသေးတယ်။ အားတင်းထားစမ်းပါကွာ"

ဦးလှိုင်ကျော်က နှစ်သိမ့်စကားဆိုသည်။

"သင်ထားတဲ့ကျောင်းပညာတွေ၊ သူ့အသက်အရွယ်နဲ့ သူဖြတ်သန်းခဲ့ရတဲ့ ဘဝအတွေ့အကြုံတွေ၊ သူထမ်းဆောင်နေရတဲ့ အလုပ်တာဝန်ဝတ္တရားတွေ တိုင်းပြည် လွတ်လပ်ရေးရရင် အင်္ဂလိပ်ကိုလိုနီဟောင်းတွေနေရာမှာ မြန်မာလူငယ်တွေက ဘယ်ဌာနမှာမဆို ရာထူးအဆင့်ဆင့် အစားထိုးဝင်ရောက်ထိုးဖောက်နိုင်ဖို့ဆိုတဲ့ ရည်မှန်းချက်နဲ့ ဝန်ထမ်းဘဝကို အောက်ခြေက စ,တက်ခဲ့ရတဲ့ သူ့ကြိုးပမ်းမှုတွေ ဟာ သိပ်နှမြောစရာကောင်းတယ်။ မိသားစုအတွက်ရော သူ့ဌာနအတွက်ပါ အရမ်းနစ်နာဆုံးရှုံးခဲ့ရပြီလေကွာ"

ဦးလှိုင်ကျော်က ယူကျုံးမရ မချိတင်ကဲ ပြောပြနေသည်။ ပြီးမှ သားဖြစ်သူကို ရည်ညွှန်း၍ ဝေဖန်စကားဆိုသည်။

http://www.cherrythitsar.org



"သူဟာ အထိုက်အလျောက် လိမ္မာရေးခြားရှိပြီး မိဘအပေါ် ကျေးဇူးသိတတ်တဲ့ သားတစ်ယောက်ပါ။ အတွေးအခေါ်လည်း သိပ်မတိမ်လှတဲ့ လူငယ်တစ်ယောက်ပါ။ ဒါပေမယ့် သတိလွတ်သွားတယ်။ သတိလက်လွတ်ဖြစ်သွားတယ်ထင်တယ်။ သူ့ပညာ၊ သူ့အရွယ်၊ သူ့အသိုင်းအဝိုင်း၊ သူ့လက်ရှိရာထူးအဆင့်အတန်းနဲ့ Rationalism ဆိုတဲ့ ဆင်ခြင်တုံတရား သိသိသာသာကြီးကင်းလွတ်သွားခဲ့ရင်တော့ ကံကြမ္မာပဲ"

ဒေါ်ခင်ခင်မြက ဦးလှိုင်ကျော်စကားအဆုံးတွင် ပြတင်းမှတစ်ဆင့် ငေးငိုင်နေရှာသည်။

* * *

ရေကျော်ရှိ အေးတို့အိမ်ရှေ့သို့ ခင်မို့မို့ရောက်လာသဖြင့် တံခါးဖွင့်ပေးရင်းအေးက လှိုက်လှဲစွာဖြင့်

"လာ...မမခင်၊ ထိုင်ပါ၊ မေမေရှိပါတယ်။ ဖေဖေနဲ့မမက ၁၁ လမ်းကို ခဏသွားကြတယ်။ ဒီနေ့ ဆေးခန်းပိတ်တာပေါ့နော်။ တမင်လာလည်တာလား မမခင်၊ အေးအေးဆေးဆေးမှပြန်ပေါ့နော်။ တော်ကြာဆို မမဖွေးတို့လည်း ပြန်လာကြမှာပါ"

ဟု ဆိုကာ ဧည့်ခန်းမှာ နေရာထိုင်ခင်းပေးသည်။

သူတို့အသံကြား၍ မိခင် ဒေါ်ပိုက်မိက အပြင်ထွက်လာသည်။

"နေကောင်းလား ဒေါ်ဒေါ်"

ခင်မို့မို့က နှုတ်ဆက်သည်။

"ကောင်းပါတယ်ကွယ်၊ သမီးရော...နေကောင်းရဲ့လား"

ဒေါ်ပိုက်မိကမေးသည်။ အပြင်မှ ဖွေးတို့သားအဖလည်း ပြန်ရောက်လာကြသည်။

"မတွေ့ကြတာတောင် တော်တော်ကြာသွားပြီနော် မမခင်"

ဖွေးက နှုတ်ဆက်သည်။

"ဒီလမ်းထိပ်က ဗုဒ္ဓဘာသာကလျာဏယုဝအသင်းတိုက် မင်္ဂလာဆောင်ကို လက်ဖွဲ့ငွေတစ်ထောင်လာပေးရင်း ဖွေးတို့ကို ဝင်နှုတ်ဆက်တာပါ"

ခင်မို့မို့ကပြောပြတော့

"ဟုတ်လား...ဘယ်သူ့မင်္ဂလာဆောင်လဲ မမခင်"

http://www.cherrythitsar.org



ဟု မေးသည်။

"ပြောရရင်တော့ စိတ်ကူးစိတ်သန်း ခပ်ဆန်းဆန်းများ ဖြစ်နေမလားမသိဘူး"

"ဘယ်လိုစိတ်ကူးဆန်းတာလဲ မမခင်ရဲ့၊ ပြောပါဦး"

ဖွေးက မေးသည်။

"ပြင်ဦးလွင်မှာ ဇော်နဲ့ နောက်ဆုံးတွေ့လိုက်ရတဲ့အချိန်တွေတုန်းက ဇော့်မှာ ဆန္ဒတစ်ခုရှိခဲ့တယ်"

"ဘယ်လိုဆန္ဒမျိုးတဲ့လဲ မမခင်"

အေးကပါ စိတ်ဝင်စားလာဟန်နှင့် ဝင်မေးလာသည်။

"ဇော်က မမခင်နဲ့ သူ့မင်္ဂလာပွဲကို မြန်မာနိုင်ငံကြီး ဗြိတိသျှကိုလိုနီစနစ်အောက်က ပြည်သူပြည်သားအားလုံး လွတ်မြောက်ကြတဲ့၊ ကမ္ဘာသိ တရားဝင်လွတ်မြောက်ကြတဲ့ လွတ်လပ်ရေးအောင်ပွဲ နေ့ထူးနေ့မြတ်ကျရင် မင်္ဂလာရှိတဲ့ ဂုဏ်သရေရှိတဲ့ လူကြီးမိဘ မိတ်သင်္ဂဟအားလုံးကို ဖိတ်ကြားပြီး မြန်မာဆန်ဆန်၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်းတိုက်၊ မင်္ဂလာခန်းမမှာ ကျင်းပမယ်ဆိုတဲ့ဆန္ဒ မမခင်ကို ဖွင့်ပြောခဲ့ဖူးတယ်လေ။ ဒါပေမယ့် သူ့ခမျာ သူ့ဘဝကံကြမ္မာကြောင့် ဒီနေ့ဒီအချိန်မှာ လွတ်လပ်ရေးဆိုတာ ဒီလိုပါလားဆိုတာ တွေ့မသွားရရှာသေးဘူးလေ။ ဒါကြောင့် သူဖြစ်ချင်တဲ့ဆန္ဒအစား သတိတရနဲ့ သူ့ကို အမှတ်တရဖြစ်စေချင်တာကြောင့် အသင်းတိုက်ခန်းမမှာ ဒီနေ့ကျင်းပမယ့် မင်္ဂလာဆောင်ဧည့်ခံပွဲတစ်ခုခုရှိခဲ့ရင် ကိုယ်နဲ့သိသည်ဖြစ်စေ မသိသည်ပဲဖြစ်စေ အဲဒီမင်္ဂလာပွဲအတွက် ဇော့်နာမည်နဲ့ ငွေတစ်ထောင်လက်ဖွဲ့ဖို့ သွားစုံစမ်းတာပါ"

"မင်္ဂလာဆောင်ရှိနေလား မမခင်"

ဖွေးကမေးသည်။

"ရှိတယ်လို့ အသင်းတိုက်အမှုဆောင်လူကြီးတစ်ယောက်က ပြောတာနဲ့ မမခင်လည်း ဝမ်းသားအားရ မင်္ဂလာလက်ဖွဲ့စာအိတ်လေး ကြိုတင်ပေးခဲ့ပြီး ပြန်လာခဲ့တာပါ"

ခင်မို့မို့က စကားအဆုံးတွင် ဝမ်းနည်းလှိုက်လှဲစွာဖြင့် မျက်လွှာချလိုက်သည်။

"အိမ်က သမီးလေးမူတို့ မောင်မင်းဇော်တို့ မောင်နှမနှစ်ယောက်ရဲ့ ဘဝကံကြမ္မာတွေက ဆန်းကြယ်ဆိုးဝါးလှပါတယ်ကွယ်"

ဒေါ်ပိုက်မိက မချိတင်ကဲဖြင့် ပြောလိုက်သည်။

"ဟုတ်တယ် ဒေါ်ဒေါ် တစ်စုံတစ်ယောက်ဟာ ဘဝမှာ ကောင်းတာပဲဖြစ်ဖြစ် ဆိုးတာပဲဖြစ်ဖြစ် တစ်ခုခုနဲ့တော့ မကင်းနိုင်ကြပါဘူး"

http://www.cherrythitsar.org



ခင်မို့မို့စကားကြောင့် ဒေသ့ခန်းကလေးမှာ တိတ်ဆိတ်သွားရပေသည်။

"ကံကြမ္မာဆိုတာ ကြိုတင်မမြင်သာဘူးလေ သမီးရယ်"

ဒေါ်ပိုက်မိက သံဝေဂဖြင့် ပြောလိုက်သည်။

"အဲ့ဒီနောက်ဆုံးတွေ့လိုက်ရတဲ့ညက လရောင်လင်းတာ နောက်မကျစကောင်းပါဘူးလို့ ဖော်ပြောသွားတဲ့ စကားလေးတစ်ခွန်းကို ဘယ်တော့မှ မေ့လို့ရနိုင်တော့မှာ မဟုတ်ပါဘူး။ ခုတော့ လရောင်နဲ့ဝေးလွန်းတဲ့ အဆုံးမဲ့ အမှောင်ထုကြီးထဲကို ဖော် ရောက်သွားရရှာပြီလားမသိဘူးနော်"

ခင်မို့မို့က မျက်လွှာချ၍ ပြောရင်း အားလုံးကို နှုတ်ဆက်သည်။

"အကြောင်းရှိရင် ဆေးခန်းကို ဖုန်းဆက်ပါနော်။ ပြန်လိုက်ပါဦးမယ်။ နောက်မှ အေးအေးဆေးဆေး လာလည်ပါဦးမယ်"

အားလုံးကို နှုတ်ဆက်၍ ခင်မို့မို့က ဖွေးတို့အိမ်ပေါ်မှ ဆင်းသွားသည်။

အိမ်ရှေ့တွင် ဗာဒံရွက်နီကျင်ကျင်လေးတွေ လေသင့်တိုင်း တဖြုတ်ဖြုတ်ကြွေကျနေ၏။

* * *

မြန်မာ့ပင်လယ်ပြင်ကြီးကတော့ ပြာသောကောင်းကင်အောက်တွင် ထာဝစဉ်လှိုင်းဖွေးဖွေးထ,နေဆဲပင်။ မြန်မာ့ပင်လယ်ကမ်းရိုးတန်းတွင် မြိတ်ကျွန်းစုသည်ကျွန်းပေါင်း(၉၀၀)ခန့်ဖြင့် ကျယ်ပြောသာယာလှပသော ဒေသတစ်ခုဖြစ်သည်။

သို့သော် ရာသီဥတုဆိုးဝါးသော အခြေအနေတချို့တွင် ဆင်ကျွန်းတစ်ဝိုက်ကားလှိုင်းတံပိုးများ ပြင်းထန်တတ်ပြန်သေးသည်။

ကိုမင်းဇော်တစ်ယောက် ရိက္ခာပို့သင်္ဘောကြီးပေါ်မှ မတော်တဆ လိမ့်ကျခဲ့ရသည်မှာလည်း ဆင်ကျွန်းကိုဖြတ်သန်းခုတ်မောင်းနေဆဲ လှိုင်းလေပြင်းထန်လွန်းပြီးမိုးအဆက်မပြတ် ရွာသွန်းကာ ပိန်းပိတ်အောင် မှောင်မိုက်နေသော ညတစ်ညတွင်ဖြစ်ပေ၏။

ထိုညက ကိုမင်းဇော်သည် မုန်တိုင်းမစဲမီ အလူးလူးအလိမ့်လိမ့် ဖြစ်နေသောသင်္ဘောကြီးပေါ်တွင် ဘယ်လိုမှ အိပ်၍မရနိုင်သဖြင့် သင်္ဘောပေါ်မှ တာဝန်ကျဝန်ထမ်းများအား တတ်စွမ်းသရွေ့ အကူအညီပေးရန် ကုန်းပတ်ပေါ်သို့ တက်လာခဲ့သည်။

သင်္ဘောသားတချို့သည် AWNINGခေါ် ကုန်းပတ်တာရပတ်ရွက်ဖျဉ်အမိုး

http://www.cherrythitsar.org



တချို့ကို ကြိုးဖြုတ်သိမ်းဆည်းနေကြရ၏။

လေထန်စဉ်၌ အဆိုပါ တာရပတ်မိုးများကို ယာယီဖြုတ်ချသိမ်းဆည်းထားရသည်မှာ သဘာဝ ဝတ္တရားတစ်ခုပင် ဖြစ်သည်။

အဆိုပါတာရပတ်များ မိုးထားပါက လေဒဏ်ကြောင့် တာရပတ်များ စုတ်ပြဲလွင့်စဉ်သွားနိုင်သလို၊ တာရပတ်မိုးများက လေကို ဆီးခံထားသလိုဖြစ်ပြီး သင်္ဘော၏ Balance ဟန်ချက် ပိုမိုမှားယွင်းတိမ်းစောင်းကာ ဟန်ချက်ထိန်းသိမ်းရခက်ခဲတတ်သောကြောင့် အရေးပေါ်ဖြုတ်ချကြရခြင်း ဖြစ်ပါ၏။

ထိုညက မိုးကြားလေကြား လှိုင်းကြားမှာပင် တာရပတ်မိုးများ ဖြုတ်ချသိမ်းဆည်းနေသော သင်္ဘောသားတစ်စုကို ဝိုင်းကူရင်း ကိုမင်းဇော်၏ ခန္ဓာကိုယ်က သင်္ဘောလက်ဝဲဘက်သို့ လှိုင်းဖိအားကြောင့် စောင်းအသွားတွင် GUARD RAIL WIRE ခေါ် ဘေးကာဝိုင်ယာကြိုးတန်းကို လှမ်း၍ မဆုပ်ကိုင်လိုက်နိုင်ဘဲ ထိုဝိုင်ယာကြိုးတန်းပေါ်မှပင် ခန္ဓာကိုယ်တစ်ပတ်လည်ကာ ရေထဲသို့ အားလွန်လိမ့်ကျသွားခဲ့ရခြင်းပင် ဖြစ်၏။

အဆင်ပြေပြေ လိမ့်ကျသွားခဲ့ရခြင်းတော့ဖြင့် မဟုတ်ပေ။ သင်္ဘောကြီး၏ Ship Side ခေါ် နံဘေးသံပြားတစ်နေရာနှင့် ဆောင့်မိပြီးမှ လှိုင်းတွေပေါ် ကိုင်ပေါက်ခံလိုက်ရသလို ကျသွားခြင်း ဖြစ်သည်။

တော်ပါသေး၏ Life Jacket ခေါ် အသက်ကယ်ဝတ်စုံကို မုန်တိုင်းကျ စဉ်ကပင် ရေယာဉ်ပေါ်ရှိ ဝန်ထမ်းအားလုံး ဝတ်ဆင်ထားကြပေရာ ကိုမင်းဇော် သည်လည်း အသက်ကယ်ဝတ်စုံလေးကို ဝတ်ဆင်ထားပြီးသားမို့ ရေအောက်သို့ နစ်မြုပ်မသွားခဲ့ခြင်း ဖြစ်ပေသည်။

အားငယ်ခြင်းတော့ မဟုတ်။ ရုတ်တရက် တုန်လှုပ်ချောက်ချားမိသည်။ သူလိမ့်ကျခဲ့ခြင်းကို ရုတ်တရက် မသိလိုက်ကြခြင်းကြောင့် သင်္ဘောကြီးကလည်း မှောင်ထဲတွင် တလိမ့်လိမ့် ခုတ်မောင်းသွားတာကို သူမြင်လိုက်ရသည်။ သင်္ဘောကြီး၏ STERN LIGHT ခေါ် ပဲ့ပိုင်းမီးရောင်လေးက တဖြည်းဖြည်း ဝေးကွာသွားတော့ ကိုမင်းဇော်ရင်ထဲတွင် ဆို့နင့်ပြီး ဘယ်သူ့အားကိုးရမှန်းမသိ ဖြစ်ခဲ့သည်။

ရေစီးကြောင်းကြီးအတိုင်း တစ်ညလုံး မျောပါနေခဲ့သည်။ တစ်ကိုယ်လုံးလည်း အေးစက်နာကျင်ကိုက်ခဲနေသည်။

အာခံတွင်းတွေ ပူလောင်လာပြီး မျက်ရည်ပူတွေ လိမ့်ဆင်းလာကာ အဖျားသွေးဝင်လာပြီး သတိရတစ်ချက်မရတစ်ချက် ဖြစ်ခဲ့သည်။

ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာသမား ဂုဏ်ကျေးဇူးကား ကြီးမားလှပါ၏။

သီဟရတနာစာပေ

http://www.cherrythitsar.org



မနက် (၆)နာရီသာသာလောက်တွင် ဆင်ကျွန်းကြီး၏ အရိပ်အရောင်ကို တောင်မှ မမြင်ရတော့ဘဲ ရေစီးကြောင်းသင့်ရာအတိုင်း မျောပါခဲ့ရာမှ မုန်တိုင်းလည်း ကင်းစင်ကာ လှိုင်းအိအိလောက်သာ ရှိတော့ချိန်၌ ကျွန်းငယ်လေးတစ်ခုနှင့် နီးကပ်လာခဲ့ရသည်။ ကျွန်းအကြီးစား မဟုတ်သော်လည်း ကျွန်းရိပ်အော်ထဲမှ ကာဘန်းခေါ် ဆလုံလှေကလေး(၃)စီးက မျက်နှာပိတ်ခရုထွက်ရှာရာမှ ကိုမင်းဇော်၏ အခြေအနေကို တွေ့ရှိသွားခဲ့ကြသည်။

ကျေးရှူးရှင် ဆလုံတိုင်းရင်းသားတို့က ကိုမင်းဇော်ကို ဆွဲတင်ပြီး ကျွန်းရိပ်အော်ထဲသို့ ဆွဲခေါ်လာခဲ့ကြသည်။

တိုင်းရင်းသားညီနောင်ဘွား အရင်းအချာများဖြစ်သော်ငြားလည်း သူတို့စကားကို ကိုမင်းဇော် ရုတ်တရက် နားလည်နိုင်စွမ်း မရှိခဲ့ပေ။

သို့သော် သွေးက စကားပြောခဲ့သည်။ တူသားနှောင်မယ်မိတ်ဆွေရင်းချာပမာ ဝိုင်းဝန်းပြုစုယုယ စောင့်ရှောက်ခြင်းကို ခံစားခဲ့ရသည်။

နံစောင်း၊ လက်မောင်းအိုးတစ်ဝိုက်နှင့် ပေါင်တံဘေးသားတစ်ဝိုက်တွင် ထိခိုက်ဒဏ်ရာ အနည်းငယ်ရခဲ့သည်။ ထိုဒဏ်ရာများကိုလည်း တိုင်းရင်းသား ဆလုံအကြီးအကဲက ရိုးရာဆေးဝါးများဖြင့် ကုသပြုစုပေးခဲ့သည်။

ကိုမင်းဇော်၏ တက်ဖျားကျဖျားရောဂါကိုတော့ ရက်ပေါင်းအတန်ကြာ ကုသခဲ့ရသည်။ သိပ်မသက်သာသေးပေ။

ပင်လယ်ငှက်ဖျားဒဏ်ကို စတင်ခံစားရခြင်း ဖြစ်သည်။

ကာဘန်းခေါ် ဆလုံလှေအုပ်စုသည် ယခုလို လူသူကင်းဝေးသော ကျွန်းစုတချို့သို့ပင် လှည့်လည်သွားလာကာ ပင်လယ်ငါး၊ ပင်လယ်ခရုနှင့် တခြားပင်လယ်အစားအစာတို့ကို ရှာဖွေငုပ်ယူဖမ်းဆီးရင်း နီးစပ်ရာ ရွာကြီးများ၌ ဆန်၊ ရေနံဆီ၊ အဝတ်အထည်၊ အရက်တို့ဖြင့် လဲလှယ်နေကြသောကာလ ဖြစ်ပေ၏။

ကိုမင်းဇော်ကား အဖျားရောဂါ သက်သာလာသည့်အခါ ဖြစ်သလို ချက်ပြုတ်စားသောက်နေထိုင်ကြရရှာသည့် ဆလုံမိသားစုများနှင့်အတူ ဝိုင်းကူနိုင်သမျှ ဝိုင်းကူရင်း ချစ်ခင်ယုံကြည်ကိုးစားမှု ပိုမိုလာခဲ့၏။

သူတို့၏ ကာဘန်းလှေမှာ သံနှင့်သွပ် စသည့်ပစ္စည်းများကို မသုံးဘဲ ဝါးနှင့် ကြိမ်ဖြင့် ဖွဲ့တည်ထားသည့် ရိုးရာလှေစစ်စစ်များပင် ဖြစ်သည်။

လှေပေါ်တွင် မိသားစုလိုက်နေထိုင်ပြီး လှေဦးတွင် သူတို့၏ ထာဝရမိတ်ဆွေ ခွေးတစ်ကောင်,နှစ်ကောင်စီတော့ ပါလာတတ်ကြမြဲပင်။

ကျွန်းရိပ်သောင်စပ်သို့ ခိုနားကြချိန်၌ ခွေးများနှင့်အတူ ကျွန်းပေါ်သို့ ဖွတ်၊

http://www.cherrythitsar.org



ပဒတ်၊ သင်းခွေချပ်၊ တောဝက် စသည်တို့ကိုလည်း အနံ့ခံ ဖမ်းဆီးစားသောက်သော အလေ့အထရှိကြပြန်သည်။

ခွေးတွေက အဖော်မွန်ဖြစ်နေတတ်သည်။ ရွှေ၊ ငွေ၊ ပတ္တမြား အဖိုးတန် အသုံးအဆောင်ပကာသနများ လုံးဝမရှိကြ။ ကိုမင်းဇော်က မနက်တစ်ကြိမ်၊ ညအိပ်ရာဝင်ချိန်တွင်တစ်ကြိမ် ဆလုံတိုင်းရင်းသာ အကြီးအကဲ အဘိုးအိုအား ရှိသေစွာ ဦးချကန်တော့သည်။ သေကံမရောက် သက်မပျောက် မိမိ၏ဘဝရှင်သန်မှုကို ရိုးသားဖြူစင်စွာ ကယ်တင်စောင့်ရှောက်ထားသော ကျေးဇူးတရားအား လေးစားစွာ ဦးချကန်တော့နေမိခြင်းပင် ဖြစ်သည်။

ကိုမင်းဇော်၏ ကျန်းမာရေးအခြေအနေမှာ စိတ်မချရသေးသော်လည်း အအိပ် အနေ အစားအသောက်ကတော့ ဆလုံတိုင်းရင်းသားများနှင့် ထပ်တူထပ်မျှ လှေပေါ်တွင် ဖြစ်သလိုစား၊ ဖြစ်သလိုအိပ်နှင့် စက္ကန့်၊ မိနစ်၊ နာရီပေါင်းများစွာတို့ ကို ဖြတ်သန်းနေရပေသည်။

တစ်စထက်တစ်စ သူတို့အချင်းချင်း ပေးပုံယူပုံ၊ ဆက်ဆံပုံလေးတွေကို နားထောင်ငေးမောရင်း သူတို့၏ စကားအသုံးအနှုန်းတချို့ကိုပါ နားယဉ်လာသည်။

မတတ်တတတ်နှင့် ဝင်ပြောတတ်လာသည်။ ရာသီဥတု အထူးပင် ကြည်လင်ကောင်းမွန်သော နံနက်ခင်းတစ်ခုတွင်တော့ ကာဘန်းလှေကလေး(၂)စီးက ကိုမင်းဇော်ကို တစ်စီးတွင် တင်ဆောင်ကာ သဲချောင်းအမည်ရှိ ရွာကြီးတစ်ရွာသို့ ပို့ဆောင်ပေးခဲ့ကြသည်။

မြိတ်ဇာတိ၊ ထားဝယ်ဇာတိ၊ အရောင်းအဝယ်သမားတချို့ ဝင်ထွက်သွားလာသောရွာ ဖြစ်သည်။ ဘုန်းတော်ကြီးကျောင်းရှိသည်။ မူလတန်းကျောင်းကလေး လည်း ရှိသည်။

ကိုမင်းဇော်အား ဆလုံလှေမှ ဆလုံအဘအိုက ဘုန်းတော်ကြီးကျောင်းသို့ ပို့ဆောင်ပေးသည်။

ဆရာတော်မှာ မြိတ်မြို့နယ် ရှမ်းချောင်းရွာဇာတိဖြစ်ပြီး ယခု ရွာသို့ လာရောက်ကျောင်းထိုင် သီတင်းသုံးနေသည်မှာ ဒုတိယကမ္ဘာစစ်ကြီးပြီးခါစကဟု သိရသည်။

ဆရာတော်ကို အပ်နှံပြီး ကာဘန်းဆလုံလှေကလေးတွေက ပင်လယ်ထဲသို့ ပြန်လည်ထွက်ခွာသွားကြသောအခါ ကိုမင်းဇော် ငေးကြည့်ရင်း မျက်ရည်တွေ ရစ်ဝဲနေမိသည်။

ဘဝရဲ့ကျေးဇူးရှင်များပါတကား။ ဆရာတော်က ကျေးရွာမှလူကြီးတချို့နှင့်

http://www.cherrythitsar.org



ကျောင်းဆရာတို့ကိုခေါ်ကာ ကိုမင်းဇော်၏ အခြေအနေကို မေးမြန်းသည်။

ကိုမင်းဇော်က ဖြစ်စဉ်အမှန်ကို လျှောက်ထားဖွင့်ဟခဲ့သည်။

ဆရာတော်နှင့် ကျေးရွာလူကြီးများက စက်လှေပတ်ကြုံသည့်နေ့၌ မြိတ်မြို့သို့ ပို့ဆောင်ပေးမည်ဟု ပြောဆိုမိန့်ကြားကူညီကြသဖြင့် ကိုမင်းဇော်ဘဝအတွက် ကျေးဇူးကြီးမားသူတွေ တိုးပွားလာပြန်သည်။

"မြန်မာနိုင်ငံတော်ကြီး လွတ်လပ်ရေးရပြီဆိုတာ ဆရာတော်ဘုရား မိန့်ကြားမှ တပည့်တော် သိရပါတယ်ဘုရား၊ ဝမ်းသာမိပါတယ် အရှင်ဘုရား"

ဟု ကိုမင်းဇော်က ပြောခဲ့သည်။

ကိုမင်းဇော်က မြိတ်မြို့ရှိ ရေကြောင်းဌာနခွဲမှတစ်ဆင့် ရန်ကုန်ရှိ မိမိ၏ဌာနသို့ ကြေးနန်းပေးပို့အစီရင်ခံမည်ဟု ဆရာတော်ထံ လျှောက်ထားပါသည်။

"အခုလို သေကံမရောက်၊ သက်မပျောက် ပင်လယ်ပြင်ရဲ့ ဘေးအန္တရာယ်ဆိုးကြီး ကြုံတွေ့ခဲ့ရတော့ ကိုမင်းဇော်အနေနဲ့ ဝန်ထမ်းဘဝကို ငြီးငွေ့ပြီး စိတ်ကုန်ခမ်းမသွားဘူးလား။ ကိုမင်းဇော်အရွယ်က အရွယ်ကောင်းပါ။ စီးပွားရေးစိတ်ဝင်စားရင် အများကြီး ချမ်းသာကြီးပွားနိုင်တဲ့ အရွယ်ကောင်းပါ"

ထားဝယ်ဘက်မှ ရေရှူအရောင်းအဝယ်ကိစ္စဖြင့် ရောက်လာသော ကုန်သည်ဦးကျင်စွမ်းဆိုသူက မေးလိုက်သည်။

ကိုမင်းဇော်က...

"လွတ်လပ်ရေးရတဲ့အချိန်ဆိုတော့ ဌာနအသီးသီးမှာ ကျွန်တော်တို့လို မြန်မာပညာတတ်လူငယ်တွေက ဗြိတိသျှဗျူရိုကရက် အရာရှိတွေရဲ့နေရာကို အစားထိုးဝင်ပြီး ကိုယ်နိုင်ငံအတွက် ကိုယ့်လူမျိုးအတွက် တာဝန်ဆက်ယူသွားရမယ့် အနေအထားမျိုး အခွင့်အရေးကောင်းရနေပါပြီ ဦးကျင်စွမ်း၊ တခြားစီးပွားရေးလုပ်တဲ့လူငယ်တွေကလည်း လွတ်လွတ်လပ်လပ် လုပ်ကြပစေပေါ့။ ကျွန်တော်ကတော့ အငြိမ်းစားယူတဲ့အချိန်အထိ ကျွန်တော့်ဌာနရဲ့ တိုးတက်ရာတိုးတက်ကြောင်းကို ကျွန်တော် တတ်စွမ်းနိုင်တဲ့နေရာက ဆက်တာဝန်ယူသွားရဦးမှာပါ ဦးကျင်စွမ်း"

ဟု ပြောပြလိုက်မိပေသည်။

* * *

ရန်ကုန်မြို့၊ ရေကျော်ရပ်၊ ရွှေဘုန်းပွင့်စေတီတော်ပရဝုဏ်၏ ညနေခင်းဖြစ်သည်။ ဒေါက်တာခင်မို့မို့က ရင်ပြင်တော်တွင် ညင်သာသိမ်မွေ့စွာ လျှောက်လာ

http://www.cherrythitsar.org



ရင်းက အင်္ဂါထောင့်တွင် ပန်းရေချမ်းဆီမီးကပ်လှူပူဇော်နေသော ဖွေးကို တွေ့သဖြင့် ဖွေးအနီးသို့ ချဉ်းကပ်လာခဲ့သည်။

ကျောခိုင်းထားသော ဖွေးက သူ့နောက်မှာလာရပ်သည့် ဒေါက်တာခင်မို့မို့ကို မမြင်မိသေးပေ။

ဘုရားကို အာရုံပြု ဆုမွန်ကောင်းတောင်း ဦးချကန်တော့ပြီး ပြန်လှည့်၍ အထတွင်မှ ဖွေးက ခင်မို့မို့ကို တွေ့မိသည်။

"ဆေးခန်းကအပြန် သတိရတာနဲ့ ဖွေးတို့အိမ်ကို ဝင်လည်တော့ ဒေါ်ဒေါ်နဲ့ ဖွေးက ကြာသပတေးနေ့နဲ့ အင်္ဂါနေ့ညနေတိုင်း ရွှေဘုန်းပွင့်ဘုရားမှာ ပန်းကပ်လှူပူဇော်နေကျလို့ ပြောလိုက်တာနဲ့ လိုက်လာခဲ့တာပါ။ ဘာကြောင့် ကြာသပတေးနေ့နဲ့ အင်္ဂါနေ့တိုင်း ဘုရားကို ရောက်လာတတ်တာလဲဟင်။ သိခွင့်ရှိရင် သိပါရစေ"

ခင်မို့မို့၏ အမေးကြောင့် ဖွေးက ဖွင့်ဟရခက်နေပုံရသည်။

"မမခင်က မေးလာမှတော့ မှသားမသုံးဘဲ ဖွေးဖြေရတော့မှာပေါ့"

ဟု တွေးတွေးဆဆနှင့်ပင် စကားစ,ကာ

"ကြာသပတေးနေ့က ဖွေးရဲ့မွေးနေ့မို့ပါ။ အင်္ဂါနေ့ကတော့ ပင်လယ်ကြီး ထဲမှာ ဖွေးတို့မိသားစု စက်လှေပျက်ပြီး ဒုက္ခရောက်ခဲ့တုန်းက ကူညီကယ်ဆယ် ခဲ့တဲ့ ကိုမင်းဇော်အတွက် သူ အသက်အန္တရာယ်ကင်းရှင်းစွာ မိဘရပ်ထံ ပြန်လာနိုင်ပါစေဆိုပြီး ဆုတောင်းပေးနေမိတာပါ"

ဟု ပြောပြလိုက်တော့ ခင်မို့မို့ အံ့အားသင့်သွားသည်။ ပြီးမှ မျက်လွှာကလေး ချရင်း...

"လာပါ...ဖွေး...ပုဇွန်တောင်လိပ်ကန်ပန်းခြံထောင့်က ကြံရည်ဆိုင်ကလေးမှာ ကြံရည်သောက်ရင်း စကားပြောကြရအောင်"

ဟု ဖိတ်ခေါ်သည်။

ဖွေးက ဘုရားကို ဦးချကန်တော့သည်။ ခင်မို့မို့ကလည်း ရိုသေစွာ ဦးချကန်တော့လိုက်သည်။

ပြီးမှ စေတီတော်ပရိဝုဏ်မှထွက်ကာ လိပ်ကန်ပန်းခြံဘက်သို့ လျှောက်လာခဲ့ကြသည်။

လိပ်ကန်ပန်းခြံတစ်ဝိုက်တွင် အစားအသောက်ဆိုင်ကလေးတချို့ ရှိနေကြသည်။ ကြံရည်ဆိုင်ကလေးတွင် ညင်သာစွာထိုင်လိုက်ကြသည်။ ကြံရည်နှစ်ခွက် မှာလိုက်သည်။ ခင်မို့မို့က ဖွေးကို မဝံ့မရဲကြည့်ရင်း...

"မမခင်ရဲ့စိတ်ထဲမှာ ဝေခွဲမရဖြစ်နေတာ တစ်ခုရှိတယ်"

http://www.cherrythitsar.org



ဟု ပြောလိုက်သည်။

"ဘာများလဲ မမခင်"

ဖွေးက မေးလိုက်သည်။

"ဇော့်အချစ်ကို လက်ခံလိုက်တာ မမခင်ဘက်က စောများနေခဲ့သလားလို့ပါ"

"မမခင် ဘာကိုဆိုလိုတာလဲဟင်"

"သံယောဇဉ်ဆိုတာ သိမ်မွေ့နက်နဲလွန်းတယ်နော်။ ဇော့်အပေါ်မှာ ထားရှိတဲ့ တခြားတစ်ယောက်ရဲ့ သံယောဇဉ်အင်အားကြီးမားမှုကို ဒီညနေကျမှ မျက်ဝါး ထင်ထင် မမခင် မြင်လိုက်ရတယ်ကွယ်"

"မမခင်စကားက ကြောက်စရာကြီး၊ ဖွေးအပေါ်မှာ ပွင့်ပွင့်လင်းလင်းပြောပါ မမခင်၊ မမခင်ရင်ထဲမှာ ဖွေးကို ဘယ်လိုသတ်မှတ်ဆိုလိုချင်တာပါလဲရှင်"

ဖွေးက မျက်ဝန်းအစုံတွင် မျက်ရည်တွေရစ်ဝဲလာရင်းမှ နှင်းဆီအသွေး နှုတ်ခမ်းပါးလေးများ တဆတ်ဆတ်တုန်ခါလာရင်း မေးလိုက်သည်။

"ဇော်တောင်းတဲ့အဖြေကို ပေးခဲ့တဲ့ မမခင်ရဲ့ ဆုံးဖြတ်ချိန်ဟာ စောခဲ့ပါလား ဆိုတဲ့ နောင်တ,တရားပါ"

"မဟုတ်သေးဘူး မမခင်၊ မဟုတ်သေးဘူး။ အဲဒါ နောင်တရစရာမှမဟုတ်တာ။ မမခင်တို့နှစ်ယောက်ရဲ့ တစ်သက်တာဘဝခရီးအတွက် နိဒါန်းအစ မဟုတ်လား"

"အနှောင်အဖွဲ့ကင်းတဲ့နိဒါန်းကို စခဲ့ရရင်တော့ ကောင်းသားပေါ့ ဖွေး"

"ကိုမင်းဇော်နဲ့ မမခင်မှာ ဘယ်လိုအနှောင်အဖွဲ့တွေက ရှိနေခဲ့လို့လဲ မမခင်"

"မမခင်ဘက်က မရှိပါဘူး။ ဒါပေမယ့် ဇော့်အပေါ်မှာ သူကိုယ်တိုင်မသိတဲ့ တခြားတစ်ယောက်ရဲ့ သံယောဇဉ်အနှောင်အဖွဲ့က ရှိနေတော့"

"ဖွေးရဲ့စိတ်ကို မမခင် ဘဝင်မကျ ဖြစ်နေတာလား"

"မမခင်မှားရင် ခွင့်လွှတ်ပါ"

"မမခင် စိတ်သံသယရှင်းစေချင်ပါတယ်။ ဖွေးက ကိုယ့်အပေါ် ဘဝခရီးဖော် အဖြစ် မသတ်မှတ်တဲ့ လူတစ်ယောက်ကို ပိုမိုထူးကဲတဲ့ သံယောဇဉ်ထားဖို့ ကြိုးစားမယ့် မိန်းကလေးတစ်ယောက် မဟုတ်ပါဘူး မမခင်၊ ဖွေးပြောခဲ့ပြီးပြီပဲ။ ဖွေးတို့မိသားစုကို အန္တရာယ်က ကယ်တင်ကူညီစောင့်ရှောက်ခဲ့ဖူးတဲ့ ကိုမင်းဇော်ကို ဆွေမျိုးရင်းချာလို သံယောဇဉ်ထားခဲ့မိတာပါလို့"

"မမခင်အတွက် ဖွေး စိတ်အနှောင့်အယှက်ဖြစ်သွားပြီနော်"

"ဖွေး နားလည်ခွင့်လွှတ်တတ်ပါတယ် မမခင်။ ချစ်ရင် သံသယဆိုတာ အရိပ်လို ပါလာတတ်ကြတယ်တဲ့။ ကိုမင်းဇော် ကံကောင်းပါတယ်။ မမခင်

http://www.cherrythitsar.org



ကိုမင်းဇော်ကို တကယ်ချစ်တာပဲ”

နှစ်ဦးသား ငြိမ်သက်သွားကြသည်။

“စကားကို အပိုပြောတာမဟုတ်ပါဘူး မမခင်၊ မမခင်စိတ်ချမ်းသာမယ်ဆိုရင် အခု ဖွေးရင်ထဲမှာရှိနေတဲ့ သာမန်သံယောဇဉ်ကိုတောင် ရပ်တန့်ပေးဖို့ ဖွေးဘက်က ဝန်မလေးပါဘူး”

“ဒီလောက်အထိ မမခင်ဘက်က အခွင့်အရေးမယူသင့်ပါဘူး ဖွေးရယ်။ ဖွေးကို မမခင် ထပ်ပြီး မစော်ကားရဲတော့ပါဘူး။ အချစ်စိတ်ဆိုတာ ဉာဏ်ပညာကို တစ်ကွေ့ကွေ့မှာ သေးသိမ်စေတယ်ဆိုတာ မမခင်ရဲ့အဖြစ်မျိုး ထင်ပါရဲ့။ ဘယ် လောက် ပညာတတ်တတ်၊ ဘယ်လောက်အသက်ပိုကြီးကြီး အချစ်စိတ်ကို မမခင် ဒူးထောက်အရှုံးပေးလိုက်ရတာဟာ သာမန်လူ ပုထုဇဉ်တစ်ယောက် ဖြစ်နေလို့ ပေါ့နော်။ ဟုတ်လား ဖွေး”

ခင်မို့မို့၏ မျက်ဝန်းတွေ မျက်ရည်ရစ်ဝဲလာသည်။ သူ့ရင်ထဲမှာတော့ မိန်းမ သားချင်းပီသစွာ ဖွေးကို တစ်ခုခု နားလည်လေးစားနေမိလေသည်။

“ပြန်ကြရအောင် မမခင်၊ ဒီညနေမှာ မမခင်ရဲ့ တစ်သက်တာအတွက် ဖွေး ဘက်က တိကျတဲ့အဖြေကို မမခင် ရသွားခဲ့ပြီမဟုတ်လား”

မသောက်ဖြစ်ခဲ့ကြသော ကြံရည်ခွက်လေးများအတွက် ကျသင့်ငွေကို ရှင်း ကာ သူတို့နှစ်ယောက် ထွက်လာခဲ့ကြသည်။ ခင်မို့မို့က သူ့ကားလေးကို ဖွေးတို့ အိမ်ရှေ့တွင် ရပ်ထားခဲ့ခြင်းဖြစ်သည်။

အိမ်အနီးအရောက်တွင် ညီမလေး“အေး” ပြေးဆင်းလာတာတွေ့ရသဖြင့် အံ့အားသင့်နေမိကြသည်။

“ဝမ်းသာစရာသတင်းကြားရပြီ။ ကိုမင်းဇော် မသေဘူးတဲ့။ မြိတ်မြို့က ဌာနခွဲကို ရောက်နေပြီတဲ့။ ရုံးချုပ်က စောစောကပဲ အိမ်ကိုလာအကြောင်းကြားလို့ မန္တလေးက သူ့မိဘတွေဆီ ကြေးနန်းပို့ဖို့ အခုလေးတင်ပဲ ကြေးနန်းရုံးကြီးကို ဖေဖေထွက်သွားပြီ။ မေမေလည်း ဝမ်းသာလွန်းလို့ မျက်ရည်တွေ အိုင်ထွန်းနေ တာပဲ”

အေးကို သူတို့နှစ်ယောက် အားပါးတရ ပွေ့ဖက်လိုက်ကြသည်။

* * *

“ခင်ဗျား ရေထဲလိမ့်ကျသွားတာ “၅“ မိနစ်လောက်ကြာမှ သဘော်သား

သီဟရတနာစာပေ

တစ်ယောက်က သတိထားမိလိုက်ပြီး သတင်းပို့တော့ မိုးသက်လေပြင်းကျနေတဲ့ကြားထဲက သင်္ဘောကို တစ်ပတ်ပြန်ကွေ့ပြီး ခင်ဗျားကို SEARCH LIGHT မီးမောင်းတွေထိုးပြီး ရှာကြသေးတယ် ကိုမင်းဇော်၊ ရာသီဥတုက ဆိုးနေတဲ့အပြင် ညကလည်း တအားမှောင်နေတော့ ဘာမှမသည်းကွဲတာနဲ့ ကျွန်တော်တို့ ခက်ခက်ခဲခဲ သင်္ဘောကို ပြန်ကွေ့မောင်းခဲ့ရတယ်"

မြိတ်မြို့သို့လိုက်လာသော ရန်ကုန်ရုံးချုပ်မှ အရာရှိ ဦးစောကြိုင်က ကိုမင်းဇော်အား ပြန်လည်ရှင်းပြနေသည်။ ကိုမင်းဇော်က ပြတင်းမှတစ်ဆင့် ငေးနေသည်။ ခဏကြာမှ လေးတွဲ့သောအသံသဲ့သဲ့ဖြင့်...

"မီးပြတိုက်အလုပ်သမားဘဝတုန်းက ကျွန်တော် ငှက်ဖျားမထိခဲ့ဘူး ဦးစောကြိုင်၊ အခု အရာရှိဘဝနဲ့ ပင်လယ်ထဲပြန်လာရင်း သင်္ဘောပေါ်ကလိမ့်အကျမှာ ရာသီဥတုဒဏ်ကို ကျွန်တော် အလူးအလဲခံလိုက်ရပြီး ငှက်ဖျားဒဏ်ကိုပါ တစ်ဆက် တည်း ခံလိုက်ရတယ်။ ကျွန်တော် နေလို့မကောင်းဘူးဗျာ။ အားလည်း သိပ်မရှိ ဘူး။ တစ်ကိုယ်လုံး နုံးနေတယ်။ ဖြစ်နိုင်ရင် ရန်ကုန်မပြန်ခင်စပ်ကြား မြိတ်မှာပဲ ကျွန်တော် ဆေးရုံခဏတက်ချင်တယ်။ ဌာနကို အကြောင်းကြားပြီး ကျွန်တော့် အတွက် ဆေးခွင့်တင်ပေးပါ"

ဟု ပြောလိုက်သည်။ ဦးစောကြိုင်က ကိုမင်းဇော်ကို အကဲခတ်နေသည်။

"ဟုတ်တယ်...ခင်ဗျားကြည့်ရတာ ဖြူဖပ်ဖြူရော်ကြီး"

ဟု မှတ်ချက်ချသည်။

"ကိုမင်းဇော် ဆေးရုံဘယ်တော့တက်ချင်တာလဲ"

ဟု မေးပြန်သည်။

"ဖြစ်နိုင်ရင် ဒီနေ့ပဲတက်ချင်တယ်ဗျာ။ ည,ည ငှက်ဖျားဒဏ်ကို အလူးအလဲခံနေရတယ်။ ကျွန်တော့်ကို ဆေးရုံတင်ပေးပါဗျာ"

ဟု ကိုမင်းဇော်က တောင်းဆိုနေသည်။

"ကဲ...ဒါဆိုရင်လည်း ခုပဲ သွားလိုက်ကြရအောင်"

ဦးစောကြိုင်က ကိုမင်းဇော်၏ လက်မောင်းကို ဆုပ်ကိုင်ပြီး ပြောလိုက်သည်။ နှစ်ယောက်သား ဆေးရုံဘက်သို့ ထွက်လာကြသည်။ ဦးစောကြိုင်က ဆေးရုံမှ တာဝန်ကျဆရာဝန်နှင့် သူနာပြုများအား အကျိုးအကြောင်း ပြောပြသည်။ ဆရာဝန်က ကိုမင်းဇော်ကို စမ်းသပ်သည်။ မကြာမတင်မှာပင် လူနာဆောင်သို့ ပို့ပေးလိုက်ကြသည်။

"မနက်မှ ကျွန်တော်လာခဲ့မယ်နော်၊ ကိုမင်းဇော် မကြာခင် ခင်ဗျားနေကောင်း

http://www.cherrythitsar.org



သွားမှာပါဗျာ။ ဩော်…ဝမ်းသာစရာတစ်ခု ပြောရဦးမယ်”

ဦးစောကြိုင်က ကိုမင်းဇော်ခုတင်ဘေးတွင်ရပ်ရင်းက ပြောလိုက်သည်။

“ဘာများပါလိမ့် ဦးစောကြိုင်”

ဟု ကိုမင်းဇော်ကမေးသည်။

“သိပ်မကြာလှတော့တဲ့ တစ်ချိန်ချိန်မှာ ပင်လယ်ထဲက မီးပြတိုက်တွေကို မြန်မာလို အခေါ်အဝေါ်နဲ့ နာမည်တွေပြောင်းလဲဖို့ သတင်းကြားနေရတယ်”

ဟု ဦးစောကြိုင်က ပြောသည်။

“ကောင်းတာပေါ့။ အခု မီးပြတိုက်နာမည်တွေက အင်္ဂလိပ်တွေပေးသွားတဲ့ နာမည်တွေပဲ။ ကဲဗျာ…ကျွန်တော်နေခဲ့ဖူးတဲ့ အယ်လ်ဂွါဒါမီးပြတိုက်ကို ဘယ်လို နာမည်ပြောင်းမယ်လို့ ကြားမိလဲ ဦးစောကြိုင်”

ကိုမင်းဇော်က မေးလိုက်သည်။

“ပုသိမ်မီးပြတိုက်တဲ့”

ဦးစောကြိုင်စကားကြောင့် ကိုမင်းဇော် မျက်လုံးတွေ ရုတ်တရက် ရွှန်းလဲ့တောက်ပသွားသည်။ ခဏကြာတော့မှ စောင်ခြုံအောက်တွင် မျက်လုံးများကို မှေးစင်းထားလိုက်သည်။

“ကဲ…ကိုမင်းဇော် ဆရာဝန်ဆရာမတွေ ဂရုစိုက်ကုသပေးကြပါလိမ့်မယ်။ အနားယူလိုက်ဦးဗျာ”

ဦးစောကြိုင် နှုတ်ဆက်၍ ပြန်သွားသည်။

ကိုမင်းဇော်က ညနေဆို ထမင်းမစားရဲ။ ထမင်းစားမိသည့်ညဆိုလျှင် ငှက်ဖျားဒဏ်ကို လူးလိမ့်နေအောင် ခံရတတ်၍ဖြစ်သည်။

ငှက်ဖျားဆိုသည်ကလည်း စောင်ထူထူတစ်ထပ်ပြီးတစ်ထပ်ခြုံထားသည့်တိုင် ရင်ထဲအသည်းထဲကကို လှိုက်လှိုက်ပြီး ချမ်းတက်လာတတ်သည်။ ကတုန်ကယင် ကယောင်ကတမ်း ဖြစ်နေတတ်သည်။ ခေါင်းတွေအုံခဲ၊ မျက်လုံးတွေပူ၊ အာခံတွင်းတွေခြောက်သွေ့ကာ ခံစားရတတ်သော ဝေဒနာ။

ညနေသည် ပြီးဆုံးသွားကာ ညကမ္ဘာက ရောက်ရှိလာသည်။ မြိတ်မြို့ဆေးရုံသည် ညကမ္ဘာတွင် အထူးပင် တိတ်ဆိတ်သွား၏။

ပင်လယ်ထဲမျောပါနေစဉ်ကလည်းကောင်း၊ ဆလုံလှေအုပ်စုနှင့် နေခဲ့ရစဉ်ကလည်းကောင်း၊ စိတ်ကို တင်းထားခဲ့သမျှ ယခုလို မိသားစုကို ပြန်တွေ့ခွင့်ရဖို့ လက်တစ်ကမ်းသာသာအလိုကျမှ ကိုမင်းဇော်က စိတ်ကို ဖြေလျှော့ချပစ်လိုက်မိသလို ဖြစ်နေသည်။

http://www.cherrythitsar.org



နံဘေးခုတင်မှ လူနာတချို့၏ ညည်းညူသံကို ရံခါတွင် ကြားရသည်။ ဝေဒနာ အမျိုးမျိုးဖြင့် ရောက်ရှိနေသော လူနာများဖြစ်သည်။

ည...။ ထိုညက ကိုမင်းဇော်၏ ဝေဒနာမှာ ပြင်းထန်လာသည်။ သူက ည တာဝန်ကျဆရာဝန်လာမည့်အချိန်ကို ငံ့လင့်နေသည်။ ညနေက ဆေးရုံရောက် ရောက်ချင်း ဆေးထိုးဆေးတိုက်ထားပြီးပြီ။ သို့သော် ညပိုင်းတာဝန်ကျဆရာဝန် လာလျှင် မိမိ ဘယ်သို့ဘယ်ပုံ ခံစားနေရသည်ကို ပြောပြချင်သည်။

ဆရာဝန်ကတော့ အချိန်ကျမှလာမှာဖြစ်သည်။ ခုတင်ပေါ်မှာ သူ ကွေးကွေး လေး လဲလျောင်းနေရင်းက ပြင်းထန်စွာ ချမ်းစိမ့်လာသည်။ ရင်ထဲက ချမ်းနေ သည်။ အရေပြားတွေက ပူလောင်နေသည်။ ခိုက်ခိုက်တုန်တက်လာသည်။ ဆေးရုံခန်းထဲက မီးပွင့်ဝါဝါသည်ပင် မြင်ကွင်းထဲမှာ ဝိုးတဝါးဖြစ်လာသည်။

ခဏအကြာတွင် ဆောက်တည်ရာမရ သူ ကယောင်ကတမ်းဖြစ်လာသည်။

အာရုံထဲတွင် ပင်လယ်လှိုင်းတွေ၊ လေပြင်းမုန်တိုင်းတွေ၊ မီးပြတိုက်တွေ၊ စင်ရော်ငှက်တွေ၊ တိမ်တိုက်ရွေ့လျားမှုတွေကို မြင်သည်။

မိဘနှစ်ပါး၊ မိတ်ဆွေသင်္ဂဟများကို မြင်သည်။ ဖွေးတို့မိသားစုကို မြင်သည်။ ပြီးတော့ သူချစ်သော မမခင်။

သူတို့ကို တစ်စုံတစ်ခု လှမ်း၍ အော်ဟစ်ပြောပြချင်နေသည်။ သို့သော် သူ့ ခန္ဓာကိုယ်တစ်ခုလုံးက ခုတင်ပေါ်တွင် သိမ့်သိမ့်ခါမျှ ဝရုန်းသုန်းကား ဖြစ်နေ သည်။

မကြာမတင်မှာပင် သူ မေ့မျောသွားရရှာသည်။ အာရုံထဲတွင် ပိန်းပိန်းပိတ် မှောင်မိုက်သွားသည်။

* * *

ရန်ကုန်ရုံးချုပ်မှ ခေတ္တရောက်နေသော အရာရှိဦးစောကြိုင်က ကိုမင်းဇော် အခြေအနေကို လိုအပ်သလို ကူညီစောင့်ရှောက်ရန် မနက်ခပ်စောစောမှာပင် တည်းခိုရာဌာနရိပ်သာမှ ကော်ဖီသောက်ပြီးပြီးချင်း ဆေးရုံသို့ ရောက်လာသည်။ ရင်နင့်စရာသတင်းကို ဆရာဝန် ဆရာမများမှတစ်ဆင့် ဦးစောကြိုင် ကြားလိုက်ရ သည်။

"သူ့အခြေအနေ မကောင်းတော့ဘူး။ ငှက်ဖျားပိုးက ဦးနှောက်ထဲ ရောက် သွားပြီ။ ညက ခုတင်ပေါ်က လိမ့်ကျတယ်။ သတင်းကြားကြားချင်း ကျွန်တော်တို့

http://www.cherrythitsar.org



ပြေးသွားကြတော့ သူက ကယောင်ကတမ်းနဲ့ လူနာခုတင်တွေကြားထဲမှာ ခေါက်တုံ့ခေါက်ပြန် ပြေးနေတယ်။ သူ့ကို မနည်းပွေ့ချီပြီး ခုတင်ပေါ် ပြန်တင်ကြရတယ်။ ဆေးထိုးဆေးတိုက်ပြီး အိပ်ပျော်အောင် သိပ်လိုက်ရတယ်"

ဆရာဝန်တစ်ယောက်က ပြောပြသည်။

"အကောင်းဆုံးအဖြေရှာပြီး သူ့ကို ကယ်တင်ပါရစေဆရာ"

ဦးစောကြိုင်က ဝမ်းနည်းကြေကွဲစွာ အကြံဉာဏ်တောင်းသည်။

ဆရာဝန်က ခေါင်းခါပြသည်။

"ကျွန်တော်တို့ သူ့ကိုပေးနေတာ၊ ကာလအလျောက် အကောင်းဆုံးဆေးဝါးတွေပါ။ ဒါပေမယ့် ပင်လယ်ရဲ့ဒဏ်ကို သူ ခံရခါစကသာ ဆေးရုံမှာ ကုသခဲ့ရင် သူ့အသက်ကို လုလို့ရပါသေးတယ်။ ခုတော့ သိပ်နောက်ကျသွားပြီဗျာ"

တဲ့။ ဦးစောကြိုင် ခေါင်းငုံ့ထားလိုက်သည်။ အိပ်ဆေးအရှိန်ဖြင့် ခေတ္တအိပ်မောကျနေသော ကိုမင်းဇော်၏ ရုပ်ပုံလွှာကို သူ လှမ်းကြည့်လိုက်သည်။

"မန္တလေးက သူ့မိဘတွေလည်း ရန်ကုန်ကတစ်ဆင့် မြိတ်ကို လိုက်လာကြတော့မှာပါ။ သူတို့ခမျာတော့ ပင်လယ်ထဲမှာ ကိုမင်းဇော် သေကံမရောက် သက်မပျောက်တာပဲ လောလောဆယ် သိထားကြသေးတယ်။ ကျွန်တော်လည်း သူတို့အလာကို စောင့်လိုက်ချင်ပါသေးတယ်။ ဒေါက်တာ၊ အခုနေ ရန်ကုန်ကို သူ့ကို ပြန်ခေါ်သွားရင် လမ်းမှာလွဲသွားမှာစိုးလို့ပါ။ လတ်တလော အခြေအနေမှာ ဒေါက်တာတို့ပဲ တတ်စွမ်းသလောက် နောက်ဆုံးအနေနဲ့ စောင့်ရှောက်ပေးထား ကြဖို့ ပန်ကြားပါရစေခင်ဗျာ"

ဦးစောကြိုင်က သူတာဝန်ယူထားရသည့် အစိတ်အပိုင်းအရ ဆရာဝန်ကို ပန်ကြားလိုက်သည်။

ဆရာဝန်က ဖြည်းညင်းစွာ ခေါင်းညိတ်ပြလိုက်သည်။

* * *

မြိတ်မြို့...တဲ့။ မန္တလေးမှတစ်ဆင့် ရန်ကုန်သို့ ရထားနှင့်။ ရန်ကုန်မှတစ်ဆင့် မြိတ်သို့ ရရာလေယာဉ်ပတ်ဖြင့် လက်မှတ်ဝယ်ကာ အမြန်ဆုံး လိုက်လာကြသော ဦးလှိုင်ကျော်နှင့် ဒေါ်ခင်ခင်မြတို့အပြင် သူချစ်မြတ်နိုးလှစွာသော 'ဇော်'ကို တွေ့ချင်မြင်ချင်ဇောနှင့် လိုက်လာသော ဒေါက်တာခင်မို့မို့တို့မှာ မြိတ်လေယာဉ်ကွင်းသို့ ဆင်းဆင်းချင်း စိတ်တွေလှုပ်ရှားနေကြသည်။ ဂျစ်ကားတစ်စီးငှားကာ

http://www.cherrythitsar.org



မြို့ဆိပ်ကမ်းအထိ လာကြရသည်။ ဆိပ်ကမ်းတစ်နေရာရှိ ရေကြောင်းပြဌာန ဆိုင်ရာ ဧည့်ရိပ်သာသို့ရောက်တော့ အသင့်စောင့်နေသော ဦးစောကြိုင်နှင့် တွေ့ရ သည်။

"သားလေး ဘယ်မှာလဲဟင်"

မိခင်တစ်ယောက်၏ စိတ်ဇောဟုန်ဖြင့် ဒေါ်ခင်ခင်မြက မေးသည်။

"ခရီးရောက်မဆိုက်ပဲ လိုရင်းပြောရတော့မှာပါပဲခင်ဗျာ"

ဦးစောကြိုင်က စကားစ,ကာ ကိုမင်းဇော်ကို ဆေးရုံတင်ထားရကြောင်း ပြောပြလိုက်သည်။ ဒေါက်တာခင်မို့မို့၏ မျက်လုံးလေးတွေ အဝိုင်းသားဖြစ်သွား သည်။

"ဒါဆို ဆေးရုံကို သွားချင်တယ်"

ဟု ဒေါ်ခင်ခင်မြက ပြောလိုက်သည်။ ဦးစောကြိုင်က ဌာနမှ ကားတစ်စီး စီစဉ်ကာ ဆေးရုံဘက်သို့ ထွက်လာခဲ့ကြသည်။ နေရောင်မျှင်တန်းကလေးတစ်စ သည် ပြတင်းမှတစ်ဆင့် ကိုမင်းဇော်၏ ခုတင်ပေါ်သို့ ဖြာကျနေ၏။

"သူ...သတိမရတစ်ချက် ရတစ်ချက်ပါပဲ"

သူနာပြုဆရာမလေး နော်ဆေးသွယ်ဖော့က ပြောပြသည်။

ဦးလှိုင်ကျော်ကတော့ သတိချပ်၍ သား၏ ယိုယွင်းနေသော ကျန်းမာရေး မြင်ကွင်းကို သက်ပြင်းမျှင်းမျှင်းချကာ ငေးစိုက်ကြည့်နေရှာသည်။

မိခင်ကြီး ဒေါ်ခင်ခင်မြနှင့် ခင်မို့မို့တို့ကတော့ ယူကျုံးမရစွာဖြင့် မျက်ရည် ပေါက်ကြီးတွေ လိမ့်ဆင်းလာကြသည်။

"သား..."

ဒေါ်ခင်ခင်မြက အသံပြုသည်။

"သား...မောင်မင်းဇော်"

ထပ်မံအသံပြုသည်။ မလှုပ်ရှား။

ဒေါ်ခင်ခင်မြ ရှိုက်ကြီးတငင် ငိုချလိုက်သည်။

"သား..."

မျက်နှာနားသို့ကပ်၍ ခေါ်လိုက်ပြန်သည်။ အနည်းငယ်လူးလွန့်ကာ မျက်ဝန်း အစုံ တစ်ချက်မျှ ပွင့်ဟလာ၏။

"သား...သားလေး..."

"ဇော်..."

ဝမ်းသာဝမ်းနည်းဖြင့် ခေါ်နေကြသည်။

http://www.cherrythitsar.org



ကိုမင်းဇော်မျက်လုံးတွေက အသိနှင့် ခံစားမှုကင်းမဲ့သလို အေးစက် ငြိမ်သက်နေပြီး မျက်တောင်တံခါးတွေ ပြန်ပိတ်စေ့သွားသည်။

ဒေါက်တာခင်မို့မို့က ခုတင်ခြေရင်းတွင် ချိတ်ထားသော ရောဂါအခြေပြဇယားချပ်ကို ဖျတ်ခနဲ ဖြုတ်ယူကြည့်ပြီး အားပါးတရ ငိုချလိုက်သည်။

ပြီးတော့မှ မချိတင်ကဲ တစ်ခွန်းပြောသည်။

"ဇော့်ဘဝတစ်ခုလုံးကို ပင်လယ်ကြီးက အပြီးသိမ်းပိုက်သွားပြီ"

တဲ့။ ဒေါ်ခင်ခင်မြကို ပွေ့ဖက်ကာ ဒေါက်တာခင်မို့မို့ သိမ့်သိမ့်ခါမျှ ငိုချလိုက်သည်။

"မိသားစုနဲ့ ထပ်တူထပ်မျှ ကျွန်တော် ဝမ်းနည်းရပါတယ် အန်ကယ်လ်"

ဦးစောကြိုင်က ကိုမင်းဇော်၏ ဖခင်ကို ကြေကွဲစွာ ပြောလိုက်သည်။

* * *

တနင်္ဂနွေနေ့။ ရန်ကုန် ရေကျော်ရှိ ဖွေးတို့အိမ်ကလေးရှေ့သို့ ကားလေးတစ်စီး ထိုးဆိုက်လာသည်။ ကားပေါ်မှ ဒေါက်တာခင်မို့မို့ ဆင်းလာသည်။

ကုမ္ပဏီပိတ်ရက်ဖြစ်၍ အိမ်မှာ ဖွေးတို့မိသားစု စုံလင်စွာရှိနေခိုက်ဖြစ်သည်။ ညီမလေးအေးက ခင်မို့မို့ကို တံခါးထ,ဖွင့်ပေးလိုက်သည်။

"သိပ်ဝမ်းနည်းတယ်ကွယ်။ သတင်းစာထဲမှာ မောင်မင်းဇော်နာရေးကို ဦးတို့တွေ့ပြီးပါပြီ။ မြိတ်မှာပဲ သင်္ဂြိုဟ်ခဲ့ကြတယ်နော်"

ဦးအောင်ကြီးက ဒေါက်တာခင်မို့မို့ကို ဝမ်းနည်းစကား ပြောလိုက်သည်။

"ဟုတ်ပါတယ်၊ သူ့ကို ထားပစ်ခဲ့ကြရတယ်"

ခင်မို့မို့က မျက်ရည်တွေအိုင်ထွန်းကာ ပြောလိုက်သည်။

တစ်အိမ်လုံး တိတ်ဆိတ်သွား၏။ ဖွေးက...

"ကော်ဖီသွားဖျော်လိုက်ဦးမယ်"

ဟုဆိုကာ မီးဖိုခန်းထဲဝင်ခဲ့သည်။ ကော်ဖီသောက်ဖို့ ခင်မို့မို့ စိတ်မရှိမှန်းလည်း ဖွေး သိပါသည်။ သို့သော် ခင်မို့မို့ကိုမြင်တော့ ကိုမင်းဇော်ကို ဖွေး သတိရလာသည်။ ကိုမင်းဇော်နှင့် ပတ်သက်ဆက်နွယ်ခဲ့သမျှ ပုံရိပ်တွေကို သတိတရရှိလာရသည်။ မဖျော်ရသေးသော ကော်ဖီခွက်ကလေးကို ငုံ့ကြည့်ရင်း ဖွေးကိုယ်တိုင် လှိုက်လှဲစွာ ငိုချလိုက်မိသည်။

"ဖွေးငိုတာ အပြစ်ရှိလားဟင် ခင်မို့မို့"

http://www.cherrythitsar.org



ဟု သူ့ကိုယ်သူ တွေးနေသည်။ သူ့ကိုယ်သူ ရုတ်တရက် ဆန်းစစ်နေသည်။

"ခွင့်လွှတ်ပါ ခင်မို့မို့ရယ်၊ ဖွေးလေ ကိုမင်းဇော်ကို မချစ်ခဲ့ပါဘူး။ ဒါပေမယ့် ဖွေး ဝန်ခံပါတယ်။ သူ့ကို ဖွေးလေ...သံယောဇဉ်တော့ ရှိခဲ့တယ်"

ဖွေးရင်ထဲတွင် စကားလုံးတွေ ပေါက်ကွဲခုန်ပျံလှုပ်ရှားနေသည်။

ဧည့်ခန်းဆီမှ တိတ်ဆိတ်ခြင်းကို ဖွေး သတိချပ်မိသည်။ မျက်ရည်တွေကို သိမ်းဆည်းလိုက်သည်။

အို...တိုက်ဆိုင်လိုက်တာ...။

ဒီကော်ဖီပန်းကန်လေးဟာ ကိုမင်းဇော် အိမ်မှာနေသွားတုန်းက မနက်တိုင်း သူ့အတွက် ဖျော်ပေးနေကျ ကော်ဖီခွက်လေးပါလား။ သိမ်းဆည်းထားရသည့် ကြားမှ မျက်ရည်တွေ ပြန်လည်အိုင်ထွန်းလာပြန်သည်။

ဘဝမှာ ပင်လယ်ကိုမြင်ခဲ့တယ်။

ဘဝမှာ မီးပြတိုက်ဆိုတာကို ရောက်ခဲ့ဖူးတယ်။ ဘဝမှာ ကိုမင်းဇော်ဆိုတဲ့ လူတစ်ယောက်ကို သိခဲ့တယ်။

ပြီးတော့...

အိပ်မက်ဆိုးကြီးထဲမှာ သူ့ကို အပြီးတိုင် စွန့်လွှတ်ခွဲခွာခဲ့ရတယ်။ သူမရှိတော့တဲ့ ဒီအချိန်မှာ...

သူဟာ သူမြင်ချင်တွေ့ချင်လွန်းရှာတဲ့ လွတ်လပ်ရေးရပြီး လွတ်လပ်တဲ့ဘဝကို မမြင်ရရှာတော့ဘူး။

သူဟာ ပင်လယ်ကြီးအတွက် ပေးသွားရသူ သက်သက်ရယ်သာပါ။

တကယ်ပါ။

ပင်လယ်ကြီးဆီက သူ ဘာတစ်ခုမှ မရသွားရှာပါဘူး။

ပင်လယ်ကြီးကသာ သူ့ဘဝတစ်ခုလုံးကို သိမ်းကျုံးယူငင်သွားခဲ့ပါပေ့။

**ဆောင်းဝင်းလတ်**

http://www.cherrythitsar.org

